ဒေါက်တာဘွဲ့ရသုတေသနဘာသာရပ်များ
ဖွင့်လှစ်ခြင်းနှင့်
ကျောင်းသားဝင်ခွင့်ပြုခြင်းအမိန့်

ဘာသာရေး ထုတ်ဝေခွင့် အမှတ် (၉၃၆)

ပထမအကြိမ် - ၁၉၈၀ - ဧပြီလ

စမ္ဘဒါန

အုပ်ရေ (၅၀၀၀)

မျက်နှာဖုံးနှင့် အတွင်းစာတိုပုံများ - မြင့်သီတာအောင်ဆက်

ပန်းချီ - စံတိုး

ပုံနှိပ်သူ။ ။ ဦးသန်းဝင်း (မြို-၀၂၃၁၃) စိတ္တသုခ ပုံနှိပ်တိုက်၊ အမှတ် (၁၉)၊ ၂ လုမ်း၊ ဟူမ်းလမ်းရပ်ကွက်၊ ကြည့်မြင်ဘိုင်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ။ ဦးစောင်ညကွင်း၊ ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့ ၅၅ (က)၊ ကမ္ဘာအေး စေတီလမ်း၊ ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့။ ဖုန်း-၆၁၄၇၉

ဘာသာရေး ကင်းလွတ်ခွင့်အမှတ် (၃၆၆)

၁၄၄၆၀

ချမ်းမြေ့ရိပ်သာဆရာတော်

၏

နိဒ်းခြားမှ ပေးစာများ



အမေရိကန်ပြည်ယတ်ကမလီတရားစခန်းဌ
ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူစဉ်

စာသင်ကျောင်း

ကျေးငှားတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးအား ကမ္ဘာ့သာသနာပြု ကြွရောက်တော်မူပါရန် အမေရိကန်ပြည်၊ ကော်ဆာချူးဆက်ငြည်နယ်၊ ဝိပဿနာ ဘာဝနာအသင်းက ပင့်လျှောက်စာတွင် ကျေးငှားရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရား၏ ဘဲအမည်ကိုလည်း ဖော်ပြထားပါသည်။ သို့ဖြင့် ကျေးငှားတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏အမိန့်အရ ကျေးငှားရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားသည် မဟာစည်ကမ္ဘာ့သာသနာပြုအဖွဲ့ဝင်တပါးအဖြစ် ကမ္ဘာ့အရှေ့၊ အနောက် နိုင်ငံပေါင်း ၁၁-နိုင်ငံသို့ "သုံးရပ်သာသနာ ရှည်စွာ တည်တံ့ ခိုင်ခံ့စည်ပင်လှက် ကမ္ဘာတခွင် တိုးဝင်ပြန့်ပွား ကမ္ဘာသားဟူသရွေ့ ချမ်းမြေ့သာယာရှိကြစေရန်" ၁၉၇၉ ခုနှစ် ဖြိုလ ၁-ရက်နေ့မှစ၍ ၄-လခန့် ဓမ္မခရီး လှည့်လည်တော်မူခဲ့ပါသည်။

လှည့်လည်ကြွရောက်ခဲ့သော နိုင်ငံများမှာ **ယိုဒယား၊ ဂျပန်ဟဝိုင်ယီကျန်း- ဟိုနိုလူလူမြို့၊ အမေရိကန် ပြည်ထောင်စု၊ အင်္ဂလန်၊စကော့တလန်၊ပြင်သစ်၊ ဆွစ်ဇာလန်၊အီတလီ၊ဂျာမဏီ၊ ဘယ်လ်ဂျီယမ်၊ဟော်လန်**နိုင်ငံများ ဖြစ်ပါသည်။

(၁) စာသင်ကာ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီးသည် ဒေသစာရိုးခရီး နိုင်ငံအသီးသီးတွင် ကြိုတင်ပြုစုထားသော "ကမ္ဘာ့သာသနာပြုတရားတော်" ကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားဟောပြ ခြီးမြှောက် တော်မူပါသည်။ တခါတရံ မြန်မာဘာသာနှင့် ပေါကြား တော်မူပြီးလျှင် ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆို ဟောကြား စေသည့်အပြင် ဝိပဿနာတရားတော်များဟောကြားခြင်း၊ တရားပြခြင်း၊ တရားစစ်ခြင်း မေးခွန်းများ မေးလာကြသည့်အခါ ဖြေကြားခြင်း စသည့် သာသနာပြု ကိစ္စရပ်များကို ဆောင်ရွက်စေတော်မူခဲ့ပါသည်။

ဤကဲ့သို့ ကမ္ဘာ့သာသနာပြုတာဝန်ကို ထမ်းဆောင်တော်မူနေစဉ် စာပေခေတ်ခံရှိပြီးသော ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားသည် သာသနာပြု အတွေ့အကြုံ မှတ်တမ်းရေးသားရန် အခွင့်ကောင်းကြုံခဲ့ရပါသည်။ သို့သော်လည်း နိုင်ငံခြား တိုင်းပြည်များတွင် ဓမ္မဓရိုး လှည့်နေစဉ်အတွင်း ဖေါ်ပြပါအတိုင်း သာသနာ့တာဝန်များဖြင့် မအားလပ်ခဲ့ပါ။ မြန်မာပြည်သို့ ပြန်ရောက်သောအခါ၌လည်း ချမ်းမြေ့ရိပ်သာ ကျောင်း၌ နေ့စဉ်တရားဟော၊ တရားပြခြင်း၊ ရန်ကုန်မြို့ပေါ်နှင့် နယ်များသို့ တရားဟော ကြွရောက်ခြင်းတို့ဖြင့် အားလပ်ခွင့်မရသည့်အပြင် နိုင်ငံခြား သံရုံးများမှ ယောဂီများနှင့် နိုင်ငံရပ်ခြားမှ ဗုဒ္ဓ တရားတော်ကို စိတ်ဝင်စားသူများအား

လက်ခံတွေ့ဆုံကာ ဟောကြား ဆွေးနွေး ညွှန်ကြား ပြသပေး ရသည့်အခါများလည်း ရှိပြန်ရာ အားလပ်သည် ဟူ၍ မရှိခဲ့ပါ။

ယင်းအခြေအနေကို ကြိုတင်သိမြင်ထားသော ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားသည် သာသနာပြုမှတ်တမ်း ရေးသားရန် မူလကပင် ရည်ရွယ်ချက် မရှိခဲ့သည့်အလျောက် ရေးလည်းမရေးခဲ့ပါ။

သို့ရာတွင် ကျေးဇူးရှင် ဆရာတော် ဘုရားသည် ဓမ္မခရီး တလျှောက်တွင် အားလပ်ချိန်ရတိုင်း ဆရာတော် ဘုရား၏ ကိုယ်စား ချမ်းမြေ့ရိပ်သာကျောင်းကို စောင့်ရှောက်အုပ်ချုပ် ပေးတော်မူသော တောင်တွင်းကြီး တောရိပ်မာန်ဆရာတော်နှင့် ချမ်းမြေ့ရိပ်သာ သံဃာတော်များထံသို့လည်းကောင်း၊ အခြား နိုးစပ်ရာ ဆရာတော်များထံသို့လည်းကောင်း၊ ခမည်းတော်ကြီး ဦးဖြူမင်းနှင့် မယ်တော်ကြီး ဒေါ်ရွှေရည်တို့ထံသို့လည်းကောင်း သိသင့်ရာရာ သုတ အဖြာဖြာများကို ရေးသားပေးပို့တော်မူ ခဲ့ပါသည်။

ထိုစာများကို ကျွန်တော်များလည်း ဖတ်ရှုခွင့်ရကြပါသည်။ ထိုစာများကို ဖတ်ရှုနေစဉ်မှာ ကျေးဇူးရှင် ချမ်းမြေ့ ရိပ်သာ ဆရာတော်ဘုရားနှင့်အတူ ကမ္ဘာ့သာသနာပြု ခရီးစဉ်တွင် ဗုဒ္ဓ ကိုယ်တိုင်ပါဝင်နေပြီး သုတအထွေထွေကိုဝေယျနေရဘိသကဲ့သို့ စိတ်ဖလင်မှာ ရုပ်ရှင်ပမာ မြင်ယောင်လာပါသည်။ ယင်းစာ များတွင် သုတပဒေသာကို ရသအဖြာဖြာနှင့် ရောစပ်ခြယ်မှုန်း ထားရုံမျှမက ထူးခြားသော အတွေးအခေါ် အသိအမြင်များပါ

(ဃ) **စာသင်ကျောင်း**

ပါဝင်သဖြင့် လက်ကမချချင်ပဲ အဖန်တလဲလဲ ဖတ်လိုစိတ် တရိုတသေ သိမ်းထားလိုစိတ်များ ရင်ထဲတွင် ပြည့်လျှံလာပါသည်။

စာဖတ်ပရိတ်သတ်၏ အကြောကို နောက်ကျနေပြီဖြစ်သော သင့်ဘဝ ဦးလေးကြီး ဦးတင်မောင်၏ လျှောက်ထားခွင့်ပန်ချက် အရ ယင်းနိုင်ငံခြားမှ ပေးစာများကို သင့်ဘဝမဂ္ဂဇင်းတွင် ဖော်ပြခွင့် ရသဖြင့် သင့်ဘဝ စာဖတ်ပရိသတ် များသည် ထိုပေးစာများ၏အရသာကို ဦးစွာခံစားကြရပေသည်။ သို့ရာတွင် တလမှ စာတစောင်သာ ဖတ်ရှုရသဖြင့် သင့်ဘဝပရိသတ်က ဖတ်မဝ၊မှတ်မဝ၍ ပေးစာအစောင်စောင်ကိုအားပါးတရတထိုင်တည်း ဖတ်လိုသော ဆန္ဒများ ပဲ့တင်ထပ်ခါ ရိုက်ခတ်လာပါသည်။

ကမ္ဘာ့သာသနာပြု လုပ်ငန်းကို စိတ်ဝင်စားသူ သူတော်စင်များနှင့် ရဟန်းသံဃာတော်များကလည်း စာဖြင့်တမျိုးနှင့်ဖြင့် တဖုံ မှတ်တမ်းစာအုပ် ရေးသား ထုတ်ဝေရန် ကျေးဇူးရှင်ချမ်းမြေ့ရိပ်သာ ဆရာတော် ဘုရားအား လျှောက်ထားကြပါသည်။

သို့ဖြစ်၍ (၁) သာသနာပြု မှတ်တမ်း အရှည် တည်တံ့ကျန်ရှိစေရန်၊

(၂) ရဟန်းရှင်လူ တပည့်ဒါယကာ ဒါယိကာမများနှင့် စိတ်ဝင်စားသူ စာပေ ပရိသတ်၏ ဆန္ဒလည်း ပြည့်ဝစေရန်၊

(၃) စိတ်ပါဝင်စားသူများ အတွက် ဒေသန္တရ ဗဟုသုတ အထွေထွေလည်း ရှာမှီးနိုင်စေရန် ရည်သန်လျက် စာအုပ်အဖြစ် ရိုက်နှိပ်ခွင့် ချီးမြှင့်တော်မူပါရန် ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားအထံ ကျွန်တော်များ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က ခွင့်ပန်လျှောက်ထားကြပါသည်။

အဖွဲ့၏ လျှောက်ထားချက်တွင် အကျိုးများဖွယ်ရာကိုလည်းမြင်၊ သင့်ဘဝ မဂ္ဂင်းအတွက် ထိုနိုင်ငံခြားမှ ပေးစာများကို သုတ်သင် တည်းဖြတ်ပေးနေရ၍ အချိန်လည်း အထူးမကုန်တော့သဖြင့် နိုင်ငံခြားမှပေးစာများ အားလုံးကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေရန် ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားက ခွင့်ပေးချီးမြှင့် တော်မူပါသည်။

ဤစာအုပ်သည် တရားစာအုပ် မဟုတ်ကြောင်း အထူးဖော်ပြဖွယ် မလိုပါ။ ပေးစာများဖြစ်၍ သာသနာပြု လုပ်ငန်းကို ဆက်စပ်ရာရာတွင် သာ မန်မျှသာ ဖော်ပြထားသောဒေသန္တရ ဗဟုသုတ ဘဏ္ဍာတိုက်ကြီး ဆိုလျှင်တော့ မှားအံ့မထင်ပါ။

ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော်ဘုရားသည် ဤနိုင်ငံခြားမှပေးစာများကို တည်းဖြတ်ရာတွင် သုတလိုလားသူများအတွက် အကျိုးများသင့်သမျှ များနိုင်စေရန် နှုတ်သင့်သည်ကို နှုတ်၊ ဖြည့်သင့်သည်ကို ဖြည့်၊ ပြင်သင့်သည်ကို ပြင်ခြင်းဖြင့် သန့်စင်အောင် တည်းဖြတ်ပေးတော်မူပါသည်။ ဆရာတော်

(၈)

စာသင်ကဏ်

ဘုရားမှာ ဤမျှလောက်ကလေးကိုပင် အချိန်ကို မရအရလုံ့လ ပြုလုပ်ပေးတော်မူရပါသည်။

သို့သော်လည်း ကျေးဇူးရှင် ချမ်းမြေ့ရိပ်သာ ဆရာတော် ဘုရားသည် အနောက်တိုင်းတခွင် ဓမ္မခရီးစဉ် တလျောက်တွင် တွေ့ကြုံရသမျှ တရားနှင့်ပတ်သက်သည့် အတွေ့အကြုံများကိုမူ **"ဓမ္မခရီးအတွေ့အကြုံ"** အမည်ဖြင့် စာအုပ်ငယ် တအုပ် ဖြစ်မြောက်အောင် အချိန်လုပြီး ကြိုးစားလျက် ရှိပါသည်။ အရေးကြီးသည်မှာ အချိန်ပင်ဖြစ်ပါသည်။ အချိန်ဆိုသော အကြောင်းညီညွတ်သည့်အခါ စာအုပ်အဖြစ် ထွက်ပေါ်လာပါလိမ့်မည်။

အဆိုပါ စာအုပ်ငယ် ထွက်ပေါ် လာသောအခါ ဤ **"နိုင်ငံခြားမှဒေးစာများ"** စာအုပ်တွင် ပါဝင်သော မေးခွန်းများ၏ အဖြေများကိုပါ ဖတ်ရှုကြရပါလိမ့်မည်။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

၁၃၄၁-ခုနှစ်၊ ပြာသိုလ — ဓမ္မဒေသနာပြန့်ပွားရေးအဖွဲ့ငယ်

၀၉၇၉-ခုနှစ်၊ ဒီဇင်ဘာလ — ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့

ကြီးစားကြပါစို့

လူနတ်ဗြဟ္မာ၊ သစ္စဝါတို့
မျှားစွာကျိုးရ၊ ချမ်းသာလှသည်
ဗုဒ္ဓမြတ်စွာ၊ သာသနာသည်
ရှည်ကြာတည်တံ့၊ ရှည်ခိုင်ခံ့၍
ပုံနှံ့တိုးပွား၊ ကျင့်သုံးမျှားလျက်
ရင်ခြားချမ်းသာ၊ ချမ်းမြေ့သာအောင်
ညီညာဒို့မျှား၊ တာဝန်ထား
ကြီးစားကြပါစို့။

ဧလယာဉ်ခရီးစဉ် တိကျ ၆၀၀
ထိုင်း အင်တာနေရှင်နယ်လေယာဉ်
၂၊ ၄၊ ၇၉

ဆရာတော် ဦးကုသလဘုရား

မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ အားလုံး ကျန်းမာစွာ သာသနာ့တာဝန်ကို အသီးသီး ဆောင်ရွက်လျက် ရှိကြသည်ဟု ယုံကြည်လျက် ဤစာကို (ဟောင်ကောင်မှ ဖော်မိုဆာ တိုင်ပေအသွား)လေယာဉ်ပေါ်မှာ ရေးပါသည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးမှစ၍ တပည့်တော်တို့ အားလုံး ကျန်းမာစွာ ခရီးဆက်လျက် ရှိကြပါသည် ဘုရား။

တပည့်တော်တို့ ၁၊၄၊၇၉ ညနေ ၃း၃၀ နာရီမှာ မင်္ဂလာဒုံမှ (ဘီအေစီ လေယာဉ် ယူဘီ ၂၂၁ ဖြင့်)ခရီးထွက်ခဲ့ရာ ဗန်ကောက် လေယာဉ်ကွင်းသို့ မြန်မာ စံတော်ချိန် ညနေ ၄း၃၀ နာရီ (ဗန်ကောက် စံတော်ချိန် ၅း၀၀ နာရီ)မှာ ရောက်ပါသည်။ အမေရိကန်မှ အကြိုလာသူ မစ္စတာ ဂျက် ကော်နဖီးလ်နှင့် မြန်မာ ဘုန်းတော်ကြီးများ၊ ယိုးဒယား ဘုန်းတော်ကြီးများ၊ မြန်မာဒကာ ဒကာမများ ကြိုဆိုနေသည်ကို တွေ့ရပါသည်။

လေဆိပ်မှ နေ၍ ဗန်ကောက်မြို့ကို ဖြတ်ကာ မြို့နှင့် ကီလိုမီတာ ၈၀(မိုင် ၅၀)ဝေးသော ချန်ဘူရီမြို့ ဝိဝိက်အရှုရုမ် ကမ္မဋ္ဌာန်း ဋ္ဌာနသို့ သွား၍ တည တည်းခိုပါသည်။ သာသနာ့ရိပ်သာခဲ့ဖြစ်၍ မြန်မာ ဆရာတော် ဦးအာသဘ တရားပြပါသည်။ ယောဂီ တော်တော်များပါသည်။ နိုင်ငံခြားသား အမျိုးသား အမျိုး သမီး ယောဂီလည်း တော်တော်များများ တွေ့ရပါသည်။ အဲဒီမှာ ဆရာတော်ဘုရားကြီး သုဝါဒအနည်းငယ်ပေးပါသည်။ ဆရာတော် ဦးအာသဘက ယိုးဒယားဘာသာ ပြန်ပါသည်။

မနေ့က ဒီစာကို ရေးနေဆဲမှာ ဘိုင်ပေလေဆိပ်ဆင်းတော့ မှာမို့ ဆက်မရေးနိုင်တော့ဘဲ ဆင်းဘို့ ပြင်ရပါသည်။ ယနေ့ ဒီနေ့(၃၊၄၊၇၉)နေ့ ညနေ တိုက်ကို့မှ မိုဂျီသို့အသွား လေယာဉ်ပေါ်မှာ ဆက်ရေးရပါသည်။

ပြီ ၂-ရက်နေ့ နံနက်၇-နာရီခွဲသာသာမှာ ဂျပန်ပြည်သို့ ခရီးဆက်ရန် ချန်ဘူရီရိပ်သာမှ ကားဖြင့်ထွက်ခဲ့ရာ ဗန်ကောက် လေဆိပ်သို့ ၉-နာရီခွဲလောက်မှာ ရောက်ပါသည်။မြန်မာရဟန်း တော်များနှင့် ဒကာဒကာမများ လိုက်ပို့ ကြပါသည်။ စီးရမည့် လေယာဉ်မှာ ထိုင်း အင်တာ နေရှင်နယ် လေကြောင်းကုမ္ပဏီ လေယာဉ်ဖြစ်၍ လေ ယာဉ် ခရီးစဉ်အမှတ်တီဂျီ ၆၀၀ ဖြစ် ပါသည်။၁၁-နာရီခွဲမှာ လေယာဉ်ပေါ် တက်ရပါသည်။

ရောက်လျှင်ရောက်ချင်း လေယာဉ်မယ်ကလိမ္မော်ရည် တခွက် လာကမ်ပါသည်။ လေယာဉ်စက် ချွတ်ယွင်းနေ၍ ရုတ်တရက်

မထွက်ဖြစ်သေးပါ။ ၁၁-နာရီခွဲမှာ (လေယာဉ် အမှုထမ်းများ ဗုဒ္ဓဘာသာဝင်များ ဖြစ်၍ ဆွမ်းချိန်မှန်းလွဲမသွားစေရန် အထူး အစီအစဉ်အနေဖြင့်) တပည့်တော်များအဖွဲ့ သံဃာ ငါးပါးနှင့် ဒကာ ဦးမြသိန်းကို နေ့ဆွမ်းလာကပ်ပါသည်။တခြားခရီးသည် တွေအတွက် နေ့စာ မပေးသေးပါ။ ဘန်းမုန့်၊ ကိတ်မုန့်၊ ဘီစ ကွတ်၊ ခရမ်းချဉ်သီး နှစ်ဇိပ်၊ သီးမွှေး ငှက်ပျောသီး နှစ်လုံး၊ လိမ္မော်သီး လေးလုံး၊ လိမ္မော်ရည် တခွက်ကို နေ့ဆွမ်းအဖြင် ဘုဉ်းပေးကြရပါသည်။

ဆွမ်းစားပြီးချိန်မှာလဲ လေယာဉ် စက်ပြင်လို့ မပြီးသေးပါ။ ဒါကြောင့် ၁၂-နာရီလောက်မှာ လေယာဉ်ပေါ်က ပြန်ဆင်း ပြီး လေဆိပ် အဆောက်အအုံထဲမှာ နားနေရပါသည်။လေဆိပ် အဆောက်အုံက ပြည်ပသွား လေယာဉ်များ ဆိုက်ရာ၊ထွက်ရာ ဖြစ်လို့ ကြီးကျယ်ခမ်းနားပါသည်။ သပ်ယပ် သန့် ရှင်း ပါ သည်။ ခေတ်မီပါသည်။ အဆောက်အအုံထဲမှာ ယိုးဒယားထွက် ပစ္စည်းများ ရောင်းချတဲ့ဆိုင်များလဲ သားသားနားနားရှိပါသည်။

လေဆိပ် အဆောက်အအုံမှ သက်ဆိုင်ရာ လေယာဉ် သွား သည့်အခါထွက်ရမည့်အပေါက်(Gate)များကိုလဲ နံပါတ် များ ရေးထားပါသည်။ ဥပမာ တိုက်သွားမည့် လေယာဉ် စီးရန် ထွက်ပေါက်အမှတ် ၁-မှထွက်ပါ၊ စင်္ကာပူ သွားမည့် လေယာဉ်စီးရန် ထွက်ပေါက်အမှတ် ၂-မှ ထွက်ပါ စသဖြင့် သတ်မှတ်ပေးထားပါသည်အသံခဲ့စက်နဲ့လဲကြေငြာပေးပါသည်။

သွားရမည့်ခရီးကို သွားချိန်မှာ မသွားရသေးဘဲ စောင့်ဆိုင်းနေရတဲ့အလုပ်ဟာ အလွန် ငြီးငွေ့ဖွယ် ကောင်းလှပါသည်။ မွန်းလွဲ ၁-နာရီလောက်မှာ လေယာဉ်မယ်များ လိမ္မော်ရည် လာကမ်းကြပြန်ပါသည်။ ဗုဒ္ဓဘာသာဝင်များဖြစ်တော့ အချိန်သိ၊ အလိုက်သိကြပါသည်။ ယဉ်ကျေးကြ ရိုသေကိုင်းရှိုင်းကြပါသည်။ ၂-နာရီတွင် စက်ပြင်ပြီးသွားလို့ လေယာဉ်ပေါ်ပြန်တက်ကြရပါသည်။

လေဆိပ်အဆောက်အအုံမှ လေယာဉ်ပေါ်ဆင်းဖို့ တက်ဖို့ အတွက် လိုအပ်သလို ရွှေ့လို့ ပြောင်းလို့ရ၊ နှိမ့်လို့ မြှင့်လို့ရတဲ့ မိုးလုံ လေလုံ စောင်းတန်းကြီးများ ဖိစဉ်ထားပါသည်။ လေယာဉ်က ခရီးသည် ၂၂၀-ခန့် ဆံ့သည်ဟုသိရပါသည်။ ၂-နာရီ ၁၅-မိနစ်တွင် လေယာဉ်စတင်ထွက်ခွာပါသည်။ ခရီးသည်အပြည့်ပါပါသည်။

ညနေ ၄း၃၀ နာရီ(ဗန်ကောက်အချိန်)မှာ ဟောင်ကောင်သို့ ရောက်ပါသည်။ဟောင်ကောင်က ဗန်ကောက်ထက် ဟနာရီခစာတာမို့ ဟောင်ကောင် အချိန်နှင့် ၅း၃၀ နာရီ ရှိနေပါပြီ။ (ရန်ကုန်ထက် ၁-နာရီခွဲ စောတာမို့ ရန်ကုန်အချိန်နှင့် ဆိုလျှင် ၄-နာရီဘဲ ရှိပါသေးသည်၊)ဟောင်ကောင်ဆင်းမည့် ခရီးသည်များကိုသာ ဆင်းခွင့်ပြုပြီး ကျန်ခရီးသည်များကို ဆင်းခွင့် မပြုပါ။ ခဏကြာလျှင် သန့်ရှင်းရေးအမျိုးသမီးတွေ တက်လာကြပါသည်။ သန့်ရှင်းရေးလုပ်ပြီး ပြန် ဆင်း သွား ကြ ပါ သည်။ ဟောင်ကောင်မှ ခံရိုးသည်တွေ တက်လာတဲ့အခါ အဝတ်

အထည်က အစ လူသုံးပစ္စည်းတွေ ဝယ်ယူလာကြတာ တွေ့ရပါသည်။ ဟောင်ကောင်က ဂျပန်ပြည်ထက် အစစ စျေးသက်သာသည်ဟု ဆိုပါသည်။

ဟောင်ကောင်မှ ဟောင်ကောင်အချိန် ၆း၂၀ နာရီတွင် ဖော်မိုဆာကျွန်း တိုင်ပေမြို့သို့ ဦးတည်ပျံသန်းခဲ့ရာ ၇း၃၀ နာရီတွင် တိုင်ပေသို့ ရောက်ပါသည်။ တိုင်ပေမှ ဂျပန်ပြည် တိုကျိုမြို့သို့ ခရီးဆက်လျှင် တိုကျိုမြို့ နာရီတလေဆိပ်ကို ည ၁း-နာရီ မထိုးခင် လေဆိပ်မပိတ်မီ ရောက်နိုင်မည်မဟုတ်၍ ဦးချန်ကေရှိတ်၏ ဖော်မိုဆာကျွန်း (ထိုင်ဝမ်) တိုင်ပေမြို့ရှိ မန်းဒရင်း [Mandarin] ဟော်တယ်မှာ လေကြောင်းကုမ္ပဏီ၏စရိတ်ဖြင့် မမျှော်လင့်ပဲ တည်ဘည်းခိုခဲ့ရပါသည်။ ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေ ဖြစ်သွားပါသည်။ ၁၀ — ထပ်ရှိတဲ့ ဟော်တယ်၏ တတိယထပ်တွင် အခန်းရကြပါသည်။

ဆရာတော်ဘုရားကြီး၏ အဖွဲ့သည် နိသင်္ဓုတင်ကျင့်သုံးခွင့်နှင့် ကြုံရပါသည်။ စောင်ခြုံပြီး နံရံမှီကာ ညအချိန်ကို ကုန်လွန်စေခဲ့ရာနံနက်ရောက်တော့ လည်ပင်းအနည်းငယ် နာနေတာတွေ့ရပါသည်။

နံနက် ၃း၃၀ နာရီတွင် ခုတင်နားက တယ်လီဖုန်းသံကြောင့်နိုးလာပါသည်။ အခန်းတိုင်းမှာရော အခန်းနဲ့တွဲလျက် ရေချိုးခန်း. ကဋ္ဌခန်းတိုင်းမှာပါ တယ်လီဖုန်း တပ်ဆင်ပေးထားပါသည်။ ဟော်တယ်တာဝန်ခံက နံနက်စောစော ခရီးဆက်ရမည့် ခရီးသည်များကို တယ်လီဖုန်းဖြင့် နှိုးပေးပါသည်။

မျက်နှာသစ်၊ကိုယ်လက်သုတ်သင်ပြီး ကားကြီးများဖြင့် လေဆိပ်သို့ထွက်ခဲ့ကြပါသည်။ တိုင်ပေအချိန် နံနက် ၆ - နာရီတွင် လေယာဉ်ထွက်ပါသည်။ မကြာမီပင် လေယာဉ် မယ်များ အရက်စာ လာကပ်ကြပါသည်။ ဂျုံမှုန့်ပါလေကာမျှနှင့် နို့ကြက်ဥရောကြော်ထားသော အွန်မ်လက် (Omelet) တပွဲ၊ ပေါင်မုန့်၊ ထောပတ်၊ ဝက်အူချောင်း၊ မုန့်ကြော်တမျိုး၊ သီးစုံ၊ လက်ဘက်ရည်၊ လိမ္မော်ရည် စသည်တို့ဖြင့် အရက်စာကပ်ပါသည်။ အရက်စာမှာ နေ့ဆွမ်းတမျှဖြစ်နေပါသည်။

ဂျပန်ပြည် တိုကျိုလေဆိပ်ကို တိုကျိုအချိန် ၉း၃၀ နာရီမှာ ရောက်ပါသည်။ (ဟောင်ကောင်အချိန် ဂး၃၀ နာရီ၊ ဗန်ကောက်အချိန် ၇း၃၀ နာရီ၊ ရန်ကုန်အချိန် ၇ နာရီခန့်ဖြစ်ပါသည်၊ တိုကျိုမှာ ရန်ကုန်ထက် ၂း၃၀ နာရီစောပြီးနေထွက်ပါသည်)လေဆိပ်တွင် သံရုံးမှ ဦးတင်မောင်နှင့် ဘောင်းဘီရှည်၊ ကုတ်အင်္ကျီ၊လည်စီး၊ ဘွတ်ရှတ်တွေနှင့် အနောက်တိုင်းဝတ်စုံကို အချိုးကျကျ ရှိုးကျကျ ဝတ်ထားတဲ့ ဂျပန်ဒကာနှစ်ယောက် ပြုံးပြုံး ပြုံးပြုံးနှင့် လာကြိုနေတာကိုတွေ့ရပါသည်။ သတင်းထောက်နှစ်ယောက်လဲ တွေ့ရပါသည်။

လေဆိပ်အတွင်း တနေရာမှာ အေးအေးဆေးဆေး ရပ်မိကြတော့မှ ဦးတင်မောင်က "တပည့်တော်က သံရုံးက မောင်တင်မောင်ပါ၊ဒါက မစ္စတာ အီရှိဂါမိပါ၊ သူကတော့ ဆရာတော် ဘုရားမျှားကို ပင့်တဲ့ ဂျပန်ဘုန်းကြီး ဆူဂီဇာကိပါ" လို့ မိတ်ဆက်ပေးမှပင် အနောက်တိုင်း ဝတ်စုံ ရှိုးအပြည့်နဲ့ လူဟာ ဒကာမဟုတ်၊ ဂျပန်ဘုန်းကြီးပါလားလို့ ပြုံးမိပါတော့သည်။

လေဆိပ်မှာ ပြုံဘွယ်ကိစ္စများပြီးတဲ့အခါ လေဆိပ် ဟော်ဘယ်မှာပဲ ဦးတင်မောင်တို့စီစဉ်တဲ့ နေ့ဆွမ်းကို ဘုဉ်းပေးကြရပါသည်။ တပါးလျှင် ကျပန်ယန်း ဒင်္ဂါး ၂၀၀၀ ကျော် (မြန်မာငွေ ၇ဝိ ကျော်) ကျကြောင်း နောက်မှသိရပါသည်။ အသီးအရွက်ဟင်းများ၍ အရသာတွေ့ပါသည်။

ဆွမ်းမစားမီ ဆွမ်းပြင်နေစဉ်မှာ အရှည် ခြောက်လက်မခန့်၊ လုံးပတ်ခေတ်ခဲလုံးသာသာရှိတဲ့ လှလှပပ စက္ကူလိပ်ကလေးတခုစီ ပန်းကန်ပြားတွင်ထည့်၍ လာချပါသည်။ ဘာစားစရာပါလိမ့်လို့ စဉ်းစားယင်း ကြည့်နေမိပါသည်။ ဘယ်သူ့ကိုမှလဲ မမေးမိပါ။

ခဏကြာမှ ဦးတင်မောင်က ဆရာတော်ဘုရားကြီး ရှေ့မှ စက္ကူလိပ်ကို တရိုတသေ ကောက်ယူပြီး ဒါလေးကို ဒီလို (လက်ဝါးနှစ်ဘက်နှင့် စက္ကူလိပ်ရဲ့ထိပ်နှစ်ဘက်ကို ဖောင်းကာနဲ့ မြည်အောင် ညှပ်ရိုက်လိုက်ကာ) ဖွင့်ရပါသည် ဟုလျှောက်ပြီး ဖွင့်ပြလိုက်တော့မှ အထဲက အမွှေးနံ့ကလေး မသိမသာသင်းနေပြီး ရေနွေးငွေ့ကလေးထွက်နေတဲ့ မျက်နှာသုတ်ပုဝါသေးသေးကလေးကို တွေ့ရပါတော့သည်။

အော်.... မျက်နှာသုတ်ပုဝါကိုး၊ ကောက်များ ဝါးလိုက်ခဲယင် ထွေးရခက် မျိုရခက် အတော်ရှက်ရမည့်ကိစ္စပါကလား။ ကျပန်တို့ရဲ့ နှစ်သက်စရာကောင်းတဲ့ သန့်ရှင်းရေးစီစဉ်ချက်ပင်။

တပည့်တော်ရှေ့မှာ ချထားတဲ့ ပန်းကန်ထဲကစက္ကူလိပ်ကို ပထမဆုံး အတွေ့အကြုံအနေနဲ့ ဖောင်းကာနဲ့ မြည်သွားအောင်

ထိပ်နှစ်ဘက်က ညှပ်ရိုက်လိုက်ကာ အထဲက မျက်နှာသုတ်ပုဝါနွေးနွေးကလေး ထုတ်ပြီး ဖြေးဖြေးညင်သာ မျက်နှာကို ပွတ်လိုက်ပါသည်။ ပြီးမှ ဂုတ်၊ လည်ပင်း၊ လက်မောင်း၊ လက်ဖဝါး၊ လက်ချောင်းစသည်များကို ပွတ်သတ် သန့်စင်လိုက်ပါသည်၊ တခါတည်း မျက်နှာသစ်ပြီး လက်ဆေးပြီး ကြောပြီးဖြစ်သွားလို့ သန့်ရှင်းလန်းဆန်း ကြည်လင်သွားကာ အပန်းပြေသွားပါသည်။ အတုယူစရာကောင်းတဲ့ အစီအစဉ်ပင် ဖြစ်ပါသည်။

နာရီတလေဆိပ်မှာ ဆွမ်းစားပြီးလျှင် လေဆိပ်အနီးရှိ ဘူတာမှ တိုကျိုမြို့တွင်းအုံအေးနိုး ဘူတာကြီးကို ဘူးလက်ထရိန်း [Bullet Train] ခေါ် အမြန်ရထားဖြင့် ကီလိုမီတာ ၃၀ ခန့်သွားရပါသည်၊ အုံအေးနိုး ဘူတာကြီးမှ ပြည်တွင်းသွားလေဆိပ်ဖြစ်တဲ့ ဟနေဒါလေဆိပ်ကို တက္ကစီနဲ့သွားရာ မိနစ် ၄၀ ခန့်အကြာတွင် ဟနေဒါလေဆိပ်သို့ ရောက်ပါသည်။ တက္ကစီခတစီးကို ယန်းဒင်္ဂါး ၃၆၀၀ (မြန်မာငွေ ၁၂၀ ခန့်) ပေးရပါသည်၊ ညနေ ၃း၃၅ နာရီတွင် ဖူကိုကာမြို့သို့ လေယာဉ်စတင်ထွက်ခွာပါသည်။ ဖူကိုကာမှတဆင့် မိုဂျီသို့ ကားနှင့်သွားရပါမည်။ ကောင်းကင်မှာ တိမ်တွေ့မြူတွေ့ ဆိုင်းနေ၍ အောက်ဘက်ကို ဘာမှ မမြင်ရပါဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေး

မေတ္တာဖြင့်

ဇနက

မိုးမြို့
ချင်းပြည်
၄၊ ၄၊ ၇၉

ဆရာဇော်တင် ဦးကုသလ ဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေလေးစားစွာ လျှောက်ထားပါသည်၊ တပည့်တော်တို့ ဂျပန် အဲယားလိုင်းလေယာဉ်နှင့် တိုက္ကျိုမြို့ ဟနေဒါလေဆိပ်မှ ဖူကိုကာမြို့သို့လာခဲ့ရာ ဖူကိုကာလေဆိပ်သို့ ၅း၁၅ နာရီတွင် ရောက်ပါသည်၊ လေယာဉ်ခရီးမိုင် ၆၀၀ ခန့်ရှိသည်ဟု သိရပါသည်။

လေယာဉ်ပေါ်မှ လေယာဉ်အမှုထမ်းများယဉ်ကျေးဖွယ်ရာရှိလှပါသည်။ နာရီတလေဆိပ် ဟော်တယ်တွင် သုံးခဲ့ရသောမျက်နှာသုတ်ပုဝါ နွေးနွေး ကလေးမျိုးကို ခရီးသည် များအားမကြာ မကြာ လာရောက်ဝေငှလို့ အသုံးပြုကြရပါသည်။အလွန်ကောင်းတဲ့ အစီအစဉ်ဖြစ်ပါသည်။ ယင်း မျက်နှာသုတ်ပုဝါလေးနှင့် မျက်နှာကို သုတ်လိုက်ရလျှင် ကြည်လင်လန်းဆန်းသွားပါသည်။

ဖူကိုကာလေဆိပ်တွင် မိုဂျီမြို့ ကမ္ဘာအေးစေတီကျောင်းမှ ဆရာတော် ဦးဓမ္မာစာရနှင့် ဂျပန်ဒကာ ဒကာမများ လာရောက်ကြိုဆိုနေတာကို တွေ့ရပါသည်၊ ဖူကိုကာမှ မိုဂျီသို့ ကားနှစ်စီးဖြင့် ခရီးဆက်ကြပါသည်။ ဦးတင်မောင်နှင့် ဦးမြသိန်းတို့မှာမူ ကားမဆံ့၍ ရထားဖြင့် ခရီးဆက်ကြရသည်။ တလကို ကားပေါင်း ၂-သိန်းကျော် ထုတ်လုပ်နေသော ဂျပန်နိုင်ငံတွင် အဖွဲ့ဝင် ၇- ဦးမျှသာရှိတဲ့ မဟာစည် တဖွဲ့လုံးကို ကားဖြင့်မတင်နိုင်ပဲ ၂-ဦးက ရထားဖြင့် သွားရသည်မှာ အကြောင်းကို စဉ်းစား၍မရပါ။ စီစဉ်မှု လို၍လား၊ တကယ်ပဲ ဒီမိုဂျီဘက်မှာ ကားရှားနေ၍လား မပြောတတ်ပါ။

တနာရီ ခွဲခန့် မောင်းမိတဲ့အခါမှာ မိုဂျီမြို့ မြန်မာဆရာတော်များ၏ ကမ္ဘာအေးစေတီကျောင်းသို့ ရောက်ကြပါသည်။ အချိန်က မှောင်စပျိုးနေပါပြီ။ ပင်လယ်ကမ်းစပ်က တောင်ပေါ်မှာ ဘုရားနှင့် ကျောင်းကို တည်ထားတာမို့ လေကတဟူးဟူးတိုက်ပါသည်။ ဆောင်းမကုန်သေး၍ ချမ်းလဲ ချမ်းပါသည်။ ဆောင်းချမ်းနှင့် လေအေး ရောပေးလိုက်တဲ့အခါ ပြောရလောက်အောင် ချမ်းပါအေးပါသည်။ သို့သော်လဲ တပည့်တော်မှာတော့ ခိုက်ခိုက်တုန်အောင် မချမ်းပါ။ အပူအအေးတိုင်း ပြဒါးတိုင်အမှတ် ဖာရင်ဟိုက် ဒီဂရီ ၆၀ လောက်တော့ ရှိပါလိမ့်မည်၊ တပည့်ဘော်များအဖွဲ့မှ အချို့ဘုန်းကြီးများတော့ ပါးစပ်ကလဲ တရှီးရှီး၊ ကိုယ်ကလဲ တဆတ်ဆတ်တုန်၊ လျှပ်စစ်မီးဖိုလဲ လှုံကြရပါသည်။ အာဂန္တုတွေသာ မဟုတ်၊

အာဝါသိကဆရာတော်များဖြစ်ကြတဲ့ ဆရာတော် ဦးဝေဝုလ္လ၊ ဦးဓမ္မာစာရ၊ ဦးခေမိန္ဒတို့လဲ ချမ်းကြတုန်းကြသည်။ သူတို့က ပိုကဲသည်ဟု ဆိုပဲဆိုရလေမည်လား မသိပါ။ တပည့်တော်တို့မှာ မလုံတလုံ သိုးမွေးကိုယ်ပတ် အတွင်းကခံပြီး မလေယာဉ်မောင် သက်နှံးထူထူကိုဝတ်ရုံ၊ နှစ်ထပ်သက်နှံးကြီးကို ခြုံရုံမျှ။ အာဝါသိက ဆရာတော်တို့မှာ ဆွယ်တာလက်ရှည်ကြီး လုံလုံခြုံခြုံ၊ ဧကသီထူထူဝတ်လို့ရုံ၊ သင်္ကလပ်သက်နှံးရစ်ပတ်ခြုံ၊ ဒါပေတဲ့လဲ ချမ်းလို့ ခိုက်ခိုက်တုန်၊ ရှေ့မှာ မီးဖို ချလို့လှုံ၊ သူတို့ပဲ ပိုကဲလေသလား ဆင်ခြင်တုံ။

သူရော ကိုယ်ပါ ချမ်းရှာကြသော်လဲ ဝမ်းသာကြပါသည်။ အလွှာပ သလွှာပ စကားဆိုကြသည်။ စကားဆိုယင်း ဦးဓမ္မာစာရက "သိပ်အေးတယ်၊ ရေ့ ဝတ်ထားကြမှ ဖြစ်မယ်" လို့ ပြောပြောလွှဲလွှဲ ဆွယ်တာလက်ရှည်တဆည်စီလွှပါသည်။ ယူထားလိုက်ကြပါသည်။ သို့သော် ဘယ်သူမှ မဝတ်ကြ။ (အိပ်ရာဝင်မှ ဝတ်ကြသည်)။ ဦးခေမိန္ဒက ခြေညှပ်ခွပါတဲ့ ခြေအိတ် တစုံစီလွှပြန်သည်၊ ယူပြန်သည်။ သို့သော် ချက်ချင်းပင် ဝတ်လိုက်စွပ်လိုက်ကြသည်။ အေးသောခြေများ နွေးလာကြပေပြီ၊ ကောင်းလေစွ၊ ကျေးဇူးကြီးလှပါဘိ။

ဂျပန်ဒကာကြီး ဒကာမကြီးတွေကလဲ ဆရာတော်ဘုရားကြီးကို ဖူးမြော် ကြည်ညိုရလို့ ဝမ်းသာကြသည်။ ဖျော်ရည်ကပ်ကြ အားဆေး ကပ်ကြသည်။ အဖွဲ့ဝင် သံဃာငယ် တွေအတွက် ဒကာမကြီးတွေက အိပ်ရာပြင်ကြပါသည်။ သူတို့ အိပ်ရာပြင်တာ

ကြည့်လို့ ကောင်းပါသည်။ ကြမ်းပြင် ပေါ်မှာ မွေ့ရာနှင့် အိပ်ရာခင်းကိုခင်း၊ ခေါင်းရင်းက ခေါင်းအုံးချ၊ ချထားတဲ့ ခေါင်းအုံးပေါ်ကို ဒူးထောက်၊ မလုံလောက် သေးယင် ခင်းပြီး သားအိပ်ရာပေါ် ခြေထောက်နှစ်ဘက်နှင့် ကျကျနနနင်း၊ ပြီးမှ ခြုံစရာ ဘွမ်းကပ်ကို ခြေရင်းဘက်မှာ လှမ်းချ၊ ကျကျနနပြင်။

အမြင် ဆန်းနေသူ အဖွဲ့ဝင် တို့မှာတော့ တပါးနှင့် တပါး လက်တို့ကာ ပြုံးရတော့မလိုလိုမဲ့ရတော့မလိုလို။ တကိုယ်တည်း ကြိတ်၍ သတိပြုလိုက် မိတာကတော့ ဂျပန်မ မနင်းတဲ့ အိပ်ရာခင်းနဲ့ ခေါင်းအုံးတစုံ၊ ကံကောင်းကြုံလျှင် ကိုယ့် အတွက်၊ အကွက် ကောင်းအောင်ဆင် အချက်ကောင်းအောင် ပြင်မှ ဒီကနေ့ည အိမ်မက် အမြင်လှတော့မည်။ သူတို့ ပြင်ပြီးကြတော့မှ ကသိ ကရိထ အဲဒီအိပ်ရာနားမှာ သက်နှံးကြီး ကိုချ၊ ဆွယ်တာက ခေါင်အုံးပေါ်မှာနေ၊ ပိုင်ပေပြီ ကိုယ့် အိပ်ရာ၊ ဘယ်သူလာလို့ အိပ်ဦးမလဲ၊ တပါးတည်း ပြုံးမိပါသည်။

ဆရာတော်ဘုရားကြီးအတွက် အိပ်ရာကတော့ ခုတင်အမြင့် မွေ့ရာနှင့်။ အခန့်သင့်ပလေ၊ ဘယ်နေနတ်သူမှ အနားမကပ်ရ။ ဘုန်းကြီးဦးဝေပုလ္လတို့ ကိုယ်တိုင် လျှပ်စစ်စောင်တွင် သင့်တင့် အောင် လျှပ်စစ်အပူလွှတ်ကာ အသင့်ပြင် ထားကြပါသည်။

အိပ်ရာမဝင်မီ ရေနွေးနှင့် ရေမိုးချိုးပြီး အိပ်ရာဝင်လိုက်ကြ ပါသည်။ တပည့်တော်အဖို့တော့ မင်္ဂလာည၊ ခေါင်းချလိုက် သည်နှင့် အိပ်ပျော်ကာ ဘာထမင်းလုံးတစ်ဆို့မှ မခြောက်တော့၊ အခေါသုခံ-ချမ်းသာလှပါတကား။ တခြား အဖွဲ့ဝင်သံဃာ

များးတော့ ထမင်းလုံးတစ်ဆ အခြောက်ခံခဲ့ရကောင်း ခံခဲ့ရလေ
မည်လားမသိ၊ မေးလို့တော့ မကြည့်မိပါ။။

နံနက်အရုဏ်စာအဖြစ် ကော်ဖီ ဆန်ပြုတ်၊ ခေါက်ဆွဲပြုတ်၊
သစ်သီးသစ်ရွက်သစ်ဥသစ်ဖုပြုတ်များ ကပ်ကြပါသည်။ ပေါင်မုန့်
ထောပတ်သုတ် နှူးညှုံလှ ကောင်းလှပါသည်။ အုတ်သျှစ်သီး
သာသာရှိတဲ့ သခွါးသီးလုံးပု(သခွါးငဆစ်)ကို ထက်ခြမ်း ခြမ်း
ကာ ဇွန်းတပ်၍ ကပ်ကြပါသည်။ ဂျပန်ပြည်တွင် အကောင်းဆုံး
အဖိုးအတန်ဆုံး သစ်သီးဟု ဆိုပါသည်။ မြန်မာပြည်ကဒူးရင်းသီး
ကို အမြတ်တနိုး ထားသလို အမြတ်တနိုး ထားကြသည် ဟု
ဆိုပါ သည်။ တ လုံး ကို ဂျ ပန် ယန်း ဒင်္ဂါး ၄ ၀ ၀ ၀
(မြန်မာငွေနှုန်း ၁၄၀-ခန့်) ပေးရသည်ဟု သိရပါသည်။ မဲလွန်း
(MELON)လို့ သူတို့ခေါ်ကြပါသည်။ မြန်မာပြည်မှ သခွါး
သီးအနုံအရသာနှင့် အတူတူပင်၊ အရည်ပို့ရွှမ်း၍ ပိုချို့တာပဲ
ရှိပါသည်။ချို့တာကတော့ သကြားနီးပါး ချိုပါသည်။သကြား
ခပ်ထားလေသလား မေးရပါသည်။ သို့သော်လဲ တလုံးကို
ကျပ်ငွေ ၁၄၀— ခန့်ပေးရတော့ နှစ်ကျပ် သုံးကျပ်ဖြင့် သခွါးသီး
အ၀စားနိုင်သော မြန်မာနိုင်ငံသားများ ဂုဏ်ယူစရာ ဖြစ်ပါသည်။

မိုဂျီမြို့မှာ ဂျပန်ပြည်ရဲ့ တောင်ဘက်အစွန်းဆုံး ကျွန်းဖြစ်တဲ့
ကျူ။ရှူ။ ကျွန်း မြောက်စွန်းမှာ တည်ထားသော မြို့ဖြစ်ပါသည်။
သဘော်ဆိပ်မြို့ ဖြစ်ပါသည်။ ကြယ်ငါးပွင့် သဘော်များဆိုက်

ကပ်ရာ ပြင်ဆင်ရာဆိပ်လဲ ဖြစ်ပါသည်။ ဒုတိယအနုမြူဇုံး အချခံရတဲ့ နာဂါဆကီးမြို့လဲ ဒီကျွန်းပေါ်မှာပဲ ရှိပါသည်။

ကမ္ဘာအေးစေတီနှင့်ကျောင်းကတော့မြို့အပြင်တောင်ပေါ်မှာ ရှိပါသည်။ ဘုရားရင်ပြင်ပေါ်ကနေ ကြည့်လျှင် မြို့နှင့် ပင်လယ်ပြင်ကို အပေါ်စီးက ကျယ်ပြန့်စွာ တွေ့ရ၍ ရှုခင်းသာဟု ဆိုရပါမည်၊ ကျူးရှူးကျွန်းနှင့် မြောက်ဖက် ဟွန်ရှူးကျွန်း အကြား ရေစီးသန်လှသည် ဆိုသော ရေလက်ကြား ကို လည်းကောင်း၊ ရေလက်ကြားကို ဖြတ်၍ ဆောက်ထားသော ကျွန်းဘူး တံတားကို လည်းကောင်း၊ ဟွန်ရှူးကျွန်း ပေါ်မှ စည်ကားသော မြို့ကို လည်းကောင်း အထင်းသား မြင်ကြရပါသည်၊ ပထမ အနုမြူဗုံး အချခံရတဲ့ ဟီရိုရှိမားမြို့ လဲ ဒီဟွန်ရှူးကျွန်းပေါ်မှာပဲ ရှိပါသည်။

မံဂျို ကမ္ဘာအေး ကျောင်းမှ မြန်မာ ဆရာတော်များမှာ မိုဂျီတွင် သီတင်းသုံးတာ နှစ်ပေါင်း ၂၀—မျှ ရှိနေပါပြီ။ ဂျပန် စကားလဲ ဂျပန်တယောက်လို တတ်နေပါပြီ။ သို့သော် အသံထွက်ကတော့ ဂျပန်သံ ဂျပန်လေယူလေသိမ်း မဖြစ်သေးပါ။ ကျောင်းရောဘုရားပါ တိုးတက်လျက်ရှိပါသည်၊ ဘုရားတိုး တက်သည့်အထဲမှာ ကျဆုံးသော စစ်သားများ၏ အထိမ်းအမှတ် ပျဉ်ပြားများ ဘုရားလိုဏ်အတွင်းမှာ ရောက်နေခြင်းဟာ မကြာမီကမှ ရရှိလာသော တိုးတက်မှုဟု ဆိုပါသည်။

ကျပန်ဘုန်းကြီးကျောင်းများမှာ သေဆုံးသူများ၏ အထိမ်းအမှတ် ပျဉ်ချပ်များဖြစ်စေ၊ သင်းချိုင်းဂူများဖြစ်စေ၊ ကျောင်းဝင်းတွင်းရှိလျှင် သေဆုံးသူ၏ ဆွေမျိုးများက တန္နစ်တခါ (တတ်နိုင်လျှင် တလုတခါ) သေသူကို ရည်စူး၍ ကောင်းမှုကုသိုလ်ပြုကြလျှင် ကျောင်းထိုင်ဘုန်းကြီးများမှာ ဝတ္ထုငြေးငွေ ပစ္စည်း လာဘ်လာဘ အပူဇော်ခံကြရသည်ဟု သိရပါသည်၊

တချို့ ကျောင်းများမှာတော့ မိမိတို့ ကျောင်းတွင်းရှိ အထိမ်းအမှတ်ကို အကြောင်းပြုပြီး ကုသိုလ်လုပ်လျှင် ယန်းဒင်္ဂါး မည်၍ မည်မျှ ပူဇော်ရမည်လို့ သတ်မှတ်ထားတာပင် ရှိသည်ဟု သိရပါသည်။ နွမ်းပါးသူများ မတတ်နိုင်၍ သတ်မှတ်ငွေထက် လျှော့နည်းပြီး ပူဇော်လျှင် ဆင်းရဲသူပင် ဖြစ်စေကာမူ ကျောင်းထိုင်ဘုန်းကြီးများက လက်မခံလိုကြ၊ မကြည်သာကြဟု သိရပါသည်။ သဒ္ဓါနဖါးမွှသူများကို မျက်လှည့်ပြ၍ မတော်လောဘဖြင့် ဆင်ဖြူတော်မှကာ ကြံစုတ်နေကြခြင်းပင် ဖြစ်ပါသည်။

ကျောင်းဝင်းတွင်းမှာ သင်းချိုင်းဂူ များများရှိလျှင်ဖြစ်စေ၊ အထိမ်းအမှတ် ပျဉ်ပြား များများ ရှိလျှင်ဖြစ်စေ ကျပန်ကျောင်းထိုင်ဘုန်းကြီး သဒ္ဒေးဖြစ်တော့သည်ဟု သိရပါသည်၊ ကျပန်းပြည်လဲ တရုပ်ပြည် မှာလို (Ancestor-Worship) ဘိုးဘွား စဉ်ဆက်ကို ကိုးကွယ် ပူဇော်တဲ့ ထုံးတမ်းစဉ်လာ ရှိတာမို့ အဲဒီအစဉ်အလာကနေပြီး တဖြေးဖြေး ပြန့်ပွားလာခြင်း ဖြစ်ဟန်တူပါသည်။

ယခု မိုဂျီ ကမ္ဘာအေးကျောင်းမှာတော့ အထိမ်းအမှတ် ပျဉ်ပြားများသာ ဘုရားလိုဏ်ခေါင်းအတွင်း အထားခံရသော်လဲ ကုသိုလ်ပြုတော့ တခြား ဂျပန်ဘုန်းကြီးကျောင်းမှာ သွားပြုတာမို့ ကမ္ဘာအေးကျောင်းမှာ ဘာအပူဇော်မှ မခံရပါ၊ ဘုရားအတွင်း ထိုးထိုးထောင်ထောင်နှင့် ရှုပ်တာပဲရှိပါသည်။ ဒါကြောင့် မကြာမီကရရှိလာသော "တိုးတက်မှု" ဟုဆိုပါသည်။

သို့သော်လဲ သူ့ကျောင်းနေ သူ့စာအံ၊ ရောမမြို့ ရောက်လျှင် ရောမမြို့သားလို ကျင့်ရမည်ဆိုတဲ့ လောကတံထွာ အကိုင်း ဒီလိုပဲ နေရသည်ဟု ဆိုပါသည်။ ရောမမြို့သားလို ကျင့်ရမည် ဆိုသော်လဲ ရောမမြို့သား စစ်စစ်မဟုတ်ပဲ ကပြား တွေလိုဖြစ်နေတော့ ရောမအကျင့်ကို အကုန်မကျင့်လိုခြင်း၊ မှား ယွင်းတဲ့ ဘာသာနေးထုံးတမ်းစဉ်လာကို အားမပေးလိုခြင်း ကြောင့် မဆန့်ကျင်ရုံ ရေငုံနှုတ်ပိတ်လုပ်နေကြပုံ ရပါသည် ဘုရား၊

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ချမ်းမြေ့သာယာရှိပါစေ။

မေတ္တာဖြင့်

ယိုကိုစကြဝဠာ

ဗျဟန်ပြည်

၁၃၄၀ ခုနှစ်၊ တန်ခူးလဆန်း ၉-ရက်

(၅၊၄၊၇၉)

ဒကာကြီး ဒကာမကြီးမိသားစုသို့

မေတ္တာဖြင့် သိစေပါသည်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး အမျှူးပြုသော ဦးပဉ္စင်းတို့ အဖွဲ့သည် ရန်ကုန်-မင်္ဂလာဒုံ လေးဆိပ်မှ ပြီ ၁-ရက်နေ့ ညနေ ၃-နာရီခွဲလေယာဉ်ဖြင့် ထွက်ခဲ့ရာ၊ ယိုးဒယားပြည် ဗန်ကောက်မြို့တော်သို့ မြန်မာစံတော်ချိန် ၄-နာရီခွဲ (ဗန်ကောက်အချိန် ၅-နာရီ) မှာရောက်ပါသည်။ ဗန်ကောက်ဟာ ရန်ကုန်ထက် ပိုပြီး ပူအိုက်ပါသည်။ ဗန်ကောက်နှင့် မိုင် ၂၀-ခန့်ဝေးတဲ့ ချွန်ဘူရီမြို့ဝိဝိတ် အရှရမ်ရိပ်သာသို့ သွား၍ တည တည်းခိုပါသည်၊ ရိပ်သာမှာ တိတ်ဆိတ်အေးချမ်းလှပါသည်၊ ဗန်ကောက်မှာ ကားတွေပေါ၍ လမ်းတွေ ကျပ်ပါသည်။ ကားဟောင်း အတွေ့ရနည်းပါသည်။ တမြို့လုံး ကားပေါင်း ၂-သိန်းခန့် ရှိသည်ဟု သိရပါသည်။

ပြေ ၅-ရက်နေ့ နံနက် ၇-နာရီ ၁၅-မိနစ်တွင် ထိုင်းအင်တာနေရှင်နယ် လေယာဉ်ဖြင့် ကျပန်ပြည်သို့ ဦးတည်လျက် အရှေ့အရပ်သို့ပင် ခရီးဆက်ခဲ့ပါသည်။ ဟောင်ကောင်သို့ ဗန်ကောက်အချိန် ၄-နာရီခွဲ (ဟောင်ကောင်အချိန် ၅-နာရီခွဲ) တွင်ရောက်ပါသည်။ဟောင်ကောင်မှ ဗန်ကောက်အချိန်၅-နာရီ မိနစ် ၂၀-တွင် (ဟောင်ကောင်အချိန် ၆း ၂၀နာရီ) ထွက် ခဲ့၍ ဖော်မိုဆာ (ထိုင်ဝမ်) ကျွန်းတိုင်ပေါ့သို့ ဗန်ကောက် အချိန် ၆-နာရီခွဲ(ဟောင်ကောင်အချိန် ၇-နာရီခွဲ)တွင်ရောက်ပါသည်။

ကျပန်ပြည်သို့ ဆက်ထွက်လျှင် တိုက်ကြုံမြို့သို့ နာရီတလေဆိပ် ပိတ်ချိန် ည ၁၁-နာရီမတိုင်မီ ရောက်နိုင်မည် မဟုတ်၍ တိုင်ပေမှာပဲ မန်းဒရင်းဟော်တယ်တွင် လေကြောင်းကုမ္ပဏီ၏စရိတ်ဖြင့် တည်အိပ် တည်းခိုရပါသည်။

နံနက်စော ၆ နာရီတွင် အရှေ့သို့ ခရီးဆက်ခဲ့ရာ ကျပန်ပြည် တိုက်ကြုံမြို့သို့ တိုက်ကြုံအချိန် ၉-နာရီခွဲ(မြန်မာအချိန် ၇-နာရီ)တွင် ရောက်ပါသည်။တိုက်ကြုံမှ ညနေ ၃-နာရီခွဲတွင် ကျပန်အဲယားလိုင်း လေယာဉ်ဖြင့် တောင်ဘက်ဆီသို့ထွက်ခဲ့ရာ ကျပန်ပြည်၏တောင် ဘက်အစွန်ဆုံး ကျွဲရွာကျွန်းပေါ်ရှိ ဖူကိုကာမြို့သို့ ၅-နာရီ ၃၅-မိနစ်တွင် ရောက်ပါသည်။ ဖူကိုကာမှ ကားဖြင့် ခရီးဆက် ခဲ့ရာ ကျွဲရွာကျွန်းမြောက်စပ်ရှိ မိုးကြိုမြို့ ကမ္ဘာအေးစေတီ ကျောင်းသို့ ည ၇-နာရီ ခန့်တွင်ရောက်ပါသည်။

ကမ္ဘာအေးစေတီနှင့် ကျောင်းမှာ တောင်ပေါ်တွင်ရှိ၍ မြန်မာဆရာတော်သုံးပါး သီတင်းသုံးကာ သာသနာပြုနေကြ

ပါသည်။ တောင်ပေါ်မှာလဲဖြစ် ဆောင်းရာသီလဲ မကုန်သေးတော့ အတော် ချမ်းပါ ဒေးပါသည်။ ခိုက်ခိုက်တုန်လောက် အောင်တောမဟတ်ပါ။

နောက်တနေ့ (၄၊ ၄၊ ၇၉) နံနက်တွင် ဆရာတော်ဘုရားကြီးက မြန်မာဘုန်းတော်ကြီးများနှင့် ဂျပန်ဒကာ ဒကာမများအား သြဝါဒစကား မိန့်ကြားပါသည်။ အဖွဲ့ဝင်သံဃာများက ပရိတ်ရွတ်ကြပါသည်။ ကမ္ဘာအေးစေတီနှင့် ကမ္ဘာအေးသိမ်ကို တက်ရောက်ဖူးမြော်ကြည့်ရှုကြပါသည်။ သိမ်မှာလွန်ခဲ့တဲ့ အနှစ် ၂၀-ခန့်က မဟာစည်ဆရာတော်ဘုရားကြီး အပါအဝင်ဖြစ်တဲ့ မြန်မာဆရာတော်များကြွရောက်ပြီး သမုတ်ခဲ့တဲ့ သိမ်ဖြစ်ပါသည်။

နံနက် ၁၁-နာရီတွင် ဆွမ်းဘုဉ်းပေးပြီးကြ၍ ကားနှစ်စီးဖြင့် ကျွန်ုပ်တို့ကျွန်းမှ ဟွန်ရှူးကျွန်းသို့ ကျွန်းကူးတံတားကြီးပေါ်မှ ဖြတ်ကာကူးခဲ့ကြပြီးလျှင် တဖန် ပင်လယ်ရေလက်ကြားအောက်မှ ဖောက်ထားသော ဥမင်လိုဏ်ခေါင်းလမ်းဖြင့် ကျွန်ုပ်တို့ကျွန်းဘက်သို့ပြန်၍ကူးခဲ့ကြကာ ကိုကုရဘူတာရုံသို့ ဦး တည် ထွက်ခဲ့ကြပါသည်။ ကိုကုရဘူတာရုံမှ ရှင်ကန်စင်း- စကိုင်းလိုင်း အမြန်ရထား (**Bullet Train**) ဖြင့် ဖူကိုကာမြို့သို့ ခရီးဆက်ခဲ့ကြပါသည်။ ဖူကိုကာလေဆိပ်သို့ အရောက်စောနေသဖြင့် သီးသန့်ခန်းတခန်း ငှား၍ နားနေကြရပါသည်။ ငှားသည်ဆိုသော်လဲ သက်ဆိုင်ရာ လေဆိပ်တာဝန်ခံများ သဒ္ဓါတရားကောင်းသဖြင့် အခန်းငှားခ မပေးကြရပါ။

အခန်းတွင်းမှာ နားနေကြယင်း ရုပ်မြင်သံကြားစက်တွင် ကြေငြာသော လေယာဉ်အဝင်အထွက် သတင်းကိုကြည့်ကာ လေယာဉ်ထွက်ချိန်ကို စောင့်ကြရပါသည်။ ဗန်ကောက်လေဆိပ်၊ တိုင်ပေလေဆိပ်တို့မှာလဲ အလားတူပင် လေဆိပ်ည့့် ခန်းဆောင်၊ နားနေဆောင် စသည်တို့မှာ ရုပ်မြင်သံကြားစက်များထား၍ လေယာဉ်အမည်၊ လေယာဉ်အမှတ်၊ ခရီးစဉ်အမှတ်၊ ထွက်ခွါမည့်မြို့၊ ထွက်ခွါမည့်အချိန်၊ဆိုက်ရောက်မည့် အချိန် စသည်တို့ကို အပြည့်အစုံ အမြဲကြေငြာပေးနေရာ ခရီးသည်တို့အဖို့ အလွန် အဆင်ပြေပါသည်။

ညနေ ၃-နာရီခွဲတွင် ဖူကိုကာလေဆိပ်မှ ဒီစီတင်း (DC.10) လေယာဉ်ဖြင့် တိုကျိုမြို့သို့ ထွက်ခွာခဲ့ပါသည်။ ဂျပန်လေယာဉ်မယ်ကလေးများမှာ ထိုင်းလေယာဉ်မယ်ကလေးများထက် ပိုပြီး သားသားနားနားရှိ၍ မျက်နှာ ချိုသလောက် ညှဉ့်ဝတ်အလွန်ကျပ်ကြပါသည်။ စီးပွားရေးသာဘ်မြင်လှသော ဂျပန်လေကြောင်းကုမ္ပဏီများက ခရီးသည်တို့ ပိုက်ဆံအိတ်ထဲမှ ငွေများများ ထွက်ကျလာစေရန် အထူးသင်တန်းပေးထားဟန်တူပါသည်။

လေယာဉ်ပေါ်တွင် ရုပ်ရှင်လဲပြပါသည်။ ဒီအတိုင်းကြည့်လျှင် အသံတိတ်ရုပ်ရှင်ဖြစ်နေပါသည်။ သူတို့ပေးထားတဲ့ နားကျပ်ကို ထိုင်ခုံလက်တင်တွင် အသင့်ရှိနေသော ပလပ်ပေါက်မှာတပ်ကာ နားကျပ်တဖက်စွန်းကို နားပေါက်တွင်တပ်လိုက်

လျှင် အသံထွက်ရုပ်ရှင် ဖြစ်လာပါသည်။ အကြောင်းသိရုံမျှ သာ တပ်ကြည့်ပြီးတော့ ဂျပန်စကားကို ဝတကုရို၊ အနတဝ၊ အရိုကတိုး၊ ဆယိုးနရထက်ပိုပြီး မတတ်တော့တာနှင့် ရုပ်ရှင်ရော နားကျပ်ပါ စိတ်မဝင်စားတော့လို့ လေယာဉ်ပြတင်းကနေ အောက်ဘက်ဆီက ရှုခင်းတွေကိုသာ ကြည့်နေမိပါသည်။

တိုကျိုလေဆိပ်ရောက်ခါနီးတွင် ထုံးစံအတိုင်း လေယာဉ်မယ်၏ ဂျပန်ဘာသာစကားဖြင့် ကြေငြာချက်ကို ကြားရပါသည်။ မကြာမီ ဟနေဒါလေဆိပ်သို့ လေယာဉ်ဆင်းသက်တော့ မည်ဖြစ်ကြောင်း ကြေငြာပုံရပါသည်၊ ကြေငြာချက်၏ အဆုံးတွင် ဆယိုးနရဟူသော နှုတ်ဆက်စကားသံကလေးမှာ ချိုအေးကြည်သာ သာယာငြိမ့်ညောင်းလှပါသည်။ ပျံသန်းချိန် ၁း၁၀ နာရီကြာပြီးနောက် တိုကျိုမြို့ ဟနေဒါလေဆိပ်သို့ ဆိုက်ရောက်ပါသည်။

လေဆိပ်မှ တက္ကစီနှစ်စီးဖြင့် ဦးတင်မောင်နှင့် ဘုန်းကြီး ဆူဂီဇာကီတို့ ကြိုကြိုတင်တင် အသင့်စီစဉ်ထားတဲ့ တိုကျိုမြို့လယ်မှ ပစိဖိတ်ဟော်တယ်သို့ လာခဲ့ကြပါသည်။ ရုံးဆင်းချိန်ကားကျပ်ချိန်ဖြစ်၍ ခရီးမတွင်ပါ။ ရှေ့မျောက်ကြည့်လိုက်လဲ ကားကြီးကားငယ် ပုံစံမျိုးစုံတွေ တစီတတန်းကြီး၊ နောက်ပြန်ကြည့်လဲ ထို့အတူ။ ၁၀-ပေလောက် သွားလိုက် ရပ်လိုက်၊ ၃-မိနစ်မှ ၁၅-မိနစ်လောက်အထိ ရပ်ပြီးတော့ ၁၀-ပေ

၁၅-ပေလောက်လိုမ့်လိုက်၊ ပြီးတော့ ရပ်လိုက်နှင့် မြန်မာပြည်မှာ ကထိန်ပွဲလှည့်တာထက်တောင် နှေးပါသေးသည်။ ကားအသွားအလာများလို့ မကျပ်ရအောင် မိုးပျံကားလမ်းတွေ ၃-ဆင့် ၄-ဆင့်အထိ ဖောက်ထားသော်လဲ ကျပ်မြဲပါဘဲ။ ကားပေါတဲ့ကားတောဝါကြောင့်ခရီး နှောင့်နှေးလှပါသည်။

ဒါကြောင့် အထုပ်အပိုးမပါတဲ့ ခရီးသည်များနှင့် ရထားဘူတာနီးတဲ့ခရီးသည်များ ကိုယ်ပိုင်ကားပင်ရှိသော်လဲ ၂-မိနစ်တစင်းကျလောက် ထွက်နေတဲ့ ရထားတွေကို စီးကြပါသည်။ ဒါကြောင့် ရထားတွေမှာလဲ လူမချောင်ပါ။ ဒီလိုလူကျပ်ချိန်များမှာမဟာစည်အဖွဲဝင်များလဲ မတ်တတ်ရပ်ပြီး ဂျပန်ရထားအတွေ့အကြုံကို ယူတဲ့အခါ ယူခဲ့ရပါသည်။

ည ၇-နာရီလောက်မှာ ပစိဖိတ်ဟော်တယ်ကို ရောက်ပါသည်။ ၃၅-ထပ်ရှိသော ဟော်တယ်တွင် ၁၂-ထပ်၌ အခန်းရကြသည်။ အိပ်ရာခုတင်နှင့် ညှဉ်ခန်းပါသော ယန်းဒင်္ဂါး ၂၅၀၀ တန် အခန်းတခန်းကို ဆရာတော်ဘုရား ကြီးအတွက် ပြင်ထားပြီး ကျန်သံဃာများအတွက် ယန်းဒင်္ဂါး ၁၄၅၀၀ စီတန်သော ၂-ပါးနေအခန်း ၂-ခန်း ပြင်ဆင်ထားပါသည်။ သံရုံးမှ အတွင်းဝန် ဦးတိုးလုံစသော သံရုံးသူ သံရုံးသားများလာရောက်၍ ဆရာတော်ဘုရားကြီးကို ဖူးမြော် ကန်တော့ကြလှူဒါန်းပူဇော်ကြပါသည်။ ဦးတိုးလုံမှာ ကျန်းမာရေးမကောင်းသော်လဲ ကြုံတောင့်ကြုံခဲမို့ လာရောက်ဖူးမြော်ဖြစ်အောင် ဖူးမြော်ရှာပါသည်။

နံနက် အရက်တွင် သံရုံးမှအတွင်းဝန်ကတော်နှင့် မစမွယ် ဘို့ဦးဆောင်သော မြန်မာဒကာ ဒကာမများလာ၍ ဆွမ်းကပ် ကြပါသည်။ နံနက် ၈း၃၀ နာရီတွင် ,ယိုကိုစုကသို့ သွားရန် ဟော်ဟယ်အနီးရှိဘူတာသို့သွား၍ ရထားစောင့်ကြရပါသည်။ ဦးတင်မောင် လိုက်ပို့ပါသည်။ ရာသီဥမကောင်းလှပါ။ လေ က တဟူးဟူးတိုက်၊ မိုးနှင်းတွေက တဖွဲဖွဲကျသဖြင့် ဘူတာ အတွင်းမှာပင်ဖာရင်ဟိုက်ဒီဂရီ ၅၈ အထိ ရှိ၍ အတော်လေး အေးပါသည်။ ရထားများကား ၂–မိနစ် တစင်းကျလောက် အဝင်အထွက် ရှိနေပါသည်။

ရုံးတက်ချိန်ဖြစ်၍ ရထားစီး ခရီးသည်လဲ များလှပါသည်။ လူတွေမှာ အေးအေးဆေးဆေး ဖြေးဖြေးမှန်မှန် သွားလာလှုပ် ရှားသူဟူ၍ မရှိသလောက်ပင်။ ရေးကြီးသုတ်ပြာ အလျင်စလို မြန်မြန်တဲလှည့် ပြေး၍တလှည့် သွားလာနေကြသည်။ မီးရထား ဂုံးတံတားလှေခါး ဆင်းတာတက်တာပင် အပြေးဆင်း အပြေး တက်ကြသည်။ ခြေလျင်အမြန်လျှောက်ပြိုင်ပွဲဝင်နေကြသလား ဟုပင် ထင်ရမလောက် ဖြစ်သည်။ စက်မှုအရှိန်အဟုန် ပြင်းစွာ ဘိုးတက်နေခြင်းကို အမှီလိုက်နေရသော ဂျပန်တို့ဘဝ၏ မငြိမ်း ချမ်းပုံကို အထင်းသား တွေ့နေရသည်။

မိမိတို့ စီးရမည့် ရထား မရောက်လာသေး၍ စောင့်ကြယင်း ရထားဆိုက်တိုင်း ထွက်တိုင်း တဒယောက်ဆင်း တယောက်တက် မဟုတ်ပါ၊ တပြုံကြီး အပြေးဆင်း တပြုံကြီး အပြေး တက်ကာ

လှုပ်ရှားသွားလာနေသော လူပုဂ္ဂိုလ်ဆိတ်အုံကြီးကို ကြည့်လျက် အော်....ဘဝဆိုတာ လှုပ်ရှားရုန်းကန်နေခြင်းကို ခေါ်တာပါ ကလေးလို့ ဆင်ခြင်နေမိသည်။ ယိုနစ် ၃၀-ခန့် အကြာတွင် ယိုကိုစုကသွားမည့် ရထား ဆိုက်လာ၍ တက်လိုက်ကြသည်။ သူတို့လို အပြေး မဟုတ်သော်လဲ ဖြေးဖြေး အေးအေးတက်လို့ တော့မရ။ ခပ်သုတ်သုတ်ကလေး တက်ကြရသည်။

ရထား ၁-နာရီ နီးပါး စီးကြရမည်ဟု သိရသည်။ သည်ရထားကို ဂရီး(နှ်)ကား (**Green Car**) ဟု ခေါ်ကြသည်။ သန့်ရှင်းသပ်ယပ်သည်။ ကျယ်ပြန့်သည်။ ထိုင်ခုံတွေရော ရထားကြမ်းပြင်တခုလုံးပါ ကတ္တီပါ အစိမ်း အပြည့် ခင်းထားသည်။ ခရီးသွားလူစီးရော စုတ်ရာ ပြုတ်ရာ ပေါက်ရာ ပဲ့ရာ ဘာမျှမရှိ၊ ပကတိ အသစ်လိုပင် ရှိသည်။ စည်းကမ်းရှိကြပါပေသည်။ ရထားတွဲထဲတွင် စက္ကူစ အမှိုက်သရိုက် စသည် မရှိ၊ တာဝန်သိကြပါပေသည်။

တနာရီနီးပါး စီးမိတော့ ယိုကိုစုကမြို့ကို ရောက်၍ ရထားမှ ဆင်းကြသည်။ ဂျပန်ဘုန်းကြီး ဆူဂီဇာကီနှင့် မစ္စတာအီရှိဂါမီ(မြန်မာနာမည် ဦးပို့)တို့ အသင့်ကြိုနေသည်ကို တွေ့ကြရသည်။ သူတို့ နှစ်ယောက်လုံး ဒုတိယ ကမ္ဘာစစ် အတွင်းက မြန်မာပြည်မှာ နေခဲ့ကြသည်။ ဒါကြောင့်ပဲ မြန်မာကို သံယောဇဉ် ရှိကြသည်၊ မဟာစည်ဆရာတော်ဘုရားကြီးကို ဂျပန်ပြည်သို့ပင့်တာလဲ ဒီသံယောဇဉ်ကြောင့်ပဲ ဖူးမြော်လို ကြည်ညိုလို၍ သံရုံးဦးတင်မောင်နှင့် ဆက်ကာ ဘုန်းကြီးဆူဂီဇာကီက ဒါယကာခံပြီး ပင့်ခြင်းပင်။

မဟာစည်အဖွဲ့ ဂျပန်ပြည်အတွင်း နေသင့်ရွေ့ ကုန်ကျစရိတ်ကို ဆူဂီဇာကီက လှူဒါန်းပါသည်။ အကုန်အကျတော့ မသက်သာပါ။ မဟာစည်အဖွဲ့အတွက် မိုဂျီသို့ အသွားအပြန် လေယာဉ်စရိတ်ပင် မြန်မာငွေနှင့် ၁၇၆၄၀-ကျပ်ခန့်၊ ဟော်တယ်တွင် ၂၄-နာရီ တည်းခိုခ ၁၈၉၀-ကျပ်ခန့်၊ နှစ်ရပ်ပေါင်း ၁၉၅၃၀-ကျပ်ခန့်၊ တခြား ရထားခ ဘက်စ်ခ စသည်တွေ အများအပြားရှိပါသေးသည်။ အားလုံး ကျပ်နှစ်သောင်းကျော် ကုန်ကျလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ဘုန်းကြီးသင်္ဃပေလား မသိပါ။

ဘူတာမှ ကားများဖြင့် ဘုန်းကြီးဆူဂီဇာကို၏ ကျောင်းသို့ လာခဲ့ကြပါသည်။ ကျောင်းမှာ တောင်စောင်းတွင် တည်ရှိ၍ စိမ်းစိုလှပသော သစ်ပင်များပေါက်နေသည့် တောင်ကို မှီရသဖြင့် ဆိတ်ငြိမ်အေးချမ်းပါသည်။ သာယာ ချမ်းမြေ့ပါသည်၊ ကျောင်းဝင်းထဲတွင် အေးမြကြည်လင်သော စမ်းရေအလျဉ်က ကွေ့ကာပတ်ကာ တသွင်သွင်စီးဆင်းလျက် ရှိပါသည်။ အဖြူအပြာ အနီ အဝါ အနက် အကျား ပန်းရောင်စတဲ့ ရောင်စုံများဖြင့် တောက်ပြောင်လှပ ကျက်သရေရှိလှတဲ့ ငါးကြီးများမှာ ကြည်လင်သော စမ်းချောင်းအတွင်းဝယ် ဘေးကင်း ရန်ကင်း ငြိမ်းချမ်းခြင်းအပြည့်ဖြင့် ပကတိအေးချမ်းစွာ သွားလာကူးခတ်နေကြသည်မှာ ကြည်နူးစရာကောင်းလှပါသည်။ အတူနေလူသားတို့၏ မေတ္တာတရားကို ခံစားသိရှိသည့်အသွင် ယဉ်

ပါးလိုက်သည်မှာလဲ လက်ထဲကအစောကိုပင်လာ၍ စားဝံ့သည် အထိ ဖြစ်ပါသည်။

ဘုန်းကြီးဆူဂီဇာကီသည် နိချိရင်ဂိုဏ်းဝင် မဟာယာနဘုန်း ကြီးဖြစ်၍ သူ့ကျောင်းမှာပိုက်ဆံချမ်းသာသော ဂျပန်တို့ထုံးစံ အတိုင်း ထင်းရှူးသားမျှားဖြင့် သားသားနားနား ဆောက်ထား သည့် အမိုးမိုမ်မြင့်နှင့် တထပ်ကျောင်း၊ အခန်းဖွဲ့ဟန်နှင့် အကာအရံမှာလဲ ကဗျာဆန်ဆန်နှင့် ယဉ်စစ၊ ရေချိုးခန်းနှင့် အိမ်သာကအစ သပ်ယပ် သန့်ရှင်းမှုကလဲ လိုလေသေးမရှိ။ ကျောင်းပတ်ဝန်းကျင်တွင် ပန်းသွေးနှင့် ဖြူဖွေးသောချယ်ရီတို့ ကလဲ ပင်လုံးကျွတ်မျှ ပွင့်လျက်ရှိကြသည်။ နှင်းဆီနှင့် အမည် မသိသောပန်းရောင်စုံတို့ကလဲ ချမ်းအေးသောရာသီ၏ကြည်လင် သောနေခြည်နုနုတွင် ရတုနုကို သူ့အလိုကျ ကွက်ကွက်ရွရွဖြင့် ကျောင်းဝန်းကျင်ကို အလှဆင်နေကြသည်။

ရာသီကလဲအေး၊ ပန်းကလဲမွှေး၊ စမ်းချောင်းကလေးကလဲ အေးမြကြည်လင်၊ ပတ်ဝန်းကျင် တောရိပ် တောင်ရိပ်တွေ ကြောင့်လဲ တိတ်ဆိတ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ချမ်းမြေ့ခြင်း၊ သာ ယာခြင်း၊ အေးချမ်းခြင်းသဘာဝကို အပြည့်အဝ ခံစားကြရ တော့ ဒီနေရာ ဒီဒေသ ဆူဂီဇာကီ၏ဒီဝိဟာရတွင် ခေါင်းချ သည့်အထိပင် နေချင်စိတ်၊ ဖြစ်ပေါ်မိပါသည်။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ၊

မေတ္တာဖြင့်

ဦးဇနက

နာရီတလေးဆိုင်

တိုက္ခိုမြို့

၅၊ ၄၊ ၂၉

ဆရာတော ဥးကုသလ ဘုရား

မေတ္တာဖြင့် ရိုသေလေးစားစွာ လျှောက်ထားပါသည်။ တပည့်တော်တို့ မိုက္ခေမှ ယမန်နေ့ညနေက တိုက္ခိုကိုပြန်ခဲ့ပြီး ပစိဖိတ်ဟော်တယ်မှာ တည်းခိုကြရပါသည်။ ဒီနေ့နံနက်တော့ ဆူဂီဇာကီ၏ ပင့်လျှောက်ချက်အရ ယိုကိုစုကမြို့ရှိ အေးချမ်းသာယာသော သူ့ကျောင်းကို သွားခဲ့ရပါသည်။ ဂျပန်ဆောင်းနှောင်းရာသီ၏ အအေးဓာတ်ဖြင့် ရစ်ပတ်လွှမ်းခြုံ နေခိုက်မှာ ဂရိုး(နှ်)တီး (Green Tea) ခေါ်တဲ့ဂျပန် လဘက်ရည်ကြမ်း စိမ်းဖန့်ဖန့်ကလေးကို ကိုင်းပန်းကန် ခပ်သေးသေးနှင့် ရောက်ရောက်ချင်းတိုက်ကျွေးပါသည်။ အေးနေတဲ့အခိုက်မှာ နွေးလှတဲ့လဘက်ရည်ကြမ်းကလေးကို တကြိုက်ပဲ ကြိုက်လိုက်ရသေးဘာကိုယ်လုံးနွေးသွားသလို ခံစားရပါသည်။ အနုံကလေးက သင်းသင်းမွှေး၊ အရသာကလေးက ဖန်ချိုမြကားသေး၊ တကြိုက်ပြီးတကြိုက် သောက်ချလိုက်ရာ ပြုံးကာနဲ့ တခွက်ကုန်သွားပါ

သည်။ အာသာမပြေလို့ နောက်တခွက်ကိုမျှော်၊ အတော်ကြာ
မှသော်လဲ မပေါ်လာပဲမို့ သူတို့ထုံးစံတခွက်နဲ့ပဲ ညှော့ခံပုံရသည်
ဟု မရိပ်မိချင်သော်လဲ ရိပ်မိလိုက်ရပါသည်။

မကြာမီပင် နေ့ဆွမ်းကပ်ပါသည်။ ဆွမ်းက လဘက်ရည်
အကြမ်းပန်းကန် ၂—လုံးစာခန့်၊ ဟင်းက အသားနှင့် အသီး
အရွက် မျှလောက်အောင် စီစဉ်ထားပါသည်။ ဆွမ်းနည်းနည်း
ပင်းများများ စားရသည့်နည်းဖြစ်ပါသည်။ ကျန်းမာရေးနှင့်
အာဟာရဖြစ်ရေးအတွက် များစွာအထောက်အပံ့ ဖြစ်စေမည့်
စားနည်းဖြစ်ပါသည်။ များသောအားဖြင့် မြန်မာတို့စားနည်း
မှာ ထမင်းများများ ဟင်းနည်းနည်းစားသည့်နည်းဖြစ်ရာ အာ
ဟာရ ဖြစ်ရေးနှင့် လိုအပ်သည့်ဓာတ် ပြည့်စုံရေး အတွက်
အထောက်အပံ့ဖြစ်ဖို့ နည်းပါလိမ့်မည်။

ဆူဂီဇာကီ၏ဆွမ်းကပ်ပွဲမှ မတွေ့ဘူး၍ ထူးခြားစွာမှတ်သား
ထိုက်သောဟင်းမှာ ပြောင်းဖူးမှုန့်နှင့် နွားနို့ရောကျိုထားသည့်
ဟင်းချိုပင်ဖြစ်ပါသည်။ သင့်ရုံမျှချို၍ အဆိမ့်များသဖြင့် အရ
သာတွေ့လှပါသည်။ ဦးသီလာနန္ဒမှာမူ "သိပ်ကောင်းတာပဲ"
ဆိုတဲ့စကား ပါးစပ်ဖျားမှာ သီးနေပါသည်။

ဆွမ်းစားပြီးကြတဲ့အခါ ကျောင်းဝင်းထဲတွင်လျှောက်ကြည့်
ကြပါသည်။ တောင်ကမ်းပါးယံ၏ အောက်ဘက်အဆင့်ကို
ဆင်းကြည့်ရာအမျိုးသမီး ၂-ယောက်နှင့် ကလေး ၃-၄-ယောက်
နေထိုင်သည့် အဆောက်အဦတခုကိုတွေ့ရပါသည်။ နောက်ကျ

ဒေတာ့ ထင်သည့်အတိုင်းပင် ဘုန်းကြီး၏ ဇာနိုးနှင့်ကလေးများ ဖြစ်ကြောင်းသိရပါသည်။ ကျပန်ပြည်မှာမဟာယာနဘုန်းကြီးများ အိမ်ထောင်ပြုတဲ့ဂိုဏ်းနှင့် မပြုတဲ့ဂိုဏ်း နှစ်ဂိုဏ်းရှိပါသည်။ ဘုရားကျောင်းဆောင်နှင့် ဘုရားဆင်းတုကိုကား နံနက်ပိုင်းကပင် ကြည့်ရှုပြီးပါပြီ။

တဖန် ကျောင်း၏အထက်ဘက် တောင်ကမ်းပါးကို တက်ကြည့်မိပြန်ပါသည်။ အလွန်ကျယ်ပြန့်သော မြေပြင်နှင့်အပြည့်သင်းချိုင်းဂူကလေးများကို တွေ့ရပါသည်။ တခို့ဂူမှာပန်း၊ တခို့ဂူမှာ ဖယောင်းတိုင်၊ တခို့ဂူမှာမုန့်၊ တခို့ဂူမှာ သစ်သီးများတင်ထားပါသည်။ ဂူတိုင်းဟာသန့်ရှင်းပြီး အနီးတွင် စိုက်ထားတဲ့ ပန်းမျိုးစုံတို့ဖြင့် တင့်တယ်လှပနေပါသည်။ ဒီဂူတွေဟာ မဟာစည်အဖွဲ့ကို အကုန်အကျများစွာခံကာ ဆူဂီဘာကီ ပင့်ဖိတ်နိုင်စေကြောင်း ကောင်းသော အထောက်အပံ့တွေများဖြစ်လေမည်လားဟု စဉ်းစားကြည့်မိပါသည်။

မည်သို့ပင်ဖြစ်စေ ဆူဂီဘာကီ၏ ကျေးဇူးတရားကားကြီးမားလှပါသည်။ ကျပန်ပြည်ကို ရောက်ရအောင် ပင့်ဖိတ်တဲ့ သူ့ကျေးဇူးကို အမြဲတစေ သတိရနေမည်သာဖြစ်ပါသည်။

မွန်းလွဲ ၁-နာရီခွဲခန့်တွင် ကမာကုရမြို့သို့ ရထားတတန်ကားတတန်ဖြင့်သွား၍ ကြည့်မြင်တိုင် ကိုးထပ်ကြီးဘုရားနီးပါးကြီးမားသော ကမ္ဘာကျော် ကမာကုရ ကြေးဆင်းတုတော်ကြီး (ဒိုင်ဗုစု) ကို ဖူးကြပါသည်။ ဘုရားဝင်းသို့ အဝင်ပေါက်တွင်

ပူတာဦးလျှင် ယန်း ၁၀၀ (မြန်မာငွေ ၃ ကျပ်ခွဲခန့်) ပေးရပါသည်။ တပည့်တော်တို့အဖွဲ့ကတော့မပေးရပါ။ ဘုရားဖူးတွေ များပြားလှပါသည်။ နိုင်ငံခြားသားများလဲ ပါပါသည်။

ကမာကုရမြို့မှ တိုကျိုသို့ပြန်ခဲ့ရာ အချိန်မှာ ညနေချမ်းဖြစ်ပါသည်။ ယခုမှ ရထားလမ်းဘေးတလျှောက် တောတောင်မရမြေအထွေထွေကို သေသေချာချာ ကြည့်မိပါသည်။ ကြည့်လေရာရာမှာ ချယ်ရီပင်တွေ ဖွေးဖွေးလှပ်နေပါသည်။ တောင်ထိပ်မှာလဲ ချယ်ရီ၊ တောင်စောင်းမှာလဲ ချယ်ရီ၊ မြေပြန့်မှာလဲ ချယ်ရီ၊ တောထဲမှာလဲချယ်ရီ၊ မြို့ထဲရွာထဲမှာလဲ ချယ်ရီ၊ ချယ်ရီတွေပင်လိုက်မှဖြင့် ပင်လုံးကျွတ်ချည်း ဖြစ်ပါသည်။ ချယ်ရီတို့မြေမှာ စိမ်းစိုသော တောတောင်တခင် မြေပြင်တလွှား တွင် ချယ်ရီများဖြင့် တင့်တယ်လှပါဘိ၊ သာယာလှပါဘိသည်။

တိုကျိုကိုရောက်ပြန်တော့ မြင်ကွင်းကတမျိုး ဖြစ်ပါသည်။ မြို့တော်တိုကျိုဟာ မြို့လယ်မှာသာ မြင့်မားကြီးကျယ်လှသည့် အဆောက်အအုံများရှိပြီး ဆင်ခြေဖုံးရုပ်ကွက်တွေမှာတော့ အိမ်ကလေးတွေမှာ သေးသေးငယ်ငယ်တွေသာ များပါသည်။ ချမ်းအေးသည့်နိုင်ငံဖြစ်၍ အိမ်ထဲမှာ အပူငွေ့လွှတ်သည့်အခါ စက်ရုံတင်ကုန်သက်သာစေရန်အိပ်ခန်းကျဉ်းကျဉ်းနှင့်အိမ်သေးသေးကလေးတွေ ဆောက်ကြဟန်တူပါသည်။ အပြင်က ကြည့်လျှင် တော့တင်တယ်မှ ခမ်းနားမှုတစ်ခုမှမရှိပါ။ အတွင်းမှာတော့ ဟာတ်နိုင်သမျှ ပြင်ပြင်ဆင်ဆင် ထားကြသည်ဟု သိရပါသည်။

အိမ်နေရာချပုံကလဲ အစီအစဉ်မကျ၊ ဖဲ့စဲ့ခဲ့ နိုင်လွန်းလှပါသည်။

ကမာကုရမှ ရထားနှစ်ကြိမ် ပြောင်းစီးပြီးနောက်အုံအားနိုး ဘူတာကြီးသို့ရောက်ပါသည်။ အုံအားနိုးမှ ဘိုကျွဲမြို့ပြင်ပနာရီတလေဆိပ်သို့ ဘူးလက်ထရိန်းအမြန်ရထားဖြင့် ခရီးဆက်ရပါသည်။ လေဆိပ်တွင် ပြုဘွယ်ကိစ္စများ ပြီးဆုံးသည့်အခါ တပါးလျှင် လေဆိပ်ခွန် ယန်း ၁၅၀၀ ခန့်ရခဲ့ကြောင်း သိရပါသည်။

လေဆိပ်အဆောက်အအုံမှာ အထပ်ပေါ်လေးထပ် ။ သည်ဟုထင်ပါသည်။ အလွန်ကျယ်ပြန့် ခမ်းနားလှပါသည်။ ဆောက်လုပ်ပြီးစီးသည်မှာ ၃-နှစ်ခန့်မျှ ရှိဦးမည်ထင်ပါသည်။ ဤလေဆိပ်မှ ဟောင်ကောင်၊ မနီလာ၊ ဒင်္ဂးကောက်၊ စင်္ကာပူ၊ ဟိုနိုလူလူ၊ လော့စ်အိန်ဂျယ်လဲ၊ ဆန်ဖရန်စစ္စကို စသည့်ကမ္ဘာအရပ်ရပ်၊ မြို့ကြီးများသို့ လေယာဉ်ပေါင်း များစွာထွက်ခွာကြရသဖြင့် ကြီးကျယ်ခမ်းနားမှု တော်ရုံရှိပါမည်။

လိုအပ်သမျှကိစ္စအားလုံးကို ဆောင်ရွက်ပြီး ပြီးသောအခါ တပည့်တော်တို့အဖွဲ့ ၃၊ ၄၊ ၇ ဦးနှစ်နံနက် နာရီတလေဆိပ်သို့ ရောက်တဲ့ အချိန်က စပြီး ယဉ်၊ ၅၊ ၆ ဦး နေ့လည် နာရီတလေဆိပ်မှ ဟိုနိုလူလူသို့ ထွက်ခွာဖို့ အဆင်သင့် ဖြစ်တဲ့အချိန်အထိ မမောနိုင် မပန်းနိုင် ကိစ္စအဝဝ ဆောင်ရွက်ကာ ဝယျာဝစ္စကုသိုလ်ယူခဲ့သော ဒကာဦးဟင်မောင်သည် ဆရာ

တော်ဘုရားကြီးမှ စ၍ အဖွဲ့ဝင်သံဃာများကို ဦးချကန်တော့ ပြီးလျှင် လေဆိပ်အတွင်းမှ ဖြူးညှင်းစွာ တကိုယ်တည်း ထွက် ခွာသွားပါတော့သည်။

ဦးတင်မောင်၏ကျေးဇူးကား မေ့မရအောင် ကြီးမားလှ ပါသည်ဘုရား။

သတ္တဝါမှန်သမျှ၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ဟိုနိုလူလူမြို
ဟာဝိုင်ယီကျွန်း၊
အမေရိကန်ပြည်ထောင်စု
၆၊ ၄၊ ၇၉

ဆရာတော်ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်များအဖွဲ့သည် တိုကျိုမြို့ နာရီတလေဆိပ်မှ ပင်နမ် (Pan-am) ခေါ်သည့် ပင်းအမေရိကန် အဲယားလိုင်း ကုမ္ပဏီပိုင် ဘိုးအင်း ၃၇၇ လေယာဉ်ဖြင့် ဟိုနိုလူလူမြို့သို့ ဦးတည်လျက် အရှေ့ဘက်သို့ပင် ခရီးထွက်ခဲ့ကြပြန်ပါသည်။ ည ၉-နာရီတွင် လေယာဉ် စတင်ထွက်ခွာပါသည်။ ခရီးသည် ၄၀၀ ဆံ့သော လေယာဉ်ကြီးတွင် ခရီးသည်ပြည့်လုနီးပါး ပါပါသည်။

လေယာဉ်တွင် အတန်း ၃—တန်းခွဲခြားထားရာ တပည့်တော်တို့စီးသောအတန်းသည် ကလစ်ပါး (Clipper) ခေါ်သည့် ဒုတိယတန်းဖြစ်ပါသည်၊ တပည့်တော်တို့နေရာက အလယ်ခုံတန်းမှာလဲဖြစ် ညအချိန်လဲဖြစ် စထွက်ကတည်းက ပစိဖိတ်သမုဒ္ဒရာ ကြီးပြင်ပေါ်မှာ ပျံသန်းရတာလဲ ဖြစ်တော့ အောက်ဘက်က

ဘာရှုခင်းကိုမှ ကြည့်စရာမလိုတော့ပါ။ ထုံးစံအတိုင်း လေယာဉ်မယ်က သီချင်းနားထောင်လိုလျှင် နားထောင်နိုင်ရန် နားကျပ်လာပေးသော်လဲ တပည့်တော်တို့အတွက် နားကျပ်မှာ ဘာမျှအသုံးမဝင်ပါ။ မိမိထိုင်ခုံတခုတည်းပေါ်မှာသာ လင်းတဲ့ မိမိအတွက် စာကြည့်မီးကို ဖွင့်ကာ စာကြည့်ယင်း လေယာဉ်ကြီးသယ်ဆောင်ရာသို့ လိုက်ပါခဲ့ပါသည်။

ဘိုးအင်း ၂၄၂ လေယာဉ် ပြုံးတွင် ထိုင်ခုံတ တန်းလျှင် -ခုံ ရှိပါသည်။ ဘယ်ဘက်အစွန်ဆုံးက ၃-ခုံ၊ ပြိုးလျှင် လူသွားလမ်း၊ လမ်းရဲ့ ညာဘက် (အဝေယ်)က ၄-ခုံ၊ ပြိုးလျှင် လူသွားလမ်း၊ ပြိုးတော့ ညာဘက်အစွန်ဆုံးက ၂-ခုံ၊ ပေါင်း ထိုင်ခုံ -ခုံ ရှိပါသည်။ တပည့်တော်က အလယ် ၄-ခုံတန်းတွင် နေရာရပါသည်။တပည့်တော် ဘယ်ဘက်က ဦးကေလာသ၊ တပည့်တော့် ညာဘက်က ထိုင်းကတော့ အားနေပါသည်။ ဒါကြောင့် နေရာချောင်ပါသည်။

ည ၁၁-နာရီလောက်တွင် ကြိုးစိညောင်း၍ လေယာဉ် အတွင်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ သွားလာဖြစ်ရုံမျှ အလင်းရောင် မှုန်မှုန်အောက်တွင် ထူလုံတမျိုး ကွေးလွဲတမျိုး ပုံစံအမျိုးမျိုးဖြင့် အိပ်ပျော်နေကြသဲ့ ခရီးသည်များကို တွေ့ရပါသည်။ စက်သံသဲ့သဲ့မှတပါး လေယာဉ်တစင်းလုံး တိတ်ဆိတ်လျက်ရှိပါသည်။ ခရီးသည်များကို ကြည့်ရှု စောင့်ရှောက်နေသော အမေရိကန် လေယာဉ်မယ်၏ ဖြူးညှင်းသက်သာ

သွားလာလှုပ်ရှားမှုမှတပါး ပကတိငြိမ်သက်လျက် ရှိပါသည်။ အလင်းရောင် မှိန်မှိန်နှင့် တိတ်ဆိတ်ငြိမ်သက်မှု၏ အလယ်တွင် မိုးတဦးတည်းသာ စာကြည့်မီးတပွင့်နှင့် အသက်ရှင်လျက်ရှိနေသလို ခံစားရပါသည်။ ခဏကြာလျှင် ကူးစက် လာလေသလား မသိ၊ တပည့်တော်ပါအိပ်ချင်စိတ်ဖြစ်မေပါ့လာတာနှင့် စာကြည့်မီးကို ပိတ်လိုက်ပြီး ထိုင်ခုံနောက်မှီကို မှီကာ အိပ်စက်လိုက်ပါသည်။ လေယာဉ်မယ် ပေးထားတဲ့ စောင်ရှိသော်လဲ ခြုံဖို့ရာ စိတ်လဲ မသန့်၊ လိုလဲမလိုအပ်တာနှင့် အသာ ချထားလိုက်ပါသည်။

အစဦးတွင် ကြက်အိပ် ကြက်နိုးဖြစ်နေပြီး ခဏကြာသော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ အိပ်ပျော်လို့မှမကြာလှသေး၊ ဖျတ်ကနဲ နိုးလာလို့ ကြည့်လိုက်တော့ ဝပည့်တော်မှာ ထိုင်လျက် မဟုတ်ပဲ ထိုင်ခံ နှစ်ခုမေပါ့တွင် တုံးလုံးလဲလျက် ဖြစ်နေတာကို တွေ့ရပါသည်။ ပြီးတော့ ခရီးသည်အချို့ နိုးနေကြတာကိုလဲ တွေ့ရပါသည်။

လေယာဉ်ပြတင်းမှာ လင်းနေတာ တွေ့ရတာနှင့် အပြင်လှမ်း ကြည့် လိုက်တဲ့ အခါ အရက်ကျင်းလို့ ဝင်းမျှည့်နေတဲ့ ကောင်းကင်ပြင်ကိုတွေ့လိုက်ရတော့ အံ့အားသင့်သွားပါသည်။ နာရီကို ကြည့်လိုက်တော့ ဘိုကျုံစံတော်ချိန် ၁-နာရီပဲ ရှိပါသေးသည်။ (မြန်မာ စံတော်ချိန်နှင့်ဆိုလျှင် ည ၁၀း၃၀ နာရီပဲ ရှိပါသေးသည်) အိပ်လိုက်ရတာက ၁-နာခဲ့လောက်ပဲ ရှိမည်

ထင်ပါသည်။ အိပ်ရေးကတော့ ဝ နေပါသည်။ ရန်ကုန်မှာ သည် ၉-နာရီမှ စ၍ ရေလျှင် ၇-နာရီခန့်ကြာမှ အစောဆုံး အရုဏ်တက်ပါသည်။ ယခု ဒီလေယာဉ်ပေါ်မှာ ၄-နာရီခန့် အကြာတွင် အရုဏ် တက်နေပါသည်။ အမြန်ယာဉ်ဖြင့် မနှန့် ရင်ဆိုင် ခရီးသွားရခြင်းကြောင့် ရတဲ့ ရလဒ်ပင်။

မကြာမီ အပြည်ပြည်ဆိုင်ရာ နေ့စွဲလိုင်း (**International Date Line**)ကိုကျော်ဖြတ်မိ၍ နေ့စွဲကို နောက်တရက် ရွှေ့ပြီး မှတ်သားရန်၊ ဧပြီ ၆-ရက်ဘက်ကိုရောက်နေပြီ ဖြစ်သော်လဲ ဧပြီ ၅-ရက်ဟု မှတ်သားရန် ကြေငြာသံကြားလိုက်ရပါသည်။အော် ဧပြီ ၅-ရက်နံနက်ပိုင်းကို ပြန်ရောက်သွားပြန်ပြီကိုးလို့ ဆင်ခြင် လိုက်မိပါသည်။ တနေ့ ထက် တနေ့ တရွေ့ရွေ့ ယွင်းယို၊ နောက်ပြန်လို့ မပျို့တယ်၊ ရှေ့ကိုသာ အိုမြဲ ဆိုတဲ့ စာသွား မှားလေပြီလား မသိ။ တပည့်တော်တို့တော့ အသက် ၁-ရက် ပြန်ငယ်သွားရလေပြီ။

ဂျပန်မှ ဟိုနိုလူလူကို လေယာဉ်နှင့် သွားလျှင် ဟိုနိုလူလူ မရောက်မီ ဝိတ်(**Wake**) ကျွန်း တွင် ဆင်း၍ ဆီဖြည့်ရသေး ကြောင်းကြားဘူး မှတ်ဖူးသဖြင့် ဝိတ်ကျွန်းကို ရောက်ရန်စောင့် မျှော်နေသော်လဲ ယခုတိုင် မရောက်သေး။တိုကျိုခြံန် နံနက်စော ၁း၃၀ နာရီခန့်တွင် မိုးစင်စင်လင်း၍ နေပေပြီ။ ၂-နာရီ ထိုး ခါနီးတွင် နေလုံးကြီး ထွက်လာပါသည်။ ၂း၃၀ နာရီ(ဟိုနိုလူလူ အချိန် နံနက် ၇း၃၀ နာရီ၊ မြန်မာအချိန် ည သန်းခေါင်

၁၂-နာရီ)တွင် လေယာဉ်မယ်များ အရုဏ်စာ လာကပ်ကြပါသည်။ တိုကျိုအချိန် ၃း၃၀ (ဟိုနိုလူလူအချိန် ဂး၃၀ နာရီ) တွင် ဟိုနိုလူလူ လေဆိပ်သို့ ဆိုက်ရောက်ကြပါသည်။ဝိတ်ကျန်းကိုကား မဆင်းခဲ့ရပါ။

မြန်မာဒကာ ဦးကြည်လွင်၊ ဦးတင်အေး၊ ဦးကျော်မြင့် စသူများနှင့် ဂျူးဇက်ဂိုးလ်စတိန်း ရောဂျားမီလ်ကင်တို့ လာရောက်ကြိုဆိုနေသည်ကို ခပ်လှမ်းလှမ်းမှ တွေ့ရပါသည်။ ကြိုဆိုသူများက လေဆိပ်မှာ ပြုဘွယ်ကိစ္စများဖြစ်တဲ့ လူဝင်လူထွက်ဌာနကျန်းမာရေး ဌာန၊ အကောက် ဌာနတွေမှာ ကိစ္စ မြန်မြန်ပြီးအောင် သီးခြားကြိုတင် စီစဉ်ထားသော်လဲ နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) ပြရတဲ့ လူဝင်လူထွက်ဌာနက ပတ်စပို့ သက်တမ်းက အမေရိကန်ပြည် ဝင်ခွင့် ဗီဆာသက်တမ်းထက် ၆-လပိုရမည် ဖြစ်ကြောင်း၊ ယခု ပတ်စ်ပို့များမှာ ၃-လသာ ပိုကြောင်း၊ ဥပဒေနှင့် မညီညွတ်ကြောင်း ပြောပါသည်။ အချိန် အတော်ကြာအောင် ဥပဒေစာအုပ်ကြီးကို ဟိုလှန်ဒီလှန် ကြည့်ရှုပြီးမှ တပါးလျှင် ၅-ဒေါ်လာစီ(မြန်မာကျပ် ၃၅၀-ခန့်) ဒဏ်ဆောင်စေလိုက်ပြီး ငြေလည်သွားပါသည်။

မြန်မာ ဒကာများက ဗီဆာသက်တမ်းထက် ပတ်စ်ပို့သက်တမ်းက ၂-လ ပိုရမည်လို့သာ သိထားကြောင်း၊ ၆-လပိုရမည်လို့ မကြားဘူးကြောင်း လျှောက်ကြပါသည်။ တကယ်ပဲ ၆-လ ပိုရမည်ဆိုလျှင်လဲ ရန်ကုန်ရှိ အမေရိကန် သံရုံးက ဗီဆာ

သက်တမ်းထက် ဖြ-လမပိုတဲ့ ပတ်စ်ပို့မျှားကို ဗီဆာ ထုတ်မပေးပဲ ထားဖို့သင့်ပါသည်။ ထုတ်ပေးပြီးမှ ယခုလို မ[illegible]စ်စေသင့်ပါ။။

ကြိုဆိုသူ ဒကာများက သူတို့ကားများဖြင့် ဟိုနိုလူလူမြို့၏ တဖက်စွန်းဖြစ်တဲ့ ခိုင်လူးဝ (Kailua)သို့ ပင့်သွားပြီး တရက်ကို ဒေါ်လာ ၅၀-နှင့်ငှားထားတဲ့ ယာယီစံကျောင်းမှာ သီတင်းသုံးစေပါသည်၊ စံကျောင်းမှာ မြန်မာဒကာ ဒကာမများ စောင့်ကြိုနေကြပါသည်။ သူတို့မှာ ဆွေရင်းမျိုးချာတွေ ပြန်တွေ့ကြရသလို အားပွန်ပျော်ကြဝမ်းသာကြပါသည်။မဟာစည်အဖွဲ့သည် ဒကာ ဒကာမများ၏ လိုလေသေး မရှိရအောင် ထက်သန်တဲ့ စေတနာ သဒ္ဓါဘရားနှင့်ပြုစုမူကြောင့် အလွန် ချမ်းသာကြပါသည်။

ဆွမ်းကပ်ခိုန်မှာလဲ မြန်မာဆွမ်း ဆွမ်းဟင်းမျှား တပျော်တပါး ချက်ကြပြီး ဝမ်းပမ်းတသာ ကပ်ကြပါသည်။

ဆွမ်းဘုဉ်းပေးပြီးခိုန်မှာ အပန်းဖြေ နားနေကြရပါသည်။ ညနေဘက်ဟင် ရောက်သင့်ရောက်ရာ နေရာများကို မန္တလေးသား ဒကာဦးကျော်မြင့်က လိုက်ပို့ပါသည်။ သန့်ရှင်းသာယာသော မြို့နှင့် စိမ်းလန်းစိုပြေသော ရှုခင်းသာတို့ကို တွေ့ရပါသည်။ ရှုခင်းသာ၍ လေညင်းလာသော လူရှင်းသည့် ပင်လယ်ကမ်းခြေ တနေရာတွင် ကားပေါ်မှ ဇကာဆင်းကာ သန့်ရှင်းလတ်ဆတ်သောလေကို အဆုတ်တွင်းသို့ အားရပါးရ တဝကြီး

ရှူးသွင်းလိုက်ကြပါသည်။ ဟိုနို့လူလူဆိပ်ကမ်းလေကား အခြား ဒေသမှ လေနှင့်မတူ တမူထူး၍ ကျန်းမာလန်းဆန်းစေသည်ဟု အဆိုရှိပါသည်။ ဒီလေကို ပုလင်းတွင်ထည့်၍ ဟိုနို့လူလူသို့ မလာရောက်နိုင်သူ လူမလိုင်ခဲများကို ရောင်းချရာ ဝယ်ယူသူများလှသည်ဟု ဆိုပါသည်။ ကြံကြံဖန်ဖန်စီးပွားရှာ၍ ငွေကိုကြံကြံဖန်ဖန် အသုံးချသော လူထူးများပါပေ။

ဆိတ်ငြိမ်သော ပစိဖိတ်သမုဒ္ဒရာ၏ကမ်းခြေတွင် ဟိုနို့လူလူလေကို ငွေမပေးရပဲ အလိုရှိသလောက် ရှူးသွင်းရန် အခွင့်သာနေသောတပည့်တော်များမှာ ကံကောင်းလှသည်ဟု ဆိုရလေမည်လားမသိပါ။ အတန်ကြာသော် "ဒါလောက်ဆိုလျှင် သက်တော်ရာကျော် ရှည်လောက်ပေပြီ" ဟု နှုတ်သွင်းလျက် ကမ်းခြေမှခွာကာ စံကျောင်းသို့ ပြန်ခဲ့ကြပါသည်။

ဒီကနေ့နံနက်စော အရုဏ်တက်ချိန်တွင် နေလို့ကောင်းရုံ အနည်းငယ်မျှသာ အေးသော ဟိုနို့လူလူ၏ နံနက်ခင်းအရသာကို ခံစားယင်း၊ အရှေ့ဘက်တခွင် ကောင်းကင်ပြင်မှ အရုဏ်ရောင်အလင်းကို ကြည့်မျှော်ယင်း စံကျောင်းဝင်း အတွင်းမှ မြက်ခင်းပြန့်ပြန့်ပေါ်တွင် စက်ဘီးလျှောက်နေမိပါသည်။ မကြာမီ ဆရာတော်ဘုရားကြီးဆင်းလာပြီး တပည့်တော်နှင့်အတူ အရှေ့ဘက်ဆီကို မျှော်ကြည့်ကာ အရုဏ်ရောင်အလင်းကို ရှာကြည့်နေပါသည်။ နှင်းမြူအနည်းငယ်ရှိ၍ ထင်ပါသည်၊ အရုဏ်ချိန်ကျော်လွန်သော်လဲ အရုဏ်ရောင်ရော နေကိုပါ မမြင်ရပါ။

အမှန်တော့ ဟိုနိုလူလူ၏ နေ့အချိန်များသည် မိုင်းမှန်၍ မနေပါ။ ကြည်လင်ပြိုင်သော နှစ်သက်စရာ နေခြည်ဖျော့ဖျော့တွင် ကြည်ကြည်လင်လင် လင်းလင်းချင်းချင်းဖြင့် သာယာလှပါသည်။ စိမ်းစိုသော ပတ်ဝန်းကျင်တောင်များ သစ်ပင်များ ပေါ်သို့ အပိတ်အဖင်အတားအဆီး ကင်းစွာ ကျရောက်နေသော နေရောင်ခြည်နုနုကြောင့် သဘာဝရှုခင်းမှာ ပို၍ စိုပြေတောက်ပြောင်လာကာ ကြည်နူးစရာအတိ ပြည့်လျက် ရှိပါသည်။ ရာသီက ဖာရင်ဟိုက် ဒီဂရီ ၇၀၊ နေလို့အရသာရှိရုံမျှသာ အေးသဖြင့် ငြိမ်းချမ်းအေးမြသည့်အသွင်ကို ဆောင်နေပါသည်။

နေလို့ကောင်းရုံမျှ အေးမြသောရာသီတွင် ကြည်လင်သော နေခြည်အောက်၌ သင်္ဂလွင်မြင့်မား ခန့်ညားသော မိုးထိုးတိုက်များ၊ တောင်ထိပ် တောင်စောင်းတို့မှ လှပသော တိုက်တာများ၊ စိမ်းစိုသော သစ်ပင်များ၊ ညီညာကျယ်ပြန့်သန့်ရှင်းသော လမ်းများ၊ ယင်းလမ်းများပေါ်တွင် ပြေးလွှားနေသော သင်္ဂလွင်သည့် မော်တော်ကားများဖြင့် ဟိုနိုလူလူမြို့မှာ သာယာလှပါသည်။ ဝိုင်ကီကီရင်ကွက်မှတပါး လမ်းပေါ်တွင် လူသွားလူလာ နည်းပါသည်။ ကျန်းမာရေးအတွက် လမ်းဘေးတွင် ပြေးနေသူများကိုမူ နေရာမရွေး တွေ့ရပါသည်။

လူစည်ကားလှသော နေရာကား ကမ္ဘာ့ကျော် ဝိုင်ကီကီရေခြိုးဆိပ်ပင်။ ဝိုင်ကီကီရင်ကွက်မှာ မြင့်မားသော ဟော်တယ်ကြီးများဖြင့် ပြည့်ကျပ်လှ်ရုံ ကမ္ဘာလှည့်ခရီးသည်များ၊ အပန်း

ဖြေ ခရီးထွက်သူများဖြင့် စည်ကားသာဝါသည်။ ဝိုင်ကိုကိရပ် ကွက်အတွင်းမှ ကားဖြတ်မောင်းရသဖြင့် ခပ်လှမ်းလှမ်းမှ ကမ္ဘာကျော် ဝိုင်ကိုကိရေဆိပ်ကို (သုတရှာချင်သည့် ဝါသနာရှိတာမို့) တစေ့စောစောင်း အကဲခတ်မိပါသည်။

ကျယ်ပြန့်နက်ရှိုင်း၍ ငြိမ်သက်သော ပစိဖိတ်သမုဒ္ဒရာ၏ စိမ်းပြာပြာရေပြင်လွှာကမ်းစပ်ရှိ မျက်စိတဆုံးမျှ ရှည်လျားကျယ်ပြန့်တဲ့ ဖြူလွလွသဲသောင်ပြင်၊ ကမ်းပေါ်မှ လေယူရာတိမ်းလို့ ယိမ်းခွဲ့နေတဲ့ စိမ်းလဲ့လဲ့ အုန်းပင်တန်းနှင့် စိမ်းစိုပြန့်ပြူးသည့် မြက်ခင်းပြင်တို့မှာ ဝိုင်ကိုကို၏ အလှကျက်သရေများပင် ဖြစ်ပါသည်။ မြက်ခင်းပြင်နှင့် သဲသောင်ပြင်ပေါ်မှာကား ဖြူနှဲကြောင်ကျား ဝတ်စုံများဖြင့် ရေချိုးသူ နေဆာလှုံသူ လေညှင်းခံသူတို့ကို အဝေးကမို့ မကွဲမပြား ခပ်ဝါးဝါး တွေ့မြင်ရပါသည်။

ဟိုနိုလူလူ၏ ရာသီဥတုမှာ ဆယ်နှစ်ရာသီလုံး ဖာရင်ဟိုက် ဒီဂရီ ၇၀ ပတ်ဝန်းကျင်မှာသာ ရှိသည်ဟု သိရပါသည်။ ဒါကြောင့် မပူမအေးမို့ နေလို့ကောင်းပါသည်။

ဟိုနိုလူလူ၏ ထွက်ကုန်မှာ သကြားနှင့် နာနတ်သီးသာရှိသည်ဟုဆိုပါသည်။ ငှက်ပျောခြံအချို့ကို တွေ့ရသော်လဲ ဖြစ်ဖြစ်မြောက်မြောက်မရှိလှ။ ကြံစိုက်ပျိုးရန် တရုတ်၊ ဂျပန်၊ ကိုးရီးယန်းဖိလိပ်ပိန်စသော လူမျိုးများ လာရောက် ခနထိုင် ကြပါသည်။ တတိယအများဆုံးဝင်ငွေကို တကမ္ဘာလုံးမှ အပန်းဖြေနားနေရန် လာရောက်ကြတဲ့ ခရီးသည်များထံမှ ရကြပါသည်။ အမှန်

တော့ ဟိုနိုလူလူ၏ ဘဝသည် ခရီးသည်တို့အပေါ်မှာ အတော်များများမှီနေသည်ဟု ဆိုပါသည်။ သို့သော်လဲ မြို့သူမြို့သားတို့၏ ဝင်ငွေကား မသေးလှပါ။ ဝပ်ရှော့မှ လက်ထောက် စက်ပြင်မှူးတယောက်၏ လခသည်ပင် အမေရိကန် ဒေါ်လာနှင့် ၁၅၂၅-ဒေါ်လာ ရှိပါသည်။ တဒေါ်လာလျှင် အကြမ်းဖျင်း အားဖြင့် မြန်မာငွေ ၇-ကျပ်ခန့်နှင့် ညီမျှပါသည်။

အလုပ် မရှိသူများကို ဟဝိုင်ယီပြည်နယ်က တလလျှင် ထောက်ပံ့ကြေးဒေါ်လာ ငါးရာ ပေးသည်ဟု သိရပါသည်။ ဘာသာတရား အနေနှင့်တော့ ဗုဒ္ဓဘာသာဝင်နှင့် ရိုမင်ကက် သလစ် ခရစ်ယန်ဘို့ အများဆုံးဖြစ်သည်ဟု သိရပါသည်။

ဒီကနေ အရက်စာစားပြီးသောအခါ နိုင်ငံခြားသား ၁၅-ယောက်ခန့်နှင့် မြန်မာ ၁၀-ယောက်ခန့်ကို ဆရာတော်ဘုရားကြီးက အရှိန်အဝါရရှိမှု တရားစဟောပြီးနောက် တပည့်တော်ကို သတိပဋ္ဌာန်အလုပ်ပေးတရား ဟောစေပါသည်။ အလုပ်ပေးတရားနာပြီးတော့ နံနက် ၉-နာရီခွဲခန့်အထိ စကြန်လျှောက်ခြင်း၊ ထိုင်ခြင်းဖြင့် တရားရှုမှတ်ကြပါသည်။ တရားစစ်မေးကြည့်တဲ့အခါ မြန်မာအချို့မှာ အနည်းငယ်အားထုတ်ဖူးပြီး အမေရိကန်အချို့မှာ အတော်လေးအားထုတ်ဖူးကြ၍ အတော်အချိုးကျအောင် ရှုမှတ်တတ်ကြသည်ကို တွေ့ရပါသည်။

ဟိုနိုလူလူတွင် ဓမ္မခရီး စတင်ပါပြီဘုရား၊

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေး

ငွေစုငွေထောက်များနှင့်
ကောင်းမှုဖြစ်ထင်ရာ ကုသစေတီတော်ကြီးဘုရားကို ဦးချိုလှကနှင့် ဒေါ်ခင်ဝင်းတို့ကပူဇော်စဉ်

ဟိုနိုလူလူမြို
၇၊၄၊၇၉

ဆရာတော်ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရှိသေလေးစားစွာ လျှောက်ထားပါသည်။ ပြီ ၆ ရက်နေ့နံနက် တရားစတင်ပြရကြောင်း ရေးခဲ့ပါပြီ။ နေ့လယ်ပိုင်းမှာ ရောက်သင့် ရောက်ရာတို့ကို ဒကာများလိုက်ပို့ကြပါသည်။

Sea Life Park ဒေါသည့် ရေသတ္တဝါ ဥယျာဉ်ကို ရောက်ရပါသည်။ အချင်းပေ ၂၀-ခန့်၊ အနက် ၈-ပေခန့်ရှိမည့် မှန်ရေကန်ဆဲတွင် ရေအပြည့်သည့်ပြီး ငါးမျိုးပေါင်းစုံကိုလွှတ်ထားပါသည်။ ရေကန်အဝိုင်းပုံသဏ္ဌာန်ဖြစ်ပြီး ရေကန်မှန်နံရံ၏ ဘေးပတ်ပတ်လည်မှ လှည့်ပတ် ကြည့်နိုင်အောင် စီစဉ်ထားရာ မှန်နံရံ တခုသာ ခြားတဲ့ ပင်လယ်ငါးမျိုးစုံကို အနီးကပ်လျက် လက်နှင့်ကိုင်ကြည့်ရသလို တွေ့မြင်ရပါသည်။

လှသောငါး၊ အရုပ်ဆိုးသောငါး၊ အလွန်အရုပ်ဆိုးသောငါး၊ ကြောက်စရာကောင်းသောငါး၊ ထူးဆန်းထွေလာငါးတို့ကို မမြင်စဖူး မြင်ရပါသည်။ အထူးသဖြင့် တောင်ပံကြီးလို

ကြီးမားသော ရေယက်ကြီးနှစ်ခုကို ဖြန့်ဖြန့်ပြီး ရေထဲတွင်ငဲကာ ငဲကာ လေးလေးကြီး သွားလာနေတဲ့ ငါးလိပ်ကျောက်ကြီးများမှာ လေထဲတွင် အတောင်ကို ဖြေးဖြေးလေးလေး ခတ်ကာ ပျံဝဲနေတဲ့ စွန်ကြီးတွေနှင့် တူလှပါသည်။

တနေရာမှာတော့ ကျယ်ပြန့်သော ရေကန်ကြီးအတွင်းဦး ဒေါ်လ်ဖင်ခေါ်တဲ့ (စကားပြောတတ်သည်ဆိုသော) ငါးကြီး ၃-ကောင်နှင့် ဝေလငါးကြီး ၂-ကောင်ကိုမွေးမြူထားပါသည်။ ဒေါ်လ်ဖင်များမှာ ၇-ပေခန့်ရှိ၍ ဝေလငါးကြီး များမှာ ၁၅-ပေခန့် ရှိမည်ထင်ပါသည်။ ဒေါ်လ်ဖင် ၃-ကောင်သည် လူက ခိုင်းစေသည့်အခါ ဂ-ပေခန့်အမြင့်ရှိ ကြိုးတန်းကို လွှတ်အောင် ၃-ကောင် ပြိုင်တူ ခုန်၍ ဂျမ်းပစ် ကြပါသည်။

အသက် ၁၀-နှစ်ခန့်ရှိမည့်သေးသေးသွယ်သွယ် ဟာဝေယံ ကျွန်းသူကလေးက ဝေလငါးကြီး၏ ကျောပေါ်တွင် စီးကာ ကန်ထဲတွင် လှည့်ပတ်ပြပါသည်၊ ဝေလငါးဖမ်းဟန်ပြုနေသော လှေငယ်ပေါ်မှ လူနှစ်ယောက်ကို ဝေလငါးကြီးက ကြိုးဝားလှတဲ့ ပါးစပ်ကြီးကို ဖြဲကာ ကိုက်လိုက်တော့မည့် ဟန်ဖြင့် လှေဆီသို့တဟုန်ထိုး ပြေးလာပြီး မလှနားရောက်တော့ လူကိုမကိုက်ပဲ လှေဦးမှာ ချည်ထားတဲ့ ကြိုးကို ကိုက်ခဲကာ ကန်တပတ် လှည့်ပတ် ဆွဲယူသွားပါသည်။ ငါး လူရွှင်တော်ကြီး ပြုမူပုံမှာ ဟာသဆန်လှ ဖြင့် မြင်ရသူများ မရယ်ပဲမနေနိုင်ကြပါ။

ညနေပိုင်းတွင် ပင့်ဖိတ်ထားသော တိဘက်ဘုန်းကြီးကျောင်းသို့ သွားကြရပါသည်။ သူတို့နှင့်အတူ မဟာယာနကျမ်းလာဘုရားဂုဏ်တော်များကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပုံနှိပ်ထားတဲ့ စာအုပ်ကို ဖတ်ပြီး ရွတ်ဖတ် ပူဇော်ကြရသည်။

တိဘက်ဘုန်းကြီးများကို ဆည်းကပ်ကိုးကွယ်၍ တိဘက်မကျောင်းတွင် နေထိုင်ကြတဲ့ အမေရိကန်အမျိုးသား အမျိုးသမီးလူငယ်လူရွယ်တွေကို ပထမဆုံးတွေ့ရပါသည်။ ဘုရားဝတ်ပြုပူဇော်ပြီးတဲ့အခါ ကပ်လှာသောအဖျော်ရည်များကို သောက်ယင်း ဆရာတော်ဘုရားကြီးနှင့် တိဘက်ဘုန်းကြီးတို့ အနည်းငယ်မျှ အလှာပသလှာပပြောဆိုကြရာ ဦးသီလာနန္ဒက ဘာသာပြန်ပါသည်။

တိဘက်ဘုန်းကြီးမှာ ဘုဉ်းကြီးပုံရပါသည်။သူ့ကျောင်းတွင် ကြမ်းပြင်တွေရော လှေခါးပါ အနောက်တိုင်း ထုံးစံအတိုင်း မွေးရှည်ကော်ဇောထူထူကြီးများ အပြည့် ခင်းထားပါသည်။ အမှန်တော့ ဟိုနိုလူလူမှာ ဒီလို ကော်ဇောကြီး တွေ ခင်းရလောက်အောင် အေးတဲ့ရာသီ မရှိဘူးလို့ ထင်ပါသည်။သူတပါး တည်းတိဘက်ဖြစ်၍ အခြေအရံများမှာ အမေရိကန်တွေချည်းဖြစ်ပါသည်။

တိ ဘက် ကျောင်း မှ စျင်း ကျောင်း သို့ တရား ဟော ရန် ဆက်လက်သွားရပြန်ပါသည်။ စျင်းကျောင်းမှာ စျင်းဘုန်းကြီး မရှိပါ။ တရားနာပရိသတ်တော့ အတော်များပါသည်။ ၁၀၀

ေလာက် ရှိမည်ထင်ပါသည်။ ဆရာတော်ဘုရားကြီးက သတိ
ပဋ္ဌာန်တရားတော်ကို သတိပဋ္ဌာန်၏အကျိုးကျေးဇူး ၇-ပါးက
ဝပြီး ဟောပါသည်။ ရှုမှတ်ပုံ အတော်စုံအောင် ဟောပြီးတော့
နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်ပုံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်ပုံအထိ
အကြမ်းဖျင်းဟောပါသည်။ တပည့်တော် ဘာသာပြန်ပါသည်။

တရားပွဲပြီးတဲ့အခါ ထုံးစံအတိုင်း အမေးအဖြေလာပါသည်။
မေးခွန်းအချို့ကတော့- ဆင်းရဲငြိမ်းရေးအတွက် သတိပဋ္ဌာန်
သာလျှင် တခုတည်းသော လမ်းမှန်ဖြစ်သည် ဆိုလျှင် တမန်
တော်များဖြစ်ကြတဲ့ ယေရှုခရစ်နှင့် မိုဟာမက်တို့ ပေါ်ထွန်းလာ
ကြခြင်း၏ ရည်ရွယ်ချက်က ဘာပါလဲ။ စျင်းနှင့် ဗုဒ္ဓဘာသာ
တူပါသလား။ ဘုရားတရားကြည်ညိုမှုနှင့် သတိပဋ္ဌာန် ဘယ်လို
ဆက်သွယ်မှုရှိပါသလဲ။ အနောက်တိုင်းမှာ ခေါင်းကစပြီး ခန္ဓာ
ကိုယ်တခုလုံးကို ဖြစ်ပျက်ရှုတဲ့ နည်းကိုတချို့ ပြနေကြပါတယ်။
အဲဒီနည်းဟာ မှန်ပါသလား။ မဟာစည် ဆရာတော်ဘုရား
သာသနာပြုကြွလာရာမှာ ဘာအခက်အခဲတွေ တွေ့ရပါသလဲ
စသည်တို့ပါပဲ။

မေးခွန်းတွေကို ဆရာတော်ဘုရားကြီးက မှန်လဲမှန်အစွန်းလဲ
မငြိရအောင် ဖြေကြားပါသည်။ တပည့်တော်လဲ ဘာသာပြန်
ရာမှာ အထူးသတိထားပြီး ပြန်ဆိုရပါသည်။ ပရိသတ်လဲ
ကျေနပ်ပုံရပါသည်။

တရားပွဲပြီး၍ ကားပေါ်ရောက်ကြတော့ စျင်းကျောင်းမှာ နေတဲ့ အမေရိကန်ယောဂီ ရောဂျားမိုလ်ကင်က ကားနားလာရပ်ပြီး လက်အုပ်ချီကာ ပွဲဦးထွက်တရားပွဲ အောင်မြင်ပါသည် ဘုရားလို့ လျှောက်ပါသည်။

ဟိုနိုလူလူမှာ စျင်းကျောင်း ၄-ကျောင်း၊ ထေရဝါဒ ယိုးဒယား ဘုန်းကြီးကျောင်း ၁-ကျောင်းရှိသည်ဟု သိရပါသည်။ ယိုးဒယားဘုန်းကြီး ၂-ပါးရှိသည်ဟု သိရပါသည်။ သီဟိုဠ်ကျောင်း၊ မြန်မာကျောင်း မရှိသေးပါ။

တရားပွဲမှ အပြန်တွင် ဦးကြည်လွင်၊ ဦးတင်အေးတို့က ဟိုနိုလူလူကို အပေါ်စီးမှ တမြို့လုံးနီးပါး မြင်နိုင်တဲ့ တောင်ထိပ်သို့ ကားဖြင့် ပင့်သွားကြပါသည်။ တောင်ထိပ် ရောက်တော့ ကားပေါ်က ဆင်းပြီး မြို့ကို ကြည့်လိုက်ရာ ဒီလောက် လှတဲ့ ညရှုခင်းကို တခါမှ မကြည့်ဖူးတဲ့ မြင်ဘူးခဲ့ပါ။ တမြို့လုံးဟာ ရောင်စုံ မီးတွေနဲ့ မီးပဒေသာ မြို့ကြီးဖြစ်ပြီး တင့်တယ်လိုက်ကျက်သရေ ရှိလိုက်သည်မှာ ရှုမငြီးအောင်ပင် ဖြစ်ပါသည်။

အထပ်လေးဆယ်ကျော်ရှိတဲ့ မိုးထိတိုက်ကြီး အများအပြား မှာပါ ရောင်စုံမီးတွေ ထွန်းထားတော့ ပိုပြီး မြို့ငြိမ်ဆိုင်ဆိုင် လှလှပပကြီး ဖြစ်နေပါသည်။ ဆရာတော်ဘုရားကြီးပင် စိတ်ဝင်စား၍ ဒီ ညရှုခင်းကို ပို့စ်ကဒ်တွေ လုပ်ထားလျှင် ကောင်းမယ်လို့ မိန့်တော်မူပါသည်။

နောက်တနေ့ နံနက်မှာ ဦးကြည်လွင်တို့ ကိုးကွယ်သော ရုပ်ပွား ဆင်းတုတော်များကို အနေကဇာ တင်ကြရသည်။ အားထုတ်သူ အနည်းငယ်လာကြလို့ တပည့်တော်တရားပြရပါသည်။ ပြီးတော့ ယမန်နေ့ကလိုပဲ စကြံန်လျှောက်ကြ တရားထိုင်ကြပါသည်။

ညနေ ၃-နာရီခန့်တွင် ဟိုနိုလူလူဗုဒ္ဓဘာသာအဖွဲ့၏ ဥက္ကဋ္ဌ ဒကာကြီးလာ၍ ဆရာတော်ဘုရားကြီးကို ဖူးမြော်ပါသည်။ သူက သူဟာ ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး ဖြစ်ပေါ်ရေး အတွက် သီဟိုဠ်သား ဒေါက်ဘာ မာလာလာဆေကရတို့နှင့် အတူ အဖွဲ့ကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ ရေးဆွဲရာတွင် ပါဝင်ခဲ့ကြောင်း ပြောပါသည်။

စျင်းဘုန်းကြီး (အမေရိကန်) တပါးလဲ လာရောက်ဖူးမြော်ပြီး တရားစကားအနည်းငယ် ဆွေးနွေးပါသည်။သူက စျင်းဝါဒမှ ဆတောရီ (အသိညာဏ်)နှင့် ဗုဒ္ဓဝါဒ နိဗ္ဗာန်တို့ တူညီသယောင်ယောင် ဆွဲဆောင်ဆွေးနွေးပါသည်။ ဆရာတော်ဘုရားကြီးက မတူညီကြောင်း ထင်ရှားအောင် မဂ္ဂင်ရှစ်ပါးကို ရှင်းပြပါသည်။

ညဘက်တွင် ယာယီစံကျောင်းမှာပဲ ဆရာတော်ဘုရားကြီး စာအုပ်ဖတ်၍ တရားဟောပါသည်။ တရားနာပရိသတ် အားလုံး ၃၀-လောက် ရှိမည်ထင်ပါသည်။ မြန်မာများပါသည်။ (ဟိုနိုလူလူတွင် မြန်မာ ဖိုး-ယောက်ရှိသည်ဟု သိရပါသည်) တရားပွဲအပြီးတွင် တပည့်တော် အလုပ်ရှိနေတာနှင့် အမေး အဖြေကို ဦးအဂ္ဂဓမ္မ ဘာသာပြန်ပါသည်။

အမေးအဖြေပြီးတဲ့အခါ "ဥာဏ်ဖြစ်ပုံကလေးတွေဗဟုသုတ အဖြစ်သိရအောင် ဦးဇနက ဟောပြလိုက်ပါဦး" လို့ဆရာတော် ဘုရားကြီး အမိန့်ရှိတာနှင့် တပည့်တော် ဝိပဿနာဥာဏ်ဖြစ်ပုံကို ဘင်္ဂဥာဏ်အထိ သိသာရုံ အင်္ဂလိပ်ဘာသာဖြင့် ရှင်းပြပါသည်။မဂ်ဥာဏ်ဖိုလ်ဥာဏ် ဖြစ်သည်အထိကိုတော့ အကျဉ်းချုံးပြီးပြောပြပါသည်။ ပြောသာပြောရသည်၊ အားထုတ်ဖူးသူ အနည်းအကျဉ်းမှတပါး အားမထုတ်ဖူးသူအများစုက တရားစကားလုံးတွေကို နားလည်ကြမည်မဟုတ်ပါ။

ဥာဏ်ဖြစ်ပုံပြောပြပြီးလို့ပရိသတ်အများစု ပြန်ကြပြီဖြစ်ပေတဲ့ တရားငုတ်နေတဲ့ မြန်မာမိသားစုကတော့ မပြန်နိုင်သေးပဲ အားထုတ်ပုံကို စေ့စေ့စပ်စပ်မေးမြန်းနေတာနှင့် အင်္ဂလိပ်လို တဝက်မြန်မာလိုတဝက် ဆက်လက်ရှင်းပြနေရပါသေးသည်။

နက်ဖြန် နံနက်တော့ တပည့်တော်များက အမေရိကန်ပြည်မကို ခရီးဆက်ကြတော့မှာမို့ မသွားမီ စကားဝအောင် ပြောချင်တဲ့ ဆွေစု မျိုးစုတွေကလဲ ရှိသေးတော့ စပ်မိစပ်ရာ အလွှာပ သလွှာပ စကားတွေလဲ ဆက်လက်ပြောကြတာ ညဉ့်နက်သည်အထိ ဖြစ်သွားပါသည်။ တရားကို စိတ်အဝင်စားဆုံးဖြင့်ပြီး တရားနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို အမေးဆုံးကတော့ စိုလ်ဆင်မိသားစု ထဲမှ ရှိုလာ ဖြစ်ပါသည်။

ဟဝိုင်ယီတက္ကသိုလ်မှ ဦးကျော်မိုးထွန်း၊ ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ဟဝိုင်ယီသို့ ပညာရေးကိစ္စဖြင့် ခေတ္တရောက်နေသော ဒေါ်ဖွားရင်တို့လဲ တရားနာလာကြပါသည်။ ဟဝိုင်ယီ

တက္ကသိုလ်၊ မြန်မာစာဌာနမှ ကထိက ဒေါက်တာဟေးရုပ်(ပ်) (**Dr. Haigh Roop**)၊ မြန်မာအမည် ဦးဇော်ဝင်းတယောက်လဲ သူ့မြန်မာစာတပည့် ၂-ယောက်နှင့်အတူ တရင်းတနှီး စကား ဆက်လက် ပြောနေကြတဲ့အထဲမှာ ပါဝင်ပါသည်။ သူ့တပည့်မ ၂-ယောက်ရဲ့ ယဉ်စစ မြန်မာအမည် လေးတွေတော့ မေ့နေ ပါပြီ။ တယောက်က ဒီနှစ် ဒီဇင်ဘာလလောက်မှာ မြန်မာပြည်သို့ သွားမည်ဟု ပြောပါသည်။

နောက်တနေ့ ဂ၊ ၄၊ ၇၉ နေ့နံနက် ဂ- နာရီမှာ အမေ ရိကန်ပြည်မသို့ ခရီးဆက်ရန် လေဆိပ်သို့ ဆင်းကြပါသည်။ လေဆိပ်ရောက်တော့ လေယာဉ်က် ၁၂- နာရီမှထွက်မည်လို့ သိရပါသည်။ ဒါကြောင့် အချိန်တွေ အများကြီး ရနေတာနှင့် ဒကာများက ပုလဲဆိပ်ကမ်း (**Pearl Harbour**) သို့ ပင့်သွား ပြီး ကမ်းနှင့်ခပ်လှမ်းလှမ်း ရေထဲမှာရှိတဲ့ သင်္ဘောလိုလိုဘာလိုလို အဆောက်အအုံ တခုကို ပြပါသည်။

ပုလဲဆိပ်ကမ်းကား ကမ္ဘာကျော်ပါသည်။ အနာဂတ် လူ့သမိုင်းတလျှောက်မှာ ထင်ရှားနေမည့် သမိုင်းမှတ်တိုင် တခု လဲဖြစ်ပါသည်။စစ်၏ ကြောက်မက်ဖွယ်ရာကောင်းလှတဲ့ ဆိုးကျိုး ကို လက်ညှိုးထိုးပြနေတဲ့ အမှတ်လက္ခဏာ တခုလဲ ဖြစ်ပါသည်။ အကြောင်းကတော့ ဂျပန်ပြည်ဟာ ဒီပုလဲဆိပ်ကမ်းမှာ ရှိတဲ့ အမေရိကန်ရေတပ်စခန်းကြီးကို စစ်မကြေငြာပဲ တိတ်တဆိတ် လာရောက် ဗုံးကြဲကာ ချမှုန်းဖျက်ဆီးပြီး ဒုတိယကမ္ဘာစစ်တွင် စတင် ပါဝင်လာသောကြောင့် ဖြစ်ပါသည်။

အခြိန်က ၁၉၄၁-ခုနှစ် ဒီဇင်ဘာလ ၇- ရက်နေ့ဖြစ်ပါသည်။ ခါမိကာဇေ အသေခံတပ်သားများပါတဲ့ ဂျပန်လေယာဉ်တွေဟာ ပုလဲဆိပ်ကမ်းရဲ့ကောင်းကင်ပြင်မှာ ဘွားကနဲ ပေါ်လာပြီး အမေရိကန်စစ်သားတွေ အံ့အားသင့်ကာ ဘာလုပ်ရမှန်းမသိဖြစ်နေခိုက်မှာပဲ စစ်သင်္ဘောပေါင်းများစွာကို ဗုံးမိုးရွာချကာ ဖျက်ဆီးပြီးဖြစ်သွားပါသည်။ နာရီပေါင်းများစွာ စိတ်ကျနင့်လောက်အောင် ဖျက်ဆီးပြီး ဂျပန်လေယာဉ်တွေ ပြန်သွားကြတဲ့အခါမှာ ပုလဲဆိပ်ကမ်းဟာ အလေအပျောက် အပျက်အစီးများစွာနဲ့ စီစီညက်ညက် ကြေကာ ကျန်ခဲ့ပါသည်။

အဲဒီလိုပျက်စီးသွားတဲ့အထဲမှာကျော်ကြားလှတဲ့ (U. S. S. **Arizona**)အရီဇိုနာ စစ်သင်္ဘောကြီးလဲ စစ်သား ၁၁၇၇-ယောက်နှင့်အတူ ပါသွားပါသည်။

ပုလဲဆိပ်ကမ်းကို ဗုံးကြဲဖျက်ဆီးပြီးတဲ့အခါ ဂျပန်က အမေရိကန် နှင့်ဖြိတ်ကို စစ်ကြေငြာလိုက်ပါသည်။ အမေရိကန်နှင့်ဖြိတ်ကလဲ နောက်တနေ့ ဂ၊ ၁ ၊၊ ၄၁ မှာ ဂျပန်ကိုတုံ့ပြန်စစ်ကြေငြာလိုက်ပါသည်။ ဒီနည်းနဲ့ ဂျပန်နဲ့ အမေရိကန်ဟာ ဒုတိယကမ္ဘာစစ်တွင် ပါဝင်လာပါတော့သည်။

ဒီပုလဲဆိပ်ကမ်းမှာ ၁၉၄၁- ခုနှစ် ဒီဇင်ဘာလ ၇- ရက်က စလိုက်တဲ့ဂျပန်အမေရိကန်စစ်ဟာ ၁၉၄၅- ခု သြဂုတ်လထဲမှာ ဂျပန်ပြည် ဟီရိုရှီမားမြို့နဲ့ နာဂါဆကီးမြို့ နှစ်မြို့ကို အမေရိကန်က အနုမြူဗုံးနဲ့ ကြဲချဖျက်ဆီးလိုက်တော့မှပင် အဆုံးသတ်သွားပါတော့သည်။

ဒါကြောင့် သူတို့နှစ်နိုင်ငံအတွက် ဒီပုလဲဆိပ်ကမ်းဟာ မေ့လို့မရတဲ့ သမိုင်းမှတ်တိုင် ဖြစ်ခဲ့ပါသည်။ အထူးသဖြင့် အမေရိကန်အတွက် ပဲ့ဦးထွက်ဒေါင်မြီးပြီး လက်အဦးခံပိုက်ရကာ အထိနာရတဲ့ နေရာမို့ ပိုပြီး မေ့လို့ မရ ဖြစ်ခဲ့ပါသည်။ ဒါကြောင့်မေ့မရတဲ့ နေရာမှာ မေ့မရတဲ့ အသိမ်းအမှတ်အနေနဲ့ အထက်ကရေးခဲ့တဲ့ သဘော်လိုလို ဘာလိုလို အလုံပိတ်တံတားအဆောက်အအုံကို အရီဇိုနာစစ်သဘော်ကြီး မြုပ်တဲ့နေရာမှာ အမေရိကန်ဘို့ တည်ဆောက်ပြီး U.S.S. Arizona Memorial လို့ အမည်ဖွဲ့ထားလိုက်ပါသည်။ အဆောက်အအုံရဲ့ အတွင်းဘက်မှာတော့ သဘော်ကြီးနှင့် ကံတူအကျိုးပေး ကျဆုံးသွားရတဲ့ စစ်သား ၁၁၇၇-ယောက်တို့ရဲ့ အမည်များကို ကမ္ဘည်းတင်ထားပါသည်။

ဒီပုလဲဆိပ်ကမ်းကနေပြီး မြန်မာပြည်အပါအဝင် အရှေ့ဖတာင် အာရှတခွင်လုံးကို စစ်မီး ပြန့်ပွားလာကာ စစ်ဒဏ်ကို မရှုမလှ ခံကြရတာမို့ အရှေ့ဖတောင် အာရှတိုက်သားတွေကလဲ ဒီပုလဲဆိပ်ကမ်းကို မေ့လို့မရပါ။

မြန်မာပြည်အနေနှင့်ဆိုလျှင် မြန်မာ့သမိုင်းမှ စာမျက်နှာဘမျက်နှာကို လှန်ပေးလိုက်တဲ့ မူလဘူတဌာနလဲ ဖြစ်ပါသည်။ မြန်မာတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်နှင့်တကွ ယဉ်ကျေးမှုရောစိတ်ခေတ်စရိုက်တွေပါ ဖျက်ဆီးခြမှုန်းပစ်တဲ့ ဝိပတ္တိဧခတ်ကြီးစတင်ရာဌာနလဲ ဖြစ်ပါသည်။

လူသားတို့ရဲ့ ရုပ်ခေတ်ရော စိတ်ခေတ်ပါ အပျက်ကြီးပျက်စီးအောင် ဖန်တီးပေးရာ ပင်မ ရေသောက်မြစ် ဖြစ်တဲ့ ဒီနေရာ ဒီဌာနမှာ ခဏကြာမျှ ရပ်လျက် သံဝေဂယူပြီးနောက် အမည်လေး လှုသလောက် ကြောက်စရာ့ သဘာဝတွေ ပြည့်နေတဲ့ ပုလဲဆိပ်ကမ်းမှ ခွါခဲ့ကြပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့ချမ်းမြေ့သာယာရှိပါစေး

လောဘအိန္ဒြိယလွန်မြောက်ကယ်လီဖိုးနီးယားပြည်နယ်

၉၊ ၄၊ ၇၉

ဒကာကြီး ဒကာမကြီးမိသားစုသို့

မေတ္တာဖြင့် သိစေပါသည်။ ဟိုနိုလူလူမှာ ရှိနေစဉ်က ပို့စ်ကဒ် ဘဲ့ ရေးပို့လိုက်ပါသည်၊ ရပြီးပြီးဟု ထင်ပါသည်။

ဟိုနိုလူလူမှာ ဖြို ၅-ရက်မှ ၈- ရက်နေ့ နံနက်ပိုင်း အထိ နေခဲ့ကြပါသည်၊ ဟိုနိုလူလူဟာ ဟာဝိုင်ယီပြည်နယ်ရဲ့ ကျွန်းရှစ် ကျွန်းထဲမှ အိုအာဟူး ကျွန်းပေါ်တွင် တည်ရှိပြီး မပူမအေး ရာသီရှိလို့ နေရထိုင်ရ ကောင်းပါသည်။ မေမြို့ နွေဦးရာသီနှင့် ခပ်ဆင်ဆင်တူပါသည်။ သာယာအေးချမ်းပါသည်။

ဟိုနိုလူလူမှာ ဆရာတော်ဘုရားကြီးက စျင်းကျောင်း တကျောင်းမှာ ညတရားတပွဲ၊ တည်းခိုရာ ယာယီစံကျောင်းမှာ ညတရား နှစ်ပွဲ ချီးမြှင့်ပါသည်။ တရားနာ ပရိသတ်ကတော့ အဓမရိကန်များနှင့် မြန်မာများပါပဲ။ ၆-ရက်နှင့် ၇- ရက်နေ့ များမှာ ဒကာဒကာမများ တရားအားထုတ် ကြပါသည်။

ဦးပဉ္စင်း တရားပြ တရားစစ်ဆေးပါသည်။ အချိန်တို့ ဆိုတော့ အားမထုတ်ဖူးသေးသူများအတွက် အားထုတ်ပုံ အခြေခံ ရရုံမျှ ပါပဲ။

ရောက်သင့်တဲ့နေရာများကိုလဲ ဒကာများ လိုက်ပို့ကြလို့ ရောက်ရပါသည်။ ဗဟုသုတ ရသလောက်ရပါသည်။

ပြီ ဂ-ရက်နေ့ နံနက်ဘော့ လေ့စ်အိန်ဂျယ်လ် မြို့သို့ လေယာဉ်ဖြင့် ခရီးဆက်ရပါသည်။ လေယာဉ်မထွက်မီ အချိန်ရနေသေးလို့ ဒုတိယကမ္ဘာစစ်မှာ အရေးပါတဲ့ နေရာတနေရာဖြစ်တဲ့ ပုလဲဆိပ်ကမ်းကို ဒကာများ လိုက်ပြပါသည်။ ပြီးတော့ နေ့ဆွမ်းလဲ ကပ်ချင်ကြတာနဲ့ ကြိုးမားလှတဲ့ ကုန်ပဒေသာ ဘုံကြီးတနေ့သို့ ပင့်သွားကြပါသည်။

သိမ်ကြီးစေ့း တစေ့းစာမျှ ကြိုးမားလှတဲ့ ၄-ထပ်တိုက်ကြီးဘွင့် အထက်ဆုံးထပ်မှာ စားသောက်ဆိုင်ကြီးထားပြီး ကျန်တဲ့ အထပ်တွေမှာတော့ ဆိုင်ခန်းကြီး အသီးသီးမှာ ဝယ်ယူလိုတဲ့ ပစ္စည်း ဘာပစ္စည်းမဆို မရှိရလေအောင် ပစ္စည်း မျိုးစုံခင်းကျင်း ပြသထားပါသည်။ အင်္ဂလန်နိုင်ငံထွက်ပစ္စည်း၊ ဂျပန်နိုင်ငံထွက်ပစ္စည်း၊ဖိလိပိုင်နိုင်ငံထွက်ပစ္စည်း၊ယိုးဒယားနိုင်ငံထွက် ပစ္စည်း စသည်တွေကိုလဲ သူ့အခန်းနှင့်သူ ခင်းကျင်းပြသ ထားပါသည်။

အဲဒီတိုက်ကြီးရဲ့ အထက်ဆုံးထပ် စားသောက်ခန်းမှာ ဒကာများက အိမ်ကယူလာတဲ့ စားသောက်ဖွယ်တွေရော ဆိုင်မှ မှာ

ထားတဲ့ စားသောက်ဖွယ်တွေပါ။ နေ့ဆွမ်းအဖြစ် ကပ်ကြပါ သည်။ နေ့ဆွမ်းပြီးတော့ လေဆိပ်ကို သွားကြရပါသည်။

လေဆိပ်မှာ ခဏစောင့်နေခိုက် ဒကာ ကိုတင်အေးက "ဒီချောကလက် အလွန် ကောင်းပါတယ်၊ ဟိုနိုလူလူမှာသာ ရပါတယ်။ တခြားမှာမရပါ၊ ဘုဉ်းပေးကြည့်ပါဦးဘုရား" လို့ လျှောက်ပြီး ချောကလက်တွေ လိုက်ကပ်ပါသည်။

ချောကလက်များဟာ များသောအားဖြင့် ချိုလွန်းအီလွန်း လို့ သူ့ချောကလက်ကို စားရမှာ စိတ်တွန့်လက်တွန့် နေပါ သည်။ သို့သော်လဲ ကပ်သူရဲ့သဒ္ဓါတရားကိုငဲ့ပြီး ချောကလက် ၂-ခဲအကပ်ခံကာ တခဲချင်း မဝါးချင့် ဝါးချင် ဝါးလိုက်မိရာ တခြား ချောကလက် တွေထက် အဆိမ့်ပိုပြီး အချိုနည်းတဲ့ အတွက် ခက်ခဲချင်း အရသာတွေ့သွားပါသည်။ အဲဒီ ချော ကလက်မျိုး အဲဒီ တကြိမ်သာ စားခဲ့ရပါသည်။ ရှေးကမစား ခဲ့ဘူးပါ။

၁၂-နာရီ ၁၀-မိနစ်မှာ ဟိုနိုလူလူလေဆိပ်မှ လေယာဉ် ထွက်ပါသည်။အရှေ့ကိုပဲ ပျံသန်းရပါသည်။ ညနေမှောင်စပျိုး လို့ မီးထွန်းစအချိန်မှာလော့စ်အိန်ဂျယ်လ်မြို့ပေါ်သို့ လေယာဉ် ဝဲမိပါသည်။ အောက်ဘက်ကို ကြည့်လိုက်ရာ ကြည့်လို့ အတော် ကောင်းပါသည်။ အကြောင်းကတော့ လော့စ်အိန်ဂျယ်လ်မြို့ရဲ့ မီးရောင်စုံထွန်းထားတဲ့ လမ်းကြီး လမ်းငယ်တွေဟာ ကောက် တာ ကွေ့တာနည်းပြီး ဖြောင့်တန်းနေတဲ့ လမ်းတွေချည်းလိုလို ဖြစ်လို့ပါပဲ။ မန္တလေးမြို့က လမ်းတွေကို သတိရမိပါသည်။

ပုံသန်းခြင် ၅း၁၀ နာရီအကြာမှာ လော့စ်အိန်ဂျယ်လ် လေဆိပ်သို့ ရောက်ပါသည်။ လော့စ်အိန်ဂျယ်လ်အချိန်နှင့် ၇း၂၀ နာရီ (ဟိုနိုလူလူအချိန်နှင့် ၅း၂၀ နာရီ) မှာ ရောက်ပါသည်။ မြန်မာဒကာ ၂ ယောက်၊ ဂျက်ကော်နိဖီးလ်၊ ဂျိုးဇက်ဂိုးလ်စ်တိန်းနှင့် အက်မီရှည် အနက်ကြီးတွေ ဝတ်ထားတဲ့ အမေရိကန်စျင်းဘုန်းကြီးနှစ်ပါး လာကြိုနေတာကို တွေ့ရပါသည်။

လေဆိပ်မှ လော့စ်အိန်ဂျယ်လ်မြို့ထဲက စျင်းကျောင်းသို့ သွားရာ ဆရာတော်ဘုရားကြီး စီးတဲ့ကားကို အမေရိကန်ဒကာမောင်းပြီး ဦးပဥ္စင်းတို့ စီးတဲ့ကားကို အမေရိကန်စျင်းဘုန်းကြီးမောင်းပါသည်။ ပထမဆုံး အတွေ့အမြင်မို့ ဆန်းနေပါသည်။

စျင်းကျောင်းရောက်လို့ အခန်းနေရာ ချထားပေးတော့ မိမိနေရမည့်အခန်းတွင် ကလေးပုခက်နဲ့ ကလေးကစားစရာ အရုပ်ကလေးတွေ တွေ့ရတော့ စိတ်မသန့်တာနှင့် တခြားအခန်းရွှေ့နေလိုက်ပါသည်။ ရေချိုးခန်း ဝင်လိုက်ပြန်တော့လဲ အမျိုးသမီးများ အလှပြင်တဲ့ အသုံးအဆောင်အမျိုးမျိုး စုံနေအောင် တွေ့ရပြန်ပါသည်။ အမျိုးသမီးတွေပါ နေတဲ့ကျောင်းဆောင်ကို အာဂန္တုဆောင်ဒေးဖြစ် ခဏ ပြင်ဆင်ထားပုံရပါသည်။ စျင်းဘုန်းကြီးများ ဘဝက သာယာလှပါကလားဟု တွေးကာ ပြုံးမိပါသည်။

မွေ့ရာတွေစမ်းကြည့်တဲ့အခါမှာ မွေ့ရာတွေက ဝါဂွမ်းသွတ် မွေ့ရာတွေ ဖြစ်နေပြန်လို့ ဝိနည်းတော် နှင့် မညီတာနဲ့ ဆရာတော်ဘုရားကြီး မွေ့ရာကစ ဖယ်ပစ်စေပြီး အသစ် ပြင်ခင်းစေရပါသည်။

ရောက်ပြီး မကြာမီ နယူးယောက်မှ ဒေါ်တင်လှိုင်လဲ ရောက်လာကာ ဆရာတော်ဘုရားကြီးကို ဖူးမြော် ကန်တော့ပါသည်။ဒေါ်တင်လှိုင်ဟာ ဆရာတော်ဘုရားကြီးကို မဖူးမြင်ဘူးပဲနှင့် ဆရာတော်ဘုရားကြီး၏ စာအုပ်တွေဖတ်ပြီး ကြည်ညိုနေသူတပည့်အဖြစ် ခံယူထားသူ ဖြစ်ပါသည်။ သူ့ဒကာ ဦးလှဖေလဲထိုအတူပါပဲ။

ဧပြီလ ၉-ရက်နေ့ နံနက် အရုဏ်ဆွမ်းကို စျင်းကျောင်းက ညွှတ်ပြုပါသည်။ စျင်းကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီးက ဂျပန်ဘုန်းကြီးဖြစ်သော်လဲ အခု ဂျပန်ပြည်ကို ခဏ ပြန်နေပါသည်။ ဒါကြောင့် ဂျပန် အမေရိကန် ကပြား ဖြစ်ဟန်တူသူ လက်ထောက်ဘုန်းကြီးက တာဝန်ယူ အုပ်ချုပ်နေပါသည်။

အရုဏ်စာ စားပြီးတော့ သူတို့ဘုရားဝတ်ပြုရာတွင် ပါဝင်ပါဦးလို့ ဖိတ်တာနှင့် ရိုင်းရာလဲ မကျရလေအောင် ဗဟုသုတလဲ ဖြစ်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ဦးသီလာနန္ဒ၊ဦးကေလာသနှင့် ဦးပဉ္စင်းတို့ ၃-ပါး သွားပြီး စျင်းဘုန်းကြီးများ၊ သီလရှင်များ၊ ဒကာ ဒကာမများ ဘုရားဝတ်ပြုတာကို လေ့လာ ကြည့်ရှုကြပါသည်။ အားလုံး အမေရိကန်တွေချည်း ဖြစ်ပုံရပါသည်။

သူတို့အားလုံးစာပွဲနဲ့တူတဲ့ ၅-ပေလောက်မြင့်တဲ့ ခုံကလေးကို ဗဟိုပြုပြီး ဘုန်းကြီး ၁၂-ပါးခန့်က ခေါင်းဆောင်ဆရာတော်ကို ရှေ့ဆုံးကထားလျက် အတန်းလိုက် မတ်တပ်ရပ်ကြသည်။ သီလရှင်များ ဒကာ ဒကာမများကလဲ သူ့နေရာနှင့်သူ အတန်းလိုက် ရပ်ကြသည်။ ဦးပဉ္စင်းတို့က ဘုန်းကြီးတွေရဲ့ ဘေးနားက စီတန်းပြီး နေရာယူကြသည်။ ခုံပေါ်မှာတော့ ခွေးရုပ်နှင့် ခပ်ဆင်ဆင်တူတဲ့ အရုပ်တခုပေါ်မှာ လူရုပ်လား၊ နတ်ရုပ်လား၊ ဘုရားရုပ်လား ခွဲခြားလို့မရတဲ့ အရုပ်တခုက စီးလျက်ရှိပါသည်။

သူတို့အားလုံးဟာ ရုပ်သေးစင်ထဲက ဝန်ကြီးများဝတ်သလို အင်္ကျီ ဖားဖားရှည်ရှည် အနက်ရောင်ကြီးဝတ် ဝတ်ထားကြတော့ ခန့်ညားသလိုတော့ အရှိသား၊ ခေါင်းဆောင်ဘုန်းကြီးရဲ့ အင်္ကျီကတော့ ရွှေချည်ထိုးပန်း အနားကပ်ထားပြီး အနံလေးလက်မလောက်ရှိတဲ့ အနက်ခံ ရွှေချည်ထိုးပုဝါရှည်တခုကို လည်ကုပ်မှာ ခွတင်ပြီး ရှေ့ဘက်ကို အစနှစ်စ ချထားပါသည်။

ခေါင်းဆောင်ဘုန်းကြီးဟာ ပေတံလောက်ရှိတဲ့ သစ်သားပြားအနက်ရောင် အဖျားကောက်ကောက်ကလေးကို ဘယ်ဘက်လက်မှာ အမြဲကိုင်ထားပြီး ညာဘက်လက်က ပုတီးကို ကိုင်ထားပါသည်။ သူတပါးတည်း ရပ်ပြီး လက်အုပ်ချီလိုက်၊ ကုန်းပြီး နဖူးနဲ့ကြမ်း ဆတ်ကနဲရိုက်ကာ ဦးချလိုက်နဲ့ ၃-ကြိမ် လုပ်ပြီး

တော့ ကျွန်တဲ့ပရိသတ်က ရပ်လျက်ပဲ လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်ထဲက တရားစာကို ဖြေးဖြေးညည်ညီ စည်းချက် ၀ါးချက် ကျကျ အသံသြသြကြီးတွေနဲ့ ရွတ်ဖတ်ကြပါသည်။ တပါးက ဦးတ်သံနှင့် စီး၀ါးကိုက်အောင် ဗုံတလုံးကို ဒုတ်နဲ့ခေါက်ပေး ရပါသည်။ ခရေစ်ယန် ဘုရားရှိခိုးကျောင်းများမှာ စန္ဒရားနဲ့ ဘုရားရှိခိုးရွတ်တဲ့ အသံဟန်အတိုင်းပါပဲ။ အတူယူထားဟန် ဟူပါသည်။

စာတပုဒ်ရွတ်ပြီး ရပ်လိုက်တိုင်း ဘုန်းကြီးက ရှေးနည်း အတိုင်း ဖြေးဖြေးဟန်ပါပါ ဦးချပါသည်။ ဒီလို ၃-ကြိမ်ပြုပြီး ဘော့ ဘုန်းကြီးက ခုံပေါ်ကအရပ်နားကို ဖြေးဖြေး အိုင်တင် (အမှုအရာ)ကောင်းကောင်းနဲ့သွားပါသည်။ ဒီအခါမှာ အခမ်း အနားမှုးဖြစ်ပုံရတဲ့ ဘုန်းကြီးက မင်းသမီးဟန် ခပ်ပါပါနဲ့ ခပ်သွက်သွက်ကလေး ၀တ်ရုံအင်္ကျီကြီး ကားကနဲ့ပါသွားအောင် ခေါင်းဆောင် ဘုန်းကြီးနားသွားပြီး အသင့် စိုက်ထားတဲ့ အခမ်းတိုင် တတိုင်ကို နုတ်ယူပြီး ကမ်းပေး လိုက်ပါသည်။ ခေါင်းဆောင်က အမှေးတိုင်ကို ဖြေးဖြေး သိမ်သိမ် မွေ့မွေ့ လေး မီးညှိလိုက်ပြီး လက်အုပ်တချက် ချိုလိုက်ပါသည်။ပြီးမှ မှူလနေရာကို ဖြေးဖြေးကွေ့ကွေ့လေး ပြန်လာပြီး လက်အုပ်ချီ ကာ ရပ်နေပါသည်။ ခဏကလေး မျက်လွှာချ အာရုံပြုပြီးမှ ရှေးနည်းအတိုင်း ၃-ကြိမ် ဦးချလိုက်ပြီးတဲ့အခါ ပရိသတ်က ထိုင်ပြီး တရားစာရွတ်ဖတ်ပြန်ပါသည်။

ခေါင်းဆောင် ဘုန်းကြီးရဲ့ ဟန်ဟာ ဇာတ်မင်းသားဟန် အပြည့်ပါပဲ။ သူ့အင်္ကျီကြီးက လက်မောင်း တပေသာသာကျယ်တဲ့ လက်ပွဝတ်ရုံကြီးဆိုတော့ ကုန်းပြီးဦးချတိုင်း အင်္ကျီလက်ကို ရွရွလေးသိမ်းလိုက်၊ ပုဝါရှည်ရဲ့ အဖျားနှစ်စကို ယဉ်ယဉ်လေး သိမ်းလိုက်နဲ့ အတော် အလုပ်ရှုပ်ပါသည်။ သို့သော်လဲ သူဟာ အဲဒါအားလုံးကို မျက်စိ သိပ်မနောက်ရပဲ ယဉ်စစ ဟန်လှလှနဲ့ ကြည့်ကောင်းအောင် လုပ်တတ်ပါသည်။

သူတို့ ဘုရားရှိခိုးတာ ၁-နာရီ လောက် ကြာပါသည်။ ဦးပဉ္စင်းတို့လဲ သူတို့ရပ်ယင် ရပ်လိုက်၊သူတို့ထိုင်ယင် ထိုင်လိုက်နဲ့ ယိမ်းအကထဲ ပါဝင်နေရသလိုပါပဲ။ ပြီးကြတဲ့အခါမှာ "အင်း စျင်းခေါင်းဆောင်ဘုန်းကြီးဖြစ်ဖို့ရာ မလွယ်ပါလား။ အိုင်ဘင် အထူးကောင်းအောင် အတော်လေ့ကျင့်ယူရမှာပါလား၊ဇာတ် မင်းသား ရုပ်ရှင်မင်းသားများ ဆိုယင်တော့ စျင်းခေါင်းဆောင် ဘုန်းကြီးဖြစ်ဖို့ အတော် လွယ်ကူပေမှာပဲ" လို့ တွေးနေမိ ပါသည်။

နံနက် ၈—နာရီလောက်မှာ ဘယ်ရီ ဝိပဿနာအသင်းမှ မိုက်ကယ်ဆိုသူ အမေရိကန် ယောဂီက သူ့ကားနဲ့ လော့စ်အိန် ဂျယ်လ်မြို့ကို လှည့်လည် ပြသပါသည်။ လော့စ်အိန်ဂျယ်လ် မြို့ဟာ မြို့အခင်းအကျင်း အတော်ကောင်းပါသည်။ အိမ်တွေ ပြတ်သိပ်မနေပဲ သူ့ဝင်းနဲ့သူ ခပ်ကျဲကျဲ ဆောက်ကြတာက များပါသည်။

ရုံးဒဓဆောက်အအုံများ၊ ဟော်တယ်ကြီးများ၊ အခန်းငှားစားတဲ့ တိုက်ကြီးများမှတပါး တိုက်တွေဟာ ခပ်နှံ့နှံ့တွေပဲ များပါသည်။ အလွန်ချမ်းသာတဲ့ ကမ္ဘာကျော် ရုပ်ရှင်ဇာတ်ဆောင်များနေတဲ့ ဟောလိဝုဒ်ရပ်ကွက်ထဲကိုလဲ မိုက်ကယ်ကားဖြတ်မောင်းပါသည်။ အဲဒီလူချမ်းသာ ရပ်ကွက်မှာလဲ အိမ်နှံ့တွေပါပဲ။ နှံ့နှံ့ ပုအိုက်အိုက်တွေ ဆိုတော့ အပြင်ကကြည့်ရတာဖြင့် စိတ်အိုက်စရာဖြစ်ပါသည်။သို့သော်လဲ အိမ်တွင်းအခင်းအကျင်းကတော့ အလွန်ခေတ်မီလှ တင့်တယ်ခမ်းနားလှသည်ဟု ဆိုပါသည်။

ရာသီဥတုကတော့ဦးပဉ္စင်းတို့ရောက်နေတဲ့အချိန်(ဧပြီ ဂ၊ ၉ ရက်)မှာ နေလို့ကောင်းရုံမျှသာ အေးပါသည်။ သို့သော်လဲ ကောင်းကင်ပြင်က မကြည်လင်ပါ။ စက်ရုံ၊ အလုပ်ရုံတွေနဲ့ မော်တော်ကားတွေက ထွက်တဲ့မီးခိုးတွေဟာ ကောင်းကင်မှာရှိတဲ့ ရေခိုးငွေ့တွေနဲ့ အမြဲလိုလို ရောထွေးပေါင်းစည်းမိပြီး နှင်းပုပ် (Smog) တွေဖြစ်နေတော့ အမြဲလိုလို အုံမှိုင်းနေပါသည်။

စက်ရုံ၊ အလုပ်ရုံနဲ့ မော်တော်ကားတွေကထွက်တဲ့ အခိုးအငွေ့တွေဟာ လော့စ်နှံ့ဂျလိစ်မြို့ရဲ့ ကောင်းကင်ပြင်လေထုထဲမှာ နိုက်ထရစ်အောက်ဆိုက်၊ ကန့်ဒိုင်အောက်ဆိုက်၊ ကာဘွန်မိုနိုအောက်ဆိုက် စတဲ့ အဆိပ်ဓာတ်ငွေ့များအဖြစ် ဖွဲ့စည်းတည်ရှိနေတဲ့အတွက် ကောင်းကင်ပြင်ဟာ မကြည်လင်ပဲ အမြဲလိုလို

အုံ့မှိုင်းနေသည်ဟု သိရပါသည်။ အမှန်တော့ လေထုညစ်ညမ်းနေတာ ပင်ဖြစ်ပါသည်။ စက်မှုထွန်းကားတဲ့မြို့တိုင်းမှာရင်ဆိုင်နေရတဲ့ ကြီးမားလှတဲ့အန္တရာယ်ပင်ဖြစ်ပါသည်။ ဒီအန္တရာယ်ကိုရင်ဆိုင်နေရတဲ့ မြို့တွေထဲမှာ လော့စိန်ဂျလိစ်က ပထမ၊ ဂျပန်ပြည် တိုကျိုကဒုတိယ၊ ဩစတြေးလျပြည် ဆစ်ဒနီမြို့က တတိယ လိုက်ပါသည်။

လော့စိန်ဂျလိစ်မှာ တခြားမြို့တွေမှာ မတွေ့ရတဲ့ သဘာဝကတ္တရာစေးကန်ရှိတဲ့နေရာကို ပြတိုက်အဖြစ် ပြသထားတာလဲတွေ့ရပါသည်။ အဲဒီ ကတ္တရာစေးကန်ကို ရှေးနှစ်ပေါင်းတသောင်းလောက်ကတည်းက ဆင်၊ ကျား၊ ကြံ့စတဲ့ တောတိရစ္ဆာန်များ ရေကန်မှတ်ပြီး ဆင်းမိကြလို့ကန်ထဲနစ်ပြီး သေကြရပုံကိုလဲ သက်ရှိဆင်လောက်အရွယ်ရှိတဲ့ ဆင်ရုပ်ကြီးများ၊ ကြံ့ရုပ်ကြီးများနှင့် သရုပ်ဖော်လျက် ပြသထားပါသည်။ အဝေးကကြည့်ယင် တကယ့်တောတိရစ္ဆာန်ကြီးတွေလို့ ထင်ရပါသည်။ မြေအောက် ၁၅-ပေလောက်အထိ တူးလိုက်ယင်သေနေတဲ့ တိရစ္ဆာန်တွေရဲ့အရိုးတွေကို တွေ့ရသည်ဟု ဆိုပါသည်။

အတော်ကလေး နှုံ့အောင်ကြည့်ပြီးတော့ စျင်းကျောင်းကို ပြန်ခဲ့ကြပါသည်။ ကျောင်းမှာနေ့ဆွမ်းကပ်မည့် မြန်မာဒကာဒကာမများ၊ ကမ္ဘောဒီးယား ဒကာ ဒကာမများ ရောက်နှင့်နေတာကို တွေ့ရပါသည်။ ရင်းနှီးသူ ဒကာဦးချစ်ပြိုင်ကိုလဲ တွေ့ရလို့ ဝမ်းသာရပါသည်။

သင်္ဃဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ယတ်က ဗလိတရား စခန်း
ကယ်လိဖိုးနီးယားပြည်နယ်
အမေရိကန်ပြည်ထောင်စု
၁၂၊ ၄၊ ၇၉

ဆရာဘော်ဦးကုသလဘုရား

တပည့်တော်မေတ္တာဖြင့် လေးစားစွာလျှောက်ထားပါသည်။ တပည့်တော်တို့ ပြို ဂ-ရက်နေ့ မွန်းတိမ်း ၁၂း၁၀ နာရီတွင် ဟိုနိုလူလူမြို့မှ လေယာဉ်ဖြင့် အရှေ့ဆီသို့ထွက်ခဲ့ရာ ဟိုနိုလူလူအချိန် ညနေ ၅း၂၀ နာရီ (လော့စ် အိန်ဂျယ်လ်အချိန် ၇း၂၀ နာရီ)မှာ အမေရိကန်ပြည်မ၊ ကယ်လီဖိုးနီးယား ပြည်နယ်၊ လော့စ်အိန်ဂျယ်လ်(အများခေါ် လော့စ်ဇ်ဂျလိ) မြို့သို့ ရောက်ပါသည်။

ဟိုနိုလူလူမြို့သားများအခေါ်ဖြင့် ခေါ်ရလျှင် အယ်(လ်)အေ (LA)၊ သို့မဟုတ် အယ်လေဖြစ်ပါသည်။ Los Angeles ဟူသောနာမည်မှ အစစာလုံး L နှင့် A ကိုယူ၍အတိုကောက် ခေါ်ကြခြင်း ဖြစ်ပါသည်။

လော့စ်ဇ်ဂျလိမြို့ဟာ ဟဝိုင်ယီ (ဟာဝေယ်) ကျွန်းရဲ့ အရှေ့ (မြောက်ဘက်ခပ်ယွန်းယွန်း) မှာရှိပြီး ဟဝိုင်ယီနဲ့ မိုင်ပေါင်း ၂၃၀၀-ခန့်ဝေးကွာပါသည်။ဟဝိုင်ယ်ကျွန်းရဲ့အနောက် (မြောက်ဘက်ခပ်ယွန်းယွန်း) မှာတော့ ဂျပန်ပြည် ရှိပါသည်။ မိုင်ပေါင်း ၅၄၀၀-ခန့် ဝေးပါသည်။

ဂျပန်နဲ့ အမေရိကန် နှစ်နိုင်ငံတို့ အကြားမှာ တည် ရှိ တဲ့ ဟာဝိုင်ယီ (ဟာဝေယံ) ကျွန်း သားများဟာ အာရှသွေးပါပြီး အာရှရုပ် အာရှအသွင်အပြင် ရှိကြပါသည်။ သို့သော်လဲ ပထဝီ အနေအထားအဉ်းဖြင့် အမေရိကန်ပြည်နှင့် မိုင်၁၀၀၀-ကျော်မျှ ဝေးမိုနိုးတဲ့အတွက် ဟာဝိုင်ယီကျွန်းဟာ အမေရိကန်ပြည်ထောင်စုရဲ့ ၅၀ - မြောက်ပြည်နယ်ဖြစ်နေပါသည်။

ဒါကြောင့် ဟာဝိုင်ယီကျွန်း၊ ဟိုနိုလူလူမြို့သားများက အမေရိကန်ပြည်ကိုရည်ညွှန်း ပြောဆိုလျှင် ပြည်မ (Main Land) ဟု ခေါ်ဝေါ် ပြောဆိုကြပါသည်။ သို့သော်လဲ အမေရိကန်ပြည်ရဲ့ အနောက်ဘက်ကမ်းခြေရှိ မြို့ကြီးများအနက် လော့စ်နှင်ကျလိမြို့နှင့်သာ ဟိုနိုလူလူမြို့သားတို့ သွားလာဆက်ဆံမှု များတဲ့အတွက် သူတို့အဖို့အမေရိကန်ပြည်ဆိုတာ အယ်လေ(အယ်လ်အေ) ဖြစ်နေဟန်တူပါသည်။ တနည်းဆိုရလျှင် လော့စ်နှင်ကျလိမြို့ဟာ အမေရိကန်ပြည်ဖြစ်နေပုံရပါသည်။ ဟိုနိုလူလူမြို့သားတို့ရဲ့ ပါးစပ်ဖျားမှ အယ်လေဆိုသောစကားကို မကြာခဏကြားနေရသောကြောင့် ဖြစ်ပါသည်။

လော့စ်နှင်ကျလိမြို့မှာ စျင်းဘုန်းကြီးကျောင်းတကျောင်းတွင် တည်းခိုရပါသည်။ နောက်တနေ့နံနက်မှာ စျင်းဘုန်းကြီးများ၊ ဒကာဒကာမများ ဘုရားဝတ်ပြုကြတာကို ကြည့်ရှုလေ့လာပြီးတော့ မိုက်ကယ်ဆိုသူ အမေရိကန် ယောဂီက မြို့ထဲ လှည့်လည်ပြသပါသည်။ နေ့လယ် ၁- နာရီမှာ စျင်းဘုန်းကြီးများ၊

အမေရိကန် ဒကာ ဒကာမများ၊ မြန်မာ ဒကာ ဒကာမများ အားလုံး ၁၀၀ ကျော်လောက်ကို ဆရာတော်ဘုရား ကြီးသတိပဋ္ဌာန်တရား ဟောကြား ချီးမြှင့်ပါသည်။ တပည့်တော်ဘာသာပြန်ပါသည်။ အမေရိကန် ပြည်မမေါ်မှာ ဟောရတဲ့ ပထမဆုံး တရားပွဲပါပဲ။

တရားဟောနေစဉ်မှာ ရုပ်မြင်သံကြားလဲ ရိုက်ကြပါသည်။ အချိန်မရ၍အမေးအဖြေတော့ မလုပ်နိုင်ပါ။ တရားပွဲအပြီးမှာ အမေရိကန်စျင်းဘုန်းကြီးတပါးက "အရှင်ဘုရားအင်္ဂလိပ်စကားပြောတာ တော်တော်ကောင်းတယ်၊ အင်္ဂလိပ်စာ ဘယ်မှာသင်ပါသလဲ" လို့ မေးပါသည်။ "ဗမာပြည်နဲ့ သီဟိုဠ်မှာ" လို့ ပြောလိုက်ပါသည်။

တရားပွဲ ပြီးလျှင်ပြီးချင်း ၂း၃၀ နာရီမှာ လော့စ်အိန်ဂျလိမြို့မှ အရှေ့ဘက် မိုင် ၁၂၀-ခန့်အကွာရှိ ယတ်ကဗဲလီ (**Yucca Valley**) တရားစခန်းသို့ ကားသုံးစီးဖြင့် ထွက်ခဲ့ကြပါသည်။ အသွားသက်သက်လမ်းလေးသွယ်၊ အလာသက်သက်လမ်းလေးသွယ်စီ နဲ့ခြားထားတဲ့ ဟိုက်ဝေးခေါ် လမ်းကျယ်ကြီးအတိုင်း (မျက်နှာချင်းဆိုင်မှ အလာကားကို ရှောင်စရာမလိုပဲ) မောင်းရတော့ ခရီးတွင်လှပါသည်။ ရာသီဥတုကလဲ ကြည်လင်သာယာလှပါသည်။

ဟိုက်ဝေးလမ်းမကြီးကို ကန့်လန်တ်ဖြတ်တဲ့ ဘေးကလာတဲ့ လမ်းမရှိပါ။ ဖြတ်လိုလျှင် ဟိုက်ဝေးလမ်းမကြီးရဲ့ အောက်ကဖြစ်စေ အထက်ကဖြစ်စေ သီးခြားလမ်းဖြင့် သွားရပါသည်။

ဟိုက်ဝေးလမ်းမကြီးတွေဟာ ခရီးတွင်မှုကို ပဓာနထားပြီး ဖြောင့်နိုင်သမျှ ဖြောင့်ဖြောင့် ဖောက်ထားတာဖြစ်လို့ မြို့ထဲရွာထဲ မြို့နှားရွာနှားက ဖြတ်သွားတာအလွန်ရှားပြီး မြို့ရွာနဲ့ ခပ်လှမ်းလှမ်းက သွားတာပဲ များပါသည်။

ဒါကြောင့် မလှမ်းမကမ်းရှိ မြို့ရွာများမှ ထွက်လာခဲ့တဲ့ ကားဟာ ဟိုက်ဝေးလမ်းမကြီးထဲ ဝင်ပြီး လမ်းမကြီးအတိုင်း မောင်းချင်ယင် လမ်းမကြီးကို ထိပ်တိုက်မဝင်ရပဲ လမ်းမကြီးနဲ့ အလိုက်သင့်အလျှားသင့် တာပြေးတည်းဝင်သွားနိုင်အောင် စီမံ ဖောက်လုပ်ထားပါသည်။

ဆိုင်ရာမြို့ရွာများကို လမ်းခဲ့ကသွားရမည်ဆိုလျှင် လမ်းခဲ့ မရောက်မီ ၂-မိုင် ၃-မိုင်လောက်ကဟင်းက လမ်းခဲ့ ဆိုင်းဘုတ်တွေနဲ့ ပြပေးထားပါသည်။ ဓာတ်ဆီဆိုင်ရှိသည့်နေရာ၊ စားသောက်ဆိုင်ရှိသည့် နေရာ၊ အဖျော်ယမကာဆိုင်ရှိသည့် နေရာရှေ့မှာ ရောက်ရမည့် မြို့ရွာ စသည်တို့ကိုလဲ မရောက်မီ ၂-မိုင် ၃-မိုင် ၄၊၅မိုင်လောက်ကတည်းက ကြိုတင်ပြီ းဆိုင်းဘုတ်တွေနဲ့ ပြပေးထားပါသည်။ ယာဉ်မောင်းသမားဟာ ရှေ့ကလာမည့် ကားကို ရှောင်စရာမလိုတော့ ဒီဆိုင်းဘုတ်တွေကို ကြည့်သွားနိုင်ပါသည်။ ဒါလောက်တောင် လမ်းတလျှောက်လုံး ဆိုင်းဘုတ်တွေနဲ့ ပြည့်နေအောင် လမ်းညွှန်ထားသော်လဲ လမ်းတွေက များလွန်းတော့ မကြာခဏ လမ်းမှားတတ်ကြပါသည်။

အမေရိကမှာ ရှေးက ၁-နာရီမိုင် ၇၀၊၀၀အထိမောင်းခွင့်ပြုသော်လဲ ယခု ၅၅- မိုင်ထက် ပို၍ပြီး မမောင်းရပါ။ ခွင့်ပြုမိုင်ဟာက်ပိုမောင်းလျှင် ရေဒါနဲ့စောင့်ဖမ်းနေတဲ့ ပုလိပ်ရဲ့ လက်ထဲမှာ ကားကနဲပါသွားပြီး ၂၅-ဒေါ်လာမှ ဒေါ်လာ ၁၀၀ အထိ အိတ်ထဲက ခုန်ထွက်သွားနိုင်ပါသည်။ တချို့ ဒေသတွေမှာ ကားအသွားအလာကို လေယာဉ်ပေါ်ကနေပြီး ကြည့်သည်ဟု သိရပါသည်။ (နယူးယောက် မှာတော့ ကား ကျပ်ချိန်မှာ ရဟတ်ယာဉ်ပေါ်ကနေပြီး ဘယ်လမ်းမှာ ကားကျပ်နေတယ် ဆိုတာ အသံလွှင့်ပေးပါသည်။)

တပည့်တော်တို့ကားဟာ မိုင် ၇၀-ခန့် မောင်းမိတော့ သဲမုန်တိုင်းနှင့် တိုးမိပါတော့သည်။ ဒီလမ်းရဲ့ အကြောင်းကို သိပြီးဖြစ်တဲ့ ယာဉ်မောင်း သမား မိုက်ကယ်ဟာ ရှေ့မှာ သဲမုန်တိုင်းကို မမြင်ရသေးမီကပဲ ကားမှန်တံခါးအားလုံး ပိတ်ထားလိုက်ပါသည်။ မကြာမီ ကားရှေ့ ခပ်လှမ်းလှမ်းမှာ နှင်းထုလို သဲဖုံထုကြီး ပိန်းပိတ်နေအောင် ထနေတာ တွေ့ရပြီး အဲဒီ သဲမုန်တိုင်းထဲကို တိုးဝင်ကာ ကားမောင်းသွားရပါသည်။

လမ်းဘေးတဘက်တချက်မှာ စိမ်းစိုတဲ့သစ်ပင်များ မရှိပါ။ ခပ်နှံ့နှံ့တောင်တွေ တွေ့ရသော်လဲ တောင်ခြောက် တောင်ကတုံးတွေပဲဖြစ်ပါသည်။ မြေပြင်ကလဲ ကျောက်စရစ်နဲ့သဲ ရောထားတဲ့ ကန္တာရမြေမို့ သစ်ပင်ကြီးများမရှိပါ။ ရှိတဲ့သစ်ပင် နှံ့နှံ့ကလေးတွေဟာလဲ ဟိုနားတပင် ဒီနားတပင် အလွန်နည်းပါ

သည်။ ခြောက်သွေ့တဲ့ မြက်ခြုံကလေးများ အနည်းအပါး ရှိပါသည်။ ပတ်ဝန်းကျင် ဘဒ္ဒလုံးဟာ ခြောက်သွေ့ နေပါသည်။ အမှန်တော့ တပည့်တော်တို့ဟာ **High Desert** ခေါ်တဲ့ ကုန်းမြင့်သဲကန္တာရဆီသို့ မသိမသာ တက်သွားနေခြင်းသာ ဖြစ်ပါသည်။

ညနေ၄-နာရီသာသာမှာယုတ်ကဗဲလီ (**Yucca Valley**) ခေါ်တဲ့ မြို့သေးသေးကလေးကို ကျော်မိတော့ ကန္တာရတောထဲကို အနည်းငယ်မျှ လမ်းခဲ့ထွက်လိုက်တဲ့ အခါမှာ တရားစခန်းသို့ ရောက်ပါသည်။ တရားစခန်းဟာ ပင်လယ် ရေမျက်နှာပြင် အထက် ပေ ၃၀၀၀-ကျော် မြင့်သည်ဟု သိရပါသည်၊ အမဆောက်အအုံများ ပြည့်စုံပါသည်။ သို့သော်လဲ အမိုးနှိမ့် နှိမ့်လေးတွေနှင့် တထပ်အဆောက်အအုံ တွေသာ ဖြစ်ပါသည်။ အတွင်းမှာတော့ နှစ်ယောက်အိပ် အခန်းများ၊ စတိုခန်းများ၊ ရေချိုးခန်း၊ ကုဋ္ဌခန်းများကို နေရာလပ်မရှိရအောင် စနစ်တကျ ပြုလုပ်ထားပါသည်။ သန့်လဲ သန့်ရှင်းပါသည်။

လေတိုက်တာက ကြမ်းလွန်းလှပါသည်။ တဝုန်းဝုန်းမြည် အောင်တိုက်ပါသည်။ ညဥ့်နက်လေပိုပြင်းထန်လေဖြစ်ပါသည်။ လေကြောင့်အတော်ဒေးပါသည်။ ဆောင်းချမ်းချမ်းတာတော့ မဟုတ်ပါ။ ဇလပြင်းတာကိုသတ်ပြုမိမှ အမိုးနှိမ့်နှိမ့်နှင့် တထပ်အဆောက်အအုံဆောက်ကြတာကို သဘောပေါက် လာပါသည်။

ရောက်တဲ့နေ့(၉၊၄၊၃၉)ကတည်းက လေပြင်းပြင်းထန်ထန် တိုက်နေတာဟာ ၄ - ရက်လုံးလုံးဆက်ပြီး တိုက်ပါသည်။ တနေ့ထက် တနေ့တော့ လေအားပျော့ပျော့ လာပါသည်။ ယတ်ကဗဲလီဟာ လမ်းမှာဖြတ်လာခဲ့ရတဲ့ မြေနိမ့်ပိုင်းသဲကန္တာရ နှင့်မတူပါ။ သဲကန္တာရမဟုတ်ပဲ ကျောက်စရစ် ကန္တာရ ဖြစ်လေတော့ လေပြင်းထန်သော်လဲ သဲဖုံ မထပါ။

ရာသီဥတုအနေနှင့်ကတော့ အေးတဲ့အခါ အတော်အေးပြီး ပူတဲ့အခါ အတော်ပူသည်ဟု သိရပါသည်။ ယခု တပည့်တော်တို့ ရောက်ခိုက်မှာ အေးတာကတော့ လေကြောင့် အေးတာ များပါသည်။ လေငြိမ်သွားတဲ့နေ့ကစပြီး အအေးသက်သာသွားလို့ သက်နှေးတောင်မှ မခြုံပဲနေလို့ရပါသည်။ တခါတရံ သက်နှေးခြုံထားလျှင် ချွေးပင် စို့လာပါသေးသည်။

တပည့်တော်တို့ နေတဲ့နေရာမှာသာ ကျောက်စရစ်ကန္တာရ ဖြစ်ပြီး ဂျိုရှူအဝါ (Joshua) နှင့် ယတ်က (Yucca) အပင် သေးသေးသိမ်သိမ် ကျိုးတိုးကျဲတဲ့ အနည်းငယ်မျှ ရှိပြီး ခြောက်သွေ့နေသော်လဲ အနောက်ဆီဝ၅-မိုင်လောက်အကွာမှာတော့ အပေါ်မြင့်တဲ့ တောင်ကြီးတလုံးမှာ ရေခဲတွေ အမြဲဖုံးနေတာကို လှလှပပ အထင်းသား မြင်နေရပါသည်။

ဒီတရားစခန်းကို ရောက်တဲ့နေ့ ညနေမှာပဲ အင်္ဂလန်ပြည် ဘာမင်ဂမ်မြို့မှာနေတဲ့ ဒေါက်တာဦးရေဝတမမွကိုတွေ့ရပါသည်။

ဦးရေဝတခမ္မက လော့စိန်ဂျလိကနေ ဆီးကြိုဖို့ စီစဉ်သော်လဲ အဆင်မပြေလို့ ဒီတရားစခန်းရောက်မှပဲ တွေ့ကြရပါတော့သည်။ သူလဲ တပည့်ဘော်တို့ ဓမ္မခရီးပြီးဆုံးသည်အထိ တပည့်စေတော်တို့နဲ့အတူ သာသနာ့ကိစ္စကို ဆောင်ရွက်ပါမည်။

မဟာစည်ဆရာတော်ဘုရားကြီး၏အဖွဲ့ အင်္ဂလန်နှင့်ဥရောပကိုလှည့်လည်ပြီး တရားဟောတရားပြရေးအတွက် အစီအစဉ်အားလုံးကို ဒေါက်တာ ဦးရေဝတခမ္မ ကပင် စီစဉ်ခြင်း ဖြစ်ပါသည်။ ရန်ကုန်မဟာစည်သာသနာ့ရိပ်သာမှာတရားနှစ်ကြိမ် အားထုတ်ဖူးခဲ့ပြီး အိန္ဒိယမှာ ၁၈-နှစ်နေခဲ့ပါသည်။ အိန္ဒိယမှ အင်္ဂလန်ကိုပြောင်းရွှေ့နေခဲ့တာ ၅-နှစ်နီးပါး ရှိသွားပါပြီ။

ဒီယတ်ကဗဲလီ တရားစခန်းဟာည်ရာဌာနဟာ ဝိပဿနာတရားသက်သက် အားထုတ်ရာ ဌာနမဟုတ်ပါ။ ဒီဌာနမှာ ခရစ်ယန်ဘုရားရှိခိုးကျောင်းလဲ ရှိပါသည်။ အမှန်တော့ ဒီဌာနဟာ ဘာသာတရား အမျိုးမျိုးတို့ကို လေ့လာရာ၊ သင်ယူရာ၊ သင်ကြားပေးရာ ဌာနဖြစ်ပါသည်။

ယခု ဝိပဿနာတရားစခန်းကို မက်ဆာချူးဆက်ပြည်နယ်၊ ဘယ်ရီဝိပဿနာ ဘာဝနာအသင်းမှ ကမ္မဋ္ဌာန်းဆရာများဖြစ်ကြတဲ့ ကျိုးဇက်ဂိုးလ်စတိန်း နှင့် ဂျက်ကော် (နှ်) ဖိုးလ် တို့က ဘာဝနာခံပြီး ၁၄-ရက်စခန်း ဖွင့်ခြင်းသာဖြစ်ပါသည်။

သူတို့က တာဝန်ခံပြီး စီမံအုပ်ချုပ်တာကိုမှ မဟာစည်အဖွဲ့က ကူညီပြီး ဟရားဟော တရားပြ တရားစစ်တဲ့ သဘောပါပဲ။ တရားပြ တရားစစ်တာကို တပည့်တော်တို့က တာဝန်ယူရပါသည်။ သူတို့က အဆင်ပြေအောင် ကူညီရပါသည်။

တပည့်တော်တို့က ဒီမှာ ၃-ရက်သာ ဆောင်ရွက်ပြီး ဆန်ဖရဲစစ်ကိုကို ခရီးဆက်ကြရပါမည်။ ကျန်တဲ့ ၃-ရက်ကို သူတို့က ဆက်လက်ပြီး လုံးဝတာဝန်ယူ ဆောင်ရွက်သွားကြပါမည်။

ဒီမှာ ယောဂီ လူမျိုးစုံ ၁၄၀-ခန့်ရှိပါသည်။မြန်မာကတော့ နယူးယောက်က ဒေါ်တင်လှိုင် တယောက်သာ ရှိပါသည်။ ယောဂီများလို့ တပည့်တော်ချည်း ညွှန်ကြားပြသဖို့ ငွေယ်တဲ့အတွက် ဆရာတော်ဘုရားကြီးက ဦးဇဂဂမေပါ ယောဂီ ၆၀-ကို တရားအစစ် ခိုင်းပါသည်။

ဒီ ၃-ရက်အတွင်းမှာ ယောဂီတိုင်း ဆရာတော်ဘုရားကြီးကို နိုးနိုးကပ်ကပ် ဖူးမြော်ပြီး လျှောက်လိုတာ လျှောက်ခွင့်ရအောင် ဆရာတော်ဘုရားကြီးထံ အစုလိုက် အလှည့်ကျ ပို့ပေးပါသည်။ ဦးသီလာနန္ဒနှင့် ဦးရေဇတမမှတို့က ဘာသာပြန်အဖြစ် ဆောင်ရွက်ကြပါသည်။ ဆရာတော်ဘုရားကြီးအား မေးမြန်းလျှောက်ထားကြတာကို ရုပ်မြင်သံကြားလဲ ရိုက်ယူထားကြပါသည်။

မေးမြန်းလျှောက်ထားနေကြစဉ်မှာ တပည့်တော်က တရား စစ်နေတာမို့ ဘာတွေမေး ဘာတွေဖြေတယ် မသိရပါ။သို့သော်လဲ မှတ်တမ်းတင်ထားသူ ဒကာဦးမြသိန်း၏ ပြောပြချက်အရ မေးခွန်း အချို့ကတော့-ဗုဒ္ဓမြတ်စွာဘုရားဟာ အိမ်ထောင်ပြုပြီးမှ တောထွက်တရားအားထုတ်လို့ ဘုရားဖြစ်တာဆိုတော့ တပည့်တော်တို့လဲ အိမ်ထောင်ပြုပြီးမှ တရားအားထုတ်လို့ ရပါသလား။ ဆင်းရဲငြိမ်းအောင် အစွဲအလမ်းကင်းရမည်ဆို ပါသည်၊နိဗ္ဗာန်လို့ချင်တာကော အစွဲအလမ်းပဲမဟုတ်ပါလား။ မိမိကြိုက်နှစ်သက်တဲ့ တခြားဘာသာ အယူဝါဒမှတရားတွေကို အားထုတ်လျှင်ကော နိဗ္ဗာန်ရပါသလား။ အမေရိကန်တွေဟာ စိတ်ဆင်းရဲမှုအမျိုးမျိုးနဲ့ ကြုံတွေ့နေရပါတယ်။အဲဒီဆင်းရဲတွေ ငြိမ်းအောင် တရားအားထုတ်ပြန်တော့ ဒုက္ခဝေဒနာတွေ ပေါ်လာလို့ ဆင်းရဲရပြန်ပါတယ်။ ဘယ်လို လုပ်ရပါမလဲ စသည်များဖြစ်ပါသည်။

ဒီတရားစခန်းမှာ ဆရာတော်ဘုရားကြီး အင်္ဂလိပ်ဘာသာဖြင့် ဖတ်ပြီး အသံသွင်းယူလာတဲ့ ကက်ဆက်ခွေကိုဖွင့်၍ အလုပ်ပေးတရား နာယူစေပါသည်။ အလုပ်ပေးတရားမနာမီ ငါးပါးသီလ ခံယူစေပါသည်။ ဂ-ပါးသီလတော့ သူတို့ မဆောက်တည်နိုင်ကြပါ။

ဆရာတော်ဘုရားကြီး ညစဉ် အင်္ဂလိပ်စာအုပ် ဖတ်ပြီး တရားချီးမြှင့်ပါသည်။ နေ့လည် ၂-နာရီမှာ ကျိုက်ဇက်၊ ကျက်နှင့်


စာပည့်တော်တို့တရားဟောပါသည်။ ဂျိုးဇက်တို့ဆရာ အိန္ဒိယက မုနိန္ဒရလဲရှိနေတော့ သူလဲဟောပါသည်။ တပည့်တော်တို့ ဂျို ရှူ ဝါထ ရီး မော ညူး မင့် ခေါ် တဲ့ ကျောက်ဥယျာဉ်ကို သွားလေ့လာကြတဲ့နေ့မှာတော့ ဦးအဂ္ဂဓမ္မ ဟောပါသည်။

ဒီမှာယောဂီများ တကယ် လေးလေးစားစား အားထုတ်သူ နည်းပါသည်။အစမ်းသဘောအားထုတ်သူ အတော်ပါပါသည်။ အပန်းဖြေ **(Recreation)** အနေနှင့် လာသူတွေပင် ရှိပါသည်။ ယောဂီတယောက် တနေ့ နေစရိတ် စားစရိတ် ရေ မီး စရိတ်အပါအဝင် ဂ-ဒေါ်လာနှင့် ၂၅-ဆင့် (မြန်မာငွေ ၅၀-ကျပ်ခန့်) ပေးရသည်ဟု သိရပါသည်။ ညနေ ၅-နာရီ မှာ ကော်ဖီ လဘက်ရည် ပေါင်မုန့် ကျွေးရပါသည်။

ဒီတရားစခန်းမှာ တပည့်တော်တို့အတွက် နေ့ဆွမ်းကတော့ ဆွမ်းနှင့် ဆွမ်း ဟင်း ပါ ပဲ။ ဆွမ်း က ဆန် လုံး ညို၊ ဟင်း က အမေရိကန်တွေ ချက်တဲ့ အရွေ့တိုင်း ဟင်း၊ တရား စခန်းမှာ သက်သတ် လွတ် ဆို တော့ ဟင်းသီး ဟင်းရွက်တွေ ရော နှော ကျို ချက်၊ ဘာတွေမှန်းလဲ မသိ၊ ဘယ်လို ချက်မှန်းလဲ မသိ၊ ရေ လုံ ပြုတ် သဘောမျိုး ဖြစ်နေတာတော့ သိသည်။ ရုံခါ အရသာတွေ၊ ရုံခါ အရသာ မတွေ့၊ မျှတ အောင် သာ မျိုချလို့ရသမျှ မျိုချလိုက်ရပါသည်။

ဒုတိယတောင်ဘေးတံတား

ဒုတိယတံတားဆောက်ရာဒေသ ဒွိဇလှိုင်ကြိုဂြိုဟ်ငေးနှုန်းဖွံ့ဖြိုးလှုပ်ရှားကြိုဆိုယမ်းပွဲအခမ်းအနား



အချို့ပွဲမှာ ငှက်ပျောသီး၊ သစ်တော့သီး၊ ပန်းသီး လျော်သလို ကပ်ပါသည်။ ပန်းသီးကိုတော့ နေ့စဉ်ကပ်ပါသည်။တနေ့ ပန်းသီးတလုံး ကုန်အောင်စား၏ ကျလာတဲ့တာဝန်ကို မလစ်ဟင်းရအောင် ဂရုစိုက်ရပါသည်။ မုန့်ကတော့ ပါတဲ့အခါလဲရှိ၊ မပါတဲ့အခါလဲရှိသည်။

အရက်မှာတော့ ကော်ဖီ၊ ပေါင်မုန့်ညို၊ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ ကွေကာအုတ်ကျို၊ ဂျုံစေ့ပြုတ်၊ အွန်းမလက်၊ ငှက်ပျောသီး၊ သစ်တော့သီး၊ ပန်းသီး လျော်သလို ကပ်ကြပါသည်။ အရက်စာသင့်ပါသည်။

ဒီစခန်းမှာ လော့စိန်ဂျလိစ်မှ မြန်မာအမျိုးသား ဒေါက်တာတင်လှငွေဆိုသူ ရဟန်းခံပါသည်။ထမင်းချက် အမေရိကန်အမျိုးသမီးနှစ်ယောက် ဆံတိုသီလရှင်ဝတ်ပါသည်။ တန်ခူးလပြည့်နေ့နှင့် ကြုံကြိုက်၍ အမေရိကမှာ အစဉ်းဆုံး ဥပုသ်ကို ဒီယတ် က ဗဲလီမှာ ဆရာတော် ဘုရားကြီး ခေါင်းဆောင်တဲ့ သံဃာခြောက်ပါး သံဃဥပုသ် ပြုကြပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ ချမ်းမြေ့သာယာရှိပါစေ။

ယတ်ကဲ့လီတရားစခန်း

ကယ်လီဖိုးနီးယားပြည်နယ်

အမေရိကန်ပြည်ထောင်စု

၁၆၊၄၊၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ ဒီနေ့ ယတ်ကဲ့လီတရားစခန်း ၇-ရက်ပြည့်သွားပါပြီ။ တပည့်တော်များ နက်ဖြန်ဆိုလျှင် ဆန်ဖရန်စစ္စကိုမြို့ကို ခရီးဆက်ရပါမည်။

ဒီနေ့တပည့်တော်များ တရားစခန်းနှင့် ၁၅-မိုင်ဝေးတဲ့ ဒီကန္တာရထဲက အိမ်တအိမ်ကို ဆွမ်းစားသွားရပါသည်။အိမ်ရှင်က မစ္စရှ(သ်) ဒင်းနစ်ဆင် ဆိုသူ အဖွားကြီး ဖြစ်ပါသည်။ လောစိန်ဂျလိစ်တွင် သူ့ အိမ်ရှိပါလျက်နှင့် ဒီကန္တာရထဲမှာ အိမ်ဆောက်ပြီးလာနေခြင်းဖြစ်ပါသည်။ သူ့လိုပဲ ခပ်လှမ်းလှမ်း မြို့တွေက တတ်နိုင်တဲ့ လူတွေဟာ မြို့ပေါ်မှာ အိမ်တလုံး ဒီကန္တာရထဲမှာ အိမ်တလုံး ထားကြပါသည်။

ဒီကန္တာရထဲက အိမ်တွေကတော့ တလ နှစ်လ စသည် တိတ်တိတ်ဆိတ်ဆိတ် နားနားနေနေ အမောပြေ အပန်းဖြေ နေဖြစ်ရုံသာသာ အိမ်တွေပါပဲ။ အိမ်ကောင်းကောင်းတွေ မဟုတ်ပါ။ သို့သော်လဲ တော်တော်များပါသည်။ အဲဒီလူတွေ မြို့နဲ့ကန္တာရအိမ်ကို ကူးတဲ့အခါတချို့ကကိုယ်ပိုင်လေယာဉ်နှင့် လာကြပုံရပါသည်။ အိမ်တွေနားမှာ လေယာဉ်ကွင်း ခပ်သေးသေးနဲ့ နှစ်ယောက်စီး သုံးယောက်စီး ကိုယ်ပိုင် လေယာဉ်ကလေးတွေ အများအပြား တွေ့ရပါသည်။

ဒေါ်ဒင်းနှစ်ဆင်က ဂျာမန်လူမျိုး တရားသမားတဦးပါပဲ။ သူက အမေရိကန်တပြည်လုံးရော ဥရောပမှာပါ ၇-ရက်စခန်း ၁၀-ရက်စခန်းတွေဖွင့်ပြီး တရားပြနေသူကမ္မဋ္ဌာန်းဆရာမကြီးပါ။ မဟာစည်နည်းနဲ့ ဦးဘခင်နည်း ပေါင်းစပ်ပြီး တရားပြသည်ဟု ပြောပါသည်။ ယခု တပည့်တော်တို့ တရားစခန်းကို အိမ်ကနေ လာပြီး တရားလဲနာ တရားလဲအားထုတ်ပါသည်။

သူ့မြေထဲမှာ နေဖို့အိမ်တလုံး တရားအားထုတ်ဖို့ ခန်းမဆောင်တခု ဆောက်လုပ်ထားပါသည်။ ဆွမ်းကပ်ခါနီးတော့ အမေရိကန်တွေ ဆွမ်းခံတာကို ကြည့်ဖူး မြင်ဖူးကြစေချင်လို့ ဆွမ်းခံပြီးမှ ဆွမ်းဘုဉ်းပေးဖို့ပါဘုရား လို့ ကြိုတင် လျှောက်ထားတဲ့အတိုင်း ညှဉ်ခံရာ တရားဟောခန်းမမှ သူ့အိမ်ကို ဆွမ်းခံကြွကြရပါသည်။ ဆွမ်းခံပြီး တရားခန်းမ ပြန်ရောက်မှ ဆွမ်းဘုဉ်းပေးကြရပါသည်။ဆွမ်းစားပြီးတော့ ဆရာတော်ဘုရားကြီး

ကအခြိန်မကြာရအောင်“ဦးဇနက တရားတိုတို ဟောပေးလိုက်
ပါဦး”လို့ မိန့်တာနှင့် ဆွမ်းအနုမောဒနာနှင့် ဝိပဿနာကြီး
၁၅-မိနစ်လောက် တရားဟောပေးရပါသည်။

တရားစခန်းအပြန်မှာ နှစ် သန်းပေါင်း ၅၀၀ ကြာပြီဖြစ်တဲ့
စံအမျိုးမျိုးနဲ့ ကျောက်တောင် ကျောက်တုံးကြီးတွေ ရှိတဲ့
ကျောက်ဥယျာဉ်ကိုဝင်ပြီး ကြည့်ကြရပါသည်။ တရားစခန်းကို
၄-နာရီလောက် ပြန်ရောက်ပါသည်။

ညကျတော့ ဆရာတော်ဘုရားကြီး တရားအနည်းငယ်ချီးမြှင့်
ပြီး မေးခွန်းများကို ဖြေပေးရပါသည်။ တပည့်တော် ဘာသာ
ပြန်ပေးရပါသည်။ မေးခွန်းတွေအနက် အမေရိကန်မတယောက်
မေးတဲ့ မေးခွန်းတခုကတော့ “တပည့်တော်မ တရားအားထုတ်
တာ ၃-နှစ်ရှိသွားပါပြီ။ နေ့စဉ်အားထုတ်ပါသည်။ တပည့်
တော်မ ခင်ပွန်းသည်က တရားအားထုတ်တာ လုံးဝ မကြိုက်ပါ။
ဒါကြောင့် ခက်နေပါသည်။ သူ မကြိုက်ပေတဲ့ တပည့်တော်မက
တရားအားမထုတ်ပဲ မနေနိုင်ပါ။ ဒါကြောင့် မိသားစုကို စွန့်ပြီး
တရားကိုပဲ အားထုတ်ရမလား၊ ဒါမှမဟုတ် ခင်ပွန်းသည်
မကြိုက်တဲ့ ဒီတရားအားထုတ်မှုကိုပဲ လက်လွှတ်လိုက်ရမလား။
ဘယ်လိုလုပ်သင့်ပါသလဲ” ဟု ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးဖြေလိုက်တဲ့ အဖြေကိုတော့ တွေးလို့သာ
ကြည့်ပါတော့ ဘုရား။

သင်္ဃဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ဦးဝင်္ကဇဓဇာဘိဝံသ ဂဠုဒကလဒ္ဓ ဒုစ္ဆဝဏ္ဏလဒ္ဓိပ္ပသာဒနိဿိတ



ဆန်ဖရံစစ္စကိုမြို့
ကယ်လီဖိုးနီးယားပြည်
အမေရိကန်ပြည်ထောင်စု
၁၉၊၄၊၇၉

ဆရာတော်ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ ၁၇-ရက်နေ့ နံနက်က ကမ္မဋ္ဌာန်းဆရာများ၊ ယောဂီများနှင့် ဝေယျာဝစ္စ ဆောင်သူများကို ဆရာတော်ဘုရားကြီး ဆုံးမ ဩဝါဒ ပေးပြီးတော့ ယတ်ကဗဲလီ တရားစခန်းမှ ပါး(မ်) စပရင်း (Palm Spring) မြို့သို့ လေယာဉ်စီးရန် ထွက်ခွာခဲ့ကြပါသည်။ မထွက်ခွာမီ ယောဂီများ၏ လျှောက်ထာ ချက်အရ အားလုံး ဆွမ်းခံခဲ့ကြရပါသေးသည်။ ယောဂီများက အထိမ်း အမှတ်ဆွမ်း လောင်းကြပါသည်။

ပါး(မ်)စပရင်းမြို့အသွား လမ်းတလျှောက်လုံးသဲဟင်္ဂဏာရကို ဖြတ်မောင်းရပါသည်။ သဲကန္တာရ ဆိုသော်လဲ သစ်ပင် လုံးဝ မရှိတဲ့ကန္တာရတော့ မဟုတ်ပါ။ သစ်ပင်ငယ်ချုံငယ်များတော့ အနည်းအကျဉ်း တွေ့ရပါသည်။ ရုံဖန်ရုံခါ တောင်ကြားကို ဖြတ်ခဲ့ရဝါလဲ ရှိပါသည်။ တရားစခန်းမှ လှမ်းမြင်ရတဲ့ ရေခဲတောင်ကိုလဲ အနီးမှ ကြည့်ခဲ့ရပါသည်။ ရုံဖန်ရုံခါ မကြီးမားလှတဲ့ သဲမုန်တိုင်းများကိုလဲ ဖြတ်မောင်းခဲ့ရပါသည်။ တနေရာမှာ ကားတစီး လမ်းဘေးကျပြီး သဲတွေ ဘီးမြုပ်အောင် ဖုံးနေတာကို

တွေ့ရပါသည်။ သဲမုန်တိုင်း ထန်နေစဉ် ဖြတ်မောင်းမိရာက လမ်းဘေးချော်ကျပြီး သဲအဖုံးခံရတာ ဖြစ်ပုံရပါသည်။ လမ်းတလျှောက်လုံး ပတ်ဝန်းကျင်ကတော့ ခြောက်သွေ့လှပါသည်။ သို့သော်လည်း ရာသီက မပူမအေးမို့ ခရီးသွားရတာ မဆိုးလှပါ။

လမ်းမှာ တွေ့ရတဲ့ အိမ်များ၊ အဆောက်အအုံများမှာ ဒေသနှင့် လိုက်လျောအောင် နိမ့်နိမ့်ကလေးတွေ ဆောက်ထားတာ တွေ့ရပါသည်။ တချို့မှာ ဝပ်ဝပ်ကလေးတွေတောင် ဖြစ်နေပါသည်။သို့သော်လဲ ပုံစံတွေကတော့ အလွန်ခေတ်ဆန်ပါသည်။ ခေတ်ဆန်လွန်းတော့ တချို့များ ကိုးယိုးကားယားပုံစံတွေတောင် ဖြစ်နေပါသည်။ တချို့တော့လဲ ကြည့်ကောင်းပါသည်။

ပါး(မ်)စပရင်းမြို့ကို ၁၀-နာရီလောက်မှာ ရောက်ပါသည်။ ကား ၁-နာရီလောက် မောင်းရပါသည်။ ပါး(မ်) စပရင်း သည်မင် သဲကန္တာရမြို့ဖြစ်ပါသည်။ သို့သော်လဲသန့်ရှင်းသပ်ရပ်ပါသည်။ သာယာပါသည်။မြို့ကို ကြည့်လှအောင် အကွက်ရိုက်ပြီး ပြင်ဆင်ထားပါသည်။ သစ်ပင်ပန်းပင်များ ဖြစ်အောင် စိုက်ပျိုးထားပါသည်။ပန်းခြံများ လဲရှိပါသည်။ ချမ်းသာတဲ့နိုင်ငံဆိုတော့ သဲကန္တာရမြို့ကိုတောင်မှ သာယာတင့်တယ် နေချင်စဖွယ် ဖြစ်အောင် ဖန်တီးနိုင်ကြပါသည်။

ပါး(မ်) စပရင်းရဲ့ အလှဟာ ကျော်ကြားသည်ဟု ပြောကြပါသည်။ ဟုတ်ပုံရပါသည်။ လေဆိပ်မှာပင် အတော်စည်ကား

ပါသည်။ကား‌တွေ များလွန်းလို့ ကားရပ်ဖို့နေရာကိုပင် အတော်ရှာယူပြီး ကပ်သီးကပ်သတ် ရပ်ရပါသည်။

လေဆိပ်ခန်းမထဲမှာပင် နေ့ဆွမ်းကပ်လို့ ဘုဉ်းပေးကြရပါသည်။ ၁၁-နာရီ မိနစ် ၅၀-မှာ အဲယားကယ်လီဖိုးနီးယားလေယာဉ်ဖြင့် ဆန်ဖရ‌ံစစ္စကိုမြို့သို့ ထွက်ခဲ့ကြပါသည်။ နေ့ ၁-နာရီမှာ ဆန်ဖရ‌ံစစ္စကို လေဆိပ်သို့ ရောက်ပါသည်။ ထုံးစံအတိုင်း ထေရ်စဉ်ဝါလိုက် ဆရာတော်ဘုရားကြီးက စပြီး လေယာဉ်မှ ဆင်းပါသည်။ ဆရာတော်ဘုရားကြီး နောက်က ဦးသီလာနန္ဒ၊ တပည့်တော်၊ ဦးရေဝတဓမ္မ၊ ဦးကေလာသ၊ ဦးအဂ္ဂဓမ္မ၊ဦးမြသိန်းတို့ အစဉ်အတိုင်းဆင်းကြပါသည်။ လိုက်ပြီး ပျံစုစောင့်ရှောက်သူ အမေရိကန်ဒကာ မိုက်ကယ်လဲ ပါပါသည်။

လေယာဉ်က ထွက်လို့ လေခါးထိပ် ရပ်မိလျှင်ပဲ ထူးဆန်းတဲ့ အသံတခုကို ကြားလိုက်ရတော့ အံ့အားသင့်ပြီး ငုံ့ထားတဲ့ခေါင်းဟာ အလိုအလျောက် မော့မိလျက်သား ဖြစ်သွားပါသည်။အလို ကြံကြီးစီရာ ဘယ်နယ်ဟာပါလိမ့်။ထူးထူးဆန်းဆန်း ဒီတိုင်းပြည်မှာ ဒီအသံ။ တကယ်ကြားတာမှ ဟုတ်ရဲ့လား။ ကိုယ့်နားကိုပင် ကိုယ်မယုံနိုင်။ ပိုသေချာအောင် နားထောင်ကြည့်သည်။ အသံက အဲဆက်မပြတ်။ ကျယ်လောင်သည်၊ သာယာသည် လို့ကော ဆိုရမလား မသိ။ အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။ လေဆိပ်အဆောက်အအုံရဲ့ ပြင်ဘက်နားမှာ မြန်မာတချို့နဲ့ အမေရိကန်တချို့ ရပ်လျက်လေယာဉ်

ဆီကို လှမ်းကြည့်နေကြသည်။ဟော....တွေ့ပါပြီ၊ အရပ်ရှည်ရှည်၊ မုတ်ဆိတ်ဖားဖားနှင့် အမေရိကန်သားတယောက်၊ခေါင်းခပ်မော့ မော့ထားပြီး သူ့ပါးစပ်မှာ ခရုသင်းကြိုးတပ်ကာ တအားမှုတ်နေ တာပါကလား။

ခရုသင်းနှင့် အမေရိကန်ပြည်၊ ယခင်က ဘယ်လိုမှ ဆက်စပ် မကြည့်မိ။ အစပ်တည့်သည်လို့လဲ မထင်ခဲ့။ သို့သော် မြင်ကွန်း မင်းသားကြီး မာတ်ပုံကို စိတ်ထဲမှာ ပြေးမြင်မိတော့မှ အနောက် တိုင်း ဘောင်းဘီ၊ ကုတ်အင်္ကျီနဲ့ အရှေ့တိုင်း ခေါင်းပေါင်းမှ ပေါင်းစပ်လို့ရယင် အမေရိကန်နဲ့ ခရုသင်း ပေါင်းသင်းဆက်စပ် မဟပ်မိပဲ ဘယ်မှာရှိပါ့မလဲ။

အမှန်တော့ ဘယ်အသုံးအဆောင်ကို ဘယ်အရပ် ဘယ်ဒေသ ဘယ်နေရာမှာမှ သုံးရမည်လို့ သဘာဝဥပဒေ ကန့်သတ် တားမြစ် ချက်တွေမှ မရှိပါပဲ။ ယူလဲသူသုံးချင်တဲ့နေရာမှာ သူသုံးချင်တာ သုံး၊ ကိုယ်လဲပဲ ထို့အတူ။သို့သော်လဲ မိမိ သူတပါး နှစ်ဦးသား ဘယ်သူ့မျှားမှ မထိပါးမိအောင်တော့ သတိဆောင်ရပါမည်။

အဆိုပါ ခရုသင်းသံကား ကျေးငှားတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကို ဆန်ဖရဲစစ္စကိုမှ ကြိုဆိုသံပင် ဖြစ်ပါ သည်။

ပန်းခင်းသောလမ်းကို နင်းကာ လေဆိပ် အဆောက်အအုံ အတွင်းသို့ ဝင်ခဲ့ကြရပါသည်။ကြိုဆိုသူ မြန်မာရော အမေရိကန် ပါ အတော်လေးတော့ များပါသည်။ ကိုယ့်လူ သူ့လူရောနှော

နေတော့ အရေအတွက်ကို ခန့်မှန်းလို့ မရပါ။ လေဆိပ် အဆောက်အအုံအတွင်းမှာ ရှိနေကြတဲ့ နိုင်ငံခြားသားအားလုံး တပည့်တော်တို့ဆီကို မျက်နှာမူကာ အထူးအဆန်း သဖွယ် ကြည့်နေကြပါသည်။

ဆိုဖာတွေပေါ် အားလုံး ထိုင်မိကြတော့ ဆရာတော်ဘုရား ကြီးမှ စပြီး သံဃာစေ့ တပါးပြီးတပါး ရိုရိုသေသေလေးလေး စားစား တည်ခြင်း ငါးပါးနှင့် ညီညွတ်အောင် အေးအေးဆေးဆေး ဦးချနေတဲ့ ဖြူဖြူပုပု လူရွယ်ကို သေသေချာချာ ကြည့်နေမိပါသည်။ သူဦးချနေစဉ် ပတ်ဝန်းကျင်ကို လုံးဝ ဂရုမထား၊ မေ့လို့မျှားနေလေသလား မသိပါ။ မြန်မာပြည်မှ ထွက်ခွာလာခဲ့တဲ့ တရုတ်မြန်မာ ကပြားလား၊ တရုတ်အစစ်လား၊ ဂျပန်လား၊ စိတ်ဝင်စားစွာနှင့် စူးစမ်းနေမိပါသည်။သေချာသည့် အဖြေကား ပေါ်မလာပါ။ မေးကြည့်တော့မှ မြန်မာပြည်ကို လုံးဝ မရောက်ဖူးတဲ့ တရုတ်ဒကာကလေး ဖြစ်နေပါသည်။

ဒီဒကာကို စိတ်ဝင်စားနေတုန်း ရုတ်တရက် ဒကာမကြီး တယောက် ရှေ့မှာလာထိုင်ပြီး ဦးချလိုက်ကာ "စိန်စိန်ရီက အရှင်ဘုရား ပါလာမယ်လို့ စာရေးလိုက်ပါတယ် ဘုရား။ စိန်စိန်ရီက တပည့်တော်တို့တူမပါ"လို့ လျှောက်ပါသည်။ဒီဒကာမ ကြီးကို တခါမျှတွေ့လဲမတွေ့ဘူးပါ။ဘယ်လိုလုပ်ပြီး ငါဘယ်သူ ဆိုတာ သူသိပါလိမ့်မလဲလို့ စဉ်းစားနေမိပါသည်။

တပည့်တော်စိတ်က သူဘယ်လိုသိပါလိမ့် ဆိုတဲ့ အချက် ပေါ်မှာ အာရုံစိုက်နေတော့ သူနောက်ထပ်ဘာတွေလျှောက်

လို့ တပည့်တော်က ဘာတွေပြောမိတယ်ဆိုတာ မမှတ်မိတော့ပါ။ ခဏကြာမှ လက်ထဲမှာ ကိုင်ထားတဲ့ ယပ်တောင်ရဲ့ လက်ချက်မှန်းစဉ်းစားမိပါတော့သည်။

တပည့်ဘော်တို့ ရန်ကုန်က ထွက်ခါနီး ဒေါက်ကြွေမမှာရုံမှာ ဆရာတော်ဘုရားကြီး အကန်တော့ခံတဲ့အခါ တပည့်တော့် လက်ထဲမှာ ကိုင်ထားတဲ့ တပည့်တော် နှစ်သက်သည့်အတိုင်း ဘာစာမှ မပါပဲ တပည့်တဦးက အဝတ်အုပ်ပြီး ချုပ်လှုံလိုက်တဲ့ ယပ်တောင်ကို သဒ္ဓါထူးလုတဲ့ ဒကာတဦးက ဖျတ်ကနဲ လာယူဘဲပြီး "အားလုံး တညီတညီးဖြစ်အောင် ဒီယပ်တောင်ကို အလှူခံပါဘုရား" လို့ လျှောက်ကာ ဘဲ့ဆတွဘာတွေ စာတမ်းသိုးထားတဲ့ ယပ်တောင်ကြီး လာလှူတော့ ပရိသတ်ထဲမှ အောင်သက်သက်နဲ့ ယူဆားလိုက်ရပါသည်။ စာပါတာကို လုံးဝ မနှစ်သက်ပါ၊ ကြောင်တောင်တောင်နိုင်သည်လို့ ယူဆပါသည်။ ဦးသီလာနန္ဒလဲ မနှစ်သက်ပါ။ ကိုယ်လှူချင်တာကိုချည်း မကြည့်သင့်၊ အယင် လှူထားသူရဲ့ သဒ္ဓါတရားနှင့် အလှူခံပုဂ္ဂိုလ်ရဲ့ ဆန္ဒကိုလဲ ကြည့်သင့်ကြောင်း သဘောပေါက်ဟန် မတူပါ။

လေဆိပ်မှ မြို့ထဲရှိ တည်းခိုအိမ်သို့ ရောက်ရန် ကား အတော်ကြာ မောင်းရပါသည်။ ၁၅-မိုင်ခန့် ရှိသည်ဟု ကားမောင်းသူ ဒကာ ဦးထိန်ဝင်းက လျှောက်ပါသည်။ တည်းခိုအိမ်ပိုင်ရှင် ဒကာမကြီးကား တရုတ်လဲ မဟုတ်၊ ကုလားလဲမဟုတ်၊ မြန်မာလဲမဟုတ်၊ ဖိလစ်ပိုင်နိုင်ငံသူ ဖြစ်ပါသည်။ မမျှော်လင့်တာ တွေ့ရ

ပြန်ပါသည်။ သူကား ဒေါက်တာ ဆတ်ကား၏သမီး မစ္စရီနာ ဆတ်ကားထံ တရားအားထုတ်သူ ဖြစ်၍ သဒ္ဓါပေါက်ကာ သူ့အိမ်ကို ကျောင်းအဖြစ် လှူထားခြင်း ဖြစ်ပါသည်။

အမေရိကန်တွင် မြန်မာ အများဆုံးနေတဲ့ မြို့ဟာ ဆန်ဖရဲ့စစ္စကိုမြို့ ဖြစ်ကြောင်း ရှေးကပင် သိဖူးဗွေတ်ဖူးခဲ့ပါသည်။ ယခုကား ကိုယ်တွေ့ဖြစ်ပါတော့သည်။ တည်းခိုအိမ် ရောက်တော့ များပြားလှစွာသော မြန်မာ ဒကာ ဒကာမများ ဆရာတော်ဘုရားကြီးကို လာရောက်ဖူးမြော်ကြပါသည်။ ဆန်ဖရဲ့စစ္စကိုမြို့ပေါ်နှင့် အနီးပတ်ဝန်းကျင်တွင် မြန်မာလူဦးရေ ၁၀၀၀-အောက်မလျှော့ဟု ဆိုပါသည်။

မြန်မာ မိသားစုများဟာ မြန်မာသံဃာတော်များကို တွေ့ရမြင်ရတော့ အလွန် ပျော်ကြ ဝမ်းသာကြပါသည်။ အထူးသဖြင့် ဆရာတော်ဘုရားကြီးကို ဖူးမြော်ကြရတာ အထူး ဝမ်းသာကြပါသည်။ ၁၃၄၀-ခုနှစ် တဝါတွင်းလုံးလဲ တောင်ပုလုဆရာတော်ဘုရားကြီးကို ဖူးမြော်ကြရ လှူဒါန်းပူဇော်ကြရလို့ ဝမ်းသာခဲ့ကြရ ပျော်ခဲ့ကြရကြောင်း လျှောက်ကြပါသည်။ ရှင်ပြုခဲ့ကြ ရဟန်းပြုခဲ့ကြသည်။ ယခု တပည့်တော်တို့ ဆန်ဖရဲ့စစ္စကိုမှာ နေရတဲ့အချိန်တာက ၃-ရက်မျှသာဖြစ်တော့ ရှင်ပြုချင် ရဟန်းပြုချင်သူများမှာ ပြုခွင့်မသာ ဖြစ်ကြရပါသည်။


သို့သော်လဲ တပျော်တပါး ဆွမ်းကပ်လှူမှုကိုသိုလ်ကိုတော့ယူကြ ရကြပါသည်။ အားလုံး စုပေါင်း ဆွမ်းကပ်ကြရာ မြန်မာဆွမ်းဟင်းတွေစားပွဲပေါ်တွင်တင်၍မဆံ့ အောင်ပင်ဖြစ်ပါသည်။

နေ့ဆွမ်းတနပ်ကိုတော့ စားသောက်ဆိုင်ပိုင်ရှင် အမေရိကန် ဗုဒ္ဓဘာသာဝင်တဦးက သူ့ဆိုင်မှာပင့်၍ ကပ်ပါသည်။သူ့ဆိုင်၏ အမည်မှာ "တကယ် ကံကောင်းတဲ့ စားသောက်ဆိုင်" (Real Good Kamma Restaurant) ဖြစ်ပါသည်။ ဆိုင်အမည်က ရှင်သလောက် အသက်သုံးဆယ်ထက် ပိုပုံမရသေးတဲ့ ဆိုင်ရှင် ကလဲ ရှင်လှပါသည်။ သူ့နာမည်ကား ကြားရသူ မပြုံးပဲ မနေနိုင်အောင်ပင်သာ၍ ရှင်လှပါသည်။ဆွမ်းစားကြွရန် သူ့ကားနှင့် လာပင့်စဉ်က သူ့နာမည်ကို မေးကြည့်ရာ (Great Turkey) "မဟာကြက်ဆင်" ဟု အင်္ဂလိပ်လိုရော မြန်မာလိုပါ ဖြေလိုက်သဖြင့် ထင်ထင်ရှားရှားပင် ပြုံးမိရုံမက Great Turkeyဆိုတဲ့ စကားလုံးကို သုံးခါလောက် ထပ်ရွတ်လိုက်မိပါသည်။ ဒီနာမည်ကို သူတကယ်ပင် သုံးစွဲကြောင်း သိရပါသည်။ ဆန်ဖရုံစစ္စကိုလေဆိပ်မှာ ခရီသင်းကို အားပါးတရ မှုတ်ခဲ့သူမှာလဲ မဟာကြက်ဆင်ပင် ဖြစ်ပါသည်။မဟာကြက်ဆင်၏ နာမည်ရင်းကား မစ္စတာ ဘရု (Mr. Bruce) ဖြစ်ပါသည်။

"တကယ် ကံကောင်းဘဲ့ စားသောက်ဆိုင်" ပိုင်ရှင် "မဟာကြက်ဆင်"က အမည်ရောလူပါ ရှင်သလောက် သူ့ကားမှာတော့ မပြင်မသတဲ့အတွက် အမြင်မလှပဲ မရှင်ရတဲ့ မိုက်ကရိုဘတ်စ် အစုတ်ကြီး ဖြစ်နေပါသည်။ တနည်းဆိုရလျှင် သံခွေးတက်နေတဲ့ အပိန်အရုံ့ကားစုတ်ကြီးကို မဟာကြက်ဆင် စီးနေတာကပင် ,ပကာသန လောကကြီးကို သရော်နေသည့်ပမာ ဟာသဆန်လှပါသည် ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ဒုတိယတပ်ဆင်ခြင်းအဆင့်တွင် ပြောင်းပြန်ပြုလုပ်ခြင်းဖြင့် ပြန်လည်တပ်ဆင်ပါ။ ပြဿနာဖြေရှင်းခြင်းအပိုင်းတွင် ပြဿနာဖြေရှင်းခြင်းအကြောင်း ကြည့်ပါ။



ဆန်ဖရုံစက်ကို မြို့
ကယ်လိုဖိုးနိုးယားပြည်နယ်
အမေရိကန်ပြည်ထောင်စု
၂၀၁၄၊ ၇၉

ဒကာကြီး ဒကာမကြီး မိသားစုသို့....

မေတ္တာဖြင့် သိစေပါသည်။ ဦပဥ္စင်းတို့ ပြည် ၁၇-ရက်နေ့က ဆန်ဖရုံစက်ကို မြို့ကို ရောက်ပါသည်။ မြို့ထဲက ဖိလစ်ပိုင်သူ ဒကာမကြီးတယောက်ရဲ့ အိမ်ကို တည်းခိုဖို့ လှူထားလို့ အဲဒီမှာ တည်းခိုရပါသည်။

ဒီ ဆန်ဖရုံစက်မှာ ၃-ရက်သာ အချိန်ရလို့ တရားစခန်း မဖွင့်နိုင်ပါ။ ရောက်တဲ့နေ့ ည ဆရာတော်ဘုရားကြီး ယဉ်ကျေးမှု ရိပ်မြုံ(Cultural Integration Fellowship)မှာ နှုတ်ဆက် တရား ဟောပါသည်။ ဦးပဥ္စင်း ဘာသာပြန်ပါသည်။နောက်ည နှစ်ညမှာတော့ အသင့်ပုံနှိပ်ယူလာတဲ့ အင်္ဂလိပ်စာအုပ်ကိုဖတ်ပြီး တရားချီးမြှင့်ပါသည်။ တရားပွဲပြီးတိုင်း ၁၅-မိနစ်၊ မိနစ် ၃၀ တရားထိုင်စေပါသည်။ ပရိသတ် ၁၅၀-၂၀၀ခန့် ရှိပါသည်။ အရှေ့တိုင်းသားရော အနောက်တိုင်းသားပါ လူမျိုးစုံ ပါဝင်ပါသည်။ မြန်မာတဝက်လောက် ပါမည် ထင်ပါသည်။

အမေရိကန်ပြည်မှာ ဆန်ဖရဲံစစ္စကိုဟာ အရှေ့တိုင်းသားအများဆုံးနေတဲ့မြို့လို့ ဆိုပါသည်။ တရုတ်၊ ဂျပန်၊ ကိုရီးယန်း၊ အင်ဒိုနီးရှန်း၊ ဖိလိပီနို၊ မြန်မာ၊ ကုလား စသည်ဖြင့် စုံလှပါသည်။ တရုတ်က အများဆုံး ဖြစ်ပါသည်။ ကမ္ဘာ့မြို့ကြီးတိုင်းမှာ တရုတ်တန်း ၁-တန်းရှိသည်ဟု သိရပါသည်။ သို့သော်လဲ ဒီဆန်ဖရဲံစစ္စကိုမှာတော့ တရုတ်တန်းကြီး၊ တရုတ်တန်းလေးလို့ တရုတ်တန်း နှစ်ခုတောင် ရှိပါသည်။

မြန်မာပြည်မှာ နေဖူးတဲ့ တရုတ်များ၊ တရုတ်မြန်မာ ကပြားများကတော့ ဒီဆန်ဖရဲံစစ္စကို တရုတ်တန်းမှာလဲ အချင်းချင်း မြန်မာစကားပဲ အပြောများသည်ဟု သိရပါသည်။ မြန်မာပြည်ကို လွမ်းသည်ဟုလဲ ပြောကြပါသည်။

နိုင်ငံခြားရောက် မြန်မာများမှာ ဗုဒ္ဓဘာသာဝင် မြန်မာတို့ရဲ့ သဘာဝအတိုင်း (နိုင်ငံရပ်ခြားတွင် စားဝတ်နေရေး ဘယ်လိုပင် ပြည့်စုံနေသော်လဲ) အစားထိုးမရတဲ့ ဆာလောင် မွတ်သိပ်မှု တခုကတော့ သူတို့မှာ ရှိနေပါသည်။ အဲဒါကတော့ တခြားမဟုတ်ပါ။ "ရတနာ ဆာကြခြင်းပင်" ဖြစ်ပါသည်။ အထူးသဖြင့် သံဃာရတနာကို ဆာနေကြပါသည်။

ရဟန်းသံဃာကို ဖူးမြော်လိုကြသည်၊ ရင်းရင်းနှီးနှီးဆည်းကပ်လို့ကြသည်။ သံဃာတော်များအထံမှာ သီလ ဆောက်တည်လိုကြ၊ ဒါနပြုလိုကြသည်။ အနည်းဆုံး အိမ်ပင့်၍ ဆွမ်းကပ်ကာ နှစ်သက်ကြည်နူးမှုကိုရယူလိုကြသည်။ဘုရားတရားနှင့်ပတ်သက်ဟဲ့

တရားစကား နာကြားလိုကြသည်။ မသိတာ၊ သံသယ မရှင်း တာလေးတွေ မေးမြန်းလျှောက်ထားလိုကြသည်။ မိသားစုကိစ္စ၊ လူမှုသမ္မကိစ္စတွေနဲ့ အမြဲတစေ ပူလောင်ရွပ်ပွေနေတဲ့ စိတ်ကို တခါတရံမှာ အခိုက်အတန့်ကလေးပဲဖြစ်ဖြစ်. ဒီအရှုပ်တွေနဲ့ ဝေးရာ ကျောင်းကန်ဘုရားသွားပြီး ရှင်းလိုက်ချင်ကြသည်။ အေးမြတဲ့ 'ရတနာရိပ်မှာ' ခွေးသိပ်အောင် တမှေးတမိုတ် ကလေးဖြစ်ဖြစ် ဒေးရိပ်ကို ခိုလိုက်ချင်ကြသည်။

သို့သော် ဒီနိုင်ငံရပ်ခြားမှာ ဒီအခွင့်အရေးတွေ သူတို့ မရှိ နိုင်ကြ၊ ဆုံးရှုံးနေကြရသည်။ ဒီတော့ ရတနာဆာမြဲပဲ ဆာနေ ကြရသည်။

သီဟိုဠ် ယိုးဒယား လူမျိုးခြားဘုန်းကြီးများ တပါးစ နှစ် ပါးစဆိုသလို ရှိသော်လဲ အမျိုးတူသံဃာကို အာရုံပြုရ သလောက် အားရကျေနပ်မှု မရှိကြ။ စကားပြောတာပင် မိခင်ဘာသာမဟုတ်တဲ့ ကြားဘာသာစကားကို အသုံးပြုနေ ရတော့ အားမရကြ။ ကိုယ့်မြန်မာဘုန်းကြီးနှင့် ဆိုလျှင် မြန်မာ စကားနဲ့ အားရပါးရ လျှောက်ထားပြောဆို လိုက်ရတော့ စကားအရသာအပြည့်မို့ ကြည်နူးမှုလဲရှိရသည်။

သူတို့မှာ ဒါတွေ ဟာနေ၍ အဆာမပြေကြရတော့ ဒုက္ခကြီး တခုဖြစ်နေသည်။ နောက်ဆုံးအနေနဲ့ လူသေလို့မှ သရဏာဂုံ တင်ပေးမည့်ဘုန်းကြီး မရှိ။ ဒကာမကြီးတယောက်က "တပည့်

တော်တော့ ဘုန်းကြီးမရှိတဲ့ တိုင်းပြည်မှာ ခေါင်းချသည်အထိ တော့ ဘယ်တော့မှ မနေနိုင်ဘူးဘုရ့ဲ" လို့ 'ဆာလောင်စိတ်နဲ့' လျှောက်ပါသည်။ သို့သော် သူ ဘယ်တော့မှသေမည်လို့ သူ ဘယ်လို သိပါ့မလဲ။

ဇီဝိတံ ဗျာဓိ ကာလော စ၊ ဒေဟနိက္ခေပနံ ဂတိ။
ပဠွေတေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ။

(၁) ဘယ်အချိန်အထိ အသက်ရှင်နေရမည်ဆိုတာ၊ (၂) ဘာရောဂါနဲ့ သေရမည်ဆိုတာ၊ (၃) နေ့၊ ည ဘယ်အချိန်ကာလမှာ သေရမည်ဆိုတာ၊ (၄) ဘယ်နိုင်ငံ ဘယ်မြို့ ဘယ်ရွာ ဘယ်ဒေသမှာ ကိုယ့် အလောင်းကို ပစ်ချစွန့်ထားရမည် ဆိုတာ၊ (၅) ဘယ်ဘုံဘဝ လားရောက်ရမည်ဆိုတာကိုသာမန်လူဘယ်သူမျှ မသိနိုင်ကြဘူးဆိုတဲ့ ကျမ်းဂန်လာစကားကိုသိထားလျှင် ဒီစကားကို ဒီဒကာမကြီး လျှောက်ထားမည်မဟုတ်ပါ။

သူတို့ရဲ့ ဆာလောင်မှုဟာ တဏှာဆာ မဟုတ်၊ သဒ္ဓါဆာသာ ဖြစ်ပါသည်။ ဒါကြောင့် ကိုးကွယ်ဖို့ရာ ဘုန်းကြီးတပါး ချီးမြှင့်ပေးသနားဘော်မူပါလို့ ဆရာတော် ဘုရားကြီး အားလျှောက်ထားတော့ ဝါရှင်တန်ရောက်မှ ကြည့်စီစဉ်ပေးမည်လို့ မိန့်ကြားခဲ့ပါသည်။ ရေဆာနေသော ကန္တာရခရီးသည်များအတော်လှမ်းလှမ်းမှ စိမ်းစိုစို အိုအေစစ်ကို မသဲမကွဲ မြင်နေရသလို ပိုပြီး ဆာနေကြလိမ့်မည် ထင်ပါသည်။

ဆန်ဖရဲစစ္စကိုမှ မြန်မာများမှာ ဒီ 'ရုတနာဆာမှမှ' တပါး တခြား အားလုံး အဆင်ပြေကြပါသည်။

ဆန်ဖရဲစစ္စကိုမြို့ဟာ အမေရိကန်ပြည်ရဲ့ အနောက်ဘက် ကမ်းခြေမှ ပစိဖိတ်သမုဒ္ဒရာထဲကို ကမ်းရိုးတန်းနှင့် မျဉ်းပြိုင် ရှည်လျားစွာ ထိုးထွက်နေတဲ့ ကျွန်းဆွယ်ပေါ်မှာ တည်ထားတဲ့ မြို့ ဖြစ်ပါသည်။ မနိမ့်မမြင့် တောင်ကုန်း ၉-ခုပေါ်မှာ တည် ထားတာဖြစ်လို့ မြို့တွင်းလမ်းတွေဟာ တောင်ကုန်းတခုပေါ် တက်လိုက်၊ ပြန်ဆင်းလိုက်၊ နောက်တခု ပြန်တက်လိုက်နှင့် ဆင်ခြေလျှော အတက်အဆင်းလမ်းတွေပဲ များပါသည်။အတက် အဆင်း မဟုတ်ပဲ တပြေးတည်းညီလမ်း နည်းပါသည်။

မြို့တွင်းတနေရာမှာ အတော်မတ်မတ် တက်ရတဲ့ တောင်ကုန်း တက် လမ်းတခု **(Lombard Street)** ကို တဖြောင့်တည်း မဖောက်ပဲ အချိတ်ကြောင်းလို ကွေ့ကွေ့ ကောက်ကောက် **(Zigzag)** အနေအထား ဖောက်ထားကာ အကောက်များထဲ တွင် ရောင်စုံပန်းများစိုက်ထားရာ အတော် ကြည့်ကောင်းပါ သည်။ ကတ်သီးကတ်သတ် စိတ်ကူးယဉ်တတ်တဲ့ မြို့တော် အငျငနယာပင။

ဒီလမ်းကို ကားဖြင့်တက်ရသည့်အခါ နောက်များ ပက်လက် လန်ကျလိုက်မလားဟဲ့လို့ ရင်တဖိုဖိုဖြစ်ရသလို ပြန်ဆင်းတဲ့အခါ မှာလဲ ကားရောလူပါ ဘယ်နေရာမှာဒလိမ့်ခေါက်ကွေးကျသွား

မလဲလို့ အသဲတထိတ်ထိတ် ခံစားရပါသည်။ ဒါကြောင့် ဒီလမ်း
ကို "သဲထိတ်ရင်ဖိုလမ်း" လို့ အမည်ပေးဖို့ သင့်ပါသည်။

သို့သော်လဲ အဆင်းမှာ အသဲမထိတ်လို့သူများ လမ်းဘေးရှိ
တိုက်ခေါင်မိုးများပေါ်မှ မိုးပျံပန်းခြံကလေးများရဲ့ ကြည်နူး
ချမ်းမြေ့ဖွယ် သဘာဝကို ကြည့်ရှုသွားလျှင်တော့· အသဲထိတ်
စရာမရှိ၊ ကြည်နူးနှစ်သိမ့်မှုအပြည့်ဖြင့် မသိမသာ တောင်ကုန်း
ခြေသို့ ရောက်သွားပါတော့သည်။

လမ်းတွေက အဖုအထစ် အခုံးအခွက် မရှိ၊ ညီညာချောမွေ့
လှပါသည်။ လမ်းတော်တော်စုံစုံ ရောက်ခဲ့ရရာ ဘယ်လမ်းမှာမှ
အမှိုက်တပင် စက္ကူတစ မတွေ့ရ။ ပလက်ဖောင်းပေါ်တွင် ဖုံကို
ပင် မမြင်ရ။ အလွန် သန့်ရှင်းလှပါသည်။

တိုက်တာအိမ်ယာများမှာ မြို့လယ်ရှိ ရုံးများ၊ ဟော်တယ်
များ စတဲ့ အများနှင့် သက်ဆိုင်သည့် အဆောက်အအုံများကို
သာလျှင် မြင့်မြင့်မားမား ဆောက်ထားကြပါသည်။ တခြား
လူနေတိုက်တွေမှာ နှစ်ထပ် သုံးထပ် တိုက်တွေသာ များပါ
သည်။ သုံးထပ်ထက်မြင့်တဲ့ တိုက်များ ရှိသော်လဲ အချိုးအစား
အရဆိုလျှင် အလွန် နည်းပါသည်။

ဒါကြောင့် တမြို့လုံးမှာ တောင်ခြေ တောင်စောင်း
တောင်ထိပ်တို့မှာ အနှံ့အပြား အနိမ့်အမြင့် အကြီးအသေး
တညီတညာတည်းနီးပါး မစိပ်မကျဲ ဆောက်ထားပြီး သုတ်ဆေး

ရောင် အနုကို အများဆုံး သုံးထားကြတဲ့ တိုက်များဟာ အဝေးကြည့် အနီးကြည့် နှစ်မျိုးလုံးမှာပင် ပသာဒ ရှိလှပါသည်။ ဒီအထဲ နွေဦးရာသီမို့ အိမ်တိုင်း အိမ်တိုင်းမှ ပန်းရောင်စုံတွေကလဲ အပွင့်တွေ ဝေနေကြတော့ ဆန်ဖရုံစစ္စကိုမြို့ဟာ လှချင်တိုင်း လှနေပါသည်။ အမေရိကန်မှာ အလှဆုံးမြို့လို့ အဆိုရှိပါသည်။

သို့သော် [Twin Peaks] ခေါ်တဲ့ မြို့ကို စီးကြည့်ရတဲ့ အမြင့်ဆုံးတောင်ထိပ် နှစ်ခုကနေပြီး ကြည့်လျှင်တော့ ရောင်စုံပန်းပွင့်တွေက ပွင့်ဖတ်တွေကို ချွေပြီး ဖြန့်ကြဲထားတာနှင့်တူပါသည်။ ဦးသီလာနန္ဒကတော့ ပန်းကန်ဝေရိုက်ခဲ့ပြီး ဖြန့်ကြဲထားသလိုပဲလို့ ပမာပြုပါသည်။

ရာသီဥတုကလဲ ပစိဖိတ်သမုဒ္ဒရာရဲ့ ကျေးဇူးကြောင့်ထင်ပါသည်၊ အပူအအေး မပြင်းထန်လှ၊ မျှတသည်လို့ ဆိုရမည်ထင်ပါသည်။ ဆောင်းအခါမှာ ဖာရင်ဟိုက်ဒီဂရီ ၅၀-နှင့် ၆၀-အကြားမှာရှိပြီး နွေအခါမှာ ၆၀-နှင့် ၇၀-အကြားမှာရှိသည်ဟု သိရပါသည်။ သို့သော်လဲ ပစိဖိတ်လေအေးကတော့ တခါတရံ အသားထဲစိမ့်ဝင်သွားအောင် ကစားကျစယ်တတ်ပါသည်။ တနှစ်ပတ်လုံး လေမျှားသည်ဟု ဆိုပါသည်။

ဦးပဉ္စင်းတို့ ရောက်နေချိန်မှာ ဆောင်းကိုလွန်စ နွေဦးစရာသီမို့ အအေးဓာတ်က အတန်ငယ် ကြွင်းကျန်နေပါသေးသည်။ လေမတိုက်တဲ့အခါ နေကောင်းရုံမျှသာ ရှိပါသည်။

သင်္ဘာဝါမှန်သရွေ့၊ တ'ကူးတွေ၊ ချမ်းမြေ့သာယာ ရှိပါစေး

ဆရာတော် ဦးကုသလဘုရား....

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။။ တပည့်တော်တို့ ၂၀၊၄၊၇၉ နေ့ ညနေ ၄း၃၀ နာရီမှာ အမေရိကန်ပြည် အရှေ့ဘက်ကမ်းခြေရှိ အမေရိကန်ရဲ့မြို့တော် ၀ါရှင်တန်ဒီစီသို့ ရောက်ပါသည်။ ၀ါရှင်တန်အကြောင်း မရေးမီ ဆန်ဖရန်စစ္စကိုမြို့ မှ စိတ်၀င်စားဖွယ် အနည်းငယ်ကို ရေးပါဦးမည်။

ဆန် ဖရန်စစ္စကိုမှာ ဒကာ ဒကာမများ စီစဉ်ထားချက်အရ တရားအလုပ် ညမှာသာရှိတော့ နေ့ပိုင်းမှာ အားပါသည်။ ဒါကြောင့် ဒကာများက ရောက်သင့်တဲ့နေရာများ ရောက်ရအောင် လိုက်ပို့ကြပါသည်။ ဦးထိန်၀င်း၊ ဦးနိုင်မင်း၊ ကိုတင်၀၊ မစ္စတာ ဒေးဗစ်နှင့် အမေရိကန် အမျိုးသမီးကလေး တယောက်တို့က ဂရုတစိုက် လိုက်ပို့ကြပါသည်။ ဦးနိုင်မင်း ကတော့ အပို့ရဆုံး ဖြစ်ပါသည်။

ပထမဆုံး ဆန်ဖရန်စစ္စကို တမြို့လုံးကို စီးပြီး မြင့်ရတဲ့ ပေ ၉၀၀—စီ မြင့်တဲ့ အမ္မာညီနောင် တောင်နှစ်လုံး (Twin Peaks) ကို ပို့ပါသည်။တောင်ထိပ်မှနေ၍ တမြို့လုံးလောက်နီး

ပါး မြင်ရရုံမျှမက အနောက်မြောက်ဆီက ဂိုလ်ဒင်းဂိတ်တံတားအရှေ့ဘက်က ညကွလံဘေး တံတားနှင့် ညကွလံမြို့တို့ကိုပါတွေ့မြင်ရပါသည်။

ဆန်ဖရန်စစ္စကိုမြို့ တွင် အမြင့်ဆုံးနေရာ ဖြစ်တဲ့ အတွက် လေအတိုက် ကြမ်းလိုက်သည်မှာ တောင်ထိပ်မှ တောင်အောက်ကို လွှင့်ကျသွားတော့မလား အောက်မေ့ရသည်။ခြုံသက်နှံး၊ ကော်ဖီ၊ သင်းပိုင်၊ အားလုံးကိုပင် လက်နှင့် အတင်းဖိကိုင်ထားရပါသည်။ ဒီအထဲ မိုးက ခပ်ဖွဲဖွဲကျနေသေးသည်။ နောက်ခံမြင်ကွင်း ကောင်းလို့ဆိုပြီး ဦးထိန်ဝင်းနှင့် ဦးနိုင်မင်းတို့က ဓာတ်ပုံ ရိုက်လိုက်ကြပါ့သေးသည်။

ဆန်ဖရန်စစ္စကိုတွင် ဂိုးလ်ဒင်းဂိတ်တံတားနှင့် ညကွလံဘေး တံတားကြီးနှစ်ခုလဲ မှတ်သားလောက်ပါသည်။ ဂိုးလ်ဒင်းဂိတ် **(Golden Gate)** တံတားမှာ ဆန်ဖရန်စစ္စကိုနှင့် ဆောဆလီတို့မြို့အကြား ပေ ၄၂၀၀ ကျယ်တဲ့ ပင်လယ်ကွေ့ကို ကမ်းဖြတ်ဘက်စီတွင် တိုင်တတိုင်စီသာစိုက်ပြီး ကြီးမားလှတဲ့သံမဏိကြိုးကြီး သွယ်တန်းကာ ဆောက်လုပ်ထားတဲ့ ရောမ ကြိုးတံတားကြီး ဖြစ်ပါသည်။ ကြိုးတန်းရမည့် အကွာအဝေးကကျယ်လှ၍ တိုင်ကြီးတွေကိုလဲ အမြင့်ကြီးတွေ စိုက်ထူထားရပါသည်။တိုင်ကြီးနှစ်တိုင်ရဲ့အမြင့်ဟာ ရေပြင်မှ အထက် ၇၄၆ ပေမြင့်၍ အထပ် ၇၀-ရှိတဲ့ မိုးထိတိုက်ကြီးတွေရဲ့အမြင့်နှင့် ညီမျှသည်ဟု ဆိုပါသည်။ သံ တန်ချိန်တသိန်း အသုံးပြုရပြီး

မိုင် ၂၀-ရှည်တဲ့ ရထားတစင်းနဲ့ တင်မှနိုင်မည့် အလေးချိန်ရှိသည်ဟု သိရပါသည်။

တံတားပေါ်မှာ ကားသွားလမ်းအကျယ်ဟာ ပေ ၆၀-ရှိပြီး အသွားလမ်း သုံးသွယ်၊ အပြန်လမ်း သုံးသွယ် ခွဲထားပါသည်။ ဘေးတဘက်စီမှာ ၁၀-ပေခွဲကျယ်တဲ့ လူသွားလမ်းလဲ ရှိပါသေးသည်။ ဒီတံတားကို ၁၉၃၇-ခုနှစ်က ဆောက်လုပ်ပြီးစီးရာ ဒေါ်လာ ၃၅-သန်း ကုန်ကျသည်ဟု သိရပါသည်။ တံတားအစွန်းနှစ်ဘက်ရဲ့ အကွာအဝေးဟာ နှစ်မိုင်နီးပါးမျှရှိတော့ အနီးကပ်ကြည့်လျှင် အံ့မခန်းအောင် ကြီးမား ခန့်ညားသလောက် အဝေးကနေကြည့်လျှင် ပြောစမှတ် ပြုရလောက်အောင်ပင် ကြည့်ကောင်းလှပါသည်။

ဥက္ကလံဘေး တံတားကြီးမှာ (Okland Bay Bridge) ဆန်ဖရံစစ္စကိုမြို့မှ ဥက္ကလံမြို့သို့ကူးသော တံတားဖြစ်ပါသည်။ ၈-မိုင်ခွဲမျှ ရှည်လျားရှိ ကားသွားလမ်း နှစ်ထပ်ရှိပါသည်။ အထက်ထပ် ကားလမ်းမှာ ကားကလေးများ သွားဘို့ဖြစ်ရှိ အောက်ထပ်ကားလမ်းမှာ .ထရပ်ကား၊ ဘတ်(စ်)ကား၊လော်ရီကားစသော ကားကြီးများ သွားဘို့ ဖြစ်ပါသည်၊ ဒီတံတားလဲ ၁၉၃၇-ခုနှစ်က ပြီးစီး၍ ဒေါ်လာ သန်းပေါင်း ၈၀-ကုန်ကျသည်ဟု သိရပါသည်။ ဒီတံတားပေါ်ကဖြတ်သွားလျှင် ဥက္ကလံမြို့နှင့် နာမည်ကျော် ဘာကလေး (Berkeley) ယူနီဗာစီတီတို့ကို ရောက်ပါသည်။

ဆန်ဖရဲစစ်ကိုမြို့မှ ဥက္ကလံမြို့သို့ မြေအောက်အမြန်ရထား ဖြင့်လဲသွားနိုင်ပါသည်။ ဒီရထားက ဆန်ဖရဲစစ်ကို ပင်လယ် ကွေ့ရေပြင်အောက်မှ ဖြတ်လျက် ဥက္ကလံမြို့သို့ သယ်ဆောင် ပေးပါသည်။ ဒီရထားကို အတိုကောက် ဘာတ် (BART) ဟု ခေါ်ပါသည်။ အရှည်ကတော့ Bay Area Rapid Transit ဟုခေါ်ပါသည်။ ကွန်ပြူတာရထားလို့လဲ ခေါ်ကြပါသည်။ အကြောင်းကတော့ ဒီရထားမှာ မောင်းသူမပါပဲ သူ့အလိုအလျောက် ကွန်ပြူတာစနစ်ဖြင့် သွားတာဖြစ်လို့ ပါပဲ။ နောက်ဆုံးတွဲမှာ တံခါး အဖွင့်အပိတ် ဆောင်ရွက်ရန် လူတယောက်သာ ပါပါသည်။

လက်မှတ် ရောင်းသူ လဲစက်၊ အကြွေ အမ်းသူကလဲ စက်၊ လက်မှတ် စစ်သူကလဲ စက်၊ ဒီရထားမှာ ပြုဘွယ်ကိစ္စမှန်သမျှ အားလုံးကို စက်နှင့်ချည်းပြုလုပ်သွားပါသည်။ လက်မှတ်ဝယ်လို သူဟာ ဘူတာတွင် မိမိသွားလိုသည့် ဘူတာနာမည် ရေးထားတဲ့ လက်မှတ်ပေါက်မှာ ပိုက်ဆံကို ထည့်လိုက်လျှင် လက်မှတ် တစောင် ထွက်လာပါသည်။အကြွေအမ်းရမည်ဖြစ်လျှင် ကျသင့် တဲ့အကြွေကို စက်ကပြန်အမ်းပါသည်။ လိုနေလျှင် လက်မှတ် ထွက်မလာပဲ ထည့်လိုက်တဲ့ပိုက်ဆံပဲ ပြန်ထွက်လာပါသည်။ ငွေ စက္ကူကို ခေါင်းဘက်က မထည့်ပဲ ပန်းဘက်က ထည့်လျှင်လဲ စက်ကလက်မခံပဲ ပြန်အနှုတ်လိုက်ပါသည်။ လက်မှတ်ဝယ်ယူ သွား လျှင် ဘူတာမှအထွက် လမ်းမှာ လက်မှတ်စစ်စက်တွင် လက် မှတ်ကို ထည့်လိုက်ရပါသည်။ လက်မှတ်မမှန်လျှင် စက်က

လမ်းကို ကန့်လန့်ဖြတ် တားထားတဲ့ အတားကို ဖွင့်မပေးပါ။ လက်မှတ်မှန်မှ ဖွင့်ပေးပါသည်။

ဒီရထားဟာ ဆန်ဖရဲ့စစ္စကိုမြို့တွင်း ခရီးအစဉ်တာကစပြီး မြေအောက်ကချည်း သွားပါသည်။မြေအောက်မှာ ရထားလမ်း အထက်အောက် နှစ်ထပ်ဖောက်ထဲားပါသည်။ ရထားနှစ်စင်း တချိန်တည်းသွားနိုင်ပါသည်။ ရထားက ကျယ်ပြန့် သန့်ရှင်း သပ်ရပ်ပါသည်။ ဥမင်လမ်းကလဲ အမှိုက်သရိုက် အနံ့အသက် မရှိ၊ သန့်ရှင်းပါသည်။

ဆန်ဖရဲ့စစ္စကိုရဲ့ အထိမ်းအမှတ်များတွင် ကြိုးဆွဲ ကား (Cable Car) လဲ ပါဝင်ပါသည်။စက်နဲ့လဲ မသွား၊ကောင်း ကင်ခာတ်ကြိုးနဲ့လဲ မသွားပဲ မြေထဲမှာ တနာရီ ၁၂-မိုင် နှုန်းနဲ့ရွေ့လျားနေတဲ့ သံမဏိကြိုးရဲ့ဆွဲအားနဲ့ သွားသည်ဟုသိ ရပါသည်။ ဒီယာဉ်မျိုး ဆန်ဖရဲ့စစ္စကိုမှာသာ ရှိသည်ထင်ပါ သည်။ ဒီယာဉ်ကို ၁၈၇၃-ခုနှစ်မှာ တီထွင်ပြီး စတင် အသုံး ပြုခဲ့ကြောင်း သိရပါသည်။

ဘာသာရေးအနေနဲ့ကတော့ အမေရိကမှာ ဆန်ဖရဲ့စစ္စကို အပါအဝင်ဖြစ်တဲ့ ကယ်လီဖိုးနီးယားပြည်နယ်ဟာ လူမျိုးအစုံ ဆုံး ဘာသာဝါဒအစုံဆုံး ဖြစ်ပါသည်။ ဒီပြည်နယ်က လူတွေ ဟာ ကိုယ်ကိုရော စိတ်ကိုပါ အလွတ်လပ်ဆုံး အပွင့်လင်းဆုံး ထားကြတဲ့လူတွေဖြစ်လို့ ပတ်ဝန်းကျင်ကို ငဲ့နေစရာ မလိုပဲ ကိုယ်နှစ်သက်သလို ဝတ်ကြ စားကြ နေကြ ထိုင်ကြ ယုံကြည်

ကိုးကွယ်ကြတာဆိုတော့ ဘာသာအယူဝါဒ မျိုးစုံပါသည်။ ယမန်နှစ်ဇက်တင်ဘာလမှာ လူကိုးရာကျော်ကို သေစေတဲ့ ဂျင်းဂျုမ်းရဲ့ အယူဝါဒဟာလဲ ဒီဆန်ဖရဲစစ္စကိုမှာ စတင် ထွန်းကားခဲ့တာပါပဲ။

ဗုဒ္ဓသာသနာတော်အနေနဲ့လဲ တဖြေးဖြေးတိုးတက်လာဘို့ အလားအလာတွေ ရှိပါသည်။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုး တွေ့များတော့ စည်းစည်းရုံးရုံးကလေး အချိန်ရသမျှဆောင်ရွက် ကြယင် တိုးတက်လာမှာပါပဲ။ ဒီအထဲမှာ မစ္စ ရီနာဆာကားဟာ ဦးစီး ဦးဆောင်ပြုလုပ်နိုင်မည့်ပုဂ္ဂိုလ်လို့ မြင်ပါသည်။ တက္ကသိုလ် မှာ စာပြနေသူဖြစ်လို့ တပည့်တွေရှိပါသည်။ ရုံဖန်ရုံခါ တရား လဲ ပြသပေးတော့ တရားတပည့်တွေ၊ လေးစားသူတွေလဲ ရှိပါ သည်။ အရည်းအချင်းရော စိတ်နေစိတ်ထားပါ တော်သူ ဟု အကဲခတ်လို့ ရပါသည်။

ဆန်ဖရဲစစ္စကို ရာသီဥတုမှာ တပည့်တော်တို့ ရောက်နေချိန် တွင် ကြည်လင်နေတာက များပါသည်။ ရုံဖန်ရုံခါလောက် သာ မိုးသေးမိုးဖွဲ အနည်းငယ် ကျပါသည်။ ညအခါမှာတော့ အတော်လေး နှင်းကျပါသေးသည်။

ခြုံ၍ကြည့်လျှင် ဆန်ဖရဲစစ္စကိုမြို့သည် နေချင်စဖွယ် မြို့ ဖြစ်ပါသည်။ သို့သော်လဲ ငလျင်ကြောက်၍ မကြာခဏ ငလျင် လှုပ်တတ်ပါသည်။ ဆန်ဖရဲစစ္စကိုနှင့် လော့စိန်ဂျလိစ် အပါ

အဝင် ကယ်လီဖိုးနီးယား ကမ်းရိုးတန်း တလျှောက်လုံးဟာ တနေ့နေ့မှာ ငလျင်ဒဏ်ကြောင့် အားလုံး ကွဲအက် ပြုတ်ကျကာ ပစိဖိတ်သမုဒ္ဒရာထဲတွင် မြုပ်သွားလိမ့်မည်ဟု သိပ္ပံပညာရှင် များက ဟောကိန်းထုတ်ထားကြောင်း သိရပါသည်။ သိပ္ပံပညာရှင်တို့၏ ဟောကိန်း မှန်စေဦးတော့ နှစ်ပေါင်း သန်းချီ၍ ကြာပြီးမှ ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။ အဲဒီလိုမဖြစ်မီ နှစ်ပေါင်း များစွာတော့ နေချင့်စဖွယ် ရှိနေဦးမည်သာ ဖြစ်သည်။

နေချင့်စဖွယ်ရှိလှတဲ့ မြို့တော် ဆန်ဖရဲက ထွက်ခွာဘို့ရာ ဧပြီ ၂၀-ရက်နေ့ နံနက် အရုဏ်စာစားပြီးတော့ လေဆိပ်သို့ ထွက်ခဲ့ကြပါသည်။ လေဆိပ်သို့ ဦးထိန်ဝင်း၊ ဦးနိုင်မင်း၊ ဒေါက်တာတင်ဝ၊ ဦးချစ်ထွန်း ဇနီးမောင်နှံ၊ ဒေးဗစ်ဝေါင်၊ မစ္စ ရီနာဆာကားနှင့် ကျောင်းအမကြီး လီတာလိပတ် စသူတို့ လိုက်ပို့ကြပါသည်။ လူရွှင်တော် မဟာကြက်ဆင်ကား မပါ မပြီးသူ ဖြစ်ပါသည်။တခြား အမေရိကန် အမျိုးသား အမျိုးသမီး များလဲ လိုက်ပို့ကြပါသည်။ သည်မြန်မာ အမေရိကန် ဒကာ ဒကာမတွေဟာ မဟာစည်အဖွဲ့ကို ဘာမှမလိုရအောင် ပြုစု စောင့်ရှောက်ကာ သာသနာပြန့်ပွားရေးကို စွမ်းနိုင်သမျှ အား ပေးကူညီကြသူများဖြစ်ရာ သူတို့ကျေးဇူးကား ကြီးမားလှပါ သည်။

နံနက် ဂး၅၀ နာရီတွင် ဆန်ဖရဲလေဆိပ်မှ လေယာဉ်ထွက် ခွာလာပါသည်။ အရှေ့ဘက်ကမ်းခြေဝါရှင်တန် မြို့တော်သို့

ဦးတည် ပျံသန်းခဲ့ပါသည်။ သည်တခါစီးရသည်မှာ တီဒဗလျူ
အေ (TWA) လေယာဉ်ဖြစ်ပါသည်။ လေယာဉ်ပေါ်တွင်
အုနောက်တိုင်းအစာကို နေ့ဆွမ်းအဖြစ် ကပ်ပါသည်။ လေယာဉ်
တိုင်းမှာကပ်ကြသည့် ပန်းသီးဖျော်ရေ (Apple Juice)၊ ဆဲ
ဗင်း(နှ်)အပ် (Seven Up) ၊ကိုကာကိုလာ (Coke) လိုရာကို
သောက်သုံးရပါသည်။ ဝါရှင်တန်အချိန် ညနေ ၄း၃၀ နာရီ
မှာ ဝါရှင်တန်မြို့တော် ဒါးလက်(စ်) (Dulles) လေဆိပ်သို့
ရောက်ပါသည်။ ဝါရှင်တန်က ဆန်ဖရန်စစ္စကိုထက် နေထွက်
၃-နာရီ စောပါသည်။

သံရုံးအတွင်းဝန်၊ဦးချစ်မြို့ငံ၊ ဦးထွန်းဝေ၊ ဦးဆွေတင်စသော
ဒကာ ဒကာမများနှင့် အမေရိကန်အသံ မြန်မာပိုင်း အစီအစဉ်
အဖွဲ့သားများ ကြိုဆိုနေသည်ကို တွေ့ရပါသည်။ ကွတ်အင်္ကျီ
အနက်အရှည်ကြီးတွေ၊ ခေါင်းစွပ်ကြီးတွေနှင့် ဝတ်ရုံနက် ဝန်
ကြီးနှစ်ဦးကိုလဲ အဝေးကတည်းက မြင်နေရပါသည်။ အနီး
ရောက်တော့ ဆရာတော်ဘုရားကြီးက အဲဒီဝတ်ရုံနက် နှစ်ဦးကို
ဘာလူမျိုးတွေပါလိမ့် ဆိုတဲ့သဟောနှင့် သေသေချာချာစူးစိုက်
ပြီးကြည့်ပါသည်။ ဝတ်ရုံနက် အောက်စပ်က သင်္ကန်းစပေါ်နေ
တာတွေ့ရမှ "သီဟိုဠ်ဘုန်းကြီးတွေပါဘုရား" လို့ လျှောက်
လိုက်ကြရပါသည်။

သူတို့မှာ ဝါရှင်တန်တွင် အနေကြာကြလို့ အလွန်ချမ်းရှာ
ကြဟန် တူပါသည်။ ဒါကြောင့် သင်္ကန်းထူထူပေါ်က ကွတ်

အင်္ကျီထူထူကြီးတွေ ထပ်ပြီးဝတ်ထားကြရသည် ထင်ပါသည်။ တပည့်တော်တို့ ဝါရှင်တန်မြေပေါ် အခုမှ ခြေချသူများကတော့ အတွင်းက သိုးမွေးကိုယ်ပတ်ပတ်ပြီး လေယာဉ်မောင်သက်နှံး ဝတ်ရုံထားတာနှင့်ပဲ အချမ်းလုံကြပါသည်။

ရာသီဥတုက အံ့ဆိုင်းမနေပဲ အတော်ကလေး သာယာကြည်လင်နေပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ဒုတိယကမ္ဘာ့ ဒုက္ခသည်များနှင့် ဒေသခံတစ်ရွာသားများ ပြုံးပြီးနေကြစဉ်

ဝါရှင်တန်မြို့တော်
အမေရိကန်ပြည်ထောင်စု

၂၅၊ ၄၊ ၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်များ ဝါရှင်တန်မှာ ၁၆-လမ်းက ဗုဒ္ဓဝိဟာရ **(Buddhist Vihara)** သီဟိုဠ်ကျောင်းနှင့် ဂျပန်ကျောင်းတွင် တည်းခိုရပါသည်။ သီဟိုဠ်ကျောင်းမှာ နာယကဆရာတော် ဒေါက်တာဒစ်(က်)ဝေလပိယာနန္ဒနှင့် လက်ထောက်ဘုန်းကြီး ဂုဏာရတနတို့ သီတင်းသုံးကြပါသည်။ သူတို့နှစ်ပါးလုံး လေဆိပ်ကို လာကြိုကြသူများဖြစ်ပါသည်။ ဒေါက်တာပိယာနန္ဒက ဝါရှင်တန်မှာ သီတင်းသုံးတာ ၁၀-နှစ်ကျော်ပြီဟု ပြောပါသည်။ နှစ်ပါးလုံး ဖော်ရွေကြပါသည်။ နှစ်ပါးလုံး စာပေဝါသနာရှိသူများဖြစ်ပြီး စွမ်းနိုင်သမျှ သာသနာပြုနေသူများဖြစ်ပါသည်။ ဒီ ဗုဒ္ဓဝိဟာရမှာ သဘောကျစရာ အကောင်းဆုံးကတော့ စာအုပ်စုံလှတဲ့ စာကြည့်တိုက် ထူထောင်ထားခြင်းပင်ဖြစ်ပါသည်။

တပည့်တော်များရောက်နေစဉ်မှာတော့ ကျောင်းရဲ့နေ့စဉ်အချိန်မှန် သာသနာ့လုပ်ငန်းမတွေ့ရပါ။ တနင်္ဂနွေနေ့မှာတော့ ဘုန်းတော်ကြီးက တနင်္ဂနွေဝတ်တက်ဝတ်ကပ် **(Sunday Service)**ဆိုပြီး အရပ်

ထဲက မြန်မာ၊ အမေရိကန်၊ သီဟိုဠ် ဒကာ ဒကာမများပါစုပြီး ဘုရားရှိခိုးကြ၊ ပရိတ်ရွတ်ကြ၊ ဓမ္မစကြာ စသည် ရွတ်ကြတာ တွေ့ရပါသည်။ ရံဖန်ရံခါတော့လဲ အနည်းအကျဉ်း တရား ထိုင်ကြပုံရပါသည်။ သီဟိုဠ် ဒကာဒကာမများ လာတာ သိပ် မတွေ့ရပါ။ဦးထွန်းဝေတို့လို မြန်မာ ဒကာဒကာမတွေကတော့ ဗုဒ္ဓဝိဟာရအတွက် အတော်ကလေး ဆောင်ရွက်ကြပါသည်။ ဗုဒ္ဓဝိဟာရ စာစောင်ထုတ်တာလဲ တွေ့ရပါသည်။

သီဟိုဠ်ဘုန်းကြီးတွေနဲ့တွေ့ပြီး သီဟိုဠ်စကား၊ ပါဠိစကား ပြောရပြန်တော့ အရသာတမျိုးရှိပါသည်။ သူတို့က ပါဠိစကား တော့ ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်ကြပါ။ အင်္ဂလိပ်စကား တော့ ကောင်းကောင်း ပြောတတ် ကြပါသည်။ ဒါကြောင့် သီဟိုဠ်၊ ပါဠိ၊ အင်္ဂလိပ် သုံးမျိုးရောပြီး ပါးစပ်ဆဲတွေ့ရာ ပြောကြရတာလဲ အရသာတမျိုး ရှိပါသည်။

ဂျပန်ကျောင်းမှာတော့ ကျောင်းထိုင် ဂျပန်ဘုန်းကြီးမရှိပါ။ ဂျပန်ကိုရင်ကြီးပဲ ရှိပါသည်။ ဒီ ဂျပန်ကိုရင်ကြီးက သီဟိုဠ် ကျောင်းမှာ ၅-နှစ်တိုင်တိုင်နေပြီး ဂျပန်ကျောင်းကို တည် ထောင်ခဲ့ကြောင်း သိရပါသည်။ ဂျပန်ဒကာမ ခပ်ရွယ်ရွယ် တယောက်လဲ ကျောင်းကိစ္စအဝဝကို စီမံနေတာ တွေ့ရပါ သည်။

ဂျပန်ကိုရောင်ကြီးကတော့ နေ့စဉ်နံနက်တကြိမ်၊ ညနေတကြိမ် ဘုရားရှိခိုးတာ တွေ့ရပါသည်။ နံနက်ရှိခိုးတာမှာတော့ ကိုရောင်ကြီးတပါးတည်း မဟာယာန အမိတာဘာဘုရားရဲ့နာမည်ကို စည်တိုတီးယင်း အကြိမ်ပေါင်းများစွာ ဂျပန်လိုရွတ်နေပါသည်။ တနာရီထက်မနည်း ကြာမည်ထင်ပါသည်။ ဘုရားခန်းထဲမှာ ရွတ်ပြီးတော့ ကျောင်းရှေ့မှာစိုက်ထားတဲ့ အထိမ်းအမှတ်တိုင်ကို လှည့်ပတ်ပြီး ဗုဒ္ဓတီးယင်း ရွတ်ပြန်ပါသည်။ တခါတရံတော့လဲ မြို့ထဲ လျှောက်ပြီး ရွတ်ပါသည်။ ညနေကျပြန်တော့ ဂျပန်ဒကာ ဒကာမတွေပါ လာပြီး စည်ကြီးရော စည်ကလေးပါ တီးယင်း ဘုရားရှိခိုးကြပါသည်။

သီဟိုဠ်ကျောင်းနဲ့ကပ်လျက် ဗီယက်နမ်မဟာယာနကျောင်းလဲ ရှိပါသည်။ ခရစ်ယန်ဘုရားရှိခိုးကျောင်းများလဲ ဒီလမ်းမှာတော်တော်တွေ့ရပါသည်။ ဒါကြောင့် ဒီလမ်းကို တပည့်တော်ကဘုရားလမ်းလို့ နာမည်ပေးထားပုံ့ပါသည်။

ဝါရှင်တန် နွေဦးရာသီက သာယာကြည်လင်တာ များပါသည်။ ရံဖန်ရံခါမိုးဖွဲ အနည်းငယ် ကျတတ်ပါသည်။ ဒါလဲခဏပါပဲ။ အအေးဓာတ်ကတော့ ရှိပါသေးသည်။ သက်နှံးခြုံထားရရုံမျှ နေကောင်းရုံမျှသာ အေးပါသည်။ (ဆောင်းတွင်းတုန်းကတော့ လမ်းပေါ်မှာ နှင်းခဲတွေ တောင်လိုပုံနေအောင် အေးသည် ဟု သိရပါသည်။လူတရပ်စာမျှမြင့်သည်အထိ နှင်းခဲထုကြီးရှိသည်ဟု ဆိုပါသည်။ ကိုယ့်အိမ်ရှေ့က လမ်းပေါ်မှ

နှင်းခဲထုကို ပေါက်ပြား ဂေါ်ပြားများနဲ့ ကိုယ်တိုင်ရှင်းဘို့ တာဝန်ယူကြရကြောင်းသိရပါသည်)ဒီဆောင်းကတော့ထူးထူးခြားခြား အအေးပိုတဲ့ဆောင်း လို့ ပြောကြပါသည်။

အခု နွေဦးရာသီမှာတော့ နေကောင်းရုံ သာယာရုံမျှ အေးတာမို့ အပွင့်သေးသေးနှင့် ပင်လုံးကျွတ် ဝေနေအောင်ပွင့်တဲ့ ချယ်ရီ၊ အဆုပ်အဆုပ်ပွင့်တဲ့ ချယ်ရီများလဲ တော်တော်တွေ့ရပါသည်။အိမ်တိုင်းအိမ်တိုင်းမှာ ဇော်ဗီယာ၊ ဒက်(ဂ်)ဝုဒ်၊ လီလီ စတဲ့ပန်းတွေကလဲ ပွင့်ကောင်းတုန်းအချိန်၊ အိမ်တွေကလဲ ပြတ်သိပ်မနေပဲ ခပ်ကျဲကျဲသာ ဆောက်ထားကြတော့ အိမ်တိုင်းလိုလိုမှာ ပန်းပင်ကလေးတွေ စိုက်နိုင်လောက်အောင် မြေနေရာ ရှိကြတာမို့ တခြား အမည်မသိတဲ့ ပန်းရောင်စုံတွေကလဲ ပွင့်ကြချိန်ဖြစ်လေတော့ မြို့တော် ဝါရှင်တန်ဟာ သာယာပါသည်။

သမတအိမ်ဖြူတော်မှာ သတင်းစာခန်းမ စတဲ့ ခန်းမတွေဘေးတလျှောက်မှာ စိုက်ထားတဲ့ လီလီခေါ်တဲ့ နှင်းပန်း ရောင်စုံတွေကတော့ အပြုစုကောင်းလို့ပဲလားမသိ အပွင့်ကလဲပိုကြီး၊ အရောင်ကလဲ ပိုစုံ၊ စိုပြေ လန်းဆန်းမှုကလဲ ပိုပြန်တော့ အိမ်ဖြူတော်နှင့် ပန်းအလှ အလွန် ပနံရလှပါသည်။(လီလီ **Lily** ကို နှင်းပန်းဟု ဘာသာပြန်တာ ငယ်ငယ်ကတည်းက မှတ်သားခဲ့ဘူးပါသည်။ ယခု အနောက်တိုင်းမှာ **Lily** လီလီလို့ခေါ်တဲ့ ပန်းများကတော့ မြန်မာပြည်မှ နှင်းပန်းနှင့် တယ်ပြီးမတူလှပါ။ ပဒုမ္မာကြာဥများ၊ ပွင့်စ ပဒုမ္မာကြာများနှင့် ပုံသဏ္ဌာန်ရောအရောင်အသွေးပါ အတော်တူပါသည်။)

ဝါရှင်တန်ဟာ အမေရိကန်ပြည်ထောင်စုအစိုးရ ရုံးစိုက်ရာ မြို့တော် ဖြစ်ပါသည်။ သမတအိမ်ဖြူတော်၊ ကွန်ဂရက်လွှတ်တော် စတဲ့ အစိုးရနှင့်သက်ဆိုင်သည့် အဆောက်အအုံကြီးများ ဖြင့် တင့်တယ် ခန့်ညားပါသည်။ကျော့(ဂျ်)ဝါရှင်တန် အထိမ်း အမှတ် ကျောက်တိုင်၊ လင်ကွန်း အထိမ်းအမှတ် အဆောက် အအုံ၊ဂျက်ဖာဆင် အထိမ်းအမှတ် အဆောက်အအုံတို့ဖြင့် ထင် ရှား ကျော်ကြားပါသည်။ အဆောက်အအုံ ပုံသဏ္ဌာန် ထူးခြား သလောက် သမတနှစ်ဆင်ကြောင့် ကမ္ဘာကျော်ကာ သမိုင်း မှတ်တိုင်တခု ဖြစ်သွားရတဲ့ ဝါးတားဂိတ်ဟော်တယ်ကလဲ သူ့ အနီး ရောက်သွားတိုင်း မော့မကြည့်ပဲ မနေနိုင်အောင် ဆွဲဆောင်မှု ရှိလှပါသည်။

တနေ့က လင်ကွန်းအထိမ်းအမှတ် အဆောက်အအုံကို သွားကြတဲ့အခါမှာ ကားရပ်ဖို့ရာ နေရာမရှိတော့လို့ စေတနာ ကောင်းလှတဲ့ လိုက်ပို့သူ ဒကာဦးသောင်းခင်က တပည့်တော် တို့ အဆောက်အအုံထဲ ဝင်ကြည့်နေခိုက်မှာ ကားကို ၂-မိုင် လောက်ရှိတဲ့ နေရာတဝိုက်မှာဝိုင်းကြီးပတ်ပတ်ဆိုသလို တပတ် ပြီးတပတ် လှည့်ပတ်မောင်းနေရပါသည်။ ရပ်ဖို့ သတ်မှတ်ထား တဲ့နေရာမှတပါး တခြားနေရာမှာရပ်လျှင် ရဲကလာပြီး သိန်းထိ လက်မှတ် ချိုးမြှင့်သွားတတ်ပါသည်။ ဒီလက်မှတ် ရလိုက်လျှင် ၅-ဒေါ်လာမှ ၂၅-ဒေါ်လာအထိ သက်ဆိုင်ရာကို သွားပြီး တိုင်းပြည်အတွက် လှူဒါန်းလိုက်ရပါသည်။

ဂျက်ဖာဆင် အထိမ်းအမှတ်ကို သွားစဉ်ကလဲ ကားရပ်ဖို့ နေရာထင်ပြီး လိုက်ပို့သူ ဒကာဦးသန်းလွင်က ရပ်ဖို့ပြင်နေခိုက် ရပ်ထားတဲ့ကား ၃-စီးရဲ့ရှေ့မှန်မှာ သိန်းထီလက်မှတ်ကလေး တွေ ဝင့်ကြွားစွာ ကပ်ထားတာကို တွေ့လိုက်ရတော့မှ အသာ နောက်ဆုတ်ကာ နေရာရွှေ့ခဲ့ရပါသည်။ ဆန်ဖရံစစ္စကိုမှာ ဘပည့်တော်တို့ တခါ ထိပေါက်ခဲ့ဘူးပါသည်။ ဦးနိုင်မင်းက ဆန်ဖရံစစ္စကိုမြို့တခြမ်းပတ်ပြီး ဆောဆလီတို့ မြို့ကလေးကို သွားတဲ့ အပျော်စီးသဘော်ကလေးနဲ့ လိုက်ပို့တော့သူ့ကားကို ဆိပ်ကမ်းက ကားရပ်တဲ့နေရာမှာ ရပ်ထားခဲ့ပါသည်။ အပြန် ကျတော့ ကားရှေ့မှန်မှာ ထီလက်မှတ်က နှုတ်ဆက်ဖို့ အသင့် ကြိုနေပါသည်။ ရပ်ရမည့်အချိန်ထက် ကျော်လွန်ပြီး ရပ်ထား လို့ သိန်းဆု ခြိုးမြှင့်ခြင်း ဖြစ်ပါသည်။ သူတို့ဆီမှာ ကားတွေက များတော့ ကားရပ်ဖို့နေရာ ရှာရတာ ရောမဒုက္ခကြီးတခု ဖြစ် နေပါသည်။

အဆောက်အအုံများကို ဝါရှင်တန်ကျောက်တိုင်ထက် ပိုမြင့် အောင် မဆောက်ရလို့ ဥပဒေနှင့် သတ်မှတ်ပေးထားသဖြင့် အရပ်ဆိုးလောက်အောင် မြင့်လှတဲ့ အဆောက်အအုံကို ဝါရှင် တန်မှာ မတွေ့ရပါ။ မစိပ်မကျဆောက်ထားတဲ့ တိုက်တာအိမ် ယာတွေဟာ ခေတ်မီ သပ်ရပ်သန့်ရှင်းသလောက် လမ်းတွေ ကလဲ ကျယ်ပြန့် သန့်ရှင်းပါသည်။ သို့သော်လဲ တချို့နေရာမှာ သစ်ရွက်ခြောက်နှင့် အမှိုက်သရိုက်များကို အနည်းအပါး တွေ့ ရ၍ ဆန်ဖရံစစ္စကို၏ သန့်ရှင်းမှုကိုတော့ မမှီပါ။

ဝါရှင်တန်နှင့် တစပ်တည်းဖြစ်နေတဲ့ ဘက်သီစဒါရှိ ချယ်ရီမြို့ငယ်လမ်းမှာမူ လမ်းဘေး တဖက်စီတွင် စိုက်ထားသည့် ချယ်ရီပင်ကြီးများက လမ်းပေါ်တွင် အကိုင်းအခက်ချင်းယှက်ကာ ပန်းပေါင်းမိုးကြီးသဖွယ် တလမ်းလုံး အုပ်မိုးထားသဖြင့် လှချင်တိုင်း လှနေပါသည်။

ဝါရှင်တန်မှာ ရောက်သင့်ရောက်ရာများကိုလဲ ရုံဖန်ရုံခါ ဦးသောင်းခင်၊ ဦးကျော်အေးနှင့် ဦးသန်းလွင်တို့က လိုက်ပို့ကြပါသည်။ ရုံဖန်ရုံခါတော့ ဦးထွန်းဝေက လိုက်ပို့ပါသည်။ ဗဟုသုတဖြစ်စရာ ပြတိုက်များကိုလဲ ရောက်ခဲ့ရပါသည်။ သို့သော်လဲ အယင်က ရောက်ဖူးပြီး ပြတိုက်များနှင့် သိပ်ပြီးမခြားနားလှပါ။

စမစ်ဆိုနီယမ်ပြတိုက်မှာတော့ အာကာသယာဉ် အမျိုးမျိုး ပြထားတာကို တွေ့မြင်ရလို့ အနည်းငယ် ထူးခြားပါသည်။ ဆန်ဖရဲစစ္စကိုမှာတုန်းက ကိုက်တန်(၁)၊ တိုက်တန်(၂) စတဲ့ ဒုံးပျံများနှင့် အာကာသယာဉ်မျိုးများရဲ့ ဝတ်စုံများ၊ ကြိုယာတန်ဆာပလာများကိုသာ တွေ့ခဲ့ရပါသည်။ အာကာသယာဉ်များကို မတွေ့ခဲ့ရပါ။

ရှေးက မရောက်ခဲ့ဖူးတဲ့ ပြတိုက် အမျိုးအစားတခုကိုတော့ ဒီ ဝါရှင်တန်မှာ ရောက်ခဲ့ရပါသည်။ အဲဒါကတော့ ခေတ်သစ်ပန်းချီ ပန်းပု ပြတိုက် ဖြစ်ပါသည်။ ဒီမှာ ခေတ်သစ်တွေးခေါ်

ပန်းချီ(Modern Subjective Art)တွေချည်း ဖြစ်ပါသည်။ ၂-နှစ် ၃-နှစ်သားကလေး စက္ကူနဲ့ ခဲတံတွေလို့ ခြစ်မိခြစ်ရာ ကောက်ခြစ်ထားတဲ့ပုံမျိုးတွေ ပြထားပါသည်။ တချို့လဲ စက္ကူပေါ် မင်အိုးလဲကျလို့ မင်စွန်းနေတဲ့ပုံမျိုးတွေ ဖြစ်ပါသည်။ ကြည့်သူက ကိုယ့်အယူအဆနဲ့ ကိုယ်ကြိုက်သလို တွေးယူ ပုံဖော်ပြီး ရသကို ခံစားကြည့်ရမည့်သဘော ဖြစ်ပါသည်။

သူတို့ပန်းချီအဆင့်အတန်း ဘယ်လောက် မြင့်တယ်ဆိုတာတော့ မပြောတတ်ပါ။ ဦးကေလာသကဲ့တော့ အဲဒီပန်းချီကားတွေကြည့်ပြီး "တပည့်တော် ဗမာပြည်တုန်းက ပန်းချီဆိုယင် တီကောင်တောင်ဖြစ်အောင် ဆွဲတတ်တယ်လို့ ကိုယ့်ဟာကိုယ် မထင်ဖူး။ အခု အမေရိကန်ရောက်မှပဲ အဆင့်အတန်းမြင့်တဲ့ ပန်းချီတွေ ဆွဲတတ်နေမှန်း ကိုယ့်ဟာကိုယ် သိရတော့တယ်" လို့ မှတ်ချက်ချပါသည်။ ပန်းပု ရုပ်တုတွေကလဲ နံရံမှာထောင်ထားတာရော ကောင်းကင်မှာ ဆွဲထားတာတွေရော ကိုးယ့်ကားယားတွေချည်းပါပဲ။

နာမည်ကျော် ကွန်ဂရက် စာကြည့်တိုက်ကြီးကိုလဲ လျှပ်တပြက်နည်းနဲ့ ဝင်ရောက် ကြည့်ရှု လေ့လာခဲ့ပါသေးသည်။ ပေါလိုက် စုံလိုက်တဲ့ စာအုပ်တွေ သွားရည်ယိုစရာ ကောင်းလှပါသည်။ ကျောင်းသားများ လူငယ်လူရွယ်များ စာကြည့်ယင်းက မိမိကူးယူလိုသည့် စာမျက်နှာကို ငွေဆယ်ဆင့် ထည့်လိုက်ရုံမျှဖြင့် ဇီးရောက် စာကူးစက်က ၃-မိနစ်အတွင်း အလိုအလျောက် ကူးပေးလိုက်ပါသည်။ဗဟုသုတရှာရတာ ဇွဲယ်ကူလှပါဘိ။

ပထမဆုံး ပုံနှိပ်တဲ့ သမ္မာကျမ်းစာအုပ်ကြီးကိုလဲ တွေ့ခဲ့ရပါသည်။ ပုံနှိပ်စက်တီထွင်သူ ဂျာမန်အမျိုးသား ဂူတင်းဘတ်က ခရစ်နှစ် ၁၄၅၆-ခုနှစ်မှာ ပုံနှိပ်ခဲ့သည်ဟု သိရပါသည်။ စာကြည့်တိုက်ကြီးက ကြီးကျယ်လွန်းတော့ ပြန်အထွက်မှာ မျက်စိလည်နေလို့ လိုက်ပို့သူ ဦးထွန်းဝေင် တော်တော်နှင့် ထွက်ပေါက် ရှာမရ ဖြစ်ရပါသည်။

ဝါရှင်တန်မှာ တရားလုပ်ငန်းကတော့ ၇-ရက်စခန်း ဖြစ်ပါသည်။ ဝါရှင်တန်မှ မြန်မာ ဒကာ ဒကာမများ ကြိုတင်ရေးဆွဲထားတဲ့ အစီအစဉ်အတိုင်း တရားဟော၊ တရားပြ၊ တရားစစ်ကြပါသည်။ ယောဂီအများဆုံး ၃၀-လောက် ရှိပါသည်။ နေ့စဉ် ပုံမှန်တော့ မရှိပါ။ အကြောင်းကတော့ ယောဂီများ ညဉ့်အိပ်ညဉ့်နေ နေဘို့ရာ နေရာမရှိလို့ပါပဲ။ ဒါကြောင့် နံနက်ပိုင်းနဲ့ နေ့ပိုင်းမှာ သီဟိုဠ်ကျောင်း အောက်ဆုံးမြေထပ်မှာ လာပြီး အားထုတ်ကြပါသည်။

တပည့်တော် တရားပြ တရားစစ်ပါသည်။ တရားဟောတဲ့ အခါလဲ ဟောရပါသည်။ တပည့်တော် မအားတဲ့ နေ့မှာ ဦးအဂ္ဂမဓမ္မ တရားစစ်ပါသည်။ ဦးသီလာနန္ဒနှင့် ဦးရေဝတဓမ္မ တို့လဲ တရားဟောတဲ့အခါ ဟောရပါသည်။ ဆရာတော်ဘုရားကြီးက ည ၇-နာရီမှာ စာအုပ်ဖတ်၍ တရားချီးမြှင့်ပါသည်။

ဝါရှင်တန်မှာ တရားလုပ်ငန်း ခရီးသိပ်မရောက်လှပါ။

ဒီ ဝါရှင်တန်မှာ ထူးခြားတာကတော့ ဗုဒ္ဓဝိဟာရ ခေါ်တဲ့ သီဟိုဠ်ကျောင်းကို ဆရာတော်ဘုရားကြီး၏ အဖွဲ့က သိမ်သမုတ် ပေးနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။ နယူးဂျာစီပြည်နယ် ပရင့်စ်တန် ကောလိပ်မှာ စာသင်နေတဲ့ ဖိုးချော ဆိုသူ မြန်မာသူငယ် ကလေးတယောက် ဒုက္ခဘရဟန်း ပြုလိုက်တဲ့အတွက် သူ့ကို အကြောင်းပြုပြီးတော့ နောင်ခါမှာလဲ ကံကြီး ကံငယ်ဆောင်ဖို့ လွယ်ကူသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သိမ်သမုတ်လိုက်ခြင်း ဖြစ်ပါသည်။ သိမ်သမုတ်ပေးတော့ သီဟိုဠ်ဘုန်းကြီးတွေ ဝမ်း သာကြပါသည်။ ဒီလို သံဃာ မဆိုစလောက်သာရှိတဲ့ နေရာမှာ ဒုက္ခလောက် လွယ်လွယ်ကူကူ သိမ်သမုတ်နိုင်တယ်ဆိုတာ သူတို့ သိကြဟန် မတူပါ။

သိမ်သမုတ်ရာမှာ ပါဝင်တဲ့ သံဃာများကတော့ မြန်မာ ၆-ပါး၊ သီဟိုဠ် ၂-ပါး၊ ဝါရှင်တန်မှာနေတဲ့ ယိုးဒယား ၂-ပါး၊ ကမ္ဘောဒီးယား ၁-ပါးနှင့် နယူးယောက်မှာနေတဲ့ အိန္ဒိယသား ၁-ပါးတို့ ဖြစ်ကြပါသည်။

ပြီလ ၂၃-ရက်နေ့ တနင်္ဂနွေနေ့မှာ သိမ်သမုတ်ပြီးတော့ ရှင်သာမဏေ လေးပါး၊ ရဟန်းတပါး ပြုပေးကြပါသည်။ အားလုံး မြန်မာချည်းပါပဲ။ ရှင်သာမဏေ လေးပါးမှာ ဝါရှင်တန်မှ ၁-ပါး၊ အိုဟိုင်ယိုပြည်နယ်မှ ၂-ပါး၊ ဖလော်ရီဒါပြည်နယ်မှ ၁-ပါး ဖြစ်ပါသည်။ ရဟန်းတပါးမှာ နယူးဂျာစီပြည်နယ်မှ ဖြစ်ပါသည်။

တနင်္ဂနွေနေ့ဖြစ်တော့ ရှင်ပြု ရဟန်းခံပွဲမှာ လူ အတော်လေး စည်ပါသည်။ အမေရိကန် ဂ-ယောက်လောက်မှတပါး မြန်မာတွေချည်း ဖြစ်ပါသည်။ မြန်မာများမှာ သိမ်သမုတ် ရှင်ပြု၊ ရဟန်းခံပွဲ ကြည့်နေယင်း မြန်မာပြည်ကို ပြန်ရောက်နေသလို ခံစားနေကြရပေလိမ့်မည် ဟု ကိုယ်ချင်းစာ ကြည့်မိပါသည်။

တပည့်တော်တို့ရဲ့ နေထိုင်စားသောက်ရေး စသည်ကို မြန်မာမိသားစုများက သဒ္ဓါစေတနာ ထက်သန်လှစွာနဲ့ ပျော်ပျော်ပါးပါး ဝမ်းပမ်းတသာ ဆောင်ရွက် ပြုစုကြပါသည်။ ဦးချစ်မြိုင် ဇနီးမောင်နှံ၊ ဦးဆွေတင် ဇနီးမောင်နှံ၊ ဦးထွန်းဝေ ဇနီးမောင်နှံတို့က ဦးဆောင်ကြပါသည်။ ဦးသောင်းခင်၊ ဦးကျော်အေး၊ ဦးသန်းလွင် ဇနီးမော်င်နှံတို့က အလုပ်တဖက်နှင့် အားတက်သရော ဆောင်ရွက်ကြပါသည်။

ဦးထွန်းဝေနှင့် ဒေါက်တာဦးတင့်လွင် ဇနီးမောင်နှံတို့မှာ ခွင့်ယူပြီး ဆောင်ရွက်ကြရပါသည်။ ဒီ ဇနီးမောင်နှံဟာ သွက်လက်သလောက် အလှူအတန်းလဲ လက်သွက်ပုံ ရပါသည်။ တပည့်တော်တို့ ဝါရှင်တန်ကို ရောက်တဲ့နေ့ ညနေက တပည့်တော် ခုတင်မှာ စောင်လိုနေတယ်လို့ သိတာနှင့် အိမ်ကို ထမင်းစားပြန်အပြီး ကျောင်းပြန် အလာမှာ ဓာတုဇဒသက္ကလပ်လို့ ခေါ်ရမည်လားမသိ၊ ဖော့ကလေးလို ပေါ့ပြီး ပပွကလေးနဲ့ နူးညံ့ပျော့အိနေတဲ့ အနွေးစောင်တထည်ကို ချက်ချင်း ဝယ်လာပြီး အပြီးလှူပါသည်။

ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီး ၁-ပါး ဦးဆောင်ကာ မြန်မာသံဃာတော် ၆-ပါး ရောက်တောင့်ရောက်ခဲ့အမေရိကန်ပြည်ရဲ့ မြို့တော်ထဲရောက်လာပြီး သက်နှံးရောင်တဝင်းဝင်းနဲ့ သာသနာ့ကိစ္စတွေ ဆောင်ရွက်နေတာကို မကြုံစဖူး ဖူးကြ မြင်ကြရတော့ မြန်မာ ဒကာ ဒကာမများမှာတက်ကြွပျော်မြူး အထူးဝမ်းသာနေကြပါသည်။ သံဃာတော်များကလဲ မတွေ့ရတာ နှစ်ပရိစ္ဆေဒ ကြာလှပြီဖြစ်တဲ့ ဆွေမျိုးဥာတကာတွေကို ပြန်တွေ့ကြရသလို ဝမ်းသာကြ အားတက်ကြပါသည်။

အဲဒီအထဲမှာ တပည့်ဒကာ မစ္စတာအာသာဘီဆင်ကိုပါ မမျှော်လင့်ပဲ သွားတွေ့လိုက်ရတော့ အံ့အားလဲသင့် ဝမ်းလဲသာဖြစ်ရပါသည်။ သူက "တပည့်တော် မြန်မာပြည်မှာရှိစဉ်က အလိုရှိတဲ့စာအုပ် မှာပါ လှူပါရစေ-လို့ လျှောက်ခဲ့တာ မှတ်မိပါသေးလား" ဟု လျှောက်ကာ ထပ်မံဖိတ်ကြားပြီး ဒေါ်လာ ၂၀၀ (မြန်မာငွေ ၁၄၀၀-ခန့်) တန်ဖိုးရှိတဲ့ မိမိလိုရာစာအုပ်များ လှူဒါန်းလိုက်ပါသည်။ အဲဒီစာအုပ်တွေကို လေယာဉ်နဲ့ မယူနိုင်တော့ သင်္ဘောနဲ့ ပို့ပေးဘို့ရာ ဒကာကိုပဲ ပြန်လည်လွှဲအပ်ထားခဲ့ရပါသည်။

နားပါရစေဦး ဘုရား။

သင်္ဘာဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ကြိုဆိုပြုစုထားသူများနှင့် ဒီဝီဒီယိုဖန်တီးသူများကို ကြည်ဖြူနှင်းမွန်ထက်

ဝါရှင်တန် ဒီစီ
ကိုလံဘီယာဒိစ်ထရစ်
အမေရိကန်ပြည်ထောင်စု

၂၆၊၄၊၁၉

ဒကာကြီး ဒကာမကြီး မိသားစုသို့

မေတ္တာဖြင့် သိစေအပ်ပါသည်။ ဦးပဉ္စင်းတို့ ဝါရှင်တန်မှာ မက်ဆာချူးဆက်ပြည်နယ်သို့ နက်ဖြန် ခရီးဆက်ကြရပါမည်။ အမေရိကန်မှာ ဝါရှင်တန် နှစ်ခု ရှိပါသည်။ တခုက ဝါရှင်တန် ပြည်နယ်၊ နောက်တခုက ဝါရှင်တန်မြို့တော် ဖြစ်ပါသည်။ ဝါရှင်တန်ပြည်နယ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ အနောက်မြောက်စွန်းမှာ ရှိပါသည်။ မြို့တော်က အိုလံပီယာ ဖြစ်ပါသည်။

ဝါရှင်တန် မြို့တော်ကတော့ အရှေ့ဘက်စွန်းမှာ ရှိပါသည်။ဒီ ဝါရှင်တန်မြို့တော်ဟာ ဘယ်ပြည်နယ်ထဲမှာမှ မပါပဲ ကိုလံဘီယာဒိစ်ထရစ် ဝါရှင်တန် ဒီစီ ဆိုပြီး သီးခြားတည်ရှိပါသည်။ ဒါကြောင့် ဝါရှင်တန်ပြည်နယ်နဲ့ ကွဲပြား ခြားနားအောင် ဝါရှင်တန်မြို့တော်ကို ဝါရှင်တန် ဒီစီ လို့ ပြောဆိုရေးသားကြပါသည်။

ဒီ ဝါရှုင်တန်မှာ သီဟိုဠ် ဘုန်းကြီးကျောင်း ၁-ကျောင်း၊ ယိုးဒယားဘုန်းကြီးကျောင်း ၁-ကျောင်း၊ ကမ္ဘောဒီးယား ဘုန်းကြီးကျောင်း ၁-ကျောင်း၊ အားလုံး ထေရဝါဒဗုဒ္ဓဘာသာ ကျောင်း ၃-ကျောင်း ရှိပါသည်။ မဟာယာန ကျောင်းကတော့ ထေရဝါဒကျောင်းထက် ပိုများပုံရပါသည်။ အမေရိကန် ပြည်မရဲ့ အနောက်ဖက်ကမ်းရိုးတန်း ကယ်လီဖိုးနီးယား ပြည်နယ်မှာလဲ မဟာယာန ဗုဒ္ဓဘာသာနဲ့ စျင်းဝါဒ တော်တော် အားကောင်းပါသည်။ လော့စ်ဧန်ဂျလိစ်မှာပင် စျင်းဌာန၊ မဟာယာနဌာနတွေ တော်တော်များများ တွေ့ရပါသည်။

ဆန်ဖရန်စစ္စကိုမှာ ပိုပြီး များဖို့ ရှိပါသည်။ ဘာခြောင့်လဲ ဆိုတော့ ဆန်ဖရန်စစ္စကိုမှာက တခြားနေရာတွေမှာထက် ပိုပြီး လူမျိုးစုံသလောက် ပိုပြီး လွတ်လွတ်လပ်လပ် တွေးခေါ်၊ ယုံကြည် ကိုးကွယ်ကြ၊ လွတ်လွတ်လပ်လပ် နေထိုင်ကြလို့ပါပဲ။ ဒီတော့ ဘုန်းကြီးများ အိမ်ထောင်ပြုသည်အထိ ကျင့်ဝတ် ရော့ရဲနေပြီး အကျင့်အနေ ချောင်လှတဲ့ အယူဝါဒတွေကို စိတ်လွတ်ကိုယ်လွတ် နေလေ့ရှိတဲ့လူတွေက လွယ်လွယ်နဲ့ လက် ခံကြတာဟာ ဓမ္မတာပါပဲ။ အမေရိကန်တွေကိုယ်တိုင် စျင်း ဘုန်းကြီး မဟာယာနဘုန်းကြီးတွေ လုပ်နေကြတာ ခပ်များ များ တွေ့ရပါသည်။

ထေရဝါဒအနေနဲ့ကတော့ လော့စ်ဧန်ဂျလိစ်မှာ သီဟိုဠ် ကျောင်း ၁-ကျောင်း၊ ယိုးဒယားကျောင်း ၁- ကျောင်း တွေ့ရပါသည်။ ဆန်ဖရန်စစ္စကိုမှာလဲ သီဟိုဠ် ၁-ကျောင်း၊

ယိုးဒယား ၁-ကျောင်း ရှိတယ်လို့ သိရပါသည်။ မဟာယာန နှင့် စာလျှင် အတော်နည်းပါသည်။

မြန်မာကျောင်းကတော့ အမေရိကမှာရော ဥရောပမှာပါ ၁-ကျောင်းမျှ မရှိသေးပါ။ အင်္ဂလန်မှာ ဒေါက်တာ ဦးရေဝတ မမ္မရဲ့ ဘာမင်ဂမ်ကျောင်း ၁-ကျောင်းပဲ ရှိပါသေးသည်။ဒါလဲ တိဘက်ဘုန်းကြီးတွေနှင့် ဆက်စပ်နေပါသေးသည်။

ဆန်ဖရံစစ္စကို၊ လော့စိန်ဂျလိစ်တို့မှာ မြန်မာ ဒကာ ဒကာမတွေ အတော်များပါသည်။ ဒီ ဝါရှင်တန်နှင့် အနီး ဒုပါးက မြန်မာတွေ စုရုံးလိုက်လျှင်လဲ နည်းလှမည် မဟုတ်ပါ။ ဒီအထဲမှာ စိတ်ပါဝင်စားသူ ၃-ပုံ ၂-ပုံလောက် ပါဝင်ယင် ဒီ ၃-မြို့မှာ မြန်မာကျောင်း ၁-ကျောင်းစီဖြစ်အောင် ကြိုး စားလို့ ဖြစ်နိုင်လောက်ပါသည်။ သို့သော်လဲ မိခင်နိုင်ငံနှင့် ဝေးနေတာကြာတော့ ဘာသာသွေးလဲ အေးနေကြပုံ ရပါ သည်။ စေတနာ သဒ္ဓါတရား ထက်သန်ကြသူတွေတော့ များ ပါသည်။

ယခု မဟာစည် ဆရာတော်ဘုရားကြီးနှင့် ဦးပဉ္စင်းဘို့အဖွဲ့ ရောက်ကြတော့ဖြင့် တက်တက်ကြွကြွ ဝမ်းပမ်းတသာ လှိုက် လှိုက်လဲလဲ ဝေယျာဝစ္စ ဆောင်ရွက်ကြပါသည်။မြန်မာသံဃာ တော်များ မကြာခဏ ရောက်နေနိုင်ယင်တော့ ဘာသာသွေး ကြွလာပြီး ကျောင်းကလေး ဘာလေးဖြစ်အောင် ဆောင်ရွက် လိုစိတ် ဖြစ်ပေါ်လာကြမည့် လက္ခဏာ ရှိပါသည်။

အမေရိကန်အသံ မြန်မာပိုင်းအစီအစဉ်မှ ဒကာ ဒကာမ များဆိုလျှင် ဝေယျာဝစ္စကိုလဲ တတ်နိုင်သမျှ ဆောင်ရွက်ကြ ပါသည်။ တဖက်ကလဲ သာသနာပြုအဖွဲ့ရဲ့ သာသနာ့လုပ်ငန်း ဘွဲ့ကို မြန်မာပြည်သူ ပြည်သားများသိရှိပြီး ကုသိုလ်ပွားကြဖို့ ရာ သတင်း စုံနိုင်သမျှစုံအောင် အသံလွှင့်ပေးဖို့ ကြိုးစားစီစဉ် ကြပါသည်။ တချားဟောတဲ့ သတင်းကို အသံလွှင့်လျှင် ဟောတဲ့ တချားရဲ့ အကျဉ်းချုပ် သဘောပါ ထည့်ပြီး လွှင့်နိုင်အောင် ကြိုးစားကြပါသည်။

ဦးပဉ္စင်းတို့ ရှိနေခိုက်မှာ မောနေအောင် ဒါလုပ်များနေကြ တဲ့ ဝါရှင်တန်က ဒကာ ဒကာမတွေဟာ ဦးပဉ္စင်းတို့ ဝါရှင် တန်မှ ထွက်ခွာသွားကြတဲ့ အခါမှာ ဟာလျက် ကျန်ရစ်ခဲ့ကြ မည် ထင်ပါသည်။

ဒီမှာ တရားအားထုတ်သူ အများဆုံးနေ့မှာ ၃၀-လောက် ပဲ ရှိပါမည်၊ လျော့တဲ့နေ့က များပါသည်။ မြန်မာထဲက တရား အားထုတ်သူ ၃-၄-ယောက်ပဲ ရှိပါသည်။ နေရာဌာနက ကျဉ်းမြောင်းတော့ စိတ်ရှိလက်ရှိ အားထုတ်ဖို့လဲ မဖြစ်နိုင်ပါ။ သင်္ဃဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

ဝိပဿနာဘာဝနာအသင်း
ဘယ်ရီမြို့
မက်ဆာချူးဆက်ပြည်နယ်
၂၉၊၄၊၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်တို့အဖွဲ့ဟာ ဝါရှင်တန်မြို့တော်မှ ၂၃၊၄၊၇၉ နေ့ နံနက် ၁း၃၀ နာရီတွင် ဒယ်လ်တာအဲယားလိုင်း (Delta Air Line)လေယာဉ်နှင့် အရှေ့မြောက်အရပ်သို့ ခရီးဆက်ခဲ့ပါသည်။ သီဟိုဠ်ဘုန်းကြီးများနှင့် မြန်မာ ဒကာ ဒကာမများ လေဆိပ်သို့ လိုက်ပို့ကြပါသည်။ လေဆိပ်ရောက်မှ ဒကာကိုလှဝင်းက ဝါရှင်တန်စာအုပ်နှင့် ပို့စကဒ်များ လှူပြန်လို့ ကျေးဇူးတင်လှ ဝမ်းသာရပါသည်။ ဒေါ်မြင့်မြင့်ဇော်တယောက်ကတော့ အသံလွှင့် အလုပ်ချိန် နီးနေပါလျက်နှင့် လေဆိပ်ကို လိုက်ပို့မိအောင် ပို့ပြီး အချိန်မှီ ကသုတ်ကသက် ပြန်ရရှာပါသည်။

နေ့လယ် ၁း၃၀ နာရီအချိန်တွင် မက်ဆာချူးဆက် ပြည်နယ် ဘော့စ်တန်မြို့ လေဆိပ်သို့ ရောက်ပါသည်။ ကျိုးဇက်တို့ လူစု လာကြိုနေကြပါသည်။ ဘော့စ်တန် (Boston)မှ တရား

စခန်းရှိရာ ဘယ်ရီ (**Barre**) မြို့ကလေးသို့ ကားဖြင့် ခရီးဆက်ကြရပါသည်။ ဘော့စ်တန်မြို့ထဲကို ကားဖြတ်မောင်းတော့နာမည်ကျော် ဟားဗဒ်ယူနီဗာ့စီတီနားက မောင်းရပါသည်။ ကားမောင်းသူက ဟားဗဒ်ယူနီဗာစီတီဖြစ်ကြောင်း ပြောပြတော့ တွေ့ချင် မြင်ချင် ရောက်ချင်လှတဲ့ ဟားဗဒ်ကို မမျှော်လင့်ပဲ တွေ့မြင်ရလို့ အားရဝမ်းသာ သေသေချာချာ ကြည့်မိပါသည်။ နီညီ့ရောင်တိုက်ကြီးတွေနှင့် ကျောင်းဝင်းက ကျယ်ပြန့်လှပါသည်။

ဟားဗဒ် တက္ကသိုလ်အကြောင်း ရေးထားတဲ့ စာတွေကို ဖတ်ဖူးလို့တကြောင်း၊ ဟားဗဒ်မှ ပုံနှိပ် ထုတ်ဝေတဲ့ ဗုဒ္ဓဒေသနာတော် အင်္ဂလိပ်ဘာသာပြန် စာစဉ်များနှင့် သက္ကတစာစဉ်များကို ဖတ်ရလို့တကြောင်း အဓိကနေပြီး ဟားဗဒ်နှင့် ချင်းနီးနေခဲ့တာ ကြာပါပြီ။

ဘပည့်တော် သီဟိုဠ်မှာ နေစဉ်က အင်္ဂလန်ပြည် လန်ဒန် တက္ကသိုလ်က ကျင်းပတဲ့ ဂျီ စီ အီး အဆင့်မြင့် (**G. C. E. Advanced Level**) စာမေးပွဲကို ဖြေရာမှာ သက္ကတဘာသာအတွက် ပြဋ္ဌာန်းတဲ့ ကျမ်းစာအုပ်ဟာ ဟားဗဒ်တက္ကသိုလ်က ပုံနှိပ်ထုတ်ဝေတဲ့ သက္ကတစာစဉ်ဖြစ်တော့ ဟားဗဒ်ကို ပိုပြီး စိတ်ဝင်စားခဲ့ပါသည်။ အဲဒီတုန်းက ဖြေရတာ အင်မတန် ပျော်ပါသည်။ အောင်လဲ အောင်ပါသည်။

မှတ်မိပါသေးသည်၊ မေးခွန်းတခုမှာ အင်္ဂလိပ်ဝါကျများကို သက္ကတဘာသာပြန်ဆိုဖို့ ပေးထားပါသည်။ သက္ကတ ဘာသာ

စကားဟာ ပုဒ်များကို စပ်နိုင်သမျှ စပ်လေ့ရှိတဲ့ ဘာသာ စကား ဖြစ်ပါသည်။ ဒါကြောင့် အဲဒီ မေးခွန်းကို သက်တာ ဘာသာပြန်ဆိုရာမှာ ဘာသာပြန် သက်တာ ၁ါကျတခုလုံးမှာ ရှိတဲ့ ပုဒ်အားလုံးကို တပုဒ်နဲ့ တပုဒ် အခြား အပြတ် မရှိပဲ တဝါကျလုံး တစပ်တည်း ဖြစ်သွားအောင် ပုဒ်တွေစပ်ပြီး ရေးထည့်လိုက်ပါသည်။ ရေးပြီးလို့ ပြန်စစ်ကြည့်တော့ တဝါကျလုံး ပုဒ်တွေ တသီကြီး ဆက်စပ်နေတာတွေ့ရလို့ အားရကျေနပ်ပြုံး ပြုံးကာ ဝါကျကြီးက ဆပ်ခိုင် ဆပ်ကုံးကြီးနဲ့ တူလိုက်တာလို့ အောက်မေ့မိခဲ့ပါသည်။ "ဒါလောက်တောင် ပုဒ်စပ်ချင်တဲ့.သက်တာ မှတ်ကရော" လို့ စိတ်ထဲကလဲ မှတဲချက်ချလိုက်ပါသေးသည်။

ဟားဗဒ် တက္ကသိုလ်နားက ဖြတ်မောင်းလာပြီး ဘော့စ်တန်မြို့က ထွက်မိတော့ ရွာလိုက်တဲ့ မိုး၊ တအုန်းအုန်းကို မြည်နေတာပါပဲ။ခရီးတလျှောက်လုံး ဒီလိုမိုးမျိုး တခါမှ မကြုံခဲ့ရသေးပဲ အခုမှတွေ့ရတော့ ပျော်သလိုလိုတော့ အရှိသား။ ကားတံခါးအလုံပိတ်ပြီး ပျော်စိတ်နဲ့လိုက်ခဲ့ရာ ၁-နာရီခွဲခန့် ကားမောင်းမိတော့ ဘယ်ရီမြို့ကလေး အလွန်မှာ ဝိပဿနာ ဘာဝနာအသင်း(Insight Meditation Society)လို့ ဆိုင်းဘုတ်ရေးထားတဲ့ တရားစခန်းကို ရောက်ပါတော့သည်။ မိုးလဲ ဖွဲဖွဲသာ ကျပါတော့သည်။

တရားစခန်းက တော်တော် ကြီးမားတဲ့ သုံးထပ်တိုက်ကြီး အပြင် စကြန်လမ်းနဲ့ တွဲထားတဲ့ နှစ်ထပ်တိုက်လဲ ရှိပါသေး

သည်။ ခရစ်ယန် ဘုန်းကြီးကျောင်းကို ဝယ်ယူထားခြင်း ဖြစ်ကြောင်း သိရပါသည်၊ အိပ်ခန်းကြီးတွေက ကျယ်လှပါသည်။ စာကြည့်ခန်း၊ ည့်ခန်း၊ တရားအားထုတ်ရာခန်းမ၊ ရုံးခန်း၊ မီးဖိုခန်း စသည် အပြည့်အစုံ ရှိပါသည်။

သို့သော်လဲ တချို့အခန်းတွေမှာ ဒကာမယောဂိတွေ ရှိနေတော့ ဆရာဟော်ဘုရားကြီးက နေရာပြောင်းပေးဖို့ မိန့်ကြားတဲ့အတွက် တိုက်ကြီးနဲ့ မလှမ်းမကမ်းမှာရှိတဲ့ သီးခြား တထပ်တိုက်ကလေးမှာ ပြောင်းရွှေ့ နေရာပြင်ပေးကြပါသည်။ အဲဒီတိုက်ကလေးမှာက မီးဖိုခန်း ပါပါသည်။ ဒါကြောင့် ဆရာတော်ဘုရားကြီးအတွက် ဦးမြသိန်း ချက်ပြုတ်လုပ်ကိုင်ဖို့ အဆင်ပြေပါသည်။

တရားစခန်း တည်နေရာကတော့ ဘယ်ရိမြို့ကလေးရဲ့ မြောက်ဘက် တမိုင်ခွဲခန့်ကွာတဲ့ တောထဲမှာ ဖြစ်ပါသည်။ တောထဲမှာ ဆိုသော်လဲ ကားလမ်းဘေးမှာဖြစ်လို့ ကားလမ်းတခလျှောက်မှာတော့ အိမ်တွေ ဟိုနားတအိမ် ဒီနား တအိမ် ဆိုသလို ကျိုးတိုးကဲ့ကဲဘဲတော့ ရှိပါသည်။ တရားစခန်း ပတ်ဝန်းကျင်တဝိုက်ကတော့ ထင်းရှူးတောကြီး ဖြစ်ပါသည်။ ခရစ်ယန် ဘုန်းကြီးများ ပိုင်တဲ့ မြေက ၁၇၀-ထဲက ကေ ဂဝ-ကို ဝယ်ထားတာ ဖြစ်ပါသည်။

ကားလမ်းဘေးတလျှောက်မှာတော့ မက်ပဲလ်ပင် [Maple Tree] တွေချည်းလိုလို ဖြစ်ပါသည်။ ဒီအပင်တွေရဲ့ ပင်စည်

ဘနေပြီး ရာဘာစေးများထုတ်သလို အရည် (Juice) ထုတ်ပြီး အရည်ကျိုတော့ တင်လဲရည်တမျိုး ရပါသည်။ အဲဒါကို ပုလင်းထဲ လှလှပပထည့်ပြီး မက်ပဲ(လ်) တင်လဲရည် (Maple Syrup) ဆိုပြီး ရောင်းချပါသည်။ အသွေးအရောင် ပျားရည်ခပ်ပျစ်ပျစ်နဲ့တူပြီး ချိုပါသည်။ ယိုကို အသုံးပြုသလို ပေါင်မုန့်မှာသုတ်ပြီး စားနိုင်ပါသည်။ တင်လဲရည်ကို အသုံးပြုသလို ဒိန်ချဉ်ထဲလဲထည့်ပြီး စားနိုင်ပါသည်။ ထန်းတင်လဲရည် အရသာမျိုး ခပ်ဆင်ဆင်ဖြစ်ပါသည်။

တပည့်တော်တို့ ရောက်ချိန်မှာတော့ ရာသီ အတော်လေး အေးပါသေးသည်။ အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၆၅ ပတ်ဝန်းကျင်လောက် ရှိပါလိမ့်မည်။ မက်ပဲ(လ်)ပင်တွေရော၊ (ထင်းရှူးပင်တွေမှတပါး) တခြားသစ်ပင်တွေပါ ဆောင်းဒဏ်ခံထားရတော့ အရွက်တရွက်မှမရှိပဲ ကိုယ်တုံးလုံး ဖြစ်နေကြပါသည်။ သစ်ပင်တွေဟာ တတောလုံးလိုလို ရိုးတံတွေချည်းပဲ ဖြစ်နေတော့ ချမ်းအေးသော်လဲ ခြောက်တောက်တောက်ကြီး ဖြစ်နေပါသည်။ မသာယာပါ။

သို့သော်လဲ နေရောင်ခြည် အနည်းငယ်မျှသာရှိတော့ မြန်မာပြည် နွေခေါင်ခေါင်လို နေရမဆိုးပါ။ ရုံဖန်ရုံခါ မိုးဖွဲဖွဲကလေးပင် ကျတတ်ပါသေးသည်။ လူနေ အိမ်ခြေတွေနဲ့ လှမ်းတော့ ဆိတ်ငြိမ် အေးချမ်းတဲ့အတွက် တနည်းအားဖြင့် သာယာတယ်လို့ ဆိုနိုင်ပါလိမ့်မည်။ ရုံဖန်ရုံခါတော့ ကားလမ်းမှာ ကားတစီးတလေသွားတာ တွေ့ရပါသည်။ ကျောင်းဆောင်ထဲ

မှာနေလျှင် မှန်အလုံပိတ်ထားတာမို့ ကားသွားနေတာ မြင်ရသော်လဲ ကားသံ မကြားရပါ။

အဲအဲဒီလိုမျိုးတွေကလေးက ရှုနေသေးတော့ နွေလယ်ပိုင်းမှာ တပါး တခြားအချိန်တွေမှာ ကျောင်းဆောင်ထဲတွင် အပူငွေ့လွှတ်ပေးထားရပါသည်။ အဲဒီအပူငွေ့ကို ကြာရှည်ထိန်းထားနိုင်ဖို့ နံရံပြည့်နီးပါး အတွင်းတထပ် အပြင်တထပ် မှန်ပြတင်းနှစ်ထပ် တပ်ထားရပါသည်။ မှန်နံရံ နှစ်ထပ်လို့ဆိုလျှင် ပိုမှန်ပါလိမ့်မည်။

မှန်နံရံဟာ တခြားနံရံထက် ပိုပြီး အပူငွေ့ကို ထိန်းပေးထားနိုင်ပါသည်။ ဒါကြောင့် အနောက်ဆီက အိမ်တွေမှာ မှန်တွေများများ အသုံးပြုကြပါသည်။ အဝင်တံခါးမကြီးမှ စပြီး အပေါက်ဟူသမျှ နွေရော ညပါ ပိတ်ထားကြရပါသည်။ နွေလယ်ပိုင်း ရုံဖန်ရုံခါလောက်သာ လေကလေးရအောင် ဝေ့တဖြုတ် ဖွင့်ထားကြပါသည်။

ဒီတော့ တချို့ဆင်းရဲတဲ့ အိမ်တွေမှာ လျှပ်စစ်အပူငွေ့ပေးစက်လဲ(Heater)မတပ်ဆင်နိုင်၊ အဖိုးနည်းဝန်ပါပြောင်းရွှေ့ရတဲ့လျှပ်စစ်အပူပေးကြိုယာလဲ မထားနိုင်၊ အစိုးရက လျှပ်စစ်မီးပေးသလို ပိုက်ကြီးတွေနဲ့ လွှတ်ပေးတဲ့အပူငွေ့ကို ယူထားနိုင်ဖို့ဆိုတာ ဝေလာဝေး။ မီးသွေးနဲ့ ထင်းကိုသာ အားကိုးရပါသည်။ ဆင်းရဲလို့ သန့်ရှင်းရေးလဲ လိုသလောက် ဂရုမစိုက်နိုင်ပြန်ဆိုတော့ အမြဲတစေ အလုံ

ပိတ်ထားရတဲ့ အိမ်ထဲမှာ အနံ့အသက်တွေ ရောနှော ပိတ်လျှောင်ပြီး အောက်စော်လို အနံ့ဆိုးတမျိုးနဲ့ မိတ်ဖွဲ့ကာ ဆင်းရဲနေကြတာဟာ မဆန်းတော့ပါ။

အနောက်တိုင်းသားများ ဆင်းရဲတော့ အရှေ့တိုင်းသား ဆင်းရဲတာထက် ပိုဆိုးပါသည်။ အရှေ့တိုင်းသားတွေက ဆင်းရဲလို့ နေစရာအိမ် ဝတ်စရာအဝတ်မရှိလျှင် နံငယ်စုတ်ပတ်ပြီး သစ်ပင်အောက်မှာ အိပ်လို့ နေလို့ရပါသည်။ နွေအခါများ ဆိုလျှင် လေကလေးတဟူးဟူးနဲ့ အင်မတန် စည်းစိမ်ရှိပါသည်။ အနောက်တိုင်းမှာ ဒီလိုနေလျှင် တည်ပင် မခံ၊ သေမင်းနှင့် သစ္စာနှံ့ရမှာ ကေန်ဖြစ်ပါသည်။

တပည့်တော်များ ယခု ရောက်နေတဲ့ တရားစခန်းကတော့ ယောဂီတွေက စရိတ်အဖြစ် ထောက်ပံ့တဲ့ ငွေကြေး၊ လှူဒါန်းတဲ့ ငွေကြေးနဲ့ အသင့်အတင့် သုံးစွဲနိုင်တဲ့ အတွက် နေသာ ထိုင်သာ ရှိပါသည်။ ရေ၊ မီး၊ အပူငွေ့၊ သန့်ရှင်းရေးနှင့် ပြုပြင်ရေး စသည်အတွက် တနှစ်တနှစ် ဒေါ်လာ တသိန်းကျော်လောက် ကုန်ကျသည်ဟု သိရပါသည်။ တနှစ်မှာ ရာသီကောင်းတဲ့ ဖြ-လပတ်လုံး ၇-ရက်၊ ၁၀-ရက်၊ တလတရားပတ်၊ မိဘများ တရားပတ် စသည်ဖြင့် တရားပတ်တွေ အဆက်မပြတ် ဖွင့်ထားတော့ အဲဒီ ဖြ—လအတွက် ယောဂီများထံမှ ယောဂီတယောက်လျှင် တနေ့တွက် စရိတ် ၈—ဒေါ်လာနှင့် ၂၅-ဆင့်(၅ဂိ-ခန့်) ကောက်ခံတဲ့အတွက် သူ့လနှင့် သူ့စရိတ် မျှတသော်လဲ တရား

ပတ်မဋ္ဌိတဲ့ ဆောင်းရာသီလတွေအတွက် ကုန်ကျစရိတ်ဒေါ်လာ ၁၅၀၀၀ လောက်ကိုတော့ ကြံရ ဖန်ရပါသည်။

သူတို့ဆီမှာ ဘာဖြစ်ဖြစ် ငွေပေးမှ ရပါသည်။ ဒါကြောင့် တရားစခန်းဖွင့်ပြီး တရားပြဲကာ ဘော်ချက်နေသူတွေလဲ အဘော် မျှားပါသည်။ ဘော်လဲချက် သိုက်လဲတူးနေသူ လူကမ္မဋ္ဌာန်း ဆရာတွေလဲ ရှိပါသည်။ အဲ့ဒီလို တရားစခန်းတွေကျတော့ စား နေထိုင်အပြင် ဆရာခ [Course Fee] ပါ ခပ်မျှားမျှားလေး ပေးရင်ကြောင်း သိရပါသည်။ ကယ်လီဖိုးနီးယားက ဆရာ တယောက်ဟာဖြင့် ယောဂီတယောက် တနေ့အတွက်စုစုပေါင်း ကုန်ကျစရိတ် ၃၅-ဒေါ်လာ (မြန်မာ ၂၄၅၀-ခန့်) ယူသည်ဟု ဆိုပါသည်။ ဒါလဲ လာပြီး အားထုတ်ကြသူတွေ ရှိပါသည်။

ယခု ဘယ်ရီဝိပဿနာ ဘာဝနာအသင်းက ကမ္မဋ္ဌာန်း ဆရာတွေကတော့ စား၊ နေ၊ ရေ၊ မီး စတဲ့ စရိတ်လောက်သာ ယူပြီး ဆရာခ မယူကြောင်း သိရပါသည်။ ချက်ရေး ပြုတ်ရေး အတွက် ဝေယျာဝစ္စ အဖွဲ့ကလဲ စေတနာဝန်ထမ်း ယောဂီတွေပဲ ဖြစ်ပါသည်။ အားထုတ်ဆဲ ယောဂီတွေလဲ ပန်းကန်ဆေး၊ သိမ်းဆည်း၊ သုတ်သင် ရှင်းလင်း စတဲ့ တာဝန်ကို အလှည့်ကျ ယူကြရပါသည်။ တနေ့မှာ ၁-နာရီကျ အလုပ်ချိန်လို့ သတ် မှတ်ထားပြီး ယောဂီတိုင်း သန့်ရှင်းရေး လုပ်ကြရပါသည် ဟုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ဒွိဝန်ခေါင်ဌာနတော်ဝင်ဘဏ်ဆိုင်ရာ ဌာနခွဲများ
ဒွိဝန်ခေါင်ဘဏ်တော်ကြီးမှ ဌာနခွဲများကို ဖွင့်လှစ်ခဲ့ကြပုံ ဓာတ်ပုံများ



ဘုယ်ရိုဝိပဿနာ ဘာဝနာအသင်း
မက်ဆာချူးဆက်ပြည်နယ်
အမေရိကန်ပြည်
၁၃၊၅၊၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရှိသေစွာ လျှောက်ထားပါသည်။
ဘယ်ရိကမ္မဋ္ဌာန်းဌာနအကြောင်း နည်းနည်း ရေးပါဦးမည်။

ဒီကမ္မဋ္ဌာန်းဌာနဟာ ဝိပဿနာဘာဝနာအသင်းပိုင် ဌာန ဖြစ်ပါသည်။ ဒီအသင်းကို စတင် တည်ဆောင်သူ များတွင် အပါအဝင်လဲဖြစ်၊ ကမ္မဋ္ဌာန်းဆရာများလဲဖြစ်ကြတဲ့ ကျိုးဇက် ဂိုးလ်စတိန်း၊ ဂျက်ကော်ဒန်ဖိုး(လ်)၊ ဂျက်ကလင်းနှင့် ရှာရွန်တို့ က .တရားပြကြပါသည်။ ရံဖန်ရံခါ သူတို့နှင့် စပ်ရာသွယ်ရာ တခြားကမ္မဋ္ဌာန်းဆရာများလဲ လာရောက် တရားစခန်းဖွင့်ကာ တရားပြကြပါသည်။ ဝိပဿနာတရားကိုပဲ ပြသကြပါသည်။

သို့သော်လဲ ခေတ်အကြိုက် ယောဂီအလိုသို့လိုက်ပြီး ဟိန္ဒူ ယောဂ၊ တိုင်ချို၊ တာအို စတဲ့ကမ္မဋ္ဌာန်းများ အားထုတ်လိုသူ တွေကိုလဲ တနေ့ ၁-နာရီခန့် ကြားညှပ်၍ အားထုတ်ခွင့်ပြုကြ ပါတယ်။ ယတ်ကဗဲလီ တရားစခန်းမှာလဲ လိုမီ (Lomi) ကို ၁-နာရီခန့် ပြသခွင့်ပေးပါလို့ တပည့်တော်ထံ ခွင့်ပန်တဲ့ အတွက် အခြေအနေအရ ခွင့်ပြုရပါသည်။

လိုမိဆိုတာ ကိုယ်လက် လေ့ကျင့်ရေးတမျိုးလို့ သိရပါသည်။ ဒါကိုပဲ သတိပဋ္ဌာန်နှင့် ယှဉ်ပြီး တီထွင် အသုံးချကြဟန် တူပါသည်။

ဆရာဘော်ဘုရားကြီးနှင့်အဖွဲ့ကို အမေရိကသို့ စတင်ပင့်သူ များမှာ ဒီဌာနမှ ပုဂ္ဂိုလ်များဖြစ်ပါသည်။ သူတို့က အင်္ဂလန်မှ ဦးရေဝတမမ္မကို အကြောင်းကြားကြပါသည်။ ဦးရေဝတမမ္မ က ဥရောပတိုက်ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့များကို ဝါဆင့် အကြောင်းကြားလို့ အဲဒီအသင်းအဖွဲ့များကလဲ ဝမ်းသာအားရ ပင့်ကြတော့ အင်္ဂလန်နှင့် ဥရောပတိုက်ကိုပါ ဓမ္မခရီးဆန့်ကာ ဖြန့်ရမည့်အခြေအနေ ရောက်သွားပါသည်။

ဒီအသင်းမှ ကမ္မဋ္ဌာန်းဆရာများဖြစ်ကြတဲ့ ဂျိုးဇက်၊ ဂျက်နှင့် ဂျက်ကလင်းတို့ဟာ မြန်မာပြည်ကို ရောက်တပတ်မျှ ရောက်လာ ကြပြီး ဆရာတော်ဘုရားကြီးကို ဆိပ်ခွန်ရွာ သွားရောက်ဖူးမျှော် ကြပါသည်။ တပည့်တော်လဲ ရွှေဘိုကို တရားဟောသွားခိုက် နှင့်ကြုံတော့ ဆိပ်ခွန်ကို ခဏအသွားမှာ ဆရာတော်ဘုရား၏ အမိန့်အရ သူတို့နဲ့ နာရီဝက်ခန့် တွေ့ခဲ့ရပါသည်။

တပည့်တော် မန္တလေးပြန်ရောက်တဲ့အခါ စိန်ပန်းရိပ်သာကို ည ၇-နာရီလောက် သူတို့ရောက်လာကြပြန်တော့ ည ၁၀-နာရီ အထိ သူတို့နဲ့ တရားစကားတွေ ဆွေးနွေးကြရ ပြန်ပါသည်။ အဲဒီအချိန်မှာပဲ သူတို့က အမေရိကကို ပင့်လျှင် ကွန်ဖိုင်ပါမည် လားလို့ မေးကြပါသည်။ မတင်မကျ ဖြေခဲ့ရပါသည်။

ယခု အချိန်မှာတော့ သူတို့ မေးမြန်း လျှောက်ထားချက် အကောင်အထည် ပေါ်ပြီမို့ သူတို့ဌာနေကို တပည့်တော် ရောက်လျက်နေပါပြီ။ ဆရာတော်ဘုရားကြီး၏ သီလ၊ သမာဓိ၊ ပညာ ဂုဏ်ကျေးဇူးများကြောင့်ပင် ဖြစ်ပါသည်။

ဂျိုးဇက်တို့တသိုက်ကား ရိုးရိုးသားသား ဝိပဿနာပြန့်ပွားရေးကို ဆောင်ရွက်နေကြသူများ ဖြစ်ပါသည်။ ဒါကြောင့်ပဲ သူတို့သတင်းဟာ အမေရိကမှာရော အင်္ဂလန်နှင့် ဥရောပမှာပါ မွှေးလျက်ရှိပါသည်။ ဒါကြောင့် သူတို့ကို အားပေး ချီးမြှောက်ရတာဟာ ချီးမြှောက်ထိုက်သူများကို ချီးမြှောက်တာ ဖြစ်လို့ ကုသိုလ်ပွားပါသည်။

သူတို့ကို ကူညီ အားပေးရတဲ့ ယခုတရားပတ်မှာလဲ ယောဂီ မနည်းလှပါ။ ဂဝ-ကျော်ရှိပါသည်။ ၁၄-ရက်တရားပတ်ဖြစ်ပါသည်။ မေလ ၂-ရက်နေ့ကမှ ဆရာတော်ကြီး ငါးပါးသီလ ပေးပြီး အလုပ်ပေးတရားဟောကာ စတင်ဖွင့်လှစ် ပါသည်။ (ဒီမှာ မေလ ၂-ရက်မတိုင်မီ ၄-ရက်သာသာ တပည့်တော်တို့ အနားယူလိုက်ရပါသည်။)

တရားပတ် စကတည်းက ဆရာတော်ဘုရားကြီးက ညစဉ် စာအုပ်ဖတ်ပြီး တရားချီးမြှင့်ပါသည်။ တပည့်တော် တရားပြ တရားစစ်ရပါသည်။ တရားလဲ ဟော်တဲ့အခါ ဟောရပါသည်။ ဦးအဂ္ဂမမှလဲ ယောဂီတချို့ တရားကျူစစ်ပါသည်။ ဦးသီလာနန္ဒလဲ တရားဟောတဲ့အခါ ဟောရပါသည်။

ဒီ တရားစခန်းမှာ ယောဂီ တော်တော် သန့်ပါသည်။ ဝိပဿနာအားထုတ်ဖူးသူတွေ များပါသည်။ အဲဒီလို ယောဂီတွေကိုတော့ အချိုးကျကျ အားထုတ်တတ်အောင် ပြင်ပေးရုံမျှ အားပေးတရား ဟော့ရုံမျှသာသာပဲ ရှိပါသည်။ သမထကိုသာ အားထုတ်ဖူးသူတွေ၊ စျင်းကမ္မဋ္ဌာန်း၊ တာအိုကမ္မဋ္ဌာန်း၊ တိဘက် ကမ္မဋ္ဌာန်းကိုသာ အားထုတ်ဖူးသူတွေ၊ ဟိန္ဒူယောဂကိုသာ အားထုတ်ဖူးသူတွေ၊ လုံးဝ အားမထုတ်ဖူးသူတွေလဲ ရှိပါသည်။ ဒီလိုယောဂီကွေကျတော့ ဝိပဿနာရဲ့သဘောကို ဂရုစိုက်ပြောပေးရပါသည်။

ယောဂီများမှာ လူမျိုးပေါင်းစုံ၊ (ပါမောက္ခမှ အလုပ်လက်မဲ့အထိ) လူတန်းစားပေါင်းစုံဖြစ်ပြီး တချို့က ဗုဒ္ဓဘာသာဝင်ဖြစ်ပြီးသား၊ တချို့က မဖြစ်တဖြစ်၊ တချို့က ယောင်တောင်တောင်၊ တချို့က ခရစ်ယန်စစ်စစ်၊ တချို့က ဘာဘာသာကိုမှ မယုံကြည်သူ ဘာသာမဲ့များ ဖြစ်ကြပါသည်။

အတော်လေး ကြိုးကြိုးစားစား အားထုတ်သူတွေ အတော်ပါပါသည်။ ဒါကြောင့် တရား ရှင်းရှင်းလင်းလင်း တွေ့သူ၊ အဆင့် မြင့်မြင့် တွေ့သူတွေလဲ ရှိကြလို့ ဝမ်းသာရပါသည်။

ဆရာတော်ဘုရားကြီးနဲ့ တိုက်ရိုက် ဖူးတွေ့ မေးမြန်းခွင့်ရအောင်လဲ အစုလိုက် အလှည့်ကျ ပို့ပေးရပါသည်။ အမေးအဖြေများကိုတော့ ဒေါက်တာ ဦးရေဝတမမှန့်နှင့် ဦးသီလာနန္ဒတို့က ဘာသာပြန်ပေးကြပါသည်။

မေလ ၁၂-ရက်နေ့မှာ ဆရာတော်ဘုရားကြီးမိန့်ကြားချက်အရ ယောဂီတွေကို တပည့်တော် ဉာဏ်စဉ်တရား ဟောပေးရပါသည်။

သူတို့ဆီမှာ အားထုတ်နေကြတာက ဟိန္နူယောဂနဲ့ သမထတရားတွေသာ များနေတော့ သမာဓိ အသင့်အတန် ဖြစ်ရုံလောက်နဲ့ လမ်းဆုံးသွားတာက များပါသည်။ သမာဓိဖြစ်တဲ့အတွက် စိတ်ကလေးအတော်အတန် ငြိမ်ပြီး ချမ်းသာမှုကလေး ၁၀-၁၅-မိနစ်လောက် ရတာကိုပဲ တကယ့်တရားထူး တရားမြတ်ကြီးလို့ အသိမှားနေကြပါသည်။ အဲဒီလို ယောဂီတွေလဲ ဒီတရားစခန်းမှာ ပါသည်။ ဒီလို ယောဂီတွေဟာ ဉာဏ်စဉ်တရား ၁-နာရီခွဲလောက် နာလိုက်ရတော့ သမာဓိရုံမျှလေးဟာ တရားရဲ့ အပြီးအဆုံး မဟုတ်၊ အစအခြေခံမျှပဲ ရှိသေးတယ်လို့ သဘော ပေါက်သွားကြပါသည်၊ တရားတွေ့သလောက် တွေ့ကြသူများလဲ မိမိတို့တရား ဘယ်အခြေအနေ ရောက်နေပြီဆိုတာ သိရတော့ ဝမ်းသာ အားတက်ကြပါသည်။ ဆရာတော်ဘုရားကြီးကလဲ ဒီရည်ရွယ်ချက်နဲ့ပဲ ဉာဏ်စဉ်အဟောခိုင်းခြင်း ဖြစ်ပါသည်။ အမြော်အမြင် ကြီးလှပါပေသည်။

ဉာဏ်စဉ်ဟောတဲ့နေ့မှာပဲ ည ၉-နာရီမှ ၁၀-နာရီခွဲအထိ မေးလိုတာမေးကြဖို့ ခွင့်ပြုပြီး မေးခဲ့ပါပဲ လုပ်ပေးရပါသည်။ တရားအားထုတ်နေဆဲမှာ တရားစစ်မေးတဲ့အခါ ယောဂီတချို့တလေက အားထုတ်မှုနဲ့ မသက်ဆိုင်တဲ့ သဘောဘရားမေးခွန်းတွေ မေးတတ်ကြပါသည်။ သဘောတရားမေးခွန်းကို အခုမမေး

ကြဖို့၊ နောက်ဆုံးနေ့ကျမှ မေးဖြေပွဲဟာမှ သီ.သန့်လုပ်ပေးမှာမို့ အဲဒီခါကျမှ မေးလိုတာ မေးကြဖို့ ပြောထားခဲ့ပါသည်။ အဲဒီစကားအရ ဒီနောက်ဆုံးနေ့မှာ မေးသမျှ ဖြေပေးရပါသည်။

သူတို့မေးတဲ့ မေးခွန်းအချို့ကတော့-အတ္တမရှိဘဲနဲ့ တမလွန်ဘဝဆိုတာ ဖြစ်နိုင်ပါသလား။ ဂျပန်ပြည်က ဟီးရိုရှိမား အဖြစ်အပျက်မျိုး၊ ဂူယာနာက ဂျုံးစ်တောင်း အဖြစ်အပျက်မျိုးလို အစုလိုက်အဖြုံလိုက် သေကြတာကို ကမ္မဝါဒနဲ့ ရှင်းပြနိုင်ပါ့သလား။ အတ္တမရှိလျှင် ကံရဲ့အကျိုးကို နောက်ဘဝမှာ ဘယ်သူက ခံစားပါသလဲ စသည်တွေပါဘဲ။

မေးသမျှဖြေမည် ဆိုတဲ့အတိုင်း မေးခွန်းတိုင်းကို နောက်ထပ် မေးစရာမရှိအောင် ဖြေပေးပါသည်။ဖြေရတာ ပျော်စရာကောင်းပါသည်၊ သူတို့လဲ ပျော်ကြပါသည်။

ဘော့စ်တန်မြို့ ဟားဗဒ် တက္ကသိုလ် ကမ္ဘာ့ဘာသာကြီးများ လေ့လာရေးခန်းမမှာ ဆရာတော်ဘုရားကြီး တရားချီးမြှင့်ရပါသေးသည်။ တရားနာပရိသတ် ၅၀-ခန့်ရှိပါသည်။ ဆရာတော်ဘုရားကြီး မြန်မာဘာသာနဲ့ချီးမြှင့်တဲ့ သတိပဋ္ဌာန်တရားကို တပည့်တော် ဘာသာပြန်ပေးရပါသည်။ တရားချီးမြှင့်ချိန် ၄၅-မိနစ်သာသာ ကြာပါသည်။ တရားပွဲပြီးတဲ့အခါ ထုံးစံအတိုင်း မေးခွန်းများ ဖြေပေးရပါသည်။

မေးခွန်းများအနက် တချို့မှာ— ဒုက္ခကို ဘာကြောင့်ယယ်ဖို့သိုပါသလဲ။ ဒုက္ခ၏အကြောင်းရင်း ဘာပါလဲ။ အတ္တ

ပုဂ္ဂိုလ်သတ္တဝါမရှိလျှင် ဘာက မဂ်အသိ ဖိုလ်အသိကို ရပါသလဲ။ စိတ်အနာဒေးမရပဲ စိတ်မချမ်းမသာ ဖြစ်နေသူဟာ သမထ ကမ္မဋ္ဌာန်းအားထုတ်လျှင် သင့်တော်ပါသလား စသည်တွေ ပါဘဲ။

ဒီဋ္ဌာနက ကမ္မဋ္ဌာန်းတရားများနဲ့ ယောဂီများ လျှောက်ထားချက်အရ ဆွမ်းလဲခံကြရပါသေးသည်။ ယောဂီအများစုဟာ ဆွမ်းလောင်းရတာကို အတော် သဘောတွေ့ကြပုံ ရပါသည်။ ဗုဒ္ဓဘာသာနိုင်ငံများမှာ သံဃာတွေဆွမ်းခံမှုနဲ့ပတ်သက်တဲ့မေးခွန်းလဲ တခါတရံမေးတတ်ကြတော့ ဆွမ်းခံရတာဟာ ကောင်းတဲ့ လက်တွေ့ အဖြေတခု ဖြစ်သွားပါသည်။

တပည့်တော်တို့ တရားစခန်းက မထွက်ခွာမီ ၁-ရက်မှာ အမေရိကန် ကမ္မဋ္ဌာန်း ဆရာတွေက ဆရာတော်ဘုရားကြီးထံ ဆုံးမသြဝါဒ ခံယူကြပါသည်။ ဆရာတော် ဘုရားကြီးက ကမ္မဋ္ဌာန်း ဆရာများမှာ ရှိရမည့် စိတ်နေစိတ်ထား အပြောအဆို အပြုအမူများနဲ့ ပတ်သက်လို့ ဆုံးမ သြဝါဒ အတော် ကြာကြာ ပေးပါသည်။ ဒေါက်တာ ဦးရေဝတမေမွှေလျှောက်ထားချက်အရ သူတို့ကို မဟာစည် ကမ္မဋ္ဌာန်းနည်း ညွှန်ကြားပြသနိုင်သူများအဖြစ် အသိအမှတ်ပြုတဲ့ စာတစောင်လဲ ဆရာတော်ကြီးက ချီးမြှင့်ခဲ့ပါသည်။

ဒီမှာ တောင်ပေါ်တောကြို အုံကြားက အိမ်ဟာအိမ်ကိုလဲ ဆွမ်းစား ကွန်ရပါသည်။ ဘယ်ရီဝိပဿနာ ဘာဝနာအသင်းဥက္ကဋ္ဌ ငတ်လုံတော်ရရဲ့အိမ် ဖြစ်ပါသည်။ ဆင်းရဲရှာပါသည်။

တောင်ပေါ်ဒေသတောကြီးခေါင်ခေါင် ထဲမှာဆိုတော့ သူ့အခြေအနေနဲ့ နေရာဒေသနဲ့တော့ အတော်ပဲလို့ဆိုရမည်ထင်ပါသည်။ သူ့အိမ်နဲ့ မလှမ်းမကမ်းမှာ အိမ်တအိမ်ပဲ တွေ့ရပါသည်။ ပစ္စည်း အတော်အတန်ရှိတဲ့ မိသားစုသာဖြစ်လျှင် ခေးပြကြောက်စရာပင် ကောင်းပါသည်။

သူ့အိမ်က သစ်သားအိမ် ဖြစ်ပါသည်။ တဝက်လောက်ပဲ ပြီးပါသေးသည်။ သစ်သားအိမ်ဆိုသော်လဲ သပ် သပ် ရပ် ရပ် မဟုတ်ပါ၊ သစ်တွေကို ပျဉ်ကြီးတွေ ခပ်ကြမ်းကြမ်း ခွဲစိတ်ပြီး အိမ်ဖြစ်ရုံသာသာ ဆောက်ထားခြင်းဖြစ်ပါသည်။

ဆွမ်းကတော့ သမံတလင်းပေါ်မှာ အဝတ် ဖြန့်ခင်းပြီး အဝတ်ပေါ်မှာမှ ဆွမ်းပန်းကန် ဟင်းပန်းကန်တွေချကာတပည့်တော်တို့လဲ သမံတလင်းပေါ်မှာ ခင်းထားတဲ့ အဝတ်ပေါ်ဆိုင်စား ကြရပါသည်။ ခုံတို့ စားပွဲတို့ မရှိတော့ ကိုယ့်ရှေ့က အဝတ်ပေါ်မှာ ချထားတဲ့ ဆွမ်းပန်းကန်ထဲကို ကိုယ်စားချင်တဲ့ ဟင်းခပ်ထည့်ပုံပြီး စားကြရပါသည်။ ပန်းကန်တွေဇွန်းတွေက နီရဲနေအောင် မီးဖုတ်ထားတဲ့ မြေပန်းကန်တွေ မြေဇွန်းတွေပါ။ ဟင်းက အမေရိကန်တွေ ချက်လေ့ရှိတဲ့ ရေလုံပြုတ် ကဲပြား ဟင်းတွေပါ။

အမေရိကန်ပြည် တချို့ပြည်နယ်တွေမှာ မြေဇွန်း မြေပန်းကန်တွေနဲ့ ကြွေကြမ်းပန်းကန်တွေ အသုံးပြု နေကြပါသည်။ တချို့က ခမ်းခမ်းနားနား လှလှပပ ကြွေချော ပန်းကန်တွေသုံးနေရာက အခြောင်းအလဲအဖြစ် အသုံးပြုကြတာ ဖြစ်ပြီး

တချို့ကတော့ အသစ်အဆန်း ထွင်တဲ့အနေနဲ့ သုံးကြပုံ ရပါသည်။ တချို့ကကျတော့ မရှိလို့ ရှိတာ သုံးကြရတာ ဖြစ်ပါသည်။ ဌာန်းမပါပဲ ခရင်းဘချောင်းတည်းနဲ့ ထမင်းစားကြတာတွေလဲ အတော်များများ တွေ့ရပါသည်။

အမှန်တော့ အမေရိကမှာ အဆောင်အယောင် အခမ်းအနားနဲ့ ကယိကထများတဲ့ ထုံးတမ်းစဉ်လာတွေကို တော်လှန်ပြီး အဆောင်အယောင်တွေ ဘာတွေမရှိပဲ လွတ်လွတ်လပ်လပ် အရိုးဆုံး အရှင်းဆုံး ဖြစ်သလို သက်သက်သာသာ နေထိုင် သွားလာ စားသောက်တဲ့ လူ့အသိုင်းအဝန်းကို တည်ထောင် ဖန်တီးလိုကြတဲ့ အစိတ်အပိုင်း အတော်များများ ရှိနေပုံရပါသည်။

အဆောက်အအုံတခုမှာ စုပေါင်း နေထိုင်ကြပြီး တချို့ ထည်စိုထည်လဲ တောင်မှ မရှိပဲ ဖြစ်သလိုဝတ် ဖြစ်သလိုနေ ဖြစ်သလို စားနေကြတဲ့ လူစုထဲမှာ တော်လှန်သော စည်းမဲ့လူဘောင် တည်ထောင်ချင်ကြတဲ့ လူချမ်းသာ သားသမီးတွေလဲ အနည်းအကျဉ်း ရှိနေတတ်သည်ဟု သိရပါသည်။

ပြီးတော့ အနောက်တိုင်းသားတွေဟာ ချမ်းသာကြတော့ အဆီအဆိမ် အကောင်းတွေချည်း စားသောက် နေကြတယ်လို့ တချို့ ထင်တတ်ပါသည်၊ အဲဒါလဲ မဟုတ်ပါ။ အမေရိကန်တွေဆိုလျှင် အဆီအဆိမ်တွေကို လျှော့နိုင်သမျှလျှော့ပြီး အသီးအရွက်တွေကို အများဆုံး စားသုံးသူတွေ တဖြေးဖြေး များလာကြောင်း သိရပါသည်။ အကြောင်းကတော့ နှလုံး သွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဝရောဂါနဲ့ ပိုက်ရွဲရောဂါတွေကို ကြောက်လို့ပါပဲ။ ဒါကြောင့် သူတို့


ခမျာတွေမှာ ဒီရောဂါတွေကိုတထိတ်ထိတ် တလန့်လန့် ဖြစ်နေပြီး နေ့စဉ်နဲ့အမျှ နံနက် နေ့ည အချိန်မရွေး ပြေးကြရတာလဲ အမောပါပဲ။ အသက် ၁၂-နှစ် အရွယ်လောက်ကစပြီး ၆၀-ကျော်အထိ တဦးချင်း၊ နှစ်ဦးချင်း ပြေးကြသူတွေ၊ အစုအအုပ်လိုက် ပြေးကြသူတွေ နေရာတိုင်းမှာလိုလို တွေ့ရပါသည်။

တနေ့မှာ မက်ဆာချူးဆက်ပြည်နယ်ရဲ့ ဆေးရုံ တရုံက ဌာနသစ်တခု ဖွင့်ပွဲအထိမ်းအမှတ်ဖြစ်တဲ့ ဆေးသိပ္ပံပြပွဲ တခုကို ဒကာမျှား လိုက်ပို့လို့ ကြည့်ရပါသည်။ အဲဒီမှာ နွားနို့၊ ထောပတ်၊ ကြက်ဥ စတဲ့ အဆီအဆိမ့်စာ စားတဲ့ လူတွေရဲ့ သွေးကြောတွေ နံရံမှာ အဆီတွေ ဖြစ်ပေါ်လာပုံ တိုးပွားလာပုံ သွေးကြော ပျက်စီးလာပုံတွေကို အဲဒီ အစား အစာတွေ မစားတဲ့ လူတွေရဲ့ သွေးကြောတွေနဲ့ ယှဉ်ပြီး ဓာတ်ရည်စိမ် ဖန်ပေါင်းချောင်ထဲမှာ ထည့်ပြထားပါသည်။ နှလုံးသွေးကြောပိတ်ရောဂါ၊ သွေးတိုးရောဂါစသည် မဖြစ်ရအောင် အဆီအဆိမ့်စာတွေ ရှောင်ကြလျှော့ကြဖို့လိုကြောင်းလဲ ဆရာဝန်တွေက ရှင်းပြကြပါသည်။

ဒီတော့ လူတွေ တထိတ်ထိတ် တလန့်လန့်နဲ့ ပြေးနေကြတာဟာ အထူးအဆန်း မဟုတ်တော့ပါ။ လုံးဝ မရှောင်နိုင်တော့ စားလဲစား ပြေးလဲ ပြေးကြ၊ ရဟန်တူပါသည်။ သူတို့ဆီမှာ အပြေး အလွှားကို ဆေးတပါးအဖြစ် အသုံးပြုကြ ပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ

ဦးစီးငယ်သူတစ် ယဉ်ထခဲ့ထဲ့ကြီးဒုက္ခ မြွေငလိုင်ဝေ
ကြိုတွက်ဆကွင်းထင်ခဲ့ကြီးမြွေးယဉ်ထဲ့ခင်ဗျာ ။ငးငါထဲ့ငးနှင်ဒီဂီယ
နှယ်မွှေခဲ့ငး၊ဦးဒဏ်ငန်ဝငယ်ငန်ဏဂွမွှေဒုတ်၊ကြိုက်နှယ်မွှေခဲ့ငး



ဆရာတော် ဦးကုသလ ဘုရား

တပည့်တော်မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ တပည့်တော်တို့ ဘယ်ရီတရားစခန်းမှ ၁၅၊ ၅၊ ၇၉ နေ့က နယူးယောက်မြို့သို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့ပါသည်။ ဘယ်ရီမြို့မှာ လေယာဉ်ကွင်းမရှိလို့ ဘယ်ရိနှင့်မိုင်အနည်းငယ်ကွာတဲ့ ဂူးစ်တား **(Worcester)** မြို့ လေဆိပ်မှနေ၍ လေယာဉ် စီးရပါသည်။ ဂူးစ်တာမြို့ကလေးမှာ မစိပ်မကျဲနဲ့ ခေတ်မီမီ ဆောက်ထားတဲ့ အိမ်များ၊ စိမ်းလန်းစိုပြေတဲ့ သစ်ပင် ပန်းမန်များ၊ သန့်ရှင်း သပ်ရပ်တဲ့ လမ်းများ၊ အနည်းငယ်မျှသာ အေးတဲ့ ရာသီဥတု၊ ကြည်လင်တဲ့ နေရောင်ခြည်တို့ဖြင့် သာယာပါသည်။ နေချင်စဖွယ် ရှိပါသည်။

ဂူးစ်တားလေဆိပ်မှ ၁၂း၄၅ နာရီမှာ လေယာဉ် စထွက်ပြီး ၁း၃၀ နာရီမှာ နယူးယောက်လေဆိပ်ကို ရောက်ပါသည်။ နယူးယောက်လေဆိပ်က ကြီးကျယ်လှပါသည်၊ လေဆိပ်တွင် ဦးလှဖေ၊ ဦးပေါ်ဦး၊ ဦးသန်းတို့၊ ဦးစောလွင် အစရှိတဲ့ ဒကာများ အသင့်ကြိုဆိုနေသည်ကို တွေ့ရပါသည်။ လေဆိပ်မှ ထွက်စကတည်းက သဲသဲမဲမဲ ရွာချလိုက်တဲ့မိုးဟာ တည်းခိုအိမ်ကို ရောက်ခါနီးမှဘဲ အတန်ငယ် စဲသွားပါတော့သည်။

တည်းခိုရတဲ့ အိမ်ကတော့ ၂၁၆-လမ်းထဲမှ ဦးလှဖေ၊ဒေါ်တင်လှိုင်ဇနီးမောင်နှံတို့အိမ် ဖြစ်ပါသည်။ ဦးလှဖေနှင့် ဒေါ်တင်လှိုင်တို့မှာ သားသမီး မရှိကြပါ။ ဒေါ်တင်လှိုင်ဟာ ဆရာတော်ဘုရားကြီးရဲ့ တရားစာအုပ်တွေ ဖတ်ပြီး စာအုပ်မှာပါတဲ့ အားထုတ်နည်းအတိုင်း အိမ်မှာပဲ အားထုတ်ယင်း ဆရာတော်ကြီးကို မဖူးဘူးပဲနှင့် အဝေးမှ ကြည်ညိုလှူဒါန်းနေသူ ဖြစ်ပါသည်။ ဦးလှဖေလဲ ကြည်ညိုနေသူပင် ဖြစ်ပါသည်။ သို့သော်လဲ သဘော မပိုင်သေးလို့ ဆိုကာ တရားတော့ အားမထုတ်သေးပါ။

အခု ဆရာတော်ဘုရားကြီးအဖွဲ့ ကွလာတော့ ဒေါ်တင်လှိုင်က ညအခါမှာ သူ့မိတ်ဆွေအိမ် သွားအိပ်ပါသည်။ အရက်တက်ချိန်မှာပြန်လာပြီး ဆွမ်းကွမ်း ပြုစုပါသည်။ နေ့ဆွမ်းကိုတော့ ဦးပေါ်ဦး၊ ဦးသန်းတူ၊ ဦးဗလဝမ်ဆင်း၊ အစရှိတဲ့ ဒကာ ဒကာမများက အိမ်ကိုပင့်ပြီး ကပ်ကြပါသည်။ ရံဖန်ရံခါမှာတော့ ဦးလှဖေတို့အိမ်မှာ စုပေါင်းကပ်ကြပါသည်။

အရက်ဆွမ်းကို သံအမတ်ကြီး ဦးမောင်မောင်ကြီး၊ ဦးစောလွင်၊ မောင်အောင်မြင့်ချို့စတဲ့ ဒကာ ဒကာမများက အိမ်ပင့်ကပ်ကြပါသည်။ ရံဖန်ရံခါမှာတော့ ဦးလှဖေ၊ ဒေါ်တင်လှိုင်တို့ကပဲ အိမ်မှာ ကပ်ကြပါသည်။ မြန်မာဆွမ်း၊ဆွမ်းဟင်းဘဲဘဲဥဉ်းပေးကြရတာ များပါသည်။

နယူးယောက်တွင် အိမ်မှာ တည်းခိုရပြီး အိမ်ကလဲ ၂-ယောက်တည်းနေတဲ့အိမ်ဖြစ်တော့ ည့ဉ်ခန်းက ခပ်ကျဉ်းကျဉ်း

မိုဲ့ တရားစခန်းဖွင့်ဘို့ အစီအစဉ်မရှိပါ။ မြန်မာ ဒကာ ဒကာမများက ဆရာတော်ကြီးကို ဖူးမြော်လိုမြန်မာသံဃာတော်များကို ဆွမ်းကပ်လို တရားနာလိုရှိသာ ပင့်ကြခြင်း ဖြစ်ပါသည်။

သို့သော်လဲ အားထုတ်ချင်လို့ လာကြတဲ့ အမေရိကန်များးကိုတော့ ဧည့်ခန်းမှာဘဲ တရားပြသပေးပြီး အားထုတ် ခိုင်းရပါသည်။ ဂ-ယောက်လောက် ရှိပါသည်။ သူတို့လဲ အလုပ် အားကြတာမဟုတ်တော့ နံနက်ပိုင်းလေးဘဲ လာပြီး အားထုတ်နိုင်ကြပါသည်။

နယူးဂျာစီကလဲ လာပြီး အားထုတ်ကြပါသည်။ နယူးဂျာစီမှလာအားထုတ်သူ အမေရိကန်မ တယောက်က တရားပြသပေးတာ ကျေးဇူးတင် လွန်းလို့ ဆိုပြီး ပြန်ခါနီးမှာ တပည့်တော် အနားလာပြီး လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းပေးတော့ ရုတ်တရက်မို့ အံ့အားသင့် သွားပါသည်။ ပြီးမှ "ကျေးဇူးတင်ကြောင်း နှုတ်ကပြောရင်ပဲ လုံလောက်ပါပြီ။ ဘုန်းကြီးဆို့တော့ လက်ဆွဲနှုတ်ဆက်ဖို့ ဘုရားက ခွင့်မပြုပါဘူး" လို့ ပြောလိုက်ရပါသည်။

နယူးယောက်မြို့ စျင်းကျောင်းတကျောင်းမှာ ညတရားခြီးမြှင့်ပါသည်။ ဆရာတော်ဘုရားကြီး မြန်မာဘာသာနှင့် ခြီးမြှင့်တာကို တပည့်တော် ဘာသာပြန်ပါသည်။ တရားနာပရိသတ် ၆၀-လောက် ရှိမည် ထင်ပါသည်။ တရားနာသူများမှာ တရားထိုင်ဘို့ရာ ထိုင်ဖုံကလေးတွေ အဆင်သင့် ယူလာကြပါသည်။

ဆရာကော်ဘုရားကြီး တရားချီးမြှင့်ပြီးတဲ့အခါ မိနစ် ၃၀-ခန့် တရားထိုင်စေရာ ငြိမ်ငြိမ်သက်သက် ထိုင်ကြပါသည်။ သည်ဌာနမှာ တရားထိုင်နေကျ ဖြစ်ပုံ ရပါသည်။

နယူးယောက်မြို့ ကိုလံဘီယာ တက္ကသိုလ် စိန့်ပေါ(လ်) ဘုရားဝတ်ကျောင်းမှာလဲ ဆရာတော်ဘုရားကြီး အင်္ဂလိပ် ဘာသာဖြင့် စာအုပ်ဖတ်၍ တရားချီးမြှင့်တော်မူပါသည်။ ပရိသတ် ၁၀၀-ခန့်ရှိမည် ထင်ပါသည်။ အမေရိကန်ပြည်၏ မြို့တော် နယူးယောက်မြို့ကြီးအလယ် ခန့်ထယ်ကျော်ကြားတဲ့ တက္ကသိုလ်ကြီးအတွင်းက ဘုရားဝတ်ကျောင်းကြီးမှာ ကျင်းပတဲ့ တရားပွဲပင် ဖြစ်သော်လဲ အသံခွေစက် တပ်မထားပါ။ အသံခွေစက် မတပ်ဆင်နိုင်လောက်အောင် ဆင်းရဲနေကြလို့လား၊ အလေ့အထ မရှိလို့လား ဆိုတာတော့ မပြောတတ်ပါ။

တရုပ် ဘုန်းကြီးကျောင်းတကျောင်းက ပင့်၍ ဆရာတော် ဘုရားကြီး ကြွရောက်ပြီး တရားချီးမြှင့်ခဲ့ပါသေးသည်။ မြန်မာပြည်မှ လာကြတဲ့ တရုပ်တွေ များကြောင်း သိရပါသည်။

ဒီဘားလပ်တဲ့အချိန်တွေမှာ ရောက်သင့်ရောက်ရာ နေရာများသို့ ဒကာများ လိုက်ပို့ကြပါသည်။ ကုလသမဂ္ဂ အဆောက်အအုံကို ကုလသမဂ္ဂ အရာရှိကြီးတဦးဖြစ်သူ ဦးပေါဦးက လိုက်ပြ၍ အနှံ့အပြား ကြည့်ခဲ့ရပါသည်။စီးပွားရေးကောင်စီ ခန်းမမှာ မက်ဆီကိုနိုင်ငံအား စီးပွားအကူ အညီပေးရေး ဆွေးနွေးနေတာ ကြားခဲ့ရပါသည်။ လိုက်ပို့သူ ဒကာများက အဲဒီခန်းမရဲ့

ဦးသည်တွေ နားထောင်တဲ့နေရာမှာ ခဏနားဘို့ လျှောက်ကြ ဘာနဲ့ ဝင်ထိုင်ရလို့ ကြားခဲ့ရခြင်း ဖြစ်ပါသည်။

ကုလားထိုင်လက်တင်မှာ အသင့်တပ်ထားတဲ့ နားကြပ်နှစ်ခု အနက် တခုကို တပ်ပေးလို့ နားထောင်တော့ ပြင်သစ် ဘာသာနဲ့ ဆွေးနွေးနေသံကို ကြားရပါသည်။ နောက်တခု တပ်ပေးလို့ နားထောင်ပြန်တော့ အင်္ဂလိပ်ဘာသာနဲ့ ဆွေးနွေးနေသံ ကြားရပါသည်။ ကောင်စီဝင်တွေ ဆွေးနွေးနေတဲ့ နေရာဟာ ခန်းမရဲ့ တဘက်စွန်း အနိမ့်ထဲမှာ ဖြစ်ပြီး ဦးသည်တွေ နားထောင်တဲ့ နေရာကတော့ ဝင်ပေါက်ဘက်က အမြင့်ပိုင်းမှာ ဖြစ်ပါသည်၊ အတော်လေး လှုမ်းပါသည်။ နားထောင်နေတဲ့ ဦးသည် အနည်းငယ်မျှသာ တွေ့ရပါသည်။

လုံခြုံရေးကောင်စီ ခန်းမမှာ အဲဒီနေ့က ကမ္ဘောဒီးယား အရေး ဆွေးနွေးရန် ဖြစ်သော်လဲ လိုအပ်တဲ့ စာရွက်စာတန်း မပြည့်စုံလို့ ၅-မိနစ်လောက်သာ စည်းဝေးပြီး အစည်းအဝေး ချပ်သိမ်းလိုက်ကြောင်း သိရပါသည်။

နယူးယောက်မြို့ဟာ အမေရိကန်ပြည်ထောင်စုရဲ့ အကြီး ဆုံးမြို့လို့ ဆိုပါသည်။ မန်းဟက်တန်ကျွန်း၊ လောင်းကျွန်း၊ စတက်တန်ကျွန်း သုံးကျွန်းပေါ်တွင် တည်ထားတော့ တကျွန်း နဲ့တကျွန်းကူးတဲ့ တံတားကြီး တံတားငယ်တွေ များလှပါသည်။ မြေအောက် ဥမင်လမ်းတွေလဲ များပါသည်။ ဂျာ့ စ်ဝါရှင်တန် ကြိုးတံတား၊ ဘရွတ်ကလင်းတံတား စသည်များ

ကြီးကျယ် ထင်ရှားပါသည်။ ဂျော့ဝါရှင်တန် တံတားကြီးမှာ ကြိုးတံတား ဖြစ်ရုံမက အထက်လမ်း အောက်လမ်း လမ်း နှစ်သွယ်လဲ ရှိတော့ ထင်ရှားပါသည်။

နယူးယောက်မြို့ရှိရာ မန်းဟက်တန်ကျွန်းမှ ဟဒ်ဆန်မြစ်ကို ဖြတ်ပြီး နယူးဂျာစီဘက် ကူးတဲ့အခါမှာ လင်ကွန်းဥမင်လမ်း၊ ဟော်လန်ဥမင်လမ်းများမှပဲ သွားခဲ့ရပါသည်။စတက်တန်ကျွန်း ဘက်ကို ကူးတဲ့အခါ နှစ်မိုင်ခန့်ရှည်တဲ့ ဗာရဇာနို တံတားကြီး (Verrazano)ကို ဖြတ်ကူးရပါသည်။ ဂျော့ဝါရှင်တန်တံတား ကြီးကို ဖြတ်ရတာကတော့ အကြိမ်ကြိမ်ပါပဲ။

မြို့ပတ်သဘော်ဘီးပြီး မြို့တပတ် လှည့်ပတ်ကြည့်တဲ့ အခါ မှာ တံတားတွေပေါကြောင်း ပိုသိသာပါသည်။ ဒါကြောင့် တပည့်တော်က နယူးယောက်ကို တံတားမြို့တော်(City Of Bridges) လို့ နာမည် ပေးထားပါသည်။

နယူးယောက်မြို့ရဲ့ မြို့လယ်ဒေသကတော့ အလျား ၁၂-မိုင်၊ အနံ ၂-မိုင်ခွဲခန့်ရှိတဲ့ မန်းဟက်တန်ကျွန်းပေါ်မှာ ရှိပါသည်။ ကျွန်းတွေပေါ် တည်ထားတဲ့ မြို့ဆိုတော့ လူနေအိမ်ခြေ တဖြေးဖြေးများလာလို့ ဘေးကို မခဲ့သာလေ အထက်ထိုးတက် လေ ဖြစ်နေပါသည်။ ဒါနှင့် မိုးထိုးတိုက်ကြီးတွေ များလာရပါ သည်။

ယခင်က ၁၀၂-ထပ်ရှိပြီး ပေ ၁၂၅၀ (ရုပ်မြင်သံကြား မျှော်စင်ပါ ဆိုလျှင် ၁၄၈၅-ပေ) မြင့်တဲ့ အင်ပါယာစတိတ်

အဆောက်အအုံကြီးဟာ အမြင့်ဆုံးဖြစ်ပါသည်။ အခုတော့ သူနဲ့ မလှမ်းမကမ်းမှာ နောက်မှ ဆောက်လိုက်တဲ့ ကုန်သွယ်ဌာန တိုက် ညီနောင် (The Two World Trade Centres)က အင်ပါယာစတိတ်ထက် ပိုမြင့်သွားပါပြီ။

နယူးယောက်မြို့ဟာ စီးပွားရေးမြို့ဖြစ်တော့ လူဦးရေများသလောက် လူမျိုးလဲ စုံလှပါသည်။ လူမျိုးပေါင်းစုံ နေတဲ့ အတွက်ဘဲ အဆင့်မြင့်မြင့် နေတတ် ထိုင်တတ်သူတွေ ရှိသလို မနေတတ် မထိုင်တတ်သူတွေလဲ ရှိကြတော့ မြို့တော်သန့်ရှင်းမှု မရှိလှပါ။ သန့်ရှင်းမှုမှာ ဝါရှင်တန်မြို့နှင့်စာလျှင် အလွန်ကွာ ခြားပါသည်။ ဆန်ဖရန်စစ္စကိုနှင့် ယှဉ်ကြည့်ဘို့ ဆိုတာတော့ ဝေးပါသည်။

အမျိုက်သရိုက်တွေ ပြန့်ကျဲနေတဲ့ လမ်းတွေရှိသလို အိမ်နား ပတ်ဝန်းကျင် ရှုတ်ပွေနေတဲ့ အိမ်တွေလဲရှိပါသည်။ "သင့်ခွေး နောက်က သန့်ရှင်းအောင် လုပ်ခဲ့ပါ။ မလုပ်လျှင် ဒဏ်ငွေ ဒေါ်လာ ၁၀၀" ဆိုတဲ့ ဆိုင်းဘုတ်တွေ ဆွဲချိတ်ထားတာလဲ တွေ့ရပါသည်။ အဲဒီဆိုင်းဘုတ်တွေ ကြည့်ပြီး ပြုံးခဲ့ရပါသေး သည်။

ချိုင့်တွေ ခွက်တွေနဲ့ မညီမညာဖြစ်နေတဲ့ လမ်းများလဲ မြို့ ဆင်ခြေဖုံးမှာ တွေ့ရပါသည်။ ကမ္ဘာ့ငွေကြေးနဲ့ စီးပွားရေးကို ချုပ်ကိုင်ထားတဲ့ ဝေါလ်မ်းကတော့ နာမည်ကြီး သလောက် လမ်းထဲဝင်သွားပြီး · မော့ကြည့်လိုက်ယင် ပြိုကျတော့ မလား ထင်ရအောင် ကျဉ်းလွန်းလှပါသည်။

လမ်းတွေဟာ အကောင်းအဆိုး မတူညီကြသော်လဲ တူညီတာ တခုတော့ ရှိပါသည်။ အဲဒါကတော့ နံနက် စောစော အချိန် လမ်းတွေကိုကြည့်လိုက်ယင် လမ်းတလျှောက်လုံး လမ်းဘေးတဖက်စီမှာကပ်ပြီး ကားတွေ တစီတတန်းကြီး ရပ်ထားတာကတော့ လမဲ်းတိုင်းမှာရှိတဲ့ တူညီချက်ပါဘဲ။သူတို့ဆီမှာ လူတွေတောင်မှ မြေပြင်မှာ နေစရာမရှိလို့ ကောင်းကင်မှာ တက်နေကြရတော့ ကားရုံဆောက်စရာ မြေကွက်လပ်ဆိုတာ ဘယ်မှာရှိပါ့မလဲ။

သို့သော်လဲ လူအများ စုပေါင်း အလုပ်လုပ်ရာ ဌာနတွေရဲ့ အနီးအပါးကျတော့ ကားရပ်ထားဘို့ရာ နေရာတွေ မြေပေါ်မှာရော မြေအောက်မှာပါ သီးခြားလုပ်ပေးထားပါသည်။ တချို့ ရှော့ပင်းစင်တာ (**Shopping Centre**) လို့ ခေါ်တဲ့ အပ်ကနေ မော်တော်ကားအထိ ရောင်းချတဲ့ ကုန်ပဒေသာတိုက်ကြီးတွေကျတော့ ကားရပ်ဖို့နေရာ ကျယ်ကျယ်ရှိယင် ဝယ်သူများများလာတာမို့ မြို့ရဲ့ပြင်ပ မြေကွက်ကျယ်တဲ့ နေရာတွေမှာ ဆောက်ထားကြပါသည်။

ပြီးတော့ အနောက်တိုင်းမှာ မော်တော်ကား နည်းနည်းဟောင်းသွားယင် ကားသင်းချိုင်း ပို့လိုက်ကြတာမို့ တောက်ပြောင်သစ်လွင်တဲ့ ကားတွေချည်းပဲ စီးကြတယ်လို့ တချို့အရှေ့တိုင်းသားများက ထင်ကြပါသည်။

သူတို့ဆီမှာ ချမ်းသာတဲ့ ငွေရှင် ကြေးရှင်တွေက သုံးမကုန် ဖြုန်းမကုန်အောင် ကိုကျိတက် ချမ်းသာနေကြပေတဲ့ တနေ့လုပ်

မှ တနေ့စားရတဲ့ လူဆင်းရဲတွေ၊အလုပ်လုပ်လိုသော်လဲ အလုပ်နဲ့ အံဝင်ခွင်ကျ မဖြစ်သေးလို့ အလုပ်လက်မဲ့ ဖြစ်နေတဲ့ လူငယ်တွေ၊ အလုပ်ရပါလျက် အပျင်းထူလို့ အလုပ်မလုပ်ပဲ ပြည်နယ်အစိုးရရဲ့ အထောက်အပံ့နဲ့ ဖြစ်သလို နေထိုင်နေတဲ့ လူငပျင်းတွေလဲ တော်တော်ရှိပုံရပါသည်။

ကားတွေကပေါတော့ အဲဒီလိုလူတွေလဲ ကားစီးနိုင်ကြပါသည်။ သို့သော်လဲ လူဆင်းရဲ လူငယ်တွေရဲ့ကားဟာ ဘယ်မှာပြောင်လက်နေတဲ့ ကားသစ်ကြီးတွေ ဖြစ်နိုင်ပါ့မလဲ။ ကားစုတ်၊ ကားမဲ့၊ ကားပိန်၊ ကားရှုံ့၊ ကားသံချေးတက်တွေဘဲ ဖြစ်ပါသည်။

မြို့တော်ရဲ့ သန့်ရှင်းညီညာတဲ့ လမ်းမကြီးတွေပေါ်မှာ အဲဒီလို ကားပိန်၊ ကားရှုံ့၊ ကားသံချေးတက်တွေ ပြေးနေတာ တွေ့ရတော့ အမြဲတမတော် ဆင်တော်နဲ့ ဝါးခလောက်ဖြစ်နေပါသည်။ စက်ခေါင်းဖုံးမပါတဲ့ကား၊ ပါသော်လဲ အဖုံးမစိလို့ ဝါးလက်ခုတ်တီးသွားတဲ့ကား၊ နောက်ဖုံး တဝက်တပြက်သာ ရှိတဲ့ကား၊ နောက်ဖုံးမစိလို့ တခိုးခိုးတခစ်ခစ်နဲ့ ရွှေမြို့တော်ကြီးကိုသရော်ပြောင်လျောင်လုပ်သွားတဲ့ ကားများပင် တခါတရံ တွေ့ရပါသည်။ အဲဒီလို ကားတွေပေါ်မှာတော့ ကိုရွှေနိဂရိုးတွေကိုမဲအတွေ့ရများပါသည်။သူတို့လဲ မြို့တော်သူ မြို့တော်သားတွေဖြစ်လေတော့ မြို့တော်ကြီးရဲ့ လမ်းတွေပေါ်မှာ သူတို့ကားတွေကို စီးခွင့် မောင်းခွင့် ရှိကြသည် မဟုတ်ပါလား။

သို့သော်လဲ ရံဖန်ရံခါမှာတော့ မဟူရာရောင် ပြောင်လက်မနေပြီး ခန့်ညားလှတဲ့ နောက်ဆုံးပေါ် ကက်ဒီလက်ကားကြီးဟာ လူမပါပဲ ပြေးနေသလား ထင်ရလောက်အောင် ကားရောင်နဲ့ အသားရောင် ခွဲခြားမရတဲ့ ကားပိုင်ရှင်ကြီးများ ကားအတွင်းမှာ အခန့်သား ရှိုးအပြည့်နဲ့ ပါသွားတာကိုလဲ တွေ့ရတတ်ပါသည်။

ရာသီဥတုကတော့ မေလပင်ဖြစ်သော်လဲ နယူးယောက်မှာ အတန်ငယ် အေးပါသေးသည်။အိမ်တွင်းမှာ အပူမင့်လွတ်ထားရ ပါသေးသည်။ မိုးလဲ သဲသဲမဟုတ်ပေတဲ့ ဖွဲဖွဲတော့ မကြာမကြာ ရွာတတ်ပါသည်။ ဒါကြောင့် သူတို့ဆီမှာ လူနေအိမ်တွေဟာ အမြဲ တံခါးပိတ်ထားကြပါသည်။ လမ်းထဲလျှောက်သွားလိုက်လျှင် အိမ်ပြင်မှာ လူမတွေ့ရပါ။တံခါးတွေ အလုံပိတ်ထားတဲ့ အိမ်တွေချည်းမို့ လူမှ ရှိကြရဲ့လားလို့ ထင်ရပါသည်။

နယူးယောက်မှာ မြန်မာပြည်ကို တရားအားထုတ်ဖို့ လိုက်မည့်အမေရိကန် ဒကာတယောက်ကို ရှင်သာမဏော ပြုပေးပြီး ဆရာတော်ဘုရားကြီးက ရှင်အဂ္ဂါစာရလို့ ဘွဲ့ပေးလိုက်ပါသည် ဘုရား။

သစ္ဆာဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

လန်ဒန်မြို့တော်
အာဂလန်ပြည်
၂၂၊ ၅၊ ၇၉
ဒကာကြီး ဒကာမကြီးမိသားစုသို့

မေတ္တာဖြင့် သိပေပါသည်။ ဦးပဉ္ဇင်းတို့ ၂၁၊ ၅၊ ၇၉ နေ့က လန်ဒန်ကို ရောက်ပါသည်။

နယူးယောက်မှ မထွက်မီ ၂၀၊ ၅၊ ၇၉ နေ့ နံနက်က ဆန်ဖရံစစ္စကိုမှာ သာသနာ့ဘာဝနာထမ်းဆောင်ရန် နေရစ်ခဲ့ကြရ မည့် ဦးသီလာနန္ဒနှင့် ဦးကေလာသ တို့ကို လာဂျဒီးယား လေဆိပ်သို့ လိုက်ပို့ခဲ့ပါသည်။ ဧပြီလ ၁-ရက်နေ့က စပြီး ၁-လနှင့် ရက် ၂၀-ပတ်လုံး အတူသွား အတူလာ အတူစား အတူဆောင်ရွက်ဖက်ဖြစ်တဲ့ သီတင်းသုံးဘော် အရှင်နှစ်ပါးကား နယူးယောက်မှာပင် လမ်းခွဲကာ ဆန်ဖရံစစ္စကိုသို့ ထွက်ခွာ သွားခဲ့ကြရှာလေပြီ။

သူတို့က နံနက် ဆန်ဖရံစစ္စကိုသို့ ထွက်ခွာ ကြပြီး ဦးပဉ္ဇင်းတို့က ညနေမှာဘဲ အင်္ဂလန်နှင့် ဥရောပကို ဓမ္မဒိန်းဆက် ကြဘို့ ပြင်ကြဆင်ကြရပါသည်။ ရှေ့သွားရမည့် ခရီးတာကို မျော်မှန်းကြည့်လိုက်တော့ ၂-လ ကျော်ကျော်တောင်မှ လှည့်လည်ရဦးမှာကို စဉ်းစားမိပြီး အိမြန်မာပြည်ခဲ့ မနီးသေးပါလားလို့ ခံစားမိပါသည်။

ညနေ ၄-နာရီမှာ ကားနှင့် လေဆိပ်သို့ ထွက်ခဲ့ကြပါသည်။ ၄-နာရီဆိုသော်လဲ အမှန်တော့ ၃-နာရီသာ ရှိပါသေး

သည်။ နာရီကို ရှေ့ ၁-နာရီတိုးပြီး ရွှေ့ထားလို့သာ ၄-နာရီ ဖြစ်နေခြင်းပါ။ ဦးပဉ္စင်းတို့ မက်ဆာချူးဆက်ပြည်နယ်က ဘယ်ရီစိပသဿနာ ဘာဝနာအသင်းမှာရှိနေခိုက် ပြီလ ၂၈-ရက်နေ့မှာ အမေရိကန်တပြည်လုံးရှိ နာရီများကို ရှေ့ ၁-နာရီတိုးပြီး ရွှေ့ထားကြဘို့ အစိုးရက သတင်းစာမှ ကြေငြာပါသည်။ နိုဝင်ဘာလရောက်မှ နောက်သို့ ပုံမှန်အတိုင်း ပြန်ရွှေ့ရမည်ဟု ဆိုပါသည်။ ဒီလိုရွှေ့ရတာဟာ နေသွား လသွားအရ မဟုတ်ပဲ နေစောစောထွက်လို့ နေ့တာရှည်တဲ့ ဒီလတွေမှာ အလုပ်ချိန်ပိုရအောင် ရွှေ့ရခြင်းဖြစ်ကြောင်း သိရပါသည်။ အင်္ဂလန်နှင့် ဥရောပ နိုင်ငံများမှာတော့ မတ်လကတည်းကပင် နာရီကို ရှေ့သို့ ရွှေ့ထားကြပါသည်။

လေဆိပ်ကို လိုက်ပို့ကြတဲ့ ဒကာ ဒကာမများက ကားကျပ်ချိန်နှင့် မတိုးရအောင် အချိန်ကို ကြိုတင် တွက်ချက် ရွေးချယ်ပြီး လေဆိပ်သို့ စောစောထွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ကားကျပ်ချိန်နှင့်လဲ တိုးငါးလမ်းကလဲ ရွေးချယ်စရာ မရှိဘူးဆိုလျှင် ၁-နာရီနဲ့ ရောက်မည့် ခရီးကို ၂-နာရီ၊ ၃-နာရီကြာမှ ရောက်တတ်ပါသည်။ ယခုတော့ အချိန်ရော လမ်းပါ အရွေးမှန်လို့ ၅-နာရီသာသာမှာ နယူးယောက်မြို့ ပြည်ပလေဆိပ်ဖြစ်တဲ့ ကနေဒီလေဆိပ်သို့ ရောက်ပါသည်။

ပြည်တွင်းသွား လေဆိပ်မှာလာဂွါဒီးယား(La Guardia) လေဆိပ် ဖြစ်ပါသည်။ လာဂွါဒီးယား လေဆိပ်မှာ ၂-မိနစ်

တစင်းကျလောက် လေယာဉ် အဝင်အထွက် ရှိသည်ဟု ဆို ပါသည်။

ကနေဒီလေဆိပ်မှာ တခြားလေဆိပ်များနဲ့ မတူ တမူထူး ခြား ခမ်းနား လှပအောင် ပြင်ဆင်ထားပါသည်။ တွေ့ရတဲ့ လေဆိပ်တွေထဲမှာ အပြင်အဆင် အကောင်းဆုံး လေဆိပ်လို့ ထင်ပါသည်။

လေဆိပ်သို့ ဦးပေါ် ဦး၊ ဦးစော လွင်၊ ဒေါက်တာ ဦးအောင်သိန်း အစရှိတဲ့ ဒကာများနှင့် ကျိုက်ဇော်၊ ကျက်၊ မေတ္တာ အစရှိတဲ့ အမေရိကန် ဒကာ ဒကာမများ အဖတ်များများ လိုက်ပို့ကြပါသည်။ ဦးလှဖေနှင့် ဒေါ်တင်လှိုင် ဇနီးမောင်နှံ လဲ အင်္ဂလန်နှင့် ဥရောပ တရားစခန်းများမှာ တရားအားထုတ် ဖို့ နောက်လေယာဉ်နှင့် လိုက်ရန် လေဆိပ်ကို ရောက်နေကြပါ သည်။

လေယာဉ်ထွက်ချိန် အတော်လိုသေးလို့ စကားလက်ဆုံ ကျကြရပါသည်။ ဒေါက်တာဦးအောင်သိန်းက အမေရိကန် ပြည်မှာ လာနေပြီး သာသနာပြုယင်း ပိအိတ်ချဒီဘဲ့ ယူလျှင် ဦးပဉ္စင်းအတွက် အခက်အခဲမရှိပဲ ရနိုင်မည်ဖြစ်ကြောင်း၊ ကွလာ စေချင်မကြောင်း စသည် လျှောက်ပါသည်။ ဘဲ့တွေကို စိတ် ဝင်စားဖို့ အချိန်မရတော့ကြောင်း ပြောရသည်။

မေတ္တာက "နောက်တကြိမ် ဘယ်တော့ ပြန်တွေ့ရပါမလဲ" ဒေးတော့ "အမေရိကကို နောက်တခေါက် ရောက်တဲ့အခါ တွေ့ရပါလိမ့်မည်" လို့ ဖြေရပါသည်။ "နောက်တခေါက်

ဘယ်တော့ရောက်မှာလဲ" မေးတော့ "လာတဲ့အခါရောက်မှာပါ"လို့ ဖြေရပါသည်။အမေရိကန် အမျိုးသား ယောဂီတွေကလဲ ကျေးဇူးတင်ကြောင်း၊ ပြန်ကြလာစေချင်ကြောင်း လျှောက်ကြသည်။

ခွဲခါနီးမို့ မြန်မာဒကာတွေကလဲ စကားပြောလို့ မဆုံးနိုင်၊ အမေရိကန်တို့ကလဲ ပြောလို့ မကုန်နိုင်၊ ဒို့ခံပြီး နားထောင်နေရသည်။ တခါတရံမှ တခွန်း နှစ်ခွန်းလောက်သာ ပြန်ပြောမိသည်။ ဒေါက်တာဦးအောင်ယိန်းက လေဆိပ်အတွင်းရှိ ဆိုင်မှ ပို့စ်ကဒ်တွေ သွားဝယ်လာပြီး လှူပြန်သည်။

လေယာဉ်ပေါ်တက်ဖို့ ကြေငြာသံကြားရတော့ ၇း၁၅ နာရီ ရှိနေပါပြီ။ လိုက်ပို့သူများကို နှုတ်ဆက်ကာ လေယာဉ်ပေါ် တက်ခဲ့ကြပါသည်။ ခါတိုင်း လေယာဉ်ပေါ်တက်လျှင် ၆-ပါးနှင့်တယောက်၊ ယခု လေယာဉ်ပေါ် တက်တဲ့အခါ (ဦးရေဝတခမ္မကလဲ အင်္ဂလန်ကို ကြိုတင်ကြွနှင့်ပြီ ဖြစ်လို့) ၃-ပါးနှင့် ၁-ယောက် ဖြစ်နေတော့ တခုခု လိုနေသလိုလို စိတ်ထဲမှာ ဖြစ်မိသည်။ ၇း၄၀ နာရီတွင် လေယာဉ်ထွက်ပါသည်။ လေယာဉ်မှာ ပင်းအမေရိကန် (**Pan-Am**) လေယာဉ် ၇၄၇ ဖြစ်၍ ခရီးသည် အပြည့်နီးပါး ပါပါသည်။

လေယာဉ် စတက်ကတည်းက စာကြည့်မီး ဖွင့်ပြီး စာကြည့်လာရာက အိပ်ချင်စိတ် ရှိလာသည်နှင့် မီးပိတ် မျက်စိမှိတ်ကာ ဆိုင်လျက်ပဲ အိပ်လိုက်သည်။ ဖျတ်ကနဲ နိုးလို့ကြည့်လိုက်တော့

လေယာဉ်ပြင်ဘက် ကောင်းကင်ပြင်မှာ လိမ္မော်နုရောင် သန်းနေလေပြီ။ အရက်တက်နေပါပြီကော ဆိုတဲ့ အသံ စင်လာတာနှင့် နာရီကို ကြည့်လိုက်တော့ နယူးယောက် အချိန် ၁၁း၃၀ နာရီဘဲ ရှိသေးသည်။ အရက်တက်တာ စောလှချည်လား။

ဗမာပြည်က ထွက်ကတည်းက အရှေ့ကိုချည်း သွားခဲ့ရပျံသန်းခဲ့ရသည်။ ရန်ကုန်မှ အရှေ့ ဗန်ကောက်သို့၊ဗန်ကောက်မှ အရှေ့ ဟောင်ကောင်နှင့် တိုင်ပေသို့၊ တိုင်ပေမှ အရှေ့ တိုကျိုသို့၊ တိုကျိုမှ အရှေ့ ဟဝိုင်ယီကျွန်း-ဟိုနိုလူလူသို့၊ ဟိုနိုလူလူမှ အရှေ့ အမေရိကန်ပြည်မ အနောက်ဘက် ကမ်းခြေ လော့စိန်ဂျလိစ်နှင့် ဆန်ဖရန်စစ္စကိုသို့၊ ဆန်ဖရန်စစ္စကိုမှ အရှေ့ ဘက်ကမ်းခြေ ဝါရှင်တန်၊ ဘော့စ်တန်၊ နယူးယောက်သို့၊ နယူးယောက်မှ အရှေ့ ယခု အင်္ဂလန်သို့၊ အရှေ့ကိုချည်း ခရီးလွှင့်ခဲ့ရသည်။ အင်္ဂလန်နှင့် ဥရောပတိုက်မှာ ကိစ္စပြီးပြန်တော့ အင်္ဂလန်မှ အရှေ့ ယိုးဒယားပြည် ,ဗန်ကောက်သို့ တဖန် အရှေ့ခရီး ဆက်ရပြန်ဦးမည်။

ဒီလိုနှင့် အရှေ့ကိုချည်း သွားရာက မူလနေရာ ပြန်ရောက်တော့ ကမ္ဘာကို တပတ် ပတ်မိရပေတော့မည်။

ခရီးသည်တွေက အမြန်ယာဉ်နဲ့ အရှေ့ကိုချည်းသွား၊ နေကလဲ အမြန်နှုန်းနဲ့ အနောက်ကိုချည်းသွားတော့ မျက်နှာချင်းဆိုင် ပြေးနေတဲ့ သက်ရှိသက်မဲ့ အရာနှစ်ခု မြန်မြန်ကြီး နီးကပ်

သွားတာဟာ သဘာဝပို့ အရက်တက်တာ ဤမျှ စောရပါ့လေသည်။

လေယာဉ်၏ ပြင်ဘက်တွင် တက်သစ်စ အရက်ရဲ့ လိမ္မော်နှုးရောင်ဟာ တဖြေးဖြေး လိမ္မော်ရင့်ရောင်သို့ ပြောင်းလာတော့ အရှေ့ဘက်ကောင်းကင် တပြင်လုံး လိမ္မော်ရောင် ဝင်းမှည့်နေတဲ့အတွက် သာယာကြည်နှူးဖွယ် ရှိလှသည်။

လိမ္မော်ရင့်ရောင်မှ အနီရောင်သို့ ပြောင်းသွားပြန်သည်။ အနီရောင်တွင် အဖြူရောင်မှိန်မှိန် ရောစွက်လိုက်တော့ အနီဖျော့သွားရာမှ တဖြေးဖြေး လင်းလာကာ အတွလန္တိတ် သမုဒ္ဒရာရေပြင်၏ အရှေ့ဖျား မိုးကုတ်စက်ဝိုင်းနားတွင် လှိုင်းလုံးတွေအကြားမှာ ငုတ်ချည်ပေါ်ချည်နှင့် ရေကစားနေသော နေမင်းသားကို အထင်းသား တွေ့ရပါတော့သည်။ "ဒီမှာ တဆိတ် ကျေးဇူးပြုပြီးတော့...." ညင်သာတဲ့ အသံတသံ ကြားလိုက်ရမှ သဘာဝ ပတ်ဝန်းကျင်မှာ မြုပ်ဝင်နေကဲ့ စိတ်အစဉ်ကို ရုပ်သိမ်းကာ လှည့်ကြည့်လိုက်တော့ အရက်စာတောင်မှ လာကပ်နေပါပြီကော။

အရက်စာဗန်းထဲမှ အလျား ၃-လက်မ၊ အနံ ၂-လက်မခန့်ရှိတဲ့ စက္ကူအိတ်ကို ဖောက်လိုက်ကာ အမွှေးနံ့ မသိမသာသင်းနေတဲ့ စက္ကူမျက်နှာသုတ်ပုဝါ စိုစိုကလေးကို ထုတ်ဖြန့်လိုက်ပြီး မျက်နှာကို ပွတ်သပ်သုတ်သင် သန့်စင်ပေးရပါသည်။ နာရီကြည့်လိုက်တော့ နယူးယောက် အချိန်နှင့် ၁၂း၃၀ နာရီ

ရှိနေပါပြီ။အရက်စာကား သင့်လျော် လျောက်ပတ်တဲ့အနောက် တိုင်းစာပင် ဖြစ်သည်။

အာဂ်လန်ပြည် လန်ဒန်မြို့အနီးမှ ဟိသရိုးလေဆိပ် မြေအပြင် ကို ဦးပဉ္စင်းတို့ လေယာဉ်ဘီး ချမိတော့ နယူးယောက်အချိန် နှင့် နံနက် ၂း၁၀ နာရီ ရှိပါသေးသည်။ သို့သော် လန်ဒန် အချိန်ကတော့ ၇း၁၀ နာရီ ရှိနေပါပြီ။ (လန်ဒန်က နယူး ယောက်ထက် ၅-နာရီစောပြီး နေထွက်ပါသည်။)

နယူးယောက်မှ ညနေ ၇း၄၀ နာရီ လေယာဉ်ထွက်ခဲ့ပြီး နောက်တနေ့ နံနက် (လန်ဒန် အချိန်) ၇း၁၀ နာရီမှာ လန်ဒန် လေဆိပ်ကို ရောက်တာဖြစ်လို့ လေယာဉ် ပျံသန်းချိန် ၁၁း၃၀ နာရီ ကြာတယ်လို့ သာမန်အားဖြင့် ဆိုရသော်လဲ တကယ် အမှန် ပျံသန်းချိန်မှာ ၆း၃၀ နာရီမျှသာ ဖြစ်ပါသည်။ အကြောင်းကတော့ နယူးယောက်အချိန် ညနေ ၇း၄၀ နာရီမှာ ထွက်ခဲ့တဲ့ လေယာဉ်ဟာ နယူးယောက်အချိန် ၂း၁၀ နာရီမှာ လန်ဒန်ကို ရောက်တာ ဖြစ်လို့ပါပဲ။ လန်ဒန်က နယူးယောက် ထက် ၅-နာရီ စောနေတော့ နယူးယောက်အချိန်နှင့် ၂း၁၀ နာရီ အချိန်ဟာ လန်ဒန်အချိန်နှင့် ၇း၁၀ နာရီ အချိန်ဖြစ်နေ ပါသည်။

လေဆိပ်အတွင်းမှာ ဒေါက်တာ ဦးရေ၀တမမှု၊ သီဟိုဠ် ဘုန်းကြီး ၂-ပါး၊ ယိုးဒယား ဘုန်းကြီး ၂-ပါး၊ အင်္ဂလိပ် ဘုန်းကြီး ၄-ပါးနှင့် မြန်မာဒကာ ဒကာမများ အသင့် ကြိုဆို

နေကြတာကို တွေ့ရပါသည်။ ဆွစ်ဇာလန်မှ ဒေါက်တာမီရိုကို ဖရိုးဇားလဲ ပါဝင်ပါသည်။

လေဆိပ်မှ တည်းခိုရာ ယိုးဒယား ဘုန်းကြီးကျောင်း (Buddhapadipa Temple)ကို အသွား လမ်းတလျှောက်မှာ လန်ဒန်မြို့ရဲ့ အခြေအနေကို အကဲခတ်သွားရာ ကြီးကျယ်မြင့်မားတဲ့ အဆောက်အအုံကြီးများကို မတွေ့ရပဲ အသေးစား နှင့် အလတ်စား တိုက်အိမ်များ၊ အဌား တိုက်တန်းလျားများကိုသာ တွေ့ရပါသည်။

တည်းခိုကျောင်း ရောက်ပြီး မကြာမီဘဲ နေ့ဆွမ်းကပ်ကြပါသည်။ မြန်မာ၊ ယိုးဒယား၊ သီဟိုဠ်၊ အင်္ဂလိပ်၊ အမေရိကန် သံဃာစုံ ၂၁-ကျော်တို့ကို ခုံမရှိ စားပွဲ မရှိလို့ သမံတလင်း ပေါ် အဝတ်ခင်းပြီး ဆွမ်းကပ် ကြရပါသည်။ မြန်မာဆွမ်း ဆွမ်းဟင်းများဘဲ ဘုဉ်းပေးကြရပါသည်။ ဆွမ်းဒကာများ က တော့ ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ မိသားစုဖြစ်ပါသည်။ မေ ၂၂-ရက်နေ့ နေ့ဆွမ်းကို ဦးသိန်းထွန်း၊ ဒေါ်မြမြမြိုင်(ဘီဘီစီ) တို့က အိမ်ကိုပင့်ပြီး ကပ်လှူကြပါသည်။

မေ ၂၃-ရက်နေ့မှာ စကော့တလန်ပြည် ဆရမြလင်း တိဘက်ကျောင်းကို တရားပြ သွားကြရမှာမို့ ဒီလန်ဒန်မှာ ဒီတပတ် တရားနှင့် ပတ်သက်တဲ့ အစီအစဉ် ဘာမျှ မရှိပါ။ သို့သော်လဲ ရောက်တဲ့နေ့ ညမှာ ဆရာတော်ဘုရားကြီး မြန်မာလို တရား ချီးမြှင့်ပါသည်။ တရားနာပရိသတ်က မြန်မာ ၂၅ ယောက်ခန့်နှင့် အင်္ဂလိပ် ၅ ယောက်ခန့်သာ ရှိပါသည်။ ဆရာ

တော်ကြီး တရားချီးမြှင့်ပြီးမှ ~~အမေရိကန်~~တော်က အင်္ဂလိပ် ပရိသတ် အတွက် အကျဉ်းချုံးပြီး ဘာသာပြန်ပေးပါသည်။ ပြီးလျှင် တရား အထိုင်ခိုင်းပါသည်။ နောက်တနေ့ ညမှာ ဆရာတော် ဘုရားကြီး၏အမိန့်အရ ~~အမေရိကန်~~တော် တရားချီးမြှင့်ပြီး ပရိသတ်ကို တရားထိုင်စေပါသည်။

နေ့ အချိန်များမှာတော့ ရောက်သင့်ရောက်ရာ နေရာများကို ဒကာများ လိုက်ပို့ကြပါသည်။ နာမည်ကြီးလှတဲ့ လန်ဒန်၊ ငယ်စဉ် ကဲလေးဘဝ ကတည်းက အထင်ကြီးလာခဲ့ရတဲ့ လန်ဒန်၊ ရောက်ဖူးသူများက အမွှန်းတင်ကြလွန်းလို့ နတ်ဘုံ နတ်နန်း တမျှ အထင်ရောက်ခဲ့ရတဲ့ လန်ဒန်၊ အခု ရောက်ရ တော့ရ မြင်ရ တော့ စိတ်ထဲမှာ ဘာမျှ ထူးထူးခြားခြား မခံစားရပါ။ မြို့ကျယ်သည်၊ ကားများသည်၊ လမ်းရှုပ်သည်၊ ဒါလောက်ပဲ ရှိပါသည်။ အမေရိကန်ပြည် မြို့ကြီးများကို ရောက်ပြီးမှ လန်ဒန်ကို ရောက်ရလို့ မထူးခြားတာလဲ ဖြစ်နိုင်ပါသည်။ ဝါရှင်တန် နယူးယောက် စတဲ့ မြို့ကြီးတွေကို ရောက်ပြီးမှ လန်ဒန်ကို ရောက်ရတော့ လန်ဒန်ဟာ တောမြို့ကလေးသဖွယ် ဖြစ်နေပါသည်။

အမှန်တော့ တကယ်ကြီးကျယ် ခမ်းနား စည်ကားတဲ့ ဖော်ပြပါ အမေရိကန် မြို့ကြီးတွေကို ရောက်တော့လဲ စိတ်ထဲမှာ သိပ်ပြီး ထူးထူးခြားခြား ခံစားရမှု မရှိလှပါ။ ရန်ကုန်မှာ သွားလာနေရသလောက် သာသာမျှသာ ရှိပါသည်။

မြို့ကျယ် လမ်းများလို့ လမ်းမှားတတ်တယ် ဆိုတာကိုတော့ 'မယုံမရှိနဲ့ ကိုယ်တွေ့မို့' ထူးခြားစွာ မှတ်သားခဲ့ရပါသည်။

ရောက်ပြီး နောက်တနေ့ နေ့လယ် ၁-နာရီမှာ ဆရာတော်ဘုရားကြီးနှင့်အတူ မျက်စိစမ်းသပ်ဖို့ ဦးဦးခိုင်၏သမီး ဒေါက်တာဒေါ်ကြည်ကြည်ခိုင်ရဲ့ ဆေးခန်းကို ကြွကြရပါသည်။

ကားနှင့် လိုက်ပို့သူမှာ ဦးစိန်ထွန်းအောင် ဖြစ်ပါသည်။ တည်းခိုကျောင်းနှင့် ဆေးခန်း အတော်ဝေးတော့ ကားကောင်းလမ်းမှန်လျှင် ၁-နာရီခန့် မောင်းရကြောင်း သိရပါသည်။ယခု ၂-နာရီကြာမှ ဆေးခန်းကို ရောက်ပါသည်။အကြောင်းကတော့ လမ်းမှားပြီး တဝဲလည်လည် ဖြစ်နေလို့ပါဘဲ။ တချို့ လမ်းများသုံးကြိမ်လောက် ထပ်ခါတလဲလဲ ရောက်နေပါသည်။

မောင်းသူ ဒကာ ဦးစိန် ထွန်းအောင်ဟာ ကားထဲမှာ လန်ဒန်လမ်း မြေပုံစာအုပ် ပါသော်လဲ မြေပုံစာအုပ်ကို အားမကိုးဘဲ မသေချာတိုင်း ကားရပ်ပြီး နီးရာလူကို မေးပါသည်။ လက်တွေ့ဆန်သူလို့ ဆိုရမည်လား မသိပါ။ သို့သော်လဲ မေးပြီး ဆက်မောင်း၊ မှားပြန်သည်။ မှားတော့ ရပ်ပြီး မေးပြန်သည်၊ မေးပြီး ဆက်မောင်းပြန်သည်၊ မှားပြန်သည်။ ဒီလိုနှင့် 'မေး မောင်း မှား' သံသရာလည်ကာ လန်ဒန်မြို့ကြီး နှံ့လှမတတ် ရှိတော့မှ နောက်ထပ် မှားစရာ လမ်းမရှိတော့လို့ လား၊ ကားကဘဲ မောလို့လား မသိ လမ်းဘေး ထိုးရပ်လိုက်ပြီး ဆေးခန်းကို တွေ့ရပါတော့သည်။

ဖိုးသူတော် မျက်စိလည်လေ ဆန်ရလေ ဆိုသလို လမ်းဘေးတာနဲ့ ဦးပဉ္စင်းတို့ လန်ဒန်မြို့ကြီးကို နှံ့သလောက်နီးပါး

ဖြစ်သွားပါသည်။ အပြန်မှာ မရောက်ရသေးတဲ့ နေရာတွေဘက် လမ်းမှားသွားယင် သိပ်ကောင်းမှာဘဲလို့ ကလေးတွေး တွေး နေမိပါသည်။

(နောက်မှ ကားဒကာရဲ့ ဇနီးက သူ့ဒကာဟာ လမ်းမှား ပါရဂူ ဖြစ်ကြောင်း၊ ဒါလဲ လန်ဒန်ကိုရောက်တာ မကြာသေး၊ လေးနှစ် ကျော်ကျော်ကလေးမျှသာ ရှိသေးလို့ ဖြစ်ကြောင်း လျှောက်ပါသည်)။

သတ္တဝါ မှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

လန်ဒန်မြို့တော်
အင်္ဂလန်ပြည်
၂၃၊၅၊၇၉

ဆရာတော် ဦးကုသလဘုရား

မေတ္တာဖြင့် ရိုသေလေးစားစွာ လျှောက်ထားပါသည်။ ဟပည့်တော်တို့ နယူးယောက်မှ မိုင် ၃၂၀၀ ခန့် ဝေးတဲ့ အင်္ဂလန်ပြည် လန်ဒန်မြို့တော်ကို မေ ၂၁ ရက်နေ့က ရောက်ပါသည်။ အတွသန္ဓိတ် သမုဒ္ဒရာပေါ်ကို ဖြတ်ပြီး လေယာဉ်ပျံသန်းခဲ့တာဟာ ပျံသန်းချိန် ၆း၃၀ နာရီ ကြာပါသည်။

လန်ဒန်ရောက်တော့ နယူးယောက်မှာလို မိုးမရွာတော့ပါ။ ရာသီဥတုကတော့ အတော်ကလေးအေးပါသေးသည်။သို့သော် နေလို့ ကောင်းရုံပါဘဲ။ တနေ့လုံး နေရောင် ကြည် ကြည် လင်းလင်း မတွေ့ရဘဲ အုံ့မှိုင်းမှိုင်း ဖြစ်နေပါသည်။ အင်္ဂလန် ရာသီဥတုရဲ့သဘောဟာ ဒီအတိုင်းဘဲလို့ သိရပါသည်။

လန်ဒန်မြို့တော်မှာ မြို့လယ်မှတပါး အိမ်တွေဟာ ရှေးက ဆောက်ထားတဲ့ ခေါင်မြင့်မြင့် အမိုးစောက်စောက်နဲ့ ၂-ထပ် အိမ် (ထပ်ခိုးပါ ၃-ထပ်) တွေ များပါသည်။ အဆောက် အဦ တခုမှာ ၂-အိမ်မှ ၄-အိမ်အထိ နံရံချင်း ထိစပ်ကာ တဲလျက် ဆောက်ထားတတ်ပါသည်။ လမ်းတိုင်းမှာ အိမ်တွေကို တပုံစံတည်း ချပေးထားတာဖြစ်လို့ ရောက်ရာနေရာက လမ်းဘေးတလျှောက် မျက်စိတဆုံး ကြည့်လိုက်လျှင် ပုံစံတူ

အိမ်တွေကို တသီတတန်းကြီး တွေ့ရတော့ ကြည့်လို့ ကောင်းပါသည်။ တချို့အိမ်တွေမှာ များများ မဟုတ်သော်လဲ အနည်းအကျဉ်း စိုက်ထားတဲ့ ပန်းတွေဟာ ပန်းရာသီမို့ အပွင့်တွေဝေလျက် ရှိပါသည်။

တိုက်အိမ်ဆင်တူတွေမို့ ကြည့်လို့ကောင်းပြီး ပန်းတွေနဲ့ လှနေသော်လဲ အေးတဲ့ရာသီရှိတဲ့ နိုင်ငံများရဲ့ သဘာဝအတိုင်း အိမ်တိုင်း တံခါး အားလုံး ပိတ်ထားလို့ လူစ လူနမှ မတွေ့ရ မမြင်ရတော့ လူသူဆိတ်သုဉ်းနေတဲ့ နေရာလို ဖြစ်နေတဲ့အတွက် ကျက်သရေ မရှိပါ။ တချို့ တကိုယ်တည်း နေရသူများဟာ အမြဲတမ်း တံခါးတွေ အလုံပိတ်ထားရတဲ့ အိမ်ထဲမှာချည်း နေရတော့ ပြုံငပလောကနဲ့ အဆက်အစပ် အထိ အတွေ့ မရှိတော့တဲ့အတွက် အထီးကျန်လို ဖြစ်နေပြီး စိတ်ချောက်ချား သွားတတ်ပါသည်။ တံခါးတွေ ဖွင့်ထားနိုင်ယင်ဖြင့် အနည်းဆုံး လမ်းပေါ်က ကားသံ လူသံတွေနဲ့ ထီတွေ့ ဆက်စပ်နေရတာမို့ အထီးကျန် ခံစားမှုမျိုး မဖြစ်နိုင်ပါ။ သူတို့ အေးတဲ့နိုင်ငံတွေမှာ ဒီဒုက္ခဟာ အင်မတန် ကြီးမားလှပါသည်။

လန်ဒန်ဟာ သိမ်းမြစ်ရဲ့ ဘေးတဖက်တချက်မှာ တည်ထားတဲ့ မြို့ဖြစ်တော့ မြစ်ကူးတံတားတွေနဲ့လဲ မြို့ကို တန်ဆာဆင်ထားပါသည်။ သို့သော်လဲ တချို့ တံတားများ ပုံမကျခြင်း၊ ဟောင်းနွမ်းနေခြင်းများကြောင့် လှသင့်သလောက် မလှပါ။ မျော်စင်တံတား (Tower Bridge)ကတော့ လန်ဒန်ရဲ့ ထူးခြားချက်တခု ဖြစ်ပါသည်။

သိပ္ပံပညာနှင့် စက်မှုပညာ တိုးတက်နေတဲ့ ဂျပန်နှင့် အမေရိကန်နိုင်ငံမှားမှာလိုပင် အင်္ဂလန်နိုင်ငံမှာလဲ လူတွေဟာ ဖြေးဖြေးအေးအေး မရှိပဲ သုတ်သီးသုတ်ပျာ နိုင်လှပါသည်။ လမ်းသွားတာလဲ ဖြေးဖြေးမှန်မှန် သွားသူ အလွန်ရှားပါသည်။ သုတ်သုတ်တလှည့် ဖြေးဖြေးတလှည့် သွားနေသူတွေဘဲ များပါသည်။

အမျိုးသားတွေ မြန်မြန်သွားတာဟာ ကြည့်မဆိုးပေတဲ့ အမျိုးသမီးများ မြန်မြန်သွားကြတော့ ကြည့်ရ တမျိုးဆိုးပါသည်။ စီးထားတာက ဒေါက်မြင့် ခွဲခွန်းဖိနပ် ဖြစ်နေတော့ ခြေလှမ်းကလဲ ကျဲကျဲလှမ်းလို့ မဖြစ်တဲ့အတွက် ခြေလှမ်းစိပ်စိပ်နဲ့ သုတ်သုတ်နင်းရတော့ ရင်ညွှောင့်ကောင် ခေါ်တဲ့ ငှက်တမျိုး သွားသလို ငေါက်တက် ငေါက်တက်နဲ့ အကြည့်ရ အမြင်ရ ခက်ပါသည်။

လူတွေ အနေနှင့်ကတော့ အင်္ဂလိပ်တွေဟာ အမေရိကန်တွေထက် ပိုပြီး အနေအထိုင် အဝတ်အစား သားသားနားနား သပ်သပ်ရပ်ရပ် ရှိပါသည်။ ဣန္ဒြေနှင့် သိက္ခာနှင့် နေကြပါသည်။ ရုပ်ဆင်းအင်္ဂါနှင့် အသားအရေလဲ အမေရိကန်တွေထက် ပိုပြီး နုးညံ့တဲ့ အသွင်အပြင် ရှိပါသည်။

သို့သော်လဲ သူတို့ ဣန္ဒြေသိက္ခာတွေဟာ ဟိုက်ပတ် ဥယျာဉ်ထဲက ပြည်သူ့ဟစ်တိုင်ပေါ် ရောက်လျှင် ပျောက်ပျက်ကုန်ပါတော့သည်။ ပြောချင်ရာပြော၊ ဆိုချင်ရာဆို၊ ဒေါသချင်သလို အော်၊ ဟစ်ချင်သလုံဟစ်နှင့် ဖြစ်ချင်တိုင်း ဖြစ်နေကြသည်ဟု

ဆိုပါသည်။ ပြင်ဘက်မှာ ဘုရင်မကို အပြစ်ပြောဖို့ မဆိုထား နှင့်၊ ဘုရင်မဓာတ်ပုံကိုပင် အပြစ်ပြောယင်၊ မရိုမသေ ကိုင်တွယ် ထားသိုယင်တောင်မှ ရဲအဖမ်းရေလို့ အချုပ်နှန်း စံရသည်ဟု သိရပါသည်။ ဟိုက်ပတ်ဥယျာဉ်ထဲက ပြည်သူ့ဟစ်တိုင်ပေါ် ရောက်လျှင်တော့ ဘုရင်မကို စိတ်တိုင်းကျ ပြောနိုင် ဆိုနိုင် သည်ဟု သိရပါသည်။

ဟိုက်ပတ် ဥယျာဉ်ဆိုသော်လဲ ပန်းမျိုးစုံ ဝေနေတဲ့ ပန်း ဥယျာဉ် မဟုတ်ပါ။ လူတွေ ပြတ်သိပ်နေတဲ့ မြို့ထဲမှာ ဇနီး ရသူတွေဟာ အသက်ရှူပေါက် ချောင်ပြီး အပန်းပြေ သွား လာ နေထိုင်ကြရအောင် သစ်ပင် မြက်ခင်းပေါ့နဲ့ ကွင်း ကျယ်ကျယ်ကို အဆောက်အအုံ မဆောက်ပဲ သီးသန့်ထားရုံ မျှသာ ဖြစ်ပါသည်။

လန်ဒန်က ဟိုက်ပတ်ဥယျာဉ်ဟာ မြေအကျယ် ၃၆၁ ကေ ရှိပါသည်။ နယူးယောက် မြို့လယ်မှ ဗဟို ဥယျာဉ်က ပိုကျယ် ပါသည်။ မြေအကျယ် ၈ကေ ၈၄၀ ကျယ်သည်ဟု သိရပါ သည်။ ဒီလို ဥယျာဉ်မျိုး ဝါရှင်တန်နှင့် ဆန်ဖရန်စစ္စကိုမြို့များ မှာလဲ အတော်ကျယ်ကျယ် ရှိပါသည်။ ရန်ကုန်မှာလဲ အင်းယား ကန် အနီးအပါးနှင့် ကန်တော်ကြီး အနီးအပါးတို့မှာ ရှိပါ သည်။ သို့သော်လဲ မြို့လူထုနှင့် စာလျှင် ကျဉ်းပါသည်။

အလုပ်ပင်ပန်းလို့ အပန်းဖြေစရာ တခြား တခုကတော့ ဘုန်ပဒေသာ တိုက်ကြီးများ ဖြစ်ပါလိမ့်မည်။ ဘာကြောင့်လဲ

ဆိုလျှင် ဒီတိုက်ကြီးတွေအနီးက ကားရပ်တဲ့ မြေကွက်အကျယ်ကြီးတွေမှာ အနားရောက်လို့ကြည့်လိုက်တိုင်း ကားတွေ ပြည့်နေတာချည်း တွေ့ရလို့ပါဘဲ။ အမေရိကန်မှာလဲ ဒီအတိုင်းပါဘဲ။ မြို့ထဲမှာ ပစ္စည်း တမျိုးစီ သတ်သတ်ရောင်းတဲ့ တိုက်ဆိုင်ကြီးတွေ ရှိတဲ့ စျေးရပ်ကွက် ရှိပါသည်။ သို့သော်လဲ ပစ္စည်း တမျိုးစီ တမျိုးစီဒေတွက် တိုက်ဆိုင် တခုစီ တခုစီကို ဝင်နေရပါသည်။

ဒီကုန်ပဒေသာ တိုက်ကြီးတွေမှာတော့ တနေရာတည်းမှာဘဲ ပစ္စည်းမျိုးစုံကို ကြည့်ချင်သလောက် ကြည့်၊ ဝယ်ချင်သလောက် ဝယ်နိုင်တော့ လူလဲ မပင်ပန်း၊ ဒုခ္ခိန်ကုန်လဲ သက်သာပါသည်။ ရောင်းစရာ ပစ္စည်းအားလုံးမှာ တန်ဖိုး ရေးထားပြီး ဖြစ်လို့ စျေးဆစ်စရာ မလိုတဲ့အတွက် အချိန်ပိုလဲ မကုန်တော့ပါ။ ဒီစျေးနဲ့ ဒီပစ္စည်း ကြိုက်ယင်ယူ၊ မကြိုက်ယင် မယူဘဲ နေရုံ ရှိသည်။ ကြိုက်တဲ့ ပစ္စည်းမှန်သမျှ အဆင်သင့် ရှိနေတဲ့ တွန်းလှည်းကလေးပေါ် အားလုံးတင်ပြီး ငွေချေကောင်တာဆီ တွန်းသွား ငွေချေလိုက်ရုံမျှပင်၊ လျင်မြန် လွယ်ကူလှပါသည်။ ပစ္စည်းစျေးကတော့ ဝါရှင်တန်၊ နယူးယောက်တို့ထက် လန်ဒန်က ပို စျေးကြီးသည်ဟု သိရပါသည်။

နောက် အပန်းဖြေနည်း တခုကတော့ မိမိပါဝင်ထားတဲ့ ဘာသာရေး အသင်းအဖွဲ့ တည်ရာဌာနကို သွားပြီး ဘာသာရေးလုပ်ငန်းတခုခုကို ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ တခြားဘာသာရေး အသင်းအဖွဲ့တွေ ဘယ်လောက်ရှိသည် ဘာတွေ

လုပ်ကြွေးသည် ဆိုတာကိုတော့ သတိ မပြုမိပါ။ ဗုဒ္ဓဘာသာ အနေနှင့်ကတော့ လန်ဒန်မြို့မှာ အသင်း အဖွဲ့ပေါင်း ဆယ်ဖွဲ့ ထက် မနည်းပါ။ စကော့တလန်နှင့် အိုင်ယာလန် အပါအဝင် ဂရိတ် ဗြိတိန် (Great Britain) တခုလုံးအတွင်းမှာ ဆိုလျှင် ဗုဒ္ဓဘာသာ အသင်း အဖွဲ့ပေါင်း ၁၅၀ ခန့် ရှိပါသည်။

ဒီ အဖွဲ့ အစားလုံးဟာ ကိုယ့်နည်းကိုယ့်ဟန်နှင့် လှုပ်ရှား နေကြတာချည်းပါဘဲ။ ဟောပြောခြင်း၊ ဆွေးနွေးခြင်း၊ သင် တန်း ပို့ချခြင်း၊ စုပေါင်းတရားထိုင်ခြင်း၊ စာအုပ် စာတန်း ထုတ်ဝေခြင်း စသည်ဖြင့် စွမ်းနိုင်သမျှ လှုပ်ရှား လုပ်ဆောင် နေကြပါသည်။ ဒီလို လုပ်ဆောင်ကြရာ မှာလဲ ရုက်တာပဘ် အတွက် တလအတွက် တနှစ်အတွက် စသည်ဖြင့် အချိန် ဇယား သတ်မှတ်ချထားပြီး ဆောင်ရွက်နေကြပါသည်။

"အင်္ဂလိပ် သံဃာတော်များအဖွဲ့"လဲ ရှိပါသည်။ အင်္ဂလိပ် ဆိုသော်လဲ အမေရိကန်နှင့် ကနေဒီယန် သံဃာတွေပါ ပါပါ သည်။ တပည့်တော် သိရသလောက် ဆိုလျှင် ယခုအချိန်အထိ အင်္ဂလန် တပြည်လုံးမှာ မျက်နှာဖြူ သံဃာ ၁၀-ပါးထက် မနည်း ရှိနေပါပြီ။

ဗုဒ္ဓဘာသာဝင် ဦးရေ အနေနှင့် ဆရဝါဒ ဗုဒ္ဓဘာသာ ဝင်က များပုံ ရသော်လဲ အသင်းအဖွဲ့ အနေနှင့်ကတော့ မဟာယာနများက ပိုပြီး တက်တက်ကြွကြွ လှုပ်ရှားနိုင်စွမ်း ရှိပုံ ရပါသည်။ သက်တမ်း အရှည်ဆုံးဖြစ်ပြီး အင်အား

အခေကာင်းဆုံးဖြစ်တဲ့ လန်ဒန် ဗုဒ္ဓဘာသာ အသင်း(Buddhist Society London) မှာကိုဘဲ မဟာယာန ဗုဒ္ဓဘာသာက လွှမ်းမိုး ကြီးစိုးလျက် ရှိပါသည်။ ကမ္မဋ္ဌာန်းဘာရား ပြသတဲ့ ကြော်ငြာစာရွက်မျှားမှာလဲ မဟာယာန ကမ္မဋ္ဌာန်း ကြော်ငြာ တွေက ပိုများပါသည်။ ဟောရေး ပြောရေးမှာလဲ တိဘက် လားမား ဘုန်းကြီးမျှားနှင့် တိဘက် လူဆရာမျှားက နာမည် ထွက်နေပါသည်။

အောက်စ်ဖို့ တက္ကသိုလ်၊ ကင်းဘရစ်၊ မန်ချက်စ်တာ၊ လန် ကာက်စ်တာ၊ နော့တင်ဟမ်၊ ရီးဒင်း စတဲ့ တက္ကသိုလ်တွေက ဗုဒ္ဓဘာသာအဖွဲ့တွေမှာတော့ ဘာရောင်မှ မသန်းသေးပဲ အဖြူ ထည် သက်သက်ပဲ ရှိသေးကြောင်း သိရပါသည်။

အင်္ဂလိပ်ဗုဒ္ဓဘာသာတွေဟာ လက်တွေ့တရားကို အားထုတ် သူမျှားက အားထုတ်နေကြသော်လဲ ဟောပြော၊ ဆွေးနွေး၊ သဘောတရားလေ့ လာရေးဘက်မှာ အလေးသာ နေပါသေး သည်။ အမေရိကန် ဗုဒ္ဓဘာသာမျှားကတော့ လက်တွေ့ကျင့်ကြံ ရေးဘက်ကို ပြုဆင်းနေကြပါပြီ။

အင်္ဂလန်မှာလဲ ထေရဝါဒ ကမ္မဋ္ဌာန်း လမ်းစတော့ အတော် ကြီး ပေါ်နေပါပြီ။ နည်းမှန် လမ်းမှန်ကို ညွှန်ကြားပြသနိုင်သူ မျှားက ကြိုစားပြသကြလျှင် လက်တွေ့ကျင့်ကြံတဲ့အပိုင်းဟာ ပိုအလေးသာလာပြီး ထေရဝါဒတရား၏ ခိုင်မာစစ်မှန်တဲ့ အနှစ် သာရကို ပိုပြီး လက်ခံလာနိုင်ကြဘို့ အလားအလာ ရှိပါသည်။

ယခု လန်ဒန်မှာ ထင်ရှားတဲ့ ထေရဝါဒ ဘုန်းကြီးကျောင်းသုံးကျောင်း ရှိပါသည်။ သီဟိုဠ်ဘုန်းကြီးကျောင်း၊ ယိုးဒယားဘုန်းကြီးကျောင်း၊ အမေရိကန်နှင့် အင်္ဂလိပ်ဘုန်းကြီးကျောင်းများ ဖြစ်ပါသည်။ ၃-ကျောင်းလုံးမှာဘဲ ထေရဝါဒကမ္မဋ္ဌာန်းကို အသင့်အတန် ပြသနေကြပါသည်။ သို့သော်လဲ အင်အားနည်းပါသေးသည်။

ယိုးဒယားကျောင်းက ဒုတိယဘုန်းကြီးကတော့ ဗန်ကောက်မှာတုန်းက ကိုယ်တိုင်လဲ အားထုတ်ခဲ့ဘူးတော့ အတော်အတန် တရားပြသတတ်ပုံ ရပါသည်။ တပည့်တော်တို့ တရားဟောတဲ့ အခါမှာလဲ ဂရုစိုက် နာကြားပါသည်။ သတိပဋ္ဌာန် နည်းမှန်လမ်းမှန်ကို စနစ်တကျ ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ညွှန်ကြားပြသတတ်တဲ့ ယိုးဒယားဘုန်းကြီးသာ ရှိမည် ဆိုလျှင် ဒီ ယိုးဒယားကျောင်း (**Buddhapadipa Temple**) ဟာ ထေရဝါဒ သာသနာဖြန့်ဖြူးဘို့ နေရာကောင်း ဖြစ်ပါသည်။

ဒီ ယိုဒယားကျောင်းဟာ လန်ဒန်မြို့တော်ရဲ့ ဆိုဝါဂြိမ် ရပ်ကွက်လဲဖြစ်၊ သူဌေးရပ်ကွက်လဲ ဖြစ်တဲ့ ဝင်ဘယ်လ်ဒမ် (**Wimbledom**)ထဲမှာ ရှိပါသည်။ယိုးဒယားအစိုးရက ကျောင်းခြံနှင့်တကွ အိမ်တလုံးကို အင်္ဂလိပ်ပေါင်ငွေ တသိန်းခွဲနှင့်ဝယ်ပြီး ယိုးဒယားသံဃာကို ကျောင်းအဖြစ် လှူဒါန်းခြင်း ဖြစ်ပါသည်။ ကျောင်းဝင်း သုံးကေခန့် ရှိပြီး ကျောင်းကလဲ သုံးထပ် ဖြစ်ပါသည်။ အိပ်ခန်း ၇—ခန်း၊ ည့ဉ်ခန်း၊မီးဖို၊ ဆွမ်းစားခန်း စသည် အ ည့ဉ်အစုံ ပါဘဲ့အပြင် ဘုရားခန်း အကျယ်ကြီးလဲ ပါဝင်ပါ


သေးသည်။ နောက်ဆုပ် အဆောက်အအုံ မဆောက်နိုင်သေး တောင်မှ ဒီခန်းမမှာ ယောဂီ နှစ်ဆယ်လောက်တော့ ချောင် ချောင်ချိုချို တရားအားထုတ်လို့ ဖြစ်ပါသည်။

ယိုးဒယားအစိုးရရဲ့ ပဓာန ရည်ရွယ်ချက်ကတော့ နိုင်ငံခြား ရောက်နေတဲ့ ယိုးဒယားများ အားထားကိုးကွယ်စရာ ရဘို့၊ သူတို့ကို ဘာသာရေးအရ ထိန်းပေးထားနိုင်ဘို့ ဖြစ်ကြောင်း ယိုးဒယားဘုန်းကြီးများ ပြောပြ၍ သိရပါသည်။ ရည်ရွယ်ချက် ကောင်းပါသည်။ ကိုယ့် နိုင်ငံသားကို ထိန်းသိမ်းယင်း တိုင်းခြား သားကို တစတစသိမ်းသွင်းနိုင်ပါသည်။ယခု ယိုးဒယားကျောင်း မှာ အဂလပအမျိုးသား ၁-ယောက်၊ အမျိုးသမီး ၂-ယောက် အချက်အပြုတ် ဝေယျာဝစ္စ ဆောင်ရွက်နေကြပါသည်။

လန်ဒန်မှာ တခြားထေရဝါဒ နိုင်ငံတွေစာ ဘုန်းကြီးကျောင်း တွေ အသီးသီးရှိကြသော်လဲ တပည့်တော်တို့နိုင်ငံက တကျောင်း တလေမှ မရှိသေးတော့ ရှိခဲ့အောင် ကြိုးစားနိုင်ကြယင် ကိုယ့် တိုင်းပြည်နှင့် လူမျိုးအတွက်ရော သာသနာအတွက်ပါ အလွန် အကျိုးများမှာပါ ဘုရား။

သတ္တဝါမှန်သရွေ့၊တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

ဦးစီးဌာနဆောင်းပါးများ စုစည်းမှုလေ့လာရေးစင်တာ (ပြည်ထောင်စု) ရုံးတော်



တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ ဘပည့်တော်တို့ မေလ ၂၃-ရက်နေ့မှာ နေ့ဆွမ်းကို ဘီဘီစီ ဦးအောင်မြင့်ထွန်းနှင့် ဒေါ်ချိုချို တို့အိမ်မှာ ဘုဉ်းပေးကြရပါသည်။ ဦးအောင်မြင့်ထွန်း၊ ဒေါ်ချိုချို မိသားစုဟာ တပည့်တော်တို့ ဒကာဟောင်းတွေပါပဲ။ သူတို့နှစ်ယောက်ရော ကလေးတွေပါ သွန်ခဲ့တဲ့ ၅-နှစ်လောက်က တပည့်တော့်ထံမှာ တရားအား ဆုတ်ဖူးကြပါသည်။

ဆွမ်းဘုဉ်းပေးအပြီးမှာ လန်ဒန်မြို့မှ မြောက်စူးစူးမှာ ရှိတဲ့ ဗကော့တလန်ပြည်ကို ခရီး ဆက် ကြရပါသည်။ ဆရာတော် ဘုရားကြီး၊ ဦးအဂ္ဂဓမ္မ၊ ဦးမြသိန်း၊ နယူးယောက် ဦးလှဖေ ဇနီး ဒေါင်နှ နှင့် ဘီဘီစီ ဒေါ်မြမြမြိုင်တို့က မီးရထားနှင့် သွားကြ ပါသည်။

တပည့်တော်ကတော့ ကားလမ်းတလျှောက် တောတောင် ဒေရေမြေနှင့် မြို့ရွာ အခြေအနေကို ဗဟုသုတ ရချင်တာနှင့် ဒေနှလယ် ၂-နာရီမှာ တခြား ဒကာ ဒကာမများနဲ့အတူ ကားနှင့် လာခဲ့ကြပါသည်။ ဒကာတွေက ဦးစိန်ထွန်းအောင်၊ ဦးအောင်

ချစ်၊ ကံ့ရွှေထွန်းကျော်တို့ ဖြစ်ပြီး သူတို့ ၃-ဦးစလုံး ဒုလွှာ ရဟန်းပြုပြီး တရားအားထုတ်ဖို့ လိုက်လာကြခြင်း ဖြစ်ပါသည်။

ဒကာမကြီးတွေကတော့ ဒေါ်မြခင်၊ ဒေါ်လှလှ၊ဒေါ်ဒေါ်လီတို့ ဖြစ်ပြီး တပည့်တော်တို့ကို ဆွမ်းချက်ကပ်ယင်း တရားအားထုတ်ဖို့ လိုက်လာကြခြင်း ဖြစ်ပါသည်။ ဒေါ်လှလှရဲ့သမီးအေးအေးမြင့်က ဗမာပြည်မှာ နေစဉ်တုန်းက တပည့်တော်ရဲ့ယောဂီတပည့် ဖြစ်ခဲ့ဘူးလို့ ဒေါ်မြခင်၊ ဒေါ်လှလှ တို့ကို ဗမာပြည်မှာကတည်းက သိဘူးပြီး ဖြစ်ပါသည်။

ဦးရေဝတမမှကတော့ အယင်တနေ့ကပဲ ကြိုတင်ပြီး သူ့ကားနှင့် သွားနှင့်ပါပြီ။

တပည့်တော်တို့ ကားနှစ်စီးဟာ လနဒန်က ထွက်စမှာတော့ မှန်မှန်ပါဘဲ။ ဒါပေတဲ့ အရှိန်ရလာလေ ပိုမြန်လေ ဖြစ်လာပြီး တခါတရံမှာ မောင်းခွင့်ပြုထားတဲ့ မိုင်နှုန်း ၇၀-ကို ကျော်ပြီးတော့ ၈၀-၁၀၀ အထိပင် ရောက်သွားတတ်ပါသည်။

လမ်းက အမေရိကမှာ ဟိုက်ဝေးလို့ ခေါ်တဲ့ မော်တော်ဝေး လမ်းမကြီး ဖြစ်လို့ အသွား လမ်းသုံးသွယ်၊ အလာလမ်းသုံးသွယ် ရှိတာမို့ မျက်နှာချင်းဆိုင်က လာတဲ့ ကားကိုလဲ ရှောင်ဘို့ မလိုပါ။ မော်တော်ဝေးထဲကို ဘေးက ဦးတိုက် ဖြတ်ဝင်လာတဲ့ လမ်းကလဲ မရှိတော့ ဘေးကကားကိုလဲ စောင်းငဲ့ကြည့်စရာ မလိုပါ။ သည်အထဲ လမ်းမကြီးကလဲ ဖြောင့်ဖြူးညီညာလှလေတော့ ၁-နာရီမှာ မိုင် ၇၀၊ ၈၀-နှုန်း မောင်းမိကြပါသည်။

အမေရိကမှာ အများဆုံး မောင်းခွင့် ပြုထားတဲ့ နှုန်းက ၅၅-မိုင်ဖြစ်ပြီး အင်္ဂလန်မှာ မိုင် ၃၀-အထိ မောင်းခွင့်ပြု ထားပါသည်။ အယင်ကတော့ အမေရိကမှာလဲ ၃၀—၄၀ အထိ မောင်းခွင့်ပြုသည်ဟု သိရပါသည်။ ယခုမှ ဓာတ်ဆီ ချွေတာချင်လို့ အမြန်နှုန်းကို လျှော့ပြီး သတ်မှတ်သည်ဟု ဆို ပါသည်။

သတ်မှတ် မိုင်နှုန်းထက် ပိုပြီး မောင်းသူဟာ အလုပ် နှစ်လုပ်ကို တပြိုင်တည်း လုပ်ရပါသည်။ မျက်စိလဲ လျင်ရပါ သည်။တလုပ်က ကားကို နိုင်နိုင်ထိန်းပြီး တခြားအလုပ်က လမ်း ဘေးကို အဝေးကတည်းက မျက်စိ ကစားရပါသည်။ လမ်း ဘေး သစ်ပင်၊ ချို့ စတဲ့ အကွယ်တခုခုမှာ ယာဉ်ထိန်းရဲ မယောင်မလည်နှင့် ရှိနေတတ်ပါသည်။ ရေဒါ ကိရိယာလဲ ရှိပါသည်။ မိုင်နှုန်း ပိုမောင်းနေစဉ်မှာ ကိုယ်က သူ့ကို အမြင် မဦးပဲ သူက ကိုယ့်ကို အမြင်ဦးသွားလျှင် ထိုက်သင့်သလောက် ပေါင်ငွေကို တိုင်းပြည်အတွက် ပူဇော်လိုက်ရ.ပေလိမ့်မည်။ ဒါကြောင့် ကိုယ့်ကားက ဥပဒေ ကျော်လွန်နေလျှင် မောင်း သူသာ မဟုတ်ပဲ ကားပေါ် ပါသမျှ လူတိုင်းဟာ မျက်စိ အလကားနေရပါ။ အဝေးမှာ ရဲကို တွေ့လိုက်တာနှင့် မောင်းသူကို သတိပေးကြရပါသည်။

လမ်းခွဲတွေက များတော့ လမ်းညွှန်ဆိုင်းဘုတ်တွေ၊ လမ်း နံပါတ်ဆိုင်းဘုတ်တွေကလဲ များလိုက်တာ။တချို့နေရာမှာ တခုနဲ့ ကခု တဖာလုံတောင် ဝေးမည် မထင်ပါ။ မော်တော်ဝေး

ခေါ်တဲ့ လမ်းမကြီးဟာ မြို့တွေ ရွာတွေနဲ့ မနီးလှပါ။ ဒါကြောင့် ခရီးသွားစဉ် နားဖို့၊ စားဖို့၊ သောက်ဖို့၊ အိပ်ဖို့၊ ဆီဖြည့်ဖို့ စခန်းတွေ သီးသန့် ရှိရပါသည်။ ရှေ့ ၃-၄ မိုင်မှာ အဲဒီ စခန်းတွေ ရှိကြောင်းကိုလဲ ဆိုင်းဘုတ်တွေနဲ့ ကြိုတင် ပြထားပါသည်။ အဲဒီလိုပြရာမှာ အင်တာနေရှင်နယ် လန်းဂွေ့(ဂျ်) (International Language) ခေါ်တဲ့ ကမ္ဘာသူ ကမ္ဘာသား တိုင်း တတ်တဲ့ ဘာသာစကားကို အသုံးပြုကြပါသည်။

ဝမ်းဆာလို့ တကြုတ်ကြုတ်နဲ့ ဝမ်းထဲက ဆန္ဒပြလျှင် လမ်း ဘေးကို ကြည့်လိုက်ပါ။ ဆိုင်းဘုတ်ပေါ်မှာ လဘက်ရည် အချို ပန်းကန်ပုံ ရေးထားလျှင် မကြာမီ ကော်ဖီ၊ လဘက်ရည် ရတဲ့ စခန်းကို ရောက်တော့မည်၊ ခဏ သည်းခံပါ။ အချိုပန်းကန် နားမှာ ငွေနှုန့် ခက်ရင်းပုံပါ မတွေ့လျှင်တော့ ဗိုက်ပြည့်အောင် ဖြည့်ရတော့မည်။ ခုတင်ပုံကလေးများ တွေ့လျှင်တော့ သန်းဝေ မနေပါနှင့်၊ အိပ်ရာ ရနိုင်တဲ့စခန်း မဝေးတော့ပါ။

သွားရေး လာရေး အဆင်ပြေအောင် စီမံထားလိုက်ကြ သည်မှာ အဘုယူစရာ။ တကယ်တော့ ကားနား စခန်းတွေဟာ စတိုးဆိုင်တဆိုင်ထက်တောင် ပစ္စည်းစုံပါသေးသည်။ ခရီးသွား သုံး ပစ္စည်းသာမက အမှတ်တရပစ္စည်း၊ ပို့စကဒ်၊ စာအုပ်၊ မြေပုံကအစ ရှိပါသည်။ ဒီလို စခန်းတွေမှာ ခင်းကြီး ခင်းငယ် အဘွက် အိမ်သာတွေဟာ များလဲများ၊ သန့်လဲ အလွန် သန့်ရှင်း ပါသည်။

လမ်းဘေးတလျှောက်မှာ တယ်လီဖုန်းတွေလဲ တခုနဲ့ တခု ၂-မိုင် ၃—မိုင် ခွာပြီး တယ်လီဖုန်းကို မိုးလုံလေလုံ ပြင်ဆုံမျှ အိမ်ကလေးတွေနဲ့ တပ်ဆင်ပေးထားပါသည်။ ကားပျက်လျှင်၊ ကားမှောက် ကားတိုက်လျှင်၊ သို့မဟုတ် တစုံတရာကြောင့် ထိခိုက်မိလျှင်၊သွားယင်း လာယင်း ရုတ်တရက် အပြင်းအထန် မကျန်းမမာ ဖြစ်လျှင် အကူအညီ အမြန်ဆုံး ရနိုင်အောင် စီစဉ် ထားခြင်း ဖြစ်ပါသည်။

ဒါလောက် ပြည့်စုံတဲ့ လမ်းခရီးကို ကားနှင့်သွားရသည်မှာ အလွန် အဆင်ပြေပါသည်။

အချိန်က ညနေချမ်း၊ ရာသီက အေးတယ်ဆိုရုံမျှ၊ လမ်းဘေးတလျှောက်မှာက စိမ်းစိုတဲ့ မြက်ခင်းပြင် ပြန့်ပြန့်ကြီးတွေနှင့် ဘချို့နေရာမှာ မနိမ့်မမြင့် တောင်ကုန်းမို့ မို့များ၊ လမ်းနှင့် မနီးမဝေးမှာ မကြာခဏ တွေ့ရတဲ့ မြို့ရွာ တိုက်တာ အိမ်ယာများ။ လမ်းက ကျယ်သည်၊ ဖြောင့်တန်းသည်၊ ညီညာသည်၊ ကားက ကောင်းသည်၊ ရှုခင်းက သာ ရာသီက ကောင်းတော့ ၁—နာရီ မိုင် ၇၀-၈၀ နှုန်းနဲ့ မိုင် ၄၀၀-ကျော် ခရီးကို စကားတပြော ပြောနှင့် မောင်းလာလိုက်ကြတာ ပင်ပန်းခွံမ်းနယ်တယ်ဆိုတာ မရှိ၊ ပျော်ရွှင်လန်းဆန်းမှု အတိ ပြည့်နေပါသည်။

သို့သော်လဲ စကော့တလန်ပြည်ထဲကို အတော်ကြီး ဝင်မိတော့ မှောင်ရီကလဲ ပျိုးလာပြီမို့ ရှေးက ဒီလမ်းကို ဒကာ ဒကာမများ ဘခါတခေါက်သာ လာရောက်ဖူးကြတာ ဖြစ်လို့ လမ်းမမှား

ရအောင် မေးယင်းမြန်းယင်းနဲ့ ဖြေးဖြေး မောင်းကြရပါ
သည်။ ဒါကြောင့် လော့ကားဗီး (Lockerbie) မြို့ ကျော်လွန်
ပြီးနောက် အတော်မှောင်မှပင် ဆမြေလင်း တိဘက်ကျောင်းကို
ရောက်ပါတော့သည်။

ဆမြေလင်း တိဘက်ကျောင်းဟာ လူနေ အိမ်ခြေများနှင့်
ဝေးပြီး စိမ်းစိုတဲ့ တောင်ကုန်းပေါ်မှာ ထင်းရူးပင်များ ဝန်းရံကာ
တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိပါသည်။ တောရကျောင်းသဖွယ်
ဖြစ်ပါသည်။ ကျောင်းရှေ့မှာ ကားလမ်းရှိသော်လဲ ရံဖန်ရံခါမှ
ကားဘီးဘလေသာ သွားပါသည်။

ရာသီဥတုကတော့ ခဏခဏ ပြောင်းလဲပါသည်။ လေအမြဲ
လိုလိုတိုက်၍ မိုးမကြာခဏ ရွာပါသည်။ အတော် အေးပါ
သည်။ အခန်းတွင်းမှာ အပူငွေ့ သင့်တင့်ရုံ လွတ်ပေးထားလို့
အပူချိန် ဖာရင်ဟိုက်ဒီဂရီ ၆၅ ရှိပါသည်။အပြင်ဘက်မှာတော့
၅၄ မှ ၅၀ အထိ ရှိပါသည်။ ရံဖန်ရံခါ နေရောင်ကို ရတဲ့
အခါမှာတော့ အတော် ကြည်ကြည်လင်လင် ရတတ်ပါသည်။

နံနက်စောစော ကားလမ်းပေါ်မှာ လမ်းလျှောက်တဲ့အခါ
ခြေအိပ်စပ်ထားပါလျက် အအေးဓာတ်က ခြေအိုင်ရော အသား
ကိုပါ ထွင်းဖောက်ပြီးတော့ ရိုးတွင်း ချဉ်ဆီ ရောက်အောင်
အေးစိမ့်သွားပါသည်။ သို့သော်လဲ လျှောက်လို့တော့ ကောင်း
ပါသည်။ အေးပင် အေးသော်လဲ လေမတိုက်လျှင် နေလို့ ထိုင်
လို့ အတော် ကောင်းပါသည်။

ဆမြေလင်း တိဘက်ကျောင်းဟာ၁၄-ကေ ကျယ်သည်ဟု သိရပါသည်။ တိဘက်ဘုန်းကြီး ၂-ပါးနှင့် မျက်နှာဖြူ လူမျိုးစုံ အမျိုးသား-အမျိုးသမီး လူငယ် လူရွယ်တွေ ၁၅-ယောက်ထက် မနည်း နေကြပါသည်။ ကျောင်းပိုင်သူက ကျောင်းထိုင် လား မား လူထွက် အကုံဆိုသူ ဖြစ်ပြီး လော့ကားဗီးမြို့မှာ အိမ် ထောင်နှင့် နေပါသည်။ နေ့စဉ် ကျောင်းကိစ္စတွေ လာပြီး စီမံ ပါသည်။ ကျောင်းဝင်းအတွင်းမှာ ကိုယ်ထူကိုယ်ထ စနစ်အရ မီးဖိုချောင်သုံး အသီးအရွက်ပင်များ ရာသီအလိုက် စိုက်ပျိုးပါ သည်။ ပျားမွေးတာလဲ အနည်းငယ် တွေ့ရပါသည်။

ကျောင်းပတ်ဝန်းကျင် မြေရေ အနေအထားကလဲ သာ့ယာ ပါသည်။ ပတ်ဝန်းကျင် မနိမ့်မမြင့် တောင်ကုန်းမို့မို့များနဲ့ တောင်ကုန်း ဆင်ခြေလျှောပေါ်က စိမ်းလန်းကျယ်ပြန့်တဲ့ မြက် ခင်းပြင်ကြီးတွေပေါ်မှာ ထင်းရူးတော မနိမ့်မမြင့်တွေ နောက် ခံထားပြီး နွားတွေ သိုးတွေ အေးအေးလူလူ အစာစားနေကြတဲ့ ရှုခင်းဟာဖြင့် ကြည့်မဝ ရှုမဝအောင် သာယာသလောက် စိတ် နှလုံးမှာ ချမ်းမြေ့ ငြိမ်းချမ်း မှုကို ပေးစွမ်း နိုင်လှ ပါသည်။ ဒီ ရှုခင်းတွေကို ကြည့်မိတော့ ငယ်မူငယ်သွေး တွေ ဝင်လာ ပြီး ကြည်နူးဘွယ် သဘာဝအလှကို စာအလှနှင့် ကဗျာသချင် စာပန်းချီရေးချယ်ချင်စိတ်တွေပင် ဖြစ်ပေါ်မိပါသည်။

အချိန်ကလဲ အလိုက်သိစွာ နေ့တာရှည်ပေးပါသည်။ နံနက် ၈-နာရီလောက်မှာ အရုဏ်တက်ပြီး ၄-နာရီလောက် ဆို လင်းနေပါပြီ။ ည ၉း၃၀ နာရီလောက်မှာ နေဝင်ပြီး

၁၀း၃၀ နာရီလောက်မှ မှောင်စပျိုးလို့ မိုးချုပ်ပါသည်။ ယခု စာရေးနေချိန်ဟာ ည ၁၁း၃၀ နာရီ ဖြစ်ပါသည်။


ကျောင်းပြတင်းက လှမ်းကြည့်လိုက်တော့ ပတ်ဝန်းကျင် တောင်ကုန်း မို့မို့မဲမဲတွေကို ထင်ထင်ရှားရှား မြင်နေရပါသေး သည်။ ဒီ အချိန်ဟာ မြန်မာ ပြည်မှာ နှောက်တနေ့ နံနက် ၆-နာရီ ဆိုတော့ ချမ်းမြေ့ သံဃာတော်တွေ ယောဂီတွေ အရုဏ်စာစားပြီးစ အချိန်ဖြစ်လို့ ချမ်းမြေ့ဆန်ပြုတ် ချိုဆိမ့် ဆိမ့်ကလေးကို သတိရမိပါသည်။ လမ်းတလျှောက်လုံးလဲ အချက်အပြုတ်တော်လှတဲ့ ကပ္ပိယ ဒကာ ဦးမြသိန်းရဲ့ လက် ရာမွန် ဆန်ပြုတ်နဲ့ သစ်သီးကိုဘဲ ပဓာနထားပြီး အရုဏ်စာ အဖြစ် စားပါသည်။

ဒီ ဆမြေလင်းတရားစခန်းမှာ ယောဂီတွေအတွက် နေရာ ထိုင်ခင်း သင့်တင့်ပါသည်။ ယောဂီများလဲ တတ်နိုင်သမျှ အား ထုတ်ကြပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ဒုဝေယျာဝစ္စကရ

ဒုဇဇနယုဒ္ဓဂဂဏဒါဠိန်ဧဝံဃာတယမာနဒုလ္လဘဇဇနသင်္ဂဟကရဏီယသဒ္ဓါ



ပဝေးဒွန်းငါးနှစ်တစ်ထပ်ခွဲ ဦးနှင့်ဇနီးမှတ်တမ်းဓာတ်ပုံလေးခု

ဆရာမြေလင်းတိဘက်ကျောင်း

စကော့တလန်ပြည်

၂၉၊ ၅၊ ၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာလျှောက်ထားပါသည်။ တနေ့က စာတစောင် ရေးလိုက်ပါသေး သည်။ ဖတ်ရှုရပြီဟု ထင်ပါသည်။

ဒီ ဆရာမြေလင်းတိဘက်တရားစခန်းဟာ ၇-ရက် တရားစခန်း ဖြစ်ပါသည်။ တရားစခန်းအစီအစဉ်အားလုံးကို တပည့်တော်ဘဲ စီစဉ်ရပါသည်။ ယောဂီများ နေထိုင်ရေး အတော်အဆင်ပြေပါသည်။ ကျောင်းက ကျယ်ပြန့် သန့်ရှင်း သပ်ရပ် ခေတ်မှီပါသည်။ မြန်မာ ၁၁-ယောက်၊ နိုင်ငံခြားသား ၁၀-ယောက် အချိန်ပြည့် အားထုတ်ကြပါသည်။ အချိန်ပိုင်း အားထုတ်သူများလဲ ရှိပါသည်။ အချိန်ပြည့် အားထုတ်သူထဲက တရားကောင်းတဲ့ နိုင်ငံခြားသားယောဂီ မြန်မာယောဂီများလဲ ရှိပါသည်။ ယောဂီတယောက် ၁-နေ့ ၃-ပေါင်ခဲ့(၂ ဝိ ခန့်)ပေးရပါသည်။ ဘယ်ရီတုန်းက တယောက် ဂ-ဒေါ်လာနှင့် ၂၅-ဆင့် (၅ဂိ ခန့်) ပေးရပါသည်။ ဗမာပြည်မှာတနေ့ ၃ ဝ-ဟာ ရယ်စရာလို ဖြစ်နေပါသည်ဘုရား။

ဆရာတော်ဘုရားကြီး ညစဉ် စာအုပ်ဖတ် တရားဟောရ တပည့်တော် နေ့စဉ် ၂-နာရီမှာ တရားဟောပြီး တရားစစ်ပါ

သည်။ ဆရာတော်ဘုရားကြီးကို ယောဂီများ သွားရောက် ဖူးမျော်တဲ့ အခါမှာတော့ ဦးရေဝတခမ္မနှင့် ဦးအဂ္ဂဓမ္မတို့ ဘာသာပြန်ပေးကြပါသည်။ တပည့်တော်တို့ စားသောက်ရေး အတွက် သန်ဒန်က ဒါယိကာမများ လိုက်ခဲ့ပြီး ချက်ပြုတ်ကပ်၍ ဗမာစာ စားရပါသည်။ ထွက်လာကတည်းက ယခုအခါနှစ်အထိ ဝွန်းခရုင်းနဲ့ပဲ စခန်းသွားနေရပါသည်။ ပြန်ရောက်သည့်အခါ အကျင့်များပါနေလျှင်တော့ ဒုက္ခပါဘဲဘုရား။

ယခု နေသည့် တိဘက်ကျောင်းမှာ တိဘက်ဘုန်းကြီး ၂-ပါး ရှိပါသည်၊ ဘုရားရှိခိုး တရားရွတ် သည့်အခါ ဗုဒ္ဓနှင့် လင်းကွင်းကိုစီ ကျဝါးကျတီးရပါသည်။ ဝါရှင်တန် ဂျပန်ကျောင်းမှာတော့ ဂျပန်ကိုရင်က စည်တိုတီးယင်း ဘုရာရှိခိုး တရားရွတ်တာ တွေ့ခဲ့ရပါသည်။ မြတ်စွာဘုရားသာ ရှိသေးလျှင်တော့ မောဃပုရိသလို့ ကောင်းကောင်း အကြိမ်းခံရမည့် သူတွေပါဘဲဘုရား။

ဒီမှာ ဦးစိန်ထွန်းအောင်၊ ဦးအောင်ချစ်၊ ဒေါက်တာရွှေထွန်းကျော်ဘို့ ရဟန်းပြုပြီး တရားအားထုတ်ကြပါသည်၊ မနေ့က စကော့တလန်ပြည်ရဲ့ မြို့တော် အီဒင်ဘရာကို သွားခဲ့ကြပါသည်၊ အထူးသဖြင့် ရဲဘိုက်ဟောင်းကြီး ဝင်ကြည့်ခဲ့ကြပါသည်။ အီဒင်ဘရာမှာ အဆောက်အဦတွေက သစ်သစ်လွင်လွင် မရှိတာ များပါသည်။ ညို့မဲ့အိုဟောင်းနေတဲ့ အဆောက်အအုံကြီးတွေများတာမို့ ရှေးမြို့ဟောင်းကြီးလို ဖြစ်နေပါသည်။ သို့သော်လဲ သိုးမွေးပေါတဲ့ နိုင်ငံဖြစ်လို့ ကော်ဇောဆိုင်ကြီး

ဒတွေ ပေါသလောက် အဆင်အမျိုးမျိုးနှင့် လှသော ယဉ်သော ကော်ဇောတွေ သိုးမွေးထည်ဧတွေလဲ ပေါလှပါသည်။

တပြည်လုံးကတော့ မြက်ခင်းပြင်ကြီးတွေ လွှမ်းခြုံထားတဲ့ ဒတောင်ကုန်းမို့မို့တွေများပါသည်။လွင်ပြင်မြေပြန့်ရှားပါသည်။ အိဒင်ဘရာမြို့တော်မှ အပြန်မှာ လမ်းမှားပြီး လူသူအရောက် နည်းတဲ့ တောင်ကြားလမ်းတွေကခဲ့ရသည်။ ကားမောင်းရတော့ ရေတံခွန်တွေလဲ တွေ့ခဲ့ရပါသည်။ အိုင်ကြီးတွေ ဆိုတာတော့ မတွေ့ရပါ။ လမ်းမှားလို့ ၁-နာရီလောက် နောက်ကျသွားပါသည်။ မနက်ဖြန်တော့ စကော့တလန်မှ အင်္ဂလန်သို့ ပြန်ကြပါမည်။

ဒီနေ့ နောက်ဆုံးနေ့မို့ အင်္ဂလိပ်လို ဥာဏ်စဉ် အကျဉ်း ဟောဘို့ ဆရာတော်ဘုရားကြီးက မိန့်ပါသည်။ တချို့ မြန်မာများက မြန်မာလိုလဲ နာလို့ပါသည် ဆိုတော့ မြန်မာများကို ရည်ရွယ်ပြီး မြန်မာလို ၁-နာရီ၊ နိုင်ငံခြားသားများကို ရည်ရွယ်ပြီး အင်္ဂလိပ်လို ၁-နာရီ ဟောပါသည်။ ပြီးဆုံးတော့ မြန်မာယောဂီများက အင်္ဂလိပ်လို ဟောတာက ပိုရှင်းသည် ဆိုကာ ပိုသဘောကျကြပါသည်။

တရားပွဲပြီးတော့ မြန်မာ ဒကာမ တယောက်က သူ့အိမ်ကို ရေစက်ချ လှူပါမည်။ လန်ဒန်မှာ ကျောင်းထိုင်ပါဟု လျှောက်ပါသည်။ မဖြစ်နိုင်သေးကြောင်း ပြောတော့ တနှစ် တခေါက် ပင့်ပါရစေ ခြိုးမြင့်ပေးပါဟု လျှောက်ပါသည်။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ဒကာကြီး ဒကာမကြီး မိသားစုသို့

မေတ္တာဖြင့် သိစေပါသည်။ ဦးပဉ္စင်းတို့ စကော့တလန်ပြည် ဆမြေလင်း တိဘက်ကျောင်းတရားစခန်း မေ ၂၉-ရက်နေ့မှာ ပြီးဆုံးပါသည်။ အဲဒီနေ့ နေ့လယ် ၂-နာရီမှာ ဆရာတော်ဘုရားကြီး အမိန့်အရ ယောဂီတွေကို ဉာဏ်စဉ်တရားဟောပေးရပါသည်။ ဉာဏ်စဉ်တရား နာပြီးတော့ ယောဂီများ မိမိတို့ တရားအခြေအနေကို မိမိတို့ သိကြရလို့ ဝမ်းသာကြပါသည်။ ရှေ့ဆက် အားထုတ်ဖို့ လိုသေးကြောင်းလဲ သတောပေါက်သွားကြပါသည်။

အယင်နေ့တွေလိုဘဲ ဆရာတော်ဘုရားကြီး ည ၇-နာရီမှာ တရားချီးမြှင့်ပါသည်။ ဒီ တရားပွဲဟာ စခန်းသိမ်း တရားပွဲ ဖြစ်ပါသည်။ တရားပွဲ ပြီးတဲ့အခါ တိဘက်ကျောင်းပိုင်ရှင် တိဘက်ဒကာ အကုံက ဇုဒ္ဓတရားတော်များ လာရောက် ဖြန့်ဖြူးတော်မူတဲ့အတွက် ကျေးဇူးတင်ကြောင်း စသည် နှုတ်ဆက်စကား လျှောက်ထားပါသည်။

"အကုံ" လျှောက်ထားပြီးတဲ့အခါ နိုင်ငံခြား ယောဂီများရော မြန်မာရောဂီများပါ ဆရာတော်ဘုရားကြီးအား ပူဇော်

ဇေယျပုတ္တနှင့် ဒေဝဒတ္တ(မ)တို့ လေယာဉ်ပျံစီးခြင်း ။



ဦးစီးဌာနအသစ်ဖြစ်ပေါ်လာခြင်းအကြောင်း



ကန်တော့ကြပါသည်။ ဆရာတော်ဘုရားကြီးက တရားစခန်း စတင်တဲ့နေ့မှ စပြီး ပြုပြုသမျှ ဒါန သီလ ဘာဝနာ ပေယျာ ဝစ္စ ကုသိုလ်အားလုံးကို ရေစက်ချ ပေးတော်မူပါသည်။

မေ ၁၀-ရက်နေ့မှာ စကော့တလန်မှ လန်ဒန်သို့ ပြန်ခဲ့ကြပါသည်။ အားလုံး ကားနှင့် ပြန်ကြပါသည်။ လန်ဒန်အပြန်မှာ ဘလက်ပူးမြို့မှ ဇဒါက်တာ ဦးအောင်မြင့်နဲ့ ဒေါ်သိန်းသိန်းတို့က မူလဘတည်းက ကျိုတင်ပြီး ဆွမ်းစား ပင့်ထားကြလို့ ဘလက်ပူးမြို့ကိုဝင်ပြီး နေဆွမ်း ဘုဉ်းပေးကြရပါသည်။ ဆွမ်းဘုဉ်းပေးလို့ အဆင်ပြေပါသည်။ အထူးသတိထားမိတာကတော့ ရေခဲမုန့် ဖြစ်ပါသည်။ ပြည်တွင်းမှာရော ပြည်ပမှာပါ ရေခဲမုန့်တွေ စားခဲ့ပေါင်း များလှသော်လဲ ကောင်းတယ် မဆကောင်းဘူးဆိုတာ သတိမထားမိခဲ့ပါ။ လာပြီးကပ်လို့ စားရမည့် ဝတ္တရားအရ စားလိုက်တာဘဲ ရှိပါသည်။

ယခု ရေခဲမုန့်လဲ ဒကာ ဒကာမများက လာကပ်ကြတော့ အဲဒီလိုဘဲ စားရမည့် ဝတ္တရားအရ စေတနာ သဒ္ဓါတရား ဖြင့် ကြရအောင် စားလိုက်ဦးမှဘဲ ဆိုတဲ့ သဘောနဲ့ အမှတ်မထင် စားလိုက်မိပါသည်။ သို့သော်လဲ စားယင်း စားယင်း ရေခဲမုန့်ရဲ့ တခြားရေခဲမုန့်များနဲ့ မတူအောင် နူးညံ့လှတဲ့ ဆိမ့်လှတဲ့ ထူးခြားတဲ့ အရသာကြောင့် အမှတ်မထင် မဟုတ်တော့ဘဲ အမှတ်ထင်ထင် ဖြစ်လာရပါတော့သည်။ စားခဲ့ရသမျှထဲတွင် အမှတ်ထင်ထင်မဖြစ်ပဲ နေလို့မရတဲ့ ရေခဲမုန့်ဟာ အဲဒီ

ဘလက်ပူးမြို့က ဒကာ ဦးခအောင်မြင့်တို့ ကပ်ဘဲ့ ရခဲ့မှန့်ဘဲ့ အခုအချိန်အထိ တွေ့ရပါသေးသည်။ ရခဲ့မှန့် ရောင်းတဲ့ဆိုင်နဲ့ တံဆိပ်ကို မေးကြည့်မိသည်အထိပင် အမှတ်ထင်ထင် ဖြစ်ခဲ့ရပါသည်။

ဘလက်ပူးမြို့ဟာ ပင်လယ်ကမ်းခြေ မြို့ဟ မြို့ပါဘဲ။ သန့်ရှင်း သပ်ရပ်ပါသည်။ စည်စည်ကားကားတော့ မရှိပါ။ တနှစ်တကြိမ် ကျင်းပတဲ့ စက် တင်ဘာ ပွဲဘော်မှာတော့ အင်္ဂလန် တနိုင်ငံလုံးက လာရောက် ပါဝင် ဆင်နွှဲကြတာမို့ အလွန်စည်ကားသည်ဟု ဆိုပါသည်။ အခု ဦးပဉ္စင်းတို့ ရောက်ဘဲ့ အချိန်မှာဘဲ့ စက်တင်ဘာ ပွဲတော်အတွက် ပျော်ပွဲရွှင်ပွဲခတွေ့ စတင် ပြင်ဆင်နေကြပါပြီ။

ဘလက်ပူးမြို့မှာ ဆွမ်းစား၊ ခဏတဖြုတ် နားပြီးတော့ ဘာမင်ဂမ်မြို့ကို ခရီးဆက်ခဲ့ပါသည်။ ဘာမင်ဂမ်ကို ညနေ ၅-နာရီလောက် ရောက်ပြီး ည ဂ-နာရီကျတော့ ဘာမင်ဂမ်မြို့တော်ခန်းမမှာ ဆရာတော်ကုန်းကြီး မြန်မာဘာသာနှင့် ဘုရား ချီးမြွင့်ပါသည်။ ဦးပဉ္စင်း ဘာသာပြန်ပါသည်။ တရား နာပရိသတ်က အင်္ဂလိပ်များ၊ အိန္ဒိယ အမျိုးသားများနှင့် မြန်မာအချို့ ဖြစ်ပြီး ၁၀၀ လောက် ရှိပါသည်။

တရားပွဲအပြီးမှာ တရားအသံဖမ်းသူကို အင်္ဂလိပ်များက အင်္ဂလိပ် ဘာသာပြန်အပိုင်းကို ဆက်စပ်ကူးပေးဘို့ ပြောခကြောင်း အသံဖမ်းသူ ကိုသိန်းထွန်းက လျှောက်ပါသည်။

ဒီအချက်ကို ကြည့်ပြီး ဟောတဲ့တရားကို ပရိသတ် နားလည်သဘောပေါက်တယ်လို့ ယူဆရပါသည်။

ဘာမင်ဂမ်ဟာ စက်မှုလက်မှုမြို့ဖြစ်ပါသည်။ အင်္ဂလန်မှာ အိန္ဒိယအမျိုးသား အများဆုံးနေထိုင်ရာမြို့ဖြစ်ပါသည်။ မြန်မာဘုန်းတော်ကြီး ဒေါက်တာ ဦးရေဝတမမှ ရဲ့ ကျောင်းလဲ ဒီဘာမင်ဂမ်မှာ ရှိပါသည်။ ဦးပဉ္ဇင်းတို့ အဲဒီ ကျောင်းမှာဘဲ တည်းခိုပါသည်။ကျောင်း ဆိုသော်လဲ အင်္ဂလန်မှာတော့ လူနေအိမ်များထဲက အိမ်တလုံးကို ငှားပြီး ကျောင်းလုပ်ထားရတာပါဘဲ။ လန်ဒန်က ယိုးဒယား ဘုန်းကြီးကျောင်းတကျောင်းဘဲ အစိုးရက ဝယ်လျှုထားတာဖြစ်လို့ ဝင်းသီးခြားနဲ့ နေနိုင်ပါသည်။

ဘုန်းတော်ကြီး ဦးရေဝတမမှကျောင်းဟာ သံဃာ ၄-ပါး လောက်တော့ ချောင်ချောင်ချိချိ နေနိုင်ပါသည်။ အိပ်ခန်းကြီး ၃-ခန်း၊ ရေချိုးခန်း၊ ဧည့်ခန်း၊ စားသောက်ခန်း၊ မီးဖိုခန်းများအပြင် တရားထိုင်ဘို့ သင့်လျော်တဲ့ ထပ်ခိုးလေး တခန်းလဲ ရှိပါသည်။ ဒီကျောင်းမှာ ဦးရေဝတမမှ အဘိဓမ္မာသင်တန်းပြ၊ တရားဟောတဲ့အခါ ဟော၊ တရားပြတဲ့အခါ ပြပါသည်။ ပင့်ဖိတ်ရာ တခြားဌာနများကိုလဲ သွားပြီး တရားပြပါသည်။

မေ ၃၁-ရက်နေ့ အရက်ဆွမ်းနဲ့ နေ့ဆွမ်းကို ဦးမောင်မောင်သန်း၊ ဒေါ်အေးသန်း မိသားစုတို့က ဘာမင်ဂမ် ကျောင်းမှာဘဲ ကပ်ကြပါသည်။ နေ့လယ် ၂း၄၅ နာရီမှာ လန်ဒန်ကို ပြန်ခဲ့ကြရာ ညနေ ၄း၄၅ နာရီမှာ ရောက်ပါ

သည်။ ယိုးဒယားကျောင်းမှာ တည တည်းခိုကြပြီးတော့ နောက် တနေ့ (၇၂၌ ၁-ရက်) နံနက် လေယာဉ်ဖြင့် ပြင်သစ်နိုင်ငံ လီယွန် [Lyon] မြို့သို့ ခရီးဆက်ခဲ့ကြပါသည်။ လီယွန် လေဆိပ်မှာ လာရောက်ကြိုဆိုကြတဲ့ လာအိုဘုန်းကြီးကလေးနှင့် ပြင်သစ် ဒကာများက မိုင် ၇၀-ခန့် ဝေးတဲ့ ထူန္ဓန်းမြို့ကလေးသို့ ကားနှင့် ပင့်ဆောင်ကြပါသည်။ မြို့ကလေးအနီး တောင်ကမ်း ပါးယံမှာ ဆောက်ထားတဲ့ ဗောဓိညာဏာရာမ ကျောင်းကလေး ကို ညနေ ၄း၃၀ နာရီတွင် ရောက်ကြပါသည်။

ကျောင်းကလေး ပတ်ဝန်းကျင်မှာ မနိမ့်မမြင့်တောင်များ၊ စိမ်းစိုတဲ့ သီးပင် စားပင် သစ်ပင်များ၊ အပွင့်တွေ ဝေနေတဲ့ ပန်းပင်များဖြင့် သာယာကြည်နူးဘွယ် ရှိလှပါသည်၊

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ။

ပြင်းပြစွာ ကောင်းချီးပေးခဲ့ကြောင်း ဒေါ်ဇော်ဇော်ဝင်းက ပြောကြားခဲ့သည်။



ဆရာတော် ဦးကုသလ ဘုရား....

လေးစားစွာ လျှောက်ဆားပါသည်။ အားလုံးကျွန်းမာစွာ ဖြင့် သာသနာ့ဘာဝနဲများကို ထမ်းဆောင်လျက်ရှိကြသည်ဟု ယုံကြည်ပါသည်။

ယခု အချိန်အား နည်းနည်းရတာနှင့် သည်စာကို ရေးပါသည်။ စာရေးရတာလဲ အနောက်ဆီမှာ ဘောလ်ပင်ချည်း သုံးနေကြတော့ မင်ရှာလို့ မလွယ်တဲ့အတွက် ဘောလ်ပင်နဲ့ချည်း ရေးနေရတာမို့ ရေးလို့မကောင်းပါ။ အားမရပါ။ ရေးပြီးလို့ ပြန်ဖတ်ကြည့်လိုက်ယင် လက်ရေးက ပဲပင်ပေါက်ဆက်တောင် ဆိုးနေတာကို ဘွေ့ရပါသည်။ သို့သော်လဲ အကျိုးအကြောင်း သိလိုကြမည်ကို ကိုယ်ချင်းစာမိ၍ သိခွင့်ရကြလျှင် ပြီးရော သဘောနှင့် ရေးနေရပါသည်။

တပည့်တော်တို့ ဆရာတော်ဘုရားကြီးမှ စ၍ အားလုံး ကျန်းမာကြပါသည်။ မေ ၃၁ ရက်နေ့က စကော့တလန်မှ လန်ဒန်ကို ပြန်ရောက်ပြီး ဂျွန် ၁-ရက်နေ့မှာ လန်ဒန်မှ ပြင်သစ် ပြည် တောင်ပိုင်းရှိ လီယွန် [Lyon] မြို့သို့ လေယာဉ်ဖြင့် ခရီးဆက်ရပါသည်။ လီယွန်ဟာ ပြင်သစ်တောင်ပိုင်းမှာ မြို့ကြီး စာရင်း၀င် ဖြစ်ပါသည်။ အဲဒီကမှ ကားနှင့် ၁—နာရီခွဲလောက် သွားတော့ ထူးခွန်းမြို့ကလေး အနီးမှ တောင်ပေါ် တောရ ကျောင်းကလေးသို့ ရောက်ပါသည်။

အဲဒီမှာ ၃-ရက် နေရစဉ် ဆရာတော်ဘုရားကြီးက နေ့စဉ် ၃-နာရီမှာ တရားဟောချ တပည့်တော်တို့ ညစဉ် ၈-နာရီမှာ တရားဟောရပါသည်။ တရားနာ ပရိသတ်ကတော့ ပြင်သစ်များ၊ ဗီယက်နမ်များ၊ လာအိုများ၊ ဆွစ်များ ဖြစ်ကြပါသည်။ တရားထိုင်တာကတော့ ဆွစ်များနှင့် ပြင်သစ်များသာ ထိုင်ကြပါသည်။ တနေ့ ၃-၄ ကြိမ်မျှသာပါပဲ။ မူလကတည်းက တရားအားထုတ်နေကြသူများဖြစ်၍ သဒ္ဓါရှိသဖြင့် စိတ်ဝင်စားကြပါသည်။ ဗီယက်နမ်၊ လာအိုများကတော့ ကိလိုမိတာလေးငါးရာမှ လာကြရ၍ ပြန်ကြရပါသည်။

တောင်ပေါ်ကျောင်းကလေးမှာ လာအို ဘုန်းကြီးကလေး တပါး နေပါသည်။ အကျင့်သိက္ခာ တော်ပါသည်။ တောင်ခြေရှိ ခေတ်မှီသော မြို့ကလေးနှင့် ပတ်ဝန်းကျင် ခပ်လှမ်းလှမ်းမှ တောင်များ၊ စိမ်းစိုသော သစ်ပင်များ၊ ပန်းမျိုးစုံတို့၏ ဝေနေသော အပွင့်များဖြင့် သာယာပါသည်။ စကော့တလန်ထက် ပိုသာယာပါသည်။ ဇီးသီးမှည့်နှင့် ခပ်ဆင်ဆင်တူတဲ့ ချယ်ရီသီးများကို နေ့စဉ် တဝကြီး စားကြရပါသည်။ ပိချ ခေါ်သည့် မက်မွန်သီး၊ ဒေါပရိကော့သီး အမှည့်များကိုလဲ စားကြရပါသည်။' အစား ဗဟုသုတ ဆိုကြပါစို့ဘုရား။

ပြင်သစ်၏ မြို့တော် ပါရီနှင့် ကိလိုမိတာ ၆၀၀ လောက် ဝေးသဖြင့် ပါရီကို မရောက်ခဲ့ရပဲ ၄-ရက်နေ့ နံနက်မှာ ဆွစ်ဇာလန်ပြည်သို့ ရထားဖြင့် ခရီးဆက်ခဲ့ရာ ညနေ ၃-နာရီမှာ စိန့်အိမီယေးမြို့ကလေးသို့ ရောက်ပါသည်။ မြို့ကလေးမှ

ကားနှင့် ၁၀-မိနစ်ခန့်သွားတော့ မောင့်ဆိုလေ တောင်ပေါ်တရားစခန်းသို့ ရောက်ပါသည်။

ဆွစ်ဇာလန်ပြည် မီးရထားခရီးဟာလျှောက်လုံး ရေခဲတောင်များ၊ ထင်းရူးပင်များ၊ ပန်းသီးခြံ၊ စပျစ်ခြံများ၊ ရောင်စုံပန်းများ၊ ကျယ်ပြန့်သော မြက်ခင်းပြင်စိမ်းစိမ်းများ၊ ကြီးမားသော ရေကန်ကြီးများဖြင့် အလွန်သာယာကြည်နူးဘွယ်ရှိလှပါသည်။

တခါတရံမှာ မီးရထားဟာ ရေကန်ကြီးများ ဘေးတလျှောက်အတိုင်း ခုတ်မောင်းသွားရပါသည်။ ဒီလိုအခါမျိုးမှာ တဖက်က မလှမ်းမကမ်းမှ လှပတဲ့ ထင်းရူးပင်တွေ အုပ်ဆိုင်းပြီး ညို့မှိုင်းနေတဲ့ တောင်ခပ်မြင့်မြင့် နောက်ခံ ထားကာ ဆောက်ထားတဲ့ ခေတ်မှီသပ်ရပ်တဲ့ တိုက်တာအိမ်ယာတွေနဲ့ သစ်သီးခြံတွေ၊ တခြားတဖက်ကတော့ ရှည်လျားကျယ်ပြန့်သလောက် ကြည်လင်ငြိမ်သက်တဲ့ ကန်ရေပြင်နဲ့ ရေပြင်ပေါ်မှာ တငြိမ့်ငြိမ့် ရွှေ့ရှားနေတဲ့ ရွက်လွှ ဖြူဖြူကလေးတွေ၊ ရေပြင်ပေါ် ကျော်ပြီး ဟိုဘက်ကမ်းကို လှမ်းမျှော်ကြည့်လိုက်ပြန်တော့ ငြိမ်းချမ်းစွာ လဲလျောင်းနေတဲ့ ရေခဲဖုံးတောင်မြင့်မြင့်ကြီးတွေနဲ့ သာယာကြည်နူးဖွယ် ရှိလှပါသည်။ ပြက္ခဒိန်များမှာ တွေ့ရသည်ထက် ပိုပြီး သာယာတင့်တယ်ပါသည်။

ဆွစ်ဇာလန်ရဲ့ တောတောင် ရေမြေ အထွေထွေက သာယာသလောက် မြို့ရွာအိမ်ခြေ အထွေထွေကလဲ သန့်ရှင်းလှပါသည်။ သူတို့မြို့နိုစီပယ်များကလဲ အခွန်ထမ်း လူထုအတွက် စွမ်းနိုင်သမျှ သန့်ရှင်းအောင် ကြိုးစားကြပုံ ရပါသည်။

သန့်ရှင်းရေး စနစ်ကလဲ ကောင်းပါသည်။ အိမ်တိုင်း အိမ်တိုင်းကို မြူနီစီပယ်က တင်းတောင်းလောက်နီးပါး ရှိတဲ့ ပလတ်စတစ် အိတ်နက်ကြီးတွေ ပေးထားပါသည်။ လမ်းဘေး သင့်လျော်တဲ့ နေရာတွေမှာလဲ အနံ ၃-ပေ၊ အလျား ၅-ပေ၊ အမြင့် ၆-ပေခန့်ရှိတဲ့ အမှိုက် သိုလှောင်ရုံကလေးတွေကိုလဲ ကန်ကရစ်နဲ့ ဆောက်ပေးထားပါသည်။ အဖုံးလဲ တပ်ပေးထားပါသည်။ ရုံ တဲ့နဲ့ တခုလဲ သိပ်မဝေးပါ။

အိမ်ရှင်မများဟာ အမှိုက်တွေကို ပေးထားတဲ့ အိတ်နက်ကြီးတွေထဲမှာ ထည့်၊ ထိပ်က ကြိုးနဲ့စည်းပြီး မိမိအိမ်နဲ့ နီးရာ အမှိုက်ရုံထဲ သွားထည့်ထားရပါသည်။ အဲဒါကိုမှ အမှိုက်သိမ်းကားက လာသိမ်းသွားပါသည်။ တချို့ဒေသတွေမှာ ညအခါ သိမ်းပြီး တချို့ ဒေသတွေမှာတော့ နေ့အခါ သိမ်းသည်ဟု သိရပါသည်။

အဲဒီ ပလတ်စတစ် အိတ်တွေကို မြူနီစီပယ်က အလကား ပေးထားတာတော့ မဟုတ်ပါ။ တန်ရာ တန်ဖိုးနဲ့ ပေးထားတာ ဖြစ်ပါသည်။ အမေရိကန်မှာလဲ ဒီ ပလတ်စတစ် အိတ်နက်နဲ့ အမှိုက်သိမ်းစနစ်ကို သုံးပါသည်။ ဆွစ်ဇာလန်မှာ သန့်ရှင်းရေး ဂ ရုစိုက်လိုက်ပုံက တော့ လူသူ အရောက် အပေါက် နဲတဲ့ ဘေလမ်းဘေး တောင်ပေါ် လမ်းဘေးမှာပင် အမှိုက်ပုံး ထားပေးပါသည်။ အမေရိကန်နဲ့ အင်္ဂလန်တို့မှာလဲ သည်အတိုင်းပင် ဖြစ်ပါသည်။ ဆွစ်ဇာလန်ကတော့ ပို သန့်ရှင်းသည်ဟု ထင်ပါသည်။

ကောင်းကောင်းနေ၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်း စားရအောင် စီစဉ်ကြရတော့ စရိတ်စခကလဲ တက်ပါသည်။ ဒါကြောင့် အစစ ဈေးကြီးပါသည်။ ဥရောပမှာ ဆွစ်ဇာလန်ဟာ ကုန်ဈေးနှုန်း အကြီးဆုံး နိုင်ငံလို့ ဆိုပါသည်။ အမေရိကန်ပြည် လော့စိန်ဂျလိမ္မ ဆွစ်ဇာလန်ကို လိုက်လာတဲ့ ယောဂီ ဦးစိန်ဟာ တရားမဝင်မီ တနေ့မှာ လဘက်ရည်ဆိုင်တဆိုင်ကို ဝင်ပြီး ကော်ဖီတခွက်နဲ့ ပေါင်မုန့်ထောပတ်သုတ် တယ့်က် ဝယ်စားရာ ဆွစ်ဖရန့်ငွေ ၁၁-ဖရန့် (မြန်မာ ၅၀-ခန့်) ပေးရသည်ဟု လျှောက်ပါသည်။ ဆွစ် ၁-ဖရန့်ဟာ မြန်မာငွေ ၄-ကျပ်၊ ၆၅ ပြားလောက်နဲ့ ညီမျှပါသည်။ ဦးစိန် တခါတည်းနဲ့ လန့်သွားပါသည်။ နောက် ဘာမှ မဝယ်ဝံ့တော့ပါ။သူ့အိမ်က မှာတဲ့ ပစ္စည်းတောင်မှ မဝယ်ဝံ့တော့ပါ။

မောင့်ဆိုလေ တရားစခန်းမှာ ယောဂီတယောက် စား၊ နေ၊ ရေ၊ မီး စရိတ် တနေ့ ၃၅-ဖရန့် ပေးရပါသည်။ မြန်မာငွေနှင့် ၁၆၂-ကျပ်ခန့် ကျပါသည်။ အမေရိကန်ပြည် ယတ်ကဗဲလီနဲ့ ဘယ်ရီ တရားစခန်းများမှာ ဂ-ဒေါ်လာနဲ့ ၂၅-ဆင့် (မြန်မာ ၅ဂိ-ခန့်) ပေးရပါသည်။ နိုင်းယှဉ်ကြည့်ယင် ၃-ဆလောက် ဖြစ်နေပါသည်။ မြန်မာပြည် ယောဂီတယောက်ရဲ့ ထမင်းစရိတ် နှစ်လစာနီးပါး ဖြစ်နေပါသည်။

မြန်မာပြည်မှ ယောဂီများ အင်မတန် ကံကောင်းကြပါပေသည်။

တပည့်စေတ်တို့ တရားစခန်းကို ထင်းရှူးပင်များ ဝန်းရံ
ထားပါသည်။ တစ်ယောက် တပည့်တော် အခန်းပြတင်းမှ
အပြင်ကို ကြည့်လိုက်လျှင် ထင်းရှူးပင်များ ပေါ် ကျော်ပြိုး
မလမ်းမကမ်းမှ ရေခဲ ကွက်ကြား ဖုံးထားတဲ့ တောင်ကြီး
ငြိမ်းချမ်းစွာ လဲလျောင်းနေသည်ကို ကြည့်နှူး ချမ်းမြေ့ဘွယ်
စွာရပါသည်။

နံနက်တိုင်း နှင်းများ ဆူထပ်သိပ်သည်းစွာ ကျ၍ ရာသီ
အနည်းငယ် ဒေသဖြင့် နေရတာ အရသာ ရှိလှပါသည်။
နေ့စဉ် ၂-နာရီမှာ တပည့်တော် တရားဟော၍ ညစဉ် ဆရာ
တော်ဘုရားကြီး တရားဟောပါသည်။ တရား အားထုတ်သူ
၃၀-ရှိပါသည်။ ၅-ရက် တရားစခန်း ဖြစ်ပါသည်။ အခု
တွင်ကျော် ကျန်တာမြို့တော်သို့ မြန်မာသံရုံး မိဿားစုများက
ဆွမ်းတေးပင့်၍ ဒီစာကို ကျန်စာမှ ရေးလိုက်ရပါသည်။

၁၂-ရက်နေ့တွင် ဇူးရစ်မြို့တော်သို့ သွားရပါမည်။ ၁၃-
ရက်နေ့တွင် ဇူးရစ်မှ အီတလီပြည် ရောမမြို့တော်သို့ ခရီး
ဆက်ရပါမည်။ ၁၆-ရက်နေ့ နံနက် အင်္ဂလန်သို့ တကျွှ
ပြန်ရပါဦးမည် ဘုရား။

သတ္တဝါမှန်သမျှ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

ကုန်းရစ်မြို့
ဆွစ်ဇာလန်ပြည်
၁၉၄၁၊ နယူန်လဆုတ် ၃-ရက်
၁၂၀၃၊၇၉

ဒကာကြီး ဒကာမကြီး မိသားစုသို့

မေတ္တာဖြင့် စာရေးသိစေပါသည်။ ဦးပဉ္ဇင်းတို့ လာခဲ့ခဲ့မှ ညရောပတိုက် ပြင်သစ်ပြည်သို့ ဂျွန် ၁-ရက်ခန့် (နယူန်လဆန်း ၇-ရက်)က ခရီးဆက်ခဲ့ပါသည်။ လေယာဉ်ခရီး ၁-နာရီခွဲခန့် အကြာတွင် ပြင်သစ်ပြည်တောင်ပိုင်း လီယွန်လေဆိပ်သို့ ရောက်ပါသည်။

လေဆိပ်မှ ထူးခွန်းမြို့ အနီးရှိ တောင်ပေါ် တရာရကျောင်းသို့ ကားဖြင့် သွားရသည်။ အဲဒီကျောင်းမှာ ၃-ရက်နေစဉ် ဆရာတော်ကြီးက နေ့စဉ် ၃-နာရီတွင် အင်္ဂလိပ်စာအုပ်ဖတ်၍ တရားဟောပါသည်။ ညစဉ် ၈-နာရီမှာ ဦးပဉ္ဇင်းက အင်္ဂလိပ်ဘာသာဖြင့် ဟောပါသည်။ ကျောင်းထိုင်ဘုန်းကြီး လာအို ဘုန်းကြီးလေးက ပြင်သစ်ဘာသာပြန်ပါသည်။ ဟောတဲ့တရားကတော့ သတိပဋ္ဌာန် ဝိပဿနာဘာရားပဲ ဖြစ်ပါသည်။

တရားနာပရိသတ်များက ပြင်သစ်၊ ဗီယက်နမ်၊ လာအို၊ ဆွစ်ဇ် လူမျိုးစုံပါပဲ၊ ပြင်သစ်က များပါသည်။ နေ့စဉ် တရား

၄-၅ ကြိမ် ထိုင်ကြပါသည်။ ပြင်သစ် အမျိုးသား ၁၀-ယောက်၊ အမျိုးသမီး ၁-ယောက် ပေါင်း ၁၁-ယောက် ရှစ်ပါးသီလ ရာသက်ပန် ခံယူကြပါသည်။ သူတို့အနေဒါ အနာဂါရိုက ဟု ခေါ်ကြပါသည်။

ကျောင်းနာမည်ကတော့ ဗောဓိဉာဏာရာမ၊ ဒေသက စိုက်ပျိုး နယ်မြေဖြစ်၍ ရာသီ မပူ မအေးနှင့် သာယာပါသည်။ စပျစ်ခြံများ၊ ပန်းသီးခြံများ၊ သစ်တော့ခြံများ၊ အသီးစား ချယ်ရီပင်များ၊ အေပရီကော့ခြံများ၊ ပိဿခေါ် မက်မွန်သီးခြံများနှင့် ပင်လုံးကျွတ် ပွင့်နေသော နှင်းဆီပန်း ရောင်စုံဟိုဖြင့် သာယာလှပါသည်။ စပျစ်များမှာ အသီးစား စပျစ်မျိုးထက် ဝိုင်ခေါ် အရက်ချိုလုပ်သည့် စပျစ်မျိုးက ပိုများပါသည်။ ပုံသဏ္ဌာန်နှင့် အရောင်အသွေး ဇီးသီးနှင့်တူ၍ အရသာသေးပြီးနှင့် ခပ်ဆင်ဆင်တူသော ချယ်ရီသီးများ ပင်လုံးကျွတ်မှ နိဂုံးအောင် သီးနေသည်မှာ ကြည့်လို့ ကောင်းပါသည်။ စားသည့်အခါ အရသာလဲ ရှိပါသည်။

ဂျွန်လ ၄-ရက်နေ့ နံနက် (နယူန်လဆန်း ၁၁ ရက်) မှာ ပြင်သစ်မှ ဆွစ်ဇာလန်သို့ မီးရထားဖြင့် ခရီးဆက်ခဲ့ရာ ညနေ ၃း၃၀ နာရီခန့်တွင် ဆွစ်ဇာလန်ပြည် အနောက်ပိုင်း စိန့်ဒီမေယးမြို့အနီးမှ မောင့်ဆိုလေတောင်ပေါ်ရှိ တရားစခန်းသို့ ရောက်ပါသည်။ တရားစခန်းမှာ ဟော်တယ်တခုလုံးကို ငှားထားခြင်း ဖြစ်ပါသည်။

ဆွစ်ဇာလန် ရထားခရီးတလျှောက်လုံး ရထားလမ်းဘေး မှ ရှည်လျားကျယ်ပြန့်လှတဲ့ ရေကန်ကြီးများ ၊(ဥပမာ ဂျီနီဗာ ရေကန်ဆိုလျှင် မိုင် ၆၀ ရှိပါသည်။) မလှမ်းမကမ်းမှ ရေခဲခပ်ကျဲကျဲဖုံးနေတဲ့ စိမ်းလန်းတဲ့ တောင်များ၊ ထင်းရှူးပင်များ၊ သစ်သီးခြံများ၊ ကျုံခင်း၊ အုတ်ခင်း၊ ဗာလီခင်းများ၊ စိမ်းလန်း ကျယ်ပြန့်တဲ့ မြက်ခင်းပြင်ကြီးများ၊ ခေတ်မီ သပ်ရပ်သန့်ရှင်းတဲ့ တိုက်အိမ်များ၊ သန့်ရှင်းတဲ့ ကားလမ်းကျယ်ကြီးများနှင့် အလွန်ပင် သာယာလှပါသည်။ ကြည်နူးဘွယ် ရှိလှသည်။

သုံးတောင်လောက်သာ မြင့်ပြီး စီတန်းဝိုက်ထားတဲ့ စပျစ်ခြံများအတွင်းမှာ စပျစ်ပင်များ အကြားတွင် ပေါင်းနှုတ် ပေါင်းသင် အလုပ်ဝင်နေကြတဲ့ ဆွစ်ဇာလူမျိုးများက မွေးရပ်မြေကို သတိရစေပါသည်။ အနည်းငယ်မျှသာ ချမ်းအေးတဲ့ ရာသီတွင် ကြည်လင်တဲ့ နေခြည်ဖျော့ဖျော့မှာ သစ်ပင်တဲ့ ဝတ်စုံများနဲ့ ငြိမ်းချမ်းစွာ အလုပ်လုပ်ကြသူတို့မှာ ပင်ပန်းပုံ မရကြပါ။ ဆွစ်ဇာလန်ဟာ ပထမ ဒုတိယ ကမ္ဘာစစ် ၂-ခုလုံးတွင် မပါဝင်ပဲ ကြားနေနိုင်ငံဖြစ်ခဲ့လို့ စစ်ဘေးစစ်ဒဏ် မခံရတော့ အေးချမ်း သာယာလှပါသည်။

မောင့်ဆိုလေ တရားစခန်းတွင် အင်္ဂလိပ်၊ ဆွစ်ဇ်၊ အီတာလျံ၊ ဂျာမန်၊ ဒင်းနစ် စသော လူမျိုးများ ၃၀-ခန့် ၅-ရက် အချိန်ပြည့် တရားအားထုတ်ကြပါသည်။ မြန်မာ ၄-ယောက် ပါဝင်ပါသည်။ နယူးယောက်မှ ဦးသုခဖ၊ ဒေါ်တင်လှိုင်၊

လေ့စိန်ဂျလိမ္ပ ဦးစိန်၊ ဂျနီဗာမှ ဦးဖေတို့ ဖြစ်ပါသည်။ ဆရာတော်ကြီး ညစဉ် စာအုပ်ဖတ် တရားဟောချ၍ ဦးပဉ္စင်းက နေ့စဉ် ၂-နာရီမှာ တရားဟောပြီး တရားစစ်ပါသည်။ တရားကို ပို့မိုစိတ်ဝင်စားလာလို့ တရား အတွေ့ရှင်းသူများ တွေ့ရပါသည်။ ရတနာသုံးပါးအပေါ် ယုံကြည်မှုတိုးပွားကြကာ မြန်မာပြည်ကိုလှုံကာပြီး တရားအားထုတ်လိုသူ အများအပြား ရှိကြပါသည်။

ဇွန် ၇-ရက်နေ့ကစော၍ ဂျနီဗာမြို့ရှိ မြန်မာသံရုံး မိသားစုများက ဆွမ်းစားပင့်ဖို့ ဂျနီဗာကို သွားရပါသည်။ ဂျနီဗာမြို့ဟာ ကျော်ကြားတဲ့ ဂျနီဗာ ရေကန်ကြီး ဘေးတွင် တည်ထားပြီး ကုလသမဂ္ဂ အဖွဲ့အစည်းအချို့၏ တည်ရာ ကုလသမဂ္ဂ ဌာနခွဲရှိလို့ ကမ္ဘာကျော်ပါသည်။ မြင့်မားသော တိုက်တာ အဆောက်အအုံများ နိုင်ငံခြားခရီးသည်များဖြင့် စည်ကားပါသည်။ အထူးခြားဆုံး တခုကတော့ ဂျနီဗာ ရေကန်ကြီးထဲတွင် ပေ ၄၀၀ အမြင့်အထိ ပန်း၍ တက်နေသော ရေပန်းဖွားကြီးတခုကို ဒီစဉ်ထားခြင်းပင် ဖြစ်ပါသည်။ ဂျနီဗာရေကန်ကြီး၏ အနောက်ဘက်နှင့် မြောက်ဘက်ကမ်းသည် ဆွစ်ဇာလန်နိုင်ငံဖြစ်၍ အရှေ့ဘက်နှင့် တောင်ဘက်ကမ်းသည် ပြင်သစ်နိုင်ငံ ဖြစ်ပါသည်။

အပြန်မှာ ရေကန်ဘေး တောင်ကုန်းပေါ်ရှိ တိဘက်ကျောင်းမှ ဘုန်းကြီးများက ပင့်သဖြင့် ဝင်ရပါသည်။ကျောင်းထိုင်ဘုန်းကြီးနှင့် တပည့်တပါးသာ တိဘက်လူမျိုး ဖြစ်ပြီး

ကျန် ဘုန်းကြီး ၁၄-ပါးမှာ အမေရိကန်၊ အင်္ဂလိပ်နှင့် ဥရောပတိုက်သား မျိုးစုံတို့ ဖြစ်ပါသည်။ ကျောင်းကလဲ အနောက်တိုင်းမှာဆောက်တဲ့ကျောင်းဖြစ်လေတော့ အနောက်တိုင်းပုံစံအဘိုင်း ခေတ်မီ သပ်ရပ် သန့်ရှင်းပါသည်။

ဆရာတော်ဘုရားကြီးနှင့် တိဘက်ဘုန်းကြီးတို့ အနောက်တိုင်း ဗုဒ္ဓသာသနာအကြောင်း ပြောဆို ဆွေးနွေး ရာတွင် ဦးပဉ္စင်းက ဘာသာပြန်ပေးရပါသည်။ ဆွေးနွေးချက်အကျဉ်း ချုပ်သဘောကတော့ တိဘက်ဘုန်းကြီးက မဟာစည်ဆရာတော်ကဲ့သို့သော ထင်ရှားသော ဆရာတော်တပါး အနောက်တိုင်းကို သာသနာပြု ကြွလာတဲ့အတွက် ဝမ်းသာလှုကြောင်း၊ တဦးတည်းသော ဖခင်ဖြစ်သည့် ဗုဒ္ဓမြတ်စွာ၏ သားတော်များဟာ ကမ္ဘာသူ ကမ္ဘာသား လူအများတို့ ချမ်းသာရေးအတွက် သာသနာတော်ကို အတူတကွလက်တွဲပြီး ဖြန့်ဖြူးသင့်ကြောင်း၊ ဒီလိုဆိုလျှင် အနောက်တိုင်းမှာ ဗုဒ္ဓသာသနာတော် ပြန့်ပွားကာ သတ္တဝါများ ချမ်းသာကြမည် ဖြစ်ကြောင်း စသည် ပြောကြားပါသည်။ ဆရာတော် ဘုရားကြီးကတော့ ထူးထူးထွေထွေ မမိန့်ကြားပဲ သူ့စကားအလိုက် မဆန့်ကျင်ရုံသာ မယုတ်မလွန် မိန့်ကြားပါသည်။

စကားပြောပြီးလို့ ပြန်ဘို့ပြင်ကြတော့ အမေရိကန် ဘုန်းကြီးတပါးက "အရှင်ဘုရား အင်္ဂလိပ်စကား သိပ်ကောင်းတာပဲ၊ အင်္ဂလိပ်စာဘယ်မှာ သင်ပါသလဲ" လို့ မေးပါသည်။ ဒီမေးခွန်း မကြာခဏ အမေးခံရပါသည်။ အမေရိကန်မှာလဲ

အမေးခံခဲ့ရသည်၊ ပြင်သစ်မှာတုန်းကလဲ အမေး ခံခဲ့ရသည်။ ပြင်သစ်ပြည် ထူးခွန်းမြို့နားက တောရကျောင်းလေးမှာ ရှိကြစဉ် ဗဟုယက်နမ် ဘုန်းကြီးတပါးက "အရှင်ဘုရား ဘာသာပြန်တာ သိပ်ကောင်းတာပဲ၊ အရှင်ဘုရားက အမေရိကန်က လိုက်လာတာလား" လို့ မေးပါသည်။ မဟုတ်ကြောင်း ပြောတော့ "အင်္ဂလိပ်စာ ဘယ်မှာ သင်ပါသလဲ" လို့ မေးပြန်ပါသည်။

ကိုယ်ပြောတဲ့ အင်္ဂလိပ်စကားကို အသုံးအနှုန်းရော အသံထွက်ပါ ကိုယ်ဟာကိုယ် အားမရပါ။ သို့သော်လဲ အင်္ဂလိပ်ဘုန်းကြီး ဦးရေဝတကပါ ဦးပဉ္စင်း ဘာသာပြန်တာ တခါနှားထောင်ပြီးတော့ "အရှင်ဘုရား အင်္ဂလိပ်က တော်တော်ကောင်းတယ်၊ အသံထွက်လဲ ကောင်းတယ်၊ နောက်ကို အရှင်ဘုရားကို တန္ဒစ်တကြိမ်တော့ သာသနာပြုပင့်ရမှာဘဲ" လို့ ပြောပါသည်။ ဒီတော့ ဒီလို နိုင်ငံရပ်ခြားမှာ သာသနာ့လုပ်ငန်း ဆောင်ရွက်နိုင်ဘို့ရာ မိမိမှာ ပါရုံမီပါလို့ ပေဘဲလို့ အောက်မေ့ရပါသည်။

ဒီ တိဘက်ကျောင်းမှာ ဥရောပတိုက်သား ၄၀-လောက် တရားထိုင်နေတာလဲ တွေ့ခဲ့ရပါသည်။ အနောက်တိုင်းမှာ တိဘက် ဗုဒ္ဓဘာသာ မဟာယာန သာသနာ အတော် စည်ပင်ပြန့်ပွားနေပါသည်။ မြို့ကြီးတိုင်းမှာလိုပင် တိဘက်ကျောင်းနှင့် တခြား မဟာယာနကျောင်း အနည်းဆုံး နှစ်ကျောင်းသုံးကျောင်းတော့ ရှိပါသည်။ ထေရဝါဒကဲ့တော့ တချို့နိုင်ငံတွေမှာ ယခုမှ အစပျိုးစလို ဖြစ်နေပါသည်။ ဆွစ်ဇာလန်မှာ

ဆိုလျှင် ထေရဝါဒဘက်က သီဟိုဠ်ဘုန်းကြီးကျောင်းတကျောင်း သာ မထင်မရှား ရှိပါသည်။လက်တွေ့ အကျင့် နည်းလမ်းမှန်ကို သည်းခံ ဖြန့်ဖြူး ပေးနိုင်လျှင်တော့ ထေရဝါဒ သာသနာလဲ ပြန့်ပွားဘို့ အလားအလာ အများကြီးရှိပါသည်။

ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ တိဘက်ကျောင်းမှ ထွက်လာခဲ့ကြပြီး မောင်ဆိုလေ တရားစခန်းကို ပြန်ခဲ့ကြရာ ဝန်ကြီးဦးမြမောင်နှင့် သံအမတ်ကြီး ဦးသိန်းအောင်တို့လဲ တရားစခန်းအထိ လိုက်ပို့ကြပါသည်။ ည ဂ-နာရီခွဲလောက် စခန်းပြန်ရောက်ပြီး ဒကာကြီးများလဲ ၉-နာရီလောက်မှာ ရန်ဇာကို ပြန်သွားကြပါသည်။

နယုန်လပြည့်နေ့ (၉၊ ၆၊ ၇၉) မှာတော့ မောင်ဆိုလေ တရားစခန်း ပြီးဆုံးပြီမို့ ဆွစ်ဇာလန်ပြည် အရှေ့ပိုင်း ဂိုဆိုမြို့အနီး ဒစ်ကင်ရွာ ထေရဝါဒ ဗုဒ္ဓဘာသာ အသင်း၏ ပင်ဖိတ်ချက် အရ ဂိုဆိုမြို့သို့ နေ့လယ် ၂း၃၀ နာရီမှာ မီးရထားနှင့် သွားရပါသည်။ ကြည်နူးဖွယ် ရှုခင်းသာများ၏ ငြိမ်းချမ်းအေးမြသုတဲ့ သဘာဝကို ကြည့်ရှုယင်း ရထားဆောင်ရာသို့ လိုက်ပါသာခဲ့ကြရာ ညနေ ၅း၄၅ နာရီတွင် ဂိုဆိုမြို့ကို ရောက်ပါသည်။ ဂိုဆိုမှ ဆွစ်ဒကာများက ကားဖြင့် ဒစ်ကင်ရွာသို့ ပင့်ပါသည်။ ဒစ်ကင်ရွာ ထေရဝါဒ ဗုဒ္ဓဘာသာအသင်းမှာ ဘည်း ခိုရပါသည်။ ဒီမှာတော့ အနားယူရုံသာသာလို့ ဆိုရပါလိမ့်မည်။

နောက်တရက် (နယ့်နိမိတ်ပြည့်နေကုန် ၁–ရက်) မှာတော့ ဒစ်ကင် ထေရဝါဒ ဗုဒ္ဓဘာသာအသင်း ခေါင်းဆောင်များ ဟာ သီဟိုဠ်အဆက်အနွယ် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြလို့ သီဟိုဠ်ပြက္ခဒိန်အရ ဒီနေ့က် 'ပေါသဓေး' (ဥပုသ်နေ့) လို့ သတ်မှတ်ပြီး ဆရာတော် ဘုန်းကြီးအထံမှာ ဥပုသ်သီလ ဆောက်တည်ကြ၊ တရားနာကြ၊ တရား အားထုတ်ကြပါသည်။ ဆွမ်းဘောဇဉ်များလဲ ဖူးတားသည့် ဆက်ကပ်ကြ ပါသည်။ ဆွမ်ဗုဒ္ဓဘာသာဝင်များဟာ အသူးသဖြင့် ဒီအရှေ့ပိုင်းက ဆွမ်ဗုဒ္ဓဘာသာဝင်များဟာ တခြားနိုင်ငံ တခြားဒေသက ဗုဒ္ဓဘာသာဝင်တွေထက် ပိုပြီး ယဉ်ကျေး သိမ်မွေ့ကြပါသည်။

ယဉ်ကျေး သိမ်မွေ့မှုဟာ လူသားအချင်းချင်း ပဲ့ညှာမှု၊ စာနာ ထောက်ထားမှုတို့နှင့် တွဲလျက် ရှိတတ်ပါသည်။ အဲဒီသဘောတရားများကို ဖည်းကန်းခသပ်မှုနှင့် အနားကွပ်ပေး လိုက်သည့်အခါ နှစ်သက်ကြည်နူးစရာ လှုမ့ဆက်ဆံရေးကလေးတွေ ဖြစ်ပေါ်လာပါသည်။ ဒီအခါမှာ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သည့် လူ့အသိုင်းအဝန်း လူ့အဆောက်အအုံ ကလေးများ ပေါ်ပေါက် လာပါတော့သည်။ ဒီလို အသိုင်း အဝန်း အဆောက် အအုံကလေးများမှာ ကမ္ဘာပေါ်တွင် ကြီးကြီး ကျယ်ကျယ် များများစားစား ရှိဘို့ မလွယ်လှသော်လဲ ရှိတဲ့ နေရာမှာတော့ ရှိသလောက် ရှိနေကြပါသည်။

တနေ့တွင် ဆွစ်ဒကာများက ရောက်သင့်သည့် နေရာများကို ကားဖြင့် လိုက်ပို့ပေးခဲ့ကြတဲ့အခါ ကားလမ်းတနေရာမှာ ကားလမ်းဘေးမှ အသက် ၆၀-အရွယ် အဖွားကြီး တယောက်က ခွေးကလေးတကောင်ကို ကြိုးနှင့် လက်ကဆွဲပြီး လမ်းကူးမျဉ်းကြားကိုဖြတ်ရန် ရပ်လိုက်ပါသည်။ ဒီအခါမှာ ကားမောင်းသူ ဆွစ်ဒကာကြီးက အဖွားကြီး ဖြတ်ကူးနိုင်အောင် မျဉ်းကြားနဲ့ ၁၀-ပေခန့်အကွာမှာ ကားကို ရပ်ပေးလိုက်ပါသည်။

သို့သော်လဲ အဖွားကြီးမှာ လမ်းကိုမကူးပဲ ရပ်မြဲရပ်ကာ ကားကိုသာ ဆက်မောင်းဖို့ လက်ပြနေပါသည်။ ကားမောင်း သူကလဲ ဆက်မမောင်းပဲ အဖွားကြီး လမ်းကူးဖို့ကိုသာ လက် ပြနေပါသည်။ ဒီလိုနှင့် မည်သူမျှ ခနရာမှ မရွှေ့ကြပဲ တဦးကို တဦး လက်ပြမြဲသာ ပြနေကြပါသည်။

ကားမောင်းသူမှာ အဖွားကြီးက သွားခွင့် ပေးပါလျက် ယာဉ်စည်းကမ်းကို ဦးစားပေးနေတဲ့အတွက် ကားကိုမမောင်းပဲ ၄ ဦးမြောက်နှင့် ယဉ်ကျေးမှုသရုပ်ကို ဖော်ထုတ် နေပါသည်။ အဖွားကြီးကလဲ မျဉ်းကြားပေါ်က ဖြတ်ကူးခွင့် ရှိပါလျက် အခွင့် အရေးယူပြီး အလျင်စလို ဖြတ်မကူးပဲ ငဲ့ညှာမှုနှင့် ယဉ်ကျေးမှုသဘာဝကို အလုပ်ဖြင့် ပြနေပါသည်။

လူသား အချင်းချင်း ငဲ့ညှာမှု၊ စာနာ ထောက်ထားမှု၊ ယဉ်ကျေးမှုတို့ကို စည်းကမ်းလိုက်နာမှုနှင့် ယှဉ်စပ် ရောယှက် လိုက်တဲ့အခါ စိတ်ချမ်းသာစရာ စိတ်ကြည်နူးစရာ ဖြစ်လာပါ တော့သည်။

ကားမောင်းသူကလဲ အဖွားကြီးကို လက်ပြ၊အဖွားကြီးကလဲ ကားမောင်းသူကို လက်ပြန့်ငှ် ၃-မိနစ်လောက်တော့ ကြာသွားသည်ဟု ထင်ပါသည်။ အခုိုန်ဘာမျှ မကြာလှသော်လဲ ကြည်နူးစရာ ဒီအတွေ့အကြုံကလေးကို သတိရတိုင်း ကြည်နူးမဆုံး ဖြစ်နေပါတော့သည်။ ဘဝတကွေ့မှာ မေ့မရတဲ့အတွေ့အကြုံ တခုပင်။

နောက်ဆုံးတွင် အဖွားကြီးမှာ "ကားမောင်းသူဟာ ယာဉ်စည်းကမ်းကို လိုက်နာဖို့ တာဝန်ရှိနေပါကလား" လို့ စဉ်းစားမိသွားဟန် တူပါသည်။ ကြိုးကို ဖြတ်ကနဲ လှုပ်ပေးလိုက်ပြီး ခေါင်းကလေးကို ရှေ့မှသွားစေကာ ပြုံးပြုံးပြုံးပြုံးနှင့် အေးဆေးစွာ လမ်းကိုဖြတ်ကူးသွားပါတော့သည်။ ဒီတော့မှ ကားဒရိုင်ဘာလဲ ကားကို ဖြေးဖြေးလှုပ်မ်ောကာ ပြုံးပြုံးပြုံးပြုံးနှင့် မောင်းပါလေတော့သည်။ကားပေါ်မှာ ပါသူအားလုံးလဲ ပြုံးလျက်၊ ကြည်နူးစရာ မြင်ကွင်းကလေးကို မြင်လိုက်ရသူ အားလုံးလဲ ပြုံးလျက်ပင် ကားကြီးရော ပတ်ဝန်းကျင် တခုလုံးပါ ထိုအချိန်ကလေးမှာ ပြုံးပန်းတွေ ဝေလျက်ရှိကြမည် ထင်ပါသည်။

နယုန်လပြည့်နေ့ကျော် ၂-ရက် (၁၁-၆-၇၉) နေ့မှာတော့ ဗုဒ္ဓဘာသာအသင်းရဲ့ ဥက္ကဋ္ဌ မစ္စတာ အုန်ကင် သားအဖက ဆရာတော်ဘုရားကြီးနှင့်အဖွဲ့ကို 'သန္တိ' (Santis) ရေခဲတောင်ထိပ်သို့ ပင့်သွားပါသည်။ တောင်ခြေကို ကားနှင့်တနာရီခန့်

သွားပြီးမှ တောင်ထိပ်သို့ ကြိုးရထားနှင့် တက်ရ၊ ဂါသည်။ တောင်တက်ချိန် ဂ-မိနစ်ခန့် ကြာပါသည်။

တောင်ထိပ်တွင် ကြိုးရထားဘူတာရုံ၊ နားနေစခန်း၊ စား သောက်ဆိုင်စသည် အပြည့်အစုံရှိပါသည်၊ တောင်ကမ်းပါးယံ မှာရော တောင်ထိပ်မှာပါ ရေခဲပြင်ကြီးများ ဖုံးလွှမ်းနေပါ သည်။ ရေခဲများမှာ မာချောမနေပဲ ရေမြုပ်ခဲလို ပွပွရွရွ မွှေနေ ပါသည်။ လက်နှင့် ကုံးယူလို့ ရပါသည်။ ရေခဲပြင်ပေါ်ကို လျှောက်ကြည့်တဲ့အခါ ဘိနပ်မြုပ်ရုံလောက်သာ အိုဝင်သွား ပြီး မာနေပါသည်။ လျှောက်လို့ ကောင်းပါသည်။

ဆွစ်အခေါ် (Santis)၊ သက္ကတ အသံထွက် "ဆန္ဒိ"၊ မြန်မာအသံထွက် "သန္တိ" ဟာ "ချမ်းမြေ့ငွေတောင်" ပါပဲ။ ဒီတောင်ဟာ အဲလ်ပ်စ်တောင်တန်းများရဲ့အစလို့ ဆိုပါ သည်။ ဒီတောင်ထိပ်မှာရော သူနဲ့ မလှမ်းမကမ်းရှိ တောင်တန်း တွေမှာပါ နှင်းခဲပြင်များ ဖုံးလွှမ်းနေရာ ငွေတောင်တန်းများ သဖွယ် ဖြစ်နေပါသည်။

အဖိုးကြီး မစ္စတာ အုန်ကင်က မြင့်မားလှတဲ့ သန္တိတောင် ထိပ်ပေါ်မှ ငြိမ်သက် နက်ရှိုင်းတဲ့ ပတ်ဝန်းကျင်ကို လက်ညှိုး ညွှန်ကာ ဆွစ်ဇာလန်ပြည်ရဲ့ ပထဝီအနေအထားကို ပြောပြပါ သည်။ "ဟောဒီ အရှေ့ဘက်က သြစတြီးယား၊ ဟောဒီ မြောက်ဘက်က ဂျာမနီ၊ ဒီ အနောက်မြောက်ဘက်၊ အနောက် ဘက်၊အနောက်တောင်ဘက်ကတော့ ပြင်သစ်၊ဟောဒီ တောင် ဘက်မှာတော့ အီတလီနိုင်ငံ ရှိပါတယ်"။ သူ့လက်ညှိုး ညွှန်

ရာ လိုက်ကြည့်မိတော့ တကယ်ပဲ သူပြောပြတဲ့ နိုင်ငံတွေကို မြင်နေရသလို ခံစားရပါသည်။

ဆွစ်ဇာလန်ဟာ အဲဒီလို နိုင်ငံကြီးတွေ ပတ်လည်ဝိုင်းနေတော့ ဆွစ်ဇာဘာသာစကားရယ်လို့ သီးခြားမရှိတော့ပါ။ နိုးစပ်ရာ နိုင်ငံက ဘာသာစကားကိုပဲ ကိုယ့်ဘာသာ စကားလုပ်ပြီး ပြောဆို သုံးစွဲနေကြတော့ ပြင်သစ်၊ ဂျာမန်၊ အီတလီ ဘာသာစကား သုံးမျိုးကို ဒေသအလိုက် ပြောဆို သုံးစွဲကြရုံကြောင်း သိရပါသည်။

ဒီကနေ့ (၁၂၊၆၊၇၉) နံနက်တော့ ဒစ်ကင်ရွာမှ ဇူးရင်မြို့တော်သို့ ကားနှင့်လာခဲ့ကြရပြီး ဇူးရစ်ဘတ် ဟော်တယ်မှာ တည်းကြရပါသည်။ နေ့လယ်မှာ ဇူးရစ်ကို လှည့်လည် ပြသပါသည်။ တခြားမြို့များလောက် သန့်ရှင်းသပ်ရပ်မှု မရှိဟု ထင်ပါသည်။ စိတ်ဝင်စားစရာ သိပ်မတွေ့ပါ။ ဒေါက်တာဖရိုးဇာက ဆွစ်ဇာလန်ရဲ့ အမှတ်တရ လက်ဆောင်အဖြစ် ၂၄-မျိုး အသုံးချနိုင်တဲ့ မြန်မာငွေ (ကျပ် ၂၅၀) ခန့်တန် မောင်းချခားတလက် လှူပါသည်။ ဒီည ဇူးရစ်တက္ကသိုလ်မှာ တရားဟောကြရပါမည်။ ဒီဟော်တယ်မှာလဲ နိသင် မုတင်နှင့် ကြုံရ ဆုံရပြန်ပါသည်။

နက်ဖြန် နံနက်စောစော လေယာဉ်ဖြင့် အီတလီသို့ ခရီးဆက်ကြပါမည်[illegible]။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

ဆရာတော် ဦးကုသလဘုရား

ရိုးသေ လေးစားစွာ လျှောက်ထားပါသည်။ တနေ့က ရောက်လျှင် စာတခါ ရေးမည်ဟု စိတ်ကူးထားသည့်အတိုင်း ယခု ရောမမြို့မှ စာရေးပါသည်။ သို့သော်လဲ အီတလီပြည်မှာ စာတိုက်ဌာနည်၍ လန်ဒန်ကမှပေ သည်စာကို ထည့်ရပါမည်။ စာတစောင်ကို ထည့်လျှင် ဖြစ်စေ၊ ရလျှင်ဖြစ်စေ ၂-လ ၃-လ ကြာတတ်သည်ဟု သံရုံးအရာရှိများ ပြောကြပါသည်ဘုရား။

ဆွစ်ဇာလန်ပြည် ဇူးရစ်မြို့မှ ၁၁၊ ၆၊ ၇၉ နေ့ နံနက် အီတလီပြည်သို့ လေယာဉ်ဖြင့် ခရီးဆက်ခဲ့ရာ ပျံသန်းချိန် ၁-နာရီ ၁၀-မိနစ်ဖြင့် ရောမမြို့တော်သို့ ရောက်ပါသည်။ သံအမတ်ကြီး ဦးခင်မောင်လေး၊ သံရုံး အတွင်းဝန်နှင့် တရားစခန်း တာဝန်ခံ တက္ကသိုလ်ကထိက ဆရာမော်ရိုး အစရှိတဲ့ အီတလီအမျိုးသားများ လာရောက်ကြိုဆိုနေကြပါသည်။

မြို့နှင့် မိုင် ၆၀-ခန့်ဝေးသော ဂျော်ဗေးမြို့ (Geove) အနီး တောင်ပေါ်မှ ရွေးခရစ်ယန် ဘုန်းကြီးကျောင်း တခု တွင် ဖွင့်လှစ်ထားသော တရားစခန်းသို့ ရောက်ပြီး အဲဒီမှာ ၃-ရက် တရားဟော တရားပြရပါသည်။ ယောဂီ ၂၀-ခန့် ရှိပါသည်။ အီတလီလူမျိုး များပါသည်။

ဆရာတော်ဘုရားကြီး ညစဉ် စာအုပ်ဖတ် တရားချီးမြှင့်ပါသည်။ တပည့်တော် နံနက် ၇-နာရီခွဲမှာ နေ့စဉ် တရားဟော၊ ဘုရားစစ် ပြုလုပ်ပါသည်။ ယောဂီများ အားထုတ်စပင် ဖြစ်သော်လဲ စကြန် အချိုးတကျ လျှောက်ဘတ်ကြသဖြင့် အားရကျေနပ်ရပါသည်။ ဆရာတော်ဘုရားကြီး၏ ဘုန်းရှိန် ကံရှိန်ဖြင့် ဗက်တီကန်၏ထိပ်ပန်း ပုပ်ရဟန်းမင်းကြီးတို့၏ အိတလီမှာ ဒိပဿနာမျိုးစေ့ စိုက်ပျိုးမိပြီဟု ယူဆရပါသည်ဘုရား။

ယနေ့ ၁၅-ရက်နေ့ နေ့ဆွမ်း စားအပြီးမှာ ရောမမြို့ကို သာခဲ့ပြီး သံအမတ်ကြီး ဦးခင်မောင်လေး၏ ပင့်လျှောက်ချက်အရ သံရုံးမှာ ခေတ္တဝင် အပန်းဖြေပြီးနောက် ရောမမြို့ကို သွားသည်လည် ပြသပါသည်။ သံအမတ်ကြီးမှာ ရတနာ သုံးပါး အလွန် ကြည်ညိုကိုင်းရှိုင်းသူဖြစ်၍ အလုပ်များသည့်ကြားမှ ပင် အထူးတလည် ပြုစုပါသည်။ ရောမမှ မိုင် ၆၀-ခန့်ဝေးတဲ့ တရားစခန်းကို လာပြီး ဆွမ်းတနပ်လဲ ကပ်မိအောင် ကပ်လိုက်ပါသေးသည်။ အမှန်တော့ တပည့်တော်ဘို့ ၁၄-ရက် နေ့မှာပင် ဒကာတယောက် လိုက်ပို့၍ ရောမမြို့ကို ရောက်ပြီး ကြည့်သင့်သလောက် ကြည့်ပြီးပါပြီ။

ဥရောပ အလယ်ခေတ်၏ နာမည်ကျော် ဗီသုကာနှင့် ပန်းချီပန်းပု လက်ရာများကို တအံ့တသြ တွေ့ရသည့် စိန့်ပီတာ ဘုရားဝတ်ကျောင်းကြီး၊ အမ်ဖီသီယေတာ (Amphitheater) ဘာတ်ပွဲရုံကြီး စသည်များကို လေ့လာကြည့်ရှု ကြရပါသည်။

ညနေ ၅-နာရီတွင် အီစာလီမြန်မာ ယဉ်ကျေးမှုအသင်း၏ စီစဉ်ပင့်ဖိတ်ချက်အရ ပြုလုပ်သော တရားပွဲသို့ သွားရပါသည်။ တရားမဟာမိ အသင်း၏ဥက္ကဋ္ဌ ပါမောက္ခ ကွန်ပညာက မြန်မာပြည်နှင့် ထေရဝါဒ ဗုဒ္ဓဘာသာအကြောင်းကို ဆွလိုက် ရုပ်ပုံများ ပြသ ဟောပြောပါသည်။ ရွှေတိဂုံ ဘုရားအကြောင်း ပုံတွေချည်း ဖြစ်ပါသည်။ အားရပါးရ စိတ်ပါ လက်ပါ ဟောပြောသဖြင့် ဝမ်းသာရပါသည်။

မိနစ် ၃၀-ခန့် ကြာပြီးနောက် ဆရာတော်ကြီး စာအုပ် ဖတ်၍ တရားအစပိုင်းမှ ချိုးမြင့်ပါသည်။ ပြီးလျှင် တပည့်တော်ကို ဆက်လက်ဖတ်စေ၍ အဟောခိုင်းပါသည်။ ပရိသတ် ၃၀-ခန့်မှ ရှိ၍ မြန်မာ ၁၅-ယောက်ခန့် ပါဝင်ပါသည်။ ပရိသတ် စိတ်မဝင်စား၍ မငြိမ်ပါ။ အီတလီ ဘာသာပြန်သူ၏ ချွတ်ယွင်း ချက်လည်း ပါကြောင်း နောက်မှ သိရပါသည်။

ဆွစ်ဇာလန်ပြည် ဇူးရစ်မြို့ တက္ကသိုလ်မှာ ဟောခဲ့ရတဲ့ တရားပွဲဟာဖြင့် အကောင်းဆုံးဟု ယူဆကြပါသည်။ အဲဒီ ဇူးရစ် တက္ကသိုလ်တရားပွဲမှာ ပရိသတ် ၁၅၀-ကျော် ရှိပြီး အလွန် ငြိမ်သက်စွာ စိတ်ဝင်တစား နားစိုက်ထောင်ကြပါသည်။ တရားပွဲ မတိုင်မီ ၂-ရက်လောက်ကပင် စိတ် ခဲ့ကု ပညာရှင် ဒေါက်တာ မိရ်ကိုဖရိုးဗားက ယခုဟောရမည့် တရားပွဲတွင် တရားနာပရိသတ် အများစုမှာ ဗုဒ္ဓဘာသာဝင်များ မဟုတ်သော်လည်း စာတွေ့ ဗုဒ္ဓဘာသာ ဗဟုသုတ ရှိထားသူ အများအပြားပါဝင်ကြောင်း၊ ပညာတတ်များဖြစ်၍ မာနလည်းရှိကြ

ကြောင်း၊ ထို့ကြောင့် သူတို့ နားလည်အောင် ရှင်းရှင်း လင်းလင်း ဟောဖို့လိုကြောင်း စသည်ကို ကြိုတင် လျှောက် ထားပါသည်။

အဲဒီမှာ ဆရာတော်ကြီးက အစလောက်ပဲ မြန်မာလို ဟောပြီး တပည့်တော်က အင်္ဂလိပ်လို ဘာသာပြန်ပါသည်။ အင်္ဂလိပ်ဘာသာကို ဒေါက်တာ ဖရိုးဗားက ဂျာမန်လို ဘာသာ ပြန်ပါသည်။ နှစ်ဆင့် ဘာသာပြန်နေရတော့ အချိန်ကြာပါ သည်။ ဒါကြောင့် ဆရာတော်ဘုရားကြီးက ၁၅-မိနစ်လောက် ဟောပြီးတော့ တပည့်တော်ချည်းပဲ အင်္ဂလိပ်လို တောက် လျှောက် ပြီးဆုံးသည်အထိ ဟောစေပါသည်။ ဒေါက်တာ ဖရိုးဗားက ဂျာမန်လို ဘာသာပြန်ပါသည်။ပရိသတ်က အလွန် ငြိမ်သက်စွာ စူးစူးစိုက်စိုက် နာယူကြပါသည်။ တရားပွဲအပြီး မှာ မေးခွန်း ၃-ခုသာ မေးကြပါသည်။

တရားပွဲပြီးလို့ ပြန်ကြတဲ့အခါ ဘာသာပြန်သူ ဒေါက်တာ က အလွန်အောင်မြင်တဲ့ တရားပွဲဖြစ်ကြောင်း၊ တက္ကသိုလ် တခုမှာ ယခုလို အောင်မြင်တဲ့ တရားပွဲဖြစ်ဖို့ မလွယ်ကူ ကြောင်း စသည်ဖြင့် ဝမ်းမြောက်ဝမ်းသာ လျှောက်ပါသည်။

တပည့်တော်ကို နောက်မျှား အင်္ဂလန်ကုန်ကြွလျှင် သိလို ကြောင်း၊ ဆွစ်ဇာလန်ကိုပါ ပင့်လိုကြောင်း၊ အနည်းဆုံး ၇-ရက်ပဲဖြစ်ဖြစ် တရားပြ ပေးစေလိုကြောင်း၊ ဘယ်တော လောက် နောက်တခေါက် ရောက်နိုင်မည် ဆိုသည်ကို သိလို

ကြောင်း လျှောက်ထားပါသည်။ နယူးယောက်နှင့် အင်္ဂလန်က လာမည့်နှစ်မှာ ပင့်ဖို့ စီစဉ်နေကြောင်း၊ လာဖြစ် မလာဖြစ် မပြောနိုင်သေးကြောင်း၊ အင်္ဂလန်က ပုဂ္ဂိုလ်များနှင့် ဆက် သွယ်လျှင် သိနိုင်ကြောင်း ပြောပြရပါသည်။

ယခု ရောမမြို့ မြို့လယ်မှ မွန်တီကာလို ဟော်တယ်မှာ စေတနာကောင်းလှသော ဒေါက်တာဦးရေဝတမမှ၏ စီစဉ် ချက်အရ တည်းခို ကြရပါသည်။ ၃-ပါးခန်း ၂-ခန်းကို အီတလီသုံး လိုင်ရာ ဒင်္ဂါး ၊ခြောက်သောင်း ငါးထောင် (၆၅၀၀၀)တည် တည်းခိုခ ကုန်ကျပါသည်။ လော့စ်အိန်ဂျလိ မြို့မှ တရားအားထုတ်ဖို့ လိုက်လာတဲ့ မြန်မာဒကာ ဦးစိန်က လှူဒါန်းပါသည်။

အတုယူစရာ သဘောကျစရာတခုမှာ မီးရထားနှင့်ဖြစ်ပေ၊ မော်တော်ကားနှင့်ဖြစ်စေ ဥရောပတခွင် ခရီးနှင်သည့်ဒေးခါ လမ်းခရီးတလျှောက်မှာ သန့်စင်ကြည်လင်သော ရေကို အယူး ပြုလုပ်ထားသည့် လှပသော ပုလင်းကြီးများနှင့် ရောင်းချ သဖြင့် ဝယ်ယူသောက်သုံးဖို့ရာ လွယ်လည်းလွယ်ကူ ကျန်းမာ ရေးနှင့်လည်း ညီညွတ်လှပါသည်။ အီတလီမှာ သောက်ရေ တပုလင်း လိုင်ရာ ၃၃၀၊ အဖျော်ရည် တပုလင်း လိုင်ရာ ၄၄၀-ပေးရပါသည်။ မြန်မာ ၁-ကျပ်သည် အီတလီ ၁၃၅ လိုင်ရာခန့် ရှိပါလိမ့်မည် ဘုရား။

နှက်ဖြန် နံနက် ၇-နာရီ လေယာဉ်ဖြင့် လန်ဒန် သို့ ထွက်ခွာ ပြန်ရပါဦးမည်။ နေ့ဆွမ်းမှ် ရောက်ပါမည်ဘုရား။ သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

ပြည်ဝန်ဘဏ်တော်ဝင်ကြီးမှူး ဦးသိန်းမောင်နှင့် ဒေါ်ခင်ခင်ဝင်းတို့ ပူးတွဲ
ဦးဆောင်ကာ ဘုရားပွဲတော်ကို ကြိုဆိုနေကြစဉ်

ဆရာတော် ဦးကုသလ ဘုရား

ချိုသေစွာ မေတ္တာခရီးထား စာရေးသားပါသည်။ စာ မရေး ဖြစ်တာ ကြာသွား၍ စာရေးရတာ လက်နှေးနေပါသည်။ ဇာပည်တော်များ အိတလီပြည် ရောမမြို့မှ လန်ဒန်မြို့ သို့ ၁၆၊၆၊၇၉ နေ့မှာ ပြန်ရောက်ပါသည်။

ရောမမှ လေယာဉ်ဖြင့် လာခဲ့ရာ အွစ်ဇာလန်ပြည်ပေါ်သို့ ရောက်တော့ နှင်းခဲဖုံးတဲ့ အဲလ်ပ်စ် (Alps) တောင်တန်းများ ပေါ် ဖြတ်ပြီး ပျံသန်းရတဲ့အခါမှာ ခင်ဗျားတောင်ထွတ်များကို နီးနီးကပ်ကပ် မကဲဒိတဆုံး တမျှော်တခေါ်ပြီး တွေ့မြင်ရပါသည်။ ကျမ်းပါနံများထဲမှာပါတဲ့ ဘိမဝန္တာမှ ငွေတောင်များကို သတိရပြီး ဖလ်ဂုမှာအောင်းနေတဲ့ မြေခွေးကုံလဲ မြင်ယောင်လာပါသည်။

ဆယ့်ငါးမိနစ်ခန့် ငွေတောင်ထွတ်များပေါ် ပျံသန်းရတာမို့ အပေါ်စီးကနေပြီး ကြည့်မြင်နေရတဲ့ ရှုခင်းဟာ ဆွတ်ဆွတ်ဖြူနေတဲ့ ရေခဲပြင် ပြန့်ပြန့်ကြီးကို မျက်စိတဆုံး မည်မှ မည်မျှ ဖြန့်ခင်းထားသလိုမို့ ရင်သပ်ရှုမော အံ့သြ ကြည်နူးဘွယ်အတိ ပြည့်နေပါသည်။

ရှေ့ထိုင်ခုံမှ မိန်းကလေးကတော့ ရှုမငြီးတဲ့ မြင်ကွင်းကို မှန်ပြတင်းကနေပြီး ဓာတ်ပုံတဖြတ်ဖြတ် ရိုက်ကာ မှတ်တမ်းတင်နေပါသည်။တပည့်တော်ကတော့ ကြည်လင်တဲ့ စိတ်ဖလင်မှာပဲ မှတ်တမ်း တင် ရပါသည်။ ဆွစ်ဇာလန်ပြည် အရှေ့ပိုင်းမှာ ရှိစဉ်က နှင်းခဲဖုံးတဲ့"သန္တိ" လို့ခေါ်တဲ့ "ချမ်းမြေ့ငွေတောင်" ပေါ်ကို ကြိုးရထား စီးပြီး တက်ခဲ့ရစဉ်ကထက် ပိုပြီး သဲလွှိုက် ရင်ဖို ကြည်နူးမှု ပိုရပါသည်ဘုရား။

လန်ဒန်ပြန်ရောက်တော့ ဗုဒ္ဓပဒီပ ယိုးဒယားကျောင်းမှာ ရက်တပတ်နေပြီး ဆရာတော်ဘုရားကြီးက ညစဉ် တရားချီးမြှင့်ပါသည်။ တရားပွဲအပြီးတွင် ပရိသတ်ကို တရားထိုင်စေပါသည်။ တပည့်တော်ကတော့ နှစ်ကြိမ်ပဲ တရား တိုတိုကျဉ်းကျဉ်း ဟောကြားရပါသည်။ မြန်မာအမျိုးသားသုံးယောက်ကို ဒုလ္လဘရဟန်း ပြုပေးကြရပါသည်။ အဲဒီ ဒုလ္လဘရဟန်း သုံးပါးကို နံနက်တိုင်း တရားပြ တရားစစ်ရပါသည်။ အလုပ်မအားကြ၍ နေ့အခါမှာ တရားအားထုတ်သူ ၃-၄ ယောက်သာ ရှိပါသည်။ ညအခါမှာသာ တရားနာ တရားဆိုင် လာနိုင်ကြပါသည်။

ဒါကြောင့် အားလပ်တဲ့ အချိန်များမှာ ဒကာများက ရောက်သင့်သည့် နေရာများကို လိုက်ပို့ကြပါသည်။ မဒမ်တူးဆော့၏ အာကာသ ပြခန်း (**Planetorium**)၊ ဖယောင်းပြတိုက်၊ ဗြိတိသျှပြတိုက်၊ အဲလ်ဗတ်ပြတိုက် စသည်ကို ရောက်ခဲ့ကြပါသည်။

အာကာသ ပြခန်းတွင် နေ၊ ဓမ္မာ၊ နက္ခတ်၊ တာရာတွေ့ စတင် ဖြစ်ပေါ်လာပုံနှင့် လှည့်လည် ယွားလာပုံကို ရုပ်ရှင်ကားဖြင့် ပြသယင်း သက်ဆိုင်ရာ အကြောင်းရပ်နှင့် ပတ်သက်၍ ရှင်းပြသည်ကို နားထောင်ရပါသည်။

နက္ခတ်၊ တာရာ ဘွေနှင့် ပတ်သက်၍ အနောက်ဘိုင်း၏ အစဲ့ အလမ်းများကို ရှင်းပြရာတွင် ရှေးက အမျိုးသမီးများ လရောင်တွင် နေလျှင် ကိုယ်ဝန်ရဘတ်သည်ဟု ယူဆစဲ့သမ်းကြကြောင်း၊ ဒါကြောင့် အပျိုစင် အမျိုးသမီးများ လရောင်သို့ မထွက်ဝံ့ကြကြောင်း ဟာသ ဆန်ဆန် ပြောပြသွားရာ ပြုံးလိုက်မိပါသည်။ ပြခန်းအတွင်းရှိ ပရိသတ်များကတော့ မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်ချလိုက်ကြပါသည်။

ဗြိတိသျှ ပြတိုက်တွင် ခရစ်မပေါ်မီ နှစ်ပေါင်း ၁၅၀၀ လောက်က ဆေးစိမ်ထားသည့် လူသေအလောင်း (Mummy) များ၊ ရောမခေတ်က အလောင်းများ၊ အိုဂျစ်ဘို့ ကောင်းစား စဉ်က အလောင်းများကို လေ့လာ ကြည့်ရှုရပါသည်။ ဆွစ်ဇာလန် တုန်းကလဲ ခရစ်မပေါ်မီ နှစ်ပေါင်း ၇၀၁ (ဘုရား မပွင့်မီ နှစ် ၁၀၀) လောက်က ဆေးစိမ် အလောင်း တခု (အီဂျစ်မှယူ၍) ပြသထားသည်ကို ကြည့်ခဲ့ရပါသည်။

ရှေးလူတို့၏ သိပ္ပံပညာမှာ အံ့သြဘွယ်ရှိလှပါသည်။ ဆံပင်များ၊ သွားများ ပကတိအတိုင်းရှိနေပါသည်။ အသားမှာတော့ ညိုညစ်ညစ် ဖြစ်နေပါသည်။ အဲလ်ဗတ် ပြတိုက်တွင် စက်မှု

တိုးတက်ပုံကို အစမှ ယခုခေတ်အထိ အဆင့်ဆင့် ပြောင်းလဲ တိုးတက်လာပုံ ပြထားရာ ကျောင်းသားသူငယ်များ၊ လေ့လာ လိုသူများအတွက် အကျိုးများလှမည်ဟု ထင်ပါသည်။

ဘာကင်ဟမ် နန်းတော်၊ စိန့်ဂျိမ်း နန်းတော်၊ အဆိုး နာမည်ကျော် လန်ဒန် ရဲတိုက်၊ ဟိုက်ပတ်ဥယျာဉ်၊ ဘစ်ဘင်း နာရီကြီး၊ ထရာဖာလဂါး စကွဲယား စသော နေရာများကိုလဲ ရောက်ခဲ့ရပါသည်။ ဖြတိသျှ လက်အောက်ခံ နိုင်ငံသားတဦး ဖြစ်ခဲ့ရသည့် အလျောက် အကြိမ်ကြိမ် ဖတ်ခဲ့ကြားခဲ့ရသဖြင့် ဤနေရာများကို ရှေးယင်စဉ်ကစာဉ်းက စပြီး အထင်ကြီးခဲ့၊ စိတ်ဝင်စားခဲ့သော်လဲ ယခု ကိုယ်တိုင် ရောက်ရ၊ တွေ့ရ၊ မြင်ရ တဲ့အခါ စိတ်မဝင်စားတော့ပါ။ အထင်လဲ မကြီးတော့ပါ။ အထင်ကြီးလောက်အောင်လဲ ထယ်ဝါခမ်းနားလှသည် မဟုတ်ပါ။ ဒါကြောင့် မရောက်ဖူး၊ မတွေ့ဘူးသည့် နေရာဒေသကို ရောက်ရ တွေ့ရရုံ သာမန်သဘောမျှသာ ရှိပါသည်။

သို့သော်လဲ ပြတိုက်များကို ရောက်ခဲ့ရတာကတော့ အကျိုး ရှိတန်သလောက် ရှိပါသည်။ ဥပမာ ပြရသော် ပြတိုက်များတွင် ရှေးက ဆေးဝိမ်အလောင်းများကို ကြည့်ရှုခဲ့ရာမှ သတိပြုစရာ အချက်တခုကို တွေ့ရပါသည်။ ရှေးခေတ် အီဂျစ်တို့၏ အရပ် အမောင်းသည် ယခုခေတ် အရပ်အမောင်း ကောင်းသော အရွှေ့တိုင်းသားတို့၏ အရပ်အမောင်းထက် မပိုပါ။ ရောမ လူမျိုးတို့မှာ အရပ်အမောင်း ကောင်းကြပါသည်။ သို့သော် သူတို့လဲ ယခုခေတ် အရပ်အမောင်းကောင်းသော အနောက်

တိုင်းသားတို့လောက်ပင် ရှိပါသည်။ ရှေး ဘီစီ ၁၅၀၀ မတိုင်မီက ယဉ်ကျေးမှု ထိပ်တန်းရောက်ခဲ့သော အိန္ဒိယပြည် ဂင်္ဂါမြစ်ဝှမ်းဒေသ မိုဟင်ဂျိုဒရိုနှင့် ပန်ဂျပ်ဒေသ ဟာရပ္ပာတို့တွင် တွေ့ရသော လူရိုးစုများကို ကြည့်ပြန်လျှင်လဲ ထိုခေတ် ရှေးလူများသည် ယခုခေတ် လူများထက် အလွန်ကြီး အရပ်မြင့်ပုံ မပေါ်ပါ။ ဗုဒ္ဓမြတ်စွာ၏အရပ်တော် ၁၈-တောင်ဟု ယူဆသူများ ဤအချက်များကိုပါ ထည့်သွင်း စဉ်းစားလျှင် အမှန်နှင့် နီးစပ်နိုင်ကြောင်း သတိပြုစရာ ဖြစ်ပါသည်။

စာတော့ အတော်ရှည်သွားပါပြီ၊ သို့သော်လဲ အချိန်ရနေသေး၍ အနည်းငယ် ဆက်ပါဦးမည်။ ဂျန် ၂၁-ရက်နေ့တွင် အင်္ဂလန်ပြည်မနှင့် အတန်ကွာသော (ဝိုက်ကျွန်း) ဗုဒ္ဓဘာသာအဖွဲ့မှ ပင့်၍ ဆရာတော်ဘုရားကြီးအဖွဲ့ သွားရောက်ရပါသည်။ အင်္ဂလန်၏ တောင်ဘက်စွန်း ဆောက်သင်ပတန်မြို့ဆိပ်ကမ်းမှ ဟိုးဗားကရပ်ယာဉ်နှင့် ခပ်ဆင်ဆင်တူတဲ့ ဟိုက်ဒရိုဖွိုင်း ခေါ်တဲ့ ရေယာဉ်တမျိုးဖြင့် ဝိုက်ကျွန်းကို ကူးရပါသည်။ ကူးချိန် မိနစ် ၄၀-ခန့် ရှိမည်ထင်ပါသည်။

ဝိုက်ကျွန်းလဲ အတော်သာယာပါသည်။ အင်္ဂလိပ်ဘုန်းကြီးကဒလေးတပါး၏ ကျောင်းတွင် တနေ့နှင့်တည် သီတင်းသုံး၍ အင်္ဂလိပ်ဒကာ ဒကာမများကို ဆရာတော်ကြီး သြဝါဒပေးပါသည်။ တပည့်တော် ဘာသာပြန်ပါသည်။

ည ၇-နာရီတွင် စိန့်ဂျိမ်း ဘုရားရှိခိုး ကျောင်း၌ ဆရာတော်ဘုရားကြီး တရား ချီးမြှင့်ပါသည်။ တပည့်တော်

ဘာသာပြန်ပါသည်။ မိုက်ကရိုဖုန်း ကောင်းသဖြင့် အသံကို အားပြုမခံပြောရပဲ ပြောနေက သံမှန်အတိုင်း ပြောရသဖြင့် ဘာသာပြန်လို့ အလွန်ကောင်းပါသည်။ 'နူတ်တွေ့'ပါသည်။ ပြောရတာ အရသာရှိသလို ဖြစ်ပါသည်။ တရားပွဲပြီးတဲ့အခါ ဒေါက်တာ ဦးရေဝတမမွက ဒီမနဲ့ အင်္ဂလိပ် ဘာသာပြန်တာ အကောင်းဆုံးဘဲလို့ ပြောပါသည်။

ဂျွန် ၂၂-ရက်နေ့ နံနက် လန်ဒန်မြို့သို့ ပြန်ကြရာ လမ်းဘွင် ဝင်ဆာ ရဲတိုက်နှင့် ဆဖာဧီဘေးမဲ့ဥယျာဉ်ကို ဝင်ကြည့်ခဲ့ရပါသည်။ ကြီးမား ကျယ်ပြန့်လှသော ဥယျာဉ်အတွင်းဠ် သူ့သတာဝအလျောက် လွတ်လပ်စွာ သွားလာ နေထိုင်ကြသော ခြင်္သေ့၊ သစ်၊ ကျား စသည့် တိရစ္ဆာန်များကို ကားတံခါး အလုံပိတ်၍ ကားဖြင့် လှည့်လည် ကြည့်ရှု ရပါသည်။

ဥယျာဉ်အဝင် တံခါးပေါက်၏ အပြင်ဘက်တွင် ဥယျာဉ်အတွင်းဠ် ကားပေါ်မှ မဆင်းရ၊ ကားမှန် ပြတင်းကိုပင် မဖွင့်ရ၊ အန္တရာယ်များသည်၊ တစုံတရာဖြစ်လျှင် တာဝန် မယူနိုင်စသော စည်းကမ်းချက်များကို ရေးထားပါသည်။ စည်းကမ်းချက် မလိုက်နာ၍ ခြင်္သေ့စာ ဖြစ်ရသော အာဇာနည်များလဲ ၄-၅ ယောက်ထက်မနည်း ရှိပြီဟု သိရပါသည်။

ဗုဒ္ဓပဒီပယိုးဒယားကျောင်းဠ် နေကြစဉ်အတွင်း (Surrey) ဆာရေးနှင့် (Kent) ကင့်မြို့နယ်များကိုလဲ သွား၍ တရားဟောကြပါသည်။ စိတ်ဝင်စားသူ များကြပါသည်။ ဆာရေးဠ်

သာသနာ့ရိပ်သာတွင် တရားရက်သတ္တပတ် ၃-ပတ် အားထုတ်သွားပြီး (An Experiment In Mindfulness) စာအုပ်ရေးသားသော အင်္ဂလိပ် ရေတပ်ဗိုလ်ချုပ်ကြီး ရွက်တောက် (၃၅-နှစ်) လဲ လာရောက် နာကြားပါသည်။

တရားပွဲအပြီးတွင် သူ့တရား အတွေ့အကြုံကို ပရိသတ် အား ပြောပြပြီး တရားအားထုတ်ဖို့ တိုက်တွန်းပါသည်။ သူက ယနေ့အထိ နေ့စဉ်အချိန်မှန်မှန် တရားထိုင်ပါသည်ဟု လျှောက်ပါသည်။ ပရိသတ်များ စိတ်ဝင်စားကြပါသည်။ တရားပွဲအပြီးတွင် လက်တွေ့ အားထုတ်မှုနှင့် သက်ဆိုင်သော စိတ်ဝင်စားဖွယ်ရာ မေးခွန်းများကိုလည်း တပည့်တော်တို့ ဖြေပေးကြရပါသည်။

မေးခွန်းတွေကတော့-သမထနှင့် ဝိပဿနာ ဘယ်လို ခြားနားပါသလဲ၊ သမထ အားထုတ်နေတဲ့ပုဂ္ဂိုလ် ဝိပဿနာကို ပြောင်းအားထုတ်လို့ ရပါသလား။ တရားစခန်းကို မသွားနိုင်တဲ့ပုဂ္ဂိုလ်များ အိမ်မှာပဲ အားထုတ်လို့ အကျိုးရှိနိုင်ပါသလား။ ဝိပဿနာရူရာမှာ အာရုံ နှစ်ခု သုံးခု တပြိုင်တည်း ထင်ပေါ်နေယင် ဘယ်လို လုပ်ရပါမည်လဲ။ ဖောင်းမှု ပိန်မှု ရှုနေဆဲမှာ စိတ်တွေ လွင့်နေ ပုံ့နေယင် ဘယ်လို လုပ်ရပါမည်လဲ- စတဲ့ မေးခွန်းတွေပါပဲ။

လန်ဒန်မှာ ဂျန် ၂၃-ရက်ထိနေပြီး အောက်စ်ဖို့မြို့ အုတ်ကင်းဟော့ ကမ္မဋ္ဌာန်း ဌာနသို့ ခရီးဆက်ကြရပါမည်။ ဂျန် ၂၀-ရက်နေ့မှာ ဘီဘီစီ မောင်ချိုပြုံးက သူ့အိမ်မှာ ဆရာ

တော် ဘုရားကြီးနှင့်တကွ သံဃာ ၇-ပါး ဆွမ်းကပ် ပြီးတော့ ဘိဘိစီ အသံလွှင့်ဌာနသို့ တပည့်တော်ကို ပင့်ပြီး ဓမ္မခရီး အကြောင်း မေးဖြေခန်းလုပ်ကာ အသံ သွင်းယူထားပါသည်။ ဂျွန် ၃၀-ရက်မှာ မြန်မာပြည်သို့ အသံလွှင့်ရန်ဟု လျှောက်ပါသည် ဘုရား။

သတ္တဝါ မှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။



လန်ဒန်မြို့ သံအမတ်ကြီး ဦးကြည်မောင်၏ဆွမ်းကပ်ပွဲ၌ဆရာတော်
ဘုရားကြီးတရားချီးမြှင့်တော်မူစဉ်

ဒကာကြီး ဒကာမကြီး မိသားစုသို့

စာရေး သိစေပါသည်။ နောက်ဆုံးစာကို အီဘလီပြည်၊ ရောမမြို့မှ ရေးလိုက်မိသည်ဟု ထင်ပါသည်။ ရောမကနေပြီး ဂျွန် ၁၆-ရက်နေ့မှာ လေယာဉ်နှင့် အင်္ဂလန်သို့ ပြန်ခဲ့ပါသည်။ လမ်းမှာ ဆွစ်ဇာလန် နိုင်ငံပေါ် ကျော်ဖြတ်ရတော့ နှင်းခဲတောင်ကြီးတွေပေါ် ၁၅-မိနစ်ခန့် ပျံသန်းရပါသည်။ မျက်စိဘဆုံးမြင်နေရတဲ့ ငွေတောင် ဖွေးဖွေးကြီးတွေကို ကြည့်ရသည်မှာ ကြည်နူး ပျော်မွေ့ဖွယ် ကောင်းလှပါသည်။ စာလာပေလာ ဟိမဝန္တာ ငွေတောင်များကို သတိရမြင်ယောင်စေပါသည်။ အဲဒီ တောင်တွေကတော့ အိန္ဒိယမှာ ဟိမဝန္တာ နာမည်ကြီးသလို ဥရောပတိုက်မှာ နာမည်ကြီးတဲ့ အဲလ်ပ်စ် (Alps) တောင်တန်းများပါဘဲ။

လန်ဒန်ကို ပြန်ရောက်ပြီး ၂-ရက်နေ၍ တရားဟော တရားပြကြပါသည်။ ရောက်သင့်ရာရာ သွားပါသည်။ ဂျွန် ၂၃-ရက် နေ့နံနက်တွင် သံအမတ်ကြီး ဦးကြည်မောင် ဦးဆောင်တဲ့ မြန်မာအသင်းကြီးက မဟာစည် သာသနာပြုအဖွဲ့အား နေ့ဆွမ်း ဆက်ကပ်ကြပါသည်။ ညနေကျတော့ လန်ဒန်မှ မိုင် ၈၀-လောက်ဝေးတဲ့ နာမည်ကြီး အောက်စ်ဖို့ တက္ကသိုလ်ရှိရာ အောက်စ်ဖို့မြို့ကို ကားနဲ့ ခရီးဆက်ရပါသည်။ အောက်စ်ဖို့မြို့

ဆင်ခြေဖုံးမှာ ဦးမြတ်စောဆိုသူ မြန်မာ ဒကာတယောက်က အခန်းပေါင်း ၄၀-ကျော်ပါဝင်တဲ့ အိမ်ကြီးနဲ့ မြေကော ၃၀ ရှိတဲ့ ခြံကြီးကို ဝယ်ပြီး တရားရိပ်သာ ဖွင့်ထားပါသည်။ အခု သည်စာကို ဒဲဒီအိမ်ကြီးပေါ်မှာ ရေးနေခြင်းပါ။

ဒီမှာရောက်ပြီး နောက်တနေ့ ရဟန်း ၁၃-ပါး၊ ရှင် ၄-ပါးပြုတဲ့ သာသနာ့ပွဲသဘင်ကြီး ကျင်းပပြုလုပ်တာ အလွန်စည်ကားပါသည်။ ပင့်သံဃာတွေကလဲ နိုင်ငံမျိုးစုံက လူမျိုးပေါင်းစုံ ၃၀-ကျော်ပါသည်။ ဦးပဉ္စင်းကပဲ မြန်မာ ရဟန်းလောင်းတွေကို မြန်မာဘာသာနှင့်၊ အင်္ဂလိပ် ရဟန်းလောင်းတွေကို အင်္ဂလိပ်ဘာသာနှင့် ဆုံးမပြီး ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် ရဟန်းခံပေးပါသည်။ ဒီရဟန်းပြုပွဲမှာ ဆွေဒင်ပြည်မှ အမျိုးသားတယောက် မဟာယာနရဟန်းအဖြစ်မှ ထေရဝါဒ ရဟန်းအဖြစ် ပြောင်းလဲခံယူတာ ပါဝင်ပါသည်။

ရဟန်းခံပွဲပြီးတော့ တရားစခန်း ၁၀-ရက်ဖွင့်ရာ ယောဂီ ၆၅-ယောက်မှာ မြန်မာ ၂၀-လောက်နှင့် ကျန်တာကတော့ လူမျိုးပေါင်းစုံပါဘဲ။ ကြိုးကြိုးစားစား အားထုတ်သူ များပြီး ရှင်းရှင်းလင်းလင်း တရားတွေ့သူ နိုင်ငံခြား သား အတော်များများ ရှိပါသည်။ ဒီမှာ ဆရာတော်ဘုရားကြီးက ညစဉ်စာအုပ်ဖတ် တရားဟောပြီး ဦးပဉ္စင်းက နေ့စဉ် ၂-နာရီ၌ တရားဟော၊ တရားပြ၊ တရားစစ်ရပါသည်။

ဆရာတော်ဘုရားကြီး၏ တရားတွေကို နာကြရလို့ စိတ်အား တက်ကြကြောင်း ပြောကြပါသည်။ ဦးပဉ္စင်းဟောတဲ့ တရား တွေကို ယောဂီတွေ နှစ်သက်ကြလို့ "ကောင်းလိုက်တာ၊ ရှင်း လိုက်တာ။ ဒါမျိုး တခါမှ မနာဖူးဘူး၊ အနှစ်ချည်းပဲ" လို့ အချင်းချင်း ပြောကြကြောင်းလဲ ယောဂီများက ပြန်လျှောက် ပြလို့ သိရပါသည်။ ဒါကြောင့် တနေ့မှာ စာရေးဆရာကြီး ရှိတ်စပီးယား၏ မွေးဇာတိ စတက်ဖို့မြို့ကိုသွားလို့ ဟောနေကျ ၂—နာရီ တရားပဲ ပျက်သွားတာတောင်မှ ယောဂီတွေ တဖွဖွ တောင့်တကြလို့ အပြန်မှာ မိုးချုပ်မှ တရားဟောပေးရ ပါ သည်။ ဓမ္မခရီး အတော်လေး ခရီးရောက်ပါသည်။

ဒီနေ့ ဟော်လန်ပြည် ဟိတ်မြို့ကို ညနေ လေယာဉ်နှင့် သွားရပါမည်။ ရက်တပတ်နေပြီး ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဂျာမန် နိုင်ငံ၊ ပြင်သစ်နိုင်ငံ (ဒု-အကြိမ်) များသို့ သွားပြီးလျှင် ဂျူလိုင်.၁၅—ရက်နေ့ည လန်ဒန်ပြန်ရောက် ညအိပ်ပြီး နံနက် ကျတော့ ဂျပန်အဲယားလိုင်း လေယာဉ်နှင့် ယိုးဒယားကို ပြန် ပါမည်။ အဲဒီမှာ ၉--ရက် နေပြီးတော့ ဂျူလိုင် ၂၇ (ဝါခေါင်လဆန်း ၄ ရက်) မှာ ရန်ကုန်ကို ပြန်ရောက်ပါ မည်အကြောင်းပါ။

သတ္တဝါမှန်သမျှ၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

ဆရာတော် ဦးကုသလဘုရား

တပည့်တော်မေတ္တာဖြင့် လေးစားစွာ လျှောက်ထားပါသည်။

ဒီနေ့ အောက်စ်ဖို့ တရားစခန်း သိမ်းပါပြီ။ ဒါကြောင့် အောက်စ်ဖို့မြို့ အုတ်ကင်းဟော့ တရားစခန်းအကြောင်း ဗဟု သုတ အနည်းငယ် ရေးပါမည်။

အုတ်ကင်းဟော့မှာ ဂျွန် ၂၃-ရက်နေ့ ညရောက်ပြီး ၂၄-ရက်နေ့မှာ ရှင် ၄-ပါး၊ ရဟန်း ၁၃-ပါး၊ ရှင်ပြု ရဟန်းခံပွဲ ကျင်းပရာ၊ အတော်ကြီး စည်ကားပြီး ဝမ်းမြောက်ဘွယ် ရှိလှပါသည်။ အုတ်ကင်းဟော့က အိမ်ကြီးပိုင်ရှင် ဒကာများ ဖြစ်ကြတဲ့ ဦးမြင့်စော ဒေါ်စန်းရီ မိသားစုတို့ဟာ သဒ္ဓါတရားထက်သန်သလောက် တတ်လဲ့ တတ်နိုင်ကြတော့ ကြီးကျယ် လှတဲ့ သာသနာ့ပွဲကြီးကို အနောက်တိုင်းမှာ မပြုစဖူး ပြုကြတဲ့အတွက် မတွေ့စဖူး တွေ့ကြရပါသည်။ ရဟန်း ၁၃-ပါးထဲတွင် မြန်မာ ၉-ဦး၊ အင်္ဂလိပ် ၄-ဦး ပါဝင်ပါသည်။ ရှင် ၄-ပါးထဲတွင် မြန်မာ ၃-ဦး၊ ပြင်သစ်မြန်မာ ကပြား ၁-ဦး ပါဝင်ပါသည်။

ရှင်ပြုရဟန်းခံပွဲသို့ ကြွရောက်ချီးမြှောက်ကြတဲ့ သံဃာတော်များကလဲ ၃၀-ကျော်ရှိပါသည်။ မြန်မာ၊ ယိုးဒယား၊ သီဟိုဠ်၊

အမေရိကန်၊ အင်္ဂလိပ်၊ ဒတ်ချ်၊ ဆွီဒစ်ရှ် စုံလှုပါသည်။ ပရိသတ်ကလေ ၂၀၀-ကျော် ဖြစ်ပြီး မြန်မာ သုံးပုံတပုံလောက် ရှိပါသည်။ တပည့်တော်က မြန်မာရဟန်းလောင်းများကို မြန်မာလို ဆုံးမပြီး၊ ကျန် ရဟန်းလောင်းများကို အင်္ဂလိပ်လို ဆုံးမပါသည်။ ပျော်စရာ ကြည်နူးစရာကြီး ဖြစ်ပါသည်။

ရဟန်းခံပွဲကို မျက်နှာဖြူ အများအပြား ကြည့်ရှုကြည်ညိုကြပါသည်။ ရဟန်းခံပွဲ ပြီးသည့်အခါ၊ သီဟိုဠ် ဆရာတော်ကြီး ဒေါက်တာ သဒ္ဓါတိဿက "ဒီလောက်ကြီးကျယ် စည်ကားပြီး ဒီလောက် သံဃာစုံတဲ့ ရဟန်းခံပွဲမျိုး အနောက်တိုင်းမှာ မရှိဘူးသေးပါ" အစချီကာ အနုမောဒနာစကား ပြောကြားပါသည်။ ဆရာတော်ဘုရားကြီးက အနုမောဒနာတရား ဟောကြားပါသည်။ ဆရာတော်ဘုရားကြီး၏ အနုမောဒနာ တရားကို တပည့်တော်က အကျဉ်းချုံးပြီး အင်္ဂလိပ်လို ဘာသာပြန်ပေးရပါသည်။

အုတ်ကင်းဟော့ ရိပ်သာဟာ ယခင်က ဘဏ်အရာရှိသင်တန်းကျောင်းကြီးဟု သိရပါသည်။ အဲဒီကျောင်းကြီးကိုမှ ဦးမြတ်စောတို့က ဝယ်ယူထားခြင်း ဖြစ်ပါသည်။ ဒီ အုတ်ကင်းဟော့ ရိပ်သာနဲ့ ပတ်သက်လို့ တပည့်တော်တို့၏ ကပ်ပယ ဒကာ ဦးမြသိန်းက ယခုလို မှတ်တမ်း တင်ထားပါသည်။

"အောက်စ်ဖို့မြို့ အုတ်ကင်းဟော့ ရဟန်းခံ ရှင်ပြုပွဲအကြောင်း အနည်းငယ် ထပ်ပြောချင်ပါသေးသည်။ ဒီရဟန်းခံ

ရှင်ပြုပွဲတော်ကို လန်ဒန်မြို့မှ ပရိသတ်တွေနှင့် အခြား အနီး အနားမှ ညီညွတ်သည်တွေ အများအပြားလာတာ တွေ့ရပါသည်။ လာတဲ့သူတွေကလဲ အင်္ဂလိပ်၊ ပြင်သစ်၊ လာအို၊ သီဟိုဠ်၊ ဒတ်ချ်၊ ဆိုဒစ်ရှ် စသည်တို့ ဖြစ်ပါသည်။ ထို့ပြင် ကပ္ပလီ အမျိုးသမီးတွေပင် ပါလာလိုက်ပါသေးသည်။ တရုတ်နှင့် မြန်မာတွေကတော့ အများအပြားပါပဲ။ ရှင်ပြု ရဟန်းခံပွဲလာတဲ့ ပရိသတ်တွေကိုတော့ အင်္ဂလိပ်အစာ ကျွေးပါသည်။

"မြန်မာဘုန်းကြီး၊ အင်္ဂလိပ်၊ ဂျပန်၊ ထိုင်း၊ သီဟိုဠ်၊ လာအို၊ ပြင်သစ်၊ ဒတ်ချ်ဘုန်းကြီး စသည်ဖြင့် သံဃာ ၄၁-ပါးကို တော့ တယောက် တအိုးစီ ချက်လာကြတဲ့ ကြက်သား၊ ဝက်သား၊ ဘဲပေါင်း၊ ငါးဟင်း၊ စမူဆာကြော်၊ ကြက်ဥဟင်း၊ ဟင်းသီး ဟင်းရွက် အကြော်အချက် မျိုးစုံတို့ဖြင့် ဖွယ်ဖွယ်ရာရာ မြိုင်မြိုင်ဆိုင်ဆိုင် ကျွေးကြမွေးကြ၊ လှူကြရပါသည်။ အလွန် အားရစရာ ကောင်းပါသည်။

"လူတွေကလည်း အလွန် များပါသည်။ လူတွေ များသလောက် အဆောက်အအုံကြီးကလည်း ကြီးကျယ် ခမ်းနားပြီး၊ စားပွဲ၊ ကုလားထိုင်၊ ဆိုဖာ ပန်းကန်ခွက်ယောက်မှု စုံလို့ပဲလေသေးမရှိ ပြည့်စုံပါသည်။ ထိုအဆောက်အအုံ၏ အနှံးပေါင်းကလည်း ၄၀-နီးပါးလောက် ရှိပါသည်။ အခန်းဘိုင်း အခန်းကိုင်း ခုတွင်၊ စားပွဲ၊ ဆိုဖာ၊ မှက်နှာသစ်ခွက်၊ ဘိဒိုသည်ဖြင့် အသုံးအဆောင်တွေကလဲ ပြည့်စုံခမ်းနားပါသည်။

အထပ်တိုင်းဌ ဘုရားခန်းစတဲ့ အခန်းကြီး အခန်းငယ်တွေ အများအပြားရှိတဲ့အပြင် ချက်ပြုတ်ဖို့မီးဖိုခန်းတွေလဲ အပေါများရော အောက်မှာပါ ရှိပါသည်။

"အိုးကြီးခွက်ကြီးချက်ရန် မီးဖိုခန်းကတစ်မျိုး၊ အိုးငယ် ခွက်ငယ်ချက်ရန် မီးဖိုခန်းကတခြား ပြုလုပ်ထားပါသည်။ ကျွန်တော် အကြိုက်ဆုံးကတော့ အထပ်တိုင်းဌ သန့်ရှင်းသော အိမ်သာ၊ ရေချိုးခန်းတွေ နေရာအများအပြားမှာပင် ရှိနေသည့်အချက်ဖြစ်ပါသည်။ အခင်းကြီးငယ် သွားလိုသူတွေအတွက် အလွန်အဆင်ပြေ လွယ်ကူပါသည်။

"ဒါဘဲလားဆိုတော့ မဟုတ်သေးပါ။ အုတ်ကင်းဟာ့စင်းထဲမှာ အမျိုးသား အမျိုးသမီး ယောဂီတွေနေဖို့ အဆောက်အအုံကြီးပေါင်း ၁၂-ခု၊ တရားထိုင်တဲ့ ဓမ္မာရုံလို ဒါဆောက်အအုံ ၃-ခု အပြင် အခြားအသေးစား အဆောက်အအုံတွေလဲ ရှိပါသေးသည်"

ယခု ရေးခဲ့တဲ့အတိုင်း ဦးမြသိန်း က မှတ်တမ်းတင်ထားပါသည်။

အဲဒီ အုတ်ကင်းဟာ့ ၁၀-ရက်စခန်းမှာ တရားဝင်သူ ၆၅-ယောက်ရှိပါသည်။ မြန်မာ ရဟန်းက ၉-ပါး၊ သာမဏော ၂ ပါး၊ အမျိုးသမီး ဂ-ယောက်၊ အမျိုးသား ၂-ယောက်ဖြစ်ပြီး၊ ကျန်တာကတော့ အင်္ဂလိပ်၊ အမေရိကန်၊ ဂျာမန်၊ ပြင်သစ်

စသည်ဖြင့် အနောက်တိုင်းသား မျိုးစုံဖြစ်ပါသည်။ ဆရာတော် ဘုရားကြီး ညစဉ် အင်္ဂလိပ်တရားစာအုပ်ဖတ်ပြီး တရားဟောပါသည်။ တပည့်တော် နေ့စဉ် ၂-နာရီမှာ အင်္ဂလိပ်ဘာသာနှင့် တရားဟောပါသည်။ နေ့စဉ် တရားစစ်ပါသည်။ ဦးအဂ္ဂဓမ္မက ယောဂီ ●ောင့်ရှောက်ပါသည်။

ဒီတရားစခန်းမှာ ယောဂီ အတော်သန့်ပါသည်။ ဒအစမ်း သဘောမျိုး တော်ရုံ လျော်ရုံ အားထုတ်တဲ့ ယောဂီ အတော် နည်းပါသည်။ ကြိုးကြိုးစားစား အားထုတ်သူ များပါသည်။ တနေ့လုံး မနားမရပ် တရစပ် အားထုတ်သူများ ရှိပါသည်။ ဒါကြောင့် တရားကောင်းသူ၊ တရား အတွေ့အသိ ရှင်းသူ များလဲ အတော်လေး ရှိပါသည်။

ဒေါက်တာ ကလတ်(က်) ဆိုသူ ကမ္ဘာလှည့် အင်္ဂလိပ် ဆရာဝန် လူရွယ်တယောက်ဟာ စကော့တလန် တရားစခန်းမှာ ကတည်းက တရားကို သဘောကျပြီး ကြိုးကြိုးစားစား အား ထုတ်လို့ ဖြစ်မှု၊ ပျက်မှုနဲ့တကွ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော တွေပါ ရှင်းလင်း ပြတ်သားစွာ ကိုယ်တွေ့ သိခဲ့ရတဲ့အတွက် အောက်စ်ဖို့အထိ လိုက်လာပြီး အားထုတ်သူ ဖြစ်ပါသည်။ တရားကို ကိုယ်တွေ့သိမြင်ရတော့ ယုံကြည်မှု ပိုမိုထက်သန်လာပြီး အောက်စ်ဖို့မှာလဲ တနေ့လုံး ရှုမှတ်မှု စိပ်စိပ်နှင့် ပိုမို ကြိုးစား ပါသည်။

ကြိုးစားသလောက် ဖြစ်သမျှ၊ ပေါ်သမျှ ရုပ်နှာမ်တွေကို မလွတ်တမ်း သိနေတော့ တရားလျှောက်ရာမှာလဲ တိုက်ဖျ ပြတ်သား ရှင်းလင်း သွက်လက်စွာ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းကို ထိထိမိမိ လျှောက်တတ်ပါသည်။ အနှားက အတူထိုင်နေသူ ယောဂီ ၃-၄ ယောက်ဟာ သူလျှောက်တာကို ငေးပြီး နားထောင် နေမိသည်အထိ ဖြစ်ပါသည်။ သူ တရားလျှောက်တာဟာ အလွန်ဆုံး ၃—မိနစ်လောက်ပဲ ကြာမည်ထင်ပါသည်။

ဒီလို ယောဂီမျိုးတွေကို တွေ့ရတော့ အပင်ပန်းခံရကျိုး နပ်သည်ဟု ကိုယ့်ကိုယ်ကို ကျေနပ်ပါသည်။

တရားစခန်း မပြီးမီ ၂--ရက် အလို့မှာ တရားစခန်း တာဝန်ခံ ဦးမြတ်စောက တပည့်တော်ကို လာမည့်နှစ် မေ၊ ဂျွန်၊ ဂျူလိုင်လများမှာ အင်္ဂလန်ကို ကူပြီး တရားပြပေးဖို့ သူ့အလို ဆန္ဒနှင့် ယောဂီများ၏ အလိုဆန္ဒအရ လျှောက်ထားပါသည်။ လာနိုင်ဖို့ မသေချာကြောင်း၊ အကြောင်းညီညွတ်လျှင် လာနိုင်မည်ဖြစ်ကြောင်း ပြောရပါသည်။

တရားစခန်း သိမ်းတဲ့နေ့တွင် ဦးမြတ်စောက ဆရာတော်ဦးဇနက နောင်နှစ်နွေမှာ တကြိမ်ကြွလာနိုင်ကောင်း ကြွလာနိုင်မည်ဖြစ်ကြောင်း၊ အားထုတ်လိုသူများ ယခုကပင် စာရင်းသွင်းသွားကြစေလိုကြောင်း ယောဂီများအား ကြေငြာတဲ့အခါ ယောဂီအားလုံး စာရင်းသွင်းသွားကြသည်ဟု ဦးမြတ်စော၏ ဇနီး ဒေါ်စန်းရီက လျှောက်ပါသည်။

ပြင်သစ်၊ဆွစ်ဇာလန်၊ ဟော်လန် နိုင်ငံများမှ ဗုဒ္ဓဘာသာဝင်များကလဲ အင်္ဂလန်ကို ကြွဖြစ်လျှင် သူတို့ နိုင်ငံကိုပါ ကြွပြီး တရားပြပေးစေလိုကြောင်း၊ သွားရေးလာရေးမှ စ၍ အစစတာဝန်ယူနိုင်ကြောင်း လျှောက်ကြပါသည်။ အမေရိကန်ကလဲ နှောင်နှစ် ပင့်လျှင် ကြွနိုင်မည်လားဟု မေးမြန်းလျှောက်ထားကြပါသည်။

ဆရာတော်ဘုရားကြီးကို ပင့်လိုကြတာကတော့ ပြောဘွယ်မလိုပါ။ သို့သော်လဲ သက်တော်ရွယ်တော် ကြီးပြိုမို့ ပင်ပန်းဆင်းရဲတာကို မတွေ့လို မမြင်သိုကြတော့ ပင့်ရတာ အားနာကြပါသည်။ ဒါကြောင့် ဆရာတော်ဘုရား ကြွတော်မူနိုင်သေးလျှင် တပည့်တော်များ အတိုင်းမသိ ဝမ်းသာရဘို့ပါပဲဘုရား ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ လျှောက်ထားကြပါသည်။ ဆရာတော်ဘုရားကြီး ကိုယ်တော်ဘိုင် တရား မပြသော်လဲ ဆရာတော်ဘုရားကြီး၏ ကြီးမြတ်တဲ့ သီလ သမာဓိ ပညာဂုဏ်ကျေးဇူးတော်များကြောင့် ယောဂီများ အလွန် အားတက်ကြပါသည်။


ဦးမြတ်စောက အုတ်ကင်းဟော့ ကမ္မဋ္ဌာန်းဌာနကို မဟာစည် ကမ္မဋ္ဌာန်းဌာနအဖြစ် အသိအမှတ်ပြုပါရန် ဆရာတော်ဘုရားကြီးအား လျှောက်ထားသဖြင့် ဆရာတော်ဘုရားကြီးက အသိအမှတ်ပြုကြောင်း မိန့်တော်မူပါသည်။ဒါကြောင့် ဦးမြတ်စောက အုတ်ကင်းဟော့ဌာနကို (**Mahasi Institute Of Buddhist Meditation And Studies**)လို့ နာမည်တပ်ကာ မဟာစည် သတိပဋ္ဌာန်ရိပ်သာ ပြုလုပ်လိုက်ပါသည်။

ဦးဝဏ္ဏဂိုဒ်စိန်နှင့်ဝေးလံသော ဒုံရင်ကိုးနှာကပ်ကြိုးဒုံ ဒေသခံတိုင်း(၄)ယာငေး



ဒုတိယတန်းတက် ကျောင်းသားများနှင့် ဆရာမများ

ဒုတိယတန်းတက် ကျောင်းသားများနှင့် ဆရာမများ



ဓမ္မဒုတလုပ်ငန်း သင့်တင့်လျောက်ပတ်စွာ ခရီးရောက်သည်
ဟု ထင်ပါသည် ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေ။

ဆရာတော် ဦးကုသလဘုရား

ရိုဆေစွာ စာရေး လျှောက်ထားပါသည်။ ကျွန်ုပ်၌ ၅-ရက်နေ့က ဟော်လန်ပြည်သို့ ရောက်နေပြီ ဖြစ်ကြောင်း ပို့စကဒ်ဖြင့် စာရေးလိုက်ပါသည်။ လန်ဒန်မြို့ အိသရိုးလေဆိပ်မှ ကျွန်ုပ်၌ ၄-ရက်နေ့ ညနေ ၄—နာရီ ၁၀-မိနစ်တွင် ငြိတိသျှအဲယားဝေး လေယာဉ်ဖြင့် ခရီးဆက်ခဲ့ရာ ပျံသန်းချိန် မိနစ် ၅၀ အကြာတွင် ဟော်လန်ပြည် အမ်စတာဒမ် လေဆိပ်သို့ ရောက်ပါသည်။ လေဆိပ်မှ တော်လန်ပြည်၏မြို့တော် ဟိတ်မြို့ (ဒတ်ချ် အခေါ် ဒင်ဟား)သို့ ကြိုဆိုသူ ဒတ်ချ်လူမျိုးများ ပင့်ဆောင်သည့်အတိုင်း လိုက်ခဲ့ကြပါသည်။

ဟော်လန်ပြည်လဲ သာယာစိမ်းစိုပါသည်။ လမ်းဘေး တဘက် တချက်တွင် စိမ်းညို့နေသော အာလူးခင်း၊ ပဲခင်း၊ ကျုံခင်းများနှင့် မြက်ခင်းပြင်ကြီးများ၊ လေရဟတ်ကြီးများကို တွေ့ရပါသည်။ ဟော်လန်ပြည်ဟာ လေရဟတ်ကြီးတွေ အသုံးများသဖြင့် လေရဟတ်နိုင်ငံဟု ထင်ရှားပါသည်။နွားနို့ ထွက်ပစ္စည်း နာမည်ကြီးသည့် နိုင်ငံဖြစ်သည့်အတိုင်း နွားစားကျက်များ၌ နွားအုပ်များကိုလဲ တွေ့ရပါသည်။

အမ်စတာဒမ်မှ ကနာရီလောက် ကား မောင်း မိတော့ ဟိတ်မြို့ရှိ တပါးတည်းသော ဒတ်ချ်ဘုန်းကြီးကလေး သီတင်း

သုံးသည့် ဗုဒ္ဓယာနာရာမကျောင်းသို့ ရောက်ပြီး အဲဒီမှာ တည်းရပါသည်။ ဆွမ်းပွဲ အချိုပွဲတွင်တော့ နို့ထွက်ပစ္စည်း လုံးဝ မတွေ့ရပါ။ ဘာတွေမှန်း မသိသော ရေလုံပြုတ် ဟင်းသီး ဟင်းရွက်များနှင့် ပဲပုပ်ပြားများကိုသာ အရက်ရော နေ့ပါ စားသုံးကြရပါသည်။ အကြောင်းကတော့ ဒတ်ချ် ဗုဒ္ဓဘာသာဝင်များ တဘက်စွန်းရောက်နေသောကြောင့်ဟု ထင်ပါသည်။

တပည့်တော် အနေနှင့်ကတော့ အမေရိကန် ပြည်မပေါ် ရောက်ကတည်းက ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ် စသည်ကို နဲနဲမျှသာ စားပါသည်။ ဘော့စတန်-ဘယ်ရီ ဝိပဿနာအသင်း ရောက်ပြီးနောက် ၃-ရက်အကြာမှာတော့ စားလိုစိတ် မရှိတော့လို့ နွားနို့ထွက်ပစ္စည်းကို လုံးဝလောက်နီးပါး မစားတော့ပါ။ ရှောင်တာတော့ မဟုတ်ပါ။ စားလိုစိတ် မရှိ၍ မစားခြင်း ဖြစ်ပါသည်။

ဟော်လန်ပြည်ကို နယ်သာလင် (The Netherlands) လို့ ခေါ်ကြောင်း သိကြသည့်အတိုင်းပါဘဲ။ ပင်လယ် ရေမျက်နှာပြင် အောက် နိမ့်တဲ့နိုင်ငံဟု အဓိပ္ပာယ်ရကြောင်း သိရပါသည်။ ပင်လယ်ရေမျက်နှာပြင်အောက် နိမ့်နေပုံကို ကြည့်ရှုနိုင်ရန် ပင်လယ်ကမ်းခြေ တနေရာတွင် နေရာကလေး သတ်မှတ်ပေးလို့ ကြည့်ခဲ့ရပါသည်။အဲဒီနေရာကနေပြီး ကြည့်တော့ ဟိတ်မြို့ဟာ ပင်လယ်ရေပြင်အောက် ပေ ၂၀—ခန့် နိမ့်နေပါသည်။ သဘာဝကုန်းတန်းမြင့်မြင့်က ပင်လယ်ရေပြင်ကို တားဆီးပေးထားပါသည်။

ဟော်လန်နိုင်ငံဟာ သေးငယ်ပြီး မြေရှားလေတော့ ပင်လယ်ကမ်းစပ်ကို တစတစ မြေဖို့ခြင်း၊ ဒိုက်ဖို့ခြင်းအားဖြင့် ရေပြင်ကို မြေပြင်ဖြစ်အောင် အုံသြလောက်တဲ့ ဇွဲလုံ့လ ဝီရိယနဲ့ ဒတ်ချ်လူမျိုးများ ဖန်ဆင်းတည်ထောင်နေကြပါသည်။

တချို့နေရာတွင် ဟော်လန်ပြည်မနှင့် ကမ်းလွှန်ကျွန်းများကို မြေဖို့ ဒိုက်ဖို့ပြီး ဆက်ထားလိုက်သည်မှာ မြေတပြင်တည်း ဖြစ်ရုံမျှမက ကျယ်ပြန့်ဖြောင့်ဖြူးသော ဟိုက်ဝေး လမ်းမကြီးများပင် ဖောက်လုပ်ထားရာ ဖို့မြေမှန်းလုံးဝ မသိရတော့ပါ။ဒါကြောင့် ဒတ်ချ်လူမျိုးတို့ရဲ့ ဆိုရိုးစကားတခုက "ကမ္ဘာကြီးကို ထာဝရ ဘုရားသခင် ဖန်ဆင်းသည်၊ ဟော်လန်ပြည်ကို ဒတ်ချ်များ ဖန်ဆင်းသည်" လို့ ဆိုပါသည်။ သူတို့ရဲ့ လုပ်အားနှင့် လုံ့လ ဝီရိယစွမ်းရည်ကိုလဲ ဒတ်ချ်များ ဂုဏ်ယူကြပါသည်။ အတုယူဖို့ ကောင်းသည့် ဂုဏ်ယူနည်းပင် ဖြစ်ပါသည်။

အမေရိကန်၌ ဝါရှင်တန်၊ နယူးယောက် စသော မြို့ကြီးများတွင် မြို့တွင်း၌ပင် ကျယ်ပြန့်သော သစ်တော ဥယျာဉ်ကြီးများ ရှိကြပါသည်။ မြေ ကျဉ်းသော ဟော်လန်ပြည်၌ မြို့တွင်း သစ်တောဥယျာဉ်များ ကျယ်ပြန့်စွာ မထားနိုင်ပါ။ သို့သော်လဲ အမ်စတာဒမ် ရော့တာဒမ် ဟိတ် စသော မြို့ကြီးများ၌ မြို့လယ် လမ်းများကို ကျယ်ကျယ် ဖောက်ထားခြင်း၊ လမ်းဘေးရှိ လမ်းဥပစာကို ကျယ်ကျယ်ချန်ထားကာ စိမ်းစိုသုပသော သစ်ပင်များကို အစီအစဉ်တကျ မစိပ်မကဲ့ စိုက်ပျိုး

ပြီးလျှင် ဂရုစိုက် ပြုစုခြင်းဖြင့် မြို့ကို သာယာ လှပစေပါသည်။ မြို့လူထု ကိုယ်ပန်း စိတ်ပန်း ပြေစေပါသည်။

အမေရိကန်၊ အင်္ဂလန်၊ ဥရောပရှိ မြို့ကြီးများတွင် တူညီသော အချက်တခုကို သတိပြုမိပါသည်။ အဲဒီအချက်ကတော့ လမ်းဘေးများတွင် စိမ်းစိုသော သစ်ပင်များကို စနစ်တကျ စိုက်ပျိုးပြီး တယုတယ ပြုစုကြခြင်းပင် ဖြစ်ပါသည်။ တချို့ လေဆန်တတ်သည့် နေရာများမှာ ပင်လုံး လူတရပ် ကျော်ကျော် မျှ ထွက်ပြီးသည့် သစ်ပင်ကိုပင် တိုင် ၂-လုံးညှပ်၍ စိုက်ကာ ထိန်းပေးထားပါသေးသည်။

အသွားအပြန် လမ်းနှစ် သွယ် ရှိတဲ့ လမ်းမကြီးများရဲ့ အလယ်မှာ အကျယ် ၄-ပေခန့်ရှိတဲ့ ဒယ်အိုးပုံ ကျောက်ပန်း အိုးကြီးများ စိတန်းချထားပြီး အရောင်အသွေး လှလှနဲ့ ကြွနေအောင် ပွင့်တဲ့ နှင်းဆီပန်းများကို အိုးလုံးပြည့် ဝေနေအောင် စိုက်ထားလိုက်သည်မှာလဲ ကျက်သရေ ရှိလှပါသည်။ လမ်းသွား လမ်းလာများ စိတ်ကြည်နူး ရွှင်လန်း ချမ်းမြေ့ဘွယ် ရှိလှပါသည်။ အထူးသဖြင့် အင်္ဂလန်၊ ပြင်သစ်၊ ဟော်လန် နိုင်ငံများမှ မြို့ကြီးများတွင် အတွေ့ရများပါသည်။

ဟော်လန်နိုင်ငံရှိ အိမ်များမှာ များသောအားဖြင့် နီညို ရောင် နံရံများတွင် ပြတင်းဘောင် အဖြူများ တပ်ထားခြင်း၊ အဖြူလိုင်းများ ဆွဲထားခြင်း၊ အဖြူကွက်များ ဖော်ထားခြင်း၊ ကျယ်ပြန့်မြင့်မား တဲ့ ခေါင်များ ထားခြင်းဖြင့် ထူးခြားနေပါ

သည်။ အင်္ဂလန်အိမ်များနှင့် အရောင် ခပ်ဆင်ဆင့် တူပါသည်။ သို့သော် အင်္ဂလန်ပြည် ရှေးအိမ်များ၏ ခေါင်များမှာ မြင့်မားသော်လဲ မကျယ်ပြန့်ပါ။

ရှည်လျားကျယ်ပြန့်သော ပြတင်းများမှာလဲ ဒတ်ချ် အိမ်များ၏ အမှတ်လက္ခဏာတခု ဖြစ်ပါသည်။ဥရောပနှင့် အင်္ဂလန်တွင် ပြတင်းကျယ်ကြီးများကို "ဒတ်ချ်ပြတင်း" ဟုပင် ခေါ်စမှတ်ပြုကြပါသည်။ည့်ခန်းရဲ့ လမ်းဘက်ပြတင်းကို နံရံပြည့်လုနီးမျှ ကျယ်ကျယ်ကြီး ဖောက်ထားပြီး မှန်ကြီးများ တပ်ထားကာ ကြာယပ်တွေ၊ ဇာနားတွေ အလှဆုံး ကပ်ထားတဲ့ ခန်းဆီး ဖြူဖြူ ဖွေးဖွေးကြီးတွေ တပ်ဆင်ထားလေ့ ရှိကြပါသည်။ အဲဒီကြွကြွရွရွ ခန်းဆီးဖြူလွလွကြီးတွေကို တဝက် မှဲ့လျက် ဖွင့်ထားပြီးမှ ပန်းတွေဝေနေတဲ့ ရောင်စုံပန်းအိုးတွေကို အတွင်းက ပြတင်းဘောင်မှာ အနုပညာ မြောက်စွာ တင်ထားကြပါသည်။ ဒါလဲ ဒတ်ချ် အိမ်များရဲ့ အလှလက္ခဏာ တရပ်ပင် ဖြစ်ပါသည်။

ဟိတ်မြို့ ဇုဒ္ဓယာနာရာမ ကျောင်းတွင် ဆရာတော်ဘုရားကြီးနှင့် တပည့်တော်တို့ တရားဟော တရားပြကြသည်မှာ ဒီနေ့ ဒုတိယနေ့ ဖြစ်ပါသည်။ ယောဂီ ၂၀-လောက် ရှိပါသည်။ အားလုံး ဒတ်ချ် လူမျိုးများချည်း ဖြစ်ပါသည်။ ဒတ်ချ် ဘုန်းကြီးကလေးရဲ့ ညွှန်ကြားပြသမှုကြောင့် ဝိပဿနာတရားကို အားထုတ်ဖူးသူများသော်လဲ စနစ်တကျ အားမထုတ်တတ်ကြသေးပါ။ နေရာကလဲ ကျဉ်း ရက်ကလဲနည်းတော့ ကြိုးကြိုး

စားစား အားမထုတ်နိုင်ကြပါ။ ဒါကြောင့် အားထုတ်ပုံ စနစ် တကျ နားလည်အောင် ဝိပဿနာ အားထုတ်မှု၏ ရည်ရွယ် ချက်၊ အားထုတ်ပုံ၊ အားထုတ်မှုကြောင့် ရနိုင်သည့် အကျိုး တရားတို့ကို တရားစစ်ယင်း အချိန်ယူပြီး ရှင်းပြရပါသည်။

တရားစခန်းများမှာ ပြုနေကြအတိုင်းပင် တပည့်တော် ဘုရားပြ တရားစစ်ပါသည်။ ဆရာတော်ဘုရားကြီး စာအုပ်ဖတ် တရားဟောပါသည်။ သူတို့ သိလိုသည့် အချက်များကို တရား စစ်ယင်း တပည့်တော်က ဖြေရှင်းပေးတော့ ဒီမှာ တရားပဲ အပြီး အမေးအဖြေ မရှိတော့ပါ။ တရားအားထုတ်သူ နည်း သော်လည်း တရားနာသူတော့ ၅၀-ကျော်လောက် ရှိမည် ဆင်ပါသည်။

ဒတ်ချ ဗုဒ္ဓဘာသာဝင်များလဲ တခြား အနောက်နိုင်ငံများ မှာလိုပင် လူလတ်တန်းစားနှင့် ဆင်းရဲသား များပုံ ရပါ သည်။ လက်ရှိ ဗုဒ္ဓယာနာရာမ ကျောင်းကလေးအတွက်ပင် အကြွေးမကျေနိုင်သေး၍ နေ့မနား ညမနား အလုပ်လုပ်ကာ ခွဲတာရေးစနစ်ဖြင့် ငွေစုပြီး ပေးချေနေရသည်ဟု သိရပါ သည်။ ဒတ်ချ ဘုန်းကြီးကလေးက ဦးဆောင်ပါသည်။

ဒီဘုန်းကြီးကလေးက အင်ဒိုနီးရှားမှာ ထေရဝါဒရဟန်း အဖြစ် ခံယူခဲ့ပြီး သူ့တိုင်းပြည်မှာ သာသနာပြုနေခြင်း ဖြစ် ပါသည်။ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး ဟော်လန်ပြည်မှာ ဘယ်တုံ့ ပြန်ပွားရေးအတွက် သူ့လောက်နီးပါး ကြီးမားတဲ့

ဇွဲ လုံ့လ ဝီရိယနှင့် ကြိုးစားနေသူများထဲတွင် ရုပ်ကလေးတွေ သနားကမားနှင့် ခပ်ရွယ်ရွယ် သူနာပြုဆရာမလေး နှစ်ယောက် ပါဝင်နေသည်မှာ ခရီးကျူး အံ့သြဘွယ်ရာပင် ဖြစ်ပါသည်။ သူတို့ကို ကြည့်ရသည်မှာ သူတို့ရဲ့ စားရေး၊ ဝတ်ရေး၊ အလှပြင်ရေးတွေကို လုံးဝ ဂရုမစိုက်တော့ပဲ ဗုဒ္ဓသာသနာရေး အတွက် သက်သက်ပဲ အာရုံစိုက်နေသည့်ဟန်မှာ သူတို့သန္တာန်တွင် ပေါ်လွင်လှပါသည် ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေး

ဒင်ဟား

ဟော်လန်ပြည်

၇၊၇၊၇၉

ဆရာတော် ဦးကုသလ ဘုရား....

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ မနေ့က စာရှည်ရှည်တစောင် ရေးလိုက်ပါပြီ။ ဒင်ဟားမှာ ယောဂီ မများလို့ အချိန်အား ရတဲ့ အတွက် ရေးစရာအကြောင်းလဲ ရှိနေတာနှင့် ယနေ့ တဖန် ရေးလိုက်ပြန်ပါသည်။

ယောဂီ မများတဲ့အတွက် တရားပြ တရားစစ် ကိစ္စကို ညနေပိုင်းမှာသာ ပြုလုပ်ရတော့ နံနက်ပိုင်း အားပါသည်။ ဒါကြောင့် မနေ့က နံနက်ပိုင်းမှာ ဒတ်ချ် ဒက်ာတယောက်က အထူးအဆန်း ပြပါရစေ ဆိုပြီး တပည့်တော် တပါးတည်း ဟိတ်မြို့လယ်မှ ပနောရာမမေဇဒါ [Panorama Mesdag] ဆိုတဲ့ ပြတိုက်ကို ကားဖြင့် ပင့်သွားလို့ လိုက်ကြည့်ရပါသည်။

ပြတိုက် အောက်ထပ်ကို ဝင်သွားလိုက်တယ် ဆိုယင်ပဲ ပင်လယ်ပြင် သဘာဝရှုခင်း ပန်းချီကားကြီးများကို ကြည့်ရပါသည်။ ပန်းချီဆရာ တဦးတည်း၏ လက်ရာများ ဖြစ်ပါသည်။

အနုပညာမျက်စိနှင့် မကြည့်တတ်၍ ပန်းချီစိတ် ရှိသူတဦး၏ မျက်စိနှင့် ကြည့်ရှုရာ အလွန်သဘာဝကျ၍ သရုပ်ပေါ်လှသဖြင့် "ကောင်းလိုက်တာ" ဟု ရွတ်ဆိုမိပါသည်။

အောက်ထပ်မှာ လက်မှတ်ယူပြီးတော့ အလင်းရောင် မှိန်မှိန် လေးသာ ရှိတဲ့ စင်္ကြံန်ဆောင် အမှောင်လမ်းကျဉ်း တခုအတိုင်း အတွင်းဝင်သွားပြီး တဖြေးဖြေး အပေါ်ထပ် တက်သွားရပါသည်။ လမ်းတလျှောက်လုံး အသက်ရှူလို့ မဝသလိုလို နှင့် စိတ်အိုက်ပြီး မွန်းသလိုလို ဘာလိုလို ခံစားရပါသည်။ အပေါ်ထပ် လှေခါးထိပ်ရောက်လို့ လင်းနေတဲ့ ပကတိ သဘာဝ ပတ်ဝန်းကျင်ကို မျက်စိဘဆုံး တမျှော်ဘခေါ်ကြီး ဘွားကနဲ မြင်လိုက် တော့လိုက်ရတော့မှပဲ အသက်ရှူချောင်သွားပြီး စိတ်ထဲမှာ ကျယ်ပြန့်ကြည်လင် လန်းဆန်းသွားပါတော့သည်။

တပည့်တော်ရောက်နေတဲ့ နေရာကို သေသေချာချာ ကြည့်လိုက်တော့မှ ပေ လေးဆယ်ခန့် ကျယ်မည့် စက်ဝိုင်းပုံ ဆောက်ထားသည့် အဆောက်အအုံ တခုပေါ် ရောက်နေကြောင်း သိရပါသည်။ အဆောက်အအုံမှာ အမိုးသာရှိပြီး လက်ရမ်းမှတပါး အကာ လုံးဝ မရှိပါ။ ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာကို မိုင် သုံးလေးဆယ်ခန့်မျှ တမျှော်တခေါ်ကြီး လင်းလင်းချင်းချင်း မြင်နေရရာ ကြည်နူးဘွယ် ရှိလှပါသည်။

မြို့လယ်ခေါင် ပြတိုက်ထဲ ဝင်လာရာက မမျှော်လင့်ဘဲ မျှော်စင်ပေါ် ရောက်လာပြီး ပတ်ဝန်းကျင် ရှုခင်းကို အဆီး

အတားမရှိ မိုးကုတ်စက်ဝိုင်းအထိ ကြည့်နေ မြင်နေရသည်မှာ ဆန်းသလိုလိုတော့ အရှိသားဟု စိတ်ကစားမိပါသည်။

အရှေ့ဘက် ကြည့်လိုက်တော့ ဟောင်းနွမ်းနေတဲ့ တိုက်တာအိမ်ယာ အဆောက်အအုံတွေက မျက်စိတဆုံး၊ အရှေ့မြောက်ဘက်၊ မြောက်ဘက်နှင့် အနောက် မြောက်ဘက်မှာတော့ ချည်လျားကျယ်ပြန့်လှတဲ့ သဲသောင်ပြင် ပြန့်ပြန့်ကြီး၊ သောင်စပ်မှာ ဆိုက်ကပ်ထားတာ ကတော့ ရွက်လှေ အကြီးအငယ် အရွယ် အစားစား၊ ရေလုပ်သားကြီးတွေကလဲ ဟိုနားတစု သည်နားတစု၊ သူတို့အပေါ် ကျော်ကြည့်လိုက်တော့ ဆယ်မိုင်ခန့် အဝေးမှာ ကောင်းကင်ပြာနှင့် ပေါင်းစပ်သွားတဲ့ အဆုံးမရှိအောင် အပြာကျယ်လှသည့် ပင်လယ်ပြာ။

အနောက်ဘက်မှာတော့ တိုက်တာ အိုး အိမ် တွေ အပြင် အဝတ်လှမ်းလှမ်းမှာ ရွှေဖရုံသီးထက်ခြမ်းပုံ အမိုးခုံးခုံးနဲ့ ဘုရားရှိခိုး ကျောင်းဟောင်းကြီး၊ အဲဒီဟိုဘက် မိုးကုတ်စက်ဝိုင်းဆီ မျှော်ကြည့်လိုက်တော့ ကောင်းကင်ကို ထိုးထွက်နေတဲ့ အမိုးချွန်းချွန်းနဲ့ ဘုရားရှိခိုးကျောင်း မြို့ပျပျ။

အနောက် တောင်ဘက်၊ တောင်ဘက်နဲ့ အရှေ့တောင်ဘက်မှာတော့ မဟောင်းမသစ် တပတ်ရစ်လို့ခေါ်ရမည့် အိုးအိမ်တွေနဲ့ လူနေရပ်ကွက်၊ ရပ်ကွက်ထဲမှ လမ်းဖွေးဖွေးက၊ ခပ်ကွေးကွေးနှင့် ပြေပြေကလေး အမြင့်ပိုင်းဆီသို့ တက်သွားလိုက်သည်မှာ မြို့စွန်အထိ ဒိုးယိုပေါက်။

သို့ကလောက် ကြည့်ကောင်းတဲ့ ရှုခင်းပေါ်မှာ ပင်လယ်ပျော် ဇင်ယော်ဌက်တွေကလဲ ပြာညက်သည့် ကောင်းကင်ပြင်တွင် အတောင်ချင်းယှဉ်ကာ ဝဲလျက်ရှိကြသည်။ ကောင်းကင်ပြာနှင့် ဌေဇင်ယော်၊ ပင်လယ်ပျော် ရေလုပ်သားနှင့် သူ့အနားက တံငါလှေ၊ ပိုက်ကြီးတွေကလဲ တလွှားလွှား၊ လှိုင်းကြီးတွေကလဲ တဖွားဖွား၊ ငွေဇာနားနှင့် မြသားနီလာ ကတ္တီပါကို ပြန့်ပြူးစွာ ခင်းထားသည့်နှယ် ကြည်နူးဘွယ် ရှိလှပါဘိ။

ရှုခင်းက ကြည့်ကောင်းသည်၊ သာယာသည်၊ ညို့နှိုင်စွမ်းရှိပါသည်။ သို့သော် ထူးဆန်းသည်တော့ မဟုတ်ပါ။ "ဘယ်မလဲ ထူးဆန်းတာ" ဒကာကိုမေးတော့ ဒါကိုဘဲ အထူးအဆန်းဟု ပြုံးလျက် ဆိုပါသည်။တပည့်တော်မှာ့တော့ ထူးဆန်းတာကို ရှာလို့ မရပါ။ ပင်လယ်ကမ်းခြေ မြို့ငယ်တခုရဲ့ မျှော်စင်ပေါ်က ကြည့်လျှင် သည်ရှုခင်း သည်မြင်ခင်းမျိုးကို မြင်ရ မည်မှာ စမ်မတာ။ အလို....အခုမှ သတိရသည်။ တပည့်တော် ရောက်နေတာ ပင်လယ်ကမ်းခြေက မြို့ငယ်တခုရဲ့ မျှော်စင်ပေါ်မှာမှ မဟုတ်ပဲ။ ဟော်လန်ပြည်ရဲ့ မြို့တော် ဒင်ဟား (ဟိတ်)ရဲ့ အလယ်ကပြတိုက် တနေပေါ်မှာဘဲ။ ဒီနေရာကနေပြီး ပတ်ပတ်လည် ကြည့်လိုက်လျှင် သစ်လွင်ခမ်းနားတဲ့ တိုက်ကြီးတာကြီးတွေနှင့် ပြေးသွားနေတဲ့ မော်တော်ကားတွေကိုသာ မြင်ရဘို့ပါ။ ဘယ်လိုက ဘယ်လို အိုဟောင်းတဲ့ တိုက်ငယ် အိမ်ငယ်တွေးပြီးတော့ ရွက်လှေကြီးတွေ မြင်နေရပါလိမ့်။

တပတ်လှည့်ပြီး မျက်စိပွတ်ကာ သေသေချာချာကြည့်တော့မှ လား လား ကောင်းကင်ပြင်က ဇင်ယော်တွေကလဲ မလှုပ်ရှား၊ ရေလုပ်သားကြီးတွေကလဲ တဖဝါးမှ နေရာကမရွေ့၊ ဒါဖြင့် ဘယ်လိုဟာတွေပါလိမ့်၊ သေချာသည်ထက် သေချာအောင် ပိုးပြီး စေ့စေ့စပ်စပ် ကြည့်တော့မှ ခပ်ဝေးဝေးမှာ အထက်အောက် ပေလေးဆယ်လောက် ရှည်ပုံရသည့် ရွက်ဖျင် စပ်ကြောင်းလို စပ်ကြောင်းတခုကို ခပ်ရေးရေး တွေ့ရပါသည်။ ဒီတော့မှ အော်....ပတ်ပတ်လည် လက်စွမ်းကုန် ရေးဆွဲထားတဲ့ ရောမ ပန်းချီကားကြီးပါလားလို့ အံ့အားသင့်လို့ မဆုံး အံ့သြလို့ မဆုံး ဖြစ်ရပါသည်။ မကြုံစဖူး ထူးလှပါပေသည်။ ဆန်းလှပါပေသည်။ ဒတ်ချ်ဒကာ ပြောလဲ ပြောလောက်ပါပေသည်။

ဒီအခါကျမှ ဒတ်ချ်ဒကာရဲ့ အပြုံးကို သဘောပေါက်သွားပြီး တပါးတည်း "ရွက်ပြုံး" ပြုံးမိရင်းက ပန်းချီကားကဘဲ ကောင်းလွန်းလို့ လား၊ ကိုယ်ကဘဲ ညံ့လွန်းလို့ လားဆိုတာ ဝေခွဲမရအောင် ဖြစ်သွားပါသည်။ အမှန်တော့ တပည့်တော်မှ မဟုတ်၊ သူတပါးတွေလဲ ဒီအပေါ်ရောက်လျှင် ပန်းချီကားလို့ မမြင်၊ သဘာဝ ပတ်ဝန်းကျင်ကို ကြည့်မြင်နေရတာယ်လို့ဘဲ ထင်ကြပါသည်။

သေသေချာချာ ကြည့်တော့မှ တပည့်တော်တို့ ရောက်နေတဲ့ အဝိုင်းပုံ ကြည့်စင်နဲ့ ပေ ၄၀ အကွာ၊ ပတ်ပတ်လည်မှာ ၄၅ ပေ အမြင့်ရှိတဲ့ ရောမ ပတ်လည် ပန်းချီကားကြီးကို ပန်းချီကျော်ကြီး မေဇဒါ ဦးဆောင်တဲ့ ပန်းချီဆရာ သုံးဦးက အနီး

အဓေးမှန်မှန်နှင့် သဘာဝအကျဆုံး ရေးဆွဲထားခြင်းသာ ဖြစ်ပါသည်။

ပန်းချီကားရဲ့ ထိပ်ပိုင်းကို မမြင်နိုင်စေရန် ကြည့်စင်၏ ဘံစက်မြိတ်ထက် မြင့်အောင် မြှင့်တင်ထားပါသည်။ပန်းချီကားရဲ့ အောက်ခြေကို မတွေ့ရအောင် ကြည့်စင်နဲ့ ပန်းချီကားအကြား ပတ်ပတ်လည် ပေ ၄၀-ခန့် ကွာဝေးတဲ့နေရာကို ပန်းချီကား ထဲက သဲသောင်ပြင်နှင့် တသားတည်းကျပြီး ခွဲမရအောင် သဲသောင်ပြင်ကြီး ပြုလုပ်ထားပါသည်။ ပကတိ သဘာဝ နေ အလင်းရောင်ကိုရအောင် ပန်းချီကားထိပ်နဲ့ ကြည့်စင်အကြား ပတ်ပတ်လည် ပေ ၄၀ကွာ ကောင်းကင်ပြင်ကိုတော့ မှန်ချပ် ကြီးပေါင်း ၃၂၀-ဖြင့် မိုးပေးထားပါသည်။

ဒီ ပန်းချီကားကို စတင်ဖန်တီးသည့် နှစ်ကတော့ ၁၈၁၁-ခုနှစ် မတ်လ ၂၈-ရက်နေ့ဟု သိရပါသည်။ ထိုခေတ် ပင်လယ်ကမ်းခြေ မြို့ငယ်တခု၏ ရှုခင်းပုံကို ဆီဆေးဖြင့် သရုပ်ဖော် ရေးဆွဲသားခြင်း ဖြစ်ပါသည်။ ဒီ ပတ်လည် ပန်းချီကား ကြီးကို ဆွဲဆန့်လိုက်သျှင် အလျားပေ ၄၀၀-ခန့် ရှည်ကြောင်း သိရပါသည်။ အုံ့ဩ ချီးကျူးလို့ မကုန်နိုင်အောင် ပြောင် မြောက်သည့် အနုပညာလက်ရာဟု ဆိုနိုင်မည် ထင်ပါသည်။ မလှုပ်ရှားတဲ့ လူများနှင့် ပင်ယော်များကိုသာ မတွေ့ရလျှင် ပန်းချီကားပါလို့ ပြောစကားမှုငယ်နိုင်ဘို့ အတော်ခဲယဉ်းပါသည်။

သည် ပန်းချီကားကို ပြတိုက်တခုအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ စိတ်ကူး စီစဉ်မှုကလဲ ကောင်းပါသည်။ ပြတိုက် အတွင်း ဝင်လျှင်ဝင်ချင်း ပန်းချီကျော်ကြီး မေဇဒါ၏ လက်ရာ မြောက်လှသည့် ပင်လယ်ပန်းချီကားကြီး ၄-၅ ကားဖြင့် နံဒါန်း သွယ်ပေးလိုက်ပြီးမှ အမှောင်တွင်း သွင်းလိုက်ကာ အလင်းသို့ ဘွားကနဲ ထုတ်ပေးလိုက်ရာ တကယ့် သဘာဝ ပတ်ဝန်းကျင် အလယ် ရောက်သွားရသလို ခံစားရပါတော့သည်။ ပန်းချီကား၏ ရသကို ပိုမို ပေါ်လွင်စေတဲ့ အစီအစဉ် ဖြစ်ပါသည်။

ဟော်လန်သို့ ရောက်သူများဟာ ဒတ်ချ် ပန်းချီကျော်ကြီး မေဇဒါ၏ ဟိတ်မြို့လယ်မှ မြင်ကွင်းကျယ် ပန်းချီကားကြီး [Panorama Mesdag] ကိုမှ မကြည့်ခဲ့ရ မမြင်ခဲ့ရလျှင် ဟော်လန်သို့ ရောက်သည်ဟု မဆိုနိုင်ပါဘုရား။

သင်္ဘောပျန်သွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာရှိပါစေး

ဘွန်းမြို့
အနောက်ဂျာမနီပြည်
၈၊၇၊၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ မနေ့က ပနောရာမမေဇဒါ ပန်းချီပြတိုက်အကြောင်း ရေးလိုက်ပါသည်။ အဲဒီ ပြတိုက်ကို နံနက်သွားပြီး နေ့လယ်ပိုင်းကျတော့ ဗီဆာကိစ္စ လုပ်ဖို့လဲရှိတာနှင့် တောင်အမေရိကတိုက်သား ယောဂီ ဇာရမာတာကီတာ၏ ကားနှင့် ရော့တာဒမ်မြို့သို့ ဦးရေဝတမမှ၊ ဦးမြသိန်းတို့နှင့်အတူ သွားကြပါသည်။

တနာရီလောက် မောင်းမိတော့ ရော့တာဒမ်ကို ရောက်ပါသည်။ အခြားအနောက်တိုင်း မြို့များလိုပင် သန့်ရှင်းသပ်ရပ်ပါသည်။ သာယာပါသည်။ စက်မှုလုပ်ငန်းများတဲ့မြို့ ဖြစ်ဟန်တူပါသည်။ပင်လယ်ဆိပ်ကမ်း သဘော်ဆိပ်မြို့ ဖြစ်တော့ ဆိပ်ကမ်းအလွန်ကြီးကျယ် ပါသည်။ ဆိုက်ကပ်ထားတဲ့ သဘော်တွေလဲများပါသည်။ချစရာ တင်စရာ ကုန်တွေနှင့် ကုန်တင်ကုန်ချစက်တွေလဲများလှပါသည်။ ကမ္ဘာမှာ အကြီးကျယ်ဆုံး အလုပ်အများဆုံးဆိပ်ကမ်းမြို့လို့ အသိအမှတ်ပြုကြပါသည်။ မြို့သူမြို့သားများ အပျင်းပြေ အပန်းပြေ ရှုခင်းသာများ ကြည့်ဖို့ရာ တပင်တိုင် မျော်စင် ထူးထူးဆန်းဆန်း တခုလဲ ရှိပါသည်။ ပထမဆင့်အထိ တက်ကြည့်ခဲ့ပါသေးသည်။

ကိစ္စပြီးလို့ မြို့ကို နှုံ့အောင် လှည့်ပတ် ကြည့်ပြီးတော့ ဟိတ်ကို ပြန်ခဲ့ကြပါသည်။

မနေ့က(၇၊၃၊၇၉)ညနေမှာ ဟိတ်မြို့ တရားစခန်း အပြီးသတ်ပါသည်။ အကျိုးကတော့ ဒတ်ချ် ယောဂီများ ဝိပဿနာကို နည်းမှန်လမ်းမှန် စနစ်တကျ အားထုတ်တတ်လာခြင်း၊ ဗုဒ္ဓသာသနာအပေါ် သဒ္ဓါတရား တိုးပွားလာခြင်း အကျိုးရကြပါသည်။

တရားစခန်းက ထွက်ခါနီးမှာ ယောဂီများနှင့် အခြားပရိသတ်များက ဆရာတော် ဘုရားကြီးကို ပူဇော်ကန်တော့ကြပါသည်။ ဆရာတော် ဘုရားကြီးက သုဝဏ္ဏဘူစကား မိန့်ကြားပါသည်။ ပူဇော်ကန်တော့ပွဲ ပြီးတဲ့အခါ ညနေ ၄-နာရီအချိန်မှာ ဟိတ်မြို့မှ ကားနှစ်စီးနှင့် ထွက်ခဲ့ကြပါသည်။ ၅-နာရီခွဲခန့်တွင် ဝါးဝစ်မြို့သို့ ရောက်ကြပါသည်။

မရှေးမနှောင်းမှာပင် ဂျာမနီပြည် ဘွန်းမြို့မှ စီးပွားရေးသမားကြီး ဦးကိုကိုကြီးလဲ ပေါင်မုန့်ပုံကား (မိုက်ကရိုဘတ်စ်)တစီးနှင့် တပည့်တော်တို့ကို ဘွန်းမြို့သို့ ပင့်ရန် ရောက်လာပါသည်။ ဝါးဝစ်မြို့ ယိုးဒယားဘုန်းကြီးကျောင်းမှာ ခဏ နားကြပြီးလျှင် ၆-နာရီခန့်တွင် ဦးကိုကိုကြီး ပင့်ဆောင်ရာ ဘွန်းမြို့သို့ လိုက်ပါခဲ့ကြပါသည်။

လမ်းတလျှောက် ဟော်လန်ပြည်၏ ရှုခင်းကလည်း တဘာသာ ထူးခြားပါသည်။ ဟော်လန်ပြည်တွင် (တောင်ဘက်

အစွန်ဆုံးတောင်ကုန်း အနည်းငယ်မှ တပါး)တောင်များမရှိပါ။ မျက်စိတဆုံးမြင်ရတဲ့ လွင်ပြင် မြေပြန့်ချည်းဖြစ်ပါသည်။ စကော့ တလန်နဲ့တော့ ပြောင်းပြန် ဖြစ်နေပါသည်။ စကော့တလန်မှာ လမ်းတလျှောက်လုံး လမ်းဘေးနှစ်ဘက်မှာ တောင်ကုန်းတွေ ချိုင့်ဝှမ်းတွေဘဲ များပါသည်။ မြေညီလွင်ပြင် အလွန်ရှားပါသည်။ စိမ်းလန်းတဲ့ မြက်ခင်းပြင်ကြီးတွေ မျက်စိတဆုံးရှိတာခြင်းတော့ တူပါသည်။

သို့သော်လဲ ဆွစ်ဇာလန် စတဲ့တခြားဥရောပ နိုင်ငံတွေမှာလိုပင် တချို့နေရာတွေမှာ လမ်းဘေး မြက်ခင်းများမှ နွားချေးပုပ်နံ့သင်းတာတော့ ဆိုးလှပါသည်။ နွားချေးအရည်ဖျော်ပြီး ပိုက်နှင့်မှုတ်ထုတ်ကာ မြက်ခင်းပြင်ကို ဖျန်းပါသည်။ မြက်ခင်းကို နွားချေးမြေဩဇာ ကျွေး၍ စိုက်ပျိုးမွေးမြူခြင်း ဖြစ်ပါသည်။

ဂျာမနီဘက် မကူးမီ ၁၀-မိုင်လောက် အလိုမှာ မြို့ကလေးတမြို့ရှိ လွတ်တော် အမတ်တဦး အိမ်ကို ဝင်ပြီး ခဏ နားရပါသည်။ ပန်းသီးဖျော်ရည် ချိုချိုအေး ကပ်၍ ဘုဉ်းပေးကြရပါသည်။ လွတ်တော်အမတ်မှာ ဝါးဝစ်က ယိုးဒယား ဘုန်းကြီးမေတ္တာဝိဟာရိနှင့် ရင်းနှီးသူဖြစ်၍ ယိုဒယားကျောင်းအတွက် ဒကာချအစုံးရထမှ အထောကအပံ့ ရသလောက် ရအောင် ကြိုးစားနေသူ ဖြစ်ကြောင်း သိရပါသည်။ သို့သော်လဲ သူကိုယ် တိုင်ကတော့ ဗုဒ္ဓဘာသာဝင် မဟုတ်သေးပါ။

လွတ်တော်အမတ်၏ မိသားစုနှင့် စကား ပြောနေကြစဉ်မှာ သူ၏ သားနှင့် အဖော် အမျိုးသမီးတယောက် ရောက်လာပါ

သည်။ လွတ်တော် အမတ်က "ဒါက ကျုပ်သား၊ ဟောဒါက ကျုပ်သားရဲ့ ရည်းစားပါ"လို့ တပည့်တော်တို့ကို ဝမ်းသာအယ်လဲ မိတ်ဆက်ပေးရာ ပွင့်လင်း လွတ်လပ်သော သူတို့၏ လူမှုဆက်ဆံရေးနှင့် မိသားစုဆက်ဆံရေးကို ပြုံးမိပါသည်။

လွတ်တော် အမတ်အိမ်က ထွက်လာပြီး မကြာမီမှာဘဲ ဟော်လန်နှင့် ဂျာမန် နယ်စပ်ကို ရောက်တော့ ဦးကိုကိုကြီးက ဂျာမနီ အစိုးရထုတ်ပေးထားတဲ့ သံတမန် မှတ်ပုံတင်ကဒ်ပြားကို လူဝင်လူထွက် အရာရှိအား ကားပေါ်ကပင် လှမ်းပြလိုက်ပါသည်။ အရာရှိက ကဒ်ပြားကို ကြည့်ပြီး ချက်ချင်း သွားခွင့်ပြုလိုက်ပါသည်။

ပတ်စ်ပို့ဗီဆာတွေ စစ်လားဆေးလားတွေ လုပ်ယင် နည်းနည်းများ အထစ်အငေါ့် ရှိမလားမသိပါ။ အကြောင်းကတော့ တပည့်တော်တို့ ပတ်စ်ပို့မှာ ဂျာမနီနှင့် ဘယ်လ်ဂျယမ်အတွက် မြဲညဉ်ခွင့် ဗီဆာမပါပါ။ အမှန်တော့ ဥရောပ တိုက်တွင် ဟော်လန်၊ ဘယ်လ်ဂျီယမ်၊ ဆွစ်ဇာလန်၊ ဂျာမနီ လေးနိုင်ငံကို သွားတဲ့ ခရီးသည်များ တနိုင်ငံအတွက် ဗီဆာယူလျှင် ကျန်သုံးနိုင်ငံကိုပါ သွားနိုင်ကြောင်း စိတ်ချယုံကြည်လောက်သူများထံမှ ကြားသိထားသောကြောင့် ဗီဆာမယူခြင်း ဖြစ်ပါသည်။

ဂျာမနီဘက် ရောက်တဲ့အခါမှာလဲ သစ်ပင် တောတောင် ရှုခင်း အနေအထား အလွန်ကြီး မပြောင်းလဲပါ။ ဟောလန်ညီမှာလိုပင် စိမ်းလန်းတဲ့ မြက်ခင်းပြင်များ၊ အာလူးခင်း၊

ပဲခင်းများကို တွေ့ရပါသည်။ ဂျုံခင်း၊ အုတ်ခင်း၊ ဗာလီခင်း များကို စိမ်းစိမ်းလဲ့လဲ့ ဝင်းဝင်းမြဲ့မြဲ့ တလမ်းလုံးလို လို တွေ့မြင်နေရတာကတော့ ဟော်လန်ထက် ထူးခြားတဲ့အချက် ဖြစ်ပါသည်။ လမ်းဘေး ရှုခင်းတွေက သာယာ စိမ်းမြတော့ မျက်စိ အေးလှ ကြည်နူးရပါသည်။

လမ်းကလဲ (E) အမှတ်သား ပြဆားတဲ့ ဥရောပ တတိုက်လုံး တောက်လျှောက် ပေါက်တဲ့ ဟိုက်ဝေးလမ်းကျယ်ကြီး၊ မှန်သား ပြင်တမျှ ညီကလဲ ညီ၊ ချောကလဲ ချော၊ ကားကလဲ ကောင်း၊ ရာသီကလဲ နွေဦးလွန်စ၊ အချိန်ကလဲ သာယာတဲ့ ညနေချမ်း၊ လေညှင်းကလဲ ငြိမ့်ငြိမ့်ကလေး ဖျန်းတော့ ခရီးသွားရတာ ပင်ပန်းတယ်ဆိုတာ မရှိ၊ ကိုယ်ရော စိတ်ပါ ရွှင်လန်း ကြည် သာလျက်သာ ရှိပါတော့သည်။

ဘွန်းမြို့နားရောက်တော့ ဓာတ်တိုင် မြင့်မြင့်ကြီးတွေနှင့် လျှပ်စစ်ဓာတ်ကြိုးတွေဟာ ကောင်းကင်မှာ ဟိုဖြတ် ဒီသွားနဲ့ ချုပ်ပွေ့လွန်းလှပါသည်။ စက်မှုထွန်းကားတဲ့ အမှတ် လက္ခဏာ ဘဲလို့ ယူဆရပါသည်။

ဘွန်းမြို့ရှိ သံမှူး ဦးကိုကိုကြီး၏ အိမ်ကို ည ၁၀-နာရီ ကျော်ကျော်မှာ ရောက်ပါသည်။ သံအမတ်ကြီး ဦးမောင်မောင် ညွှန့်နှင့် မြန်မာမိသားစုများ စောင့်ကြိုနေကြတာကို တွေ့ရပါ သည်။ ဒီ အိမ်မှာဘဲ တည်းခိုကြရပါသည်။ ဦးကိုကိုကြီးတို့ ဒီအိမ်ကို ငှားပြီး ပြောင်းရွှေ့လာတာ ရက်အနည်းငယ်မျှသာ

ရှိပါသေးသည်။ အိမ်သစ်ကို ဆရာတော်ဘုရားကြီးနှင့် တကွ သံဃာတော်တွေ တည်းခိုဖို့ လှူရတဲ့အတွက် နိုင်ငံရပ် ခြားမှာ အင်မတန် ရခဲတဲ့ ကြုံတောင့် ကြုံခဲ အခွင့်အရေးကို ရတယ် ဆိုပြီး တမိသားစုလုံး ဝမ်းသာမဆုံး ဖြစ်နေကြပါသည်။

နံနက်ကျတော့ အရက်ဆွမ်းကို ဦးကိုကိုကြီး မိသားစုဘဲ ကပ်လှူပါသည်။ ၇-နာရီခွဲလောက်မှာ ပဲညာတော် သင် ကျောင်းသားများ အပါအဝင် အနောက်ကျမနီရှိ မြန်မာ (၃၀)လောက် စုပေါင်း၍ ဆရာတော်ဘုရားကြီးထံ ငါးပါး သီလ ခံယူကြပြီး ဗုဒ္ဓ သာသနာတော် တရား နာကြားကြပါ သည်။ ၉-နာရီတွင် ဦးကိုကိုကြီးက အော်ဒီကလုံး ရေမွှေး ထုတ်လုပ်ရာဖြစ်တဲ့ ကိုလုံးမြို့ကို လိုက်လံပြသပါသည်။ အော်ဒီ ကလုံး ပုလင်းမှာပါတဲ့ (**No. 4711**) ဟာ မူလ ထုတ်လုပ်တဲ့ အိမ်ရဲ့နံပါတ်ကို ကုန်အမှတ်တံဆိပ် ပြုလုပ် ထားကြောင်း ဦးကိုကိုကြီးက ပြောပြပါသည်။

ကိုလုံးမြို့နှင့် ဘွန်းမြို့မှာ မဝေးလှပါ။ ကား နာရီဝက် မောင်းလျှင် ရောက်ပါသည်။ သတိပြုမိခဲ့တဲ့ ထူးခြားချက် တခုကတော့ ရိုင်းမြစ်ကူး ကြုံးတံတားကြီးတခု ဖြစ်ပါသည်။ ဒီ ကြုံးတံတားမှာ တခြား ကြုံးတံတားများလို မြစ်ကမ်း နှစ်ဘက်မှာ တိုင်မစိုက်ပဲ မြစ်လယ်မှာသာ တိုင်စာစုံတည်း စိုက်ပြီး အဲဒီ တိုင်ထိပ်က ကြုံးတွေနဲ့ တံတားကို တောက် လျှောက် ဆွဲချည်ပြီး မ,ထားတာဟာ ကမ်းနှစ်ဘက်က

ဘံတားအစွန်းနှစ်ဘက်အထိ ဖြစ်ပါသည်။ တိုင်ကြီးက မြင့်တော့ ကြိုးတွေ အများအပြား ဆွဲချည်ထားနိုင်ပါသည်။

ကိုလုံးမြို့က အပြန်တွင် ဘွန်းမြို့ကို လှည့်လည် ကြည့်ရှုကြပြီး ဦးကိုကိုကြီးအိမ်မှာပင် နေ့ဆွမ်း ဘုဉ်းပေးကြရပါသည်။ မြန်မာဒကာ ဒကာမ အချို့ကလဲ ဆွမ်းဟင်းများ၊ အချိုပွဲများ ယူလာပြီး စုပေါင်း ဆွမ်းကပ်ကြပါသည်။ ဒူဆယ်လ်ဒေါ်မြို့မှ ဒေါ်ရွာဘီစိန် ယူလာသော အချိုပွဲတွင် စထရောဘဲရီ အသီးနှင့် တထပ်တည်းနည်းပါး တူတဲ့ အသီးတမျိုးကို မလိုင်နှင့်ရောချ၍ စားရတာဟာ ထူးခြားချက် တခု ဖြစ်ပါသည်။ ဒီအသီးကို တခြားနေရာတွေမှာ မတွေ့ခဲ့ မစားခဲ့ရပါ။

ဆွမ်းစားပြီး ခဏဘဖြုတ် နားကြရပါသည်။ နေ့လယ် ၁-နာတွင် စီစဉ်ထားသည့်အတိုင်း သံအမတ်ကြီး အိမ်သို့ သွား၍ ဂျာမန် ဒကာ ဒကာမများနှင့် တွေ့ဆုံကာ သူတို့ မေးလျှောက်ဘဲ့ မေးခွန်းတွေကို ဆရာတော်ဘုရားကြီးက ဖြေကြားပြီး တပည့်တော်က ဘာသာပြန်ပါသည်။

မေးခွန်းတွေအနက် အချို့ကတော့— သတိပဋ္ဌာနသုတ်နှင့် ပဋ္ဌာနကျမ်းတို့မှာ ပါတဲ့ ပဋ္ဌာန ၂-ခု တူပါသလား။ ပဋ္ဌာန်းကျမ်းကို မြဘ်စွာဘုရား ဆင်ခြင် သုံးသပ်တော်မူတဲ့အခါ ခရာင်ခြည်တော် ခြောက်သွယ် ကွန့်မြူးတော်မူသလို သတိပဋ္ဌာန်ကို ဟောတဲ့အခါ ဘာကြောင့် ရောင်ခြည်တော် မကွန့်မြူးပါသလဲ၊ (ပဋ္ဌာန-ဆိုတဲ့ စကားလုံးချင်း တူဘာကို အခြေခံ

၍ မေးခြင်းပါ။) နိဗ္ဗာန်ဟာ မနောဓာတ် ဖြစ်ပါသလား။ (Mind–Element မနောဓာတ်ဟု စကားလုံး သုံးသော်လဲ နာမ်တရားပါလား-ဟု မေးလိုရင်းဖြစ်ပါသည်။ နိဗ္ဗာန်ကို နာမ်တရားဟု ယူဆထားတဲ့ အဘိဓမ္မာ လေ့လာနေသူ ကျွမန်အမျိုးသမီးက မေးခြင်းပါ။ သူ့အယူအဆကို ထောက်ခံတဲ့အဖြေကို ရလိုရှု မေးခြင်း ဖြစ်ပါသည်။) အဘိဓမ္မာတတ်မှ တရားအားထုတ်လို့ ရပါသလား။ (ဒကာတဦးက သံသယ ရှင်းလိုရှု မေးခြင်းပါ။) အလုပ် မအားနိုင်လို့ တရားစခန်း မသွားနိုင်သူများ ဝိပဿနာကို အိမ်မှာပဲ အားထုတ်လို့ ရပါသလား။ (စိတ်ဝင်စားသော ဒကာတဦး၏ မေးခွန်းပါ။)

စာရှည်သွားပြီမို့ နားပါရစေဦး ဘုရား။

သင်္ဃာ၌မှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

တီးဒေါ်တရားစခန်း
ဆောက်ဝင်ကျွန်း
နယ်သာလင်ပြည်
၁၀၊၇၊၇၉

ဆရာတော် ဦးကုသလဘိုရား

ရိုသေစွာ မေတ္တာရှေ့ထား လျှောက်ကြားပါသည်။ဘွန်းမြို့သံအမတ်ကြီးအိမ်မှာ ဂျာမန် ဒကာ ဒကာမများနှင့် အမေးအဖြေ ပြုလုပ်ရကြောင်း ရေးခဲ့ပါပြီ။ မေးဖြေပွဲ ပြီးတော့ ဒေါ်ရူဘီစိန် ဇနီးမောင်နှံတို့က ရုပ်ရှင်ပြ၍ ကြည့်ကြရပါသည်။

မဟာစည် သာသနာပြုအဖွဲ့ ရန်ကုန်မှ ထွက်ခါနီးမှာ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့က မှတ်တမ်းတင် ရုပ်ရှင်ရိုက်ပြီး ကင်မရာမင်း ဦးတင်ထွန်းက သူ့အမ ဒေါ်ရူဘီစိန်ထံ ဆေးဘို့ ပို့ထားတဲ့ ဖလင်များ ဆေးပြီး၍ ပြခြင်း ဖြစ်ပါသည်။ ရောင်စုံ ရုပ်ရှင်ဖြစ်၍ ကြည့်ကောင်းပါသည်။ ဖလင်လှူသူက အမေ၊ ရုပ်ရှင်ရိုက်သူက သား၊ ဖလင် ဆေးပေးသူက အမ၊ သုံးဦးပေါင်းလိုက်တော့ ရုပ်ရှင်တခန်း လှူဒါန်းမှု ပြည့်စုံသွား၍ ကုသိုလ်ပွားကြရပါသည်။ ဒေါ်ရူဘီစိန်က ဆေးပြီး ဖလင်များရော မရိုက်ရသေးတဲ့ ဖလင်အသစ် ၇-လိပ်ပါ ချမ်းမြေ့ရိပ်သာအား လှူလိုက်၍ ဝမ်းသာရပါသည်။

မှတ်တမ်းတင် ရုပ်ရှင်ကို ကြည့်ပြီးတော့ ဦးကံကြီး လိုက်ပို့တဲ့ ကားနှင့်ပင် ညနေ ၄-နာရီလောက်မှာ ဟော်လန်ကို ပြန်ခဲ့ကြပါသည်။

အပြန်လမ်းကတော့ ဘယ်လ်ဂျီယမ်ဘက်က လှည့်သွားတဲ့ လမ်း ဖြစ်ပါသည်။ ဘွန်းက ထွက်ခဲ့ လို့ တနာရီခွဲလောက် အကြာ ၅-နာရီခွဲလောက်မှာ ဘယ်လ်ဂျီယမ် နယ်စပ်ကို ရောက်ပါသည်။ အသွားတုန်းကလိုပင် ပတ်စ်ပို့ ဗီဆာ အစစ် အဆေး မရှိပဲ အလွယ်တကူပင် နယ်စပ်ကို ဖြတ်ကျော်ကာ ဘယ်လ်ဂျီယမ်ပြည် အတွင်းမှာ ကားပြေးမိလျက်သား ဖြစ်နေ ပါတော့သည်။

ဘယ်လ်ဂျီယမ်ပြည်ကို အူကြောင်းအတိုင်းဖြတ်ကာ ကား နှင့်ခရီးသွားနေခိုက် ဒါဟာ ဘယ်လ်ဂျီယမ် နိုင်ငံပါလားလို့ စိတ်ထဲမှာ ဆင်ခြင်နှလုံးသွင်း ထားရပါသည်။ အကြောင်း ကတော့ ဥရောပရဲ့ ဒီနား ပတ်ဝန်းကျင်က နိုင်ငံများဟာ တောတောင် မြေ ရေ အနေအထား၊ တနိုင်ငံနှင့် တနိုင်ံ အလွန်ကြီး မကွာခြားလှသောကြောင့် ဖြစ်ပါသည်။ ထူးတာ ကတော့ ရောက်ခဲ့ရသလောက် ဟော်လန်ပြည်မှာ သစ်ပင် မြင့်မြင့်၊ သစ်တောကြီးကြီး မတွေ့ရပါ။ ဘယ်လ်ဂျီယမ်မှာ တော့ သစ်ပင်မြင့်မြင့်တွေလဲ တွေ့ရပါသည်။သစ်တောအုပ်အုပ် ကလေးများလဲ ဟိုနား ဒီနား ခပ်လှမ်းလှမ်းမှာ မြင်ရပါသည်။

ညနေ ၇-နာရီမှာ ဘယ်လ်ဂျီယမ်ရဲ့ မြို့တော် ဘရပ်ဆဲလ် ကို ရောက်ပါသည်။ ယိုးဒယား ဘုန်းကြီးရဲ့ ဒကာတယောက် အိမ်ကို ရှာယင်း မြို့ကို လှည့်လည် ကြည့်ရှုကြပါသည်။ တိုက် ကြီး တာကြီးတွေနဲ့ ခမ်းနားပါသည်။ အထူးသဖြင့် ဥရောပ ဘုံစျေး အဆောက်အအုံ၊ ဥရောပ လွတ်တော် နေတိုး

စစ်အဖွဲ့ရုံး အဆောက်အအုံတို့ ထယ်ဝါ ခမ်းနားလှပါသည်။ တင့်တယ် လှပမှုတော့ နည်းပါသည်။ လမ်းကျယ် နည်းပါးပြီး လမ်းကျဉ်း များပုံရပါသည်။ လမ်းတွေမှာ လူရှုပ်သည်။ စား သောက်ဆိုင်၊ ကော်ဖီဆိုင်၊ အအေးဆိုင်တွေမှာ လူပြည့်ကျပ် အောင် စည်ကားပါသည်။

တနာရီ ကျော်ကျော်မျှ လှည့်လည် ကြည့်ရှုပြီး နောက် ဘရပ်ဆဲလ်မှ ဟော်လန်ပြည် ဒုတိယ တရားစခန်း တီးဒေါ့ ဆီသို့ ဦးတည်ကာ ထွက်ခဲ့ကြပါသည်။ ညနေချမ်းပင် ဖြစ် သော်လဲ လမ်းမီးတွေ ထွန်းကုန်ကြပါပြီ။ ဥရောပဘုံစေ့းအဖွဲ့ ကို အကြောင်းပြုပြီးတော့ ဥရောပ ဟိုက်ဝေး လမ်းမကြီး တလျှောက်မှာ ခန့်ညားလှပတဲ့ မီးတိုင်ကြီးတွေကို ခပ်စိပ်စိပ် စိုက်ထူ ထွန်းညှိထားလိုက်သည်မှာ ကျက်သရေ ရှိလှပါသည်။

ကျက်သရေရှိလှတဲ့ မီးရောင်တွေအောက်က ကျက်သရေ ရှိလှတဲ့ လမ်းကျယ်ကြီးပေါ်မှာ ကျက်သရေမင်္ဂလာ ပြည့်စုံစွာ အရှိန်ကောင်းကောင်းနှင့် မောင်းနေကြတုန်း ပြုန်းဆို ကျက် သရေရှိစွာ လမ်းမှားနေမှန်း သိကြရပါတော့သည်။

သူတို့ဆီမှာ လမ်းတခါမှားလျှင် အနည်းဆုံး ၁၀-၁၅ မိုင် ဆက်မသွားပဲ နောက်ကြောင်း ပြန်လှည့်လို့ မရပါ။ အဲကြောင်းကတော့ ဟိုက်ဝေး (အော်တိုဘန်း) လမ်းမကြီး များကို မည်သည့် ဘေးလမ်းကမျှ မဖြတ်ရပဲ လမ်းမကြီး၏ အောက်ကာဖြစ်စေ၊ အထက်ကဖြစ်စေ သွားရပါသည်။

ဒါကြောင့် စာနေရာတွင် လမ်းမှားလျှင် လမ်းမကြီးမှ ဘေး ကို ခွဲထွက်သွားတဲ့ အထွက်လမ်းရောက်အောင် ဆက်မောင်း ပြီးမှ ခွဲထွက်ကာ နောက်ကြောင်းပြန်ဘို့ လမ်းရှာရပါသည်။ ခွဲထွက်ပြီးပြန်တော့လဲ အနည်းဆုံး ၁၀-မိုင်ခန့် မောင်းမိမှဘဲ လမ်းမကြီးကို ပြန်တွေ့ရတတ်ပါသည်။ အနောက်နိုင်ငံတိုင်းမှာ သည်အတိုင်းချည်း ဖြစ်ပါသည်။ ဒါကြောင့် လမ်းတခါမှား လျှင် အချိန်အများကြီး ကုန်ကြာပြီး ခရီးအလွန် နှောင့်နှေး ပါသည်။

လမ်းမှားလျှင် ကားတိုင်းမှာ မပါမဖြစ်တဲ့ ခရီးသွားသူတို့ ရဲ့ အသက်လို့ ခေါ်နိုင်လောက်တဲ့ မြေပုံစာအုပ်ကို လှန်ပြီး မြေပုံစျာန် ဝင်စားကြရပါသည်။ မြေပုံ ကြည့်လိုက်၊ လမ်း နံပါတ် ကြည့်လိုက်၊ နေရာဒေသ အမည်ဆိုင်းဘုတ်ကြည့်လိုက်၊ ဒါနှင့်မှ မကျေနပ်သေးယင် နီးရာ မြင်ရာ တွေ့ရာလူကို မေး လိုက်နှင့် အလုပ်ရှုပ်ရပါသည်။တခါတရံ တယောက်က လမ်း မှားလို့ မြေပုံစာအုပ်ကြီး ကိုင်ပြီး အနီးအနားက တခြား တယောက်ကို မေးမယ်လို့ သူ့ဆီအသွား သူကလဲ လမ်းမှား လို့ မြေပုံစာအုပ်ကြီး တကားကားနဲ့ အလုပ်များနေတာ ကို တွေ့ရတတ်ပါသည်။

လမ်းမှားတဲ့အခါ မေးလိုက်လျှင်တော့ ဘယ်သူကမဆို (ကိုယ်ချင်းစာလို့ ထင်ပါရဲ့) စိတ်ရှည် လက်ရှည် အသေးစိပ် ရှင်းလင်း ညွှန်ပြတတ်ပါသည်။ တခါတရံမှာတော့ သိတယ်

ဆိုတဲ့လူက ညွှန်လိုက်ပါမှ မြို့ဝန်မင်းစောင်မမှ ထောင်လုံးလုံး ကျရတဲ့ အဖြစ်မျိုးလဲ ကြုံရတတ်ပါသည်။

တပည့်တော်တို့အထဲမှာ ယိုးဒယားဘုန်းကြီးက ဒီလမ်းကို တခေါက်သွားဘူးသူ၊ ဒကာ ဦးကိုကိုကြီးကတော့ မသွားဘူးသေဘဲလဲ ညရောပဘုံစျေး ကိုးနှိုင်ငံကိစ္စနဲ့ ညရောပတခွင် အနှံ့အပြား ကားခရီး နှင်နေကျမို့ အတွေ့အကြုံနှင့် မြေပုံကို အားကိုးသူ၊ တပည့်တော်ကတော့ မတောက်တခေါက် ဝင်ရပ်တတ်သူ၊ ဦးအဂ္ဂမဟာကတော့ လမ်းမှားလို့ ကားရပ်တိုင်းဧရအိမ်ရှာရတာနှင့် မောနေသူ။

ဒီလိုနဲ့ တပည့်တော်တို့ဟာ ဘယ်လိုယမ်ပြည်ရဲ့ နေဝင်ဆည်းဆာ၊ အဲဒီနေ့ အဲဒီအချိန်အခါမှာ သုံးကြိမ် သုံးခါ လမ်းမှားပြီး ၂-နာရီလောက် အချိန်ပို အကုန်ခံရပြီးမှပဲ ပင်လယ်တိမ်ကို ဖြတ်ပြီး ဟိုဘက်ကျွန်းကြီးကို ကူးရာ ဖြစ်တဲ့ ဘီယာဆကင် (Biesken) ကို ည ၁၀-နာရီ ကျော်ကျော်မှာ ရောက်ပါတော့သည်။ ဒီ ဆိပ်ကမ်းမှ မော်တော်ကား ၁၀၀-ကျော် ဆံ့တဲ့ နှစ်ထပ် ကုတ်ကြီးနဲ့ ကားရော လူပါ ဟိုဘက်ကမ်းကို ကူးရပါသည်။ ကံသီပေလို့သာ အချိန်မီပါသည်။ တပည့်တော်တို့ ကားလဲ ကုတ်ပေါ် ရောက်ကရော ကုတ်ကြီးလဲ တရွေ့ရွေ့နဲ့ ထွက်ပါလေတော့သည်။

ပင်လယ်တိမ်ကို ကူးရတာ နာရီဝက်သာသာ ကြာသည်ဟု ထင်ပါသည်။ ဒီ ကုတ်ဟာ ဒီနေ့အတွက် နောက်ဆုံး ကုတ်ဖြစ်လို့ ဒီ ကုတ်ကိုသာ တပည့်တော်တို့ မမီလျှင် ဒီဘက်

ကမ်းမှာပဲ ဒီည အချိန်ကုန်ရတော့မှာ ဖြစ်ပါသည်။ ဟိုဘက် ကမ်းရောက်တော့ ခရီးဆက်ကြပြန်ရာ ဥရောပမှာ အရှည်ဆုံး လို့ ပြောကြတဲ့ ၁၂-မိုင်ခန့် ရှည်သည့် ဇီလင်ဘရု (Zeeland Brug) တံတားကြီးကို ဖြတ်ကျော်အပြီး နာရီဝက် သာသာ အကြာမှာ တီးဒေါ့ တရားစခန်းသို့ ရောက်ပါတော့သည်။ အချိန်က ညသန်းခေါင် ၁၂-နာရီ ရှိနေပါပြီ။

လမ်းတလျှောက် သတိထားခဲ့သော်လဲ ဘယ်လိုယမ်နဲ့ ဟော်လန်နယ်ခြားကို မသိခဲ့ရပါ။အကြောင်းကတော့ နယ်ခြား စောင့် စခန်းလဲ မတွေ့ခဲ့ရ၊ လူဝင်လူထွက် ဌာနလဲ မတွေ့ခဲ့ရလို့ ပါဘဲ။ နယ်ခြားမှာ ဘာ အစောင့်မှ မထားကြ၊ ဘာ အစစ် အဆေးမှ မရှိကြ၊ ဥဒဟိုသွား ဥဒဟိုလာ၊ ဒီတိုင်းပြည်တွေမှာ အေးချမ်းလိုက်ကြတာ။

ဒီ တိုင်းပြည်တွေမှာ အေးချမ်းကြသော်လဲ ကမ္ဘာလှည့် သာသနာပြုအဖွဲ့တော့ တီးဒေါ့ ရောက်တာနှင့် ခိုးလို့ ခုလု ကလေးတွေနဲ့ တွေ့ရပါတော့သည်။ အကြောင်းကတော့ တီးဒေါ့ တရားစခန်းဟာ ကျွန်းကြီးတကျွန်းပေါ်က ချုံတွေ မြက်တွေ ပေါတဲ့ သီးပင် စားပင် ခြံကြီးထဲမှာ ဖြစ်နေလို့ပါဘဲ။ အကျယ် ၁၅-ကေခန့် ရှိမည် ထင်ပါသည်။

တရားစခန်းထဲ ဝင်လိုက်ကတည်းက ချုံကို တိုးပြီး မြက် တောကို ဖြတ်ကာ (Caravan) ကယ်ရုပ်ခေါ်တဲ့ မိသားစု ခရီးသွား ကားစုတ်ကြီးတွေနားမှာ ကားကို ရပ်ရပါသည်။ အယင် ရောက်နှင့်နေတဲ့ ဒေါက်တာ ဦးရေဝတမမှ၊ ဒတ်ချ်

ဦးပဉ္စင်းကြီးနှင့် ဒတ်ချ်ဒကာများ ရောက်လာပြီး လိုက်လံ နေရာ ချပေးတော့မှ ဒီ ကားစုတ်ကြီးတွေဟာ ကမ္ဘာလှည့် သာသနာ ပြုအဖွဲ့ရဲ့ စံကျောင်းတော်ကြီးတွေမှန်း သိရပါတော့သည်။

ညဉ့်က နက်လှပြီ၊ အချိန်မတော်.သန်းခေါင်ကျော်၊ လမ်း အကြိမ်ကြိမ်မှားပြီး စီးလာရတဲ့ ကားခရီးက ဂ-နာရီကြာ ခရီးရှည်မို့ (နေ့အခါဆိုလျှင် ရှုခင်းသာလို့ မထောင်းတာ သော်လဲ ညအခါဆိုတော့) ပန်းကြသည်။ အထူးသဖြင့် ဆရာ တော်ဘုရားကြီးမှာ အတော်ပန်းပုံ ရနေပါသည်။ ဒီအထဲ နေရာ ထိုင်ခင်းက အဆင်မပြေလှတော့ ဒကာသံမှူး ဦးကိုကိုကြီးလဲ စိတ်မကောင်းသည့်ဟန်ဖြင့် ဘွန်းမြို့သို့ ညတွင်းချင်း ပြန်ရှာ သည်။ သူပြန်တော့ ဘယ်လ်ဂျီယမ်က လှည့်မပြန်ပဲ ဟော်လန် ဘက်ကပဲ ခရီးဖြောင့်အတိုင်း ပြန်တာဖြစ်လို့ ပင်လယ်တိမ်ကို မတွေ့ရတော့ ကုတ်ခုန် ကူးဖို့ မလိုတော့ပါ။

တပည့်တော်များရဲ့ စံကျောင်းတော်ကြီးများကို ကြည့်ပါ၊ ရွှေ့ရှားအိမ်လို့ခေါ်တဲ့ မိသားစု ခရီးသွားကား **(Caravan)** အစုတ်ကြီးတွေသာ ဖြစ်ပါသည်။ အရွယ်ကတော့ တချို့က ဟီးနိုးဘတ်စ်ကား အငယ်စားလောက်၊ တချို့သိသိကြီး၊ တချို့ သိသိငယ်၊ ဒီကားကြီးတွေပေါ်မှာ လူ ၄-ယောက်မှ ၁၂-ယောက်ထိ အိပ်လောက်တဲ့ အိပ်စင်၊ မီးဖို၊ ရေခဲသေတ္တာ၊ ပန်းကန်ဆေးခွက်၊ မျက်နှာသစ်ခွက်၊ အိမ်သာ၊ စာရေးစားပွဲ၊ ထမင်းစားစားပွဲ စသည်အားဖြင့် မိသားစုတစုအတွက် အိမ်သုံး ပစ္စည်းအစုံ ပါ ပါသည်။

နေ့အားတွေမှာ ခရီးသွားကြလျှင် တတ်နိုင်သူများ ဒီကားကြီးမျိုးတွေနဲ့ ခရီးသွားကြသည်။ တည်းစရာ ခိုစရာ တည်းခိုရိပ်သာ ဟော်တယ်ရှာစရာ မလို၊ အလိုရှိတဲ့နေရာမှာ ရပ်ပြီးကားပေါ်မှာဘဲ ချက်ပြုတ်စားကာ နားနေအိပ်စက်လိုက်ရုံသာဖြစ်ပါသည်။ တချို့ ကျစ်ပစီတွေကတော့ ဒီကားကြီးတွေကိုပဲတသက်လုံး အိမ်လုပ်နေကြပြီး ရေကြည်ရာ မြက်နုရာ တနေရာရာမှာ ၁-နှစ်တန်သည် ၂-နှစ်တန်သည်နေပြီး နောက်တနေရာ ပြောင်းကာ ရွှေ့ကာ နေကြပါသည်။

သို့သော်လဲ ယခုတပည့်တော်တို့ရဲ့ စံကျောင်းတော်ကြီးများမှာ အသစ်မဟုတ် အစုတ်တွေသာဖြစ်လို့ အထက်မှာရေးခဲ့တဲ့အသုံးအဆောင်ပစ္စည်း ပစ္စယတွေ ဘာတခုမှ မရှိတော့ပါ။ အိပ်ဖြစ် နေဖြစ်အောင် ဖြစ်ကတတ်ဆန်းလုပ်ထားတဲ့ အိပ်စင်မျှသာ ရှိပါသည်။ အိပ်ရာ နေရာကလဲ ကမ္ဘာလှည့် ခရီးသွားမောင်ငမဲ့တို့ သုံးလေ့ရှိတဲ့ အိပ်ရာမျိုး၊ ကုဋီကလဲ မြန်မာပြည်တောဘက်က တွင်းတူးအိမ်သာလောက်မှနေရာမကျ၊ စံကျောင်းတော်က ဆင်းလိုက်လျှင် ခင်းထားတဲ့ မွေးရှည်မြစိမ်းကမ္ဘလာတွေပေါ် သတိန္ဒင့်နင်းကာ သွားရသည်၊ သည်အထဲ ကြက်တွေဘဲတွေ မွေးထားလို့ ကြက်ချေး ဘဲချေး မနင်းမိအောင် ရှောင်ရသေးသည်။

တရားစခန်း အခြေမလှတာနဲ့ ညတွင်းချင်းဘဲ ဆရာတော်ဘုရားကြီးအား ဝါးဝစ်မြို့ ယိုးဒယားကျောင်းကို ပြန်ပြီး သီတင်းသုံး နေစေလိုကြောင်း၊ ဒီတရားစခန်းမှာ တရားနဲ့

ပတ်သက်တဲ့ ကိစ္စမှန်သမျှ တပည့်တော်တို့ပဲ ပြီးစီးအောင် သည်းခံ ဆောင်ရွက်နေခဲ့မည် ဖြစ်ကြောင်း လျှောက်ထားပါသည်။ ဆရာတော်ဘုရားကြီးက "ကိစ္စမရှိပါဘူး၊ ရောက်မှတော့ နေတာပေါ့၊ နေလို့ဖြစ်ပါတယ်" ဟု မိန့်ပါသည်။ နောက်ရက်တွေမှာ ဒီစခန်းကို ဆရာတော်ဘုရားကြီး နှစ်သက်တာတွေ့ရလို့ တပည့်တော်တို့ စိတ်ချမ်းသာကြရ ပါသည် ဘုရား။

တီးဒေါ့ခြံ ပိုင်ရှင်က ဒတ်ချ်လူမျိုး ထေရဝါဒ ဗုဒ္ဓဘာသာဦးပဉ္ဇင်းကြီး၊ အသက်က ၆၅၊ တရားစခန်းတာဝန်ခံလဲ သူဘဲ။ စီစဉ်ညွှန်ကြားတဲ့ ဒါရိုက်တာကတော့ မနီးမဝေးမှာရှိတဲ့ ဝါး ဝစ်မြို့ယိုးဒယားကျောင်းမှ ယိုးဒယားဘုန်းကြီး မေတ္တာဝိဟာရီ။ တရားစခန်းရဲ့ ချုတ်ယွင်းချက်များအတွက် သူ့မှာ တာဝန်ရှိပါသည်။သူ့မှာ တာဝန်ရှိကြောင်း ပြောပြရသည်။သူကလဲ ဝန်ခံပါသည်။

ဒတ်ချ် ဦးပဉ္ဇင်းအိုကြီးကတော့ သက်နိုးဝတ်ထားလို့ သာဘုန်းကြီးဆိုရသည်။ ဘာဝိနည်းမျှ သိဟန်မတူ၊ လူဒကာတဦးလို့ ချုံရှင်း သစ်ပင်ခုတ်ကအစ သူ့ဟာသူ လုပ်နေသည်။ ငယ်စဉ်ကတည်းက စပြီး ဟစ်ပီခေါ်တဲ့ လမ်းပေါ်က လူဘဝနှင့်ဖြစ်သလို နေလာရာက ယိုးဒယားသွား တရားအားထုတ်ပြီး ရဟန်းပြုလာခဲ့ကြောင်း သိရပါသည်။ ဒီ တီးဒေါ့မှာ ၁၀-ကြိမ်ထက် မနည်း ၇-ရက်စခန်း၊ ၁၀-ရက်စခန်းများ ဖွင့်ကာ သူတလှည့် မေတ္တာဝိဟာရီတလှည့် တရားပြခဲ့ကြောင်း ပြောပါသည်။

သူ့တရားစခန်းမှာ ယောဂီများအတွက် နေစရာ အဆောက်အအုံ မရှိပါ။ များသောအားဖြင့် မြက်တောထဲမှာ ကိုယ့်ရွက်ထည်တဲ ကိုယ်ဆောက်ကာ နေကြရပါသည်။ အစားအသောက်ကျတော့လဲ ပေါင်မုန့်ညို ထမင်းနီကြမ်းနှင့် ဟင်းသီး ဟင်းရွက်ပြုတ်၊ ဟင်းရွက်စိမ်းများသာ ဖြစ်ပါသည်။ တရားထိုင်ရာ ဓမ္မာရုံကလဲ ရွက်ထည်တဲကြီးကြီး တခုသာဖြစ်ပါသည်။ ရွက်ထည် ဓမ္မာရုံရဲ့ ဝင်ပေါက်က ၃-ပေ သာသာလောက်သာ မြင့်တာမို့ ဆရာတော်ဘုရားကြီး တရားဟောဖို့ ဝင်လျှင် အတော်ကြီး ကုန်းငုံ့ပြီး ဝင်ရရာ အလွန်တရာမှ, အဆင်မပြေပါ။

ယောဂီတယောက်ထံမှ တနေ့ စားနေစရိတ် ဒတ်ချ်ဂီလ်ဒါ ၂၉-ဂီလ်ဒါ ယူပါသည်။ ၁-ဂီလ်ဒါဟာ မြန်မာ ကျပ်ငွေ ၃၀-၅၀ ပြားခန့်ဆိုတော့ တနေ့ မြန်မာငွေ ၁၀၀ ကျော်ခန့် ကျနေပါသည်။ ဟော်လန်ဟာ ဥရောပတိုက်ရဲ့ ကုန်ပစ္စည်းစျေးကြီးတဲ့ နိုင်ငံများတွင် ဒုတိယတန်းက ပါဝင်သော်လဲ လူတယောက် တနေ့တာ စရိတ်ဟာ ဒီစခန်းမှာ နေရ စားရပုံမျိုးနှင့် ဒါလောက် မကုန်ကျပါ။ အမှန်တော့ တရားစခန်းဖွင့်ပြီး ဝင်ငွေရှာခြင်းပါဘဲ။ တရားစခန်း ခြံထဲတွင် ပန်းသီးပင်များ၊ သစ်တော့ပင်များ၊ ဂျုံဖြူ၊ မုန်လာဥနှင့် တခြားအသီးအရွက်ပင်များကို စီးပွားဖြစ် စိုက်ပျိုးထားပါသည်။ ကြက်များ ဘဲများလဲ မွေးမြူထားပါသည်။

အားလုံး ခြုံကြည့်လိုက်လျှင် ဒတ်ချ ဦးပဉ္စင်းအိုကြီး လုပ်နေတာ တွေဟာ ဗုဒ္ဓဝါဒကို ယုံကြည်လို့ မဟုတ်။ တရားကို လိုလားလို့ မဟုတ်ပဲ ဗုဒ္ဓတရားတော်ကို ဗန်းပြပြီး တရားငတ်သူများနှင့် ခြေသလုံး အိမ်တိုင် သမားများရဲ့ အိတ်ထဲမှ ငွေကို နှိုက်ယူနေခြင်းသာဟု ယူဆစရာ ဖြစ်နေပါသည်။

ဒါကြောင့် ဒီဦးပဉ္စင်းကြီးကို သိက္ခာချ လူဝတ်လဲပေးလိုက်လျှင် သာသနာအတွက် ပိုကောင်းမည်ထင်ကြောင်း ယိုးဒယားဘုန်းကြီးကို အကြံပေးရပါသည်။ ဒီဦးပဉ္စင်းကြီးအပေါ် ယိုးဒယားဘုန်းကြီး အတော်လေး သြဇာ ညောင်းပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

တီးဒေါ့တရားစခန်း
နယ်သာလင်နိုင်ငံ
၁၁၊ ၇၊ ၇၉

ဆရာတော် ဦးကုသလ ဘုရား

တပည့်တော် ရိုသေစွာ မေတ္တာဖြင့် လျှောက်ထားပါသည်။ တနေ့က နောက်ဆုံးတရားစခန်းလဲဖြစ်၊ အည့ဆုံးစခန်းလဲဖြင့်တဲ့ ဟော်လန်ပြည် ဆောင်ဝင် ကျွန်းပေါ်မှ တီးဒေါ့ တရားစခန်းရဲ့ အခြေအနေကို ရေးခဲ့ပြီးပါပြီ။

ဒီစခန်းမှာလဲ ဆရာတော်ဘုရားကြီးက ညနေ ၇-နာရီမှာ တရားဟောပါသည်။ ၉-နာရီလောက်မှနေဝင်ပါသည်။တပည့်တော်က နေ့၂-နာရီမှာ တရားဟောပြီး တရား စစ်ပါသည်။ ယောဂီက ၂၀- လောက်ပဲ ရှိပါသည်။ အားထုတ်ဖူးသူတွေပါသလို အစိမ်းအရိုင်းသက်သက်လဲ ၃-၄ ယောက်လောက်ပါပါသည်။ အားထုတ်ဖူးသူတွေက ကြိုးကြိုးစားစား အားထုတ်ကြတာ များပါသည်။

အနောက်နိုင်ငံများမှာ တရားအားထုတ်သူများရော တရားပြသူများပါ တရားစခန်းမှာ သက်သတ်လွတ် စားကြရပါသည်။ အိန္ဒိယ ဟိန္ဒူဆရာများထံမှ ကူးစက်လာတဲ့ စားနည်းစားဟန် ဖြစ်ပုံရပါသည်။ တရားစခန်း တာဝန်ခံများက အကုန်အကျ သက်သာအောင် အမြတ်များများရအောင် ထွင်တာလဲဖြစ်နိုင်ပါသည်။

ယခု ဒီဟော်လန်မှာတော့ သက်သတ်လွတ် စားရုံမျှမက အိမ်မှာနို့၊ ထောပတ်၊ ဒိန်ခဲ၊ ဒိန်ချဉ် စတဲ့ အဆီအဆိမ်စာတွေပါ မစားသင့်ဘူးလို့ ယူဆကြပါသတဲ့။ ဒါလဲ သူတို့ ဒီလိုတကယ် ယူဆကြလို့ ဟုတ်ဟန် မတူပါ။ တပည့်တော် အကဲခတ်ရသလောက်မှာ ဟိတ်မြို့က ဗုဒ္ဓယာနာရာမ ကျောင်းအဖွဲ့ရော၊ ယခု ဒီတီးဒေါ့ဦးပဉ္ဇင်းကြီးပါ ငွေသိပ်လိုနေပါသည်။ဒါကြောင့် ချွေတာနိုင်သမျှ ချွေတာခြင်းဖြင့် လိုအပ်တဲ့ငွေ ရအောင် စုချင်တဲ့အတွက် ဒီအယူအဆကို ထွင်ပြီး လိုက်နာ ကျင့်သုံးကြတာ ဖြစ်ဟန်တူပါသည်။

ဒီအချက်မှာ မျက်မြင် အထောက်အထားရှိပါသည်။တနေ့ ဒေါက်တာ ဦးရေဝတမမှက တီးဒေါ့စခန်း သက်သတ်လွတ် ကိုသူလဲစားလို့မရ။ တခြားအဖွဲ့ဝင်တွေ စားရတာလဲအားနာ ဟန်တူပါရဲ့၊ ဒတ်ချ် ဒကာတဦးကို ဈေးသွားပြီး ထောပတ်၊ ဒိန်ခဲ၊ နို့ပုလင်းများနဲ့ မုန့်များ အဝယ်ခိုင်းပါသည်။ နံနက် အရုဏ်မှာ အဲဒီ အစားအသောက်တွေချကျွေးတော့ တရားစခန်းမှာ နို့ထွက်ပစ္စည်း မစားသင့်ဘူးဆိုတဲ့ တရားစခန်း တာဝန်ခံဒတ်ချ်ဦးပဉ္ဇင်းကြီးဟာ စားလိုက်တာ ကြည့်လို့တောင် ကောင်းပါသည်။ဒါကြောင့် မစားသင့်လို့ မစား:ချင်လို့မဟုတ်။ ချွေတာသမှု ငွေစုချင်လို့ဟု ဆိုရမည် ထင်ပါသည်။

ဒီတရားစခန်းမှာ နေ့ရေး၊ စားရေးညံ့ပြီး စရိတ်ကြီးသော်လဲ ဘာကယ်တရားလိုချင်တဲ့ ယောဂီများကတော့ မြက်တောထဲက သူတို့ ရွက်ထည်တဲထဲမှာတလှည့်၊ရွက်ထည် ဓမ္မာရုံထဲမှာတလှည့်

ကြိုးကြိုးစားစား မပြတ်မလပ် နိုးပါးရှုမှတ် ပွားများအားထုတ် ကြပါသည်။ မြက်တောထဲမှာပဲ စင်္ကြန်ကို ဖြေးဖြေးစိပ်စိပ် လျှောက်ကြပါသည်။ ချမ်းသာမှုကို တကယ် လိုချင်လာတော့ နေရာနဲ့အစားအသောက်ကို လုံးဝ ဇီဇာမကြောင် ဂရုမစိုက် တော့ပဲခန္ဓာကိုယ် မျှတအောင် ဆောင်နိုင်လျှင် ပြီးရော သဘော ထားကာ ကြိုးစားကြပါသည်။ မှန်ကန်တဲ့ သဘောထားပင် ဖြစ်ပါသည်။

အဲဒီ ယောဂီစုထဲမှာ ဆုစ်ဇာလန် မောင့်ဆိုလေ တရား စခန်းတုန်းက အိမ်မီးလောင်ခံရပြီးစမို့ စိုးရိမ်သောက မအေး ပူဆွေးလှလွန်းလို့ တရားရှုမှတ်လို့ မရဘူးဆိုတဲ့ အသက် ၃၀-လောက် ဒိန်းမတ်နိုင်ငံမှ အမျိုးသမီး ယောဂီကလေး ကိုလဲ စွဲးစွဲးစိုက်စိုက် အားထုတ်နေတာ ဆုတ်ရပါသည်။ ဒီယောဂီ မလေးကို ဆွစ်ဇာလန်တုန်းက အပြင်မီးစဖို့ စိတ်ငြိမ်သက် ကြည်လင်စေတဲ့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပေးခဲ့ပါသည်။ အဲဒီနောက် အောက်စ်ဖို့ အုတ်ကင်းဟော့ တရားစခန်းကို လိုက်အားထုတ်တော့ စိတ်ငြိမ်သက် ကြည်လင် လာပြီမို့ ဝိပဿနာ အားထုတ်နိုင်ရုံမက သတိ သမာဓိ ဉာဏ်တွေပင် အတော်ကြီး ဖြစ်နေပါပြီ။

တီးဒေါ့စခန်းကို သူလိုက်လိုပါတယ်လို့ အောက်စ်ဖို့မှာ ကတည်းက လျှောက်လိုက်ပါသည်။ အခု ဒီတီးဒေါ့မှာ မြက် တောထဲမယ် ဘာအခင်းမှ မပါပဲ ထိုင်နေတာဟာ မတ်ပြီး ငြိမ်နေတာဘဲ၊ လုံးဝမလှုပ်ပါ။ ဣန္ဒြေတွေလဲ ငြိမ်သက်တည်

ကြည်နေပြီ။ သူ့မျက်နှာကလဲ ဆွစ်ဇာလန်တုန်းက တွေ့ရတဲ့ အမြဲညှိုးငယ်ပူပန် ဆင်းရဲနေတဲ့ မျက်နှာကို ပြောင်းပြန်လှန် ပစ်လိုက်သလို ကြည်လင်ရွှင်လန်းနေလိုက်တာ "ရေတွေ့သော ကြာပန်းကို" သတိရစေပါသည်။ ရှင်တော်ဘုရား၏ တရား တည်းဟူသော ရေနှင့်တွေ့လို့ စိုးရိမ်မှု၊ ပူဆွေးမှုဆိုတဲ့ အပူ မြူမှုန်တွေ ကင်းစင်ပြီး အေးမြကြည်လင် လန်းဆန်းနေတဲ့ မျက်နှာကြာပန်း ပိုင်ရှင်မလေး ဖြစ်နေပါပြီ။

ကိလေသာနိုပ်စက်လို့ မျှော်လင့်ချက်ကင်းကာ ဆင်းရဲတွင်းမှာ ကျရောက်နေတဲ့ စိတ်ရောဂါ လူမမာဟာ မိမိညွှန်ကြားကဲ့သပေးတဲ့ ဆေးနဲ့ ကိလေသာ အပူပျောက်ကာ ကြည်သာချမ်းမြေ့ ရေတွေ့သော ကြာပန်းလို လန်းဆန်းနေတာ တွေ့ရတော့ စုတ်ချာလှတဲ့ တီးဒေါ့စခန်းလဲ နတ်ဘုံနတ်နန်းပမာ ဖြစ်လာပါတော့သည်။

တီးဒေါ့စခန်းရဲ့ နတ်ဘုံနတ်နန်းပမာ သာယာတဲ့ သဘောပေါ်မှာ သစ်တော့နှင့် ပန်းသီးခြံကြီးက ကြည်နူးလန်းဆန်းမှုကို ထပ်လောင်း အားဖြည့် ပေးပြန်ပါသည်။ တရားဟောဘရားပြချိန်က အနည်းငယ်မျှသာ ဖြစ်လို့ ကျန်အချိန်တွေမှာ သစ်ပင်တွေကိုဘဲ လိုက်ကြည့်နေမိပါသည်။

ဒီ တီးဒေါ့စခန်းဟာ ကြည့်စရာ ရှုစရာမြို့ကြီးပြကြီးနဲ့ မနီးတော့ စခန်းမှာရှိတဲ့ သစ်ပင် တွေကိုပဲ ကြည့်စရာ လုပ်ပြီး ကြည့်နေမိပါသည်၊ အထူးသဖြင့် ပန်းသီးပင်တွေ ဆီပဲ

ရောက်ရောက်သွားကာ အပြွတ်လိုက်အပြွတ်လိုက် နိမ့်နိမ့်ကလေး တွေ သီးနေတဲ့ဖြူဝင်းတဲ့ပန်းသီး၊ အစိမ်းရောင်ပန်းသီး၊ အနီရောင် ပန်းသီး၊ နီညိုရောင် ပန်းသီးတွေကိုပဲ မျိုးစုံအောင် တပင်ပြီး တပင် လိုက်ကြည့်နေမိပါသည်။

တနေ့တော့ ပန်းသီးပင်တွေနား တဝဲလည်လည် ဖြစ်နေတဲ့ တပည့်တော်ကို ဦးရေဝတမမှက ပန်းသီးပင်တွေနားကပ် ရပ်စေပြီး ဓာတ်ပုံအမျိုးမျိုး ရိုက်ပါတော့သည်။ အပင်အောက်မှာ ဇကြွကျပြီး မြေခနေတဲ့ ပန်းသီးတွေကလဲ မြက်တောအနှံ့ ပြန့်ကြဲနေပါသည်။

ကြွကျပြီး အလဟဿဖြစ်နေတဲ့ ပန်းသီးတွေ ကြည့်ပြီး စိတ်ကူးတခု ပေါက်လာပါသည်။ ဒါနဲ့ စံကျောင်းတော်ကြီး ပြန်ရောက်တော့ စဖိုးမှူးကြီး ဦးမြသိန်းကိုခေါ်ပြီး ပန်းသီး ကို ကြက်သွန် ဆီ ဆားနဲ့သုပ် အချဉ်လိုတယ်ထင်ယင် အချဉ်ရည် တမျိုးမျိုး နဲနဲထည့်သုပ်ပြီး ဆွမ်းကပ်တဲ့အခါ ဟင်းတမျိုးအဖြစ် ထည့်ကပ်ဖို့ အကြံပေးလိုက်ပါသည်။

နေ့ဆွမ်း စားသည့်အခါ ဆွမ်းမြိန်လိုက်သည်မှာ ခေါင်းမဖော်နိုင်။ တီးဒေါ့ နတ်ဘုံနတ်နန်းမှာ ဒီကနေ့မှ နတ်သုဒ္ဓါကို စားရ၊ အသီနောက်ကျ လိုက်လေခြင်းလို့တောင် တွေးမိပါသည်။ စခန်းမှူး ဦးပဉ္စင်းကြီးကို အစားခိုင်းတော့ ကြိုက်လွန်းလို့ ဘယ်လို လုပ်သလဲလို့ တဖွဖွမေးရှာသည်။ သူ့ရဲ့ ဒတ်ချ်ကပ္ပယကလေးကို ဦးမြသိန်းဆီက နည်းတောင်းထားပါလို့ အမိန့်ပေးရှာသည်။

အော် နတ်သုဒ္ဓါပေါတဲ့ ဘုံနန်းမှာ စံမြန်းရသော်လဲ ကောင်းမှုကံက မရှိတော့ နတ်သုဒ္ဓါမှန်းလဲ မသိ၊ စားရမှန်းလဲ မသိတာနဲ့ မစားရရှာပါကလားလို့ သနားမိပါသည်။ တပည့်တော်မှာတော့ ဆည်းပူးခဲ့တဲ့ ကောင်းမှုကံ ပါရမီက ပြည့်ခဲ့လို့ ကြွေကျပြီး မြေခနေတာတွေ မြင်လိုက်တဲ့အခါမှာပဲ ဒီလိုလုပ်ရှယင် ကောင်းမှာပဲလို့ အကြံပေါ်ကာ နတ်သုဒ္ဓါ လျှာပေါ်ပဲလို့ အကြောထဲ စိမ့်ရပါသည်။

သို့သော်လဲ တီးဒေါ့မှာ တရားစခန်းက ၃-ရက်သာ အချိန်ပေးနိုင်လို့ နက်ဖြန်ဆိုလျှင် နတ်သုဒ္ဓါနှင့် ဝေးရတော့မှာပါဘုရား။

သတ္တဝါ မှန်သရွေ့၊ ဘုရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေး

ပါရိဒ္ဓိတော်
ပြင်ဆင်ပြည်
၁၃၊ ၇၊ ၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ ဟော်လန်ပြည် တီးဒေါ့တရားစခန်း ဂျူလိုင် ၁၁-ရက်နေ့က အပြီးသတ်ပါသည်။ ၁၂-ရက်နေ့ နံနက်တွင် ယိုးဒယားဘုန်းကြီး မေတ္တာ ဝိဟာရိက ဝါးဝစ်မြို့ရှိ သူ၏ ယိုးဒယားကျောင်းသို့ အားလုံးပင့်သွားပြီး နေ့ဆွမ်း ကပ်ပါသည်။

ဒီ ယိုးဒယား ဘုန်းကြီးကျောင်းမှာ မေတ္တာဝိဟာရိဆိုတဲ့ ၁၇-ဝါရ ယိုးဒယားဘုန်းကြီးတပါး၊ အင်ဒိုနီးရှား ဘုန်းကြီး တပါးနှင့် မလေးရှား တရုတ် ဦးပဉ္စင်းလေးတပါး နေကြပါသည်။ ကျောင်းဆိုသော်လဲ အိမ်ကို တလ ဒတ်ချ် ဂီလ်ဒါ ၆၀၀ နှင့် ငှားယူပြီး ကျောင်းလုပ်ထားခြင်း ဖြစ်ပါသည်။ ယိုးဒယား အစိုးရက ကမကထပြုပြီး တည်ထောင် ပေးထားတဲ့ ကျောင်း ဖြစ်ပါသည်။ ကျောင်းသက် ခြောက်နှစ် ရှိပြီဟု သိရပါသည်။ ယခု ကျောင်းကျဉ်းနေ၍ ကျောင်းနှင့် မလှမ်းမကမ်းမှ ကော တစိတ်သာသာ ရှိမည့် မြေကွက်ကို ဝယ်ယူထား ပါသည်။ အဲဒီ မြေကွက်မှာ မကြာမီ ကျောင်းဆောက်ကြ ပါလိမ့်မည်။

အနောက် နိုင်ငံများတွင် နိုင်ငံ အတော် များများမှာ ယိုးဒယား ဘုန်းကြီးကျောင်းများ ရှိကြပါသည်။ တချို့မှာ

ယိုးဒယားအစိုးရက တည်ထောင်ပေးထားသော ကျောင်းများဖြစ်၍ တချို့မှာ အစိုးရဦးဆောင်သော စေတနာရှင်များစုပေါင်းတည်ထောင်သော ကျောင်းများဖြစ်ပါသည်။

ယိုးဒယားအစိုးရနှင့် စေတနာရှင် ပြည်သူလူထု၏ ရည်ရွယ်ချက်မှာ ခရီးကျူးစရာကောင်းပါသည်။ သူတို့ ဘုန်းကြီးကျောင်းတည်ထောင်ပြီး ယိုးဒယားဘုန်းကြီးများကို ကမ္ဘာအနှံ့အပြားပို့လွှတ်ထားတာဟာ နိုင်ငံခြားသားမျ်ားကို သာသနာပြုဖို့ မဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် တခြားနိုင်ငံများတွင် အမြဲအစဉ် ဖြစ်စေ၊ ၁-လ ၂-လ၊ ၁-နှစ် ၂-နှစ် စသည် အချိန်အပိုင်းအခြားနှင့် ဖြစ်စေ ရောက်နေကြသော ယိုးဒယားလူမျိုးများ မိမိတို့ ဘာသာတရားနှင့် အမြဲတစေ ထိတွေ့ဆက်စပ်နေစေရန် ဖြစ်ပါသည်။

အဲဒီလို မိမိတို့ ဆည်းကပ် ကိုးကွယ်နေတဲ့ ဘာသာတရားနှင့် အမြဲထိတွေ့နေရလို့ တခြားဘာသာတရားကို စိတ်မဝင်စားတော့ခြင်း၊ မိမိတို့ဘာသာတရားနှင့် ပတ်သက်တဲ့ ဒါန သီလ ဘာဝနာ ကောင်းမှုတွေကို မိမိတို့နိုင်ငံရင်းမှာလိုဘဲ ပြုစုဆည်းပူးနိုင်ကြလို့ အားရကျေနပ်ခြင်း၊ စိတ်ချမ်းသာခြင်း၊ ကြည်နူးချမ်းမြေ့ခြင်းတွေကို ရရှိကြပါသည်။

လူမျိုးရဲ့ ယဉ်ကျေးမှုဟာ များသောအားဖြင့် ကိုးကွယ်တဲ့ ဘာသာတရားမှ ပေါက်ဖွားလာတာ ဖြစ်တော့ ကိုးကွယ်တဲ့ ဘာသာတရားကို ထိန်းသိမ်း ပေးထားနိုင်လျှင် လူမျိုးရဲ့ ယဉ်ကျေးမှုကိုလဲ အများဆုံး ထိန်းသိမ်းပေးထားပြီး ဖြစ်သွားပ၊

သည်။ လူမျိုးရဲ့ ယဉ်ကျေးမှု ပျောက်မသွားလျှင် မျိုးချစ်စိတ် နှင့် နိုင်ငံချစ်စိတ်ပါ မပျောက်နိုင်တော့ပါ။ ဒီလိုဆိုလျှင် ပြင်ပပင် ရောက်နေသော်လဲ မိမိလူမျိုးနဲ့ အမိနိုင်ငံရဲ့ ဂုဏ်သိက္ခာ မပျက်အောင် စောင့်စည်း ထိန်းသိမ်းပြီး ဂုဏ်သိက္ခာတက် အောင်သာ ပြောဆို ပြုမူ နေထိုင်ကြတော့မှာ မုချပါပဲ။

သူတို့ အစီအစဉ်ဟာ အလွန် ကောင်းပါသည်။ ဒီနည်းနဲ့ ပြည်ပရောက်နေသူ ကိုယ် လူမျိုးများကို စည်းရုံးထိန်းသိမ်းထား နိုင်ပါသည်။ တခြား နိုင်ငံသူ နိုင်ငံသားများကိုလဲ တစတစ စည်းရုံးသိမ်းသွင်းနိုင်တဲ့ အခွင့်အရေးလဲ ရပါသည်။

အခု ဟော်လန်ပြည် ဝါးဝစ်က ယိုးဒယားကျောင်းလဲ ဒီ ရည်ရွယ်ချက်နဲ့ တည်ထောင် ထားတော့ ကိုယ့် နိုင်ငံ သား ထိန်းသိမ်းရေးရော တိုင်းခြားသား သိမ်းသွင်းရေးပါ အတော် အရာ ရောက်လျက် ရှိကြောင်း သိရပါသည်။ ဦးဆောင်တဲ့ ဘုန်းကြီး မေတ္တာဝိဟာရီကလဲ စိတ်နေသဘောထားရော ဆက် ဆံရေးရော ကိစ္စအဝဝ ဆောင်ရွက်ရေးမှာပါ တော်ပါသည်။ ဖြတ်လတ်ကျွမ်းကျင် သိမြင်တတ်သူ ဖြစ်ပါသည်။ သူ့ကို ပြည်ပ လွတ်ရတာဟာ ယိုးဒယားအစိုးရနှင့် နိုင်ငံတော်အနေနဲ့ အင်မ တန် အကျိုးကျေးဇူး များလှပါသည်။

တပည့်တော်တို့ မြန်မာနိုင်ငံမှ ရဟန်းတော်များလဲ သူတို့ လိုပဲ ပြည်ပမှာ သွားရောက်နေထိုင်လျှင် တိုင်းပြည်နှင့် လူမျိုး အတွက် အကျိုးများမည်မှာ မခြဖြစ်ပါသည်။

တပည့်တော်တို့ဟာ ဝါးဝစ်မှာ နေ့ဆွမ်းစားပြီး ခဏမျှ နားပြီးတော့ နေ့လယ် ၂-နာရီတွင် အမ်စတာဒမ်မြို့သို့ ကား ၂-စီး နှင့်ထွက်ခဲ့ကြပါသည်။တပည့်တော်၊ယိုးဒယားဘုန်းကြီးနှင့် ဆရာတော်ဘုရားကြီးက ကား ၁-စီး၊ ဦးအဂ္ဂမမှ ဦးမြသိန်းနှင့် ဒတ်ချ်ဒကာတယောက်က ကားတစီး၊ ဦးအဂ္ဂမမှတို့ စီးတဲ့ကားကို မောင်းတဲ့ ယာဉ်မောင်းသမားကတော့ တီးဒေါ့ တရားဟမန်း တာဝန်ခံ ဒတ်ချ် ဦးပဉ္ဇင်းအိုကြီးပါဘဲ။ အသက် ၆၅ နှစ်ပင် ရှိသော်လဲ သန်မာ ဖျတ်လတ်လျက်ပင် ရှိပါသေးသည်။ သက်နံးဝတ်နဲ့ ဒရိုင်ဗာကို မြင်ရတော့ စိတ်ထဲမှာ တမျိုးကြီး ဖြစ်နေပါသည်။ သို့သော်လဲ သူ့နိုင်ငံနှင့် သူမို့ ဘာမှ မပြောသာပါ။

အမ်စ်တာဒမ်ကို ညနေ ၃-နာရီမှာ ရောက်ကြပါသည်။ မြို့ကို ကားနှင့်ပတ်၍ ပြပြီးနောက် မြို့ပတ် သဘော်ကို စီးရပြန်ပါသည်။ သဘော် ဆိုသော်လဲ နံရံနှင့် အမိုး နိမ့်နိမ့်ကို မှန်ခုံး ခုံနှင့် တောက်လျှောက် အမိုးခုံး မိုးကာထားတဲ့ အလှစီးဇော်တော်တစင်း ဖြစ်ပါသည်။ အဲဒီ မော်တော်နှင့် တူးခြောင်းပေါင်း မြောက်မြားစွာ အတွင်း တံတားပေါင်း အမြောက်အမြားအောက်မှ မောင်း၍ မြို့ကို လှည့်ပတ်ပြပါသည်။

အမ်စ်တာဒမ်တွင် တံတားပေါင်း တထောင်ရှိ၍ တူးမြောင်းပေါင်း တရာကျော် ရှိကြောင်း သိရပါသည်။ တံတားများမှာ နိမ့်နိမ့်ကလေးတွေက များပါသည်။ မော်တော်အမိုး လွတ်ရုံမျှသာ ရှိပါသည်။ ပင်လယ်ကမ်းစင်ရှိ ကြီကယ်လှတဲ့ အမ်စ်

ဘာဒမ် သဘော်ကျင်းနားလဲ ရောက်ရပါသည်။ ဒီ သဘော်ကျင်းမှာ တနှစ်လျှင် သဘော် ကိုးထောင်ကျော် ပြင်ရသည်ဟု သိရပါသည်။ မြို့ရှုခင်းက မကောင်းတာ မျှားပါသည်။ ခရေးကျွှဲဟောင်းနွမ်းတဲ့ တိုက်တာ အိမ်ရာတွေကိုသာအတွေ့ရများပါသည်။

တနာရီခန့် မြို့ကို သဘော်နှင့် လှည့်ပတ်ကြည့်ရှု၍ တပတ်ပတ်မိကြပြီး မော်တော် စတင်စီးတဲ့ ဆိပ်ကမ်းကို ပြန်ရောက်ပါသည်။ ကမ်းပေါ်အတက် တနေရာမှာ ဓာတ်ပုံတွေ ချိတ်ဆားတာကို လူအများကြည့်ကြလို့ ဝင်ကြည့်မိတော့ တပည့်တော်တို့ မော်တော် မတက်မီလေးတွင် တပည့်ဘော်တို့ မသိအောင် ရိုက်ယူထားလိုက်တဲ့ ပုံတွေပါတွေ့ရပါသည်။ အဲဒါကို လိုချင်ယင် ဝယ်ယူရုံမျှသာ ဖြစ်ပါသည်။ စီးပွားရေး အကွက်မြင်တတ်ကြပါသည်။

မော်တော် အစင်းပေါင်း နှစ်ဆယ်လောက်ဟာ လူအပြည့်နဲ့ တစင်းပြီးတစင်း ထွက်နေရတာ ကြည့်ခြင်းအားဖြင် တနေ့တနေ့ မြို့ပတ်မော်တော်စီး လူဦးရေ သောင်းချီပြီး မရှိတောင်မှ ထောင်ချီပြီး ရှိမည် အမှန်။ ဒီအထဲက ရာဂဏန်းလောက်ကတော့ အမှတ်တရအနေနဲ့ ကိုယ့်ပုံကိုယ် ဝယ်ယူကြမှာ မုချပါ။ တပည့်တော်တို့ ကို လိုက်ပို့တဲ့ ဒတ်ခ်ျ ဒကာသည်ပင် တပည့်တော်တို့ပုံများကို ဝယ်ယူကာ လှူလိုက်ပါသေးသည်။ ဒီတော့ ဒီဓာတ်ပုံ ဆရာတွေရဲ့ ဝင်ငွေဟာ မသေးလှကြောင်း ခန့်မှန်းနိုင်ပါသည်။

မော်တော်ဆိပ်မှ လေဆိပ်သို့ လာခဲ့ကြပြီး ညနေ ၆-နာရီ ၁၅-မိနစ်မှာ အမ်စတာဒမ် လေဆိပ်မှ ဒတ်ချ်လေကြောင်း ကုမ္ပဏီ ကေအယ်လ်အမ် လေယာဉ်ဖြင့် ပြင်သစ်ပြည် မြို့တော် ပါရီ (ပဲရစ်)သို့ ထွက်ခဲ့ကြရာ ၇-နာရီ ၁၅-မိနစ်တွင် ပါရီ လေဆိပ်သို့ ရောက်ပါသည်။ မြန်မာသံရုံးမှ သံအမတ်ကြီး ဦးစောလှိုင်၊ အတွင်းဝန် ဦးသန်းထွန်း၊ ဗိယက်နမ် ဘုန်းကြီး နှစ်ပါးနှင့် ဒကာနှစ်ယောက်တို့ လာကြိုနေကြတာကို အဆင်သင့် တွေ့ရပါသည်။

ဗိယက်နမ် ဒကာများကို တွေ့စမှာ တရုပ်မြန်မာ ကပြား များဟု ထင်မိ၍ မြန်မာလို ပြောမိပါသည်။ နှစ်ခွန်း သုံးခွန်း ပြောမိ၍ စကားပြန်မရတော့မှ "မှားပြန်ပကော"လို့ အခြေ အနေကို ရိပ်မိပြီး အင်္ဂလိပ်လို ပြောဆို ဆက်ဆံရပါတော့ သည်။ ဒီလိုအဖြစ်မျိုးကို ဆန်ဖရန်စစ္စကိုမှာ ဖိလိပိုင်နိုင်ငံသား ကို မြန်မာနဲ့ မှားခဲ့ရတာ တကြိမ်၊ ဘာမင်ဂန်မှာ မလေး ရှားကို မြန်မာနဲ့ မှားခဲ့ရတာ တကြိမ်၊ ဆွစ်ဇာလန်ပြည် ဇူးရစ်မြို့မှာ ယိုးဒယား အမျိုးသမီးကို မြန်မာနဲ့ မှားခဲ့ရတာ တကြိမ်၊ ယခု တကြိမ်၊ အားလုံး အမှား လေးကြိမ် တွေ့ခဲ့ရ ပါပြီ၊ အရှေ့တောင် အာရှ တိုင်းပြည်များမှ လူမျိုးများမှာ ဥရောပ တိုက်သားများလိုပင် ရုပ်ချင်း ဆင်ကြ တူကြတော့ အခဲခြားရ ခက်လှပါသည်။

လေဆိပ်မှ ထွက်လာကြပြီး ပါရီမြို့ထဲ ရောက်တော့ မြို့ လယ်က သံအမတ်ကြီး ဦးစောလှိုင်၏ နေအိမ်တွင် တည်းခိုကြ

ရပါသည်။ ညအိပ်တဲ့အခါ အောက်ထပ်မှာ အမျိုးသမီးတွေ ရှိနေတာနဲ့ နိသဇ္ဇတင် ဆောက်တည်ကာ နံရံမှီပြီး ထိုင်လျက် အိပ်ရာ အောင်မြင်သွားပါသည်။ ယခုလို နိသဇ္ဇတင် ဆောက်တည်တဲ့ နေရာတွေမှာ အပြည့်အဝ မအောင်မြင်တဲ့ အခါလဲ ရှိပါသည်။ သို့သော်လဲ ထနေက အတိုင်း အရုဏ် မတက်မီ အိပ်ရာမှ ထတာဖြစ်လို့ ဝိနည်း အငြိအစွန်းတော့ ကင်းလွတ်ပါသည်။

ဆရာတော်ဘုရား ကြီးတော့ ညစဉ် နိသဇ္ဇတင် အပြည့်အဝ ရပါသည် ဘုရား။

ဆတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

အသောက ဆရာတော်သို့

မေတ္တာဖြင့် သိစေအပ်ပါသည်။ ဟော်လန်နိုင်ငံမှာ ဂ-ရက် နေစဉ်က စာမထည့်နိုင်ခဲ့၍ အခု ပါရီရောက်မှ စာရေးရပါသည်။ ဟော်လန်ပြည်တွင် ၃-ရက် တရားစခန်း ၂-နေရာ ဟောပြော ပြသခဲ့ရပါသည်။ ယောဂီ မများလှပါ။ အမ်စတာဒမ်၊ ရော့တာဒမ်၊ ဟိတ်နှင့် ဝါးဝစ် မြို့များသို့ လှည့်လည် ကြွသွားခဲ့ရပါသည်။ ဟော်လန်ခေါ် နယ်သာလင် နိုင်ငံသည် ပင်လယ် ရေမျက်နှာပြင်အောက် နိမ့်နေသော နိုင်ငံ ဖြစ်ပါသည်။ နွားနို့ထွက် ပစ္စည်း ပေါများသော နိုင်ငံပင် ဖြစ်သော်လည်း တရားစခန်းများမှာ နို့ထွက် ပစ္စည်းများကို တွေ့ဘို့ ခဲယဉ်းပါသည်။

ဟော်လန်မှာနေတဲ့ အတော်အတွင်းမှာ ဂျာမနီပြည် ဘွန်းမြို့မှ သံအမတ်ကြီးနှင့် စီးပွားရေး သံမှူးတို့ ပင့်သဖြင့် ၁-နေ့နှင့် ၁-ညအိပ် ကားနှင့် သွားရပါသည်။ အပြန်မှာ ဘယ်လ်ဂျီယမ်ပြည်ကို အှေကြောင်းက ဖြတ်လျက် ကားမောင်းခဲ့ပြီး မြို့တော် ဘရပ်ဆဲလ်မှာ ခဏနား၍ ဟော်လန် ပြည်ဘက်သို့ ပြန်ကူးခဲ့ပါသည်။ သူတို့ဆီမှာ ကိုယ့်ကားနှင့်ကိုယ် ခရီးသွား

ရသည်မှာ လမ်းကလဲ ကျယ်၊ ရာသီကလဲ မပူ၊ ပတ်ဝန်းကျင်ကလဲ သာယာတော့ ခရီးရှည်သော်လဲ မပင်မပန်း လန်းဆန်းပျော်ရွှင်ပါသည်။

ဥရောပမှာ ဥရောပတတိုက်လုံး ဒိုးယိုပေါက် ရောက်နိုင်သည့် လမ်းဖြောင့်ကြီးများကို (E) အမှတ်အသားပြပြီး ၁-နိုင်ငံ ၂-နိုင်ငံလောက်သာ ရောက်နိုင်သည့် လမ်းကျယ်ကြီးများကို (A) အမှတ် ပြထားပါသည်။ ဥရောပမှာ အော်တို ဘန်း၊ အင်္ဂလန်မှာ မော်တော်ဝေး၊ အမေရိကန်မှာ ဟိုက်ဝေး ခေါ်သော လမ်းကျယ်ကြီးများမှာ အသွား လမ်းတခြမ်း၊ အပြန် လမ်းတခြမ်း ၂-ခြမ်းကို အလယ်က သံတန်းများ သစ်ပင်များ ခြားထားပါသည်။တခြမ်း တခြမ်းတွင် လမ်း ၃-သွယ်၊ ၄--သွယ် မျဉ်းဖြူ တားပေးထားပြီး ကား ၃-စီး တချိန်တည်း ယှဉ်လျက် ပြေးနိုင်ပါသည်။ ဘယ်ဘက် (အတွင်းဘက်) အကျဆုံး လမ်းက အမြန်ဆုံးမောင်းရန်၊ သူ့ညာဘက် လမ်းက မနှေးမမြန် မောင်းရန်၊ သူ့ညာဘက်လမ်းက အနှေးမောင်းရန်ဖြစ်ပါသည်။ ညာဘက် အကျဆုံး (အပြင်ဘက်ဆုံး) လမ်းကတော့ ကိစ္စ တစုံတရာရှိလျှင် ဖြစ်စေ၊ ကားပျက်လျှင် ဖြစ်စေ ရပ်နားဘို့ပါပဲ။ လမ်းကြီများမှာ ကျယ်ပြန့်ရုံမျှမက မျက်စိတ ဆုံးဖြောင့်ဖြောင့်ဖြူးဖြူးကြီးတွေ ဆိုတော့ ရှေ့တခေါ် မျှော်ကြည့်ရတာပင် အရသာ ရှိလှပါသည်။

ဤမနီနှင့် ဘယ်လိုယမ်ကို အိပ်မက် မက်ရုံဘဲ မက်ခဲ့ရပါသည်။ လာမည့် နှစ်မှာတဲ့ အေးအေးဆေးဆေးနေပြီး မွေးဒူတ ခရီး လှည့်ရပါတော့မည်။

တီးဒေါ့ တရားစခန်း ဂျူလိုင် ၁၂-ရက်နေ့က ပြီးပါသည်။ အဲဒီနေ့ (မနေ့က) ညနေပဲ အမ်စတာဒမ်မှ ကေအယ်လ်အမ် လေယာဉ်ဖြင့် ပြင်သစ်ပြည် ပါရီသို့ ကူးခဲ့ရာ ညနေ ၇-နာရီ ၁၅-မိနစ်တွင် ပါရီသို့ ရောက်ပါသည်။ သံအမတ်ကြီးအိမ်မှာ နေရပါသည်။ ချမ်းသာပါသည်။

ဗာဆိုင်းနန်းတော်၊ လူ(ဗ်)ပြတိုက်၊ နော်တာဒိမ် ဘုရားရှိခိုးကျောင်းကြီးများသို့ ရောက်ပြီးပါပြီ။ဘုရား မပွင့်မီ နှစ်ပေါင်း ၁၀၀၀-ခန့်ကျော်လောက်က ထုလုပ်ထားတဲ့ နာမည်ကျော် ဝေနုဒေဝီ (Venus) ကျောက်ရုပ်ကိုရော စွယ်စုံကျော် ပန်းချီဆရာကြီး လီယိုနာဒိုဒါဗင်ချီရဲ့ ကမ္ဘာကျော် မိုနာလီဇာ ပန်းချီကားကိုပါ တွေ့ရ မြင်ရဖို့ ငယ်ငယ်က တောင့်တခဲ့ဘူးပါသည်။ ယခု တွေ့မြင်ရတော့ လက်ရာ မြောက်လှတဲ့ မိုနာလီဇာကမ္ဘာကျော်တာ မဆန်းပါ။ ကျော်လောက်အောင် လှလွန်းအသက်ဝင်လွန်းသဖြင့် ကျော်ရခြင်းပင်။

သုံးလေးခါ အခိုးခံရလို့ မခိုးနိုင်အောင် မှန်အထူကြီး ကာထားပြီး လျှပ်စစ်ဓာတ်လွှတ်ကာ အကျဉ်းချ ခံထားရတဲ့ မမိုနာဟာ ၂၄-လက်မခန့် မှန်ဘောင်အတွင်းမှ ရုတ်တရက် နှုတ်ဆက်လိုက်တော့မလိုလို၊ ဂွင်္ဂြိရရ ယဉ်စစကလေး ပြုံးပြ

လိုက်တော့ မလိုလို လာရောက် ကြည့်ရှုသူများ ဒီအနားရောက်ယင် ခြေဖဝါးနှင့်ကြမ်း သံမယ်နှ ဖမ်းထားသလို တော်တော်နှင့် မခွာနိုင်ကြတော့၊ တဖြေးဖြေး လူအုပ်ကြီး ဖြစ်လာရတော့သည်။ အံ့လောက်သည့် လက်ရာပါပေ။

ဒေါ်မိုနာကြောင့် အပိုဆာဒါတွေပါ ကုန်ပါပြီ။ ဒီမှာ ဖြတ်ရပ်ပါတော့မည်။ ဂျူလိုင် ၁၅-ရက်၊ လန်ဒန်ပြန်၊ ၁၆-ရက် ယိုးဒယားသို့ထွက်၊ ၂၃-ရက် ရန်ကုန် ပြန်ရောက်ပါမည်၊ ချမ်းမြေ့ကြပါစေဘုရား။

သတ္တဝါ မှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာရှိပါစေ၊

ပါရီမြို့တော်
ပြင်သစ်ပြည်
၁၄၊၇၊၂၉

ဆရာတော် ဦးကုသလ ဘုရား

တပည့်တော် မေတ္တာဖြင့် ရှိသေစွာ လျှောက်ထားပါသည်။ တပည့်တော်များ ပြင်သစ်ကို ဒုတိယအကြိမ်၊ ပါရီကို ပထမအကြိမ် ရောက်ရတာဟာ ဆရာတော်ဘုရားကြီးကို သံအမတ်ကြီး ဦးစောလှိုင်နှင့် ဗိယက်နမ် ဘုန်းတော်ကြီးများ၊ ဒကာ ဒကာမများက ပင့်လို့ ရောက်ကြရခြင်း ဖြစ်ပါသည်။ ဒါကြောင့် ရောက်ပြီး နောက်တနေ့မှာ အလုပ် အထူးမရှိ၍ သံအမတ်ကြီးနဲ့ ဦးသန်းထွန်း၊ ဦးအေးဝင်းကျော်၊ ဒေါက်တာဆွေမြင့် စသည်တို့က ပါရီမြို့ကို လှည့်လည် ပြသပါသည်။

ပါရီမြို့ဟာ ကမ္ဘာမှာ အလှဆုံးမြို့လို့ ငယ်စဉ်က မှတ်သားခဲ့ဘူးပါသည်။ အလှဆုံး ဟုတ် မဟုတ် မသိရသော်လဲ မြို့အနေအထား၊ လမ်း အနေအထားနှင့် အဆောက် အအုံဆောက်လုပ်ထားပုံများမှာ အတော် လှပါသည်။ အချို့ လမ်းများမှာ အရှေ့ အနောက် တောင် မြောက် စသည် တန်းလျက် မရှိပဲ အလယ်ဗဟိုရှိ ကျယ်ပြန့်လှတဲ့ လမ်းဆုံ အဝိုင်းကြီးမှ လမ်း ၆-သွယ်၊ ၈-သွယ် စသည်ဖြင့် ဘေးသို့ ဖြာဆွက်သွားပါသည်။ လှည်းဘီး၏ အလယ် ဗဟိုချက် (လှည်းဝန်းတောင်း)မှ လှည်းထောက်များ ဘေးဘက်သို့ ဖြာထွက်သွားဘာနဲ့ အလွန် တူပါသည်။

ရှော်(မ်)ဇလီဇေး လမ်းမကြီးကတော့ ဖြောင့်ဖြူး ကျယ်ပြန့်ပါသည်။ ဆူးလေဘုရားလမ်းနှင့် တထပ်တည်း နည်းပါးတူပါသည်။ ပိုကျယ်ပါသည်။ ညစေျး အလွန် စည်ကားလှပသည်ဟု သိရပါသည်။ ပါရီတွင် လမ်းများ၏ အနေအထား ကြောင့် ယာဉ်သွားလာရေး စည်းကမ်း လုပ်မထား၊ မီးပွိုင့်တွင် ရပ်ရုံမှတပါး တခြား စည်းကမ်း မရှိ၊ နားလည်မှုနှင့် တော်သလို မောင်းကြရသည်ဟု သိရပါသည်။

အိမ်များကို လမ်းအလိုက် ဆောက်ထားကြရာ လမ်းဆုံ အဝိုင်းကြီးများ အနီးရှိ အိမ်များမှာ ထောင့်ချန်းများ ဖြစ်နေပါသည်။ အိမ်များကို ရုပ်လုံး ရုပ်ထုများ၊ ပန်းဆက် ပန်းချက်များဖြင့် တန်ဆာဆင်ကာ တင့်တယ် ခန့်ညားစွာ ဆောက်လေ့ ရှိပါသည်။

အဆောက်အအုံကြီးများကို ကြည့်လိုက်လျှင် ခိုင်ခံ့ခြင်း၊ ခန့်ညားခြင်း၊ တင့်တယ် လှပခြင်း သဘောများ ပေါင်းစု ပါဝင်နေသည်ကို အထင်းသား တွေ့မြင်နေရသည်ဟု ဆိုနိုင်မည် ထင်ပါသည်။ အထူးသဖြင့် အများနှင့် သက်ဆိုင်တဲ့ နှုန်းတော်၊ လွှတ်တော်၊ မြို့တော်ခန်းမ၊ ပြတိုက်၊ ဇာတ်ရုံ၊ ဘုရား ရှိခိုးကျောင်းများကို လှပအောင် ပိုမို တန်ဆာ ဆင်ကြပါသည်။ လမ်းကျယ်ကြီးများနှင့် လမ်းဆုံများကိုလဲ အချိုးကျကျ လှပတင့်တယ်၍ အသက်ဝင်လှတဲ့ ရုပ်လုံး ရုပ်ထုများနဲ့ တန်ဆာဆင်ထားပါသည်။ အရေးပါလှဘဲ အိမ်းမြစ်ကူးတံတားကိုလဲ အဲဒီလိုပဲ တန်ဆာ ဆင်ထားပါသည်။

ရောမမြို့တော်လဲ့ အနုပညာလက်ရာများနဲ့ မြို့ကိုတန်ဆာဆင်ပါသည်။ သို့သော်လဲ ရောမက ခိုင်ခံ့ခြင်း၊ ခန့်ညားခြင်း သရုပ်ကို ဦးစားပေး ဖော်ထုတ်ထားပြီး ပါရီကတော့ တင့်တယ်ခြင်း လှပခြင်းသရုပ်ကို ဦးစားပေး ဖော်ထုတ်ထားသည်ဟု ထင်ပါသည်။ အနုပညာဆန်သောမြို့လို့ ဆိုရမည် ထင်ပါသည်။

နှစ်ပေါင်း ၁၈၂-နှစ် တည်ဆောက်ရတဲ့ ကမ္ဘာကျော် နော်တာဒိမ် ဘုရားရှိခိုးကျောင်းကြီး၊ မွန်မတ်ဘုရားရှိခိုးကျောင်းကြီး၊ အိဖယ် မျှော်စင်ကြီးတို့ကိုလဲ ရောက်ကြရ ပါသည်။ အိဖယ်မျှော်စင်ကြီးကိုတော့ စာတော်လှေခါး သုံးဆင့်ပြောင်းစီးကာ ထိပ်ဆုံးအဆင့်အထိ တက်ကြည့် ခဲ့ရပါသည်။ လူ(ဗီ)ပြတိုက်နဲ့ ဗာဆိုင်းနန်းတော်ကိုလဲ ရောက်ပါသည်။ အနုပညာလက်ရာများနဲ့ အစွမ်းကုန် ဘန်ဆာ ဆင်ထားတာကို တွေ့ရပါသည်။

၁၃၊ ၇၊ ၇၉ နေ့ ည ဂ-နာရီမှာ ပါရီရှိ မြန်မာမိသားစုများကို ဆရာတော်ဘုရားကြီး မြန်မာလို တရားချီးမြှင့်ပါသည်။ မြန်မာသက်သက် ပရိသတ် ဖြစ်ပါသည်။ ကောင်းမြတ်သောသတိပဋ္ဌာန်တရားကို မြန်မာလိုကြားနာရလို့ ကံကောင်းကြပါသည်။

နောက်တနေ့ (၁၄၊ ၇၊ ၇၉) နံနက် ဗီယက်နမ် ဒကာများလာပင့်လို့ ပထမဗီယက်နမ် မဟာယာန ကျောင်းကိုသွားရပါသည်။ မဟာယာန ဘုန်းကြီးများ၊ ကိုရင်များ၊ သီလရှင်များ၊ ဒကာ ဒကာမများက ဆရာတော်ဘုရားကြီးကို တစုပြီး၊ တစ် ကန်တော ပဇော်ကြပါသည်။ အလာပ သလာပအနည်း

ငယ်ပြောကြားပြီး ဗိယက်နမ်ထေရဝါဒ ဘုန်းကြီးကျောင်းကို သွား ကြ ရပါသည်။ ကျောင်းဆိုသော်လဲ အိမ် သေး သေး ဘဆောင်ကို ကျောင်းအဖြစ် အသုံးပြုထားဘာဖြစ်လို့ ကျဉ်းလှ ပါသည်။ ဗိယက်နမ် ဘုန်းကြီး ၂နှစ်ပါး သီတင်းသုံးပါသည်။ တပါးက ဂ-ဝါ၊ တပါးက ၂-ဝါ။ စစ်ပြေးဒုက္ခသည်များဖြစ် ကြပါသည်။

ဗိယက်နမ်ဒကာ ဒကာမတွေ လာကြတော့ ကျောင်းဘေး က မြေကွက်လပ် ကလေးမှာပဲ ဖြစ်သလို နေကြရပါသည်။ မြန်မာပြည်မှာလိုပဲ ဆွမ်းကို အိမ်ကချက်ပြုတ်ယူခဲ့ပြီး ဆွမ်းပို့ သာကြခြင်း ဖြစ်ပါသည်။ နေ့ဆွမ်း ကပ်ကြတော့ ချဉ်ပေါင် ရွက်ကြော်၊ ချဉ်ပေါင်ဟင်း ချဉ်ရေတို့ကို တွေ့ရပါသည်။ မြန်မာဟင်းနှင့် အရသာ အတော်တူပါသည်။ တခြားဟင်း ဘတွေလဲ စုံလို့ပါဘဲ။ မြန်မာ ဟင်းအရသာနှင့် ခပ်ဆင်ဆင်တူတဲ့ ဟင်းတွေဘဲ များပါသည်။

တွေ့ခဲ့ရသလောက် မြန်မာ၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ ဗိယက်နမ် ဟင်းများမှာ ချက်ပြုတ် မြင်ဆင်ပုံချင်းရော၊ အရသာ ချင်းပါ ခပ်ဆင်ဆင်တူကြပါသည်။ အငန်ကြိုက်တဲ့ နိုင်ငံက အငန်ကဲ အချို အချဉ် အစပ် ကြိုက်တဲ့ နိုင်ငံက ချို့ချဉ်စပ်ကဲ ထားတာပဲ ကွာခြားတယ်လို့ ထင်ပါသည်။ ဗိယက်နမ် ဒကာ ဒကာမများ ဆွမ်းကပ်ရလို့ ပျော်တပြုံးပြုံး ဝမ်းသာမဆုံးဖြစ် နေကြပါသည်။

ဆွမ်းစားပြီးတော့ ခဏနားနေကြပြီး ဆရာတော်ဘုရားကြီးက ဗိယက်နမ် ဒကာ ဒကာမများကို သတိပဋ္ဌာန်တရားဟောကြား ချီးမြှင့်တော်မူပါသည်။ တပည့်တော်က အင်္ဂလိပ်လို ဘာသာပြန်၊ ဗိယက်နမ် ဒကာကလေးတယောက်က ဗိယက်နမ်လို ဘာသာပြန်ရတော့ ဘာသာပြန်တာ နှစ်ဆင့် ဖြစ်နေလို့ အချိန်ကြာပါသည်။ အချိန်မကြာရအောင် ဆရာတော်ဘုရားကြီးက အနည်းငယ်မျှသာ ဟောပြီး အခန်းသို့ကြွ၍ အနားယူနေပါသည်။ တပည့်တော်ကို ဆက်ဟောစေပါသည်။ တနာရီလောက် ဟောပြီးတော့ သူတို့ မေးတာတွေ ဖြေနေရပါသည်။

မေးခွန်းတွေထဲက ကြက်စွေစရာကောင်းတဲ့ မေးခွန်းတခုကတော့ "တပည့်တော်သမီးလေး ရတနာသုံးပါးလဲ ကိုင်းရှိုင်း၊ သီလလဲ လုံခြုံအောင် စောင့်ထိန်းပါလျက်နဲ့ ဘာဖြစ်လို့ ရက်ရက်စက်စက် အသတ်ခံရပါသလဲ"။ မေးသူ ဒကာမကြီးဟာ နာကျည်းခြင်းနှင့် ကြက်စွေခြင်း ရောနှောနေတဲ့ အသံနဲ့ ငိုယင်း မေးနေပါသည်။

ဆွမ်းကပ်သူ တရားနာသူအားလုံး ၁၀၀-လောက် ရှိမည် ထင်ပါသည်။ အများစုဟာ ဗိယက်နမ်စစ်ပြေး ဒုက္ခသည်တွေပါပဲ။ ဒီလို ဗိယက်နမ်ဒုက္ခသည်တွေ ပြင်သစ်မှာ အဲဒီအချိန် အထိ ၅-သောင်းလောက် ရှိနေပြီလို့ ဗိယက်နမ်ဘုန်းကြီးက ပြောပြပါသည်။ အာဏာမက်မောလို့ ကုလားထိုင် လုကြသူလူ နှစ်စု အကြားမှာ ပြား ပြား ဝပ် သေ ကြ ကြကြရတဲ့

အပြစ်ကင်းသူ လူမြေဇာတွေဟာ ကိုယ့်ပြေ ကိုယ့်ရွာမှာ မနေသာလို့ တပြေဘရွာမှာ မရေမရာ မသေမချာတဲ့ ဘဝနဲ့ သောင်ပြင်တွင် အလွတ်ခံရတဲ့ ခွေးပမာ သနားစရာကောင်းလှပါ၊ ဝမ်းနည်းပါသည်။

ဒီလူစုထဲမှာ စစ်မဖြစ်မီကတည်းက ပြင်သစ်ကိုရောက်နှင့် နေပြီး စီးပွားရေးကအစ နေသားကျလို့ တင့်တောင့်တင့်တယ် ဖြစ်နေသူ အနည်းငယ်မျှသာ မျက်နှာကြည်လင် ရွှင်ပျနိုင်ကြပါသည်။ နိုင်ငံရေး ဝါဒရေး၏ သားကောင် မောင်ဒုက္ခ မယ် ဒုက္ခတွေမှာတော့ စိတ်လက် မကြည်မသာ မျက်နှာညှိုးငယ် ရင်ဝယ် မီးတောက်လျက် ရှိနေပါသည်။

ဒါကြောင့်ဘဲ မေးသူဒကာမကြီးက စင့်လိုက်တော့ပရိသတ် တဝက်လောက်ဟာ တိုင်ပင်ထားသလို အငိုက်စားစက်ပြီး တရှုံ့ ရှုံ့ ငိုကြပါတော့သည်။ အော် ဆင်ခြင်မဲ့သူ လူမလိမ္မာတစုတို့ ရဲ့ လောဘ ဒေါသ မာန်မာနတွေဟာ အပြစ်မဲ့သူ လူထောင်ပေါင်း သောင်းပေါင်း သိန်းပေါင်း သန်းပေါင်းများစွာတို့ရဲ့ ကိုယ်စိတ်နှစ်ပါးကို ခြစ်ခြစ်ပူအောင် လောင်ကျွမ်း စေနိုင်ပါ ကလားလို့ သံဝေဂ ဖြစ်ပွားမိပါသည်။

တချို့လဲ ငိုရတာနဲ့ မေးလိုတဲ့ မေးခွန်းကုံပင် မမေးနိုင်ကြ တော့ပါ။ တချို့လဲ ငိုယင်း မေးကြပါသည်။ မေးခွန်းတွေက တော့ သူတို့ ခံစားရတဲ့ ဆင်းရဲဒုက္ခတွေနဲ့ ပတ်သက်တဲ့ မေး ခွန်းတွေဘဲ ဖြစ်ပါသည်။ တချို့က ရင်ဖွင့်လိုလို့ မေးကြပါ

သည်။ ဘချို့ကတော့ ခံစားနေရတဲ့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ သက်သာစေမည့် နည်းလမ်းကို သိလို ရလို၍ မေးခြင်း ဖြစ်ပါ၏ သည်။

ဖေါ်ပြပါ မေးခွန်းကို မေးသူ ဒကာမကြီးရဲ့ စိတ်မှာ ကံ၊ ကံ၏ အကျိုးဘရားကိုပင် ယုံမှားသံသယ ဖြစ်နေတဲ့ အရိပ် အရောင် ပါဝင်နေတာနှင့် ကြောင်းကျိုးနိယာမ သဘောကို အကျဉ်းချုပ်ရှင်းပြပြီးမှ သုံးလောကထွတ်ထား ဗုဒ္ဓရှင်တော် မြတ် ဘုရားသော်မှ ရှေးကံဟောင်း၏ မကောင်းကျိုးမှ မလွတ် နိုင်လို့ ဒေဝဒတ်၏ လက်ချက်ဖြင့် ခြေမတော်မှာ သွေးချအုရ သေးကြောင်း၊ သီလလုံခြုံရုံမျှမက သမာဓိ ပညာပါ လုံးဝဥဿုံ ပြည့်စုံလို့ ကိလေသာ ကင်းငြိမ်းတဲ့ ရဟန္တာမြတ်ကြီး ရှင် မောဂ္ဂလ္လာန်ပင် ရှေးကံဟောင်းကြောင့် လူဆိုးများ၏ ရက်စက် စွာ သတ်ဖြတ်ခြင်းကို ခံရကြောင်း စသည်ဖြင့် စိတ်သက်သာရာ ရစေရေး အဖြေပေးရပါသည်။

အလားတူ တခြားမေးခွန်းတွေကိုလဲ သူတို့ရဲ့ စိတ်သက်သာ ရာ ရရေး စိတ်ချမ်းသာရေးကို ဦးတည်ဖြေရှင်းပေးရာ အငို တိတ်သွားကြပါသည်။ စိတ်သက်သာရာ ရတန်သလောက် ရ သွားကြပြီလို့ ခန့်မှန်းမိပါသည်။ အမေးအဖြေ တနာရှိကျော် ကြာပါသည်။ သူတပါးစိတ်ချမ်းသာရေးကို ဆောင်ရွက်ခွင့်ရ လို့ ကျေနပ် ဝမ်းမြောက်ရပါသည်။ ကုသိုလ်အများကြီးရပါ သည်။

အမေးအဖြေပြီးတော့ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့ကို ပူဇော် ကန်တော့ကြပါသည်။ ကန်တော့ပွဲပြီးတော့ ဆရာတော် ဘုရားကြီးက "တရားပွဲကကြာလှပါလား" ဟု မေးရာ အမေး အဖြေတွေအကြောင်းလျှောက်ထားတော့မှ "အင်း... ဒုက္ခသည် တွေကိုး၊ စိတ်သက်သာရာ ရအောင် ဖြေပေးရမှာပဲ" ဟု မိန့်ပါသည်။ ညနေ ၄-နာရီခွဲလောက်တွင် တည်းခိုရာ သံအမတ်ကြီး အိမ်သို့ ပြန်ရောက်ကြပါသည်။

ည ၉-နာရီတွင် ဆရာတော်ဘုရားကြီးက မြန်မာမိသားစု များအား ဒုတိယအကြိမ် တရားချီးမြှင့်ပါသည်။ မြန်မာချည်း သက်သက်ဖြစ်လို့ မြန်မာလိုပင် သတိပဋ္ဌာန်တရားကို ဟော ကြားရာ အတော်ကောင်းပါသည်။

၁၀-နာရီခွဲသော်လဲ အိပ်ချင်စိတ် မရှိသေးတာနှင့် "ပြင် သစ် သမ္မတနိုင်ငံနေ့ရဲ့ ညရှုခင်းကို ကြည့်ပါဦး" ဟု ခလျှောက် ကာ ဦးသန်းထွန်းက ကားနဲ့ပင့်လို့ လိုက်သွား ပါသည်။ ကင်းဝန်မင်းကြီးရဲ့ မှတ်တမ်းမှာပါတဲ့ အောင် မုခ် ကြီးကို မီးမောင်းရောင်စုံ ထိုးပြထားသည်ကို တွေ့ရပါသည်။ အောင် မုခ်ကြီးက်လပ်မှာ ကားတွေနှင့် ပြတ်သိပ် ပြည့်ကျပ်နေပါသည်။ ရပ်ထားတာတွေ့မဟုတ်ပါ။ တရွေ့ချင်း တရွေ့ချင်းရှောင်ကာ တိမ်းကာ သွားချင်ရာ သွားနေတဲ့ ကားပုံရက်ဆိတ်အုံကြီးဖြစ် ပါသည်။ စည်းကမ်းကတော့ လုံးဝမရှိပါ။ မီးခြစ်ပူးပေါင်း တရာလောက်ကို ကျချင်သလို ကျရာ အနေနှင့် တနေရာ ဘည်း စုပြီး ပစ်ချထားတာနဲ့ တူနေပါသည်။

အောင်မုခ်ကနေပြီး ရှေ့မ်ဇလီဇေး လမ်းမကြီးဘက် ကား ထွက်ဘို့ ကြိုးစားတော့ ကားထုကြီး ပိတ်ဆို့နေလို့ ထွက်မရ ပါ။ တခြားလမ်းကနေ လှည့်ပြီး တရွေ့ချင်း မောင်းလိုက် ရပ်လိုက်နဲ့ မောင်းရပါသည်။ သမ္မတနိုင်ငံနေ့မို့ လွတ်လွတ် သပ်လပ် ပျော်ကြတာလားတော့ မသိ။ တခါတခါ ဆူညံနေ အောင် ကားဟွန်းတွေ အပြိုင်အဆိုင် တီးကြသည်မှာ ဝိတ် ပျက်စရာပါဘဲ။

အမေရိက၊ အင်္ဂလန်၊ စကော့တလန်၊ ဆွစ်ဇာလန်၊ ဟော် လန်၊ ဂျာမနီနိုင်ငံတို့မှာ ကားဟွန်းသံ တခါမှ မကြားခဲ့ရ။ အီတလီမှာတော့ ကြားရသည်။ ပြင်သစ်မှာလဲ အယင်နေ့တွေ က မကြားရ၊ ဒီကနေ့ညမှ အပျော်ကြူးကြလေသလား မသိ ကားဟွန်းသံ ဆူညံနေပါသည်။

မွန်မတ်ဘုရားရှိခိုးကျောင်းအထိ မောင်းပြီး ဧည့်ရပ်ကာ ကားပေါ်မှနေ၍ ကြည့်ရာ ကဆုန်လပြည့်နေ့မှာ ရွှေတိဂုံ ကုန်း တော်ပေါ် တက်ကြ ဆင်းကြသလို တောင်ကုန်းပေါ် ဆောက် ထားတဲ့ ဘုရားရှိခိုးကျောင်းဆီကို တက်ကြ ဆင်းကြသည်မှာ ပျားပန်းခပ်မျှ ပြည့်ကျပ် များပြားလှပါသည်။ ကျောက်ဖြူနဲ့ ဆောက်ထားတဲ့ မွန်မတ် ဘုရားရှိခိုးကျောင်းမှာ တောင်ကုန်း ပေါ်တွင် ထင်းထင်းကြီး လှပစွာ ရပ်တည်နေပါသည်။ ဧည့်မျှ ရပ်ကြည့်ပြီး "ပြန်ကြပါစို့" ဟု ပြောကာ ပြန်လှည့်ခဲ့ကြပါ သည်။

နက်ဖြန်တော့ ရွပ်ပြေးယာဉ် (Hovercraft) နဲ့ အင်္ဂလိပ် ရေလက်ကြားကို ဖြတ်ကူးကာ အင်္ဂလန်သို့ ပြန်ရပါတော့ မည်။ အဲဒီကမှ ယိုးဒယား၊ အဲဒီကမှ အိမ် မြန်မာပြည်သို့ ပြန်ရောက်ခါနီးပါပြီ ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

လန်ဒန်မြို့
၁၅၊ ၇၊ ၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။ ဒီစာကို ညအိပ်ရာဝင်ခါနီး ၁၁--နာရီခွဲလောက်မှာ ရေးပါသည်။

ဒီနေ့ နံနက်စော အရုဏ်စာကို ပါရိုက သံအမတ်ကြီး အိမ်မှာ သံအမတ်ကြီး မိသားစုနဲ့ မြန်မာ မိသားစုများက ပြင်သစ်စာကို ပြင်သစ် အစီအစဉ်အတိုင်း ဆက်ကပ်ကြပါသည်။ အစား အဆန်းတွေ မျိုးစုံနေလို့ စုံစေ အောင်တောင်မှ မစားနိုင်ပါ။ ဘာတွေရယ်လို့လဲ ရေးမပြတတ်ပါ။ အဲဒီအစားတွေ စုံစေ အောင် စားလျှင် ၂-နာရီခွဲလောက် ကြာပါလိမ့်မည်။

ပါရီမှ မြန်မာများက "ပြင်သစ်တွေဟာ အစားနဲ့ အချိန် ကုန်ကြတယ်၊ အလုပ် တကယ်မလုပ်ကြ၊ အစာ တခါ စားလျှင် စကား တပြောပြောနှင့် ၂-နာရီထက် မနည်း ကြာတယ်" ဟု ပြောဘူးပါသည်။ အခု သံအမတ်ကြီးအိမ်မှ အရုဏ်ခဲတွယ်ကို စားမိတော့ သူတို့စကား မှန်ကန်ကြောင်း အထောက်အထား ဖြစ်သွားပါသည်။

အရုဏ်စားပြီးတော့ သံအမတ်ကြီး အိမ်က ကားတစီး၊ ဗီယက်နမ် ဒကာများက ကားတစီး၊ ကား နှစ်စီးနဲ့ ကာလိုင်း

ဆိပ်ကမ်းမြို့ကို ထွက်ခဲ့ကြပါသည်။ ခရီးအစမှာ နှင်းထုထဲတိုးမောင်းလာရပါသည်၊ ကားမောင်းချိန် ၃-နာရီလောက် ကြာပြီးနောက် ကာလိုင်းဆိပ်ကမ်းသို့ ရောက်ပါသည်။ အချိန်က ၉-နာရီ ရှိနေပါပြီ။ ဆိပ်ကမ်း အဆောက်အအုံမှာ ကျယ်ပြန့် သန့်ရှင်း၍ သပ်ရပ် သာယာ ခေတ်မီပါသည်။ ဆိပ်ကမ်းတွင် ပြုဘွယ်ကိစ္စ အဝဝ ပြီးစီးတဲ့အခါ အင်္ဂလန်ဘက်ကမ်းမှ ဆိုက်ရောက်လာမည့် ရှပ်ပြေးယာဉ် (Hovercraft) အလာကို စောင့်ရပါသည်။

ဟိုးဗားကရပ်ခေါ် ရှပ်ပြေးယာဉ်မှာ တစီးတည်း ပြေးနေသည် မဟုတ်ပါ။ အစီးပေါင်း များစွာ ရှိပါသည်။ တပည့်တော်များ ဆိပ်ကမ်းရောက်ပြီး မကြာခင်လေးမှာဘဲ ဟိုးဗားကရပ် တစီး ရှောကနဲ ကုန်းပေါ်က ရေထဲ ထိုးဆင်းသွားပြီး ဟိုဘက်ကမ်းသို့ ဦးတည် ထွက်သွားပါပြီ။ ဟော—ပြောယင်း ဆိုယင်း ဟိုးဗားကရပ်တစီး ရေထဲမှ သဲသောင်ပြင်ကို ဖြတ်ကာ ကုန်းပေါ်သို့ တရွေ့ရွေ့ တက်လာပါပြီ၊ ယာဉ်ကြီးက ခပ်ပြားပြား ခပ်ဝိုင်းဝိုင်းပုံကြီး ဆိုတော့ လိပ်ကဲ့မှာမကြီး ကုန်းပေါ်ကို တရွေ့ရွေ့ တက်လာသလိုပါပဲ။

၉--နာရီ ၁၅-မိနစ်မှာ ယာဉ်ပေါ်သို့ တက်ရပါသည်။ ဟိုးဗားကရပ်မှာ တထပ်ယာဉ် ဖြစ်ပါသည်။ မြန်မာပြည်က နှစ်ထပ် သင်္ဘော တစင်းစာမျှ ခရီးသည် တင်နိုင်မည် ထင်ပါသည်။ ယာဉ်၏ အောက်ခြေမှာ ပြားပြားကြီး ဖြစ်ပါသည်။

အဲဒီ အောက်ကမှ ရှုံ့လို့ ပွလို့ ရပြီး ယာဉ်တစီးလုံးကို မနှိုင်တဲ့ ရာဘာလေအိတ်ကြီး ခံထားပါသည်။ အဲဒီ လေအိတ်ကြီးက ယာဉ် ရပ်နေလျှင် လေကို ထုတ်ထားလို့ ယာဉ်အောက်မှာ ပြားပိနေပါသည်။ ယာဉ်သွားတဲ့အခါ လေသွင်းလိုက်တော့ တင်းနေအောင် ဖောင်းကြွလာရာ လူတရပ်စာမျှ မြင့်တက်သွားပါသည်။ အဲဒီ လေအိတ်ကြီးက ရေပေါ်ပေါ်နေပြီး ယာဉ်ကို ထမ်းထားပါသည်။ယာဉ် အမိုးပေါ်က ပန်ကာကြီး လေးခုက ယာဉ်ကို ရှေ့သို့ အဟုန်နှင့် ပြေးအောင် တွန်းပို့ပေးပါသည်။

တပည့်တော်တို့ စီးနေတဲ့ ရှပ်ပြေးယာဉ်ကြီးဟာ ကာလိုင်းဆိပ်ကမ်းမှ ရှောဆင်းပြီး ဒိုဗာဆိပ်ကမ်းဘက်သို့ ဦးတည်လျက် အနက်ရောင် ရာဘာလေအိတ်ကြီးကို စီးကာ အင်္ဂလိပ် ရေလက်ကြားကို အဟုန်ပြင်းစွာ ဖြတ်ကူးနေစဉ်မှာ တခြား ရှပ်ပြေးယာဉ်များနှင့်လဲ လမ်းခရီးမှာ ဆုံရ ကြုံရပါသည်။ ၁၀-နာရီမှာ ဒိုဗာဆိပ်ကမ်းကို ရောက်ပါသည်။ ဖြတ်ကူးချိန် မိနစ် ၄၀-ကြာပါသည်။ သာမန် သင်္ဘောဆိုလျှင် ၁-နာရီခွဲကြာသည်ဟု သိရပါသည်။

ဒိုဗာဆိပ်ကမ်းသို့ လန်ဒန်မှ ဘုန်းကြီး ဦးရေဝတမမွေခေါင်းဆောင်၍ ဦးစိန်ထွန်းအောင်၊ ဒေါ်လှလှ၊ ဒေါ်မြခင်၊ ဦးဝင်းမောင်၊ ဒေါက်တာရွှေထွန်းကျော် စသူတို့ ကား ၃-စီးနှင့် လာကြိုနေကြပါသည်။ လန်ဒန်အဝင်မှာ အသီးသီး လမ်း

မှားကြတာနဲ့ ဆွမ်းကပ်ဘို့ စီစဉ်ထားတဲ့ ဦးမောင်မောင်အိမ်ကို နံနက် ၁၂-နာရီကျော်မှ ရောက်ပြီး ဆွမ်းဘုဉ်းပေးကြရပါသည်။ ၁၂-နာရီကျော်မှ ဆွမ်းဘုဉ်းပေးကြတယ်ဆိုတော့ "ဘယ်လိုလဲ" လို့ တွေးစရာ ဖြစ်နေပါသည်။

အဓမရိကမှာ ဧပြီ ၂၀-ရက်နေ့က စပြီး နာရီကို ရှေ့ ၁-နာရီ တိုးရွှေ့ထားကြရပါသည်။ အင်္ဂလန် ဥရောပတို့မှာလဲ သည်အတိုင်းပါဘဲ။ နေ့တာရှည်လို့ အလုပ်ချိန် ပိုရအောင် ရွှေ့ထားသည်ဟု သိရပါသည်။ ဒါကြောင့် နေ့လယ် ၁-နာရီကျမှ မွန်းတည့်ပါသည်။ အောက်တိုဘာရောက်မှ အချိန်မှန် နောက်ကို ပြန်ရွှေ့ကြရမည်ဟု သိရပါသည်။

ဆွမ်းစားပြီး ခဏတဖြုတ် နားကြပြီးတော့မှ သွားစရာရှိရာ သွားကြ၊ မြန်မာပြည်ကို ပြန်ဘို့ စီစဉ်စရာရှိတာ စီစဉ်ကြပါသည်။

လန်ဒန်မြို့က ခွာရပါတော့မည်။ ၁၉၇၉-ခုနှစ် မေလ ၂၁-ရက်နေ့က လန်ဒန်မြေပေါ်မှာ စတင် ခြေချခဲ့ပါသည်။ ယခု ဂျူလိုင် ၁၆-ရက်နေ့မှာ လန်ဒန်မြေမှ ထွက်ခွာပါတော့မည်။ ဒီ နှစ်လနီးပါး အတွင်းမှာ လန်ဒန်ကို ဗဟိုဌာန ထားပြီး သွားရမည့်နေရာကို သွားလိုက်၊ လန်ဒန်ကို ပြန်လာလိုက်နှင့် လန်ဒန်ဟာ နေရပ်သဖွယ် ဖြစ်နေပါသည်။ ဥရောပ စတဲ့ တခြား တနေရာရာသွားပြီး လန်ဒန် ပြန်လာတဲ့အခါ ကိုယ့် နေရပ်ကို ပြန်ရသလို ခံစားရပါသည်။

လန်ဒန်ဟာ ဗဟိုဌာနသဖွယ်လဲ ဖြစ်နေပြန်၊ ဥရောပနှင့် အင်္ဂလန်မှာ လန်ဒန်ဟာ မြန်မာ အများဆုံး ရှိနေတဲ့နေရာ ဖြစ်ပြီး ဒကာ ဒကာမတွေ အားလုံးလိုလိုကလဲ ဆွေးမျိုးရင်းချာသဖွယ် ဖြစ်နေပြန်တော့ ကိုယ့်နေရပ် ပြန်ရသလို ခံစားရတာ သဘာဝပင် ဖြစ်ပါသည်။

ဒကာမကြီးတယောက်က "ဆရာတော်တို့ ပြန်ကြွသွားယင်တော့ လန်ဒန်မြို့ကြီး ခြောက်နေရစ်ခဲ့တော့မှာဘဲ" လို့ လျှောက်ပါသည်။ ဒီတော့ နောက်တယောက်က "ဆရာတော်က ပြန်မကြွပါဘူး၊ ဝါဆိုမှာပါ" လို့ ရေလာ မြောင်းပေးစကား ဆိုပါသည်။ မြောင်းပေးစကားဆိုလို့သာ ဆိုကြသည်။ ရေလာရအောင် နေရာက ဘယ်မှာလဲလို့ မေးရင် သူတို့အဖြေပေးရ ခက်ကြလိမ့်မည်။

မိမိဘို့ဘာသာ ဘာဝ လူမှုရေးကိစ္စတွေမှာသာ စိတ်မြုပ်ပြီး ရဘနှာကို မေ့မေ့ပျောက်ပျောက် ဆိုသလို ဖြစ်နေတဲ့အခါ ဘာမျှ မထူးခြားသော်လဲ ယခုလို မြန်မာဆရာတော်သံဃာတော်များနဲ့ တသိုက်တဝန်း တွေ့ကြ ဆုံကြ ဖူးမြော်ကြရတဲ့အခါကျတော့ ဗီဇစိတ် နှိုးကြွလာကာ ကြည်ညိုသဒ္ဓါမိုးရွာသွန်းဖြိုးလို့ ခြောက်သွေ့နေတဲ့ စိတ်အစဉ်ဟာ သာယာစိုပြေမှုကို ခံစားသိရှိလာရပါသည်။ လောဘ ဒေါသ မောဟ မာန စတဲ့ အပူတရားတွေကြောင့် ခြောက်သွေ့နေတဲ့ စိတ်အစဉ်ဟာ သဒ္ဓါ စေတနာ မေတ္တာ ကရုဏာ စတဲ့ အအေးဓာတ်တွေ

နဲ့ ရစ်ပတ်မိတဲ့အခါမှာ သာယာစိုပြေလာတာဟာ သဘာဝပင် ဖြစ်ပါသည်။ ဒါကြောင့် "ဆရာတော်တို့ ပြန်ကြွသွားယင်တော့ လန်ဒန်မြို့ကြီး ခြောက်နေရစ်ခဲ့တော့မှာဘဲ" ဆိုတဲ့ စကားဟာ ဒီသဘောကို ရည်ရွယ်ဟန် တူပါသည်။

စိတ်ဓာတ်တွေ စိုပြေလာတော့ ရုပ်ဓာတ်နဲ့ လုပ်ရပ်တွေလဲ စိုပြေ လန်းဆန်းလာပါတော့သည်။ လန်ဒန်သူ လန်ဒန်သားမြန်မာ ဒကာ ဒကာမများဟာ ဆရာတော်ဘုရားကြီး အမှူးပြုတဲ့ သံဃာတော်များ လန်ဒန်ကို ရောက်လာကတည်းက ဝေယျာဝစ္စ ဆောင်ရွက်ကြ၊ ဆွမ်းကပ်ကြ၊ တရားနာကြ၊ တရားထိုင်ကြ၊ တရားစကား မေးမြန်း လျှောက်ထားကြနှင့် စိတ်ဓာတ် ရုပ်ဓာတ်နှင့် လုပ်ရပ်တွေ အားလုံးဟာ တက်ကြွစိုပြေ လန်းဆန်းလျက် နေပါသည်။

ဦးစိန်းထွန်းအောင်၊ ဦးသိန်းထွန်း၊ ဦးဝင်းမောင်၊ ဦးမောင်မောင် စသူတို့က သွားစရာရှိတဲ့ နေရာတွေကို သွားရောက်နိုင်ရေး ကြိုပို့ပေးတဲ့ တာဝန်ကအစ ဝေယျာဝစ္စ ဆောင်ရွက်ခြင်းဖြင့် ကုသိုလ်ယူကြသလို ဦးအောင်မြင့်ထွန်း၊ ဦးခင်၊ ဦးနေဝင်း၊ ဒေါ်မြမြမျိုင် စတဲ့ ဘီဘီစီ ဝိုင်းတော်သား များကလဲ အနောက်တိုင်း သာသနာပြု လုပ်ငန်းများကို မြန်မာနိုင်ငံသူနိုင်ငံသားများ သိရှိကာ ကုသိုလ်ပွားနိုင်ကြစေရန် စွမ်းနိုင်သမျှ အသံသွင်ပေးခြင်းဖြင့် ကုသိုလ်ယူကြပါသည်။ ဒီလိုနဲ့ စိတ်ဓာတ်၊ ရုပ်ဓာတ်နှင့် လုပ်ရပ်တွေပါ စိုပြေသာယာလျက် ရှိကြပါသည်။

ဒီ စုံပြေသာယာမှုတွေ သွေ့ခြောက်ပြီး မေ့ပျောက်မသွားစေလိုကြတဲ့ အတွက် ညကျတော့ ယာယီကျောင်းအဖြစ် လှူထားတဲ့ ဒကာမကြီး ဒေါ်အုန်းမြင့်တို့ အိမ်မှာ လန်ဒန်ရှိ မြန်မာ ဒကာ ဒကာမများ စုရုံးကြပြီး မြန်မာ ဗုဒ္ဓဘာသာ အသင်းဘခု ဖြစ်မြောက်ရေး ဆွေးနွေးတိုင်ပင်ကြပါသည်။

ဆရာတော်ဘုရားကြီးက သာသနာတော် ပြန့်ပွားရေး ဆောင်ရွက်နိုင်အောင် ကြိုးစားကြဘို့ သဝဒေ ပေးပါသည်။ ဆရာတော်ဘုရားကြီး သဝဒေပေးအပြီးမှာ တပည့်တော်က အသင်းအဖွဲ့ ဖြစ်ပေါ်ရေး လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်း ပြောပြပြီး ဗုဒ္ဓသာသနာပြန့်ပွားရေးအသင်းတခု ဖွဲ့စည်းတည် ထောင်နိုင်ရန် အခြေခံအဖွဲ့တခုကို ဖွဲ့စည်းလိုက်ကြပါသည်။ နောက်ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်း အဆင့်ဆင့်ကိုလဲ အကြံဉာဏ် ပေးခဲ့ပါသည်။

ဘုန်းကြီး ဦးရေဝတဓမ္မ တပါးလုံး ဦးစီး ဦးဆောင်ရှိနေပြီမို့ ရည်ရွယ်တဲ့အဘိုင်း ထခြောက် အောင်မြင်လိမ့်မည်လို့ ယုံကြည်ပါသည်ဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ့၊ ချမ်းမြေ့သာယာ ရှိပါစေ။

ဗန်ကောက်မြို့
ယိုးဒယားပြည်
၂၄၊ ၇၊ ၇၉

ဆရာတော် ဦးကုသလဘုရား

တပည့်တော် မေတ္တာဖြင့် ရိုသေစွာ လျှောက်ထားပါသည်။

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးမှစ၍တပည့်တော်တို့ အားလုံး ကျန်းမာကြပါသည်။ အမိမြန်မာပြည်ကို ရောက်ဖို့လဲ ၂-ရက်ပဲ လိုတော့တာမို့ ခရီးဆုံးသည်အထိ ကျန်းကျန်းမာမာ ချောချောမောမော ရှိလိမ့်မည်ဟု ထင်ပါသည်။

သည်စာဟာ သည်နှစ် တပည့်တော် နိုင်ငံခြားမှ ချမ်းမြေ့သို့ ရေးတဲ့ နောက်ဆုံးစာ ဖြစ်ပါလိမ့်မည်။

တပည့်တော်တို့ ဂျူလိုင် ၁၆-ရက်နေ့ နံနက် ၁၀း၃၀ နာရီမှာ လန်ဒန်မြို့ ဟီသရိုးလေဆိပ်မှ ဂျပန်အဲယားလိုင်း (JAL) လေယာဉ်နှင့် ယိုးဒယားပြည် ဗန်ကောက်မြို့သို့ ရှေးရှုကာ အရှေ့သို့ အပြန်ခရီး ထွက်ခဲ့ကြပါသည်။

လမ်းတွင် ရောမ၊ ကိုင်ရို၊ ပါးရှင်း ပင်လယ်ကွေ့ထဲမှ အဘူဒါဘီ၊ နောက်ဆုံး နယူးဒေလီ လေဆိပ်များမှာ ဆင်းသက် ရပ်နားခဲ့ရပါသည်။ လေယာဉ်အမှုထမ်းများ ကြေငြာချက်အရ ရောမမှာ အပူချိန် ဖာရင်ဟိုက်ဒီဂရီ ဂ၅၊ ကိုင်ရိုမှာ ၉၆၊ အဘူဒါဘီမှာ ၇၈ ရှိကြောင်း သိရပါသည်။ ကိုင်ရို ရောက်တော့ နေ ဝင်စ ပြုနေပါပြီ။ စူးအက်တူးမြောင်းကို

ရေးတေးတေး သေးသေးမျှသာ တွေ့မြင်ရပါသည်။ ပီးရမစ်များကိုလဲ ဝါးတားတား မြင်ရပါသေးသည်။ ကိုင်ရိုကထွက်တော့ မှောင်နေပြီမို့ ဘာမျှ မမြင်ရတော့ပါ။

ကိုင်ရိုလေဆိပ်မှ လေယာဉ်တက်ပြီး ခဏအကြာမှာ "ဘုရား ဘယ်က လာသလဲ" ဆိုဘဲ့ ဗမာသံ ပီပီသသကို နောက်မှကြား လိုက်ရတော့ အံ့အား သင့်သွားပါသည်။ လှည့်ကြည့် လိုက်တော့ မုတ်ဆိတ်ဖားဖားနဲ့ ကုလားကြီးကို သွားဖြဲလျက်တွေ့ ရပါသည်။ သူက ဗမာပြည်မှာ နှစ်ပေါင်းများစွာ နေခဲ့ပြီး အများစု ဗမာပြည်မှ ခွာကြတဲ့အခါမှာ အိန္ဒိယကိုရောက်ခဲ့ပြီး ယခု လန်ဒန်မှာရှိတဲ့ သားထံမှ ပြန်လာသူ ဒေလီမြို့သားဖြစ် ပါသည်။ ဗမာသံ ပီသလှသို့ သူနဲ့ အတော်ကြာ စကားပြော နေမိပါသည်။

ဂျူလိုင် ၁၇—ရက်နေ့ နံနက် ၆-နာရီခန့်တွင် ဒေလီမှာ တဆောက်ရပ်နားပြီး ပျံသန်းချိန် ၃း၂၅ နာရီ အကြာမှာ ဗန်ကောက်လေဆိပ်သို့ ရောက်ပါသည်။ ဗန်ကောက်ကိုရောက် တော့ ဗန်ကောက်အချိန် ၁၂း၅၅ နာရီ ရှိနေပါပြီ။ လေဆိပ် မှာ အသင့်ကြိုဆိုနေကြတဲ့ မြန်မာဆရာတော်များနှင့် ဒကာ ဒကာမများကို တွေ့ရပြီး ချွန်ဘူရီမြို့ ဆရာတော် ဦးအာသဘ ရဲ့ ရိပ်သာ ဝိဝိက်အရှရမ်ကိုသွား၍ အဲဒီမှာ တည်းခိုကြပါ သည်။ ညကျတော့ ဆရာတော်ဘုရားကြီး သဘိပဋ္ဌာန်တရား ချီးမြှင့်တော်မူတဲ့အခါ ဆရာတော် ဦးအာသဘ ယိုးဒယား ဘာသာပြန်ပါသည်။

ဝိဝိဂ်အရှုရမ်မှာ ယောဂီတွေနေရာ မပေးနိုင်လောက်အောင် ပြည့်နေပါသည်။ နိုင်ငံခြားသား ယောဂီများလဲ ရှိပါသည်။

ဂျူလိုင် ၁၈-ရက်နေ့နံနက်တွင် ချွန်ဘူရီမှ ထွက်ပြီး ဗန်ကောက်၊ လန်းပန်၊ ဇင်းမယ်မြို့များကို လှည့်လည်ပြီး ဆရာတော်ဘုရားကြီး တရားချီးမြှင့်ပါသည်။ ရံဖန်ရံခါ တပည့်တော်လဲ တရားဟောရပါသည်။

ဗန်ကောက်မြို့မှာ ဝပ်မဟာတတ်မှာ တည်းခိုပြီး တရားချီးမြှင့်ရပါသည်။ လန်းပန်မှာတော့ ဆရာတော် ဦးဓမ္မာနန္ဒ၏ ဝပ်ထာမအိုးကျောင်း၊ ဆရာတော် ဦးပညာဝံသ၏ ဝပ်စီကျုံးကျောင်း၊ ဦးသာသန၏ ဝပ်ဖာဖန်ကျောင်းနှင့် အခြား မြန်မာနှင့် နီးနွယ်တဲ့ ကျောင်း ၃-ကျောင်းလောက် ရောက်ပါသည်။ ဝပ်ထာမအိုးမှာ သံဃာ ၄၀-ခန့်ရှိပြီး ရှင်သာမဏေ များပါသည်။ ပရိယတ်ကို အဓိကတကျ သင်ကြားနေပါသည်။ ဝပ်စီကျုံးကတော့ သာသနာ့ ရိပ်သာခဲ့ တခု ဖြစ်ပါသည်။

ဇင်းမယ်တွင် ငပ်မွမ်းမန် (Wat Moung Mang) ကျောင်းမှာ တည်းရပါသည်။ ဝပ်မွမ်းမန်ဟာလဲ မဟာစည်နည်းကို ပြသပေးနေတဲ့ တရားရိပ်သာ တခု ဖြစ်ပါသည်။ ဇင်းမယ်ဒေသဟာ တောင်မြင့်မြင့်ကြီးတွေ မရှိသော်လဲ ရှုမ်းပြည်နဲ့ တောတောင် ရေမြေ ခပ်ဆင်ဆင်မို့ ရာသီဥတု အေးဘက်ပါပြီး သာယာပါသည်။ ဒါကြောင့် နိုင်ငံ ခြားသား

အရောက် များတော့ ဒီ ဝပ်မွမ်းမန်မှာလဲ နိုင်ငံ ခြားသား အတော်များများ လာပြီး တရားအားထုတ်ကြကြောင်း သိရပါသည်။ ဝပ်မွမ်းမန် ဘုန်းကြီး ဦးသီရိမင်္ဂလာ ရန်ကုန်မြို့ခြောက်ထပ်ကြီး ဘုရားကြီးတိုက်မှာ ပရိယတ္တိ သင်ကြားဘူးသူ ဖြစ်ပါသည်။ စိတ်သဘောထား ကောင်းပုံရပါသည်။

ဝပ်မွမ်းမန်မှာ တည်းခိုပြီး ဦးသီရိမင်္ဂလ၏ အစီအစဉ်အတိုင်း ဇင်းမယ်မြို့ ပတ်ဝန်းကျင်မှာ ရှိတဲ့ ရောက်သင့် ရောက်ရာ ကျောင်းတွေကိုလဲ ရောက်ရပါသည်။ ဝပ်ဖရပတပ်ဖ ခဲ့တဲ့ ကျောင်းမှာတော့ သံဃာအတော်များပါသည်။ တောရကျောင်းလို့ ဆိုနိုင်ပါလိမ့်မည်။ ကျယ်လှတဲ့ ကျောင်းဝင်းကြီး အတွင်းမှာ ပရိယတ်ဌာနတပိုင်း၊ ပဋိပတ်ဌာနတပိုင်း ကန့်သတ် ထားပါသည်။ ပဋိပတ်အနေနှင့်ကတော့ သမထကမ္မဋ္ဌာန်း အားထုတ်ကြပါသည်။ ဆိတ်ငြိမ်ပြီး နေချင့်ဖွယ်ရာ သာယာ ပါသည်။ ဇင်းမယ်အနီးက မြသပိတ်တောင်ဆိုတာကိုလဲ တက်ခဲ့ ရောက်ခဲ့ရပါသေးသည်။ အေးချမ်း သာယာပါသည်။

ယိုးဒယားပြည်မှာ ဗန်ကောက်မြို့ပေါ်မှာရော နယ်တွေမှာပါ ကောင်းမွန် သပ်ရပ်တဲ့ ကျောင်းကြီးတွေ ရှိကြပါသည်။ ဗန်ကောက်မြို့ပေါ်က ရှင်ဘုရင်ကိုးကွယ်တဲ့ ကျောင်းတိုက်မှာ ၅-ထပ်ကျောင်းကြီးတကျောင်း အတော်ကောင်းကောင်း ခေတ်မီမီ ဆောက်ထားပါသည်။ ဓာတ်လှေခါး တပ်ထားပါသည်။ အထက်ဆုံးအထပ်မှာ မှန်အလုံကာပြီး လေအေးစက် တပ်ထား

ပါသည်။ အဲဒီအဆပ်မှာ ဒုလ္လဘရဟန်း ၁၀၀-ခန့် တရားထိုင်နေကြပါသည်။ ဆရာတော်ဘုရားကြီး သတိပဋ္ဌာန်တရားချီးမြှင့်တော်မူခဲ့ပါသည်။ သူတို့ အားထုတ်ကြတာကတော့ အာနာပါနသတိ ဖြစ်ပါသည်။

ဝပ်မဟာထတ်မှာ ဆရာတော်ဘုရားကြီး တရားချီးမြှင့်တဲ့အခါ တရားနာပရိသတ် ၁၅၀၀-ခန့် ရှိပါသည်။ ဥပုသ်နေ့တွေမှာ ဥပုသ်စောင့်တရားနာကြတဲ့ပရိသတ်ဟာ ဒီလိုဘဲ ၁၅၀၀ ၂၀၀၀-ခန့်ရှိသည်ဟု သိရပါသည်။ ဥပုသ်သည် တော်တော်များများဟာ အိမ်မပြန်ဘဲ ဘုရားတန်ဆောင်းထဲမှာ ညအိပ်ယင်း တရားနာကြတာဟာ ယိုးဒယားထုံးစံ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏အဖွဲ့ ယိုးဒယားမှာရှိနေစဉ် စွမ်းနိုင်သမျှ ကူညီ ဆောင်ရွက်သူများမှာ ဆရာတော် ဦးအာသဘ၊ ဦးပညာဝံသ၊ ဦးဓမ္မာနန္ဒ၊ ဦးသောဘန၊ ဦးသာသနနှင့် ယိုးဒယားဘုန်းကြီး ဦးဝိလာသ (ယိုးဒယားဘာသာပြန်သူ) အစရှိတဲ့ သံဃာတော်များ၊ သံရုံးမှ ဦးသိန်း၊ ဦးထွန်းသိန်း၊ ဒေါက်မေပု၊ မဆယ်လီ၊ မသန်းသန်း၊ ကိုမောင်မောင်စိန်၊ ကိုကျော်စိုး၊ ကိုမောင်မောင် စတဲ့ ဒကာ ဒကာမများပါဘဲ။ ဒီ သံဃာတော်များနှင့် ဒကာ ဒကာမများရဲ့ အကူအညီမပါလျှင် ယိုးဒယားမှာဖြစ်စေ၊ အရှေ့နိုင်ငံ အနောက်နိုင်ငံများမှာ ဖြစ်စေ သာသနာ့လုပ်ငန်းကိစ္စများကို ချောချောမောမော ဆောင်ရွက်ဖို့ မဖြစ်နိုင်ပါ။

ဒါကြောင့် ဒီ သံဃာတော်များနဲ့ ဒကာ ဒကာမများရဲ့ ကျေးဇူးကို တပည့်တော်များ မမေ့နိုင်ပါ။ အလားတူဘဲ ရောက်လေရာ နိုင်ငံများမှာ ဝမ်းပမ်းတသာ ကူညီ ဆောင်ရွက်ကြတဲ့ ဒကာ ဒကာမများရဲ့ ကျေးဇူးတွေကိုလဲ အမြဲအစဉ်လိုလို ဆင်ခြင် နှလုံးသွင်းမိနေကြောင်း ဖော်ပြယင်း သည်စာကို နိဂုံးချုပ်ပါရစေဘုရား။

သတ္တဝါမှန်သရွေ့၊ တရားတွေ၊ ချမ်းမြေ့သာယာ ရှိပါစေ။

မေတ္တာဖြင့်

ဇနက

၂၄၊ ၇၊ ၇၉

နောက်ဆက်တွဲ

အင်္ဂလန်ပြည်၊ လန်ဒန်မြို့

ဘိဘိစီ အသံလွှင့်ရုံခန်း၊ မြန်မာပိုင်း အစီအစဉ်မှ

အသံလွှင့် ဆောင်းပါးများ

မောင်ချိုပြုံး၏ အသံလွှင့် ဆောင်းပါး

သောတရှင်မျှားခင်ဗျား

ဒီတပတ် ဘဝအထွေထွေနဲ့ အနုပညာ စာပေကဏ္ဍမှာ အထူးတလည် တင်ပြဖို့ကိစ္စကတော့ ဟောဒီ ဗြိတိန်နိုင်ငံကို မြန်မာနိုင်ငံက ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ကြွရောက်လာတဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။

မဟာစည် ဆရာတော် ဘုရားကြီးဟာ နောက်ပါသံဃာတော်များနှင့် အနောက်နိုင်ငံများမှာ ဝိပဿနာ တရားတော်များ ပြန့်ပွားရေးအတွက် သာသနာ့ ခရီးထွက်ခဲ့တာဟာ ဟိုဗြိုလဆန်းထဲက ဖြစ်ပါတယ်။

အယင် အခါများက ဒီကဏ္ဍကနေပြီး မောင်ချိုပြုံး ဒေါင်ရင်ခံခဲ့တဲ့ အတိုင်းပဲ ဆရာတော်ဘုရားကြီးဟာ အမေရိကန်နိုင်ငံမှာ ရက်သတ္တ (၇) ပတ်ကြာမျှ အမေရိကန်ပြည် အနောက်ဘက်ကမ်းနှင့် အရှေ့ဘက် ကမ်းရိုးတန်းတလျှောက် မြို့များမှာရှိတဲ့ ကမ္မဋ္ဌာန်းတရားအားထုတ်ရာ ရိပ်သာများနှင့် ဝါရှင်တန်မြို့၊ နယူးယောက်မြို့ စတဲ့ မြို့ကြီးများကို လှည့်လည်ပြီး ဝိပဿနာ ကျင့်စဉ်တရားတော်ကို ပို့ချ ဖြန့်ဖြူးတော်မူခဲ့တဲ့အပြင် တရားအားထုတ် လိုသူများကိုလည်း တရားပြကာ တရားဝင်စေခဲ့ပါတယ်။

အဲ ဆရာတော် ဘုရားကြီးဟာ မေလ ၂၁-ရက်နေ့က နံနက် ၇-နာရီအချိန်မှာ အမေရိကန် နယူးယောက်မြို့ကနေပြီးတော့(ပင်နှ်အမေရိကန်)လေယာဉ်နှင့် လန်ဒန်မြို့ (ဟီသရိုး)

လေဆိပ်ကို ဆိုက်ရောက်လာပါတယ်။ အဲဒီ အကြောင်းများကို တော့ အဲဒီ ၂၁-ရက်နေ့က ဘီဘီစီသတင်းများမှာလဲ ဖော်ပြခဲ့ပြီး ဖြစ်တဲ့အပြင် သတင်းဆောင်းပါးမှာလဲဘဲ ပြောပြခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီ သတင်းဆောင်းပါးမှာ ဖော်ပြခဲ့သလိုပဲ လေဆိပ်မှာ တော့ ဆရာတော်ဘုရားကြီးကို လာရောက်ကြိုဆိုနေကြတဲ့ ရှင်လူ ပရိသတ်ကြီးဟာ အကော်ဘဲ များပါတယ်။

ကြိုဆိုသူများဟာ မနက် ၆-နာရီ မထိုးခင်ကတဲ့က လေဆိပ်ကို ရောက်နေကြပြီး အဲဒီအထဲမှာ ဘုန်းတော်ကြီးများ၊ မြန်မာနိုင်ငံ သံရုံးကအတွန်းဝန် ဦးတင်မောင်ဦးနှင့်သံရုံးသူ သံရုံးသားများ၊ ဘီဘီစီ မြန်မာပိုင်း အစီအစဉ်က အဖွဲဝင်များ၊ နောက် ဗြိတိန်နိုင်ငံမှာရှိတဲ့ မြန်မာ ဒကာ ဒကာမများ၊ အင်္ဂလိပ် အိန္ဒိယ လူမျိုး ဒကာဒကာမများစသည်ဖြင့်အမျိုးမျိုးရောက်နေပါတယ်။

အဲ လာရောက်ကြိုဆိုနေကြတဲ့ ဘုန်းတော်ကြီးများကဆိုယင် လန်ဒန် ဝင်ဘယ်လ်ဒမ် ရပ်က ထိုင်းဘုန်တော်ကြီးကျောင်းက ယိုးဒယားဆရာတော်ကြီးနှင့် သံဃာတော်များ၊ လန်ဒန် ချစ်ပ်စဝစ် ဝိဟာရ ဘုန်းတော်ကြီးကျောင်းက သီဟိုဠ် ဆရာတော်ကြီး ဒေါက်တာ သဒ္ဓါတိဿနှင့် သံဃာတော်များ၊ နောက် လန်ဒန် ဟဲမ်စတက်ဒ်က အင်္ဂလိပ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းက ဆရာတော် ဦးသုမေဓောနှင့် အင်္ဂလိပ် လူမျိုး သံဃာတော်များ၊ နောက် ဝင်ဘာဟယ်တန်မြို့ ကျောင်း

တော်က သီဟိုဠ်ဆရာတော်နှင့် သံဃာတော်များ၊ ဘာမင်ဂမ်မြန်မာ ဘုန်တော်ကြီးကျောင်းက ဆရာတော် ဦးရေဝတမ္မစသည်ဖြင့် သံဃာအပါး ၂၀-လောက် လာရောက်ကြပါတယ်။

အဲ လန်ဒန်လေဆိပ်မှာ သံဃာတော်များဟာ သက်နုံးတွေဝါဝါဝင်းဝင်း ညီညီမောင်းမောင်းနှင့် နှစ်ထောင်းအားရဖွဲ့ကောင်းလှတဲ့ မြင်ကွင်းကို မောင်ချိုပြုံး ကျွဲပြီး "အင်း-ကျက်သရေ ရှိလိုက်ပါဘိတော့တယ်၊ အနောက်နိုင်ငံတိုင်းတွေမှာ သာသနာတော်ကြီး စည်ပင်ပြန့်ပွားဖို့ ကိစ္စကို ဟောဒီမှာ စပြီးတော့ မြင်နေရပါပကော" ဆိုပြီးတော့ အ ကြိုးအကျယ် ဝမ်းမြောက် သာမှုခေါ်မိပါတယ်။

အဲဗျာ— မဟာစည် ဆရာတော်ဘုရားကြီးလဲဘဲ နောက်ပါသံဃာတော်များထဲက ဆရာတော် ဦးဇနက၊ ဆရာတော် ဦးအဂ္ဂဓမ္မတို့ လိုက်ပါပြီး လေယာဉ်ပျံပေါ်က ဆင်းပြီး လေဆိပ်ဝင်အလာမှာ လာကြိုကြတဲ့ ပရိသတ်ကြီးဟာ လေဆိပ်မှာ မြန်မာဗုဒ္ဓဘာသာဝင်များ ပိပိပေါ့ဗျာ လက်အုပ်ချီပြီး တခါထဲ မြေပြင်မှာ ပျပ်ဝပ်ခါ ဆရာတော်ကြီးကို ဝိုင်းဝန်းပြီး ကန်တော့ကြပါတယ်။

လာကြိုတဲ့ ပရိသတ်ကြီးရဲ့ မျက်နှာတွေလဲပဲ ဂုဏ်ယူခြင်း၊ ဝမ်းသာခြင်း ပီတိတွေနှင့် တခါထဲ ပြည့်နေတယ်ဆိုတာကို မြင်ရပါတယ်။

ဆရာတော်ကြီးကို ကြည့်ရတာမှာလဲပဲ ကျန်းကျန်းမာမာ ရှိပြီးတော့ ခရီးပန်းပုံတောင် မတွေ့ရဘူး၊ နောက်ပါဆရာတော် ၂-ပါးဟာလဲဘဲ သူတို့ကို ကြည့်ရတာဟာ အင်မတန်မှ လန်းလန်းဆန်းဆန်းနဲ့ နှစ်သက် ကြည်ညိုဖွယ်ရာ မြင်ရပါတယ်။ အဲ-ကျန်အဖွဲ့ ဆရာတော်များကတော့ကာ အမေရိကန်နိုင်ငံမှာ တရားပြရအောင် ခေတ္တ နေရစ်တယ်လို့ သိရပါတယ်။

အဲဒီနေ့ကတော့ ဆရာတော်ဘုရားကြီးနှင့်တကွ အားလုံးသော သံဃာတော်များကို အလှူရှင် ဦးစိန်ထွန်းအောင်နှင့် ဒေါ်လှလှတို့က ယိုးဒယားကျောင်းမှာ ဆွမ်းကပ် ပူဇော်ကြပါတယ်။

အဲ- နောက်တနေ့မှာတော့ မောင်ချိုပြုံးတို့ ဘီဘီစီက ဒေါ်မြမြမိုင်နှင့် သူ့ခင်ပွန်း ဦးသိန်းထွန်းတို့က ဆရာတော်ဘုရားကြီးနှင့် သံဃာတော်တို့ကို သူတို့အိမ်မှာ ဆွမ်းကျွေးလှူဒါန်းပါတယ်။

ဗုဒ္ဓဟူးနေ့ကတော့ ဘီဘီစီကဘဲ ဦးအောင်မြင့်ထွန်းနှင့် ဇနီးဒေါ်ချိုချိုတို့က သူတို့အိမ်မှာ ဆွမ်းကပ် လှူဒါန်းကြပြန်တယ်။

အဲ— ဆွမ်းကျွေးအပြီးမှာ မဟာစည် ဆရာတော်ကြီးနှင့် သံဃာတော်များဟာ စကော့တလန်ပြည်နယ်ကို သာသနာပြုဖို့အတွက် ခရီးထွက်ခွာ ကြွမြန်းသွားကြပါတယ်။

အဲဒီမှာ သဒ္ဓါတရား ထက်သန်လှတဲ့ ဒေါ်မြမြမိုင်တယောက်ကလဲဘဲ ဆွမ်းကျွေးရုံနှင့် မကျေနပ်သေးဘဲ သီလရင်ဝတ်ပြီးတော့ စကော့တလန်မှာ တရားထိုင်ဖို့ ဒီက ပရိသတ်နှင့်အတူ လိုက်ပါသွားတယ်ဗျာ။

မောင်ချိုပြုံးကတော့ ဆရာတော်ဘုရားကြီး ဥရောပခရီးပြန်လာမှဘဲ ယိုးဒယားကျောင်းမှာ ဒုလ္လဘ ရဟန်းဝတ်မယ်လို့ စီစဉ်ထားပါတယ်။

အဲ- မဟာစည် ဆရာတော်ဘုရားကြီးကို မောင်ချိုပြုံးက "အရှင်ဘုရား အခုထွက်လာတဲ့ သာသနာခရီးနှင့် ပတ်သက်လို့ လည်းကောင်း၊ အရှင်ဘုရား အနောက်နိုင်ငံများမှာ တွေ့ရကြုံရတဲ့ ကိစ္စများနဲ့ စပ်လျဉ်းလို့ လည်းကောင်း မြန်မာနိုင်ငံက ဒကာ ဒကာမများကလဲဘဲ သီလ သိချင် အရှင်ဘုရားရဲ့ အသံတော်ကိုလဲဘဲကြားချင်နေကြပါတယ်ဘုရား။ဒါကြောင့်ဩဝါဒများကို ချီးမြှင့်ပါ" ဆိုပြီးတော့ လျှောက်တော့ ဆရာတော်ကြီးက အနောက်နိုင်ငံမှာ သူတွေ့မြင်ခဲ့ရတဲ့ အဲ—စျေးဆိုင်၊ ကုန်စုံဆိုင်ကြီးတွေနှင့် ပတ်သက်လို့ ဒီ အာယု အသက်ရှည်ခြင်း တရားကို အခုလို ဟောကြားတော်မူသွားပါတယ်။

အာယုံ အာရောဂိယံ ဝဏ္ဏံ၊ သဂ္ဂံ ဥစ္စာကုလီနတာ၊
အသခ်ိတ္ဆ အမတံ၊ အတ္ထိ သဗ္ဗာပဏော ဇီနေ။

အာယုံစ-အသက်ရှည်ခြင်းသည် လည်းကောင်း၊ အာရော

ဂိယဥ္စ- အနာဂင်းရှင်း ကျန်းမာခြင်းသည် လည်းကောင်း၊ ဝဏ္ဏဥ္စ- ရုပ်ဆင်း လှပခြင်းသည်လည်းကောင်း၊ သဂ္ဂဥ္စ- နတ်ပြည် နတ်ရွာသို့ ရောက်ရခြင်းသည်လည်းကောင်း၊ ဥစ္စာကုလီ နတာစ- မြင့်မြတ်သောအမျိုးဌ ဖြစ်ရခြင်းသည်လည်းကောင်း၊ အသခ်ဴဘံ- ပြုပြင်ခြင်းမရှိသော၊ (ဝါ) မပြုပြင်အပ်သော၊ အမတဥ္စ- သေခြင်းကင်းရာ နိဗ္ဗာန်သည်လည်းကောင်း၊ သဗ္ဗာပဏ်ဓေိနေ-မြတ်စွာဘုရား၏ အလုံးစုံသော ပစ္စည်းတွေကို ရနိုင်သော စျေးဆိုင်ကြီးဌ၊ အတ္ထိ- ရှိသည်ချည်းသာလျှင်တည်း။

မြတ်စွာဘုရား၏ သာသနာတော်ဟာ သံသရာနှင့် စပ်ပြီးတော့ အလုံးစုံ ကုန်စုံရောင်းတဲ့ စျေးဆိုင်ကြီးနှင့် တူတယ်။ ကုန်စုံရောင်းတဲ့ စျေးဆိုင်ဆိုတာ ဒီလိုမြို့ကြီးတွေမှာ အင်မတန် ထင်ရှားပါတယ်။ ဝါရှင်တန်တုန်းက ကုန်စုံ စျေးဆိုင်ကြီး တခုကို ရောက်ခဲ့ဘယ်၊ တယ်စုံတာဘဲ၊ ပစ္စည်းတွေ သန့်သန့်ရှင်းရှင်း ဘာမဆို ပစ္စည်း ကိုယ့်ဟာကိုယ် ထည့်သွားရုံတဲ့၊ သိမ်းစရာ ထည့်စရာတွေ ဘာလေးခေါ်မလဲ မသိပါဘူး၊ ခုံကလေးနှင့် အံဒုံလေးနှင့် အဆင်သင့်ရှိနေတာ ယူလာပြီးတော့ လိုတဲ့ပစ္စည်းတွေ အံဒိုးအပေါ်မှာထည့်၊ မေးလဲမနေရဘူး၊ စျေးလဲ မေးမနေရဘူး၊ စျေးဆစ်လဲ မနေရဘူး၊ စာနှင့် ရေးထားပြီးသားကိုး၊ အဲဒီ လိုတဲ့ ပစ္စည်းတွေ ကောက်ကောက်ပြီးတော့ထည့်၊ ထည့်ပြီးတော့ ရုံဝကျတော့မှ ဘာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက အံဒုံတွေ ကြည့်ပြီးတော့ အံဒုံစာရင်းတွေ ဘာတွေရှင်းပြီးတော့ အံဒိမှာ ဝတ္ထုငွေ ပေးထားခဲ့ပြီး သွားတာဘဲ၊ သူ့ဟာ လိုချင်တာတွေကိုတော့ ရပါရဲ့။

သို့သော်လဲ လောက ကုန်စုံဆိုင်ကတော့ အသေးအဖွဲ့ ကုန်စုံမျှသာ ရှိတယ်၊ အကြီးအကျယ်ကြီးတွေတော့ မရှိဘူး စားစရာ၊သောက်စရာ၊သုံးစရာ၊ဝတ်စရာ အဲဒီလိုဟာတွေတော့ အစုံအလင် ရှိပါတယ်။ ဒါပေမယ်လို့ သွားရေး လာရေးနှင့် စပ်ပြီးတော့ မော်တော်ကားတို့ မီးရထားတို့ လေယာဉ်ပျံတို့ ဒီလိုဟာတွေတော့ အဲဒီ ကုန်စုံဆိုင်တွေမှာ မရှိဘူး။

မြတ်စွာဘုရား၏ သာသနာတော် တည်းဟူသော ကုန်စုံစျေးဆိုင်မှာတော့ ဘာမဆို ရှိတယ်တဲ့။ ဘာမှ လိုလေသေး မရှိဘူး၊ ဘယ်ဟာဖြင့်ယင် ဘုရား သာသနာတော်မှာ မရနိုင်ဘူးလို့ အဲဒီလို မရှိဘူး၊ ရနိုင်တာချည်းဘဲ....တဲ့။

အဲဒီလို ဆရာတော်ဘုရားကြီးက ကုန်စုံ စျေးဆိုင်ကြီးတွေ၊ ဆိုင်ကြီးတွေဟာ အနောက်နိုင်ငံမှာ လွယ်လင့်တကူ စုံစုံလင်လင် ဝယ်လို့ရပေမယ့် အမှန်မှာတော့ ဒီစျေးဆိုင်တွေထက် အများကြီးပိုပြီး စုံလင်ပြီး ကိုယ်လိုချင်တာ မှန်သမျှကို ရနိုင်တာကတော့ ဘုရားရှင် ကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ တရားတော် တည်းဟူသော ကုန်စုံဆိုင်ကြီးဘဲ ဖြစ်တယ် ဆိုတာကို တရားတော်ကို ဆွဲယူပြီးတော့ ဟောကြားတော်မူသွားပါတယ်။

တခါ အနောက်နိုင်ငံတွေမှာ ခရီးသွားလာရေးနှင့် ပတ်သက်ပြီးတော့ "အရှင်ဘုရား သွားလာရတာ လွယ်ကူပါရဲ့လား၊ ခရီးပန်းမှုများ ရှိပါသလား" လို့ မေးတော့

ဆရာတော်ဘုရားကြီးဟာ "လောကမှာ လူ့ပြည်လောကထဲ ဟိုအရပ် ဒီအရပ် သွားချင်လို့ရှိယင် အခုနေ အခါကာလ သွားလို့ လွယ်ကူတယ်လို့ ဆိုရမှာပေါ့။ ယာဉ်ရထားတွေ အများကြီးစုံရှိတယ်၊ ကုန်းကြောင်း ယာဉ်ရထားတွေ၊ ရေကြောင်း ယာဉ်ရထားတွေ၊ ကောင်းကင် လေယာဉ်ပျံတွေ သွားလို့ နေရာကျတာဘဲ၊ အခုဘုန်းကြီးတို့လာရတာ ချမ်းချမ်းသာသာနှင့် တနေရာနှင့်တနေရာ မိုင်ပေါင်း ထောင်သောင်းများစွာ ဝေးတဲ့နေရာတွေ လာချင်တိုင်း ရောက်လာကြတာဘဲ၊ ဟန်ကျတာဘဲ၊ သွားရေးလာရေး အဲဒါတွေ လောကကြီးနှင့် ဆိုင်ရာ အခုနေကာလမှာ သွားရေးလာရေး အင်မတန် လွယ်ကူတယ်လို့ ဆိုရမှာဘဲ။

"ဒါပေမယ်လို့ ဒီ လူ့ပြကနေ နတ်ပြည်လောက ရောက်ချင်တယ်ဆိုယင်တော့ မရောက်နိုင်ဘူး၊ ဗြဟ္မာ့ပြည်လောက ရောက်ချင်တယ်ဆိုယင်လဲ မရောက်နိုင်ဘူး၊ နိဗ္ဗာန် ရောက်ချင်တယ်ဆိုယင်လဲ မရောက်နိုင်ဘူး၊ မြတ်စွာဘုရား၏ သာသနာတော်မှာတော့ ဘာမဆို ရောက်နိုင်တယ်တဲ့"

မဟာစည် ဆရာတော်ဘုရားကြီးက အဲဒီလို အနောက်နိုင်ငံများမှာ ခရီးသွားလာရေး လွယ်ကူ ကောင်းမွန်သော်လဲဘဲ ဒီက လေယာဉ်များ မော်တော်ယာဉ်များဟာ သူတို့ ခရီးစဉ်အရ ပို့နိုင်တဲ့ နေရာလောက်သာ ပို့နိုင်ပါတယ်တဲ့၊ အသစ်တ ဆိုတဲ့ နိဗ္ဗာန် ချမ်းသာသည်သာလျှင် ကိုယ်လိုချင်တဲ့ ခရီးကို ရောက်အောင် ပို့နိုင်တယ် ဆိုပြီးတော့ တရားဘက်ကို

ဆွဲဆောင်ပြီး ဟောပြောသွားတာဟာလဲဘဲ တရားနာ ပရိသတ်များအတွက် အများကြီး အမြင်မှန် ရစေပြီးတော့ အကျိုးကျေးဇူး များလှပါတယ်။

နောက် ဆရာတော်ကြီးက အနောက်နိုင်ငံတွေမှာ ချမ်းသာတဲ့ လူတွေ ရှိကြောင်း၊ ဒီလူများဟာ ရှေးဘဝဘဝက ကာမဝစရ ကုသိုလ်ကံကြောင့် အခုခေတ် ဒီလို တိုင်းပြည်တွေမှာ လာပြီးတော့ ချမ်းသာနေကြပေမယ့် တကယ် ချမ်းသာမှု အစစ်အမှန်ဆိုတာကတော့ နိဗ္ဗာန်ချမ်းသာဘဲဆိုတာကို အခုလို ဟောကြားတော်မူပြန်ပါတယ်။

"မြင့်မြတ်သော အမျိုးဖြစ်ဖို့ရာ အရေးကြီးတယ်၊ လူဖြစ်လို့ ရှိယင် အောက်တန်းစားမျိုး ရှိတယ်၊ ကြီးပွားချမ်းသာမှု တယ် မရှိကြပါဘူး၊ ဆင်းရဲနေကြတယ်၊ အထက်တန်းစား အမျိုးထဲက ဆိုယင် ကြီးပွားချမ်းသာမှုတွေ ပြည့်စုံတယ်၊ အဲဒီတော့ မြင့်မြတ်တဲ့ အမျိုးဖြစ်ဖို့ရာ အရေးကြီးပ၊ တယ်။ အဲဒါလဲဘဲ မြတ်စွာဘုရား၏ သာသနာတော် တည်းဟူသော စေးဆိုင်ကြီးမှာ ရနိုင်တယ်တဲ့၊ ဒါတွင်ဘဲလားဆိုယင် မဟုတ်ဘူး၊ ဒီပြင်လောက အသုံးအနှုန်းတွေ ချမ်းသာတွေ ဟူသမျှ အကုန်လုံးပါဘဲ၊ ရနိုင်ပါတယ်။ ဒီမှာ ဂါထာလေးနဲ့ ဖွဲ့ထားတော့ အကုန်လုံး လိုက်ပြီးတော့ ရေးလို့ မဖြစ်ဘူး။

"အင်း အပေါင်းအဖော် မိတ်ဆွေ သင်္ဂဟတွေ များများပြည့်စုံဖို့ ရာထူး ဌာနန္တရတွေ များပြား အကြီးအကျယ်နှင့်ပြည့်စုံ

ဖို့ စီးပွားဥစ္စာတွေ ဘာမဆို ပြည့်စုံဖို့ ဒီလိုဟာတွေ အများကြီး ရှိသေးတာဘဲ၊ အဲဒါတွေလဲ မြတ်စွာဘုရား၏ သာသနာတော် တည်းဟူသော ကုန်စုံဆိုင်ကြီးမှာ ရနိုင်တယ်တဲ့၊ အကောင်း ဆုံးကဲ့တော့ အသင်္ခတ မပြုပြင်အပ်တဲ့ နိဗ္ဗာန်။ လောကမှာ လူချမ်းသာ နတ်ချမ်းသာတွေ စသည်တွေကတော့ ပြုပြင် ထားတဲ့ ချမ်းသာတွေ၊ အဲ မပြုပြင်ဘဲနဲ့ သူ့အလိုလို ဖြစ်တဲ့ သူ့အလိုလို ပြီးစီးနေတဲ့ ချမ်းသာကတော့ နိဗ္ဗာန် ချမ်းသာဘဲ တဲ့။

"ဒီပြင်ဟာတွေကတော့ သူ့အကြောင်းတရားနှင့် သူပြုပြင် ပေးမှ သူက ပြည့်စုံတာ၊ ဒါကလဲ ဖြစ်ပြီးယင် ပျက်တာဘဲ၊ အမြဲတန်းတည်နေတာ မဟုတ်ဘူး၊ နိဗ္ဗာန် တရားကတော့ အမြဲတန်းတည်နေတာ အကောင်းဆုံးဘဲ၊ အသင်္ခတ မပြုပြင် အပ်တဲ့ နိဗ္ဗာန်၊ အမတ သေခြင်း ကင်းတယ်၊ လောကမှာ လူ့လောက လူတွေ ကြီးပွားချမ်းသာနေတဲ့ ပုဂ္ဂိုလ်တွေ ရှိတယ်၊ လောကအနေနှင့် ကြည့်ယင်တော့ အင်မတန် ဝမ်းသာစရာ တွေပါ၊ အင်မတန် ကောင်းပါတယ်၊ ဒါပေမယ်လို့ တနေ့ကျ ယင် အိုချိန်တန်ယင် အိုရ၊ နာချိန်တန်ယင် နာရ၊ သေချိန် တန်ယင် သေကြရတာပဲ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲမှုတွေလဲ ရှိနေတာဘဲ၊ စားရေး သောက်ရေး နေရေး ထိုင်ရေးတွေ အဆင်ပြေအောင်လို့ ကြောင့်ကျ စိုက်ရမှုတွေ ဆင်းရဲမှုတွေ ရှိနေတာဘဲ၊ ပြီးတော့ လောကထဲမှာ ချမ်းသာတယ်ဆိုတာက

အခိုက်အတန့်လေး ချမ်းသာကြတာဘဲ၊ အမြဲတန်း ချမ်းသာတာ မဟုတ်ဘူး၊ နိဗ္ဗာန်က တော့ အမြဲတန်း ချမ်းသာတယ်။ အမတံ- သေခြင်း ကင်းတယ်ဆိုတဲ့ အိုခြင်းရော နာခြင်းရော အစစအရာရာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေရော ဘာမှ ဆင်းရဲမှု မရှိဘူး၊ အကုန်ဆင်းရဲတွေ ကင်းတယ်၊ အဲဒီ ဆင်းရဲအလုံးစုံကင်းတဲ့ နိဗ္ဗာန် ချမ်းသာဆိုတာလဲ မြတ်စွာဘုရား၏ သာသနာတော်မှာ ရနိုင်တယ်၊ ဒီပြင်မှာ မရနိုင်ဘူး”

အဲဒီလို ဆရာတော်ကြီးက နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်တဲ့ ဝိပဿနာ တရားအားထုတ်မှု၊ နောက်ပြီးတော့ မဂ္ဂင် (၈)ပါး အစရှိတဲ့ တရားဒေသနာများကို ဟောကြားခဲ့မြင့်တော်မူကြောင်းကို မြန်မာနိုင်ငံက ဒကာ ဒကာမများ နှစ်ထောင်းအားရ သာဓုခေါ်နိုင်ကြပါရန် ဒီတပတ် ဒီဘဝ အထွေထွေကလွှာကနေပြီးတော့ တင်ဆက်လိုက်ရခြင်း ဖြစ်ပါတယ် ခင်ဗျား။

ဒေါမြမြမြိုင်၏ အသံလွှင့်ဆောင်းပါး

သောတရှင်များရှင့်

အခုဆက်လက်ပြီး ကျမ စကော့တလန်ပြည်နယ် ဒန်ဖရီးစ်နယ်ကို သွားရောက်ခဲ့စဉ်က အတွေ့အကြုံများကို တင်ပြလိုပါတယ်။

ဒီခရီးဟာ တကယ်တော့ လေ့လာရေး ခရီးသက်သက်မဟုတ်ပါဘူး၊ မြန်မာနိုင်ငံမှ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားနှင့် သံဃာတော်များ စကော့တလန်ပြည်နယ်က ဆမြေလင်း တိဘက်ကျောင်းမှာ ဇာပတ်ကြာ တရားပြဖို့ ကြွခဲ့စဉ်က ကျမလဲ တရားဝင်ဖိတ်ဆိုပြီး လိုက်သွားခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ဟိုရောက်တော့ ကျမတို့ တရားအားထုတ်မယ့်နေရာဟာ အနောက်နိုင်ငံရယ်လို့ကို မထင်ရတဲ့ နေရာမျိုးဖြစ်နေတာကို တွေ့ရတယ်၊ ကိုယ့်စားသုံးသီးနှံ ကိုယ်စိုက်ပျိုးကြပုံ၊ နွားနှင့် သိုး မွေးမြူပုံတွေ တွေ့ရတော့ သောတရှင်များကို စိုက်ပျိုး မွေးမြူရေးကလွှာကနေ ပြောပြအုံးမယ်လို့ စိတ်ကူးမိခဲ့ပါတယ်။ ဆမြေလင်း တိဘက်စင်တာရဲ့ အနီးအနား ဆယ်မိုင်ပတ်ဝန်းကျင်မှာ လူနေအိမ်ရယ်လို့ မရှိပါဘူး၊ ထင်းရှူးတောရယ်၊ စားကျက် မြက်ခင်းတွေရယ်၊ တောင်အထပ်ထပ်နှင့် မြစ်များ စိမ့်စမ်းများ ဝိုင်းနေတဲ့ အင်မတန်ငေးချမ်းသာယာတဲ့ နေရာပါဘဲ။

ဆမြေလင်း တိဘက်စင်တာမှာ ဘုန်းကြီးသုံးပါးရှိပါတယ်၊ စိမ်အုပ်ချုပ်သူကတော့ အကုံရင်ပိုချို ဆိုတဲ့ တိဘက်ဘုန်းကြီး

နှစ်ဘဝ လူဝင်စား ဖြစ်ခဲ့တဲ့ ပုဂ္ဂိုလ်ပါပဲ၊ သူဟာလွန်ခဲ့တဲ့ ဆယ် နှစ်နှစ်လောက်က ဒီကျောင်းကို စပြီးတည်ထောင်ခဲ့သူ ဖြစ်ပါတယ်။ကျမတို့တတွေဟာ မွေလ နှစ်ဆယ့်သုံးရက်နေ့မှာ အဲဒီကို ရောက်သွားပြီး နှစ်ဆယ့်လေးရက်နေ့ကစ တရားဝင် ရတော့တာပါဘဲ။

ဆရာတော်ဘုရားကြီးက မနက် သီလပေးပြီး ၈ မာလို့ တရား ဟောခဲ့ပါတယ်။ ဒါကို ဆရာတော် ဦးဇနက က အင်္ဂလိပ်လို ဘာသာပြန်ပေးပါတယ်၊ နေ့လယ်မှာ နေ သာယင် စကြံနဲ့ ထွက်လျှောက်ကြရပါတယ်၊ ဆရာတော် ဦးဇနက က သိပ်စည်းကမ်း ကြီးတယ်၊ စကားမပြောရဘူး၊ ကျမတို့မလဲ တချိန်လုံးမြဲင်တယ်' ကြားတယ်၊ တွေးတယ် စသည်ဖြင့်ပေါ့လေ မှတ်နေရတာဘဲ၊ နေ့လယ်စာ စားအပြီးမှာ နာရီဝက် နားခွင့် ရတဲ့ အချိန်လေးမှာမှ ကျမလဲ "မြင်တယ် မြင်တယ်" လို့ မှတ်ယင်းနဲ့ဘဲ လေ့လာ သုံးသပ်ခဲ့ရပါတော့တယ်၊ ဒါတွေကို အခု ပြန်ပြောပြမယ်နော်....

ဆမြေလင်း တိဘက်ကျောင်းဟာ တကယ့်ကို တောထဲမှာ တသီးတသန့်ရှိတဲ့ တောရကျောင်း အစစ်ပါဘဲ၊ သူတို့ဆီမှာက စားစရာမျှားကို ကိုယ်တိုင် စိုက်ပျိုးပါတယ်၊ နွားတွေ သိုး တွေလဲ မွေးပါတယ်၊ အဲဒီမှာ ရောက်နေယင် အင်မတန် ခေတ်မီဆန်းပြားတယ် ဆိုတဲ့ အဆောက်အအုံတွေ ပစ္စည်း

တွေကို မတွေ့ရတော့ပါဘူး၊ မူလက အဆောက်အအုံကိုလဲ ဘိဘက် ပန်းချီမျှား၊ ဆေးမျှား ရေးဆွဲထားတော့ အနောက် နိုင်ငံ ရောက်နေမှန်းတောင် မသိရပါဘူး။

ခြံထဲမှာလဲ သစ်ပင်အောက်မှာ ဥာဏ်တော် သုံးပေ လောက်ရှိတဲ့ ဓမ္မစကြာ ဟောနေဟန်နဲ့ မြတ်စွာဘုရား ပုံတော် ကျောက်ဆင်းတုတော်ကို တွေ့ရတာဟာလဲ တကယ့်ကို မိဂဒါဉုန်တောထဲ ရောက်နေသလားပဲ။

သူတို့ရဲ့ဝါဒက ကိုယ်တိုင် စိုက်ပျိုး မွေးမြူ စားသောက် ဖို့ဘဲ ဖြစ်တယ်လို့ ဆိုပါတယ်၊ စိုက်ပျိုးထားတာဟာလဲ စုံလို့ ပါဘဲ၊ ဒီမှာ အခုအချိန်ဟာ နွေရာသီဆိုတော့ သီးနှံတွေ အပြင်မှာ ချစိုက်လို့ ရပြီမို့ ကျောင်းဆောင်တွေဟာ မှန်အိမ် ထဲ ပျိုးထားတဲ့ ပျိုးပင်တွေ အပြင် ထုတ်စိုက်နေကြတာကိုလဲ တွေ့ခဲ့ရပါတယ်။ စိုက်မြေကွက်တွေကတော့ ပေ နှစ်ဆယ် ပေ လေးဆယ် အကွက်တွေလောက်ပါဘဲ၊ သချာထွန်ယက် တူးဆွထားတဲ့ နေရာမှာ ဂေါဖီထုပ်၊ ပန်းဂေါဖီ၊ မုန်ညင်း၊ မုန်လာဥတွေကို သုံးဘန်းစီလောက် စိုက်ပါတယ်။

အဲဒီပတ်လည်မှာ စည်းရိုးသဘောနှင့် ရှုဘတ်ခေါ် ရွက် ရိုးတံသာ စားရတဲ့ ချဉ်ပေါင်အရသာမျိုးရှိတဲ့ ဟင်းသီး ဟင်းရွက်ပင် တမျိုးကို စိုက်ပါတယ်၊ ဒီကလူတွေကတော့ အဲဒီ ရှုဘတ်ရိုးတံကို အချိုစားအဖြစ် စားတယ်၊ ကျမတို့ကတော့ ချဉ်ပေါင် မရတော့ အဲဒါကိုဘဲ ချဉ်ပေါင်အမှတ်နဲ့ ချဉ်ရေ ချက်စားကြပါတယ်။

ဆမြေလင်း စင်တာမှာ ဘုန်းကြီးတွေချည်း သပ်သပ်နေတဲ့ ကျောင်းက တခု၊ ည့ဉ်သည်တွေ ကျောင်းမှာဝိုင်းလုပ်ဒုံးစား သူတွေ နေတဲ့နေရာက သပ်သပ်ရယ်လို့ ရှိပါတယ်။

ဝိုင်းလုပ်ဝိုင်းစားထဲက အလုပ်ကို ခွဲထားပါတယ်၊ အမျိုး သမီးတချို့က မီးဖိုချောင် တာဝန်ယူရတယ်၊ တချို့က ဒွန်းနို့ ညှစ်၊ သိုးကျောင်း၊ တချို့က သစ်ဥ သစ်ဖုတူး၊ အမျိုးသား တွေက လယ်ထွန် မြေပေါက် စတဲ့ အလုပ်ကြမ်းတွေ လုပ်ကြ ရပါတယ်။

သူတို့နေထိုင်တဲ့ ဘဝဟာ ကျေးလက်တောရွာ ဘုံစနစ် ပါဘဲ၊ စိုက်ပျိုးမွေးမြူပုံဟာလဲ တနိုင်စနစ် ဆိုပါတော့၊ တည်း ခိုသူတွေထံက အဖိုးနှုန်း ချိုသာစွာ ကောက်ခံရရှိတဲ့ ငွေနဲ့ဘဲ ကျောင်းရပ်တည် နေနိုင်တာဟာ ခြိုးကျူးစရာပါဘဲ၊ လာတဲ့ ည့ဉ်သည်တွေကလဲ ကျောင်းဝေယျာဝစ္စမှာ တဒုံခု ကူညီ ကြရပါတယ်။

အဲဒီကျောင်းမှာ ရုပ်မြင်သံကြားစက်တို့၊ ရေဒီယိုတို့ဆိုတာ မရှိပါဘူး၊ တခြား ဇိမ်ခံပစ္စည်းဆိုလဲ ဘာမှ မရှိပါဘူး။

ကျောင်းမှာ ကူညီ လုပ်ကိုင်သူတွေဟာ အင်္ဂလိပ်နဲ့ အမေရိကန်လူမျိုးတွေ ဖြစ်ပါတယ်၊ သူတို့ ဝတ်ပုံ စားပုံတွေ ဟာလဲ ရိုးရိုးကြီးတွေပါဘဲ၊ အလှပြုပြင်ခြင်း လုံးဝ မရှိပါဘူး၊ ဒါပေမယ့် သူတို့အားလုံးဟာ ခေတ်ပညာတတ် လူငယ်တွေ

ပါဘဲ၊ ခေတ်မီ တိုးတက်လှတဲ့ ဘဝကို မကြုံကြ၊ ဆန်းပြားမှု တွေကို မကြုံကြလို့ အဲဒီမှာ လာနေကြတာတဲ့။

မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဝိပဿနာကျင့်နည်းဟာ ကမ္ဘာကျော်ဖြစ်နေလေတော့ ကြုံတောင့်ကြုံခဲ့ အခွင့်အရေးကို လက်လွှတ်မခံလိုတဲ့ ဗုဒ္ဓဘာသာ အင်္ဂလိပ် လူမျိုးထဲက တကယ်စိတ်ဝင်စားတဲ့ လူဆယ် ငါးယောက်လောက်ဟာ တရားဝင်ကြပြီး တကယ့်ကို စူးစူးစိုက်စိုက် တရားကျင့်ကြပါတယ်။ တရားပွဲ အစီအစဉ်တွေအကြောင်း ပြောရယင်တော့ မနက်လေးနာရီခွဲ ထရပါတယ်။ လဘက်ရည်သောက်ပြီး ငါးနာရီမှာ စင်္ကြန်လျှောက်၊ ဒီနောက် စားချိန်ကလွဲလို့ တနာရီကြား ထိုင်လိုက် လျှောက်လိုက် လုပ်ရပါတယ်။ နေ့လယ်စာ စားပြီးယင် နာရီဝက်နား၊ ဒီနောက် ကျောင်းမှာ ဝေယျာဝစ္စ ကူညီကြရပါတယ်။

နောက်ရက်တွေမှာတော့ ဆရာတော် ဦးဇနကက ထိုင်နိုင်သလောက်ထိုင်ဖို့ ညွှန်ကြားတော့ တနာရီ နှစ်နာရီ ဆိုသလို ဆက်ထိုင်ကြတာပါပဲ။ မွန်းလွဲပိုင်း လေးနာရီလောက်မှာ ဆရာတော် ဦးဇနကက တရားစစ်လေ့ ရှိပါတယ်။ တရားပွဲတပတ် ဒုတွင်း လုတိုင်း လုတိုင်း ဆရာတော်ဘုရားကြီးနှင့် တခါစီတွေ့ဆုံပြီး မေးချင်တဲ့ မေးခွန်းတွေလဲ မေးခွင့်ရကြပါတယ်။ ညနေချမ်း ခုနစ်နာရီမှာ မဟာဝဲည်ဆရာတော်ဘုရားကြီးကအင်္ဂလိပ်လို တရားဖတ်ကြားပါတယ်။ ရှစ်နာရီမှာ တရားဟောပြောငဲ့ သိမ်းပြီး ယောဂီတွေ ဆက်တရားထိုင်ကြရပါတယ်။

အင်္ဂလိပ်ယောဂီတွေဟာ ဆရာတော်ဘုရားကြီးကိုကြည်ညို လွန်းလို့ မြေမှာဝပ်တွားပြီး ရှိခိုးဦးချနေကြတာကို မြင်ရတာလဲ အင်မတန် ချမ်းမြေ့စရာပါဘဲ။

အဲဒီမှာ ရဟန်းခံပဲ့လဲ ရှိခဲ့တယ်။ မြို့ကို သိမ်သမုတ်ပြီး ဘုရားခန်းထဲမှာဘဲ ရဟန်းခံပဲ့ ပြုလုပ်ပါတယ်။ အားလုံးကြည့် ခွင့်ရလို့ ထူးခြားတဲ့ အတွေ့အကြုံတခုပါဘဲ။ ဆရာတော်ဦးဇနကာဘ အင်္ဂလိပ်လို ရှင်းလင်းပြောပြလို့ အင်္ဂလိပ်ယောဂီတွေလဲ မပျင်းမရိ အကြာကြီး စိတ်ဝင်စားစွာ ကြည့်ရှုခဲ့ကြပါတယ်။

အစားအသောက်ပိုင်းကို ပြောရယင်တော့ မနက်စာအဖြစ် မုယောစပါး၊ ဂျုံကြမ်း၊ ဆန်ကြမ်း ရောထောင်း ထားတာကို နို့ဆမ်းပြီး လတ်ဆတ်တဲ့ သစ်သီးစုံရောထားတဲ့အစာ ကျွေးတယ်။ ပေါင်မုန့်နဲ့ ထောပတ်နဲ့ ယိုလဲ စားရပါတယ်။ကိုယ့်ဟာ ကိုယ် ထည့်စား၊ ကိုယ့်ဟာကိုယ် ပန်းကန်ဆေးရပြီး တရားဝင် ချိန်မှာ လုံးဝ စကားမပြောကြရတော့ပါဘူး။ နေ့လယ်စာ အဖြစ် လုံးတီးဆန် ခပ်မာမာ မကျက်တကျက်ပေါ့။ နောက် ပြီး အာလူးကို အခွံမသင်ဘဲ အလုံးလိုက် ပြုတ်ထားတာရယ်၊ မုန်လာဥဝါ အခွံမသင်ဘဲ အလုံးလိုက်ပြုတ်ထားတာရယ်ကျွေး တယ်။ သက်သတ်လွတ်ချည်းပါဘဲ။ ဒိန်နှင့် သစ်သီးစုံ ရော ထားတဲ့ အချဉ်ကိုလဲ စားခဲ့ရပါဘယ်။ ကျမတို့လဲ ဆာဆာ နဲ့မို့လားမသိ၊ နေ့တိုင်း စားမြိန်ကြတာပါဘဲ။ဆီပြန်ဟင်းဆိုလို့ လုံးဝ မပါပါဘူး၊ ဆန်ကလဲလို့ ကျန်တာတွေဟာ သူတို့စိုက် ပျိုးတာတွေ ချည့်ပါဘဲတဲ့။

နေ့စဉ် မြင်တွေ့ရတဲ့ ရှုခင်းကတော့ ကျောင်းဝင်းထဲစကြန် လျှောက်သူကလျှောက်၊ ကျောက်ပြားတွေပေါ် ထိုင်သူကထိုင် ဆိုတဲ့ ရှုခင်းပါဘဲ။ အဲဒီမှာ ဒေါင်းတကောင်လဲ ရှိပါတယ်။ ဒနမြီးကြီးဖြန့်ဖြန့်ပြီး ကနေတော့လဲ ဒေါင်းမင်းပရိတ်ကို သတိရပြီး ရွတ်မိပါသေးတယ်ရှင့်။

ဒါတွေအားလုံး ခြုံပြောရယင်တော့ အဆောင်ယောင်ကင်းတဲ့ ဘဝဟာ အေးချမ်းတယ်၊ ကိုယ်စားသုံးသီးနှံကို ကိုယ်စိုက်ပျိုးတာဟာ အရသာ အာဟာရ ကောင်းတယ်၊ ဝိပဿနာတရား အားထုတ်တာဟာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာတယ်ဆိုတဲ့ အချက် ပါဘဲ။

ဆရာတော်ဘုရားကြီးရဲ့ ကျေးဇူးတော်ကြောင့်လဲ ဆမြေလင်းမှာ တရားလာ အားထုတ်သူတွေဟာ ဝိပဿနာကျင့်နည်းဆိုတဲ့ အဖိုးတန်ရတနာကို ရခဲ့ပါတယ်။

နောက်ပြီး ကျေးလက်တောရွာ ဘဝဟာ အေးချမ်း သာယာပုံ၊ ကိုယ့်ခြံထဲမှာ စားသုံးသီးနှံစိုက်ပျိုးတာဟာ အာဟာရ ဓာတ်လဲ ပိုကောင်း၊ ခွေ့တာရေးလဲဖြစ်ကြောင်းကို ပေါ်ပေါ် လွင်လွင် သိခဲ့ရတယ်ဆိုတာကို သောတရှင်များကို အစီရင်ခံယင်းနဲ့ဘဲ ဒီတပတ် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဒီမှာဘဲ ရပ်နားလိုက်ရပါတယ်ရှင်။

သောတရှင်အပေါင်း ရှင်လွန်းချမ်းမြေ့တော် မူကြပါစေရှင်။

မောင်ချိုပြုံး၏ အသံလွှင့်ဆောင်းပါး

သောတရှင်များခင်ဗျား

ဒီအပတ် ဘဝအထွေထွေနဲ့ အနုပညာ စာပေကဏ္ဍမှာ တခြားကိစ္စများကို မတင်ပြခင် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဥရောပ နိုင်ငံများ ခရီးအကြောင်းကို အနည်းငယ် တင်ပြလိုပါတယ်။

ဆရာတော်ဘုရားကြီးကတော့ ဗြိတိန်နိုင်ငံ စကော့တလန် ပြည်နယ်မှာ မေလ ၂၄-ရက်က ၂၉-ရက်နေ့ထိ တရားပြ တရားဝင်တော်မူခဲ့ပြီး စကော့တလန် ပြည်နယ်က ဘာမင်ဂမ်မြို့ကို ကြွတော်မူပါတယ်။ အဲဒီမြို့ကမှ ဇွန်လ ၁-ရက်နေ့က ဥရောပ နိုင်ငံများဘက်ကို သာသနာ့ခရီး ကြွမြန်းတော်မူပါတယ်။

ဇွန်လ ၂-ရက်နေ့ကစပြီးတော့ ဒီနေ့ ဇွန်လ ၉-ရက်နေ့ထိ ဆွစ်ဇာလန်နိုင်ငံ စိန့်အိမီးယေးမြို့နား:က မောင့်ဆိုလေဆိုတဲ့ နေရာမှာ ဥရောပ ဗုဒ္ဓဘာသာဝင်များအတွက် တရားများပြပြီး ၈-ရက်ကြာ တရားဝင်စေပါတယ်။ အဲဒီတရားဌာနကို စီစဉ်သူကတော့ မြန်မာနိုင်ငံ သာသနာ့ ရိပ်သာမှာလာပြီး တရားအားထုတ်ဖူးတဲ့ စိတ်ပညာ ပါရဂူကြီး ဒေါက်တာ ဖရီးဗားဆိုသူ ဖြစ်ပါတယ်။

အဲ- ဆွစ်ဇာလန်နယ်မှာလဲဘဲ တခုနေ့က ဒေါ်မြမြမို့ငှ ပြောသွားတဲ့အတိုင်းဘဲ စကော့တလန်ပြည်နယ်မှာ တရားထိုင်ကြသလို မနက် ၄-နာရီခွဲ အိပ်ရာကထ၊ ၅-နာရီမှာ တရားထိုင်။ ၆-နာရီခွဲ နံနက်စာ စား၊ ၇-နာရီခွဲ ဝယျာဝစ္စလုပ်ယင်း သတိကပ်မှတ်၊ ၈-နာရီကနေ ၁၁-နာရီ တရားထိုင်၊

နောက် နေ့လယ်စာ စား၊ နေ့လယ် ၂-နာရီကနေ ၅-နာရီထိ တရားဆိုင်၊ ၅-နာရီမှာ လဘက်ရည်သောက်၊ ညနေ ၆-နာရီမှာ ဆရာတော်ကြီးက တရားဟော တရားပြ ပြုလုပ်ပါတယ်၊

အဲ- ဇွန်လ ၃-ရက်နေ့က စပြီးတော့ တပတ်လုံးဟာ တခြား တရားရိပ်သာမှာ လိုပါဘဲ တရားသမား များဟာ တယောက်နဲ့တယောက် စကားမပြောရတဲ့ ဆိတ်ငြိမ်မှု အဓိဋ္ဌာန် ကိုလဲဘဲ သူတို့ စောင့်ထိန်းရတယ်။ အဲဒီမှာ နှိုင်ငံခြားသား များဟာ ဝိပဿနာကျင့်စဉ်ကို တိတိကျကျ စိတ်အား ထက် သန်စွာနဲ့ ပြင်းပြင်းထန်ထန် အားထုတ်ကြတာ တွေ့ရတယ်လို့ ကြားသိရပါတယ်။

ဆရာတော်ကြီးဟာ ဆွစ်ဇာလန်ပြည်က နေပြီးတော့ ပြင် သစ်နှိုင်ငံကို ဇွန်လ ၁၁-ရက်နေ့မှာ ကူးပြီးတော့ကာ အဲဒီမှ လန်ဒန်ကိုတော့ ဇွန်လ ၁၄-ရက်နေ့ကြယင် ပြန်ရောက်ရှိလာ ပါလိမ့်မယ်။ ဇွန်လ ၁၅-ရက်နေ့ကနေပြီး ဇွန်လ ၂၄-ရက်နေ့ အထိ ဆရာတော် ဘုရားကြီးနဲ့တကွ နောက်ပါ ဆရာတော် များဖြစ်တဲ့ ဆရာတော် ဦးဇနက၊ ဆရာတော် ဦးအဂ္ဂဓမ္မတို့ အောက်စဖို့သို့ မကြွခင် ဟောဒီ လန်ဒန်မြို့မှာ သာသနာ လုပ် ငန်းများ လုပ်တော်မူကြပုံ များကိုလဲဘဲ မောင်ချိုပြုံးရဲ့ ကတ္တာ ကဖြစ်ခဲ့ ဦးလေးနေဝင်းရဲ့ မေးပါများ စကားရ ကတ္တာက ဖြစ်စေ ဒေါ်မြမြမိုင်ရဲ့ ကတ္တာ က ဖြစ်စေ ကြံရာ ကတ္တာများ က တင်ပြပါ့မယ် ဖြစ်ပါတယ်။

ဦးဝင်းတင်(အင်းစိန်)၊ ဒေါ်ခင်ဇော်ဝေ(ဒဂုံဆိပ်ကမ်း)တို့၏ သားတော်
ဒွန်းဂြိုလ်ပြောင်ခင်ဇော်ဝေ ဘွဲ့ရိုးဖြင့် ဖွားမြင်ခဲ့လေသည်။

မောင်ချိုပြုံး၏ အသံလွှင့်ဆောင်းပါး

သောတရှင်များခင်ဗျား

ဒီအပတ် ဘဝအထွေထွေနဲ့ အနုပညာ စာပေ ကဏ္ဍမှာ ဦးစွာပထမ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဥရောပနဲ့ အင်္ဂလန် ခရီးစဉ်အကြောင်းကို အနည်းငယ် တင်ပြလိုပါတယ်။

မဟာစည် ဆရာတော်ကြီးနဲ့ အဖွဲ့ဝင် ဆရာတော်များဟာ အယင်တပတ်က မောင်ချိုပြုံး အစီရင် ခံခဲ့တဲ့အတိုင်းဘဲ ဆွစ် ဇာလန်နိုင်ငံမှာ ဥရောပနိုင်ငံသား ဗုဒ္ဓဘာသာများကို တရား ပြ တရားဝင်စေကြပြီး အဲဒီကမှ အီတလီနိုင်ငံ ရောမမြို့ကို ခေတ္တကြွကာ အီတလီနိုင်ငံကနေပြီးတော့ ဟောဒီ ဗြိတိန်နိုင်ငံ ကို ဒီကနေ့ ဇွန်လ ၁၆-ရက် စနေနေ့ ဗြိတိသျှ စံတော်ချိန် နံနက် ၈-နာရီခွဲက ပြန်လည် ဆိုက်ရောက်တော် မူလာကြပါ တယ်။

အယင်တပတ်က ဆရာတော် ဘုရားကြီး ဒဲ့လန်ဒန်ကနေပြီး ဆွစ်ဇာလန်အသွားမှာ ဇွန်လ ၁-ရက်နေ့က ပြင်သစ်နိုင်ငံ ထူးခွန်းဆိုတဲ့ အရပ်မှာရှိတဲ့ တောရကျောင်းမှာ ခေတ္တ နားပါ တယ်။ အဲဒီမှာ ပြင်သစ်နိုင်ငံမှာရှိကြတဲ့ ဗီယက်နမ် ဗုဒ္ဓဘာသာ ဒကာ ဒကာမ လေးငါးရာလောက် လာပြီးတော့ ဆရာတော် ကြီးကို ဖူးမြော် ကြည်ညိုကြပါတယ်။

နောက်တနေ့ ဇွန်လ ၂-ရက်နေ့ကျတော့ကာ အဲဒီတော ရကျောင်းမှာ ဆက်လက် သီတင်းသုံး နေတုန်းမှာဘဲ ကိုလို မီတာ ၅၀၀-၆၀၀၊ မိုင်အနားဖြင့်တော့ ၃၀၀-ကျော်လောက်

ကွာတဲ့နေရာများက ဒကာ ဒကာမတွေ လာပြီးတော့ ဆွမ်း ကပ်ကြတယ်ခင်ဗျ။ အဲဒီနေ့ နေ့ခင်းပိုင်းမှာ ဆရာတော်ကြီးက တရားနာ ပရိသတ်ကို ဝိပဿနာ အလုပ်ပေးတရားများ ဟော ကြားတော်မူတဲ့အခါမှာ ပြင်သစ်လူမျိုး ၁၅၀-လောက် လာ ပြီးတော့ နာကြပါတယ်။ အဲဒီပရိသတ်ထဲမှာ အမျိုးသား ၁၀-ယောက်နဲ့ အမျိုးသမီးတယောက်ဟာ တခါထဲ လူသူတော် များး မယ်သီလရှင်များး အဖြစ်နဲ့ ရာသက်ပန် နေထိုင် ကျင့် သုံးသွားကြဖို့ ဆုံးဖြတ်ပြီး သူတို့ရဲ့ လူဝတ်ကြောင်ကို အဲဒီ မှာဘဲ စွန့်လွှတ်ကြပါတယ်။

ဇွန်လ ၄-ရက်နေ့ကတော့ ဆွစ်ဇာလန်အရောက် ဂျီနီဗာ မြို့ကို ဖြတ်အသွားမှာ ဂျီနီဗာမှာ ရောက်ရှိနေတဲ့ အစည်းအဝေး တက်နေတဲ့ မြန်မာနိုင်ငံ အလုပ်သမားဌာနက ဝန်ကြီးနဲ့ မြန်မာ နိုင်ငံ သံရုံးက သံမှူးများ၊ ပြီးတော့ မြန်မာနိုင်ငံက ဒီ ကုလ သမဂ္ဂ ရုံးသူရုံးသားများ ဆရာတော်ကြီးကို လာရောက်ပြီး တော့ ဖူးမြော်ကြပါတယ်လို့ ကြားရပါတယ်။ နောက်ပြီး တော့ ဆရာတော်ဘုရားကြီးဟာ အယင်တပတ်က မောင်ချို ပြုံး ပြောခဲ့တဲ့ ဒီ ဆွစ်ဇာလန် နိုင်ငံက တရားဌာနမှာ ယောဂီ များကို တရားပေး တရားဟောကြားတော်မူပါတယ်။ အဲဒီ တရားဌာနကတော့ အမြင့်ပေ ၃၆၀၀ မှာ ရှိတဲ့အတွက် တော်တော်တော့ အေးမယ်လို့ ထင်ပါတယ်။

ဆရာတော်ကြီးဟာ ဇွန်လ ၇-ရက်နေ့က ဂျီနီဗာမှာ ဆွမ်းဖွား ကြွပါသေးတယ်၊ ၁၀-ရက်နေ့ကလဲဘဲ ဆွစ်ဇာလန်

ထေရဝါဒ ဗုဒ္ဓဘာသာ အသင်းကြီးက ဆရာတော်ကြီးနဲ့ အဖွဲ့ကို ဆွမ်းပင့်ပြီးတော့ ကျွေးကြတယ် ခင်ဗျာ။ ဇွန်လ ၁၁-ရက်နေ့ကတော့ ဆရာတော်ကြီးဟာ ခေတ္တ နားတော်မူပြီးတော့ကာ အဲဒီမှာ ဒကာများက ပြုချင်တဲ့ ဒီ ထာဝစဉ် နှင်းဖုံးနေတဲ့ တောင်တွေကို လိုက်လံပြီးတော့ ကြည့်ရှုပါတယ်။ ဆရာတော်ကြီးဟာ တရားနဲ့အစဉ် ဆင်ခြင်နေတော်မူသော်လဲဘဲ အနောက်နိုင်ငံများကို ရောက်တဲ့အခါမှာတော့ အဲသလို ကြည့်စရာ ရှုစရာတွေ ရှိတယ်ဆိုလို့ရှိယင် ပင့်သူများက လျှောက်ထားလို့ရှိယင် မမောမပန်း လိုက်ပြီးတော့ ကြည့်တော်မူပါတယ်။

ဆရာတော်ကြီးဟာ ဇွန်လ ၁၂-ရက်နေ့ကတော့ ဆွစ်ဇာလန်ပြည် ဇူးရစ်တက္ကသိုလ်မှာ တရားဓမ္မများ ဟောပြတော်မူပါတယ်၊ ဆရာတော်ကြီးဟာ ဇွန်လ ၁၃-ရက်နေ့က အီတလီနိုင်ငံကို ကြွတော်မူပြီးတော့ အဲဒီမှာ ဇွန်လ ၁၅-ရက်နေ့ အထိ သီတင်းသုံးပါတယ်။

အဲ ခု ဆရာတော်ဘုရားကြီးနဲ့ အဖွဲ့ဟာ အင်္ဂလန်နိုင်ငံကို ပြန်ကြွလာပြီ ဖြစ်လို့ အယင်က အစီအစဉ်အတိုင်းဘဲ လန်ဒန်မှာ ဇွန်လ ၁၆-ရက်နေ့ကနေပြီးတော့ ၂၃-ရက်နေ့ အထိ ဗုဒ္ဓပဒီပ ထိုင်းဘုန်းတော်ကြီးကျောင်းမှာ သီတင်းသုံးနေထိုင်ကြပြီးတော့ ဇွန် ၂၄-ရက်နေ့မှာတော့ အောက်စဖို့မြို့အနီးက အုတ်ကင်းဟော့ ဆိုတဲ့ တရားရိပ်သာမှာ ကြွကြပါလိမ့်မယ်။

လန်ဒန်မှာ ရှိတုန်းကို ဇွန်လ ၂၃-ရက်နေ့မှာ မြန်မာနိုင်ငံ သံရုံးကြီးမှာ မြန်မာအသင်း ယူကေ က ဆရာတော်

ကြီးနဲ့ နောက်ပါဆရာတော်များကို ဆွမ်းပင့် ဆက်ကပ်ကြမှာ ဖြစ်ပါတယ်။ အောက်စ်ဖို့က အုတ်ကင်းဟာ့ ရိပ်သာမှာတော့ ဆရာတော်ကြီးက ဒုလ္လဘရဟန်းဝတ်လိုသူများကို ဇွန်လ ၂၄-ရက်နေ့မှာ သာသနာ့ဘောင်ကို သွတ်သွင်း ချီးမြှင့်တော်မူပြီး အဲဒီမှာဘဲ သံဃာတော်များနဲ့ ဒကာ ဒကာမများကို ဇူလိုင် လ ၃-ရက်နေ့အထိ ၁၀-ရက်ကြာ တရားပြ တရားဝင်ပါ စေလိမ့်မည်။ မောင်ချိုပြုံးလဲဘဲ အင်မတန်မှ ကြုံတောင့်ကြုံခဲ အခွင့်ကောင်းကြီး တရပ်ကို ရရှိတဲ့အခါမှာ သက်နံဝတ်ပြီး တော့ကာ ၁၀-ရက်လောက် တရားဝင်ဖို့ စီစဉ်ထားပါတယ်။

ဆရာတော်ကြီးနဲ့ နောက်ပါ ဆရာတော်များက တော့ လန်ဒန်ကနေပြီးတော့ မြန်မာနိုင်ငံကို ဇူလိုင်လ ၄-ရက်နေ့မှာ ပြန်လည် ကြွသွားဖို့ စီစဉ်ထားသော်လဲဘဲ ယခုရက်များ အတော အတွင်း မှာ ကိုဘဲ နယ်သာလင်နိုင်ငံ ဟိတ်မြို့မှာ ရှိတဲ့ ဗုဒ္ဓယာနရိပ်သာက နယ်သာလင်နိုင်ငံကိုလဲ လာပြီးတော့ တရားများ လာပြီးတော့ ချီးမြှင့်ပါလို့ ပန်ကြားတဲ့အတွက် အဲဒီကိုလဲဘဲ ဇူလိုင်လ ၄-ရက်နေ့လောက်ကို ၂-ရက် ၃-ရက် ကြာတော့ ကြွတော်မူရအုံးမယ် လို့ ထင်ရပါတယ်။ ဒီလောက် ဆိုယင်တော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဥရောပခရီးစဉ်ကို ကြားနာချင်သူ ရေဒီယိုပရိသတ်များအနေနဲ့ တော်တော် ပြည့်ပြည့်စုံစုံ သိရှိရပြီလို့ မျှော် လင့် ပါ တယ် ခင်ဗျား။

ဒေါမြမြမိုင်၏ အသံလွှင့်ဆောင်းပါး

သောတရှင်မျှားရှင့်

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးဟာ ဇွန်လ ၁၂-ရက်နေ့က ဆွစဇာလန်နှုင်း ဇူးရစတက်ကသုလမှာ တရားဟောခဲ့ပါတယ်။ တရားနာပရိသတ် ၁၅၀ ကျော် ရှိပါတယ်။ ဆရာတော်ဘုရားကြီးက မြန်မာလိုဟောတာကို ချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဇနက က အင်္ဂလိပ် သာသာပြန်ပြီး၊ အင်္ဂလိပ်ကိုမှ ဒေါက်တာ မိရင်္ကိုဖရိုးဗားက ဂျာမန်ဘာသာ ပြန်ပေးပါတယ်။ ဘာသာ ၃-မျိုးနဲ့ ဟောနေရလို့ အချိန်ကြာလို့ ဆရာတော်ဘုရားကြီးက ၁၅-မိနစ်ပဲ ဟောပြီး ဆရာတော် ဦးဇနက ဆက်လက်ပြီး အင်္ဂလိပ်ဘာသာနဲ့ တနာရီကျော် ဟောကြားပါတယ်။ တရားနာပရိသတ်ကလဲ ငြိမ်သက်ပြီး စူးစူးစိုက်စိုက် တရားနာကြပါတယ်။ အငြိမ်သက်ဆုံးတရားပဲလို့ ဆရာတော် ဦးဇနကက မိန့်ကြားပါတဲ့ယ်။ ဘာသာပြန်သူ ဒေါက်တာ မိရင်္ကိုဖရိုးဗားကလဲ တရားပွဲ အလွန် အောင်မြင်ပြီး တက္ကသိုလ်မှာ ဒီလိုအောင်မြင်တဲ့ တရားပွဲဖြစ်ဖို့ မလွယ်ကူဘူးလို့လဲ ပြောကြားပါတယ်။

ဇွန်လ ၁၃-ရက်နေ့က အီတလီကို ဆိုက်ရောက်လာစဉ်က မြန်မာသံအမတ်ကြီး ဦးခင်မောင်လေးနဲ့ သံရုံးအဖွဲ့ အရာရှိနဲ့ အီတလီဗုဒ္ဓဘာသာဝင်အချို့ လာကြိုပါတယ်။ အီတလီနိုင်ငံမှာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက တရား

ဟောပြီး ချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဇနကာဘိ နေ့စဉ် ဝိပဿနာတရားဟောပြီး တရားပြ၊ တရားစစ်ဆေး ပါတယ်။

ဇွန်လ ၁၄-ရက်နေ့က အီတလီ-မြန်မာသံရုံး အဖွဲ့နဲ့ အက်ဖ်အေအို မြန်မာအမှုထမ်းများက ဆရာတော်ဘုရားကြီးနဲ့ သံဃာတော်များကို ဆွမ်းကပ်လှူဒါန်းပါတယ်။ ဇွန်လ ၁၅-ရက်နေ့မှာ မဟာစည်ဆရာတော်ဘုရားကြီးက အင်္ဂလိပ်ဘာသာနဲ့ တရားအစဟောပြီး၊ ဆရာတော် ဦးဇနကာဘိ အင်္ဂလိပ်လို ဆက်ဟောပါတယ်။

ဇွန်လ ၁၆-ရက်နေ့မှာ အီဘလီနိုင်ငံမှ လန်ဒန်မြို့ကိုရောက်ရှိလာပါတယ်။ ဒီကနေ့ လန်ဒန် ထိုင်းဘုန်းကြီးကျောင်းမှာ ရဟန်းခံပွဲရှိပါတယ်။ ဦးလေးချူပြုံးတို့ ရဟန်းခံပွဲကတော့ ဇွန်လ ၂၃-ရက်နေ့ အောက်စဖို့မြို့မှာ ဖြစ်ပါတယ်ရှင်။

ဦးလေး ဦးနေဝင်း၏ အသံလွှင့်ဆောင်းပါး

ဒါနံ ဒါတဗွံ၊ သီလံ ရက္ခိတဗွံ၊ ဘာဝနာ ဘာဝေတဗ္ဗာ ဆိုတဲ့ စကားအတိုင်း အလှူဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ ဘာဝနာပွားများခြင်း ဆိုတာတွေဟာ လုပ်သင့် လုပ်ထိုက်တဲ့ တရားတွေဘဲ။

ဒီလို အဆိုအမိန့်မျာနဲ့အညီဘဲ လန်ဒန်မြို့ရှိ မြန်မာအသင်းကြီးရဲ့ နာယကကြီး သံအမတ်ကြီး ဇေယျကျော်ထင် ဦးကြည်မောင်၊ အသင်းဥက္ကဋ္ဌကြီး စစ်သံမှူး ဒုတိယ ဗိုလ်မှူးကြီး စောလွင်၊ ယဉ်ကျေးမှု သံမှူး ဦးမောင်မောင်စိုးတင့်၊ ကောင်စစ်ဝန် ဦးခင်မောင်စိုး၊ ဒုတိယအတွင်းဝန် ဦးတင်မောင်ဦး၊ ကြယ်ငါးပွင့် သတ်ကိုယ်စားလှယ် ဦးအေးချို၊ အသင်းတွဲဖက်အတွင်းရေးမှူး တပ်ကြပ်ကြီး ဘမြင့်၊ စစ်သံမှူးရုံးအုပ် အရာခံ ဗိုလ်ကိုကြီး စတဲ့ ပုဂ္ဂိုလ်များ ဦးဆောင်ပြီး မြန်မာအသင်းကြီးက လန်ဒန်ရောက် မဟာစည် ဆရာတော်နှင့် သံဃာတော်များကို ဆွမ်းကပ်ပြီး အခြား လှူဒါန်းဘွယ်ရာ ဒါနများကို မနေ့က ပြုလုပ်ခဲ့ကြပါတယ်။

ကျနော်များ မေးပါများ စကားရ ကတ္တာမှ ပရိသတ်ကို တဆင့်ဖောက်သည်ချရအောင် ယူဟာ အသံဖမ်းစက်ကို လွှင့်ပြီး သွားရောက်ခဲ့တယ်။ လန်ဒန်ရောက် မြန်မာ အမျိုးသား အမျိုးသမီးများ စုစုပေါင်း ၁၅၀-ခန့် တက်ရောက်လာကြပြီး မဟာစည်ဆရာတော်ကြီးနဲ့ ဆရာတော် ဦးဇနက၊ ဦးအဂ္ဂဓမ္မတို့အား ကန်တော့ကြတဲ့အခါ ဆရာတော်ဘုရားကြီးက ခုလို ဆုပေးပါတယ်။

"လူနုတ် ငြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံယော်မူထိုက်သော အရဟာတာဂုဏ် အစရှိသော ကိုးပါး သော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရတနာ၊ သွာက္ခာတာဂုဏ် အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နဲ့ ပြည့်စုံတော်မူသောတရားရတနာ၊သုပ္ပဋိပန္နတာအစရှိသော ကိုး ပါးသောဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော သံဃာရတနာ တည်းဟူသော ရတနာမြတ်၃-ပါးတို့ကို ရိုသေမြတ်နိုးလက်အုပ် မိုးချီ ရှိခိုးပူဇော် ဖူးမြော်မာန်လျှံ့ ကန်တော့ ကြရသော ပဏာမ ကုသိုလ်ကံစေဘနာ၊ လှူဒါန်းပူဇော်ရသော ဒါန ပူဇာကုသိုလ်စေတနာတို့ရဲ့ အစွမ်းအာနုဘော်တို့ကြောင့် ဘေး ရန် အန္တရယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ အသက်ရှည်ခြင်း၊ အနာကင်းခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာမျှားခြင်း အစရှိသော အလိုရှိအပ်၊ တောင့်တအပ်သော ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့နဲ့ ပြည့်စုံကြပါစေ"။

အဲဒီနောက် တက်ရောက်လာကြတဲ့ ပရိသတ်ကြီးက ခုလို ငါးပါးသီလ ခံယူကြပါတယ်။

သီလခံယူပြီးတဲ့အခါမှာ ဆရာတော်ကြီးနဲ့ သံဃာတော်များ ပရိတ်တရားများ၊ ချီးမြှင့်ကြတာကိုလဲဘဲ ခုလို နာယူကြပါတယ် ခင်ဗျား။

ပရိတ်တရား ချီးမြှင့်ပြီးတဲ့နောက်မှာတော့ အပ္ပမာဒတရား (၀၂) မမေ့မလျော့အပ်တဲ့တရားကို ခုလိုဆက်ပြီး ဟောကြား တော်မူပါတယ်။

"မြတ်စွာဘုရားက အပ္ပမာဒဆိုတဲ့ မမေ့တဲ့တရား၊ မမေ့ဆိုတာ သတိဘရားပါဘဲ၊ မမေ့တဲ့တရား အကျိုးများကြောင်း ဖော်ပြပြီးတော့ ထားပါတယ်

"အာယုစ အသက်ရှည်ခြင်းကို လည်းကောင်း၊ အသက်ရှည်ခြင်း လိုလားသို့ရှိယင် အပ္ပမာဒဆိုတဲ့ မမေ့တဲ့တရား ဖြစ်ပွားစေရမယ်၊ မမေ့တဲ့သတိတရားဆိုတာ ဘာ မမေ့တာတုန်းဆိုယင် ကုသိုလ်တရားတွေ မမေ့ဖို့ပါဘဲ၊ ဒါနှ ကုသိုလ်ပြုသင့်တဲ့အချိန်ပြုဖို့၊ သီလဆိုတာကတော့ အောက်ထစ်ဆုံး ငါးပါး သီလ စောင့်ရှောက်ဖို့ မမေ့အောင် သမထဝိပဿနာ ဘာဝနာတွေလဲဘဲ မမေ့လျော့ဘဲနဲ့ အားထုတ်သွားကြဖို့ အရေးကြီးပါတယ်"

အဲဒီနောက်တော့ ဆင်းရဲခပ်သိမ်းတို့ရဲ့ ငြိမ်းရာနိဗ္ဗာန်ရွှေပြည်မြတ်ကို ပို့ဆောင်အပ်တဲ့ ဝိပဿနာတရားကို ခုလိုဆက်ပြီး ဟောကြားကာ နာယူရပြန်ပါတယ် ခင်ဗျား။

"ဆင်းရဲခပ်သိမ်း ငြိမ်းတယ် ဆိုတာက သီလအရင်းခံပြီးတော့ သီလလုံခြုံရမယ်၊ သမာဓိပညာဖြစ်အောင် ပွားများရမယ်၊ အဲဒီမှာ ပညာအရေးကြီးဆုံးဘဲ၊ သီလပြည့်စုံရုံနဲ့ မပြီးဘူး၊ သမာဓိပြည့်စုံရုံနဲ့ မပြီးဘူး၊ ပညာပြည့်စုံမှ အဲဒီပညာက ဒီလောကရေးရာ ပညာတွေ မဟုတ်ပါဘူး၊ မိမိတို့ သန္တာန်မှာ တကယ်ဖြစ်ပျက်နေတဲ့ ရုပ်တရား နာမ်တရား အမှန်တွေကို

သိအောင်လို့ ရှုရတဲ့ ပညာပါဘဲ။ ဘုရားအလောင်းကိုယ်တိုင်က ဘုရားဖြစ်အောင် ရှုတာကလဲ အဲဒီရုပ်နာမ်တွေကို ရှုပြီး ဘုရားဖြစ်တာပဲ

"ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှုပြီးတော့ နေခဲ့ပါတယ်တဲ့

"ဂေါတမမြတ်စွာဘုရား ဒီပြင် ဘုရားတွေလဲ ဒီအတိုင်းပါဘဲ။ ကဆုန်လပြည့်နေ့ည ဘုရားဖြစ်တယ်ဆို မနက်လင်းခါနီး ကျမှပါ၊ စောစောကတော့ မဟုတ်ပါဘူး။ အဲ ဥပါဒါနက္ခန္ဓာ ငါးပါးဆိုတဲ့ ရုပ်နာမ်တရားတွေကို မိမိသန္တာန်မှာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တရားတွေ မျက်စိက မြင်တိုင်း ရုပ်နာမ်တွေ ထင်ရှားဖြစ်တယ်။ နားကကြားတိုင်း၊ နှာခေါင်းက နံတိုင်း၊ လျှာက အရသာ စားသိတိုင်း၊ ကိုယ်ကတွေ့ထိတိုင်း၊ စိတ်က စဉ်းစား ကြံစည်တိုင်း ရုပ်နာမ်တရားတွေ ထင်ရှားဖြစ်ပြီးတော့နေတယ်။

"အဲဒါ မရှုယင်တော့ မသိဘူး၊ အဲ မိမိကိုယ်ထဲက ရုပ်နာမ်တွေရော သူများကိုယ်ထဲက ရုပ်နာမ်တွေရော အမြဲသိနေတယ် အောက်မေ့တယ်၊ ကောင်းတယ် လှပတယ် တင့်တယ်တယ် ဒီလိုဘဲ အာရုံပြုပြီးတော့ နှစ်သက် သာယာနေကြတယ်။ အဲ အသက်ရှင်နေတဲ့ ငါဘဲ၊ အသက်ရှင်နေတဲ့ကောင် ရှိနေတယ် ဒီလို ထင်နေကြတယ်။ အမှန်က ဒီလိုမဟုတ်ပါဘူး။ ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေဘဲ၊ အဲ ရုပ် နာမ် အဟောင်းတွေ ပျောက်သွား အသစ်တွေက ဆက်ဖြစ်၊အသစ်တွေက ဆက်ဖြစ်နဲ့ဆိုတော့ အသက်ရှည်နေတယ်လို့ ဆိုရတယ်၊ အမှန်အားဖြင့်

အသက်ရှည်နေတဲ့ အကောင်ရယ်လို့ မရှိဘူး၊ ရုပ် နာမ်တွေ ဆက်ဖြစ်နေတယ်။

"ဒီအဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ အမှန်အတိုင်းသိအောင်လို့ ဘုရားအလောင်းတော်က ရှုတယ်တဲ့၊ ဥပါဒါနက္ခန္ဓာငါးပါးဆိုတဲ့ ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက်ကိုရှုပြီး နေရပါတယ်။ အဲဒီလိုရှုတာ ဘယ်လောက်ကြာသလဲ၊ နစိရဿဝမကြားဘူးတဲ့၊ မကြာခင်အတွင်းမှာဘဲစိတ္တံ- ဘုရားအလောင်း၏ စိတ်သည်၊ အာသဝေဟိ- အာသဝေါတရားတို့မှ ဝိမုစ္စိ- လွတ်သွား၏။အာသဝေါကိလေသာတရားတွေမှ လွတ်သွား၏၊ လွတ်သွား၏ဆိုတာ တခြား မဟုတ်ဘူး၊ အာသဝေါ ကိလေသာတွေကင်းတာ၊ ဝိပဿနာဉာဏ်တွေ အစဉ်လိုက်တက်ပြီး သောတာပတ္တိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားတယ်၊ နောက် ဆက်ပြီးရှုရင်တော့ သကဒါဂါမိမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားတယ်။

"နောက်ဆက်ပြီးတော့ ရှုယင်တော့ အနာဂါမိ မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်သွားတယ်၊ အဲဒီ ကိလေသာတွေ ကင်းသမျှ ကင်းသွားပါတယ်၊ မကုန်သေးဘူး။ အရဟတ္တ မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး သိသွားတော့ အဲဒီမှာ ကိလေသာတရားတွေ အကုန် ကုန်တာကိုး။ အဲဒါ အာသဝေါတရားတွေမှ လွတ်မြောက် သွားပြီတဲ့၊ သာမန်ပုဂ္ဂိုလ် ဆိုလို့ရှိယင်တော့ အဲဒီအရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်ယင် ရဟန္တာဖြစ်တယ်လို့ ခေါ်ရတယ်၊ ရဟန္တာ ဖြစ်တာပါဘဲ၊ အမျိုးသားဖြစ်ဖြစ် အမျိုး

သမီးဖြစ်ဖြစ် အရဟာတွေမက် အရဟာတွေဖိုလ် ရောက်ယင် ရဟန္တာဖြစ်တယ်တဲ့။

"ကိုယ်အမှုအရာတွေ ဖြစ်တိုင်းဖြစ်တိုင်း သိအောင်ရှုရမယ်၊ ကိုယ်ထဲက အကောင်းအဆိုး ခံစားမှုတွေ ဝေဒနာတွေ ဖြစ်တိုင်းဖြစ်တိုင်း သိအောင်ရှုရမယ်၊ စိတ်ကူးတွေ ဖြစ်တိုင်းဖြစ်တိုင်း သိအောင်ရှုရမယ်။ မြင်မှုကြားမှု အစရှိသော သဘောတရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း သိအောင်ရှုရမယ် ဒါပါဘဲ၊ လေးမျိုးပါဘဲ။

"အဲဒါ အခုတော့ အတိုချုပ်လေး နားလည်အောင် အင်းကိုယ့်အိမ်နဲ့ကိုယ်လဲ နဲနဲ အားထုတ်နိုင်အောင်လို့ ဘုန်းကြီးက ပြောပါတယ်။ ဒါက ငါးမိနစ် ဆယ်မိနစ်နဲ့ဆို ပြီးမှာပါ။ မြင်တိုင်း ကြားတိုင်း ပေါ်လာသမျှ ရှုဖို့ပါဘဲ။ မြင်တာရှု ကြားတာရှု ဒီလို ရှုဖို့ပါဘဲ။ မြင်ယင် မြင်တယ်၊ ကြားယင် ကြားတယ်၊ သို့သော်လဲ မြင်တာ ကြားတာတွေချည်း ဆက်ရှုနေယင် သမာဓိမဖြစ်ဘူး၊ အဲ နဲနဲကစပြီးတော့ ရှုရတယ်၊ နဲနဲက စရှုရာမှာလဲ ဘယ်ကရှုရှုပါဘဲ၊ ထင်ရှားတဲ့ တရားကနေပြီး ကိုယ်က အတွေ့အထိ ဟူသမျှတွေ ဘယ်ကထိတာဖြစ်ဖြစ် ရှုလို့ရပါတယ်၊ အဲ ထိုင်နေလို့ရှိယင် 'ထိုင်တယ် ထိုင်တယ်' တခုထဲ ရှုလို့ ရပါတယ်။

"ဒါပေမယ်လို့ တခုထဲရှုနေယင် သမာဓိဖြစ်သင့်သလောက် မဖြစ်ဘူး၊ အဲဒါကြောင့် အနဲဆုံး ၂-ခုလောက်တော့ရှုမှ အသက်ရှူတိုင်း ရှိုက်တိုင်း ဗိုက်က တောင့်တင်း လှုပ်ရှားတဲ့

ဝါယောခတ်ဆိုတာ ရှိတယ်၊ အဲဒါလေးက စရှုဖို့ ဘုန်းကြီးက ညွှန်ကြားတယ်။

"အာနာပါနဆိုတာလဲ ထွက်သက်ဝင်သက်လဲ ရှုကောင်းဒါပါဘဲ၊ ဒါပေမယ်လို့ အဋ္ဌကထာဆရာများက အာနာပါနရှုယင် ရှေးဦးစွာ စျာန်ရပုံ၊ စျာန်ရပြီးတော့မှ ဝိပဿနာရှုဖို့ ညွှန်ကြားထားတယ်၊ စစချင်း ဝိပဿနာရှုပုံကို အဋ္ဌကထာတွေကမညွှန်ပြဘူး၊ ဒါကြောင့် အာနာပါနက စရှုဖို့ ဘုန်းကြီးက မညွှန်ကြားဘူး၊ သူများတွေရှုတာလဲ ဘုန်းကြီးက အပြစ်မတင်ပါဘူး၊ ရှုနိုင်ပါတယ်လို့ ပြောပါတယ်။

"အသက်ရှူတိုင်း ရှုကတိုင်း ဗုဒ္ဓက တောင့်တင်းလှုပ်ရှားတဲ့ ဝါယောခတ်ရှိတယ်၊ ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက် ဖောင်းတက်လာလိုက် ပိန်ကျသွားလိုက်၊ အဲ အရပ်သုံးစကားနဲ့ ဖောင်းစက ဖောင်းဆုံးတိုင်အောင် ပိန်စကပိန်ဆုံးတိုင်အောင် 'ဖောင်းတယ် ပိန်တယ်'၊ 'ဖောင်းတယ် ပိန်တယ်' ဒီကစပြီး ရှုဖို့ပါဘဲ"

ဝိပဿနာတရား ဟောကြားပြီး သံအမတ်ကြီးဇေယျကျော်ထင် ဦးကြည်မောင်က ဦးဆောင်လို့ ရေစက်ချ အမျှဝေကြပြီး ကြွရောက်လာကြတဲ့ ပရိသတ်များကို မြန်မာအသင်းကြီးက နေ့လယ်စာဖြင့် ကျွေးမွေး ဒါနပြုကြောင်း မေးပါများစကားရကတ္တာ ပရိသတ်နဲ့တကွ မြန်မာနိုင်ငံတော်သူ နိုင်ငံတော်သားအပေါင်းတို့ သာဓု အနုမောဒနာ ခေါ်နိုင်ကြပါစေရန် စေတနာသဒ္ဓါကောင်းနဲ့ ဝေနေယျာ ဆွေသဟာအပေါင်းကို ဓမ္မာမောင်း ခတ်လိုက်ရပါတယ် ခင်ဗျား။

မောင်ချိုပြုံး၏ အသံလွှင့်ဆောင်းပါး

သောတရှင်များခင်ဗျား

ဒီတပတ် ဘဝအထွေထွေနဲ့ အနုပညာ စာပေ ကဏ္ဍမှာ တခြားအကြောင်းအရာများကို မပြောခင် ဗုဒ္ဓဘာသာဝင် သောတရှင်တို့ မျှားစွာမှ တောင့်တ နားထောင် လိုကြတဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဥရောပနဲ့ အင်္ဂလန်ခရီးစဉ်ကို ပထမဦးစွာ အစီရင် ခံလိုပါတယ်။ အယင် တပတ်က မောင်ချိုပြုံး တင်ပြခဲ့တဲ့အတိုင်း မဟာစည် ဆရာတော်ဘုရားကြီးနဲ့တကွ အဖွဲ့ဝင် ဆရာတော်များ ဖြစ်ကြတဲ့ ချမ်းမြေ့ရိပ်သာ ဆရာတော် ဦးဇနက၊ ဦးအဂ္ဂဓမ္မနဲ့ ဘာမင် ဂမ်ဆရာတော် ဦးရေဝတမဟေတို့ဟာ ဥရောပနိုင်ငံများ ဖြစ်ကြတဲ့ ပြင်သစ်၊ ဆွစ်ဇာလန်နဲ့ အီတလီနိုင်ငံများကို သာသနာပြုခရီး ကြွမြန်းတော် မူခဲ့ကြပြီး ဗြိတိန်နိုင်ငံကို ဇွန်လ ၁၆-ရက် နေ့ နံနက်က ပြန်လည်ဆိုက်ရောက်ကြပါတယ်။

ဇွန်လ ၁၇-ရက်နေ့ကတော့ လန်ဒန်မြို့ ဗုဒ္ဓပဒီပ ထိုင်း ဘုန်းကြီးကျောင်းမှာ ရဟန်းခံလိုကြတဲ့ ပုဂ္ဂိုလ် လေးဦးကို ဒုလ္လဘ ရဟန်းဘောင်ကို ဆရာတော်ကြီးက သွတ်သွင်းချီးမြှင့်တော် မူပါတယ်။ အဲဒီ ရဟန်းခံအပြီးမှာ ကျောင်းမှာရောက် ရှိနေကြတဲ့ လူ ၁၀၀-လောက်ရှိတဲ့ တရားနာ ပရိသတ်ကို ဆရာတော်ကြီးက ရဟန်းခံခြင်း၊ သာသနာ့ဘောင်သို့ဝင်ပြီး သာသနာ့ကိစ္စ ဆောင်ရွက်ခြင်းစတဲ့ ကောင်းမှုများရဲ့ အကျိုးကျေးဇူးများကို ဟောကြားတော်မူပြီး ထို ကောင်းမှုများထက် များစွာပိုပြီးထူးတဲ့ ဝိပဿနာတရား အားထုတ်ခြင်းရဲ့ အကျိုးကျေးဇူးကို ဆက်လက်ပြီးတော့ ဟောကြားတော် မူပါတယ်။

ဆရာတော် ဦးဇနက ကလဲဘဲ ဆရာတော်ကြီး ဟောကြား အပြီးမှာ ဆက်လက်ပြီး သီလ၊ သမာဓိ၊ ပညာအကြောင်း တရားတော်ကို တနာရီကြာမျှ ဟောကြားတော် မူပါတယ်။

ဆရာတော်ကြီးနဲ့ အဖွဲ့ဝင် ဆရာတော်များ အဖို့တော့ ဒီရက်များအတောအတွင်းမှာ လန်ဒန်မှာ ရှိနေတုန်း လန်ဒန်နဲ့ အနီးပါးတဝိုက်က ပင့်ဖိတ်ချက်များကို လက်ခံပြီး၊ အဲဒီနေရာတွေမှာ သွားပြီးတော့ တရားများ ဟောပြောရပါတယ်။ အဲဒီဇွန်လ (၁၇) ရက်နေ့ ညက ဗြိတိသျှ မဟာဗောဓိ အသင်းကို ကြွရောက်တော်မူကြပြီး၊ နောက်တနေ့မှာ ဆာရေးနယ် ဝဲကင်း မြို့က စိန့်ဂျွန်းကျောင်းမှာ ရောက်ပြီးတော့ တရားများ ဟော ကြရပါတယ်။

ဇွန်လ ၁၉-ရက်နေ့၊ ၂၀-ရက်နေ့နဲ့ ၂၂-ရက်နေ့ညများ မှာတော့ကာ ညစဉ်ညတိုင်း ဗုဒ္ဓပဒီပကျောင်းမှာ တရားပွဲရှိ ပြီး ဇွန်လ ၂၁-ရက်နေ့ မှာတော့ကာ အိုင်လ်စ်အော့ဖ်ဝိုက် ဆိုတဲ့ ကျွန်းပေါ်က ဒီရွိုက်ဆိုတဲ့မြို့မှာ ဗုဒ္ဓဘာသာ ဘုန်း တော်ကြီးကျောင်းမှာ သွားရောက်ပြီးတော့ တရားများဟော တရားများ ပြရပြန်ပါတယ်။

အဲ ဇွန်လ ၂၃-ရက်နေ့၊ ဒီနေ့ပေါ့ဗျာ။ အဲဒီမှာတော့ ဒီ ဆရာတော်ဘုရားကြီးနဲ့ သံဃာတော်များဟာ လန်ဒန်မြို့ မြန် မာသံရုံးကြီးမှာ ဆွမ်းစားကြွတော်မူပြီး အဲဒီမှာလဲပဲ တရား နာလာကြတဲ့ မြန်မာ ဒကာ ဒကာမများ၊ ကျောင်းသူ ကျောင်း သားများကို တရားများ ဟောတော်မူပါတယ်၊ အဲဒီအကြောင်း

တော့ ဦးလေး ဦးနေဝင်းက နက်ဖန်ခါ မေးပါမျှား စကားရကျွတ်ကျွတ်နေပြီးတော့ သူ စုံစုံလင်လင် တင်ဆက်ပါလိမ့်မယ်။

အဲ ဇွန်လ ၂၀--ရက်နေ့က မနက်ပိုင်းပေါ့လေ၊ အဲဒီမှာ ဆရာတော်ကြီးနဲ့ သံဃာတော်များဟာ မောင်ချိုပြုံးရဲ့အိမ်ကို ကြွရောက်တော်မူကြပြီး ဆွမ်းများဘုဉ်းပေးတော် မူပါတယ်။ မဟာစည် ဆရာတော် ဘုရားကြီးကတော့ သက်သတ်လွတ် ဘုဉ်းပေးတော်မူတဲ့အတွက် မောင်ချိုပြုံးရဲ့ လက်ရာပေါ့ဗျာ၊ ဒီ ဘရာဇကြော်ဟင်းတို့ နောက်ပြီးတော့ ခရမ်းသီး၊ ရုံးပတီသီး၊ ပဲသီးမျှားပါတဲ့ ဒီ သနပ်စုံ၊ နောက် ကြာဆန် ငရုတ်ဟင်းချို စသဖြင့် ဆက်ကပ်ရပါတယ်။

တခြားသံဃာတော်များကိုတော့ ဒေါ်မြမြမိုင်၊ ဦးသိန်းထွန်းနဲ့ ဦးနေဝင်းတို့ လက်စွမ်းပြဖြစ်တဲ့ ကြက်သားဟင်း၊ ဝက်သားဟင်းနဲ့ မောင်ချိုပြုံးရဲ့ ငါးဆီပြန်၊ နောက် ငါးပိစေကြော် စသဖြင့်ပေါ့ဗျာ၊ ဗမာဆွမ်းကျွေးပီပီ ဟင်းမျိုးစုံ ချက်ပြုတ် ဆက်ကပ်ကြပါတယ်။ အမယ်- အဲဒီထဲမှာ ခရုနံခြောင်းက ဟိုတလောကရတဲ့ ပုန်းရည်ကြီးတောင် သုတ်ပြီး ကပ်လိုက်ရသေးတယ်ဗျား။ အဲ အခုချိုပွဲမှာတော့ကာ မောင်ချိုပြုံး ကြိုးစားချက်အရပေါ့လေ၊ ဒုံးရင်းသီး ဆန္ဒင်းမကင်း၊ ကျောက်ကျော၊ နောက်ပြီး နှင်းသီး၊ ပန်းသီး၊ သစ်တော်သီး သီးမျိုးစုံနဲ့ လဘက်သုတ်တွေ စုံလို့ပါဘဲ။ အဲ ဒါတွေထည့်ပြောရဒါကတော့ ဆရာတော် ဘုရားကြီးနဲ့တကွ မြန်မာ သံဃာတော်

များဟာ အနောက်နိုင်ငံများကို လှည့်လည် သွားလာနေရာ မှာ မြန်မာ ထမင်းဟင်းများကို ဘဉ်းပေးတော်မူကြရပါ့ မလားဆိုပြီး တုချို့သောတရုင်များ စိတ် ပူနေကြမှာ စိုးလို့ ဆရာတော်ကြီးတို့အဖွဲ့ဟာ မကြာခဏဆိုသလို မြန်မာ ဆွမ်း ဟင်း၊ ဆွမ်းထမင်းကို ဘဉ်းပေးရတယ်ဆိုတာကို ပြောချင်သို့ ပါဘဲ။

ဥပမာ ဆွစ်ဇာလန်ပြည်၊ ဂျီနီဗာမြို့ ရောက်တုန်းက ဆို ယင် မြန်မာသံရုံးက တာဝန်ခံ သံမှူး ဦးသိန်းအောင်က ဆွမ်းပင့်ကျွေးရာမှာလည်းကောင်း၊ အီတလီနိုင်ငံ ရောက်တုန်း က မြန်မာသံအမတ်ကြီး ဦးခင်မောင်လေးနဲ့ သံရုံးအဖွဲ့သား များ၊ နောက် ကုလသမဂ္ဂအက်ဖ်အေအို အဖွဲ့က မြန်မာ အမှု ထမ်းများကဆွမ်းပင့်ကျွေးရာမှာ သော်လည်းကောင်း ပေါ့လေ ဒီ မြန်မာအနံ့ အရသာရှိတဲ့ မြန်မာပီပီ ဆွမ်းများ ဘဉ်း ပေးခဲ့ရပါတယ်။

အင်း-အီတလီဆိုလို့ မောင်ချိုပြုံးရဲ့ အယင်တင်ပြချက်များ မှာ ဆွစ်ဇာလန်နိုင်ငံမှာ ဆရာတော်ဘုရားကြီးရဲ့ အဖွဲ့များ ဒီ တရားဟာ တရားပြလုပ်ခဲ့ဒါကိုဘဲ တင်ပြခဲ့တယ်။ သို့သော် လဲ အီတလီမှာ ရောက်ရှိတုန်းက အကြောင်းအရာများကို စုံစုံ လင်လင် မပြောရသေးလို့ ဒီကိစ္စကို ဒီနေ့ နဲနဲ ပြောပြချင် ပါတယ်။

အီတလီကို ဆရာတော်ဘုရားကြီးနဲ့ အဖွဲ့ဟာ ဇွန်လ ၁၃-ရက်နေ့က ရောက်ပြီး လေဆိပ်မှာ မြန်မာနိုင်ငံ သံအမတ်ကြီး

ဦးခင်မောင်လေးနဲ့ သံရုံးအဖွဲ့ဝင်များ၊ အိတလီက ဗုဒ္ဓဘာသာဝင်များ လာရောက်ပြီးတော့ ကြိုဆိုကြပါတယ်။ အဲဒီကမှ ရောမမြို့က ၃၅-မိုင်လောက်ဝေးတဲ့ ဒီ ဂျိုဗေးဆိုတဲ့ မြို့လေးတမြို့မှာ ဟိုရှေးဟောင်း ခရစ်ယန် ဘုန်းတော်ကြီးကျောင်းတခုကို ယာယီလုပ်ထားတဲ့ နေရာကို ဆရာတော်များကြွရောက်ကြတယ်။

အဲဒီမှာ အိတလီဗုဒ္ဓဘာသာဝင်များကို မဟာစည် ဆရာတော်ဘုရားကြီးက တရားရေဒေးတိုက်ကျွေးတော်မူပြီး ဆရာတော် ဦးဇနက က လဲဘဲ နေ့စဉ် ဆိပသဿနာကျင့်စဉ်နဲ့ ပတ်သက်တဲ့ တရားများ ဟောလဲဟော၊ တရားကျင့်တဲ့ နည်းလမ်းများလဲပြ၊ တရားများလဲ စစ်ဆေးတော် မူပါတယ်။ ဘာမင်ဂမ် ဆရာတော်ဦးရေဝတခမွကလဲဘဲ ဝိပသဿနာတရားများကို ဟောကြားပါတယ်။

အဲ ဇွန်လ ၁၅-ရက်နေ့က အိတလီ မြန်မာ ချစ်ကြည်ရေးအဖွဲ့မှာ မဟာစည် ဆရာတော်ဘုရားကြီးက ကြီးပွားချမ်းသာရေး တရားတော်ကို အင်္ဂလိပ်ဘာသာနဲ့ ကြုံးစားပြီး ဟောပြောပါသေးတယ်။ အဲ နောက်ပိုင်းမှာ ဆရာတော် ဦးဇနကက ဆက်လက် ဟောကြားတော်မူပြီး အသင်းကလဲဘဲ တရားပွဲ ပရိသတ်များအား မြန်မာနိုင်ငံက လေးဆူဓာတ်ပုံ ရွှေတိဂုံဘုရားကြီးအကြောင်းကို ဆလိုက်များ ထိုးပြပြီးတော့ ရှင်းလင်းပြောပြပါတယ်။

အီတလီမှာရှိတုန်း ပုပ်ရဟန်းမင်းကြီးက မဟာစည် ဆရာတော်ဘုရားကြီးနဲ့ တွေ့လိုကြောင်း ပြောသော်လဲဘဲ အချိန်မရလို့ မတွေ့ခဲ့ရပါဘူး။

ကဲဗျာ....ဒီလောက်ဆိုယင် ပြီးခဲ့တဲ့ နှစ်ပတ် အတွင်းမှာ ဆရာတော်ကြီးရဲ့ ဥရောပခရီးစဉ်နဲ့ပတ်သက်လို့ တော်တော်လေး ပြည့်စုံပြီ ထင်ပါတယ်။

မောင်ချိုပြုံး၏ အသံလွှင့်ဆောင်းပါး

သောတရှင်မျှား ခင်ဗျား....

ဒီတပတ ဘဝအထွေထွေနဲ့ အနုပညာစာပေ ကဏ္ဍမှာ ဘင်ပြဖို့ရာကတော့ အနောက်နိုင်ငံများမှာ ဗုဒ္ဓဘာသာ ပြန့်ပွားရေးနဲ့ ပတ်သက်ပြီး ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးတို့ မြန်မာနိုင်ငံက ပြေ ၁-ရက်နေ့က စပြီး ခရီးထွက်ခဲ့ကြရာမှာ ဒီနေ့အထိ ဒီ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့၊ ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ အနေနဲ့ အနောက်နိုင်ငံများမှာ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံများကို တင်ပြလိုပါတယ်။ ဒီလို တင်ပြရခြင်းကတော့ အနောက်နိုင်ငံများမှာ အထူးသဖြင့် ဒီဗြိတိန်နိုင်ငံမှာ လူတွေဟာ သိပ္ပံပညာ ထွန်းကားလာသည်နှင့် အမျှ စိတ်ပိုင်းဆိုင်ရာ အင်္ဂလိပ် အခေါ်မတော့ (Spiritualism) ပေါ့ဗျာ၊ အဲဒီဖက်ကို သိပ္ပံဆရာများနဲ့တကွ ရူပဗေဒ၊ ဓာတုဗေဒ ဆေး စတဲ့ နယ်ပယ်များက ပညာရှင်များ၊ စိတ္တဗေဒ စိတ်ရောဂါက ပညာရှင်များ စသည်ဖြင့် ဒီပညာရှင်တွေဟာ ဒီ (Spiritualism) စိတ်ပိုင်းဆိုင်ရာ ပညာရပ်များကို အများကြီး စိတ်ပါဝင်စားလာကြတယ်၊ ဒါကြောင့် မောင်ချိုပြုံးရဲ့ ဒီဘဝအထွေထွေကဏ္ဍက ဒီလိုကိစ္စများကို မကြာခဏဆိုသလိုဘဲ လေ့လာတင်ပြခဲ့ပါတယ်။

အခု ဒီ မဟာစည်ဆရာတော်ကြီးတို့ ကွယ်လာရာမှာလဲဘဲ အမေရိကန်၊ ဗြိတိန်နိုင်ငံနဲ့ ဥရောပတိုက်နိုင်ငံများက ပညာရှင်များအပါအဝင် အဆင့်အတန်း အမျိုးမျိုးက လူတွေဟာ

ဒီ အခွင့်အခါကောင်းကြီးတရပ် ရရှိတုန်းမှာ လက်မလွတ်တမ်း ဆရာတော်ဘုရားကြီးနဲ့ အဖွဲ့ဝင် ဆရာတော်များရဲ့ ပို့ချချက်တွေကို ကြားနာကြ၊ တရားကျင့်ကြံ၊ တရားထိုင်ကြပြီး ဆန်းစစ်ကြတယ်။ ဒါကြောင့် ဒီလိုလူများအနက် ဗုဒ္ဓဘာသာအကြောင်းကို လေးလေးနက်နက် ရှာဖွေလိုက်စားနေတဲ့ အကြောင်းကို မောင်ချိုပြုံးက ဆရာတော်ကြီးတို့ ဒီမှာ တွေ့ကြုံရဘာများကို လျှောက်ထားယင်း မေးမြန်းတင်ပြဖို့ ဆန္ဒရှိခဲ့ပါတယ်။ ဒါနဲ့ ဇွန်လ ၂၁-ရက်နေ့က မောင်ချိုပြုံးတို့ အိမ်မှာ ကျွးဇူးရှင် ဆရာတော်ဘုရားကြီးနဲ့ တကွ သံဃာတော် ၇-ပါးကို ဆွမ်းပင့်ပြီးတော့ ကျွေးမွေးတဲ့အခါမှာ ဆရာတော်ကြီးရဲ့ အဖွဲ့မှာ ပါလာတဲ့ ရန်ကုန်မြို့ ချမ်းမြေ့ရိပ်သာကျောင်းက ဆရာတော် အရှင် ဇနကာဘိဝံသကို ဒီအကြောင်းများကို မေးလျှောက်ကြည့်ယင် ကောင်းမှာဘဲလို့ အကြံရပါတယ်။ ဒါနဲ့ဘဲ မောင်ချိုပြုံးက ဆရာတော် အရှင် ဇနကာဘိဝံသကို "အရှင်ဘုရားတို့ အခု ကြွလာခဲ့ရတဲ့ ဒီသာသနာပြု ဓမ္မခရီးနဲ့ ပတ်သက်လို့ အနည်းငယ် အမိန့်ရှိပါ ဘုရား" လို့ လျှောက်ထားတော့ကာ ဆရာတော်က....

"ဟုတ်ပါတယ် ဘုန်းကြီးတို့၊ အခု သာသနာပြု ကြွလာတဲ့ ဓမ္မခရီး အတွေ့အကြုံကို ဒကာကြီး မေးလို့မို့ ဘုန်းကြီး နဲနဲလေး အကျဉ်းချုပ်ပြီး ပြောပြပါမယ်။ ဘုန်းကြီးတို့ဟာ ဧပြီလ ၁၁-ရက်နေ့က စပြီးတော့ ကျွးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး အမျှူးပြုပြီး သာသနာပြု ဓမ္မခရီး စတင်

ထွက်ခဲ့ရပါတယ်။ အဲဒီလို ထွက်လာရာမှာ ယိုးဒယား၊ ဂျပန်၊ ဟဝိုင်ယီ၊ လော့စ်အိန်ဂျယ်လ်၊ ပါး(မ်)စပရင်း၊ ဆန်ဖရဲစစ္စကို၊ ဝါရှင်တန်၊ ဘော့စတန်၊ နယူးယောက်မြို့များကို ရောက်ခဲ့ပါတယ်။ ပြီးတော့ အင်္ဂလန်၊ စကော့တလန်၊ ပြင်သစ်၊ ဆွစ်ဇာလန်၊အီတလီ တို့ကို ရောက်ခဲ့ရပြီး အခုအခါ အင်္ဂလန်ကို ပြန်ရောက်ခဲ့ရပြန်ပါတယ်။ ယခု ရောက်ခဲ့တဲ့ နိုင်ငံမြို့ရွာတွေ အနက် တချို့ဒေသတွေမှာ တရားလဲ ဟောရ၊ တရားလဲ ပြရပါတယ်။ တချို့ဒေသတွေမှာတော့ ၂-ရက်၃-ရက်လောက်သာ နေခဲ့ရတာမို့ တရားဟောရုံ သာသာလောက်ဘဲ ရှိပါတယ်။ သို့သော်လဲဘဲ တရားဟောတိုင်း တရားဟောတိုင်းမှာ တရားအားထုတ်ပုံကို ထည့်ဟောပြီးတော့ တရားပွဲအပြီးမှာ အနည်းဆုံး ၁၅-မိနစ်တော့ တရားအထိုင်ခိုင်းပါတယ်။

"တင်ပါ့ဘုရား၊ နို့ အဲဒီလို တရားပြခဲ့ရတဲ့ နေရာများနဲ့ ပတ်သက်ပြီး ဘယ်နေရာတွေမှာ အရှင်ဘုရားတို့ ဘယ်လောက်ကြာကြာ ပြခဲ့တယ်ဆိုတာ သိပါရစေဘုရား"

"အင်း....တရားပြဖို့ အချိန်တော်တော်လေးရတဲ့ နေရာတွေကတော့ အမေရိကန်ပြည် ကယ်လီဖိုးနီးယား ပြည်နယ်ထဲကပါးမ် စပရင်းမြို့နားက ယတ်ကဗလီ ကမ္ဗဍာန်း ဌာနမှာ ၇-ရက်...."

"တင်ပါ"

"မက်ဆာချူးဆက်ပြည်နယ် ဘော့စတန်မြို့နားက ဘယ်ရီကမ္မဋ္ဌာန်းဌာနမှာ ၁၂-ရက်၊ ဆွစ်ဇာလန်ပြည် စိန့်အိမီယေးမြို့နားက မောင့်ဆိုလေ တောင်ပေါ်တရားစခန်းမှာ ၆-ရက်၊ ပြင်သစ်ပြည် ထူးခွန်းတောင်ပေါ် တရားစခန်းနဲ့ အီတလီပြည် ဂျော်ဗေးမြို့နားက တောင်ပေါ် တရားစခန်းများမှာတော့ ၃-ရက်စီဘဲ တရားပြခဲ့ရပါတယ်။ ဝါရှင်တန်နဲ့ နယူးယောက် မြို့များမှာလဲ ၆-ရက်၊ ၇-ရက် တရားဟော တရားပြရပါတယ်။ သို့သော်လဲတဲ့ နေရာအဓက်အခဲနဲ့ အလုပ်မအားလပ်ကြခြင်း စတဲ့ အကြောင်းတွေကြောင့် အချိန်ပြည့် တရား အားမထုတ်နိုင်ကြပါဘူး။ တနေ့မှာ ၂-ကြိမ်၊ ၃-ကြိမ် လောက်ဘဲ သူတို့ တရားထိုင်နိုင်ကြပါတယ်။ အဲ ဟိုနိုလုလုနဲ့ ဆန်ဖရဲစစ္စကို မြို့များမှာတော့ ၃-ရက်စီ လောက်သာ အချိန် ရဲခဲ့ကြလို့ အနည်းငယ်မျှဘဲ တရားအထိုင်ခိုင်းခဲ့ကြရပါတယ်"

"တင်ပါ။ အဲဒီလို တရားဌာနတွေမှာ တရားပြ တရားပေးကြတာကို အရှင်ဘုရားတို့အဖွဲ့မှာ ဆရာတော်ဘုရားကြီးနဲ့ ဒီ တခြား ဆရာတော်တွေအနေနဲ့ ဘယ်လိုများ တာဝန်ယူပြီး ဆောင်ရွက်ခဲ့ရတယ် ဆိုတာကို သိပါရစေလားဘုရား"

"အဲ-ခုပြောခဲ့တဲ့ ဌာနတွေမှာ ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးက ရံဖန်ရံခါ အင်္ဂလိပ်ဘာသာနဲ့ရေးပြီး အသင့်ပုံနှိပ်ပြီး ယူလာတဲ့ စာအုပ်ကို ဖတ် တရားဟောပါတယ်"

"တင်ပါ"

"ရံဖန်ရံခါတော့လဲ မြန်မာဘာသာနဲ့ တရားဟောပါတယ်၊ အဲဒီလို မြန်မာဘာသာနဲ့ ဟောတဲ့ အခါမှာတော့ ဘုန်းကြီးက အင်္ဂလိပ်ဘာသာ ပြန်ပေးရပါတယ်"

"တင်ပါ"

"ဆရာတော်ဘုရားကြီးရဲ့ အင်္ဂလိပ်အသံထွက်ဟာ အလွန်အကျွံ နည်းသော်လဲတဲ့ အတော်အသံမှန်တာကို တွေ့ရပါတယ်။ ဒါကြောင့် တရားအားထုတ်ဘူးတဲ့ နိုင်ငံခြားသားများ နားလည်လောက်တယ်လို့ ဘုန်းကြီးယူဆပါတယ်။ ဘုန်းကြီးကတော့ ဆရာတော်ဘုရားကြီး မြန်မာလိုဟောယင် အင်္ဂလိပ်ဘာသာပြန်ပေးရပါတယ်။ ရံဖန်ရံခါ ဆရာတော်ဘုရား နဲနဲပန်းတယ် ထင်လို့ရှိယင် စာအုပ်ကိုလဲ ဆက်ပြီးတော့ ဖတ်ပေးတန်ယင်လဲ ပေးရပါတယ်။ ကိုယ်တိုင်လဲ အင်္ဂလိပ်လို တရားဟောရပါတယ်၊ တရားပြရပါတဲ့ယ်၊ တရားစစ်ရပါတယ်။ တရားစစ်ရတဲ့ ယောဂီ များနေလို့ရှိယင်တော့ ဦးအဂ္ဂမမ္မလဲ တရားကူပြီး စစ်ရပါသေးတယ်။ တခါတရံတော့ ဆရာတော် ဘုရားကြီးက ညမှာ တရားဟောပြီးတော့ ဘုန်းကြီးက နေ့မှာ ဟောရပါတယ်။ အဲ ဆရာတော်ကြီးထံ လာပြီးတော့ အမေရိကန်၊ အင်္ဂလိပ်၊ ဥရောပ တိုက်သား များ လာရောက်ပြီး တရားစကားတွေ မေးမြန်းလျှောက်ထားတဲ့အခါမှာတော့ ဘုန်းကြီး ဦးသီလာနန္ဒနဲ့ ဘုန်းကြီး ဦးရေဝတဓမ္မ တို့က ဘာသာပြန်ပေးကြရပါတယ်။ ဘုန်းကြီး ဦးသီလာနန္ဒကတော့ အခု ဆန်ဖရံစစ္စကိုမှာနေခဲ့ရလို့ အခု အင်္ဂလန်ကို မပါခဲ့ပါဘူး"

"တင်ပါ။ အဲဒီလို တရားပေး တရားပြတဲ့အခါမှာ ဒီလာရောက် အားထုတ်ကြတဲ့ ပုဂ္ဂိုလ်များက ဘယ်လိုပုဂ္ဂိုလ်တွေမျိုးပါလဲ ဘုရား"

"အင်း တရားအားထုတ်တဲ့ လူတွေကတော့ လူမျိုးပေါင်းစုံပါတဲ့။ အမေရိကန်လူမျိုး၊ ကနေဒီယန်လူမျိုး၊ အင်္ဂလိပ် ဥရောပတိုက်သားမျိုးစုံ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာ စုံလို့ပါတဲ့။ အဲ တချို့ ပုဂ္ဂိုလ်များဟာ အတော်လေး တရားကို စိတ်ဝင်စားကြပါတယ်။ ဒါကြောင့် သူတို့နိုင်ငံကနေပြီးတော့ ဆွစ်ဇာလန် လိုက်အားထုတ်တဲ့သူတွေ၊ ဆွစ်ဇာလန်ကနေပြီး အမေရိကန် လာအားထုတ်ကြတဲ့ လူတွေ၊ အင်္ဂလန်ပြည်နဲ့ ဂျာမဏီက နေပြီးတော့ ဆွစ်ဇာလန်လိုက် တရားအားထုတ်ကြတဲ့ လူတွေအစရှိသည်ဖြင့် အင်မတန်များပြားပါတယ်။ ဘနေရာနဲ့ တနေရာ၊ တနိုင်ငံနဲ့ တနိုင်ငံသူတို့ လိုက်ပြီးတော့ကြိုးကြိုးစားစား အားထုတ်ကြပါတယ်။ အဲဒီ အထဲမှာလဲဘဲ အတန်းအစားမျိုးပေါင်းစုံ၊ ပါ ပါတယ်။ ဆရာဝန်တွေပါတယ်၊ ပါမောက္ခ၊ ကထိကတွေလဲ ပါတယ်။ ရုပ်ရှင်ဒါရိုက်တာ၊ ရုပ်ရှင်သရုပ်ဆောင်၊ ရုပ်မြင်သံကြား ဇာတ်ဆောင်တွေလဲ ပါတယ်။ ကုန်သည်၊ စာရေးဆရာ၊ ကျောင်းဆရာကနေပြီးတော့ အိုးလုပ်သမား၊ အိုးထိန်းသည်၊ အလုပ်လက်မဲ့အထိ လူတန်းစားမျိုးစုံပါဝင်ပါတယ်"

"တင်ပါ။ အဲဒီလိုအရှင်ဘုရားတို့ ပြတဲ့အခါမှာ ဒီလာရောက်ပြီးတော့ တရားနာကြတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ခုနက အဆင့်

အတန်းက လူတွေဟာ သူတို့ဘယ်လိုမျှား ဒီလို စွဲစွဲမြဲမြဲဖြစ်သွားတဲ့ပုံမျိုး မြင်ရပါသလားဘုရား။ ဥပမာ-ဇူးရစ်လိုနေရာမျိုးမှာ တက္ကသိုလ်မှာ အရှင်ဘုရားတို့ သွားပြီးတော့ ဟောတယ်ဆိုတာ နဲနဲသိပါရစေဘုရား”

“ဟုတ်ပါတယ်၊ ဘုန်းကြီးတို့ တရားပြရာ တရားဟောရာမှာ တက္ကသိုလ်တွေလဲ သွားပြီး ဟောရတာ ရှိပါတယ်။ ဥပမာ-ဆိုလို့ရှိရင်တော့ ဘော့စတန်မြို့က ဟားဗဒ်တက္ကသိုလ်၊ နယူးယောက်မြို့က ကိုလံဘီယာ တက္ကသိုလ်၊ ဆွစ်ဇာလန်ပြည်က ဇူးရစ်တက္ကသိုလ်၊ ဒီဟာတွေမှာ ဘုန်းကြီးတို့ သွားတရားဟောရပါတယ်”

“တင်ပါ”

“အဲဒီအခါမှာ ဟားဗဒ် တက္ကသိုလ်၊ ကိုလံဘီယာတက္ကသိုလ်တို့မှာ ဟောစဉ်ကဒတော့ သာမန်ဘဲ ဆိုကြပါစို့”

“တင်ပ၊်”

“အဲ-ဇူးရစ်တက္ကသိုလ်မှာတော့ တော်တော်ထူးထူးခြားခြားတွေ့ရပါတယ်”

“တင်ပါ”

“တရားနာပရိသတ်ဟာ ၁၅၀-ကျော်လောက် ရှိပါတယ်။ အဲဒီ ၁၅၀-ကျော် ရှိတဲ့ တရားနာပရိသတ်ဟာ အင်မတန်ကို တိတ်တိတ်ဆိတ်ဆိတ်နဲ့ စိတ်ဝင်တစား လှုပ်လှုပ်ရှားရှား မရှိဘဲနဲ့ကို နာကြားကြပါတယ်။ အဲဒီလို ဇူးရစ်တက္ကသိုလ်မှာတော့ ဒီတရားပွဲကို စတင်ပြီးတော့ စည်းရုံးတဲ့ ဒေါက်တာ မိရ်ကို

ဖရိုးဗားး ဆိုတာ အဲ သူက အယင်ကဘဲ ကြိုတင် လျှောက်ထားပါတယ်။ ဒီတရားပွဲမှာတော့ လူတွေက လူစိမ်းတွေ ဖြစ်ပါတယ်ဘုရား။ ပြီးတော့ ပညာတတ်တွေလဲ ဖြစ်နေပါတယ်၊ ဒါကြောင့် သူတို့ မာန ရှိုကြပါတယ်။ ဒါကြောင့် သူတို့ နားလည်အောင် ဟောဖို့ လိုပါတယ် လို့ ကြိုတင် လျှောက်ထားတော့ ဆရာတော်ဘုရားကြီးက ဒီတရားပွဲမှာ ၁၅-မိနစ် လောက်ပဲ မြန်မာလို ဟောပါတယ်။ ဟောတော့ ဘုန်းကြီးက အင်္ဂလိပ်သာသာ ပြန်ပါတယ်။ အဲဒီ အင်္ဂလိပ် ဘာသာကိုမှ ဒေါက်တာ ဖရိုးဗားးက ဂျာမန်ဘာသာပြန်ရတော့ ဘာသာ ၃-ဆင့် ဖြစ်နေတဲ့အတွက် အချိန်ကြာမှာလဲစိုးလို့ ပိုပြီးတော့ လဲဘဲ အချိန်ရုရုနဲ့ နားလည်အောင် ဟောစေချင်တာနဲ့ ဆရာတော်ဘုရားကြီးက ၁၅-မိနစ် ဟောပြီးတော့ ရပ်ထားပါတယ်”

“တင်ပါ”

“ဘုန်းကြီးကိုဆက်ပြီး ဆရာတော်ဘုရားကြီးက ဟောခိုင်းပါတယ်။ ဒါနဲ့ဘဲ ဘုန်းကြီးကလဲ အင်္ဂလိပ်လို တရားပွဲ ပြီးဆုံးသည့်တိုင်အောင် တနာရီကျော်လောက် ဟောလိုက်ပါတယ်။ ဒီဟာကို ဒေါက်တာဖရိုးဗားးက ဂျာမန်ဘာသာနဲ့ ပြန်တဲ့အခါကျတော့ အင်မတန် စူးစူးစိုက်စိုက် တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက်နဲ့ နားထောင်ပါတယ်။ နောက် တရားပွဲပြီးလို့ အမေးအဖြေ ခွင့်ပြုတဲ့အခါမှာလဲဘဲ အင်မတန် စိတ်ဝင်စားစရာ ကောင်းတဲ့ မေးခွန်းတွေ သူတို့ မေးကြပါတယ်။

မေးလို့ ဒီက ဖြေလိုက်ပြန်တဲ့ အခါမတော့လဲ အင်မတန် ကျေနပ်သွားကြပါတယ်။ ဒါနဲ့ တရားပွဲ ပြီးဆုံးသွားတဲ့အခါ ကျတော့ ဒေါက်တာဖရီးဗားက "တရားပွဲကတော့ အင်မတန် အောင်မြင်တဲ့ တရားပွဲပါဘဲ ဘုရား၊ တကယ်သိုလ်တခုမှာ ဒီလို အောင်မြင်စဲ့တရားပွဲဖြစ်ဖို့ရာ အင်မတန် ခဲယဉ်းပါတယ်" လို့ ပြောပါတယ်။ အဲ ဘုန်းကြီးတို့နဲ့ အတူပါလာတဲ့ ဒါယကာ ဦးမြသိန်းကလဲဘဲ တရားပွဲထဲမှာတော့ ဒီတရားပွဲက အကောင်းဆုံးပါဘဲလို့ သူကလဲ မှတ်ချက်ချပါတယ်။ ဒါကြောင့်မို့ ဒီတရားပွဲမှာဖြင့် တရားနာတဲ့ ပရိသတ်ရဲ့ နားထဲမှာ တရားသဘော တော်တော်လေး ဝင်တယ်လို့ ဘုန်းကြီးတို့ ယူဆ ရပါတယ်"

"တင်ပါဘုရား၊ အခု အရှင်ဘုရားတို့ကို နောက်ဆုံးမေးချင်တာကတော့ အရှင်ဘုရားတို့ အခုလိုလာခဲ့တဲ့ သာသနာခရီးနဲ့ ပတ်သက်ပြီး နောင်ကိုကော ဒီသာသနာနဲ့ပတ်သက်လို့ အားရဖို့ဖြစ်ဖို့ကောင်းတဲ့ ကိစ္စတွေ ဖြစ်လာနိုင်မယ်လို့ကော မျှော်လင့်နိုင်ပါသလားဘုရား"

"အဲ အဲဒီလို မျှော်လင့်နိုင်တယ်လို့ ဘုန်းကြီး ယူဆပါတယ်။ဘာကြောင့်လဲဆိုတော့ အခု အခြေအနေက တောင်းဆိုလာတော့ ဘုန်းကြီးတို့က သာသနာပြုဖို့ရာ တမင်လာပြီး လာဖို့ မကြိုးစားရဘဲနဲ့ ဒီက အနောက်တိုင်းသားတွေက ဘုန်းကြီးတို့ကို သာသနာပြုဖို့ ပင့်ရပါတယ်။ အဲ သူတို့ သာသနာပြုစဉ်ကနဲ့ ပြောင်းပြန်ချည်းပါဘဲ။ အဲ အခုဒီရောက်လို့ သာ

သနာ ပြုပြုန်တဲ့အခါကျတော့လဲဘဲ သူတို့ဟာ အင်မတန် ရိုရိုသေသေ လေးလေးစားစား ကိုင်းကိုင်းရှိုင်းရှိုင်းနဲ့ ရှိလဲရှိပါတယ်။ တရားကိုလဲ စိတ်ဝင်တစား ကြိုးကြိုးစားစား အားထုတ်ပါတယ်။ အားထုတ်သလောက်လဲ တော်တော် အရာရောက်တဲ့ ပုဂ္ဂိုလ်တွေ တရားအဆင့် မြင့်မြင့်တွေ့တဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ရှိလို့ သူတို့လဲဘဲ ဗမာပြည်လုံးကြီး အားထုတ်ချင်တဲ့ဆန္ဒတွေ တဖွားဖွား ပေါ်ကြပါတယ်။ ဒီလိုလဲရှိပါတယ်။ ပြီးတော့ နောက်ကို ဘယ်တော့လာအုံးမလဲ ဆိုပြီးတော့ သူတို့ မေးကြပါတယ်။ ဒါကြောင့် ဘုန်းကြီးတို့နောက်မှာလဲဘဲ နောက်နောင်မှာ ဒီထက်ပိုပြီးတော့ တရား အလားအလာရှိတယ်လို့ ဘုန်းကြီးတို့ယူဆပါတယ်”

“ကောင်းလှပါပြီ ဘုရား”

ဒါကတော့ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဒီသာသနာပြုအဖွဲ့ဝင် ဆရာဘော် အရှင် ဇနကာဘိဝံသနဲ့ မောင်ချိုပြုံး မေးမြန်းလျှောက်ထားလို့ ဆရာတော်က ဖြေကြားတာကို တင်ဆက်ရခြင်း ဖြစ်ပါတယ်။ အခုလို ပညာရှင်ပိုင်းကနေ ဒီစိတ်ပိုင်းဆိုင်ရာများကို လေ့လာ ဆည်းပူးချင်ကြသလို အခြားတဖက်မှာလဲ အရှေ့တိုင်းဖက်က လာတဲ့ ဘာသာများဆိုယင် ဟုတ်နိုးနိုးဆိုပြီးတော့ အရမ်း သဒ္ဓါလွန်ပြီး ကိုးကွယ် ဆည်းကပ်တာများလဲ ရှိပါတယ်။ အဲဒီသူများကတော့ တချို့လဲ သူတို့အလုပ်အကိုင်နဲ့ သူတို့ပေါ့လေ။

တချို့လဲ အိမ်ရှင်မတွေ၊ တချို့လဲ ကျောင်းသူ ကျောင်းသား၊ တချို့လဲဘဲ စိတ်လွင့်ပါးပြီး ဟိုဟာကောင်းနိုး ဒီဟာကောင်းနိုး စမ်းသပ်ချင်သူများရှိတယ်။

အဲ ဘယ်လိုစနစ်ကဘဲ ဘယ်လို အသိုက်အဝန်းကဘဲလာလာ ဒီလူတွေမှာ တခုကောင်းတာကတော့ သူတို့ဟာ အင်မတန်မှ သဒ္ဓါတရားထက်သန်တယ်။ စေတနာ ဖြူစင်တယ်။ ပြောသမျှကို ရိုးရိုးမတ်မတ် ယုံကြည်တယ်။ လုပ်ခိုင်းတာမှန်သမျှကိုလဲ တသွေမတိမ်း ကျင့်ကြံလုပ်ကြတယ်။ အဲဒီလူများဟာ သူတို့ကိုသိုလ်က နဲနဲလိုသေးတော့ အမှန်တရားကို ပေးမဲ့ ပုဂ္ဂိုလ်များနဲ့ မတွေ့လိုက်ရဘူး။ ဘယ်လိုဟာတွေနဲ့ တွေ့သလဲဆိုတော့ အရင်တခါ မောင်ချိုပြုံး တင်ပြတဲ့ ဘေးထွက်ဘာသာရေး ဂိုဏ်းဆရာတွေ ဂုရုတွေနဲ့ သွားတွေ့တာ များတယ်။

အဲဒီတော့ အဲဒီလို ဂိုဏ်းထဲမှာ တော်တော်လေး နာမည်ကြီးတဲ့(Divine Light) ဘုရားအလင်းရောင်တော် ဆိုတဲ့ ဂိုဏ်းအခြောင်း နဲနဲ ပြောလိုပါတယ်။ အဲဒီ ဂိုဏ်းခေါင်းဆောင်ကတော့ ဂုရုမဟာရ(ဂျ)ဂျီး လို့ ခေါ်ကြတယ်။ တခါက ဒီဂိုဏ်းဟာ ဒီဗြိတိန်နိုင်ငံမှာ အတော်ကြီး တစခန်းထခဲ့ပြီး အခုတော့ မြို့နှိမ်သွားတယ်။ အခုတော့ တခါပြန်ထလာတယ်။ ဗြိတိန်တခွင်မှာ သူတို့ဂိုဏ်းဝင်ဖို့ လိုက်လံဆွဲဆောင်သိမ်းသွင်းမှုမျိုးနဲ့ ဟောဒီ အခု မောင်ချိုပြုံးတို့ ကြားနာရတဲ့ အင်မတန်ငြိမ့်ငြောင်းသာယာပြီးတော့ ဖြေးဖြေးသက်သာ ဗုဒ္ဓရှင်တော်ရဲ့

ကျင့်စဉ်ကို ဟောပြောတဲ့ မြန်မာနိုင်ငံက ဆရာတော်များရဲ့ ဆောင်ရွက်ပုံနဲ့ နိုင်းယှဉ်ကြည့်လိုက်ယင် ခြားနားချက်များကို အများကြီးဘဲတွေ့ရပါတယ်။ဒီဂိုဏ်းဖြစ်လာပုံကတော့နှစ်ပေါင်းတော်တော်ကြာက အက်ဒ်ဂါကေ့ဆိုတဲ့ အကြားအမြင်ရှိရတယ်ဆိုတဲ့ နာမည်ကြီးတဲ့ ပဂိုလ်တယောက်က ဟိမဝန္တာတောင်ခြေရွာတရွာမှာ မွေးတဲ့ ခလေးတယောက်ဟာ ၁၉၆၉ ခုနှစ်ကျယင် အနောက်နိုင်ငံ လာပြီးတော့ ကမ္ဘာကို ခေါင်းဆောင်လိမ့်မယ်လို့ ဟောကိန်း ထုတ်တယ်၊ အဲဒီ ဟောကိန်းထုတ်ပြီးဘာမှမကြာဘူး၊ ခလေးတယောက်ကို သွားပြီး တွေ့တယ်ဆိုပြီးတော့ အဲဒီ အိန္ဒိယမှာ လူတွေက ဝိုင်းဝန်း ပူဇော်ရာကပရင်းနဂါးဆိုတဲ့ အရပ်မှာ ဒီဂိုဏ်းကစတယ်။ အဲဒီခလေးကိုတော့ ဂိုဏ်းခေါင်းဆောင်ကြီး တင်မြောက်ပြီး သူ့ကိုတော့ ဂုရုမဟာရ(ဂျီ) ဂျီးလို့ ခေါ်ကြတယ်။ အဓိပ္ပာယ်က တော့ အင်မတန် ကြီးမြတ်တဲ့ ဆရာကြီးပေါ့လေ။ ဂုရုမဟာရ(ဂျီ)ဂျီးလို့ အခေါ်ခံရတဲ့ ခလေးငယ်ဟာ အမေရိကန်ပြည်ကို ၁၉၆၉ ခုနှစ်က ရောက်ရှိလာပြီး သူ့ဂိုဏ်းကို အမေရိကန်နိုင်ငံဒင်ဗာမြို့မှာ စပြီး တည်ထောင်ပါတယ်။ နောက်ကျတော့ ဒီလန်ဒန်မှာလဲ လာပြီး တည်ထောင်ပါတယ်။

အခုတော့ ဒီဂိုဏ်း သူ့ဂိုဏ်းသားများဟာ ကမ္ဘာအရပ်ရပ်မှာ ၇-သန်းလောက် ရှိတယ်လို့ သူတို့ဂိုဏ်းက ပြောတယ်။ အခု အသက် ၂၁-နှစ်လောက် ရှိတဲ့ ဂိုဏ်းခေါင်းဆောင်ကဘော့ မော်တော်ကားကြီးနဲ့ တိုက်ကြီးတွေနဲ့ အင်မတန်မှ

ချမ်းသာတယ်။ ဒါပေမယ့် သူ့ရဲ့ နောက်လိုက် ဂိုဏ်းသားများကတော့ သူတို့ဂိုဏ်း ဝင်လို့ရှိယင် ရှိသမျှ သူတို့ပစ္စည်းတွေ ဂိုဏ်းကို လှူကြရတယ်။ လှူသူကလဲ ရက်ရက်ရောရော လှူတာပါဘဲ။ ဂုရုမဟာရ(ဂျ)ဂျီး ရဲ့ အိမ်ကြီးဟာ အမေရိကန်ပြည်မှာ ဒေါ်လာ ၅-သိန်းကျော်လောက် တန်ဖေးဝင် သူတို့ ဆောက်ထားတယ်။ ဒါပေမယ့်လဲ သူတို့ ဂိုဏ်းသားများကတော့ ဒို့ဆရာကြီး စိတ်ချမ်းသာမှ ဒို့စိတ်ချမ်းသာမယ်ဆိုပြီး လှူကြတယ်။

အခုတော့ ဖြိတ်နှိုင်ငံမှာ တချို့လူတွေက ဒီဂိုဏ်းကြီးကြီးထွားလာပြီး ဘာသာရေးအလှူခံဂိုဏ်းကြီးတွေထက် သူက ပိုပြီး၊ သူက ဥစ္စာပစ္စည်းတွေ များလာတဲ့အတွက် သူ့ကိုအခွန်တော်တွေ ဘာတွေ ကောက်သင့်တယ်လို့ ပြောနေကြတယ်။ ဒါပေမယ့် ဖြိတ်မှာ ဘယ်ဘာသာရေးမဆို သူ့ဟာသူ မှားတယ်ဖြစ်ဖြစ်၊ မှန်တယ်ဖြစ်ဖြစ် အစိုးရက ဝင်ရောက်စွက်ဖက်ခြင်း လုပ်လေ့မရှိလို့မို့ ဒီလို ဂိုဏ်းကြီးတွေအဖို့ ဆက်ပြီး ကောင်းစားနေအုံးမှာဘဲလို့ ယူဆရကြောင်း ပြောပြီး ဒီအပတ် ဒီတွင်ဘဲ နိဂုံးချုပ်လိုက်ရပါတယ် ခင်ဗျား။

မောင်ချိုပြုံး၏ အသံလွှင့် ဆောင်းပါး

သောတရှင်မျှားခင်ဗျား....

ဒီအပတ် ဘာအထွေထွေနဲ့ အနုပညာ စာပေကဏ္ဍမှာ ရှေးဦးစွာ ယခင် လေးငါးပတ်လုံးလုံး အပတ်စဉ် တင်ဆက်ခဲ့တဲ့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ဥရောပ ခရီးစဉ်နဲ့ အနောက်နိုင်ငံများမှာ ဆောင်ရွက်နေတဲ့ သာသနာပြု လုပ်ငန်းများ အကြောင်းကို ဆက်လက်ပြီးတော့ အစီရင်ခံလိုပါတယ်။

အခုလို အစီရင်ခံရတာကတော့ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာဝင် ရှင်လူရဟန်းတို့ နားသောတဆင် ကြည်ညိုနိုင်ကြဖို့ ကလဲတချက်၊ နောက်ပြီး မောင်ချိုပြုံး ထံကို အကြိမ်ကြိမ် စာရေးပြီး ဘောင်းဆိုကြတဲ့ ရန်ကုန် သာသနာ့ရိပ်သာက ဓမ္မမိတ်ဆွေ၊ မော်လမြိုင် ဦးလေးမောင်တို့၊ နောက် နိုင်ငံတကာရေးရာ စာတည်းဟောင်း ဆရာဦးခင်မောင်ကြည်နဲ့ တာ့ဝူ ဆရာတော်ကြီးရဲ့ များစွာသော ဒကာ ဒကာမ သောတရှင်များရဲ့ လိုအင်ဆန္ဒကိုလဲတဲ့ ဖြည့်စွက် နိုင်ဖို့ကလဲတကြောင်း၊ ထိုအကြောင်းများကြောင့် တင်ဆက်ရခြင်း ဖြစ်ပါတယ်။

ဒီတော့ ဆရာတော်ကြီးရဲ့ ဗြိတိန်နိုင်ငံမှာ လှည့်လည် ဆောင်ရွက်ချက်များအနေနဲ့ နောက်ဆုံး အစီရင်ခံခဲ့ဒါကတော့ လန်ဒန်မြို့ မြန်မာနိုင်ငံ သံရုံးကြီးမှာ မြန်မာသံအမတ်ကြီး ဦးကြည်မောင် အမှူးပြုပြီး မြန်မာနိုင်ငံသံရုံး အရာထမ်း၊ အမှုထမ်းများ၊ ပညာတော်သင်များ၊ မြန်မာပြည်က ခေတ္တ လာ

ရောက် လေ့လာနေသူများ၊ ဒီမှာလာပြီး အလုပ် လုပ်နေသူ များပါဝင်တဲ့ မြန်မာအသင်းကြီး ယူ-ကေ က ဇွန်လ ၂၃-ရက်နေ့က ပင့်ဖိတ်ဆက်ကပ်တဲ့ ဒီ ဆွမ်းကျွေးပွဲမှာ ဆရာ တော်ကြီးနဲ့ သံဃာတော်များ ကြွရောက် ချီးမြှင့်တော် မူခဲ့ကြ တာအထိ အစီရင်ခံခဲ့ပြီး ဖြစ်ပါတယ်။

အဲဒါပြီးတဲ့နောက် ဆက်လက်အစီရင်ခံရမယ်ဆိုယင် နောက် တနေ့ဖြစ်တဲ့ ဇွန်လ ၂၄-ရက်နေ့မှာ လန်ဒန်မြို့က မိုင် ၄၀ လောက်ဝေးတဲ့ အောက်စဖို့ဒ်မြို့ အနီးက အုတ်ကင်းဟာ့ ဆိုတဲ့ဂေဟာကြီးမှာ ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီး ဟာ သာသနာ့ဘောင်ကို ရာသက်ပန် ဝင်လိုကြတဲ့ ရဟန်း လောင်းများ၊ ဒုလ္လဘရဟန်းလောင်းများ၊ သာမဏေလောင်း များကို သာသနာ့ဘောင်ကို သွတ်သွင်း ချီးမြှင့်တော် မူပြန်ပါ တယ်။

အဲဒီမှာ မြန်မာနိုင်ငံက ရဟန်းလောင်းများ၊ မြန်မာနိုင်ငံ က ဒီမှာရောက်ရှိပြီး ဒီမှာတဲ့ နှစ်ပေါင်းများစွာ အခြေချ နေ ထိုင်နေကြတဲ့ မြန်မာ ရဟန်းလောင်းများ၊ နောက် အင်္ဂလိပ် လူမျိုး၊ ဆွီဒစ်ရှ်လူမျိုး ရဟန်းလောင်းများ ပေါင်း ၁၃-ပါး နဲ့ သာမဏေလောင်း ၄-ပါး၊ ပေါင်း ၁၇-ပါးတို့ ရှိကြပါ တယ်။

မဟာစည်ဆရာတော် ဘုရားကြီး ကြီးမှူးတဲ့ ချီးမြှင့်တော် မူတဲ့ ရဟန်းခံပွဲကြီးကို ကြွရောက်ကြတဲ့ ဆရာတော်ကြီးများ၊ သံဃာတော်များဟာ ဒီ.... ဒီဗြိတိန်နိုင်ငံအပြင် ပြင်သစ်နိုင်ငံ၊

ဟော်လန်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ အိန္ဒိယနိုင်ငံများကဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာတော်များဖြစ်ပြီး စုစုပေါင်း အပါး (၃၀) ရှိပါတယ်။ အဲ့ နောက်ပိုင်းမှာတော့ နီပေါလ်နိုင်ငံနဲ့ မလေးရှားနိုင်ငံ သံဃာတော်များလဲဘဲ ရောက်ရှိလာကြပါတယ်။ ဒီရဟန်းခံပွဲကို လာကြတဲ့ လူပရိသတ်ဟာ၊ ယောဂီတွေဟာ လူ ၁၀၀ ကျော် ၂၀၀ နီးပါးရှိပါတယ်။

ဒီရဟန်းခံပွဲကြီးထဲ ထေရဝါဒ ဗုဒ္ဓဘာသာ သံဃာတော်များ အခုလို အများအပြား ဆုံဆည်းကြတဲ့ အခမ်းအနား ဟာတော့ ဗြိတိန်နိုင်ငံမှာ ဒီတခါဟာ အကြီးကျယ်ဆုံးဘဲလို့ ပြောကြတယ်။ အင်္ဂလိပ်သတင်းစာတို့က်များက သတင်းထောက်များ ဓာတ်ပုံများလဲ လာပြီးတော့ သတင်းယူ ဓာတ်ပုံရိုက်ကြတယ်။ အဲဒါတွေကတော့ နောက်ဆုံးမတော့ကာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် မို့လို့ ဒီမျ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား ဖြစ်တာဘဲလို့ ဆိုယင် မမှားနိုင်ပါဘူး။

မောင်ချိုပြုံးတို့လဲဘဲ ကြုံတောင့်ကြုံခဲမို့ အဲဒီနေ့မှာဒုလ္လဘရဟန်းဝတ်ပြီး ဝိပဿနာ ဘာဝနာကို မဟာစည် ဆရာတော်ကြီးနဲ့ ဆရာတော် ဦးဇနကာဘိဝံသတို့ သွန်သင် ပြသမှုနဲ့ ၁၀ ရက်ကြာ တရားကျင့်ကြရပါတယ်။ နောက် လာကြတဲ့ ပရိသတ်ကြီးထဲက ယောဂီ (၃၀)လောက်ကလဲဘဲ အလားတူဘဲ တရားဝင်ကြပါတယ်။ ဒီလောက် များပြားလှတဲ့သံဃာ

တော်တွေ၊ လူတွေ နေထိုင် တရားဝင်နိုင်ကြဖို့ အတွက်ကတော့ အဲဒီ အုတ်ကင်းဟာ့ ဆိုတဲ့ ရောမတိုက်ကြီးကို ပိုင်ဆိုင်သူ ဦးမြတ်စောနဲ့ ဒေါ်စန်းရီတို့က သူတို့ရဲ့ တိုက်အိမ်ကြီးနဲ့ ကေ (၃၀) ကျော်ကျယ်ဝန်းတဲ့ သူတို့ရဲ့ ခြံမြေ ဥယျာဉ်ကြီးထဲမှာ ဆောက်လုပ်ထားတဲ့အဆောင်များကို တရားရိပ်သာအဖြစ် အသုံးပြုနိုင်ဖို့ ခွင့်ပြုကြလို့ ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်များဟာဆိုယင် သူတို့ရဲ့ အုတ်ကင်းဟာ့ ဂေဟာကို ဗုဒ္ဓဘာသာ တရားရိပ်သာအဖြစ် နှစ်စဉ်နှစ်တိုင်း ဖွင့်လှစ်ပေးခဲ့ဒါဟာ ဒီနှစ်ပါနဲ့ဆိုယင် (၈) နှစ် ရှိသွားပါပြီ။ အဲဒီ (၈)နှစ်အတွင်း တရားပြတဲ့ သံဃာတော်များ၊ လူပုဂ္ဂိုလ်ဆရာဆရာမများနဲ့ တရားဝင်တဲ့ ယောဂီတွေကို ဒီ ဦးမြတ်စောနဲ့ ဒေါ်စန်းရီတို့ကဘဲ အားလုံးတာဝန်ယူပြီးတော့ ချက်ပြုတ်ကျွေးမွေးခဲ့ကြတယ်။

ဒေါ်စန်းရီဟာဆိုယင် အဲသလို မနက်ကို ၃-နာရီ ခွဲမှ ည ၁၀-နာရီကျော်အထိ ဝေယျာဝစ္စ အဝဝနဲ့ တရားမမှ လုပ်ငန်းများကိုလဲ မျက်ခြေမပြတ် လုပ်ခဲ့တာဟာ မမောမပန်း ရှစ်နှစ်လုံးလုံး လုပ်ခဲ့ဒါမို့လို့ ချီးကျူး သာဓုခေါ်စရာပါဘဲ၊ အခု မဟာစည် ဆရာတော်ဘုရားကြီးနဲ့ ဒီလောက်များပြားလှတဲ့ သံဃာတော်များကိုလဲဘဲ သူဘဲ ကိုယ်ဖိရင်ဖိ ကြိုးစား ပြုစုစောင့်ရှောက်ယင်း တဘက်ကလဲဘဲ တရားဝင် တရားထိုင်လုပ်တာတွေ့ရတယ်။

မောင်ချိုပြုံးတို့လဲဘဲ ၁၀- ရက် သက်သတ်လွတ် စားပြီးတော့ မဟာစည်နည်းနဲ့ ဝိပဿနာကျင့်စဉ်ကို ကျင့်ကြရာမှာ

တနေ့ကို ဆွမ်းစား၁ခြိန် ၁-နာရီ၊ နေ့လယ် နားနေချိန် နာရီ ဝက်နဲ့ ညအိပ်စက်ချိန် ၆- နာရီကလွဲလို့ ကျန်အချိန်များမှာ တနေ့လျှင် ၁၂-နာရီခွဲလုံးလုံး တရားထိုင်ရှုမှတ်၊စင်္ကြံနဲ့လျှောက် ရှုမှတ် လုပ်ရပါတယ်။နေ့ခင်း ၂-နာရီနဲ့ ၃-နာရီကြားမှာ ဆရာတော် ဦးဇနကာဘိဝံသကလည်းကောင်း၊ ညစဉ်ညတိုင်း ည ၈-နာရီက၉-နာရီအထိ ဆရာတော်ဘုရားကြီးကလည်းကောင်း တရားဒေသနာများ ဟောကြားတော်မူဒါကို ကြားနာရတဲ့ အပြင် နေ့စဉ်မှာလဲ ဆရာတော် ဦးဇနကာဘိဝံသရဲ့ တရားစစ်တာကိုခံကြရပါတယ်။

အဲဒီမှာ မဟာစည် ဆရာတော် ဘုရားကြီးဟာ တရားနာပရိသတ်ကို တရားဟောရာမှာ ဆရာတော်ကြီးဟာ ပထမ မြန်မာလိုဟော ဆရာတော် ဦးဇနကကအင်္ဂလိပ်လို ဘာသာပြန်ယင် အချိန် သိပ်ကြာပြီးတော့ ယောဂီများ တရားထိုင်ဖို့အချိန်နဲမှာစိုးလို့ ဆရာတော်ကြီးဟာ အင်္ဂလိပ်လိုဘဲ ညစဉ်ညတိုင်းဟောပါတယ်။ နောက်ပိုင်းမှာတော့ ဆရာတော်ကြီးက မြန်မာတပိုဒ်၊ အင်္ဂလိပ်တပိုဒ်လဲဘဲ ဟောတော်မူပါတယ်။ ဆရာတော်ကြီး အင်္ဂလိပ်လိုဟောတဲ့ ချမ်းသာခြင်းတရားတော်ကို အခုလို ကြားနိုင်ကြပါတယ်။

[အသံကို နားထောင်ကြည့်ရုံမျှ ရည်ရွယ်၍ ထည့်သွင်း အသံလွှင့်သော အင်္ဂလိပ်လိုတရားတိုင်းတစ်ကို ပုံနှိပ်ရာတွင် မထည့်သွင်းပါ။]

ဆရာတော်ကြီးဟာ အဲသလို ဟောကြားတာကို ဒီကနိုင်ငံခြားပရိသတ်များ နားလည်ကြရဲ့လားလို့ မောင်ချိုပြုံးကမေးတော့ နားလည်ကြပါတယ်၊ ဖြေးဖြေးကလေးနဲ့ ဟော

ကြားတော်မူတာမို့လို့ လိုက်နိုင်ကြပါတဲ့ယ်လို့ ပြောပါတယ်။ ဆရာတော်ကြီးဟာ အခုဆိုယင် သက်တော်အားဖြင့် ၇၆-နှစ် ရှိပြီ ဖြစ်ပြီး မျက်စိကလဲဘဲ တခါတလေ သိပ်ပြီးတော့ ကြည့်လို့ မကောင်းရှာဘူး၊ ဒါပေမယ့်လဲဘဲ စေတနာ ကြီးမားစွာနဲ့ တရားနာယောဂီများ ဒီတရားကို ရနိုင်သလောက် ရကြပါစေ ဆိုပြီး ကြိုးစား ဟောတော်မူဒါကိုကြည့်ပြီး မောင်ချိုပြုံးတို့ မှာ ဆရာတော်ကြီးရဲ့ ဇွဲနဲ့ စေတနာကို အခါခါ ချီးကျူး သာဓုခေါ်ကြရပါတယ်။

ဆရာတော်ကြီးဟာ အင်္ဂလိပ်စာကို ကျောင်းတွေ ဘာတွေ မှာ နေဘူးဒါလဲ မဟုတ်ပါဘူး၊ ၁၈ - နှစ်သား အရွယ် ကိုရင်ဘဝမှာ သူ့မွေးဖွားရာ ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာနဲ့ မနီး မဝေးက ချီပါရွာမှာ ဦးဇင်းကြီးတပါးဆီက နဲနဲပါးပါး သူ သင်ကြားခဲ့ဘူးပါတယ်။ အဲ နောက်ကို မော်လမြိုင်တောင် ဝိုင်းလေးကျောင်းမှာ ကျောင်းထိုင်တော့လဲဘဲ နဲနဲထပ်ပြီးတော့ လေ့လာခဲ့ဘူးတယ်။

နောက် ရန်ကုန် သာသနာ့ရိပ်သာကျတော့ နိုင်ငံခြားက တရားကျင့်ခြင်တဲ့ ပုဂ္ဂိုလ်များ မကြာခဏလာကြတဲ့အတွက် သူ တို့ကို ဟောကြားနိုင်ဖို့ဆိုပြီး အင်္ဂလိပ်စာကို ထပ်မံပြီးတော့ နဲနဲပါးပါး ကြိုးစားပြီး အလွတ်သင်ကြား လေ့လာခဲ့ပြန်တယ်။ အဲ အခု အခေနာက်နိုင်ငံများကို သာသနာပြုခရီး လှည့်ရတော့ အုံးမယ်ဆိုတော့လဲ အရင်က နဲနဲပါးပါး လေ့လာ ခဲ့ဘူးဒါ တွေကို သူ့ခမြာ ပြန်ပြီးတော့ ကြိုးစားပြီးဘော့ဖတ်ယူရာမှ ယခုလို ဟောပြောနိုင်ခြင်း ဖြစ်ပါတယ်။

ဆရာတော် ဦးဇနကာဘိဝံသ ကတော့ တရားပြရာမှာလဲ တော်တယ်၊ တရား ရှင်းလင်း ဟောပြောရာမှာလဲဘဲ ဆရာတော် အင်္ဂလိပ်လို ဟောတာဟာ အနောက် နိုင်ငံသား များ အဖို့ များစွာ သဘောပေါက်နိုင်တဲ့အတွက် ဆရာတော်ကို ဒီဗြိတိန် နိုင်ငံကို နောက်တခေါက် ပြန်ကြွလာပြီး ယခုလိုဘဲ တရားဓမ္မ ဟောပြပါအုံးဆိုပြီးတော့ တော်တော်လေး နားပူ နားဆာ တောင်းပန် လျှောက်ထား နေကြတာကိုလဲ ကြားရပါတယ်။ ဆရာတော် ဦးဇနကာဘိဝံသ ရုပ်နဲ့နာမ်တို့ ဖြစ်ပျက်ပုံကို ရှုမှတ်ဖို့ဆိုတဲ့တရားကို အင်္ဂလိပ်လိုဟောပြတာကို နဲနဲနားထောင် ကြည့်ယင် ဆရာတော်ကို ဒီကလူတွေ ဘာကြောင့်ဒါလောက် တောင်းဆိုတယ်ဆိုတာကို သိသာလှပါတယ်ခင်ဗျား။

[အသံကိုနားထောင်ကြည့်ရုံမျှ ရည်ရွယ်၍ ထည့်သွင်း အသံလွှင့်သော အင်္ဂလိပ်လိုတရားတပိုင်းတစကို ပုံနှိပ်ရာတွင် မထည့်သွင်းပါ။]

အဲဒါကတော့ ဆရာတော် အရှင်ဇနကာဘိဝံသ ရဲ့ အင်္ဂလိပ် လို ဟောကြားတော် မူချက် နှမူနာ ပါဘဲ။ အဲဒီလို အနောက်နိုင်ငံများကို သာသနာပြု ကြွလာကြတဲ့ ရဟန်းတော် များဟာ တရားသဘောကို ကိုယ်တိုင်ကလဲဘဲ နှံ့နှံ့စပ်စပ် သိ ထားတော် မူရတဲ့အပြင် သူတပါးနားလည်အောင်လဲဘဲ ဟော တတ်ရုံမျှမက အင်္ဂလိပ်လို်ကလဲဘဲ တော်တော် ပိုင်ပိုင် နိုင်နိုင် ဟောပြောနိုင်ဖို့လို့ အရေးကြီးလှပါတယ်။

ဆရာတော် ဦးအဂ္ဂမဓမ္မဆိုယင်လဲဘဲ ဒီတရားဝင်ကြတဲ့ သံ ဃာတော်များ၊ ယောဂီများရဲ့ စည်းကမ်းစနစ် ကျနရေး သာ သနာပြုအဖွဲ့ ခရီးသွားလာရေး စသည်တို့ကို အင်္ဂလိပ်ဘာသာ

ဖြင့် ကျွမ်းကျင်စွာ ဆောင်ရွက်တော် မူနေဒါကိုလဲ တွေ့ရပြန်ပါတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ အနောက် နိုင်ငံ သာသနာပြုဒေဖွဲ့ကတော့ အဲဒီ ၁၀-ရက် တရားပါ အပြီး ဇူလိုင် ၄-ရက်နေ့က ဟော်လန်နိုင်ငံကို ကြွမြန်းတော်မူပြီး အဲဒီကမှတဆင့် အနောက်ဂျာမန်နိုင်ငံကို ခေတ္တ သွားရောက်ဖို့ ရှိပါတယ်။ အဲဒီကမှ ဘယ်လ်ဂျီယန်နိုင်ငံကို ပြန်ကြွ လာပြီး မီးရထားနဲ့ ပြင်သစ်နိုင်ငံကို ဇူလိုင်လ ၁၅-ရက်နေ့ နံနက်အရောက် ကြွကြမယ်ဖြစ်ပါတယ်။

အဲဒီမှာ မြန်မာနိုင်သံအမတ်ကြီး ဦးစောလှိုင်တို့က ဆီးကြို ပြီးတော့ ဆွမ်းပင့်ကျွေးမွေး တရားနာဖို့လဲ စီစဉ် နေပါတယ်။ ဇူလိုင်လ ၁၆-ရက်နေ့ မှာတော့ကာ ဆရာတော်ကြီးဟာ ဗြိတိန်နိုင်ငံကို ပြန်ကြွလာပြီး ဇူလိုင်လ ၁၇-ရက်နေ့မှာ ဒီဂ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို လေယာဉ်ဖြင့် ပြန်ကြွမှာ ဖြစ်ပါ တယ်၊ ထိုင်းနိုင်ငံမှာ ၁၀-ရက်ကြာ တရားဟော၊ တရားပြ ပြုလုပ်ပြီး မြန်မာနိုင်ငံကို ဇူလိုင် ၂၇-ရက်နေ့အရောက် ပြန် ကြွမယ်ဖြစ်လို့ ဆရာတော်ကြီးရဲ့ မွေးနေ့ပူဇော်ပွဲ ရန်ကုန်မှာ ကျင်းပတာကိုလဲ အချိန်မီပြန်ရောက်ပါလိမ့်မယ်။

အဲဒါမျှးကတော့ မောင်ချိုပြုံး သိသမျှ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးရဲ့ နောက် ကွမြန်းရမယ် ခရီးစဉ်မျှးဘဲ ဖြစ်ပါတယ် ခင်ဗျား။